www.burmeseclassic.com

ရွှေဒေါင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၉၅၃/ ၂၀၀၀ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၆/ ၂၀၀၁ (၁)

❐

စီစဉ်သူ
ကိုမြင့်ထွန်း

❐

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - (မေလ၊ ၂၀၀၁)
အုပ်ရေ - (၁၀၀၀)

❐

မျက်နှာဖုံးပန်းချီ - တင်မောင်မျင့်
ကာလာခွဲ - *Alpha*
အတွင်းဖလင် - ဇမ္ဗူအေး

❐

ပုံနှိပ်သူ
ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဥ်အော့ဖ်ဆက်
အမှတ် (၁၆၃) ၄၈လမ်း၊ ဗိုလ်တထောင်။

❐

ထုတ်ဝေသူ
ဦးသန်းဆွေ(၁၅၄၀၄)၊ စစ်သည်တော်စာပေ
၁၁၃၁/က ဥယျာဥ်လမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း
ရန်ကုန်မြို့။

❐

တန်ဖိုး

600/-

BURMESE CLASSIC .com

## မာတိကာ

| | | |
|---|---|---|
| * | အမှာစာ | ၁ |
| ၁။ | လူသားစားကျားဆိုးကို အရှင်ဖမ်းခြင်း | ၃ |
| ၂။ | ခြေနှစ်ချောင်းနှင့်အမဲ | ၂၂ |
| ၃။ | ဇော်ဟိတ်၏ကလေးဘဝ အတွေ့အကြုံ | ၄၄ |
| ၄။ | ပထမ ဆရာသိန်းနှင့် ဇော်ဟိတ် တွေ့ခြင်း | ၆၅ |
| ၅။ | ဆင်ရိုင်းအုပ်ကို ဖမ်းဆီးခြင်း | ၁၀၉ |
| ၆။ | မခံချင်၍ ထိုးသတ်သော လက်ဝှေ့ပွဲ | ၁၂၈ |
| ၇။ | အပေါ်ထပ်မှ ခရီးသည် | ၁၄၈ |
| ၈။ | ပင်လယ်တွင်းမှ အမွေခံရခြင်း | ၁၆၉ |
| ၉။ | စစ်သင်္ဘောကြီး နစ်မြုပ်ခြင်း | ၁၈၈ |
| ၁၀။ | ကျွဲရိုင်းအုပ် အလိုက်ခံရခြင်း | ၂၀၆ |
| ၁၁။ | ရင်ထိတ်ဖွယ် ဖယောင်းတိုင်မီးတောက် | ၂၂၃ |
| ၁၂။ | လူမိုက်များနှင့် ရင်ဆိုင်၍အစွမ်းပြခြင်း | ၂၄၁ |

www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

ကျွန်ုပ်၏ တစ်သက်တာမှတ်တမ်းကို ဖတ်ရဖူးသူများသည် သူ့ရှသတ္တိအရာတွင် ပင်ကိုအားဖြင့် မိခင်ကို ကျွန်ုပ်မမီဘဲ ဖခင်ကဲ့သို့ လူအေးလူကောင်း တစ်ယောက်ဖြစ်ခဲ့ခြင်းကို သတိပြုမိကြလိမ့်မည်။ သို့ရာတွင် အရွယ်ရောက်လာသောအခါ၌ ကျွန်ုပ်သည် အင်္ဂလိပ်ဝတ္ထုပေါင်းမြောက်မြားစွာ ဖတ်ခဲ့ရာ၊ အထူးသဖြင့် စွန့်စားခြင်းဆိုင်ရာ ဝတ္ထုများကိုအလေးပေး၍ ဖတ်ခဲ့ခြင်းအားဖြင့် မိမိကိုယ်တိုင်စွန့်စားခြင်းအလုပ်တွင် ဝါသနာပါလာ၍ သူ့ရှသတ္တိ အထိုက်အလျောက် တိုးတက်လာခြင်းကို တွေ့ရပါသည်။

ထို့နောက် ကျွန်ုပ်ကိုယ်တိုင် ဝတ္ထုရေးသမားတစ်ယောက်ဖြစ်လာသောအခါ စာဖတ်သူကျောင်းသားလူငယ်များအားလည်း ကျွန်ုပ်ကဲ့သို့ပင် သူ့ရှသတ္တိတိုးတက်စေလိုသည်ဖြစ်၍ ကျွန်ုပ်၏ပင်ကိုဉာဏ်ဖြင့် ရေးသား သည့် ရန်ကြီးအောင်ဝတ္ထုတွင် စွန့်စားခန်းများတတ်နိုင်သလောက် ဖြည့်စွက်ထည့် သွင်းရေးသားခဲ့ပါသည်။ သို့ရာတွင် ထိုစာအုပ်၌ပါရှိသည့် စွန့်စားခန်းများသည် အဆင့်အတန်း မမြင့်လှသည့်ပြင် များစွာသော မြန်မာဝတ္ထုများသည်လည်း စွန့်စားခန်းနှင့် ပတ်သက်၍ပြောပလောက်အောင် အဆင့်အတန်း မမြင့်လှသည် ဖြစ်သောကြောင့် ကျွန်ုပ်သည်ဂျမဒါကိုကိုကြီး၊ စုံထောက်မောင်စံရှား၊ အသဟိတ် အစရှိသည့် စွန့်စားခြင်းဆိုင်ရာဝတ္ထုများကို အနောက်တိုင်း ဝတ္ထုများမှ မှီး၍



www.burmeseclassic.com

www.burmeseclassic.com



ရေးသားခဲ့ပါသည်။ ဘယ်သူတွေက ဘာပြောကြသည် ဖြစ်စေ စွန့်စားခြင်းဆိုင်ရာဝတ္ထုများတွင် မြန်မာစာရေးဆရာများသည် အနောက်တိုင်းဝတ္ထုများကို မီအောင်မဆိုထားနှင့် "ချည်းကပ်" အောင်ရေးဖို့ မတတ်နိုင်ဘဲရှိသေးရာတွင် (သူ့ရသတ္တိရှိခြင်းသည် ကောင်းသောအခြင်း အရာတစ်ခုဖြစ်သည်ဟု ဝန်ခံပါက) အကောင်းဆုံးဝတ္ထုများမှ "မိုး"သောနည်းသည် အကောင်းဆုံးဖြစ်သည်ဟု ဆိုလိုက်ရသည်။

စုံထောက်မောင်စံရှား၏ဝတ္ထုများသည် စွန့်စားခန်းသက်သက် မဟုတ်သော်လည်း မောင်စံရှားကိုယ်တိုင် အတွေးအခေါ်တွင်သာမက လိုအပ်သည့်အခါမျိုး၌ အရဲရင့်ဆုံးဆိုသည့် ပုရိသယောက်ျားမျိုးနှင့်ယှဉ်ပြိုင်နိုင်လောက်အောင် သူရသတ္တိကောင်းသူတစ်ယောက်ဖြစ်၍ စာဖတ်သူတို့ အတုယူအားကျလောက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် အားလျော်စွာ စွန့်စားခန်းဝတ္ထုစာရင်းတွင် ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ စွန့်စားခန်းအတွက် သက်သက်ဆိုပါက ဂျမဒါကိုကိုကြီးဝတ္ထုများကို ပထမတန်းနေရာ ပေးရလိမ့်မည်ထင်ပါသည်။

သို့သော် "လူစွန့်စား"(ဇော်ဟိတ်) ဝတ္ထုများ၏ ထူးခြားချက်တစ်ခုကို ဖော်ပြလိုပါသေးသည်။ များစွာသော လူငယ်များသည် (ဤခေတ်တွင် ပေါ်ပေါက်လာသည့် လမ်းသရဲဆိုသူများ၏) ရမ်းကားစော်ကားသော အပြုအမူမျိုးကို သတ္တိကောင်းခြင်းဟူ၍ အထင်မှားတတ်ကြဟန်ရှိ၏။ ခွန်အားနည်းသူကို အနိုင်ကျင့်ခြင်းသည် သတ္တိကောင်းခြင်းမဟုတ်၊ ပြင်းထန်စွာ ရွံရှာထိုက်သော လူညံ့စားများ၏ အပြုအမူမျှသာဖြစ်သည်။ ကျွန်ုပ်၏ အတ်လိုက် "ဇော်ဟိတ်" မှာကား "လမ်းသရဲ" ဆန်သော လူရမ်းကားမျိုးနှင့် ရင်ဆိုင်ရသည့်အခါ မိမိအားတိုက်ရိုက် ထိခိုက်ခြင်း မရှိစေကာမူလည်း ခွန်အားနည်းသူတို့ဘက်မှ စွက်ဖက်ပါဝင် ခုခံကာကွယ်ပေးဖို့ ဦးမလေးသည့် ပါသနာရှိသောယောက်ျားကောင်းယောက်ျားမြတ်တို့၏ အင်္ဂါရပ်နှင့်ပြည့်စုံခြင်းသင်ဖြစ်ပါသတည်း။

ရွှေဒေါင်း

၂၃-၄-၆၅



## လူသားစားကျားဆိုးကို အရှင်ဖမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေ ကိုဇော်ဟိတ်မှာ ကောလိပ်ကျောင်းမှ ထွက်ခဲ့ပြီးနောက်၊ လခစားအဖြစ်နှင့် အမှုထမ်းခြင်းမှတပါး၊ စွန့်စားရသော အလုပ်အမျိုးမျိုးတို့၌ အတော်စုံခဲ့သူတစ်ယောက်ဖြစ်လေရာ၊ ကျွန်ုပ်နှင့် အတူတကွလည်ပတ်ကြသောအကြောင်းအရာများကို ဖေါ်ပြပြီးခဲ့၍၊ သူ၏ ကိုယ်တွေ့အဖြစ်အပျက်များကို သူကိုယ်တိုင် မှတ်သားထားသည့် ဒိုင်ယာရီ မှတ်တမ်းများမှ ကောက်နုတ်ဖေါ်ပြလိုက်ရပေသည်။

အင်္ဂလိပ်အစိုးရ လက်အောက်တွင် ရှမ်း ၉၉ စော်ဘွားဟူ၍ စာရင်းပေါက်သည့်အနက်၊ ကျွန်ုပ်၏မိတ်ဆွေ နယ်စော်ဘွားမှာ စိတ်ဝင်စားဖွယ် အကောင်းဆုံးသော စော်ဘွားဖြစ်ပေ၏။

ငယ်ရွယ်စဉ်အခါက ဖခင်စော်ဘွားကြီး၏ အရိုက်အရာကို မခံယူမီ နတ်ရွာစံလျှင်လည်း စံလိမ့်မည်။ အကယ်၍ အသက်ရှည်သဖြင့် နန်းတက်ရလျှင် နယ်ပယ်၏ ပျက်စီးရာပျက်စီးကြောင်းကို ဖန်တည်းလိမ့်မည်ဟူ၍ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က ဗေဒင်တွက်ချက် ဟောပြောခြင်းခံခဲ့ရသူ တစ်ယောက်ဖြစ်လေသည်။ဖခင်စော်ဘွားကြီးမှာ ခေတ်မီသူတစ်ယောက်ဖြစ်သည့် အလျောက် သားငယ်ကိုအင်္ဂလန်နိုင်ငံသို့ပို့၍ ပညာသင်ကြားစေခဲ့ရာ၊ စော်ဘွားလောင်းကလေးသည် ပြင်သစ်ပြည် ပဲရစ်မြို့တော်သို့ ကျောင်းပိတ်ရက်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း အလည်အပတ်တစ်ခေါက် ရောက်ရကတည်းက အင်္ဂလန်ပြည်ကို ခြောက်သွေ့သည်ဆို၍ မပြန်တော့ဘဲ ပဲရစ်မြို့တော်၌ အထက်တန်းစား လူကုံထံများ နေထိုင်ကြသည့်အတိုင်း လူစည်ကားသောရပ်ကွက်တွင် အိမ်ခန်းကြီးများ ငှား၍ ခမ်းနားသိုက်မြိုက်စွာ ဆင်ပြင်ချယ်လှယ်လျက် လူမျိုးပေါင်းစုံ အပျော်သမားနှင့် စားလား သောက်လား ဧည့်ခံလားဖြင့် ပျော်ပါးနေလေတော့သည်။

စော်ဘွားလောင်းကလေး၏ ဧည့်ခံပွဲသို့ အတိုင်းတိုင်းအပြည်ပြည်မှ သံအမတ်များပင်လျှင် တက်ရောက်ကြသည်ဆို၏။ ပဲရစ်မြို့ပေါ်မှ အထက်တန်းစားဟူသမျှတို့မှုကား၊ စော်ဘွားကလေး၏ဧည့်ခံပွဲသို့ မရောက်ဖူးသူ ဟူ၍ မရှိဟု ပြောကြလေသည်။

ဥရောပတိုက်၊ အထူးသဖြင့် လူပေါင်းစုံသော ပဲရစ်မြို့တော်၌ အထက်တန်းစားများနှင့် ပူးပေါင်း၍ ပျော်ပျော်ပါးပါး နေထိုင်ခြင်းဟူသည်မှာ ငွေကိုရေလိုသုံးနိုင်မှ လူတန်းစေ့ရုံရှိသည်ဖြစ်ရာ ဖခင်စော်ဘွားကြီးသည် မိမိနယ်မှရသမျှစု၍ တင်ပို့ပါလျက်နှင့်ပင် စော်ဘွားကလေးမှာ အလျင် မမီတမီပင်ရှိလေတော့၏။ တစ်နယ်လုံးမှာလည်း စော်ဘွားကလေး၏ အသုံးစရိတ်အတွက် အခွန်တော်စည်းကြပ်ရသည်နှင့် ဖတ်ဖတ်မော၍ လက်ဖက်ခြောက်ကောင်းများပင်လျှင် ပြောင်လုမတတ်ဖြစ်နေလေပြီ။ စော်ဘွားကြီး၏ ဟော်နန်းတစ်ခုလုံးနှင့် မဟာဒေဝီကြီး၊ ဒေဝီလပ်၊ ဒေဝီကလေးအားလုံးတို့၏ အသုံးစရိတ် စုစုပေါင်းထက် ပဲရစ်မြို့၌ နေထိုင်လျက်ရှိသော စော်ဘွားကလေးတစ်ယောက်တည်း၏ အသုံးစရိတ်က ပိုမိုများပြားလေတော့သည်။

နောက်ဆုံး၌ ဖခင်စော်ဘွားကြီး နတ်ရွာစံလွန်ရာတွင်နယ်သူ နယ်သားများသည် စော်ဘွားလောင်းကလေးကို ပဲရစ်မြို့တော်မှ အတင်းဆွဲရတော့မတတ်ခေါ်ယူကြသဖြင့် စော်ဘွားကလေးသည် မိမိနယ်ပယ်သို့ပြန်ရောက်လာရာတွင် တစ်နယ်လုံးမှာ မိမိ၏ဒဏ်ကိုခံရသည်နှင့် မွဲပြာကျလျက်ရှိသည်ကိုတွေ့ရလေ၏။ စော်ဘွားကလေး၏အမည်မှာ စောခွန်တင်ဖြစ်လေသည်။

စောခွန်တင်သည် ဖခင်၏ နန်းပေါ်သို့တက်၍ လက်ပိုက်စဉ်းစားလိုက်ရာတွင် ဤပုံဤနည်းအတိုင်း ဆက်လက်စခန်းသွား၍ မဖြစ်နိုင်တော့သည့်အဖြစ်ကိုသိမြင်၏။ စောခွန်တင်မှာ အလိုလိုက်သဖြင့် မိုက်ခွင့်ရ၍ မိုက်နေခဲ့သော်လည်း၊ စင်စစ်အားဖြင့် ဦးနှောက်ကောင်းသူ တစ်ယောက်ဖြစ်လေ





သည်။ ထိုနေ့မှစ၍ စောခွန်တင်သည် အိပ်တော့သည်မရှိဘဲ၊ နဖူးပေါ်တွင် လက်တင်၍ စဉ်းစားလေတော့သည်။ တစ်နေ့သ၌ အကြံတစ်ခုသည် စောခွန်တင်၏ ဦးနှောက်ထဲသို့ ဝင်လာလေ၏။ မိမိ၏ နယ်မှထွက်သော လက်ဖက်ခြောက်များမှာ၊ မြန်မာပြည်၌ တစ်ပိဿာလျှင် ၂ ကျပ် ၃ ကျပ်မျှသာ ရောင်းချရပေသည်။ တရုတ်ပြည်မှလာသော ခဲဘူးသွတ် လက်ဖက်ခြောက်များမှမူ တစ်ဘူးလျှင် ငါးကျပ်သားထက်မများဘဲလျက် ၁၀ ပဲမျှ ရောင်းရ၏။

ယင်းသို့ဖြစ်လျှင် တစ်ဆယ်သား, ၁ ကျပ် ၄ ပဲ၊ တစ်ပိဿာ ၁၂ ကျပ် ၄ ပဲ မျှ ဈေးသင့်၍ လေးငါးဆ ဈေးပို၏။ မိမိတို့လက်ဖက်ခြောက်ကို တရုတ်နည်းဖြင့် ရောင်းရလျှင် အဘယ်ကြောင့် ၇ ကျပ် ၈ ကျပ် ဈေးမရဘဲရှိရအံ့နည်း။ သို့သော် ၎င်းနည်းကို တရုတ်ပြည်သို့လွှတ်၍ သင်စေရန်နှင့် ကိရိယာတန်ဆာများ အတွက်မှာ ငွေရင်းလိုလိမ့်မည်။ စုစုပေါင်းလိုအပ်သည့် ငွေရင်းကို တွက်ချက်လိုက်သော် သုံးသိန်းခန့်ကုန်လိမ့်မည်ဖြစ်ရာ မိမိ၏ လက်ထဲ၌ သုံးသောင်းမျှပင် မရှိချေ။

စောခွန်တင်သည် အင်္ဂလိပ်အစိုးရထံ စာတင်၍ အကျိုးအကြောင်းကိုဖေါ်ပြရာ လူဖြုန်းကလေးတစ်ယောက်ဟူ၍သာ နားလည်ခဲ့သော ဘုရင်ခံသည် စောခွန်တင်ကို ငွေချေးရန်မထောက်ခံလိုချေ။ သို့သော်အင်္ဂလိပ်အစိုးရအရာရှိကြီးတို့၏ထုံးစံအတိုင်း နားခံသာအောင် စာပြန်လိုက်လေသည်။ ငွေမှုကား တစ်ပြားမျှမချေးချေ။ ဤတွင် စောခွန်တင်သည် ပဲရစ်မြို့တော်၌ သိကျွမ်းခဲ့ဖူးသော နေရှင်နယ်ဘဏ်တိုက် မန်နေဂျာထံသို့ကိုယ်တိုင်သွား၍ နားကျလောက်အောင် ပြောပြလေရာ လူကဲခတ်ကောင်းသောမန်နေဂျာသည် ဖြုန်းတုန်းကဖြုန်းသော်လည်း တကယ်လုပ်လျှင် တကယ်ဖြစ်မည့် လူတစ်ယောက်ဟူ၍ စောခွန်တင်ကို အကဲခတ်မိသည်နှင့် သုံးသိန်းမျှငွေသည် ဘဏ်တိုက်အဖို့မဖြစ်လောက်ဟု အောက်မေ့သည့် လက္ခဏာဖြင့် စောခွန်တင်အား ငွေသုံးသိန်း ထုတ်ချေးလေ၏။

စောခွန်တင်သည် အဟုတ်တကယ် အလုပ်လုပ်ခဲ့ရာ ၅–နှစ်အတွက် ငွေသုံးသိန်းပေးဆပ်နိုင်ရုံမျှမက မိမိအတွက်လည်း တစ်နှစ် တစ်သိန်းတော့် မြတ်စွန်းလေ၏။ ဤတွင် စောခွန်တင်မှာ ဘုရင်ခံ၏ ကျောသပ်ခြင်းခံရသော ရာ သံအမတ်တွေနှင့် စားပွဲအတူ စားခဲ့ဖူးသော စောခွန်တင်အဖို့မှာ ဤအတွက်ကြောင့် စိတ်ကြီးဝင်လောက်အောင်မရှိချေ။

စောခွန်တင်သည် ဤအကြောင်းအရာများကို ရှေးဟောင်းနှောင်းပြီး

www.burmeseclassic.com



အနေနှင့် ကျွန်ုပ်အားပြန်ပြောင်းပြောပြသည့်အခါ . . .

"အင်္ဂလိပ်ဆိုတဲ့ လူမျိုးက အတော်ပါးတဲ့လူမျိုးဗျ။ ၂၉-လမ်းတို့၊ လမ်း၃၀-တို့မှာ လူမျိုးပေါင်းစုံတဲ့ နတ်ဘုံနတ်နန်းကြီး လုပ်ထားတဲ့ ခေတ်တုန်းက၊ အီတာလျံ၊ ဂျာမန်၊ ရုရှား၊ ပြင်သစ်၊ ဂျပန်ကစပြီး၊ လူမျိုးပေါင်း စုံရှိတယ်။ ဒီဘက်မှာ အင်္ဂလိပ်မ ဆိုလို့တစ်ယောက်မှမရှိစေရဘူး၊ သူတို့ လူမျိုးဟာ၊ ဒီအလုပ်မျိုး မလုပ်ဘူး၊ သန့်ရှင်းတယ်ပေါ့ဗျာ၊ သူတို့လန်ဒန်က ပစ်ကက်ဒလီဆတ်ကာတ်တို့ဆိုတဲ့ နေရာတွေမှာတော့ အင်္ဂလိပ်မတွေ ပိုက်ဆံ ရှာနေလိုက်ကြတာ ခြေချင်းလိမ်နေတော့တာပဲ။ ကျုပ်တို့တော့ ဟိုအခါတုန်းက ရန်ကုန်ရောက်တဲ့အခါမှာ လူဆိုးလူရမ်း တစ်ယောက်ဗျာ။ ကျုပ်ဆိုလျှင် ၂၉-လမ်းတို့ဘာတို့ တစ်ပိုက်မှာ အဖော်တွေနဲ့ ဆူလွန်းပူလွန်းလို့ ညအချိန်မှာ မြို့ထဲက မထွက်ပါနဲ့လို့ ဘုရင်ခံက တောင်းပန်ထားရတယ်ဗျ"

စသည်ဖြင့်ပြောပြဖူးသည်။

ကျွန်ုပ်နှင့် စောခွန်တင်တို့ သိကျွမ်းကြခြင်းမှာ မုဆိုးအလုပ်နှင့် ပတ်သက်၍ဖြစ်သည်။ မုဆိုးဆိုလျှင် မြန်မာလူမျိုးတို့၏နား၌ သောနုတ္တိုရမုဆိုးမ၍ လူယုတ်မာ သက်သက်တစ်ယောက်ဟူ၍ နားလည်ကြ၏။ Sportsman "စပေါ့စ်မင်း"ဆိုလျှင် အနောက်တိုင်းသားများ၏ နား၌ (သေနတ်ကြောင့် မဟုတ်) ဂုဏ်ယူဖွယ်တစ်ခုအနေဖြင့် မှတ်ယူကြသော်လည်း သေနတ်ကိုင်သည့်အတွက်ကြောင့် မြန်မာလို မုဆိုးဖြစ်နေ၍၊ တိရစ္ဆာန်သတ်သမားကြီး တစ်ယောက်အနေဖြင့် နားလည်ကြလေတော့သည်။ တိရစ္ဆာန်သတ်သည်ဆိုစေကာမူ လူသာမန်တစ်ယောက်သတ်သော ခြင်ကောင်နှင့်ကြမ်းပိုးများကဲ့သို့ မြောက်များသည်မဟုတ်ချေ။ သို့သော် ဤအကြောင်းကို ရှင်းလင်းနေပါလျှင် နားလည်မည်မဟုတ်ဘဲ၊ တိရစ္ဆာန်သတ်သောအလုပ်ကို ခုခံကာကွယ် ရေးသားနေပြန်သည်ဟူ၍သာ အလွဲလွဲအချော်ချော် အဓိပ္ပါယ်ကောက်ယူကြဖွယ်ရှိသောကြောင့်၊ သာမန်အားဖြင့်သာ ဖော်ပြရပေတော့သည်။

စောခွန်တင်မှာ နာမည်ကျော် သေနတ်သမားတစ်ယောက်ဖြစ်၍၊ ကျွန်ုပ်မှာလည်း လက်ဖြောင့်သည်ဟု လူချီးမွမ်းခံရသူတစ်ယောက်ဖြစ်သည့်အလျောက်၊ 'ဂိမ်းဝါဒင်' ခေါ် တောတိရစ္ဆာန်ရိုင်းများ စောင့်ရှောက်ရသော အရာရှိတစ်ယောက်၏ မိတ်ဆက်ပေးခြင်းဖြင့် သိကျွမ်းကြခြင်းဖြစ်လေသည်။ သာမန်သေနတ်သမားတစ်ယောက်သည် ကျားတစ်ကောင်ကို ပစ်သတ်ရလျှင် အလွန်ပျော်တတ်၏။ စပေါ့စ်မင်းတစ်ယောက်မှုကား ကျားမြင်တိုင်းကို





ပင် ပစ်သတ်လိုသောစိတ်မရှိချေ။ စင်စစ်မှာ လူသားစားသော ကျားလောက်ကိုသာပစ်ချင်၏။ ကျားတိုင်း လူသားစားသည် မဟုတ်လော။ ကျားမြင်တိုင်း မပစ်ချင်ခြင်းမှာ တောထဲ၌ ကျားပြုန်းသွား၍ ပစ်စရာ မကျန်တော့မည်စိုးသောကြောင့်ဟူသော မေးခွန်းများဖြင့်သာ ထပ်ဆင့်လာဘွယ်ရာ ရှိသောကြောင့် စပေါ့စ်မင်းအကြောင်းကို မရှင်းလင်းလိုတော့ပေ။

ကျွန်ုပ်နှင့် စောခွန်တင်တို့သည် တစ်နှစ်လျှင် တစ်ကြိမ်ကျမှန်မှန်တွေ့တတ်ကြရာ၊ တစ်နေ့သ၌ ကျွန်ုပ်သည် စောခွန်တင် ဖိတ်ခေါ်ချက်အရ သူ၏နယ်ပယ်သို့ရောက်သွား၍ လက်ဖက်ရည်ပွဲ၌ စကားပြောလျက်ရှိကြစဉ် စောခွန်တင်က . . .

"ပြင်သစ်ပြည် တိရစ္ဆာန်ရုံ အုပ်ချုပ်ရသော အရာရှိကြီးသည် လူသား စားသော ကျားတစ်ကောင်၏ ခြေလက်အင်္ဂါစသည်တို့ကို စစ်ဆေးကြည့်ရှု လိုသည်ဖြစ်သောကြောင့် လူသားစားသော ကျားတစ်ကောင်ကို အရှင်လတ်လတ်မိအောင်ဖမ်း၍ ပြင်သစ်ပြည်သို့ တင်ပို့လိုက်ရန်မှာထားကြောင်း၊ ထိုအရာရှိမှာ ပြင်သစ်ပြည်၌ မိမိရှိစဉ်က အမဲလိုက်ခြင်းအလုပ်နှင့် ပတ်သက်၍ ကျေးဇူးပြုခဲ့ဖူးသောကြောင့် ထိုသူ၏ လိုအင်ဆန္ဒကိုဖြည့်လိုကြောင်း သို့သော် လူသားစားသော ကျားကိုအရှင်ဖမ်းရန်မှာ ဘေးအန္တရာယ်အလွန်များသောကြောင့် ဖြစ်နိုင်မည်မထင်ကြောင်း"

ပြောလေ၏။

ကျွန်ုပ်မှာ ဖြစ်နိုင်မည်မထင် ဟူသော စကားကိုကြားလိုက်ရကတည်းက မခံချင်တတ်သော ဝါသနာအတိုင်း ဖြစ်အောင်လုပ်၍ပြလိုသောဆန္ဒ ပြင်းပြလာသည်နှင့် . . .

"ကျားကိုသာပြပါ၊ ဖြစ်အောင်လုပ်ပေးပါမည်"

ဟုပြန် ပြောလိုက်၏။

စောခွန်တင်သည် မိမိနယ်အတွင်း၌ လူကို ကျားကိုက်ခဲ့လျှင် တစ်ခါတည်း မသတ်ပစ်ဘဲ အလောင်းကိုချန်ထား၍၊ မိမိထံသို့အကြောင်းကြားရန် အမိန့်ထုတ်ဆင့်ထားခဲ့ရာ၊ သုံးလေးရက်အတွင်း၌ပင် ရွာတစ်ရွာအနီးတွင် သစ်ခုတ်သမားတစ်ယောက်ကို ကျားကိုက်သည်ဟူသော သတင်းရောက်လာသည်နှင့် စောခွန်တင်သည် ကျွန်ုပ်ကိုခေါ်၍ပြောလေ၏။ ကျွန်ုပ်က ချက်ခြင်း ထွက်ခွာရန်သဘောတူသည်တွင် စော်ဘွားသည် ရှမ်းစစ်ဗိုလ်တစ်ယောက်နှင့်စစ်သား ၄ ယောက်ကို ကျွန်ုပ်နှင့်အတူ ထည့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာ၌ လူသားစားသော ကျားအကြောင်းကို တောသူ တောင်သားများ နားလည်ကြသော်လည်း မြို့သူမြို့သားများ နားမလည်မည်စိုးသဖြင့် အနည်းငယ်ဖော်ပြရပေဦးမည်။ ကျားတိုင်းလူသားစားသည် ဟူသော မှတ်ထင်ချက်သည်မှား၏။ ကျားမှန်လျှင် လူကိုကြောက်၍၊ လူမြင်တိုင် ပြေးသည့်အပြင် လူ၏အနံ့ကိုလည်း စက်ဆုပ်၏။ ကျားသားသည် လူ၏နှာခေါင်း၌ ညှီစော်နံသည့်နည်းတူ လူသားသည်လည်း ကျား၏နှာခေါင်း၌ ညှီဟန်တူ၏။ လူနီးလာလျှင် တောပြောင်းရသော ကျားတို့သာ များလှ၏။ သို့သော် လူသားစားသော ကျားများရှိရုံမက၊ ရွာထဲသို့ဝင်၍ လူကိုဆွဲသော ကျားများလည်း ရှိကြပေသည်။

ကျားသည် အိုမင်းမစွမ်းရှိသောအခါ၌ဖြစ်စေ၊ ဒဏ်ရာကြောင့်နာနေသောအခါ၌ဖြစ်စေ၊ တောတိရစ္ဆာန်ရိုင်းများကို မီအောင်မလိုက်နိုင်၊ သို့မဟုတ် လဲအောင် မလှဲနိုင်တော့သည် ဖြစ်သောကြောင့် လွယ်ကူသောလူသားကို အရဲစွန့်၍ ဖမ်းစားရခြင်းဖြစ်သည်။ တစ်ကြိမ်ဖမ်းစားမိသောအခါ၌ကား လွယ်မှန်းသိရှိ၍ပေတော့။ သို့တည်းမဟုတ် ကောင်းမှန်းသိ၍ ပေလော မဆိုနိုင်၊ လူသားကိုသာ စားချင်တတ်လေတော့သည်။

တစ်နေ့သ၌ အရာရှိတစ်ယောက်သည် လူသားစားသော ကျားတစ်ကောင်ကို ချောင်းပစ်၍၊ ကျားသေကောင်ကို စစ်ဆေးကြည့်ရှုသောအခါတွင် မိမိထင်သည့်အတိုင်း ကျားအိုလည်းမဟုတ်၊ ကျားနာလည်းမဟုတ်ဘဲ သန်စွမ်းသော ကျားပျိုတစ်ကောင်ဖြစ်နေသည်ကို တွေ့ရ၏။ ကျား၏သားရေခွာသောအခါ၌ ရှေ့လက်ဖဝါးတစ်ဘက်အောက်၌ အမာရွတ်ကြီးတစ်ခု တွေ့မြင်ရလေသည်။ စင်စစ်မှာ ထိုကျားသည် ဒဏ်ရာရဖူး၍၊ ခြေသုံးချောင်းထောက်ဖြင့် တောတိရစ္ဆာန်ရိုင်းများကို မီအောင်မလိုက်နိုင်ဘဲ ရှိရာတွင်၊ လူသားကို ဖမ်းစားခဲ့ဟန်တူ၏။ ထို့နောက် ဒဏ်ရာပျောက်သော်လည်း လူသားကို 'လျှာလည်' နေတော့သဖြင့်၊ ဆက်လက်ဖမ်းစားနေခြင်း ဖြစ်ပေလိမ့်မည်။ တစ်ခါတစ်ရံတွင်လည်း မုဆိုးနှင့်ရင်ဆိုင်တွေ့၍ မရှောင်သာသည်နှင့် အကြောက်အကန် သတ်ပုတ်ကြရာတွင်၊ ကျားကအနိုင်ရ၍ မုဆိုး၏သွေးများ လူးသဖြင့် မိမိကိုယ်ကိုလျက်မိရာတွင်၊ လူသွေးကိုကြိုက်လာ၍ ဆက်လက်ဖမ်းစားသည် ဟူ၍လည်း ဖြစ်သည်။ လူနှင့်ရင်မဆိုင်ဖူးသော ကျားရိုင်းသည် လူကိုမြင်သည်နှင့် တစ်ပြိုင်နက် တဟုန်ထိုးထွက်ပြေးသည်သာ များလှပေသည်။





ကျွန်ုပ်သည် ရှမ်းစစ်သား ၅–ယောက်တို့နှင့်အတူ ထွက်လာကြ၍၊ ကျားကိုက်သော နေရာသို့ရောက်ကြသောအခါ၊ အခြေအနေကိုကြည့်ရှုကြလေ၏။ ထိုနေရာမှာ ရွာနှင့် ၃–ဖါလုံခန့်ကွာလှမ်း၍၊ အကိုက်ခံရသော သစ်ခုတ်သမား၏ အလောင်းအနီးတွင် ရွာသားတစ်ကျိတ်ခန့် စုရုံးလျက်ရှိကြလေရာ၊ အလောင်းမှာ စော်ဘွား၏ အမိန့်အတိုင်း ကျားထားခဲ့သော နေရာ၌ပင်ရှိနေလေ၏။ အလောင်း၏ ပေါင်တစ်ဖက်မှာ အရင်းသို့တိုင်အောင် ကိုက်စားပြီးဖြစ်၍၊ ပခုံးတစ်ဖက်နှင့် လည်ကုတ်မှာလည်း ကျားစားထားသဖြင့် ဟောက်တွင်းကြီး ဖြစ်နေလေ၏။

စုံစမ်းကြည့်သောအခါ အကိုက်ခံရသောနေရာမှာ ထိုနေရာနှင့် ဆယ်တောင်ခန့်ဝေး၍၊ သစ်ခုတ်သမားသည် ခွန်နှင့်သစ်ပင်ကိုပေါက်နေစဉ်ကျားကနောက်ပိုင်းမှ ဝင်ကိုက်ပြီးနောက်၊ ထိုနေရာသို့ ဒရွတ်ဆွဲသွားခြင်း ဖြစ်လေသည်။ အကိုက်ခံရသော နေရာအနီး၌ကား ထိုသူ သုံးခဲ့သော ခွန်သည် ချုံကလေးကိုမှီလျက် ထောင်နေလေတော့သည်။ လက်မှ လွတ်ထွက်သွားစဉ်ချုံနှင့်တိုက်မိ၍ ကံအားလျော်စွာ ထောင်နေဟန်တူပေသည်။

ကျွန်ုပ်တို့သည် ကျားခြေရာများကို စုံစမ်းကြည့်ကြသည့်အခါ၊ ခြေရာများသည် မြေကြီးပေါ်၌ကောင်းစွာ ထင်ရှားလျက်ရှိသဖြင့်၊ ကျား၏သွားလမ်းနှင့် ပြန်လမ်းတို့အပြင် လူနှင့်ကျား တွေးလုံးကြသော ခြေရာများကိုပင် တွေ့မြင်နိုင်ပေ၏။ ကျားသည်ရွာနှင့်ဝေးကွာသောဘက်၌ ဆူးချုံကြီးနှစ်ချုံ အကြားမှ ဖြတ်သန်းလာသည့်အပြင်၊ ပြန်သောအခါတွင်လည်း ထိုလမ်းအတိုင်း ပြန်သွားသည့်ခြေရာများကို တွေ့မြင်ရ၏။

ကျားတို့မည်သည် အသေကောင်ကို စား၍မကုန်လျှင် တစ်ဖန်ပြန်လာတတ်သော အလေ့အကျင့်ရှိသည်ဖြစ်၍၊ ကျွန်ုပ်သည် ချုံနှစ်ချုံနှင့် လူသေကောင်အကြား ကျားလာမည့်လမ်းတွင် ကျင်းကြီးတစ်ကျင်း တူးရန်စီမံလေ၏။ သို့ဖြစ်၍ ရွာသားများအား ပေါက်တူးပေါက်ပြား သံတူရွင်းမှစ၍ မြေတူးရန်အတွက် ရသမျှသော လက်နက်များကိုရွာထဲမှ ယူစေခဲ့ပြီးနောက်၊ ကျွန်ုပ်ပေးသော အတိုင်းအထွာအတိုင်း ကျင်းကြီး တူးစေ၏။ ကျင်းမှာ အထက်ပိုင်း၌ ၄ ပေပတ်လည်ခန့် အကျယ်အဝန်းရှိ၍ ၇ ပေခန့်တူးမိသောအခါတွင်၊ တဖြည်းဖြည်း ကျယ်ဆင်းသွားပြီးလျှင် ၁၆ ပေခန့်နက်သောအခါ၌ ၁၀ ပေပတ်လည် ကျယ်ဝန်းသော တွင်းကြီးဖြစ်သွားစေ၏။ သစ်ခုတ်သမားများနှင့်ရွာသားများသည် ကျားကိုအရှင်ဖမ်းမည်ဆိုသဖြင့် ထိုနယ်၌ မမြင်ဖူးကြသည်နှင့် အထူး



www.burmeseclassic.com

www.burmeseclassic.com



အဆန်းတစ်ခုဖြစ်၍ စိတ်ပါလက်ပါတူးကြလေရာ၊ မကြာမီ အလိုရှိသော အရွယ်အတိုင်း ပြီးစီးလေ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ကျင်းပေါ်တွင် တုတ်ချောင်းများ ကန့်လန့်တင်၍ သစ်ရွက်များဖုံးထားပြီးလျှင်၊ ကျား မသင်္ကာ မဖြစ်ရလေအောင် မြေသစ်များကိုလည်း သင့်တော်ရာသို့ရွှေ့ထားကြလေ၏။ သစ်ခုတ်သမား အလောင်းကိုမူ ကျားထားခဲ့သောနေရာ၌ပင် တည်နေစေ၏။ အလုံးစုံပြင်ဆင်ပြီးလတ်သော် ကျွန်ုပ်သည် အကြောင်းရှိက ကျွန်ုပ်ထံချက်ခြင်းလာရောက် ပြောကြားဖို့ မှာထားခဲ့ပြီးနောက် ရှမ်းစစ်သားများကိုပါထားခဲ့၍ စော်ဘွား၏ ဟော်နန်းသို့ ပြန်လာခဲ့လေ၏။

စော်ဘွားသည် ကျွန်ုပ်အားတည်းခိုရန်အတွက် သီးသန့်အိမ်တစ်လုံး ပေးထားသည်နှင့် ထိုအိမ်သို့ပြန်၍အိပ်စဉ်၊ စော်ဘွားအားလည်း အကြောင်းခြင်းရာကို လူစေလွှတ်၍ပြောပြစေ၏။ နံနက်လင်း၍ ကျားစခန်းမှသတင်းထူးမကြားရဘဲရှိရာတွင်၊ ကျွန်ုပ်သည် မြင်းတစ်စီးနှင့်လိုက်သွား၍ စုံစမ်းလေ၏။ ရှမ်းစစ်ဗိုလ်က ကျား မလာသောကြောင့် မိမိ၏လူများ တောနင်းရှာ၍ ကျားကို ပစ်သတ်ဖို့ အခွင့် တောင်းလေရာ၊ ကျွန်ုပ်မှာ လူသားစားသော ကျားဖြစ်သည်နှင့် ငြင်းပယ်ရန်မတတ်နိုင်ဘဲ ခွင့်ပြုခဲ့ရပြီးလျှင်၊ စိတ်ပျက်စွာ ပြန်လာခဲ့ရလေ၏။ သစ်ခုတ်သမားအလောင်းကိုမူ သူ၏အပေါင်းအဖော်များက ဖုတ်ကျင်းသင်္ဂြိုဟ်လိုက်ကြလေ၏။ ပြန်ခါနီး၌ မည်သို့ပင်ဖြစ်စေ တူးပြီးဖြစ်သော ကျင်းကြီးကို ပြန်၍မဖို့သေးဘဲ၊ ၂ ရက် ၃ ရက်မျှထားဖို့ မှာထားခဲ့လေ၏။

တည်းခိုသော အိမ်သို့ရောက်၍ စော်ဘွားကခေါ်သည်နှင့် သူ့ထံသို့ ဝင်သွားရာတွင်၊ စော်ဘွားသည် ကျွန်ုပ်၏စိတ်ပျက်သော မျက်နှာကိုမြင်သဖြင့်၊ ကျားအရှင်မရသည့်အတူတူ ခိုင်သေ ပြောင်သေများရနိုင်ရန် တော လည်ထွက်ဖို့ အကြံပေးရာ၊ ကျွန်ုပ်မှာမည်သည့်သတ္တဝါကိုမျှ ပစ်ချင်သော စိတ်မရှိသည်နှင့် "မထွက်ပါရစေနှင့်" ဟုတောင်းပန်ရလေ၏။ စော်ဘွားမှာ စစ်တုရင် ဝါသနာပါသူ တစ်ယောက်ဖြစ်သည့်ပြင်၊ အတော်ကျွမ်းကျင်သည်နှင့် ကျွန်ုပ်နှင့် တစ်နေ့ပတ်လုံး စစ်တုရင်ထိုးကြရာတွင်၊ ကျွန်ုပ်သာလျှင် ရှုံးလေ၏။ ယခင်ကမူ သုံးပွဲအနက် ကျွန်ုပ်ကနှစ်ပွဲလောက် နိုင်တတ်သော်လည်း၊ ထိုနေ့၌မူ တစ်ပွဲမျှ သရေဖြစ်အောင် မထိုးနိုင်ဘဲတစ်ရှုံးတည်း ရှုံးခဲ့ လေတော့သည်။

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်သည် တောလည်ချင်သောစိတ် မရှိတော့သည့်အတူတူပြန်ပါတော့မည်ဟု အောက်မေ့၍၊ စော်ဘွားထံအကြောင်း





ကြားဖို့စိတ်ကူးနေဆဲတွင်၊ လူတစ်ယောက်သည် မြင်းတစ်စီးကို အတင်းစိုင်းလျက်ရောက်လာ၍ ကျင်းကြီးထဲ၌ ကျားမိနေပြီဖြစ်ကြောင်း ပြောလေ၏။ မည်သည့်အချိန်က ကျနေသည်ဟု မပြောနိုင်သော်လည်း ကျနေခြင်းကား အမှန်ဖြစ်သည့်ပြင်၊ အလွန်တရာကြီးသော ကျားကြီးဖြစ်၍ ဤမျှလောက်ကြီးသော ကျားကို သူကိုယ်တိုင် တစ်ခါမျှ မမြင်ဘူးကြောင်း ဝမ်းသာအားရ ပြောပြလေ၏။

ကျွန်ုပ်သည် စော်ဘွားကို တွေ့ဖို့ပင် အချိန်မဖြုန်းလိုသည်နှင့် လူတစ်ယောက်အား မှာထားခဲ့၍ ကျားစခန်းသို့ အပြင်းနှင်ချက်ချင်း လိုက်သွားရာ၊ စစ်သားများနှင့် ရွာသားအမြောက်အမြားတို့သည် ကျင်းကြီးပတ်ဝန်းကျင်၌၊ အုံးယားဖားယားဖြစ်နေကြလေ၏။ ထိုသူတို့အနက်တွင် မျက်နှာဖြူ လင်မယားနှစ်ယောက်လည်း ပါဝင်ကြလေရာ၊ သူတို့သည် မည်သည့်နေရာက မည်ကဲ့သို့သတင်းရကြသည်မသိ။ ဓါတ်ပုံရိုက်ရန် ကိရိယာအစုံအလင် ပါရှိကြ၍၊ ကျွန်ုပ်အား မေးခွန်းအမျိုးမျိုးထုတ်နေကြသဖြင့်၊ ကျွန်ုပ်မှာ စိတ်တိုတိုဖြင့် လင်မယားနှစ်ယောက်လုံးကို ကျားရှိသောကျင်းကြီးထဲသို့သာ ပစ်ချလိုက်ချင်တော့သည်။ (နောက်ဆုံး၌ စုံစမ်းသိရှိရသည်ကား၊ နိုင်ငံခြားမှ ကမ္ဘာလှည့်ခဲ့ကြသော သတင်းထောက် လင်မယားဖြစ်သည်ဆို၏။)

ကျွန်ုပ်သည် ကျင်းကြီးရှိရာသို့ အပြေးအလွှား သွားကြည့်လေရာ ရွာသားတို့သည် ကျင်းနှုတ်ခမ်းပေါ်တွင် သစ်သားတုံးကြီးများ လိမ့်တင်၍ ငုတ်များရိုက်ထားသည်ကိုတွေ့ရလေ၏။ ကြီးလိုက်တာ ဆရာ၊ ရောမ ကျားကြီးပဲ ဆရာ၊ ဆိပ်ကြီးတယ် ဆရာ စသည်ဖြင့် ရွာသားများလည်း တစ်ယောက် တစ်ခွန်း ပြောလျက်ရှိကြလေ၏။ ကျွန်ုပ်သည် သစ်လုံးတစ်ခုကို နံဘေးသို့ ဖယ်ထား၍ မြေကြီးပေါ်၌ ဝမ်းလျားမှောက်ပြီးလျှင်၊ သစ်လုံးများ အကြားမှ အောက်သို့ငုံ့ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက်၊ နားကွဲမတတ် ကျယ်လောင်သော အသံကြီးပေါ်ထွက်လာ၍ မျက်လုံးကြီးနှစ်လုံးသည် အထက်သို့ တဟုန်ထိုး တက်လာပြီးလျှင် လက်သည်းများကိုဖြန့်ကာ လှမ်း၍ ပုတ်လိုက်သော လက်ကြီးတစ်ဘက်သည် ကျွန်ုပ်၏မျက်နှာနှင့် တစ်မိုက်ခန့်လောက်မျှသာ ကွာလှမ်းလေတော့၏။

ဤအခြင်းအရာကို တွေ့ရသည့်အခါ၊ ကျင်းပေါ်၌ ရွာသားများသာ သစ်လုံးများ တင်ထားခြင်းမှာ အမိုမဟုတ်ဟု သိရပေတော့သည်။ ကျားသည် မည်မျှကြီးသည်ဖြစ်စေ၊ ဤကျင်းကိုတစ်လွှားတည်းဖြင့်ခုန်ထွက်ရန် တတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မည် မဟုတ်သော်လည်း တစ်လွှားခုန်၍ ကျင်းနုတ်ခမ်းရှိ မြေကြီးများကို ခြစ်ကုတ်ကာ တွယ်ထားပြီးမှ နောက်တစ်လွှား လွှားလိုက်ရသည်ရှိသော်၊ ကျင်းပေါ်သို့ ရောက်လာမည်ကို စိုးရိမ်ရပေတော့သည်။

ကျားမှာ မျှော်လင့်သည်ထက် ပို၍ကြီးသော ကျားကြီးဖြစ်နေရပေကား ကျားကို ကျင်းထဲမှ ထုတ်ရမည့်အလုပ်မှာ ခဲယဉ်းသော ပြဿနာတစ်ခု ဖြစ်နေပေတော့၏။

ကျားကို အရှင်လတ်လတ် ဖမ်းသောအလုပ်မှာ ကျွန်ုပ်အဖို့ အထူးအဆန်းမဟုတ်ချေ။ တစ်ခါက မြန်မာပြည်သို့ ဟမ်မဆစ် ဆပ်ကပ်ကြီး ရောက်ရှိလာစဉ်၊ မြန်မာပြည်မှ ကျားတစ်ကောင်အလိုရှိသည်ဟု ကြော်ငြာလိုက်သဖြင့် တစ်လအတွင်း တစ်ကောင်ရအောင် ဖမ်းပေးခဲ့ဖူးသည်။ ကျားတစ်ကောင်ကို ကျင်းထဲ၌မိထားသည့်နောက် လှောင်အိမ်ထဲသို့ သွတ်သွင်းရန်မှာ လှောင်အိမ်ထဲသို့ အမဲသားတုံးကြီးများထည့်၍ တံခါးတစ်ဘက်ဖွင့် လျက်ရှိသော လှောင်အိမ်ကို ကျင်းထဲသို့ချလိုက်ရ၏။ ကျားသည် ပထမ၌ လှောင်အိမ်ထဲသို့မဝင်ဘဲ မသင်္ကာသော အမူအရာဖြင့် ချုံစမ်းနေသေးသော်လည်း၊ မွတ်သိပ်သည်ထက် မွတ်သိပ်လာသောအခါတွင် ဖြစ်ချင်ရာဖြစ်စေ ဟူသော သဘောဖြင့် လှောင်အိမ်ထဲသို့ဝင်၍ အမဲသားကို စားရသည်သာ ဖြစ်၏။ ထိုအခါတွင် နံဘေးတစ်ဘက်၌ အသင့်ပြုလုပ်ထားသော တံခါးကို လျှောချလိုက်ခြင်းဖြင့် ကျားမိရလေတော့သည်။ ထိုနောက် မြေကြီးများကိုတူး၍ လှောင်အိမ်ကို အပေါ်သို့ရောက်အောင် တင်ရသောအလုပ်မှာ မခဲယဉ်းလှချေ။

အခြားတစ်နည်းမှာ အောက်ခံမပါသော လှောင်အိမ်တစ်လုံးကိုကျားအပေါ်သို့အုပ်ချလိုက်၍ လှောင်အိမ်ပေါ်၌ လေးလံသောအရာဝတ္ထုများ ဖိထားပြီးမှ လူတစ်ယောက် အောက်သို့ဆင်း၍ လှောင်အိမ်အောက်သို့ အန်ကျပြုလုပ်ထားသော ပျဉ်ပြားကြီးများ ထိုးသွင်းရလေသည်။ အောက်ခံပျဉ်ပြားများမှာ အခြားပျဉ်ပြားများအကြားသို့ ထိုးသွင်းရခြင်းဖြစ်သောကြောင့် ပြုတ်ထွက်ရန်မဖြစ်နိုင်ဘဲ၊ ကျားသည်လှောင်အိမ်ထဲသို့ လုံခြုံစွာရောက်သွားလေသည်။ ဒုတိယနည်းမှာ အခက်အခဲများရှိသောကြောင့် အသုံးနည်းခဲ့လေပြီ။

အထက်ပါ နည်းလမ်းနှစ်ခုစလုံးမှာ ယခုကိစ္စတွင် အသုံးပြုရန် မဖြစ်နိုင်တော့ချေ။ ဤမျှလောက်ကြီးမား၍ ကျင်းထဲမှ ခုန်ထွက်သွားမည်ဟု စိုးရိမ်လောက်သည့် ကျားမျိုးကို ဖမ်းဆီးရမိလိမ့်မည် မထင်မိသောကြောင့်၊ ကျွန်ုပ်သည် ကျင်းကို လုံလောက်စွာ နက်အောင်တူး၍ မစီမံခဲ့ခြင်းဖြစ်လေသည်။





ယခုမူကား ကျင်းကိုတိုး၍ နက်အောင်တူးရန် မဖြစ်နိုင်တော့သည်ဖြစ်၍၊ ရှိနေပြီးအတိုင်း လှောင်အိမ်ထဲသို့ ဖြစ်အောင်ကြံ၍ သွင်းရန်သာရှိတော့၏။ အကယ်၍ ယခု ကျင်းအတိုင်း လှောင်အိမ်တစ်ခုချပေးလိုက်ပါမူ၊ ကျားသည် လှောင်အိမ်ပေါ်သို့တစ်လွှားခုန်တက်၍၊ ထိုမှတဖန် နောက်တစ်လွှားဖြင့် ကျင်းပေါ်သို့ရောက်အောင် ခုန်တက်နိုင်မည်ဖြစ်လေသည်။

ကျွန်ုပ်သည် စိတ်ကူးတစ်ခုရသည်နှင့် ရှမ်းစစ်သားများကို ထိုနေရာ၌ ထားခဲ့ပြီးလျှင် စော်ဘွားရှိသော မြို့သို့အဆောတလျင်ပြန်သွား၍ လိုအပ်သော ကိရိယာများအတွက် စီမံရလေ၏။ စော်ဘွားသည် ကျွန်ုပ်အလိုရှိသော အရာများကို ချက်ခြင်းရအောင် စီမံပေးသည်ဖြစ်၍၊ ရွေးဦးစွာ လက်သမားများ ခေါ်ပြီးလျှင် ခေါင်းကြီးပုံသဏ္ဌာန်ရှိသော သေတ္တာရှည်ကြီးတစ်လုံး လုပ်စေ၍ ထိပ်တစ်ဘက်တွင် လျှောချ၍ရသော တံခါးတစ်ခုပြုလုပ်စေ၏။ လူများသည် စော်ဘွား၏ အမိန့်အရပြုလုပ်ရခြင်းဖြစ်၍၊ လိုသောသစ်သားများဖြင့် လက်နက်ကိရိယာများကို တွေ့ရာမှဆွဲငင် လုပ်ကိုင်ကြသည်ဖြစ်သောကြောင့် အလွန်တရာ အလုပ်တွင်ကျယ်လှပေသည်။

ထိုအတောအတွင်း၌ပင် ကျွန်ုပ်သည် မနီလာလျှော်ကြိုး ပေပေါင်းသုံးလေးရာမျှကို ဝယ်ယူ၍ ကျွန်ုပ်အမြဲဆောင်လေ့ရှိသော "လဲဆိုး" ခေါ် ကွင်းပစ်ကြိုးကိုလည်း အသင့်ပြင်ထား၏။ အမေရိကန်ပြည်၌ ကောင်းဘွိုင် ခေါ် လူကြမ်းများသည် တောတိရစ္ဆာန်ရိုင်းများကို ကြိုးကွင်းပစ်၍ ဖမ်းနိုင် ကြသဖြင့်၊ မြင်းပေါ်မှ ကဆုန်စိုင်းလျက်လိုက်ရင်း အလိုရှိသော တိရစ္ဆာန်၏ လည်ပင်းကိုဖြစ်စေ၊ ခြေထောက်ကိုဖြစ်စေ၊ ကြိုးကွင်းဖြင့် စွပ်လျက်မိနေအောင် ပစ်နိုင်ကြသည်ဟု စာအုပ်များ၌ ဖတ်ရဖူး၍ ဘိုင်စကုတ်များတွင်လည်း မြင်ရဖူး၏။

ကျွန်ုပ်မှာ ကောင်းဘွိုင်လူကြမ်းများကို ငယ်စဉ်ကတည်းက 'ဟီးရိုး' အနေဖြင့် ကြည်ညိုအားကျခဲ့၍၊ သူတို့လုပ်နိုင်သည်ဆိုသော အလုပ်များကို သင်ပြသူမရှိဘဲ ရမ်းသမ်း လေ့ကျင့်ခဲ့၏။ တစ်ခါက "ဂန်းဘုတ်" ဂျက်ခေါ် ကပ္ပလီလက်ဖွေ့သမားသည် မြန်မာပြည်သို့ ဆပ်ကပ်တစ်ခုဖြင့် လိုက်ပါလာ၍ သေနတ်အဆန်းပစ်ခြင်း၊ ကြာပွတ်အဆန်းရိုက်ခြင်း၊ ကြိုးကွင်းပစ်ခြင်း အစရှိသော အတတ်များကို ဆပ်ကပ်ပွဲ၌ ပြသဖူးရာ ကျွန်ုပ်သည် ဝါသနာ အတိုင်း ထိုသူကို ဆရာတင်၍ ထိုသူလုပ်နိုင်သမျှကို ဖြစ်အောင် လုပ်နိုင်သော အခြေသို့ရောက်အောင် လေ့ကျင့်ခဲ့ဖူးလေသည်။ ကောင်းဘွိုင်များကဲ့သို့ မြင်းပေါ်မှမဟုတ်သော်လည်း မြေပြင်ပေါ်၌ မတ်တပ်ရပ်လျက် ပစ်ရမည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



၁၅ ပေခန့် ဝေးသော ဝတ္ထုပစ္စည်းတစ်ခုကို ကြိုးကွင်းဖြင့် မလွဲတန်းစွပ်အောင် ပစ်နိုင်လေသည်။ ထိုသို့သော ကျင်လည်မှုများကြောင့် သူငယ်ချင်းများသည် ကျွန်ုပ်အား 'ကောင်းဘွိုင်–ဖော်ဟိတ်' ဟူ၍ အမည်ပေး ထားကြလေသည်။

အလုံးစုံပြင်ဆင်ပြီးလတ်သော် ကျွန်ုပ်သည် သေတ္တာရှည်ကြီးနှင့် တကွပစ္စည်းများကို လော်ရီတစ်စင်းပေါ်သို့တင်၍ စော်ဘွားကိုနှုတ်ဆက်လေ၏။ စော်ဘွားသည် ကျွန်ုပ်၏ စိတ်အားထက်သန်ခြင်းနှင့် အစွမ်းသတ္တိကို သိပြီးဖြစ်သော်လည်း ကျီစားသောသဘောဖြင့် . . .

"ကျားကို ဒီသေတ္တာထဲဝင်အောင် သွင်းမယ်လား"

"ဟုတ်ပါတယ် စော်ဘွား"

"ကြံကြံစည်စည်ဗျာ ကျားတစ်ချက် ရန်းလိုက်လျှင် ခင်ဗျားသေတ္တာက ပွင့်ထွက်သွားမှာပေါ့ဗျ။ ခင်ဗျားက ကျားကို ကြောင်ကလေး ဆိတ် ကလေး မှတ်နေလို့လား"

"ကျွန်တော် ဝင်အောင်သွင်းခဲ့ပါ့မယ်၊ ခင်ဗျားစောင့်ကြည့်နေပါ။ အခု ၁၁ နာရီထိုးသွားပြီ မဟုတ်လား၊ ဒီကနေ့ညနေ မိုးမချုပ်ခင် စော်ဘွားရဲ့ နန်းတော်ကို ကျွန်တော်ရောက်အောင်ယူခဲ့မယ်"

"ဘာလဲဗျ၊ သေတ္တာကြီးပြန်ယူခဲ့မှာလား"

"မဟုတ်ဖူးစော်ဘွား၊ ကျားကြီးကိုထည့်ယူခဲ့မယ်"

"မကြွားနဲ့ဆရာ၊ ဒီတခါတော့ ခင်ဗျားအကြွားလွန်သွားပြီထင်တယ်။ ကိုင်းဗျာ ခင်ဗျားပြောတဲ့အတိုင်းရောက်အောင်ယူနိုင်ခဲ့လျှင် ဟောဒီ လော်ရီ ကို ခင်ဗျားယူပါတော့ဗျာ။"

"ကောင်းပါပြီစော်ဘွား၊ မရောက်လို့ရှိလျှင် ကျွန်တော်က"

"တန်ပါ၊ ခင်ဗျာ့ဆီက ဘာမျှကျုပ်မလိုချင်ပါဘူး။ ခင်ဗျားကိစ္စ အထှာ မမြောက်လျှင် ခင်ဗျာ့ကိုကျုပ်က ဘယ်ဆီလိုက်ရှာရမှန်းသိမှာ မဟုတ်ဘူး"

ဆိုလိုရင်းကား၊ အထမမြောက်ဆိုလျှင် ကျားခံတွင်းထဲသို့ ကျွန်ုပ် ရောက်ဖို့ရှိသည်ဟု ပြောလိုက်ခြင်းဖြစ်၍၊ စော်ဘွားသည် အကျီစားလွန်သွား သည်ဟု အောက်မေ့ဟန် လက္ခဏာဖြင့် ရုတ်တရက် ပါးစပ်ဟလိုက်သေး၏။ ကျွန်ုပ်ကမူ နိမိတ်ကောက်တတ်သူ မဟုတ်သောကြောင့်၊ စိတ်ထဲ၌ မည်သို့မျှ မရှိဘဲ သွားကိုဖြီး၍ ပြုံးခဲ့ရလေသည်။

ကျွန်ုပ်သည် လော်ရီကို ကိုယ်တိုင်မောင်းလျက် တပည့်တစ်ယောက် နှင့်အတူ စော်ဘွားထည့်ပေးလိုက်သော လူသုံးယောက်နှင့် ထွက်လာခဲ့ရာ





တောလမ်းသို့ရောက်သည်နှင့်တပြိုက်နက်၊ မိုးတိမ်များတက်လာ၍ မိုးရွာမည့် လက္ခဏာပြလေ၏။ ကျွန်ုပ်တို့သည် လော်ရီကို ကျင်းစခန်းနှင့် တတ်နိုင်သမျှ နီးကပ်အောင်မောင်းခဲ့၍၊ ကားလမ်းမရှိသော နေရာသို့ရောက်ကြရာတွင် ကား ကိုလမ်းဘေး၌ထိုးထား၍၊ သေတ္တာကြီးနှင့်ပစ္စည်းများ သယ်ယူရန်အတွက် လူတစ်ယောက်ကို စေလွှတ်လိုက်၏။ မကြာမီ ရွာသားများလိုက်လာကြ၍ သေတ္တာကြီးနှင့် ပစ္စည်းများကို ထမ်းဆောင်သယ်ယူကြလေရာ၊ ကျားစခန်းသို့ ကောင်းမွန်စွာ ဆိုက်ရောက်ကြလေ၏။ ရောက်သည်နှင့်တစ်ပြိုင်နက် မိုးပေါက် များသည် တစ်ပေါက်စီကျနေရာမှ အပြွက်လိုက်, အပြုံလိုက် ကျလာ၍ မိုးကြီး သည်းထန်စွာ ရွာသွန်းလေတော့သည်။

ရှမ်းတောင်တန်း၌ ရွာသွန်းသော မိုးနှင့်နှိုင်းစာလျှင် လွင်ပြင်အရပ် များ၌ရွာသော မိုးများမှာ ကလေးကစားသလောက်ရှိသည်ဟု ဆိုနိုင်ပေ၏။ မိုးရေများသည် တစ်ပေါက်စီမကျဘဲ ရေပြင်ကြီးများ အချပ်လိုက်ကျလာသည် ဟု ထင်ရရုံမက၊ မြင်လည်းမြင်ရပေ၏။ မိုးသည် 'ကွင်းရှော'လုပ်ထားသော ကြိုးများကို အလွယ်တကူမလျော့စေဘဲ ထစ်ထစ်ငေါ့ငေါ့ ဖြစ်စေမည့်ပြင်၊ မြေကြီးပေါ်၌ ဗွက်ပေါက်နေသည့်အတွက် အလုပ်လုပ်ရာ၌ခြေကုတ်မရဘဲ ချော် နေတော့မည် ဖြစ်သောကြောင့်၊ ကျွန်ုပ်မှာ များစွာစိုးရိမ်ပူပန်မိသည်။

ကျင်းကြီးသို့ရောက်ကြ၍ ပစ္စည်းများကိုချထားပြီးသောအခါ ကျွန်ုပ် မှာ တစ်ကိုယ်လုံးရွှဲရွှဲစိုလျက်၊ ရွာသားများများမှာလည်း အမိုးရှိရာသို့ဝင်၍ မိုးခိုသူက ခိုချင်ကြလေပြီ။ ရှမ်းစစ်သားများမှာမူ၊ စော်ဘွား၏အမိန့်ကြောင့် မိုးကြီးထဲ၌ ကျွန်ုပ်ကိုအကူအညီ ပေးကြပါ၏။ သို့ရာတွင် မိုးရွာကြီးထဲ၌ ကျား ရိုင်းတစ်ကောင်ကိုကျင်းထဲမှ လှောင်အိမ်(သေတ္တာ)ကြီးထဲသို့ ဝင်အောင်ထည့်ရ မည့်အလုပ်မှာ သေးငယ်သောအလုပ် မဟုတ်သဖြင့် ရင်လေးမိ၏။ မိုးစဲအောင် စောင့်နေဖို့မှာလည်း အချိန်မရှိချေ။

ကျွန်ုပ်သည် မနီလာရော်ကြိုးခွေကြီးကို ဖြန့်၍ ၁၀ ပိုင်းခန့် ပိုင်းဖြတ် ပြီးလျှင် ကွင်းရှောများပြုလုပ်ထား၏။ ထို့နောက် သစ်လုံးများကို ထိန်းထား သည့် ငုတ်အချို့ကို ဖြုတ်၍ သစ်လုံးအချို့ကိုဖယ်ပြီးလျှင် ကျင်းနှုတ်ခမ်း၌ ရွှံ့ဗွက်ထဲတွင် ဝမ်းလျားမှောက်လျက် တဝုန်းဝုန်းဟိန်းနေသော ကျားပေါ်သို့ ကြိုးကွင်းစွပ်ဖို့ ကြိုးစားလေ၏။ ကျင်းထဲ၌လည်း မိုးရေများဝင်၍ ဗွက်ပေါက် လျက်ရှိသောကြောင့် ကျားကြီးသည် နံနက်ခင်းအချိန်ကကဲ့သို့ ကျင်းနှုတ် ခမ်းသို့ရောက်လုမတတ်ခုန်ရန်မဖြစ်နိုင်တော့ချေ။ ဤသည်ကား မိုး၏ ကျေး



www.burmeseclassic.com

www.burmeseclassic.com



ရှားပေတည်း။ မိုးအတွက်ကြောင့် ကျွန်ုပ်၌အလုပ်ရ အကိုင်ရ ခက်သည့်နည်းတူ ကျားအဖို့၌လည်း အခက်အခဲများ ဖြစ်စေသဖြင့် တော်ပါသေး၏ဟု ကျွန်ုပ် အောက်မေ့မိ၏။

ရှမ်းစစ်ဗိုလ်သည် ရိုင်ဖယ်သေနတ်ကို အဆင်သင့်ကိုင်လျက် တစ်စုံ တစ်ရာဖြစ်ခဲ့လျှင် ကျွန်ုပ်ကိုကူညီရန် ကျွန်ုပ်အနီးမှရပ်လျက်ရှိရာ ကျွန်ုပ်သည် ရွှံ့ဗွက်ထဲ၌ ဝမ်းလျားမှောက်လျက် ကျားကိုကွင်းပစ်ဖမ်းနေစဉ် လေရော မိုးရောကျနေ၍ တကိုကောင်းကင်လုံးမည်းမှောင်လျက်ရှိသောကြောင့် ကျင်းထဲ သို့ အလင်းရောင်ကောင်းစွာမဝင်နိုင်သဖြင့် ကျွန်ုပ်အဖို့ အခက်အခဲတစ်ခု ဖြစ်၏။ ဤအထဲ ကြိုးစားသဖြင့် ကျင့်သားရလာ၍ ကျား၏ဦးခေါင်းကို ကြိုး ကွင်းစွပ်မိသည်နှင့် 'ဂွင်းရော'ကို ဆောင့်ဆွဲမည်ပြုဆဲတွင်ကျားသည် ကြိုးကွင်း ကို လက်နှင့်ပုတ်၍ ချွတ်ပစ်လိုက်လေပြီ။ ဒုတိယအကြိမ် စွတ်မိသောအခါ ကြိုးကွင်းသည် ကျားပါးစပ်နှင့် တေ့လျက်ရှိသောကြောင့် တစ်ချက်တည်းဟပ် ၍ ကိုက်ဖြတ်လိုက်ရုံနှင့် နှစ်ပိုင်းပြတ်သွားလေတော့သည်။ ဤတွင် ကြိုးကို ဆွဲတင်၍ ဂွင်းရော အသစ်ခုပြုလုပ်ပြီးမှ ထပ်ခါထပ်ခါ ပစ်ဖမ်းလေရာ ကျား သည် ကြိုးကွင်းကို ရှောင်တိမ်းသည်ဖြစ်စေမိပြီးမှ ဦးခေါင်းနှင့် ရှေ့လက်တို့၏ အကူအညီဖြင့် ဆတ်ခနဲ ဖြုတ်ခနဲ ဖြုတ်ပစ်လိုက်သည် ဖြစ်စေ ကျွန်ုပ်ကို အူယား အောင် လုပ်နေလေတော့သည်။ ထိုအတောတွင်း မိုးသည်ရပ်စဲ ခြင်းမရှိဘဲ တဖြောင်းဖြောင်း ရွာသွန်းလျက်ရှိ၏။ ဆိုခဲ့သည့်အတိုင်း တောင်တန်းမိုးသည် သာလျှင် တကယ့်မိုးဖြစ်လေသည်။

ထိုအခါ၌ကား ကျွန်ုပ်တစ်ကိုယ်လုံးမှာ မိုးရေရော ရွှံ့ပါပေကြံလျက် ရှိနေပြီဖြစ်သောကြောင့် မိုးကိုဂရုမစိုက်တော့ချေ။ သို့သော် မိုးရေများသည် မျက်လုံးထဲသို့စီးဝင်သဖြင့် မကြာခဏ လက်ဖြင့်ပွတ်နေရသည့်အတွက် အလုပ်တစ်ခုဖြစ်နေ၏။

ထိုကဲ့သို့ ရွှံ့ဗွက်ထဲ၌ ဝမ်းလျားမှောက်ကာ တစ်နာရီခန့်ကြိုးစား၍ လက်မောင်းများကို ကိုက်ခဲစပြုလာသောအခါမှ ကျွန်ုပ်ပစ်လိုက်သော ကြိုးကွင်းတစ်ကွင်းသည် ပါးစပ်ပါသိမ်းကြုံး၍ ဦးခေါင်းကိုစွပ်မိထားသဖြင့် 'ဂွင်းရော'ကိုဆောင့်ဆွဲလိုက်သည်တွင် ကျား၏ပါးစောင်နှစ်ဖက်တို့သည် သွားများအကြားသို့ ကြိုးနှင့်အတူရောက်သွားလေ၏။ သို့ဖြစ်၍ ကျားသည် ကြိုးကိုကိုက်ဖြတ်ခဲ့လျှင်၊ ပါးစောင်နှစ်ဖက်ကိုပါ ကိုက်မိနေသောကြောင့် ကိုက်နိုင်ဘဲလျော့ခံရလေတော့သည်။ ဆိုလိုရင်းမှာ ကျား၏ပါးနှစ်ဖက်





သည်ပါးစပ်ထဲသို့ ရှုံ့ဝင်လျက်ရှိသောကြောင့် ကြိုးပြတ်လျှင် ပါးပြတ်ရမည် ဖြစ်သဖြင့် အနာခံ၍မကိုက်ဝံ့တော့ချေ။

နောက်တစ်ခဏ၌ ကျွန်ုပ်သည်ကြိုးစတစ်ဖက်ကိုကိုင်လျက်စောင့် နေကြသောရွာသားများအား ကြိုးကိုဆွဲကြရန်အော်ပြောလိုက်သဖြင့်၊ တညီ တညာတည်း ဝိုင်းဆွဲလိုက်သည်တွင် ကျား၏အထက်ပိုင်းသည် အပေါ်သို့ မြောက်ကြွလာသည်ဖြစ်သောကြောင့်၊ ကျားသည်ကျင်းထဲတွင် မတ်တတ်ရပ် လျက်ဖြစ်နေလေ၏။ ဤတွင် ကျွန်ုပ်သည် ကျားကြီး၏ဦးခေါင်းနှင့်မျက်နှာတို့ ကိုနီးနီးကပ်ကပ်ကြည့်ခွင့်ရလေရာ၊ မျက်လုံးကြီးနှစ်လုံးတို့သည် ကိုက်ချင်ခဲချင် သော ဒေါသကြီးဖြင့် ကျွန်ုပ်ကိုပြူးလျက် ကြည့်နေကြလေတော့သည်။

ထို့နောက် ကျွန်ုပ်သည်ဒုတိယကြိုးတစ်ချောင်းကိုယူ၍ ကျား၏ လည်ပင်းအောက်မှ လျှိုလျက်ချည်ပြီးမှ ပထမကြိုးနှင့်ဆန့်ကျင်ဘက်ရှိနေ သောအရပ်သို့ ရွာသားများအားဆွဲစေရာ ကျားကြီးမှာ ကြိုးနှစ်ချောင်းနှင့် တစ်ဖက်စီဆွဲထားခြင်းဖြစ်သောကြောင့် မတ်တတ်ရပ်လျက် မလှုပ်နိုင်ဘဲရှိလေ ၏။ ထိုကဲ့သို့နှစ်ဖက်နှစ်လမ်းတို့မှ ကြိုးနှစ်ချောင်းတို့ဖြင့် မိထားသည့်နောက် တတိယကြိုးကွင်းကို ရှေ့လက်နှစ်ဖက်အောက်သို့လည်းကောင်း၊ စတုတ္ထ ကြိုးကွင်းကို ကိုယ်လုံးကြီးသို့လည်းကောင်း ပစ်သွင်းချည်ထုတ်ရန်မှာ များစွာ မခဲယဉ်းတော့ချေ။ ထိုကဲ့သို့ အရပ်လေးမျက်နှာတို့မှ ကြိုးတစ်ချောင်းစီ နှင့်ဆွဲထားသည့်နောက် ကျွန်ုပ်သည်အခြားကြိုးလေးချောင်းတို့ဖြင့် ကျားကြီး တစ်ကိုယ်လုံးကို နေရာအမျိုးမျိုးတို့မှ ချည်တုတ်၍ ကြိုးရှစ်ချောင်းတို့ကို သူ နေရာနှင့်သူတစ်ပြိုင်နက်တည်း ဆွဲတင်လိုက်စေသည်တွင် ကျားကြီးတစ်ကိုယ် လုံးသည် အထက်သို့ မြောက်တက်လာ၍ ကျား၏ ဦးခေါင်းကို ကျင်းနှုတ်ခမ်း နှင့် ညီလုမတတ်ရှိနေလေ၏။ ကျားပါးစပ်ကြီးမှာ ကြိုးကြောင့် ပြဲနေသဖြင့် လည်းကောင်း၊ ကိုက်ချင်ခဲချင်သော ဒေါသကြောင့်လည်းကောင်း ကြောက် ခမန်းလိလိ ရှိနေပေတော့သည်။ နောက်ခြေထောက်များနှင့် မြေကြီးနှင့် လွတ်နေ သည်ဖြစ်၍ တကန်တည်းကန်ကျောက်လျက်ရှိရာ ရှေ့လက်များကို ကြိုးများ၏ အနှောင်အဖွဲ့မှ လွတ်စေခြင်းငှာ တရုန်းတည်းရုန်း ဖယ်လျက်ရှိလေ၏။

ထိုအခါ ကျွန်ုပ်သည် သေတ္တာရှည်ကြီးကို ကြိုးဖြင့်လျှောချဖို့ အမိန့် ပေးတော့မည်ပြုဆဲတွင် အလန့်တကြားဟစ်အော်လိုက်သော အသံတစ်သံ ပေါ်ထွက်လာ၏။ အကြောင်းမူကား(၁) နံပါတ်ကြိုးကို ရှေ့ဆုံးမှဆွဲထားရ သောရွာသားသည် ရွှံ့ထဲတွင်ခြေချော်လဲသွား၍ ထဖို့ကြိုးစားဆဲတွင်၌ပင်



www.burmeseclassic.com

www.burmeseclassic.com



တဖြေးဖြေးလျော့ကျသွားသဖြင့် ကျင်းကြီးထဲသို့ကျတော့မည့်ဆဲဆဲ ဖြစ်နေသောကြောင့် ကြောက်အားလန့်အားနှင့်ငယ်သံပါအောင် ဟစ်အော်လိုက်ခြင်းပင်ဖြစ်လေသည်။ ကျွန်ုပ်သည် ထိုလူနှင့်အနီးဆုံးဖြစ်နေသည်နှင့် လည်ကုတ်ဆိုကိုင်ဆွဲကာ ထူပေးလိုက်ရာ အားလွန်သွားသဖြင့် နှစ်ယောက်စလုံးကျင်းထဲသို့လျှော့ကျတော့မည့်ဆဲဆဲတွင် စော်ဘွား၏လူတစ်ယောက်က ကျွန်ုပ်၏ခါးပတ်ကို ကိုင်ဆွဲထားလိုက်သဖြင့် ချမ်းသာရာရကြလေတော့သည်။

အကယ်၍ ကျွန်ုပ်တို့နှစ်ယောက်လုံး ကျင်းကြီးထဲသို့လျှော့ကျသွားစေကာမူ ကြိုးကိုင်သူများက ဆက်လက်၍ကိုင်ဆွဲထားကြပါက ကိစ္စမရှိနိုင်သည်မှန်၏။ သို့ရာတွင် ရှာသားများဟူသည်မှာ ခေါင်းဆောင်သူမရှိသည့်အခါ ယောင်တောင်တောင်ဖြစ်တတ်ကြပေရာ၊ အကယ်၍သူတို့က ကြောက်ကြောက်လန့်လန့်ဖြင့်ကြိုးများကို လွှတ်ချကာထွက်ပြေးကြပါမူကား ထိုရှာသားနှင့်ကျွန်ုပ်တို့မှာ ကျင်းကြီးထဲ၌ ကျားကြီးနှင့် နပမ်းလုံးကြရုံမှတပါး အခြားနည်းလမ်းရှိမည် မဟုတ်ချေ။ ကြိုးချည်ခံထားရသဖြင့် ဒေါသမာန်ထလျက်ရှိသော ကျားကြီးသည် ကြိုးမှလွတ်ကာလုပ်ချင်တိုင်း လုပ်ခွင့်ရခဲ့ပါက ကျွန်ုပ်တို့နှစ်ယောက်အား ကျင်းကြီးထဲ၌မည်ကဲ့သို့ပြုလိမ့်မည်မှာ မတွေးဝံ့အောင်ရှိတော့၏။ ကျွန်ုပ်မှာဤအကြောင်းများ သတိရမိသည့်အခါတိုင်း ကျောထဲ၌စိမ့်ကနဲဖြစ်ရတတ်ပေရာ ယခုပင်လျှင်စိမ့်ချင်သလိုဖြစ်မိသေး၏။

ရှာသားများသည် ကျွန်ုပ်တို့နှစ်ယောက်၏ အဖြစ်အပျက်ကိုမြင်ကြရသည့်အခါအော်သူများက လန့်အော် အော်ကြသေး၏။ သို့ရာတွင် ကြိုးများကို ကိုင်မြဲတိုင်း ကိုင်ဆွဲထားကြသဖြင့် မောင်မင်းကြီးသားများအား ကျေးဇူးတင်ရပေသည်။ သို့မဟုတ်ခဲ့လျှင် ပြင်သစ်ပြည်က တိရစ္ဆာန်ရုံသို့လည်း အကြီးဆုံးသော ကျားကြီးတစ်ကောင် ရောက်ရှိဖို့မရှိဘဲ ဇော်ဟိတ် မှတ်တမ်းလည်း ရေးနိုင်ဖွယ်ရာမရှိတော့ချေ။

ထို့နောက် ကျွန်ုပ်တို့သည် သေတ္တာရှည်ကြီးကို ကျင်းထဲသို့ လျှောချရန် ပြင်ဆင်ကြလေ၏။ ကျား၏ဦးခေါင်းသည်ကျင်းနှုတ်ခမ်းနှင့် ညီလုမတတ်ရှိနေစဉ်၊ ကျွန်ုပ်တို့သည် သေတ္တာရှည်ကြီးကို ဒေါင်လိုက် လျှောချ၍ ပွင့်နေသောမျက်နှာကို အပေါ်ဘက်၌ ထားကြ၏။ သေတ္တာအနီးသို့ နီးကပ်အောင် မချဉ်းကပ်နိုင်ဘဲ ဝါးလုံးရှည်ကြီးများနှင့် ပြုပြင်ပေးကြ၏။ ကျား၏နောက်ခြေထောက်များမှာ လွပ်လပ်စွာရှိနေသဖြင့် ကန်ကျောက်နိုင်သည် ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကျားကြီးကို ခြေထောက်မှစ၍ သွင်းမည်ဟု





ခြေထောက်များအောက်သို့ သေတ္တာရှည်ကြီးကို တည့်တည့်ထားပေးနေစဉ်၊ ကျားကခြေထောက်များနှင့် ကန်ကျောက်လိုက်သဖြင့် သေတ္တာကြီးရွေ့သွားပြန်လေ၏။ ထိုအတောအတွင်း ကြိုးကိုဆွဲထားရသော ရှာသားများမှာ လက်ညောင်းလာပြီဖြစ်၍ ကျားကြီးမှာအနည်းငယ်လျှောကျသွားလေပြီ။ အကယ်၍ ဤအခြေသို့ရောက်ခါမှ မြေကြီးသို့ရောက်အောင် လျှောကျသွားခဲ့ပါမူ ကျွန်ုပ်တို့သည် အထက်သို့ တစ်ဖန်ပြန်ရောက်အောင် ဤလူမျှနှင့်ဆွဲတင်နိုင်ကြတော့မည် မဟုတ်ချေ။

ကျွန်ုပ်မှာ အခြေအနေကို အကဲခတ်လျက်ရှိစဉ် ဖြစ်မှဖြစ်ပါတော့မည်လောဟုယုံမှားခြင်း ဖြစ်လာမိလေပြီ။ ရှမ်းစစ်ဗိုလ်နှင့် စစ်သားများ၏ အကူအညီဖြင့် ကျွန်ုပ်တို့သည် သေတ္တာကြီးကို ကျားအောက်၌ နေရာတကျထောင်ထား၍ ကျားကြီးကိုဆွဲလျက်ရှိသော ရှာသားများအား အထက်သို့မြင့်တက်လာအောင်အားကုန် ညှစ်ထုတ်၍ဆွဲကြရန် ညာသံပေး၍တိုက်တွန်းပြီးနောက် ရှမ်းစစ်ဗိုလ်အား သေနတ်နှင့် အသင့်စောင့်ကြည့်ရန် ပြောပြောဆိုဆိုဖြင့် ကျွန်ုပ်ကိုယ်တိုင် ကျင်းကြီးထဲသို့ လျှောဆင်းလိုက်လေ၏။

ကျားကြီးလည်း ခြေထောက်များဖြင့်ကန်ကျောက်လျက်ရှိရာ ကျွန်ုပ်သည်ကျားခြေထောက်များကို လွတ်အောင်ရှောင်တိမ်း၍ ကျားမြီးကိုဆွဲကာ သေတ္တာပေါက်ပေါ်သို့တည့်အောင် ကိုင်ထားပြီးမှ 'လွှတ်လိုက်ကြ'ဟု ဟစ်အော်လိုက်၏။ ရှာသားများလည်းပြောသည့်အတိုင်း လျှောချလိုက်ကြသဖြင့် ကျားသည်သေတ္တာရှည်ကြီးထဲသို့ ထောင်လျက်ဝင်သွားစဉ်၊ ကျွန်ုပ်သည် သေတ္တာကြီးကို မတိမ်းမစောင်းစေရအောင် ကိုယ်ဖြင့်ဖေးကာ တွန်းထားရလေ၏။

ကျားကြီးသည် သေတ္တာရှည်ကြီးထဲသို့ ချောင်းကနဲလျှောကျသွားသည်နှင့်တစ်ပြိုင်နက်၊ ကျွန်ုပ်သည် အပေါ်မျက်နှာ၌ရှိသော အံ့ဆွဲတံခါးကို တစ်ချက်တည်းဆောင့်ပိတ်လိုက်၍၊ သံချောင်းနှင့်တူတစ်ချောင်းချပေးလိုက်ရန်ဟစ်အော်တောင်းလိုက်၏။ ကျားကြီးလည်း သေတ္တာထဲ၌ ကြိုးများ၏အနှောင်အဖွဲ့မှ လွတ်အောင်တဒိန်းဒိန်း တဒိုင်းဒိုင်းဖြင့်ရုန်းကန်လျက်ရှိစဉ် ကျွန်ုပ်သည် အံ့ဆွဲတံခါးကိုပိတ်ထား၍ သံချောင်းများနှင့်တူကို တွင်တွင်ကြီးအော်တောင်းလေ၏။ ကျားသည် သေတ္တာထဲသို့လျှောကျသွားစဉ် သူ၏ခြေထောက်များမှာအောက်၌ ကွေးလျက်ရှိရမည်ဖြစ်၍ အထက်ပိုင်း၌ရှိသော တံခါးသို့ရောက်အောင် ခုန်တက်နိုင်မည်မဟုတ်သော်လည်း၊ ပေါင်ချိန်၃၀၀



www.burmeseclassic.com

www.burmeseclassic.com



ကျော်မှုရှိသော ကျားကိုယ်လုံးသည် သေတ္တာတစ်ဘက်သို့မှီလိုက်သဖြင့် ကျွန်ုပ်တို့အပေါ်သို့ ယိုင်လဲလာပါမှုမောဟိုက်လျက်ရှိသော အခြေအနေတွင် ကျွန်ုပ်အဖို့ အခက်ကြီးကြုံဘွယ်ရာရှိ၏။

"ဟေ့ လူများ ဘာလုပ်နေကြတာလဲကွ၊ သံချောင်းနဲ့တူနဲ့လှမ်းပေးလိုက်ကြပါကွ"

ဤအတောအတွင်း ကျွန်ုပ်သည် သေတ္တာကြီးကို ပခုံးဖြင့်ဖိ၍ တစ်ဖက်သို့ အတင်းတွန်းထားရ၏။

"ဟေ့ မြန်မြန်လုပ်ကြပါကွ၊ တူနဲ့သံချောင်း ပေးကြပါကွ"

တူလည်းမရှိ၊ သံချောင်းလည်းမတွေ့ဟု ပြောကြ၏။

ကျွန်ုပ်မှာ တစ်ကိုယ်လုံးရွှံ့တွေပေလျက် ရေစက်လက်ရှိနေသည့် အထဲမှချွေးများပြန်လာလျက် . . .

"ဟေ့ ခွေးမသားတွေ ဘာလုပ် နေကြတာလဲ၊ တူနဲ့သံချောင်း ပေးပါဆို မကြားဘူးလားကွ"

ဟုလှမ်း၍အော်လိုက်လေ၏။ သေတ္တာကြီးမှာ ကျွန်ုပ်၏ပခုံးပေါ်သို့ ယိမ်းလာ၍ လေးသည်ထက် လေးလာခဲ့လေပြီ။

ထိုအခါ ရှမ်းစစ်ဗိုလ်၏အသံဖြင့် တူရောသံချောင်းပါ ရှာမတွေ့ကြောင်း အော်သံကြားလိုက်ရ၏။ ထို့နောက်သံချောင်းများ ထည့်သောသံစည်ပုံးကလေးမှာ ရွှံ့ထဲ၌မြောက်သွား၍ ရှာမတွေ့ကြောင်းပြောပြီးလျှင် တူကိုသာ ပစ်ချပေးလိုက်သဖြင့်၊ ဖမ်းယူလိုက်ရ၏။

"သံချောင်းမရှိဘဲနဲ့ တူချည်းဘဲ ဘာလုပ်ရမှာလဲကွ၊ မြန်မြန်ရှာကြပါကွ၊ တယ် . . ငါအားလုံးသတ်ပစ်လိုက်လိမ့်မယ်နော်"

နောက်ဆုံးတွင်မှ သူတို့သည်ရွှံ့ထဲ၌ နစ်မြုပ်နေသော သံစည်ပုံးကိုတွေ့ကြ၍၊ ကျွန်ုပ်၏ကပည့်ကျော်သည် သံချောင်းများနှင့် ကျွန်ုပ်ထံသို့ဆင်းလာခဲ့ပေတော့သည်။ တပည့်သည် သံချောင်းများကို ကိုင်ပေး၍ ကျွန်ုပ်သည် တူနှင့် တစ်ချောင်းပြီး တစ်ချောင်း၊ ရိုက်သွင်းလိုက်ရသည်တွင်မှ၊ လူသားစားသော မောင်မင်းကြီးသားမှာ သေတ္တာရှည်ကြီးထဲသို့ စိတ်ချလက်ချရောက်သွားလေတော့သည်။ အသက်ရှူရန်အတွက်ထားသော လေဝင်လေပေါက်များမှမှ ကျားကြီး၏ကြုံးဝါးသံများ ပေါ်ထွက်လာတုန်းပင်ရှိသေး၏။

ထိုအခါ၌ကား ရွာသားများသည် ကျင်းကြီးထဲသို့ ဆင်းဝံ့ကြပြီဖြစ်သောကြောင့် ကြိုးများဖြင့်ဆင်းလာကြ၍ သေတ္တာရှည်ကြီးကို ချည်တုပ်ကြ





လေ၏။ သေတ္တာကြီးကို ကျင်းပေါ်သို့ ဆွဲတင်ရန်နှင့် လော်ရီသို့ရောက်အောင်တင်ပို့ရန်မှာ လွယ်ကူသော အလုပ်များမဟုတ်သော်လည်း၊ ဘေးအန္တရာယ်မရှိဘဲ ဝန်သက်သက်မျှသာဖြစ်သောကြောင့် လူလိုသလောက်ရနိုင်သဖြင့် ကြီးကျယ်သောအခက်အခဲများ မဟုတ်ချေ။ ကျားကို သေတ္တာကြီးထဲသို့သွင်း၍ သံများနှင့်ရိုက်ပိတ်ပြီးဖြစ်သောကြောင့် ရွှံ့ဗွက်တွေဖြင့် ချောနေခြင်းမှတစ်ပါး၊ အနှောင့်အယှက် မရှိတော့ချေ။ သို့ရာတွင် သေတ္တာကြီးကို ကြိုးတွေနှင့်ဆိုင်းလျက် လူ၁၂ယောက်ထမ်းသွားကြရာတွင်၊ ဝါးလုံးတစ် ချောင်းကျိုးသွားသဖြင့် သေတ္တာကြီး ပြုတ်ကျလုမတတ်ဖြစ်သွားသည့် အနှောင့်အယှက်တစ်ခုကား ကြုံတွေ့ရသေး၏။ ထို့နောက် လော်ရီပေါ်သို့တင်၍ ဟော်သို့မောင်းသွားရာတွင် ချောချောမောမောပင် ဆိုက်ရောက်ပါပေသည်။

စော်ဘွားသည် ဟော်ရှေ့မှရပ်၍ ကျွန်ုပ်တို့ကို ကြိုဆိုလျက်ရှိရာ၊ "လောင်းစားခြင်းရှုံး၍ လော်ရီတစ်စင်းဆုံးရသော်လည်း၊ ငွေ ၅၀၀၀ဝ တန်ပစ္စည်းတစ်ခုကို ဝမ်းမြောက်ဝမ်းသာဖြင့် ဆုံးရှုံးရခြင်းမှာ တစ်သက်တွင် ဤတစ်ခါမျှသာကြုံဘူးရကြောင်း" ကျွန်ုပ်၏ပခုံးကိုပုတ်လျက် ပြောပါသည်။

ကျားကြီးမှာ ကျဉ်းမြောင်းသော သေတ္တာရှည်ကြီးထဲမှ သံလှောင်အိမ်ကြီးတစ်ခုအတွင်းသို့ ၂-ရက်အတွင်းပြောင်းရွှေ့၍ ပြင်သစ်ပြည်သို့ နောက်ဆုံးခရီးသွားခြင်းဖြင့် ပါသွားပြီးလျှင်၊ တိရစ္ဆာန်ရုံထဲတွင် ထာဝစဉ်နေထိုင်သူအဖြစ်ရှိကြောင်း ကြားသိရလေသည်။ ကျားအိုကြီးမဟုတ်ပါဘဲလျက် လူသားစားသော အလေ့အကျင့်ဖြစ်ပေါ်ခဲ့ခြင်းမှာ အဆစ်လွဲနေသော နောက်ခြေထောက်တစ်ဖက်ကြောင့် ဖြစ်ရကြောင်း ထပ်လောင်း ကြားသိရှူးပေသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

## ခြေနှစ်ချောင်းနှင့် အမဲ

ကိုဇော်ဟိတ်သည် စွန့်စားရသော အလုပ်နှင့်ပတ်သက်၍ လက်မလွှတ်တမ်း စုံစမ်းရှာဖွေတတ်သော ဝါသနာအလျောက် မြိတ်နယ်ဘက်သို့ ရောက်စဉ်က ပင်လယ်ပြင်၌ ပင်လယ်ငါးများဖမ်းသော မော်တော်ဘုတ်ကြီး တစ်စင်းပေါ်တွင် လိုက်ပါသွားခဲ့၏။ မော်တော်ဘုတ်ပိုင်ရှင်၊ အစိုးရထံမှ ပင်လယ်ငါးဖမ်းရန်အတွက် အမိန့်လိုင်စင် ခံယူပြီးနောက် လုပ်သားတစ်ယောက် လိုလျက် ရှိရာတွင် လခကြေးငွေကို သဘောမထားဘဲ၊ မရောက်ဖူးသောအရပ်၌ မလုပ်ဖူးသော အလုပ်တစ်ခုကို လုပ်ရစေတော့ဟု သဘောထားသော ကိုဇော်ဟိတ်နှင့် တွေ့ကြ၍ ချက်ချင်းပင် ဈေးတည့်ကြလေ၏။

ကိုဇော်ဟိတ်မှာ ကုန်းပေါ်၌ အမဲလိုက်ခြင်း အလုပ်တွင် ပညာစုံခဲ့သော်လည်း၊ ပင်လယ်ထဲ၌ ငါးမျှားရသော တံငါအလုပ်တွင်မူကား၊ တစ်ကြိမ်တစ်ခါမျှ အတွေ့အကြုံမရှိခဲ့ချေ။ သို့ရာတွင် နေရာတကာ၌ အကင်းပါးသော လူတစ်ယောက်ဖြစ်သည်နှင့် မိတာဘုတ်ရှင်သည် ကိုဇော်ဟိတ်အား အနည်းငယ်မျှသင်ကြားပြသ၍၊ ပင်လယ်၌ရက်အနည်းငယ် အလုပ်လုပ်မိကြလျှင်ပင် ကိုဇော်ဟိတ်အပေါ်၌၊ အလွန်ကျေနပ်၍ ဤတစ်ခေါက်တွင်သာမက ကိုဇော်ဟိတ်လိုက်လိုပါက ထာဝရလုပ်သား တစ်ယောက်အဖြစ်ဖြင့် ခန့်ထားရန်စိတ်ကူးမိလေ၏။ ကိုဇော်ဟိတ်ကမူ၊ ပင်လယ်လေရှူရှိုက်ရခြင်းအတွက်





ကြောင့်၊ ထိုအလုပ်ကိုသဘောကျသော်လည်း ကျားနှင့်ဆင်ရိုင်းများပစ်ရခြင်းကဲ့သို့ အသက်စွန့်၍ အလုပ်လုပ်ရသော အလှည့်အပတ်နည်းပါးလှသောကြောင့်၊ မော်တော်ဘုတ်ရှင်ကို တော်သလိုပြောထား၍ စိတ်ထဲ၌မူ နောက်တစ်ခေါက်လိုက်ပါရန် အလိုမရှိတော့ပြီဟု အကြံပြုထားလေ၏။

ပင်လယ်ပြင်သို့ထွက်၍ ရက်သတ္တ ၂–ပတ်ခန့် ငါးများဖမ်းကြပြီးနောက်၊ အချို့ကို ငါးပုပ်ပြားလုပ်၍၊ အချို့ကိုအအေးခန်း၌ထည့်ကာ အစိမ်းလိုက် တင်ဆောင်လာကြစဉ်၊ တစ်နေ့သ၌ လေပြင်းတိုက်ခတ်သည်နှင့် မော်တော်ဘုတ်သည်သွားနေကျ ခရီးစဉ်ထက်ကျော်လွန်၍ အိန္ဒိယပြည်ဘက်ဆီသို့ လွင့်ပါသွားလေ၏။ တိုက်ခတ်သောလေမှာ မုန်တိုင်းလည်းမဟုတ်၊ လေနီကြမ်းလည်းမဟုတ်၊ သာမန်လေပြင်းမျှသာဖြစ်သောကြောင့် လေကိုဆန်ခုတ်ရန် မတတ်နိုင်ဘဲ၊ အလိုက်သင့် လွင့်ပါခြင်းအားဖြင့် ရောက်လိုရာရောက်စေ၊ ဘေးအန္တရာယ်မရောက်လျှင် ပြီးစေတော့ဆိုသော သဘောမျိုးဖြင့် မျှောရခြင်းဖြစ်လေသည်။ သို့ဖြစ်၍ နောက်တစ်နေ့ညနေ၌ လေငြိမ်သွားသဖြင့်၊ မြန်မာပြည်ဘက်သို့ဦးလှည့်ကာ ခုတ်နှင်ကြရသည်တွင် မော်တော်ဘုတ်မှာ မြန်မာပြည်ကမ်းခြေနှင့် မိုင်ပေါင်းလေးငါးရာထက်မနည်း ကွာလှမ်းလျက် ရှိလေတော့သည်။

ထိုည၌သန်းခေါင်အချိန်ခန့်၌ ကိုဇော်ဟိတ်သည် ခရီးပြင်းခုတ်နှင်လျက်ရှိသော မော်တော်ဘုတ်ပဲ့ပိုင်းတွင်ထိုင်လျက် မြန်မာပြည်သို့ပြန်ရောက်မည့်ရက်ကို ခန့်မှန်းရေတွက်နေစဉ် တစ်နေရာ၌ သေနတ်သံတစ်ချက်ထွက်လာသည်ကို ကြားလိုက်ရ၏။ သေနတ်သမားတစ်ယောက်ဖြစ်သော ကိုဇော်ဟိတ်မှာ သေနတ်သံကြားလျှင် နားစွင့်တတ်သောဝါသနာအတိုင်း ထိုင်ရာမှ ထ၍ တောင်မြောက်လေးပါးသို့ မျှော်ကြည့်ရင်း၊ သာ၍ကောင်းစွာမြင်နိုင်ကြားနိုင်စေခြင်းငှာ သံလက်ရမ်းပေါ်သို့ တက်၍ ရပ်လိုက်၏။ ထိုည၌မှာ လမရှိသောည၌ဖြစ်၍ ပင်လယ်ပြင်တစ်ခုလုံးမှာ မှေးမှိန်သောကြယ်ရောင် ဖြင့် တရေးရေးမျှသာမြင်နိုင်သည်ဖြစ်ရာ နောက်တစ်ချက်သေနတ်သံပေါ် ထွက်လာပြန်သည်နှင့် အသံကြားရာဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက် မိ၏။ ဤတွင် ပါးစပ်၌ခဲထားသော ဆေးတန်သည် ဖြုတ်ခနဲ စင်ထွက်သွား၍ ကိုဇော်ဟိတ်သည် ဆေးတန်ကို လက်နှစ်ဖက်နှင့် လိုက်ဖမ်းလိုက်သည်တွင် လက်ရန်းပေါ်မှအားလွှတ်၍ ပင်လယ်ပြင်ထဲသို့ ကျသွားလေ၏။

ကျလျှင်ကျခြင်း နစ်မြုပ်သွားပြီးနောက် ရေကူးသန်သော လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်သည်အလျောက် တစ်ချက် ၂ ချက်ယက်လိုက်သည်နှင့် ပေါ်လာ၍၊ အသံကုန်ဟစ်ခေါ်ပါသော်လည်း စက်ခုတ်သံကြောင့် တစ်ကြောင်း၊ အိပ်သူများ အိပ်ပျော်လျက်ရှိသည်တစ်ကြောင်းကြောင့် ကိုဖော်ဟိတ်၏ခေါ်သံကို မည်သူမျှမကြားဘဲ မော်တော်ဘုတ်လည်း ခုတ်မြဲတိုင်းခုတ်နှင့်သွားလေ၏။

အခက်အခဲအမျိုးမျိုးကြုံတွေ့၍ လွတ်မြောက်လာခဲ့သည်သာဖြစ်သော ကိုဖော်ဟိတ်မှာ အခြားသူများကဲ့သို့ လက်မှိုင်ချလောက်အောင် အားငယ်ခြင်းမရှိဘဲ အပေါ်ရုံ၌ဝတ်ထားသော ဘလေဇာကုတ်အင်္ကျီ ချွတ်ပစ်ပြီးလျှင် ရေကူးသန်သန်နှင့်ကူး၍ လိုက်လေ၏။ သို့ရာတွင် မော်တော်ဘုတ်ကိုမှီရန်မှာ မဖြစ်နိုင်သော အလုပ်တစ်ခုဖြစ်၍ မှီအောင်လည်းမကြိုးစား၊ ကြာလေဝေးလေရှိနေသော မော်တော်ဘုတ်ပေါ်မှ လူများကြားအောင် အော်ဟစ်ခြင်းအားဖြင့်လည်း အမောမခံတော့ဘဲ၊ မိမိကိုယ်ကို ပေါ်လောက်ရုံမျှ ဖော့ထားလျက် အခြေအနေကို ဆင်ခြင်လေ၏။

ကိုဖော်ဟိတ်သည် ယခင်က ကြားလိုက်ရသော သေနတ်သံကို သတိရ၍၊ ရေပေါ်မှလာသော သေနတ်သံဖြစ်ခဲ့လျှင်လည်း အနီးအပါး၌ သင်္ဘောတစ်စင်းစင်းရှိရမည်၊ သို့တည်းမဟုတ် ကုန်းပေါ်မှလာသော သေနတ်သံဖြစ်ခဲ့လျှင်လည်း ဤနေရာတစ်ဝိုက်တွင် မြေကြီးရှိရမည်ဟု စဉ်းစားမိ၏။ ဤတွင် ကိုဖော်ဟိတ်သည် သေနတ်သံကြားသည်ထင်ရသော မျက်နှာဘက်သို့ လှည့်ကာခပ်မှန်မှန်ကူးယက်လာခဲ့ရာ၊ နာရီတစ်ဝက်ခန့် ကူးမိသောအခါတွင် ကျောက်ဆောင်ကြီးများ ဘွားကနဲပေါ်လာ၍ ကမ်းခြေရှိနေသည့်အဖြစ်ကို တွေ့ရလေ၏။

ပင်လယ်လှိုင်းတို့မည်သည် ကမ်းခြေသို့ အမြဲရိုက်တင်တတ်သော သဘာဝရှိရေရာ၊ ကိုဖော်ဟိတ်သည် လှိုင်းတစ်လုံး၏ ထိပ်မှလိုက်ပါသွား၍ လှိုင်းလုံးသည် မြေပြင်ညီညာသောကမ်းခြေပေါ်သို့ ဆောင်ယူသွားပြီးလျှင် ကျောက်ဆောင်ခြေရင်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် လှိုင်းတို့သဘာဝအတိုင်း လှည့်ပြန်ခဲ့လေ၏။ ထိုအချိန်၌ ဒီရေသည် အနိမ့်ဆုံးကျဆင်းခိုက်ဖြစ်လေရာ၊ အကယ်၍ ဒီရေတက်ချိန်ဖြစ်ပါမူကား လှိုင်းလုံးသည် ကိုဖော်ဟိတ်ကိုကျောက်ဆောင်နှင့် ရိုက်ချေလိုက်မည်ဖြစ်လေသည်။ ယခုမူ ကိုဖော်ဟိတ်သည် လှိုင်းချထားခဲ့သောနေရာရှိ ချက်ခြင်းထ၍ နောက်ထပ်လှိုင်းကြီးတစ်လုံးမရောက်လာမီ ကျောက်ဆောင်ဆီသို့ ပြေးသွားလေရာ၊ နောက်လာသောလှိုင်းလုံးသည် ယခင်လှိုင်းလုံးထက် ကြီးမားသည်ဖြစ်သောကြောင့်၊





အတန်ဝေးသော နေရာသို့ရောက်နေသော ကိုဖော်ဟိတ်၏ခြေထောက်များကို ပစ်ပုတ်ခတ်သွားလေသေး၏။ သို့ရာတွင် တဖန်ဆွဲချနိုင်လောက်အောင် အားမရှိတော့သဖြင့် လှည့်ပြန်သွားရာတွင်၊ ကိုဖော်ဟိတ်သည် လှိုင်းလုံးများလွတ်ရာ ကျောက်ဆောင်ပေါ်သို့ တက်ပြေး၏။

ကိုဖော်ဟိတ်မှာ ရုတ်တရက်ချက်ခြင်း သေအံ့ရသောရေဘေးမှ လွတ်မြောက်ခဲ့သည်မှန်၏။ သို့ရာတွင် မိမိ တက်မိသောနေရာမှာ ကမ်းခြေမှန်းမသိ မည်သည့်အရပ်ဒေသသို့ ရောက်နေမှန်းလည်း မသိရကား လွတ်ပေကျွတ်ပေပြီဟု ဆိုနိုင်ရန် ဝေးလှသေး၏။

ကိုဖော်ဟိတ်သည် ကျောက်ဆောင်တွင် ခြေကုတ်ရှာ၍တတ်နိုင်သမျှမြင့်အောင် တက်ခဲ့ပြီးနောက်၊ အမြင့်ဆုံးသော ဒီလှိုင်းလွတ်လောက်သည့် နေရာသို့ ရောက်သောအခါတွင်၊ နားနေရန် ပြင်ဆင်လေ၏။ တစ်ခုသော ကျောက်စွန်းထက်၌ လူတစ်ယောက် အိပ်သာအောင် ပြန့်ဖြူးစွာရှိနေသော နေရာကလေးရှိပေရာ၊ ကိုဖော်ဟိတ်သည် ထိုနေရာ၌ ပက်လက်လှန်၍ လှဲလိုက်ရာတွင် ဆေးလိပ်သောက်ချင်သော ဆန္ဒသည်ပြင်းထန်စွာ ဖြစ်ပေါ်လာတော့၏။ စီးကရက်တစ်လိပ် သို့မဟုတ် ဆေးတံတစ်စုံမျှ သောက်လိုက်ရလျှင် နက်ဖြန်သေချင်သေရပစေ အရေးမကြီးဟူ၍ပင် အောက်မေ့ မိလေတော့သည်။

မောမောပန်းပန်းနှင့် သစ်တုံးကဲ့သို့ အိပ်ပျော်ခဲ့၍ အိပ်ရာမှနိုးလာသောအခါ၊ ကိုဖော်ဟိတ်သည် နေ၏အခြေအနေနှင့် လက်ပတ်နာရီကိုကြည့်ခြင်းအားဖြင့်၊ အချိန်မှာ ၁၁ နာရီရှိ၍၊ မိမိမှာကျောက်စွန်း၏ အနောက်ပိုင်းများတွင်ရှိနေကြောင်း တွေ့ရလေ၏။ နေသည် ကျောက်ဆောင်ထိပ်မှ ကျော်၍ ကိုဖော်ဟိတ်အပေါ်သို့ ရောင်ခြည်လွှတ်လျက်ရှိနေလေပြီ။

ကိုဖော်ဟိတ်သည် ကျောက်ဆောင်ထိပ်သို့ တက်၍ အထွတ်သို့ရောက်သဖြင့် မျှော်ကြည့်လိုက်သောအခါတွင်၊ ထူထပ်သောတောကြီးသည် ကျောက်ဆောင်ခြေရင်းမှ မျက်စိတစ်ဆုံး ပြန့်ကျယ်လျက်ရှိသော အဖြစ်ကို တွေ့မြင်ရလေ၏။ ထိုအခါ၌ကား ကိုဖော်ဟိတ်မှာရေလည်းငတ်၊ အစာ လည်း ဆာလောင်လှလေပြီ၊ အစာထက် ရေအရေးကြီးသည့်အဖြစ်ကို နားလည်သည့်အလျောက်၊ ကိုဖော်ဟိတ်သည် ရေရှာရန်အတွက် ကျောက်ဆောင်ထက်မှဆင်းလာ၍ အနီးအပါးတစ်ဝိုက်၌စုံစမ်းရှာဖွေလေရာ၊ ကံအားလျော်စွာ စမ်းချောင်းကလေးတစ်ချောင်းကိုတွေ့၍ ဝလောက်အောင် သောက်လေ၏။

ရေဝသည်နှင့်တစ်ပြိုင်နက်၊ ကိုဖော်ဟိတ်မှာ ဦးခေါင်းကြည်လင်လာ



www.burmeseclassic.com

www.burmeseclassic.com



၌ ဒေသအခြေအနေကို စုံစမ်းကြည့်ရှုလေရာ၊ ချောင်းရေကမ်းပါးတွင် ရေသောက်ဆင်းလာသော တောတိရစ္ဆာန်တို့၏ ခြေရာများကိုတွေ့ရလေ၏။ ထိုနေရာနှင့် မနီးမဝေးတွင်လည်း သွေးစက်များတွေ့ရပြန်ရာ၊ ကိုဇော်ဟိတ်သည် ဝတ်ဝန်းကျင်မြေကြီးကို လိုက်လံကြည့်ရှုသည်တွင် စစ်ဘိနပ်ခြေရာများနှင့် ယမ်းတောင့်လွတ်တစ်ခုကို တွေ့ရပြန်လေ၏။ ဤတွင် မနီးမဝေး၌ သေနတ်သမားရှိ၍ ယမန်ညဦးက ကြားရသော သေနတ်သံများမှာလည်း ဤလူ၏ လက်ချက်ပင် ဖြစ်ရမည်ဟူ၍ လည်းကောင်း၊ ထိုသူသည် တိရစ္ဆာန်များ ရေသောက်ဆင်းခြင်းကိုစောင့်၍ သေနတ်နှင့်ပစ်ခြင်း ဖြစ်ရမည်ဟူ၍ လည်းကောင်း၊ ကိုဇော်ဟိတ် တွေးတောမိလေ၏။

ကိုဇော်ဟိတ်မှာ ခြေရာကောက်ခြင်းအတတ်နှင့် ပတ်သက်၍ စာတွေ့အားဖြင့်လည်းကောင်း၊ လက်တွေ့အားဖြင့်လည်းကောင်း၊ အတော်အတန်ဆည်းပူးလာခဲ့သော လူတစ်ယောက်ဖြစ်ပေရာ၊ ထိုခြေရာကိုတွေ့ရပြီးသည်နောက်၌ ထိုခြေရာအတိုင်းလိုက်ရန်မှာ ကိုဇော်ဟိတ်အဖို့များစွာ မခဲယဉ်းလှချေ။ သို့ဖြစ်၍ ကိုဇော်ဟိတ်သည် စမ်းချောင်းမှ ရေကိုတစ်ဖန် ဝအောင်သောက်ပြီးနောက်၊ စစ်ဘိနပ်ခြေရာအတိုင်း နောက်ယောင်ခံ၍ လိုက်လေ၏။ မြေကြီးမှာ တလင်းပြင်မဟုတ်၊ တောကြီးအတွင်းဖြစ်သည့်အလျောက် မြက်ပင်ချုံပင်များဖြင့် ပြည့်နှက်လျက်ရှိပေရာ၊ ကိုဇော်ဟိတ်သည် ပျောက်ချီတစ်ခါ ပေါ်လာချီတစ်လှည့် ဖြစ်နေသော ဘိနပ်ခြေရာ အတိုင်းလိုက်လေ၏။ တစ်ခါတစ်ရံ စီးကရက်တိုတစ်ခုကို တွေ့သည်နှင့် ဘောင်းဘီအိတ်ထဲ၌ ကပ်ကပ်သပ်သပ်ပါလာသော ဓာတ်မီးခြစ်ဖြင့် တစ်ရှုနှစ်ရှုမျှဖြစ်စေ သောက်ရှုမိ၏။ တစ်နေရာ၌ ငှက်ပျောရိုင်းများကို တွေ့ရလေရာ ကိုဇော်ဟိတ်သည် အစေးများလှ၍ ခပ်ခပ်စိမ်းစိမ်းရှိနေသော တောငှက်ပျောသီးများကို ခူးချွေစားသောက်ရ၏။ ထိုသို့ဖြင့် တစ်နေ့လုံး လျှောက်လာ၍ နေဝင်သွားသဖြင့် ရပ်နားတော့မည်ပြုဆဲတွင်၊ ၂ မိုင်ခန့် ကွာလှမ်းသောအရပ်၌ မီးရောင်ပေါ် ထွက်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ကိုဇော်ဟိတ်သည် မည်သည့်နည်းနှင့်မဆို မီးရောင်ရှိသောနေရာသို့ရောက်အောင်သွားတော့မည့်အကြံနှင့် လျှောက်လာခဲ့ရာ တဖြည်းဖြည်းတောရှင်းသွား၍ အချို့နေရာများ၌ ဟင်းသီးဟင်းရွက်အခင်းကလေးများ စိုက်ပျိုးထားသည်ကို တွေ့ရလေ၏။ လူနေအိမ်ခြေကား နီးလာပေပြီ။ သို့သော် မိတ်ဆွေဖြစ်မည်။ ရန်သူဖြစ်မည်ကား မပြောနိုင်သေးချေ။ အဘယ်ကြောင့်





ဆိုသော် မြန်မာပြည်နယ်နိမိတ်အတွင်း မဟုတ်ခဲ့လျှင် ဖြစ်ချင်သလိုဖြစ်နိုင်သောကြောင့်ပေတည်း။

အနီးသို့ချဉ်းကပ်မိသောအခါ ကိုဇော်ဟိတ်သည် သံဆူးကြိုးများကာရံထားသော ဝင်းကြီးအတွင်း ဘိုအိမ်ကြီးတစ်ဆောင်ကို တွေ့ရပေရာ၊ ပြတင်းပေါက်များမှလည်း အောက်လင်းဓာတ်မီးအိမ်များ၏ စူးရှကြည်လင်သောအလင်းရောင်သည် ပေါ်ထွက်လျက်ရှိ၏။ အိမ်ကြီးမှာ တိတ်ဆိတ်စွာရှိနေလေရာ၊ ကိုဇော်ဟိတ်သည် သံတံခါးသို့ချဉ်းကပ်၍ တုတ်တစ်ချောင်းဖြင့် ခေါက်လိုက်သည်တွင် သံတံခါးမှာ မိမိထင်သည်ထက် ကျယ်လောင်စွာ မြည်ဟိန်းသွားသည်ကို တွေ့ရသဖြင့် အံ့ဩစွာ စောင့်ကြည့်နေလေ၏။

တစ်ခဏမျှကြာလတ်သော် ကာကီဘောင်းဘီနှင့် ရှပ်လက်တိုကိုဝတ်ထား၍ အလွန်တရာကြီးမားထွားကြိုင်းလှသော ကုလားကြီးတစ်ယောက်သည် လက်တစ်ဘက်တွင် လက်နှိပ်ဓာတ်မီးကိုကိုင်လျက်၊ အခြားတစ်ဘက်၌ သေနတ်တစ်လက်ကိုင်ကာ လျှောက်လာလေ၏။ ထိုသူသည် ဝင်းတံခါးအနီးသို့ရောက်၍ ကိုဇော်ဟိတ်ကို မြင်သည်နှင့် တစ်ပြိုင်နက် ဓာတ်မီးကိုမျက်နှာ၌ထိုးထား၍ သေနတ်ဖြင့် ကိုဇော်ဟိတ်၏ရင်ဘတ်ကို ချိန်ထားလေ၏။ ကိုဇော်ဟိတ်မှာ ဘေးအန္တရာယ်နှင့် ရင်ဆိုင်သည့်အခါ တုန်လှုပ် ချောက်ချားခြင်းကင်းတတ်သော ဝါသနာအတိုင်း မျက်နှာထား ခပ်ပြုံးပြုံး ဖြင့် သွားကိုဖြီးလျက်

"မလန့်ပါနဲ့ ကိုယ့်လူရ၊ ကျုပ်ပါ ဇော်ဟိတ်လေ၊ မြန်မာ မုဆိုးကျော် ဇော်ဟိတ်ဆိုတာ ကျုပ်ပါဘဲ"

ဟု ဟိန္ဒူစတန်ဘာသာဖြင့် စမ်း၍ပြောလိုက်၏။ သို့ရာတွင် ထွားကြိုင်းလှသော ကုလားကြီးသည် မျက်နှာထားပြောင်းလဲခြင်း မရှိဘဲ၊ ကိုဇော်ဟိတ်၏ရင်ဘတ်ကို သေနတ်နှင့် ချိန်မြဲတိုင်း ချိန်ထားလေ၏။ သူ၏ သေနတ်မှာ ရှေးခေတ်ကသုံးကြသည့် ပစ္စတိုလ်သေနတ်မျိုးဖြစ်၍ ရှည်လျားသော သေနတ်မျိုး ဖြစ်လေသည်။

ကိုဇော်ဟိတ်သည် မောင်းခလုတ်ပေါ်၌တင်ထားသော လက်ချောင်းကိုစူးစိုက်ကာ ကြည့်လျက်၊ မျက်နှာချိုသွေးကာဖြင့် . . .

"ဇော်ဟိတ်လေ၊ မုဆိုးဇော်ဟိတ်ဆိုတာ ကြားဖူးတယ် မဟုတ်လား သဘော်ပေါ်က လိမ့်ကျကျန်ရစ်လို့ အားကြီး ထမင်းဆာတယ်၊ အစာရေ နည်းနည်းပါးပါးရချင်လို့ပါ ကိုယ့်လူရ"

ဟု ထပ်၍ပြောသော်လည်း ကုလားကြီးမှကား ပြန်မလှုပ်ရှားပြီ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ရပ်နေလေ၏။

ထိုခဏ၌ ကုလားကြီးနောက်မှ ခြေသံများကြားရသဖြင့် ကိုဇော်ဟိတ်ကလှမ်းကြည့်လိုက်ရာတွင်၊ ဥရောပတစ်ယောက်၏စတိုင်အတိုင်း သပ်ရပ်စွာဝတ်ဆင်၍ အသားပင် မဖြူသော်လည်း ရုပ်ရည်သန့်ပြန့်သော လူမျိုးကွဲတစ်ယောက်သည် ဝင်းတံခါးသို့ လျှောက်လာ၍ အင်္ဂလိပ်ဘာသာဖြင့် . .

"မစ္စတာဇော်ဟိတ်တဲ့လား၊ ဝမ်းသာတယ်ဗျာ။ ခင်ဗျားအကြောင်းကို သစ်တောဝန်မစ္စတာဆမစ်က ပြောပြသွားဘူးတယ်၊ ဗမာလူမျိုးထဲမှာ လက်အဖြောင့်ဆုံး လူတစ်ယောက်ဆို မဟုတ်လား၊ ကျွန်ုပ်ကိုယ်တိုင်က သေနတ်သမားတစ်ယောက် ဖြစ်လေတော့။ လက်ဖြောင့်တဲ့လူဆိုလျှင် သိပ် သဘောကျတယ်။ ကြည်လဲကြည်ညိုတယ်ခင်ဗျာ။ ဝင်ပါ ဝင်ပါ"

ဟု ပြောလျက် ကုလားကြီးကို လက်ပြလိုက်သဖြင့် ကုလားကြီးလည်း တံခါးဖွင့်ပေးလေ၏။

ကိုဇော်ဟိတ်သည် ဝင်းထဲသို့ ဝင်သွားသောအခါ၊ အိမ်ရှင်သည် ကိုဇော်ဟိတ်ကို ဧည့်ခန်းသို့ခေါ်သွား၍ ကောင်းမွန်စွာ ဧည့်ခံပြုစုလေ၏။ ကိုဇော်ဟိတ်က မော်တော်ဘုတ်ပေါ်မှလိမ့်ကျသည့် အဖြစ်အပျက်ကိုပြောပြရာတွင်၊ အိမ်ရှင်သည် ဝမ်းနည်းစကားပြော၍ အဝတ်လဲလှယ်ရန်အတွက် မိမိ၏ အဝတ်များကိုထုတ်ပေးသဖြင့် ကိုဇော်ဟိတ်လည်း အိမ်ရှင်၏ရုပ်အင်္ကျီနှင့် ဘောင်းဘီတိုများကို ဝတ်ဆင်ရ၏။

ထို့နောက် ဆက်လက် စကားပြောကြသဖြင့် ကိုဇော်ဟိတ်သိရှိရသည်မှာကား၊ အိမ်ရှင်သည် ပသျှူးလူမျိုးသူဌေးသား တစ်ယောက်ဖြစ်၍ အင်္ဂလန်ပြည်၊ ပြင်သစ်ပြည် စသည်တို့ကို ပညာသင်ရောက်ခဲ့ဖူးသည့်ပြင် ဥရောပတိုင်းပြည်များသို့ အနှံ့အပြား လှည့်လည်ကြည့်ရှုခဲ့ဖူးကြောင်း။ သေနတ်ပစ် ဝါသနာပါသူ တစ်ယောက်ဖြစ်၍၊ အာဖရိကတိုက်သို့ ခြင်္သေ့ပစ်ရန်သွားခဲ့ဖူး သည့်ပြင်၊ မြန်မာပြည်သို့လည်း ဘုရင်ခံ ဟာကုတ်ဘတ္တလာလက်ထက်က ကြံ့ပစ်ရန်အတွက် ရောက်ခဲ့ဖူးကြောင်း။ အလွန်ကြွယ်ဝသော သူဌေးတစ်ယောက်၏သားဖြစ်၍၊ မိဘ၏အမွေအနှစ်ကို ဆက်ခံရရှိရာတွင် စီးပွားဥစ္စာ ရှာဖို့မလိုတော့ဘဲ မိမိဝါသနာပါသော သေနတ်ပစ်အလုပ်၌သာ ပျော်မွေ့တော့မည်ဆို၍၊ ပင်လယ်ထဲ၌ ဤကျွန်းတွင် တောတိရစ္ဆာန်အမျိုးမျိုး မွေးထားပြီးလျှင် အချိန်ရှိသမျှ အမဲလိုက်ခြင်းအလုပ်ဖြင့် ကုန်လွန်စေခဲ့ကြောင်း။

မြန်မာပြည်သို့ရောက်စဉ်က ဂိမ်းဝါဒင်ခေါ် တောတိရစ္ဆာန်ရိုင်းများကို





စောင့်ထိန်းရသော သစ်တောဝန် မစ္စတာဆမစ်နှင့် တွေ့၍၊ ကိုဇော်ဟိတ်အကြောင်းကို မစ္စတာဆမစ်ထံမှ ကြားခဲ့ရဖူးကြောင်း၊ အသက် ၄၀ အရွယ်ရှိပြီဖြစ်သော်လည်း အိမ်ထောင်လည်းမပြု၊ မည်သည့်အလုပ်အကိုင်၌မျှလည်း စိတ်ဝင်စားခြင်းမရှိဘဲ၊ ဤကျွန်းပေါ်တွင် တပည့်အနည်းငယ်မျှနှင့် အမဲလိုက်ခွေးကြီးများ မွေးမြူလျက်၊ လွတ်လပ်ပျော်ရွှင်စွာ နေထိုင်လာခဲ့ကြောင်း အစရှိသောအခြင်းအရာများကို သိရှိရလေ၏။

စစ်တပ်နှင့်အတူလည်းမနေ။ စစ်မှုလည်း မထမ်းစေကာမူ၊ ငယ်စဉ်က စစ်အတတ်သင်ဖူးသည်ဖြစ်၍ ပသျှူးအစိုးရသည် ထိုသူ၏ပစ္စည်းအစိုးရနှင့် မျိုးရိုးဂုဏ်ကို ထောက်ထားခြင်းအားဖြင့် ကာနယ်ဘွဲ့ပေးထားသည်ဖြစ်သောကြောင့် သူ့အား ကာနယ် စုလတန်ဟူ၍ ခေါ်ဝေါ်ကြလေသည်။

ကာနယ် စုလတန်သည် ကိုဇော်ဟိတ်ကိုညစာကျွေးမွေး၍၊ အလွန်ခမ်းနားသိုက်မြိုက်စွာ ခင်းကျင်းပြင်ဆင်ထားသော ဧည့်ခန်းကြီးအတွင်း၌ အတူထိုင်လျက် စကားပြောဆိုနေကြစဉ်၊ ကိုဇော်ဟိတ်မှာ ထိုသူ၏ ဘိလပ်သား ရှုံးလောက်အောင် ဘိုဆန်သောအမူအရာနှင့် နေပုံ ထိုင်ပုံ ဟန်ပန်အနေအထားများကို ငေးကြည့်နေမိသည်။ ကိုဇော်ဟိတ်သည် မြန်မာပြည်၌ အထက်တန်း ဘိလပ်သားဟု အသိအမှတ်ပြုကြရသည့် အိုင်စီအက်အရေးပိုင်အရာရှိများနှင့် ပေါင်းသင်းဆက်ဆံဖူးပေးရာ၊ စုလတန်၏ အမူအရာမှာ ထိုသူတို့ထက် အထက်တန်းကျသည်ဟု ဆုံးဖြတ်မိပေ၏။ လူချောသလောက် ဂိုက်ပြည့်၍ ဟန်ကြီးပန်ကြီး အမူအရာမျိုးလည်းမရှိချေ။ ဆက်လက်စကားပြောကြစဉ် ကိုဇော်ဟိတ်က . . .

"တံခါးမှူးလုပ်တဲ့ လူကြီးက ကြီးပါပေ့ ကာနယ်"

"ကြီးဆို အရပ် ၆ ပေနဲ့ ၆ လက်မရှိတယ်။ ကျွန်ုပ်တို့ပြည်မှာတော့ ဒီလူအမြင့်ဆုံးပါပဲ။ နားလည်းမကြား စကားလည်းမပြောတတ်ဘူးဗျ"

"ဘယ်လိုလုပ်ပြီး ခိုင်းသလည်း ကာနယ်"

"သိပ်ပါးတဲ့လူပဲ၊ ကျွန်ုပ်မျက်နှာကြည့်ရုံနဲ့ ဘာလိုချင်တယ်ဆိုတာ သိတယ်"

ယင်းသို့စကားပြောလျက်ရှိကြစဉ်၊ စုလတန်သည် ကိုဇော်ဟိတ်ကို နူးစိုက်စွာအကဲခတ်လျက်ရှိသည်ဟု ကိုဇော်ဟိတ် မှတ်ထင်မိ၏။

"ဒီကျွန်းပေါ်မှာ တပည့်အနည်းငယ်နဲ့ နေရတာ မပျင်းဘူးလား ကာနယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဗျ ပထမတော့ တောကောင်အမျိုးမျိုး လိုက်ပစ်တာနဲ့ တော်တော် အပျင်းပြေတယ်။ လူနဲ့တိရစ္ဆာန်ဆိုတော့ လူ့ဉာဏ်ကို တိရစ္ဆာန်က ဘယ်မီနိုင် မလဲဗျ၊ ကိုယ်ကချည်း နိုင်,နိုင်နေရတော့ ငြီးငွေ့လာတာပေါ့"

"ဒီတော့ ဘယ့်နှယ်လုပ်သလဲ ကာနယ်"

"ဉာဏ်ရည်တူတဲ့ဟာ ရှာရတာပေါ့"

"လူနဲ့ ဉာဏ်ရည်တူတဲ့ တိရစ္ဆာန်ကို ဘယ်မှာရနိုင်မလဲ ကာနယ်"

"အဲလေ . . . မရနိုင်တော့ ရတာရှာရတာပေါ့"

"ဘယ်လို ပြောတာလဲ ကာနယ်"

"တိုက်ရိုက်ပြောတာပါဘဲ"

"လူနဲ့ ဉာဏ်ရည်တူတဲ့ တိရစ္ဆာန်မရှိနိုင်လေတော့ လူကိုတိရစ္ဆာန်လိုပုန်းခိုင်းပြီး၊ လိုက်ရှာပစ်တယ်လား"

"ဒါပေါ့ . . . ခင်ဗျ"

ကိုဇော်ဟိတ်လည်း မျက်လုံးများပြူးသွား၏။ အတန်ကြာငေးကြည့်နေပြီးနောက်မှ ကိုဇော်ဟိတ်က . . .

"ကာနယ် ပစ်ဖို့လူ ဘယ်ကရသလဲ ကာနယ်"

"သိပ်မရှားလှဘူးဗျ၊ တစ်ခါတလေ တံငါလှေကလေးတွေလာလျှင် ကျွန်ုပ်ကအမြောက်နဲ့ လှမ်းပစ်ခွဲတယ်။ မော်တော်ဘုတ်ကြီးလျှင် မခွဲနိုင်ပေမယ့် လှေကလေးနဲ့ဆင်းပြီး ကွန်ချတဲ့အခါမှာ နှစ်ယောက်တန်သည် သုံးယောက်တန်သည် လှေမှောက်ပြီးကျွန်းဘက်ကူးလာတဲ့အခါမှာ ကျွန်ုပ်ကဖမ်းလှောင်ထားပြီး တစ်ယောက်စီ တောကစားထွက်တယ်"

ကိုဇော်ဟိတ်မှာ လူကိုတိရစ္ဆာန်လုပ်၍ တောကစားသည်ဟု အေးအေးဆေးဆေးပြောသည်ကို ကြားရသဖြင့် အော့နလုံးနာသော်လည်း ဟန်လုပ်နေရ၏။

"ကာနယ်ကို ဘယ်သူကမှ အမှုမရှာဘူးလား"

"ဒီကျွန်းဟာ ဘစ်ဘီလိုင်းတို့၊ ဟင်ဒါဆင်လိုင်းတို့၊ ပီအင်အိုလိုင်းတို့ ဖြတ်သန်းသွားလာတဲ့ လမ်းမဟုတ်လေတော့၊ ကျွန်ုပ်နေရာကို လူသူအရောက်အပေါက်နည်းတယ်။ ခုပြောတဲ့ တံငါလှေဆိုတာမျိုးကလဲ တစ်စင်းရောက်လာလျှင် တစ်ယောက်မကျန် အားလုံးပြုတ်သွားလေတော့ ဒီအကြောင်းကို တိုင်းတန်းမည့်လူတစ်ယောက်မှ မကျန်ရအောင် ကျွန်ုပ်က စီမံထားတယ်။ ဒါကြောင့် ယနေ့ထက်ထိ ဒီအကြောင်းကို ဘယ်သူမှ မသိသေးဘူး"





"ကျွန်တော့ကို ခင်ဗျားက ဒီအကြောင်းကို ဘာကြောင့်ပြောပြနေတာလဲ ကာနယ်"

"ခင်ဗျား ဉာဏ်ရှိတဲ့လူတစ်ယောက်ဘဲ၊ စဉ်းစားကြည့်တော့လေ"

"သြော် . . . ခင်ဗျားက ကျွန်တော့ကို တောတိရစ္ဆာန်လုပ်ပြီး ပစ်သတ်ဦးမယ်ပေါ့လေ"

"ဒီလိုပါ ကျွန်ုပ်က ပစ်သတ်တယ် ဆိုပေမယ့် စပေါ့စ်မင်း တစ်ယောက်ဖြစ်လို့မို့ ခင်ဗျား ဉာဏ်ရှိလျှင် လွတ်ခွင့်ပေးထားပါသေးတယ်"

"ဘယ်လိုလွတ်ခွင့်လဲဗျ"

"သေချာပေါက်သေဖို့ မဟုတ်ဘူး။ ဉာဏ်ရှိလျှင် လွတ်ဖို့လမ်းရှိသေးတယ်"

"ရှင်းရှင်းပြောစမ်းပါအုံးဗျာ"

"ဒီလိုဗျ၊ ကျွန်ုပ်စီမံထားတဲ့ ထုံးစံအရ ခင်ဗျားကို စားစရာတစ်ထုပ်နဲ့ ဓါးတစ်ချောင်းပေးလိုက်ပြီး၊ ခင်ဗျားသွားချင်ရာသွားဖို့ လွှတ်လိုက်မယ်။ ကျွန်ုပ်က သုံးနာရီ တိတိကြာတော့မှ၊ သေနတ်တစ်လက်နဲ့ လိုက်ရှာပြီး၊ တွေ့ရာအရပ်မှာ ပစ်လိမ့်မယ်။ သုံးရက်စေ့အောင် ခင်ဗျားပုန်းနေနိုင်လို့ရှိလျှင် ခင်ဗျားကို ကျွန်ုပ် မော်တော်ဘုတ်နဲ့တင်ပြီး ခင်ဗျားသွားချင်ရာ လိုက်ပို့လိုက်မယ်။ ခင်ဗျားပုန်းချင်ရာပုန်း ပြေးချင်ရာပြေး၊ လုပ်ချင်သလိုလုပ်နိုင်တယ်၊ သို့သော် ၃ ရက်အတွင်း ကျွန်ုပ်ကတွေ့အောင်မရှာနိုင်လို့ ခင်ဗျားကနိုင်သွားပြီး မော်တော်ဘုတ်နဲ့လိုက်ပို့ရလျှင် ဒီအကြောင်းကို ဘယ်သူ့မှမပြောပြပါဘူး၊ မတိုင်တန်းပါဘူးလို့ သစ္စာရေသောက်ရလိမ့်မယ်၊ ယနေ့အထိတော့ သုံးရက်လွတ်အောင် ကျွန်ုပ်ကိုရှောင်နိုင်တဲ့ လူတစ်ယောက်မျှ မတွေ့ဖူးသေးပါဘူး၊ ခင်ဗျား တတ်နိုင်လျှင်တော့ ပထမလူဖြစ်ရမှာဘဲ၊ ဘယ့်နှယ်လဲ စည်းကမ်းကို နားလည်ပြီလား"

"ကျွန်တော်က ခင်ဗျားစီမံသလို မလိုက်နာနိုင်ဘူးလို့ ငြင်းလျှင်ကော ဗျာ"

"ဒီလိုဆိုလျှင်တော့ အပ္ပဒူလာလက်ကို အပ်လိုက်ရုံရှိတာပေါ့ဗျာ၊ ကျွန်ုပ်ကို ရှောင်ရတာလွတ်ဖို့ လမ်းရှိလိမ့်ဦးမယ်၊ အပ္ပဒူလာက ဓါးနဲ့ ခင်ဗျားကို လက်ချည်းသတ်ကြရလျှင်၊ ခင်ဗျားအဖို့ သာပြီး မဆိုးပေဘူးလား"

ကိုဇော်ဟိတ်သည် ကာနယ်တည်ထားသော ငွေစီးကရက်တစ်လိပ်ကို ယူညှိ၍သောက်ဖွာရင်း စိတ်ကူးလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြေးချင်တဲ့ဘက်ကို ပြေးနိုင်တယ်ပေါ့"

"ပြေးနိုင်ပါတယ်၊ သို့သော် တစ်ခုတော့ပြောထားမယ်၊ တောင်စူးစူး အရပ်မှာ ညွှံဗွက်ကြီးတစ်ခုရှိလေရဲ့၊ မရဏညွှံဗွက်လို့ခေါ်တယ်၊ တောတိရစ္ဆာန်ရိုင်းတွေတောင် ဒီအကြောင်းကို သိနေကြလို့ညွှံဗွက်နားကို မချဉ်းကြဘူး၊ အဝေးကရှောင်ကြတယ်။ ကျွန်ုပ်ကိုလွတ်အောင် ပုန်းရှောင်တဲ့ တံငါ တစ်ယောက်ဟာလဲ ညွှံဗွက်ကြီးထဲကျပြီး မြုပ်သွားတယ်၊ အဲဒီဘက် သွားလျှင်တော့ ဒါလေးတစ်ခုတော့ သတိပြုမှဖြစ်မယ်၊ ပင်လယ်ဆိုတော့ ခုန်ချချင်လဲချပေါ့၊ အနီးဆုံးကျွန်းဟာ မိုင် ၁၀၀ လောက်ဝေးတယ်၊ မိုင် ၁၀၀ ရေကူးနိုင်တဲ့ လူလည်းမပေါ်သေးပါဘူး"

"ခင်ဗျားဘယ်နှယ့်ကြောင့် ဒီလိုလုပ်ချင်တာလည်း"

"နေရတာ ပျင်းတာကိုးဗျ။ ဘယ့်နှယ်လုပ်မလည်း၊ လောကမှာရှိတဲ့ လူတွေဟာ ကိုယ့်နည်းနဲ့ကိုယ် တတ်နိုင်သလိုဖျော်ဖြေကြတယ် မဟုတ်လား။ ကျွန်ုပ်မှာလည်း ကျွန်ုပ်နည်းနဲ့ ကျွန်ုပ်ပေါ့"

"ဘယ်တော့ အလုပ်လုပ်ကြမလဲ"

"ဒီကနေ့တော့ ရေကူးရတာနဲ့ ဘာနဲ့ ခင်ဗျား ပင်ပန်းလာရတယ်၊ ဒီတစ်ညနားပြီး နက်ဖြန်ညနေတော့ စီမံကြတာပေါ့လေ"

ထိုည၌ ကိုဇော်ဟိတ်မှာ အကောင်းဆုံး အိပ်ရာပေါ်၌ အိပ်ရသော်လည်း၊ နက်ဖြန်ကိစ္စအတွက် တရေးရေးတွေးမိသည်နှင့် ရုတ်တရက် အိပ်မပျော်နိုင်ဘဲရှိ၏။ ကိုဇော်ဟိတ်သည် တောတိရစ္ဆာန်အရိုင်းများကို ခြေရာခံ၍လိုက်ခြင်းအလုပ်၌ အတော်ပင်ဝါသနာပါသူ တစ်ယောက်ဖြစ်ပေရာ၊ မိမိကသာလိုက်ခဲ့ဖူး၍ မိမိနောက်မှလိုက်ခြင်းကို ပထမအကြိမ်ခံရတော့မည်တွင် ကိုယ်ချင်းစာသဘောဖြင့် သတ္တဝါများအား သနားမိလေတော့သည်။ တစ်ခါက ကိုဇော်ဟိတ်သည် အခန်းအပြင်ဘက်မှ ခြေသံများကြားရသည်ထင်၍ တံခါးသို့သွားပြီးလျှင် ဖွင့်ကြည့်ရာ၊ အပြင်မှပိတ်ထားသဖြင့် ဖွင့်မရဘဲရှိနေလေ၏။ ထို့နောက် ကိုဇော်ဟိတ်သည် ပြတင်းပေါက်သို့သွား၍ ဝင်းထဲသို့ လှမ်းမျှော် ကြည့်လိုက်သည်တွင် အမဲလိုက်ခွေးကြီးများသည် အမှောင်ထဲတွင် တစ်နေရာမှ တစ်နေရာသို့လွှားခနဲ ကူးသန်းသွားလာနေကြသည်ကို မြင်ရလေ၏။ အိပ်ခန်းတံခါးကို ပိတ်ထား၍ဝင်းထဲ၌လည်းခွေးကြီးများ စောင့်လျက်ရှိသောကြောင့် ထွက်ပြေးဖို့စိတ်ကူးမိပါလျှင် ထိုအကြံကိုချက်ချင်း ဖျက်သိမ်းလိုက်ရပေမည်။





နေက်ဆုံး၌ ကိုဇော်ဟိတ်သည် အိပ်ရာသို့ပြန်ဝင်၍ တတ်နိုင်သလောက်ကြိုးစား၍ အိပ်ရလေရာ၊ နံနက်လင်းသဖြင့် မျက်စိနှစ်လုံးဖွင့်လိုက်သည်တွင် ဝေးလံသောအရပ်မှ သေနတ်သံတစ်ချက်ကြားလိုက်ရလေ၏။

ထိုအချိန်၌ကား မိမိ၏အိပ်ခန်းတံခါးကိုဖွင့်ထားပြီး ဖြစ်၍ ကိုဇော်ဟိတ်သည် အခန်းမှထွက်ပြီးလျှင် စားပွဲခန်းသို့ဆင်းလာရာ၊ ဇူလတန်မှုကား အတန်ငယ်ကြာမှ အဝတ်များလဲလျက် ထွက်လာလေ၏။

ကော်ဖီသောက်ကြစဉ် ဇူလတန်ကမိမိသည် မကြာမီက ဖမ်းမိထားသော အိန္ဒိယတိုင်းသား ကုလားလူမျိုးတစ်ယောက်၏ နောက်သို့ခြေရာခံ၍ လိုက်ခဲ့ကြောင်း၊ နံနက်လင်းခါမှ ထိုကုလားတွေ့၍ သေနတ်နှင့်ပစ်သတ်ခဲ့ကြောင်းများ အေးအေးဆေးဆေး ပြောပြလေရာ၊ ကိုဇော်ဟိတ်မှာ အိပ်ရာမှ ထစဉ်က ကြားလိုက်ရသော သေနတ်သံသည် ထိုကုလားကိုပစ်သတ်သော သေနတ်သံပင်ဖြစ်သည်ဟု သိရှိရသဖြင့်၊ ဇူလတန်၏လည်ပင်းကို ညှစ်သတ်ချင်သောဆန္ဒ ပြင်းထန်စွာ ဖြစ်ပေါ်လာ၏။ သို့ရာတွင် ဇူလတန်သည် ခြောက်လုံးပြူးသေနတ်ကို လက်ကမချဘဲ ကိုဇော်ဟိတ်ကို အပြင်မှစောင့်ကြည့်နေသောကြောင့် ညှစ်သတ်ချင်သောအကြံကို လက်လျှော့လိုက်ရ၏။ ကိုဇော်ဟိတ်၌ လက်နက်ဆို၍ တစ်စုံတစ်ရာမျှမရှိချေ။

ထိုနေ့ညနေ ၅နာရီအချိန်၌ အပ္ပဒူလာသည် ကိုဇော်ဟိတ်အဖို့ ရှူက်ဖျင်ဘီနပ်တစ်ရံ စားစရာတစ်ထုပ်နှင့်ဓားမြှောင်တစ်ချောင်းကို ယူလာခဲ့ရာ ကိုဇော်ဟိတ်သည် ဖိနပ်ခွာကို လှန်ကြည့်လိုက်သောအခါ၊ မြေကြီးထဲတွင် နစ်ဝင်သွားနိုင်သည့် ရော်ဘာအဖုကလေးများပါရှိသည်ကို တွေ့ရ၏။ ယင်းတို့မှာ ခြေရာခံရာ၌လွယ်ကူစေဖို့ဖြစ်လေသည်။ ကိုဇော်ဟိတ်သည် ဇူလတန်ကိုဉာဏ်ဖြင့်တိမ်းရှောင်ရန်မှတစ်ပါး၊ အခြားနည်းလမ်း မရှိသည်အဖြစ်ကို သိမြင်၍၊ ဖိနပ်ကိုစီးပြီးလျှင် ရိက္ခာထုပ်နှင့်ဓားမြှောင်ကိုကောက်ယူ၍၊ အဗ္ဗဒူလာက ဝင်းတံခါးဖွင့်ပေးလိုက်သည့်အတိုင်း ထွက်လာခဲ့လေ၏။ ဝင်းပြင်သို့ရောက်၍ အိမ်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ၊ ဝရန်တာ၌ အေးအေးဆေးဆေး စာဖတ်လျက်ရှိသော ဇူလတန်ကလည်း ကိုဇော်ဟိတ်ကိုမြင်သည်နှင့် လက်ရမ်းပြလျက် . . .

"သွားနှင့်ပါ၊ ခင်ဗျားကို သုံးနာရီတိတိ ဦးစားပေးပြီးမှ ကျွန်ုပ် လိုက်ခဲ့ပါမယ်။ လွတ်ပါစေဗျား။ လွတ်ပါစေ"

ဟူ၍ပင် ဆုတောင်းလိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ဟိတ်သည် ဓားမြောင်ကို ခါး၌ထိုး ရိုက္ခာထုပ်ကလေးကို ပိုက်လျက်၊ နက်မှောင်ဆိုသော တောကြီးထဲမှ ဖြတ်သန်းကာ ခရီးပြင်းနှင်လာခဲ့၏။ ပထမ၌ ကိုဇော်ဟိတ်၏ စိတ်ကူးမှာ ရူလတန်မမီနိုင်အောင် တတ်နိုင်သမျှ ဆေးဝေးရောက်ဖို့သာဖြစ်၏။ ၂-နာရီခန့် ခရီးပြင်းလျှောက်မိလပ်သော် ထွက်ခါစ အခါကလောက် မထိတ်လန့်တော့ဘဲ၊ အခြေအနေကို ဆင်ခြင်နိုင်လောက် အောင် ဦးခေါင်းရှင်းလာခဲ့ပြီ။ မည်မျှလောက် လျှင်မြန်စွာလျှောက်စေကာမူ နောက်ဆုံးတွင်ပင်လယ်သို့ ရောက်ရမည်ဖြစ်၍ ဤနည်းဖြင့်လွတ်ဖို့ မရှိ ကြောင်းစဉ်းစားမိ၏။ သို့ဖြစ်၍ ခြေရာကောက်ဖို့ ခက်အောင်ပြုလုပ်အံ့ဟု အကြံရသည်နှင့် ကိုဇော်ဟိတ်သည် တစ်ဖြောင့်တည်းလျှောက်ခဲ့ရာမှ ကွေ့ ကွေ့ကောက်ကောက် လျှောက်ပြီးလျှင် စက်ဝိုင်းပမာဏ လျှောက်လိုလျှောက် နောက်ပြန်လျှောက်လိုလျှောက် ခြေရာချင်းထပ်အောင် လျှောက်လိုလျှောက် တတ်နိုင်သမျှ ရှုပ်ထွေးအောင်လျှောက်ခဲ့၏။ ယင်းသို့လျှောက်စဉ် သူငယ်ဘဝ ၌မြေကြီးပေါ်တွင် ပုရွက်ဆိတ်ကြောင်းရေးကစားဖူးခြင်းကိုလည်း သတိရ၍ပြုံး မိသေး၏။ (သူငယ်တစ်ယောက်က မြေကြီးပေါ်တွင် တတ်နိုင်သမျှ ရှုပ်ထွေး အောင်'ပုရွက်ဆိတ်ကြောင်း' ရေးခြစ်ထားပြီးနောက်၊ အခြား တစ်ယောက်က မှန်အောင်လိုက်၍ထပ်ရသော ကစားနည်းကို မှတ်မိကြပေလိမ့်မည်။)

ညဦးအချိန်တိုင်ရောက်လပ်သော် ကိုဇော်ဟိတ်မှာ ခြေထောက်များ ညောင်းညာလျက် တစ်ကိုယ်လုံးတွင်လည်း သစ်ကိုင်းသစ်ခက်များ ဆူးများ ခြစ်မိထားခြင်းကြောင့် အစင်းလိုက်အကြောင်းလိုက် ထင်နေကြလေပြီ။ ဤမျှလောက်ဆိုလျှင် လုံလောက်ပြီသဘောရ၍ ကိုဇော်ဟိတ်သည် ပုန်းအောင်း ရန်သင့်တော်သောနေရာ တစ်ခုကိုရွေးချယ်ရာတွင် အကိုင်းအခက်များ ရှုပ်ထွေး ဝေဆာလျက် အလွန်တရာလည်း မြင့်သောသစ်ပင်ကြီးတစ်ပင်ကို မြင်မိလေ ၏။ အကိုင်းအခက်များကို တစ်ခုနှင့်တစ်ခုယှက်နေကြသဖြင့် သစ်ပင်အောက် မှမော့ကြည့်ခဲ့လျှင် အမြင့်ဆုံးသစ်ကိုင်းကိုပင် မြင်နိုင်ဖို့ ခဲယဉ်း၏။ သို့ဖြစ်၍ ကိုဇော်ဟိတ်သည် သစ်ပင်ပေါ်သို့ချဉ်းကပ်သော ခြေရာများကို လက်ဖြင့် တစ်လှမ်းစီဖျက်ခဲ့ပြီးမှ သစ်ပင်ပေါ်သို့တက်၍၊ တုတ်နိုင် ကျယ်ပြန့်ဆုံးသော အကိုင်းကြီးတစ်ကိုင်းပေါ်၌ ဝမ်းလျားမှောက်ကာ ပုန်းအောင်းနေလေ၏။

တောနက်ကြီးထဲ၌ ညဦးအချိန်တွင် တမင်ရှုပ်အောင် ပြုလုပ်ထားခဲ့ သော မိမိ၏ခြေရာများကို အမဲလိုက်ခွေးမျိုးမှတပါး၊ မည်သည့်လူသတ္တဝါမျှ မှန်ကန်အောင် ကောက်ယူလိုက်လာနိုင်မည်မဟုတ်ဟု စိတ်ချမိသည်နှင့်





ကိုဇော်ဟိတ်မှာ သစ်ကိုင်းကြီးပေါ်တွင် တစ်ချက်တစ်ချက် အိပ်ပျော်သွား မိသေး၏။

အရှေ့မျက်နှာမှ နီမြန်းသောအရောင်ပေါ်လာပြီးနောက်၊ လင်းရောင် ကလေးတရေးရေး ပြန့်နှံ့လာချိန်တွင်၊ ကိုဇော်ဟိတ်သည် ခပ်လှမ်းလှမ်း၌ရှိ သော သစ်ပင်ကြီးတစ်ပင်မှ ငှက်ဖိုနှင့်ငှက်မတို့လန့်၍ ထပျံကြသော အသံ ကြောင့် ဆတ်ခနဲနိုးလာလေ၏။ ကိုဇော်ဟိတ်သည် သစ်ကိုင်းတွင် ပုတ်သင် ညိုကဲ့သို့ပြားပြားကပ်လျက် အလွန်ထူထပ် ရှုပ်ထွေးစွာရှိနေသော အောက် သစ်ကိုင်းများအကြားမှ ငှက်ထ၍ပျံသော သစ်ပင်ကြီးအောက်ဆီသို့ချောင်း ကြည့်လိုက်သည်တွင်၊ မိမိဘက်တည့်တည့်ကြီး မျက်နှာမူကာ လျှောက် လာသော လူတစ်ယောက်ကို မြင်ရလေ၏။

ထိုသူမှာ ကာနယ်ရူလတန်ပင် ဖြစ်လေသည်။ ရူလတန်သည် တောင်မြောက်လေးပါးတို့ကို မကြည့်ဘဲ မြေကြီးပေါ်သို့ စူးစိုက်ကာကြည့် လျက် လျှောက်လေရာ၊ ကိုဇော်ဟိတ်ရှိသော သစ်ပင်ကြီးခြေရင်းသို့ရောက်သော အခါ၌ မြေပေါ်တွင် ဒူးထောက်ကာမြေကြီးကို စိုက်ကြည့်နေလေ၏။ ကို ဇော်ဟိတ်သည် သစ်ကိုင်းပေါ်မှ ရူလတန်ကိုကြည့်နေစဉ်၊ ကျား-ကျားသစ် တို့ကဲ့သို့ သူ့အပေါ်သို့ တည့်တည့်ကြီးခုန်ချ၍ ဓါးမြောင်ဖြင့်ထိုးသတ်ရန် အတန်တန်စိတ်ကူးမိ၏။ သို့ရာတွင် ရူလတန်၏လက်၌ကိုင်ထားသော သေနတ်ကို မြင်ရသောကြောင့်သာလျှင် ထိုအကြံကို လက်လျှော့လိုက်ရလေ တော့သည်။

ရူလတန်သည် မြေကြီးပေါ်၌ ဒူးထောက်ရင်းအကြံအိုက်သော အမူ အရာဖြင့် နဖူးကိုလက်နှင့် ပွတ်သေး၏။ ထိုနောက်မှ ဒူးထောက်ရာမှ ထ၍ စီးကရက်ဘူးကို ထုတ်ပြီးလျှင် စီးကရက်တစ်လိပ်ကို ညှိသောက်လိုက်လေရာ၊ အခိုးအငွေ့များသည် ကိုဇော်ဟိတ်၏နှာခေါင်းသို့ စူးဝင်သွားလေ၏။

ရူလတန်သည် စီးကရက်ဖွာရင်း စဉ်းစားစိတ်ကူးလျက် သူ၏မျက် လုံးများသည် သစ်ပင်မြစ်ရင်းမှ ပင်စည်တလျှောက် တဖြေးဖြေး တရွေ့ရွေ့ တက်သွားလေရာ၊ ကိုဇော်ဟိတ်ကမူ မိမိကိုမြင်လု နီးသည်နှင့်တစ်ပြိုင်နက်၊ ယခင်စိတ်ကူးအတိုင်း ခုန်ချ၍ထိုးသတ်ရန် ပြင်ဆင်ထား၏။ သို့ရာတွင် ရူလတန်၏မျက်လုံးများသည် ကိုဇော်ဟိတ်ရှိနေသော သစ်ကိုင်းသို့မရောက် မီရပ်တန့်၍ပြုံးလိုက်သော မျက်နှာထားဖြစ်ပေါ်လာသည်ကို ကိုဇော်ဟိတ် မြင်လိုက်ရ၏။ ကိုဇော်ဟိတ်က မည်သည့်အဓိပ္ပါယ်လေနည်းဟု တွေးတော



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိစဉ်၊ ဈူလတန်သည် ချာကနဲလှည့်၍ လာခဲ့သည့်လမ်းအတိုင်း ပြန်လျှောက်သွားလေ၏။

ထိုအခါမှာ ကိုဇော်ဟိတ်၏ ဝမ်းဗိုက်ထဲ၌ အောင့်ထားသောလေများသည် ရှူးကနဲထိုးထွက်သွားလေတော့သည်။ သိသာထင်ရှားသောအချက်တစ်ခုမှာကား ဈူလတန်သည် 'တတ်နိုင်သမျှ ရုပ်ထွေးအောင် လုပ်ထားခဲ့သော ကိုဇော်ဟိတ်၏ခြေရာကို မှောင်မိုက်ကြီးထဲတွင် မှန်ကန်အောင်ကောက်၍ လိုက်နိုင်ပေ၏။ သစ်ပင်ခြေရင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ကာမှ ကံအားလျော်စွာ ကိုဇော်ဟိတ်ကိုမမြင်ဘဲ ရှိရလေတော့သည်။ ဤအခြင်းအရာသည် ပင်လျှင် သေချာသေးသည်မဟုတ်၊ ဈူလတန်သည် သစ်ကိုင်းပေါ်၌ ကိုဇော်ဟိတ်ရှိမည်ကိုသိလျက်နှင့် သုံးရက်စေ့အောင်အချိန်ဆွဲထားခြင်းလည်း ဖြစ်နိုင်၏။ မြုံးလိုက်သော မျက်နှာထားကိုမြင်ရသဖြင့်လည်း ကိုဇော်ဟိတ်က မိမိရှိနေကြောင်းကို ဈူလတန်ရိပ်မိသည်ထင်မိလေတော့သည်။

ဘေးအန္တရာယ်အမျိုးမျိုးတွေ့ကြုံခဲ့၍ တုန်လှုပ်ခဲလှသော ကိုဇော်ဟိတ်မှာ ထိုအကြိမ်၌ တုန်လှုပ်မိသည် အမှန်ဖြစ်၏။ ဈူလတန်သည် မိမိကို အစအဆုံးခြေရာခံမိပါလျက် ကြွက်ကိုကြောင်က ကစားသကဲ့သို့အချိန်ဆွဲ၍ ခိမ် ယူနေခြင်းဖြစ်သည်ဟု တွေးမိလေတော့သည်။

ကိုဇော်ဟိတ်သည် သစ်ပင်ပေါ်မှဆင်းလာ၍ တောနက်ထဲသို့ ဝင်ပြန်လေ၏။ ဦးခေါင်းထဲ၌ အကြံထုတ်လိုက်ပုံမှာကား၊ ပြောဖွယ်ရာ မရှိချေ။ တစ်နေရာ၌ ကိုဇော်ဟိတ်သည် သစ်ပင်ငယ်တစ်ပင်ဘေးသို့ သစ်မင်ချောက်ကြီးတစ်ပင်ကမှိုလျက် လဲနေသည်ကိုတွေ့ရလေရာ၊ ကိုဇော်ဟိတ်သည် ရိက္ခာထုပ်ကလေးကိုချထား၍ ဓါးမြှောင်ဖြင့် အလုပ်လုပ်လေ၏။ ပြီးစီးလတ်သော် ပေ ၁၀၀ ခန့်ရှိသော သစ်ပင်တစ်ပင်နောက်သို့ သွား၍ စောင့်ကြည့်နေလေ၏။

မကြာမီ ဈူလတန်ရောက်လာ၍ မြေကြီးကို စူးစိုက်ကြည့်ရင်း လျှောက်လာလေရာ၊ ဈူလတန်သည် ကိုဇော်ဟိတ်ထောင်ထားသော စက်ခလုတ်ကို ခြေထောက်ဖြင့်နင်းတော့မည်ပြုပြီးမှ ထိရုံမျှထိ၍ နောက်သို့ခုန်လိုက်၏။ ထိုကဲ့သို့ ထိလိုက်ခါမျှနှင့်ပင်မောင်းပြုတ်သွား၍ မှီလျက်လဲနေသော သစ်ပင်ချောက်ကြီးသည် လမ်းပေါ်သို့လဲကျလေရာ၊ ဈူလတန်ကနောက်သို့ခုန်လိုက် သောကြောင့်သာလျှင် လုလုကြီးပိမသေဘဲ လွတ်သွားလေတော့သည်။ သို့ နှင့်ပင် ဈူလတန်၏ ပခုံးစွန်းကို သစ်ချောက်ကြီးခြစ်မိသွား၍ ဈူလတန်သည် နာကျင်ဟန်ဖြင့် ပခုံးကိုလက်နှင့်ပွတ်နေလေသည်။





ကိုဇော်ဟိတ်လည်း သစ်ပင်နောက်မှ စောင့်ကြည့်လျက်ရှိရာ၊ ဈူလတန်သည် မိမိအား ထောင်ထားသော ထောင်ချောက်ကို ရိပ်မိ၍ရယ်မောလျက်

"မစ္စတာဇော်ဟိတ်၊ ဒီအနားမှာ ခင်ဗျားရှိလျှင် ကျွန်ုပ်ပြောတာကို ကြားမှာပဲ တော်ပါပေတယ်ဗျာ၊ ကျွန်ုပ်ချီးကျူးပါတယ် ဉာဏ်သွားပါပေတယ်။ ကျွန်ုပ်က မျက်စိရှင်လို့သာပ၊ နို့မဟုတ်လျှင် ခင်ဗျားအကြံဦးပေမှာပေ့ါ။ ခင်ဗျားက ပသျှူး ထောင်ချောက်မျိုးတောင် လုပ်တတ်တဲ့ လူတစ်ယောက်ပဲ တော်ပါပေတယ်၊ ကိုင်း . .ကိုင်း ကျွန်ုပ်ပခုံးမှာ စွန်းသွားတဲ့ ဒဏ်ရာကလေးကို ဆေးသွားထည့်ချေဦးမယ်၊ သို့သော် မကြာခင်ပြန်လာခဲ့မယ်နော်၊ စိတ်သာချ"

ဈူလတန်ပြန်သွားသောအခါ ကိုဇော်ဟိတ်လည်း ဆက်လက်၍ ထွက်ပြေးတိမ်းရှောက်ပြန်လေ၏။ ထိုအခါ၌ကား ကိုဇော်ဟိတ်မှာ လမ်းမှန်မှန်မလှမ်းဝံ့တော့ဘဲ ဝေးလေကောင်းလေ သဘောထား၍ ခြေကုန်သုတ်လေတော့သည်။ နေဝင်ချိန် တိုင်သော်လည်း ကိုဇော်ဟိတ်ရပ်နားခြင်းမရှိဘဲ သွားမြဲတိုင်းသွားလေ၏။ တောသည် နက်သည်ထက် နက်လာခဲ့ရာ၊ ပုရွက်ဆိတ်အစရှိသော ပိုးမွှားတိရစ္ဆာန်များသည် ခြေထောက်နှင့်တကွ အနှံ့အပြား တွယ်ကြ ကိုက်ကြ၏။

ကိုဇော်ဟိတ်သည် နာကျင်ဖို့လည်းကောင်း၊ ယားယံဖို့လည်းကောင်း၊ သတိမရနိုင်ဘဲ ဈူလတန်၏ရန်မှလွတ်လိုသော ဇောတစ်ခုတည်းဖြင့် ခရီးပြင်း လျှောက်လာခဲ့ရာ၊ ခြေထောက်သည်ညွှံထဲ၌ ဖွက်ခနဲ ကျွံဝင်သွားလေ၏။ ကျွံသောခြေထောက်ကိုနုတ်စဉ် ကျန်သောတစ်ဖက်လည်း ကျွံဝင်သွားပြန်ရာ၊ ကိုဇော်ဟိတ်မှာ မရဏညွှံဗွက်သို့ ဆိုက်ရောက်လာကြောင်းရိပ်မိသည်နှင့် ရှေ့သို့ မတိုးဝံ့တော့ဘဲ နောက်သို့ အနိုင်နိုင်ဆုတ်ခွာခဲ့ရ လေတော့သည်။ ညွှံနုတ်ခမ်းသို့ရောက်သောအခါ ကိုဇော်ဟိတ်သည် အကြံတစ်ခုရ၍ အလွန်မှ လျက်ရှိသော မြေကြီးကိုဓါးနှင့်တူးယက်လေ၏။ ပခုံးမြုပ်လောက်အောင် နက်သောအခါ ကိုဇော်ဟိတ်သည် ကျင်းပေါ်သို့တက်၍ သစ်ကိုင်းများကို လှီးပြီး တုတ်ချွန်များပြုလုပ်၍ ကျင်းအောက်၌စိုက်ထောင်ထား၏။ နောက်ဆုံး၌ ကျင်းနှုတ်ခမ်းပေါ်တွင် သစ်ခက်နှင့်သစ်ရွက်များ ဖုံးအုပ်ထား၍ ကိုဇော်ဟိတ်သည် သစ်တစ်ပင်ကွယ်လျက် ပုန်းနေပြန်၏။

မကြာမီ ဈူလတန်၏အိဂျစ်ရှင်းစီးကရက်နံ့ တထောင်းထောင်းနှင့် ရောက်လာလေရာ အလွန်မှောင်မိုက်သောကြောင့် ဘာကိုမျှ မမြင်ရသော်လည်း၊ ကျင်းထဲကျွံကျသွားသော အသံကိုကြားလိုက်ရသဖြင့် "သေပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုဝမ်းမြောက်မိ၏။ ကိုဇော်ဟိတ်သည် ရူလတန်ကို အဆုံးစီရင်မည်ဟု ပုန်းအောင်းရာမှ ပြေးထွက်လာခဲ့ရာ ကျင်းနှုတ်ခမ်းသို့ ရောက်သောအခါ လက်နှိပ်ဓာတ်မီး ကိုင်လျက်ရှိသော လူတစ်ယောက်ကို တွေ့ရသဖြင့် တန့်သွားလေ၏။

'တော်ပေတယ် . . မစ္စတာဇော်ဟိတ် သို့သော် ကျုပ်တော့ ကိစ္စမရှိဘူး၊ ခွေးတစ်ကောင် ကိစ္စရှိသွားလေရဲ့ ကိုင်းနေနှင့်ဦး။ ခွေးတစ်အုပ်လုံးပြန်ခေါ်ရဦးမယ်။ ပြေးနိုင်မှ လွတ်စေမကွယ့်နော်'

နံနက်လင်းအားကြီးချိန်၌ ကိုဇော်ဟိတ်သည် ညွှံဗွက်ကြီးနှင့် မနီးမဝေးရှိသော နေရာ၌အိပ်ပျော်လျက်ရှိစဉ်၊ အတော်ကွာလှမ်းသောအရပ်မှ ခွေးအုပ်ကြီးဟောင်သံကြားရသဖြင့် လန့်နိုးလေ၏။ ကိုဇော်ဟိတ်သည် လူးလဲထ၍ ရတ်တရက် အကြံတစ်ခုရသည်နှင့် ညွှံဗွက်ကိုကျော့ခိုင်းကာလျှောက်ခဲ့ရာ အသံများသည် နီးသည်ထက် နီးကပ်လာလေ၏။ ကုန်းမြင့်တစ်ခုသို့ ရောက်သောအခါ ကိုဇော်ဟိတ်သည် သစ်ပင်တစ်ပင်ပေါ်သို့တက်၍ မျှော်ကြည့်လိုက်သည်တွင် ရူလတန်နှင့်အတူ ခွေးအုပ်ကြီးကို ကြိုးဖြင့်ဆွဲလာသော အပ္ပဒူလှာလည်းပါလာသည်ကို မြင်ရလေ၏။ ရူလတန်သည် ခွေးများ၏နောက်မှလိုက်ပါလာ၏။

ကိုဇော်ဟိတ်သည် အာဖရိကတိုက် လူရိုင်းများအကြောင်းကို ဖတ်စဉ်က မှတ်သားထားသော နည်းတစ်ခုကိုအသုံးပြုရန် ပြင်ဆင်လေ၏။ သစ်ပင်ပေါ်မှဆင်း၍ ကိုဇော်ဟိတ်သည် လမ်းနံဘေးသစ်ပင်မှ သစ်ကိုင်းတိုဆွဲယူပြီးလျှင် ဓားမြှောင်ကိုချည်တုပ်ပြီးမှ နွယ်ကလေးတစ်ခုနှင့် မောင်းဆင်ထားခဲ့လေ၏။ ထို့နောက် တတ်နိုင်သမျှဝေးအောင် ထွက်ပြေးရင်း တစ်ချက်တစ်ချက်နားစွင့်ကာရပ်တန့်လေရာ ခွေးများသည် တဝုန်းဝုန်း တဝူးဝူးဟောင်လျက်လိုက်လာကြရာ ရုတ်တရက် အသံစဲသွားသည်ကို ကြားလိုက်ရ၏။ ဤတွင် ကိုဇော်ဟိတ်သည် သစ်ကိုင်းပေါ်သို့ ရုတ်တရက် ခုန်တက်၍ မျှော်ကြည့်လိုက်သောအခါ ရူလတန်နှင့်ခွေးအုပ်သာရှိတော့၍ အပ္ပဒူလှာကား မရှိတော့ချေ။ ထောင်ထားသော ဓားသည် ရူလတန်မထိ တပည့်ကိုသာ ထိဟန်တူလေသည်။

ကိုဇော်ဟိတ်သည် သစ်ကိုင်းထက်မှ တစ်ဖန်ခုန်ချ၍ ခြေဦးလှည့်ရာလျှောက်ပြေးလေရာ ရှေ့တည့်တည့်တွင် သစ်ပင်များရှင်းလင်းလျက်ရှိသောအကြားတစ်ခုမှ ဖွေးဖွေးဖြူသော ပင်လယ်ပြင်ကို မြင်ရလေ၏။ အတင်းပြေး





၍ ကျောက်စွန်းသို့ရောက်သောအခါ ကိုဇော်ဟိတ်မှာ မိမိအောက် ၂၀ ပေလောက်တွင် တဝုန်းဝုန်းနှင့်ကမ်းကိုပုတ်လျက်ရှိသော လှိုင်းများကိုမြင်ရ၏။ နောက်သို့ လှည့်ကြည့်လိုက်သော် ရူလတန်နှင့်ခွေးအုပ်ကြီးလည်း အနီးသို့ကပ်လာကြလေပြီ။ ဤတွင် ကိုဇော်ဟိတ်သည် လက်နှစ်ဘက်ကို ရှေ့သို့ပစ်လျက် ပင်လယ်ထဲသို့ ဒိုင်ဗင်ထိုးချလိုက်တော့သည်။

ရူလတန်နှင့် ခွေးအုပ်ကြီးသည် ပင်လယ်ကမ်းသို့ရောက်လာကြသောအခါ ရူလတန်သည် ကမ်းစွန်း၌ရပ်၍ မျှော်ကြည့်လိုက်၏။ နောက်ဆုံးအရှင်လတ်လတ် ခွေးများ ဝိုင်းဝန်းဆွဲဖွဲ့ စားသောက်ကြခြင်းကို မျက်စိနှင့်မြင်ရခြင်း တည်းဟူသော အရသာကိုမခံစားရဘဲ ရေထဲ၌အသက်ဆုံးလေပြီဟုအောက် မေ့၍ခရီးဆောင်ဘူးထဲမှ ဘရန်ဒီကိုမော့ချပြီးလျှင် စီးကရက်တဖွားဖွားနှင့် စိတ်ကူးနေသေး၏။ ထို့နောက်မှ အိမ်သို့ပြန်လာခဲ့၍ ညစာစားသောက်ရာတွင် ခရီးပန်းသော လူတို့၏ထုံးစံအတိုင်း အရသာရှိသော်လည်း ရူလတန်၏စိတ်ထဲ၌ ခုလုလုဖြစ်နေသော အချက်ကလေးသုံးခုရှိနေ၏။ ယင်းတို့မှာ ကျင်းထဲသို့ ခွေးတစ်ကောင်ကျ၍ သေဆုံးရခြင်း၊ အပ္ပဒူလှာ၏ရင်ဝ၌ ဓားမြှောင်စူး၍သေရခြင်းနှင့် ကိုဇော်ဟိတ် သေသည်ကို မိမိ၏မျက်စိနှင့် အရသာမခံလိုက်ရခြင်းတို့ပင် ဖြစ်လေသည်။

ထိုညဉ့်၌ ရူလတန်သည် နာရီပေါင်းများစွာ ခြေရာကောက်ရသည့်အတွက်ကြောင့်၊ မောဟိုက်ပင်ပန်းပြီး၍ မိမိ၏စပရိန်မွေ့ရာကြီးပေါ်တွင် စည်းစိမ်နှင့် အိပ်လိုက်ဦးမည်ဆို၍ အိပ်ခန်းသို့တက်လာခဲ့၏။ အိပ်ခန်းတံခါးကို မင်းတုံးချ၍ မီးအိမ်ကိုငြိမ်းလိုက်မည်ဟု စားပွဲကလေးသို့ချဉ်းကပ်ရာတွင် ကုတင်အောက်၌ ပုန်းအောင်းနေသော လူတစ်ယောက်ထွက်လာ၍ ၂ တောင်ခန့်ရှည်သော သံတုတ်ကြီးနှင့်ချိန်ရွယ်လေ၏။

'ဟဲလို မစ္စတာဇော်ဟိတ် ဘယ့်နှယ်လုပ်ပြန်လာခဲ့သလဲ'

'ရေကူးလာခဲ့တာပေါ့ ဒီရေအတက်မို့လို့ ခင်ဗျားထက် မြန်သေးတယ်။ ကိုင်း ဘယ်ဘာသာကိုးကွယ်သလဲ ရူလတန်။ ကောင်းရာမွန်ရာရောက်အောင် ဆုတောင်းပေတော့'

ရူလတန်သည် အခြေအနေကိုရိပ်မိ၍ သံတုတ်ကိုလုယူရန် တဟုန်ထိုးချဉ်းကပ်လိုက်သေးရာ အလွန်ကျင်လည်လှ၍ ဤကဲ့သို့ ပြုလိမ့်မည်ကိုကြိုတင်စောင့်မျှော်လျက်ရှိသော ကိုဇော်ဟိတ်သည် ရူလတန်၏ ဦးခေါင်းကိုသံတုတ်နှင့်နက်လိုက်သည်တွင် လူအရှိန်နှင့်တုတ်အရှိန် နှစ်ခုပေါင်းမိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ပြင်းထန်လှသောကြောင့် စုလတန်၏နဖူးမှာ လက်လေးသစ်ခန့် ပိန်ခွက်၍ ဝင်သွားလေ၏။

ထို့နောက် ကိုဇော်ဟိတ်သည် စုလတန်၏ ခေါင်းအုံးအောက်၌ထားသော ခြောက်လုံးပြူးသေနတ်ကိုယူ၍ အပွန့်လာမရှိသည့်နောက်၊ သုံးယောက်တည်းရှိသော ယောကျ်ားအစေခံများကို သေနတ်နှင့်တော့ချိန်ကာ ဝှက်ထားသော မော်တော်ဘုတ်ကိုထုတ်စေ၍ ရိက္ခာအလုံအလောက်နှင့် ထွက်လာခဲ့ရန်မှာ ကိုဇော်ဟိတ်အဖို့ များစွာမခဲယဉ်းလှတော့ချေ။ ။



## ဇော်ဟိတ်၏ ကလေးဘဝ အတွေ့အကြုံ

ကိုဇော်ဟိတ်မှာ တောရွာ၌မွေးဖွားကြီးပြင်းခဲ့ရ၍ သူ၏မိဘများသည် တစ်ဦးတည်းသော သားကလေးကို အလွန်တရာ အလိုလိုက်ကြ၏။ ဖခင်ဖြစ်သူမှာ သားကိုချစ်ခင်သော်လည်း စိတ်ကြမ်းကိုယ်ကြမ်း ဖြစ်သည့်အလျောက်၊ အချို့သောဖခင်မျိုးကဲ့သို့ ချစ်ခင်သည်ဆိုတိုင်း ယုယုယယ ပိုက်ပိုက်ထွေးထွေးမလုပ်တတ်ဘဲ ယောကျ်ားဆိုသည့်အတိုင်း ကျားကျားယားယား ရှိရမည်ဆို၍ ကလေးဘဝကတည်းက သူတစ်ပါးအပေါ်တွင် မမှီခိုဘဲ ကိုယ့်ကိုယ်ကိုအားကိုးတက်ဖို့ လေ့လာသင်ကြားပေးခဲ့လေသည်။ အဲတော် အတန်လဲကွဲလျှင် ရတ်တရက်ပြေးထူ၍ ဦးဖွမန်းမှုတ်မပေးဘဲ မမြင်ချင်ယောင် လျက် သူ့ဘာသာ ထစေ၏။ ထို့ကြောင့်လည်း ကိုဇော်ဟိတ်မှာ ကိုဇော်ဟိတ် ဖြစ်လာခဲ့ခြင်း ဖြစ်လေသည်။

မိခင်ကမူ အခြားမိခင်မျိုးနည်းတူ ကေပုဏ္ဏဆို၍ ပိုက်ပိုက်ထွေးထွေး လုပ်ချင်၏။ သို့ရာတွင် ဖခင်၏မျက်မှောင်ကြုတ်ခြင်းကို ကြောက်သည်နှင့် ရှေ့တွင်မလုပ်ဝံ့ဘဲ ကွယ်ရာ၌သာပွေ့ဖက်နမ်းရှုပ်ပြုလုပ်ရ၏။ ကိုဇော်ဟိတ် ကိုယ်တိုင်ကလည်း သံဝေလိုမ့်၍ ကစားနိုင်သော အရွယ်မှစ၍ အမေပြောတိုင်း စသောမိန်းမများ ပွေ့ဖက်နမ်းရှုပ်ခြင်း မခံလိုတော့ဘဲ ရင်ခွင်ထဲမှ ရုန်းကန် ထွက်ပြေးတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘများသည် တောသူများဖြစ်၍ လယ်ကလေးငါးဆယ်ကို ကိုယ်တိုင်ထွန်ယက်စိုက်ပျိုးလေရာ သူတို့၏အိမ်၌ ပထမတွင်သူရင်းငှားအဖြစ်ဖြင့် လုပ်ကိုင်၍ နောက်တွင်အမြဲတန်းတပည့်အဖြစ်နှင့် နေထိုင်သော 'မှတ်ကြီး' အမည်ရှိ ကျေးတောသားတစ်ယောက်ရှိ၏။

အညာထုံးစံတစ်ခုမှာ မြစ်ကမ်းပါး၌နေထိုင်သော လူများသည် မိမိတို့ကိုယ်တိုင် ရွာကလေးများ၌ နေထိုင်ကြသော်လည်း ဧရာဝတီမြစ်နှင့်ဝေးသောကျေးရွာများမှ လာရောက်သောလူများကို ကျေးတောသား ဟူ၍ခေါ်တက်ကြလေသည်။ စင်စစ်မှာလည်း မြစ်သည်လူကို ယဉ်ကျေးအောင်သင်ပေးတတ်သော သဘာဝရှိလေသလော မဆိုနိုင်၊ မြစ်ကမ်းပါးရှိ ရွာကလေးများ၌ နေထိုင်သောလူများသည် အတွင်းခေါင်ခေါင်ကြီး၌ နေထိုင်သောလူများထက် ရွှေမန်းအမူအရာရှိကြသည်မှာ အမှန်ပင်ဖြစ်၏။ မြစ်ကမ်းပါးရှိ အချို့ရွာသားများသည် မန္တလေးမြို့အတွင်း ချောင်ကျသောရပ်ကွက်များမှ လူများထက်ပင် ဝတ်စားနေထိုင်ပုံအမူအရာ ယဉ်ကျေးသည်ကို တွေ့ရတတ်ပေသည်။

မှတ်ကြီးသည် နကိုအားဖြင့် လူကြမ်းတစ်ယောက်ဖြစ်သည့်အထဲတွင် ခပ်ကြမ်းကြမ်းဝါသနာရှိသော ဇော်ဟိတ်၏ဖခင်နှင့် နှစ်ပေါင်းများစွာ အတူတကွ နေထိုင်ခဲ့ကြသည်ဖြစ်၍ သူမတူအောင် ကြမ်းတမ်းလျက်ရှိ၏။ မှတ်ကြီးမှာ ရွှေဘိုမြင်းနယ်သားဖြစ်၍ သူ၏ဘိုး ဘေး ဘီ ဘင်တို့သည် မြန်မာမင်းများ လက်ထက်တွင် မြင်းအမှုထမ်းများဖြစ်ကြရကား မြင်းနှင့် ပတ်သက်၍ အလွန်ကျွမ်းကျင်နားလည်၏။ ဇော်ဟိတ်၏ဖခင် ဦးသာစုက ပြာသိုလတွင် နှစ်စဉ် ကျင်းပလေ့ရှိသော မြစ်သားမြို့ဘုရားပွဲမှ ရှမ်းမြင်း ရိုင်းများကို ဝယ်ယူ၍ မှတ်ကြီးအား လေ့ကျင့်စေပြီးလျှင် မြင်းကောင်းကြိုက် တတ်သော ရွှေဘိုနယ်သားများသို့ အမြတ်ကြီးကြီးနှင့် ရောင်းချလေ့ရှိ၏။ အလွန်ချော၍ အဆက်အကွင်းကျနသော်လည်း ကုန်းတင်မခံအောင် ရိုင်းနေ သောကြောင့် အဖိုးငွေ ၁၀၀ လောက်မျှနှင့် ဝယ်ယူခဲ့သော မြင်းတစ်ကောင်ကို မှတ်ကြီး သင်ပြီးသည့်အခါ သုံးလေးရာ ရတတ်လေသည်။ မှတ်ကြီးမှာ မည်မျှလောက် ကြမ်းသော မြင်းရိုင်းကိုဖြစ်စေ မကျအောင်စီးနိုင်သဖြင့် ကောင်းဘွိုင် တစ်ယောက်ကဲ့သို့ ကျင်လည်လျက်ရှိ၏။ တစ်ခါတစ်ရံ ကျွပင်ကျစေကာမူ မနာကျင်အောင် အကျခံတတ်သော နည်းရှိဟန်တူပေသည်။ ယနေ့ခေတ်၌ အမေရိကန် 'ကောင်းဘွိုင်' များကို ဘိုင်စကုတ်တွင်ကြည့်၍ အံ့သြရသော လူများသည် မြန်မာပြည် မြင်းနယ် ဒေသ၌ ကောင်းဘွိုင်တမျှ မြင်းစီးတတ်သူများရှိသည်ကို





သိပင်သိကြမည် မဟုတ်ချေ။

တစ်နေ့သ၌ ဦးသာစုနှင့်မှတ်ကြီးသည် မြစ်သားမြို့ဘုရားပွဲမှ မြင်းရိုင်းလေးကောင်နှင့် ရောက်လာကြလေရာ သူတို့သည် ကျင့်ပြီးသောမြင်းယဉ် ၂ စီးကိုစီးလျက် မြင်းရိုင်း ၄ ကောင်ကို မောင်းနှင်လာကြခြင်းဖြစ်လေသည်။ ကိုဇော်ဟိတ်သည် ရွာကျောင်းမှပြန်လာ၍ ရပ်ဝေးမှပြန်လာသော ဖခင်နှင့် မှတ်ကြီးတို့ကို နှုတ်ဆက်ပြီးနောက် ဆရာတပည့်နှစ်ယောက်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် ကိုဇော်ဟိတ်ကို မြင်းဇောင်းသို့ ခေါ်သွားကြ၏။

မြင်းဇောင်းမှာ သက်ငယ်မိုးထားသော တန်းလျားရှည်ကြီးဖြစ်၍ အထဲတွင် မြင်း ၆ကောင်ထားနိုင်သည့် အကန့်ကလေးများရှိရာ တစ်ခုသော အကန့်တွင် **မန်ကျည်းဒူးမဲ** ဟုခေါ်သော မြင်းကလေးတစ်ကောင်ရှိ၏။ **မန်ကျည်းဒူးမဲ ဟူသည်မှာ** မန်ကျည်းစေ့အသွေးကဲ့သို့ ညိုမတတ်နီ၍ ဒူးဆစ်၌နက်မှောင်သော အမွေးများပေါက်သည့် မြင်းကိုဆိုလိုပေသည်။ မြန်မာမြင်းသမားတို့၏ မြင်း၏အမွေးကို လိုက်၍မြင်း၏အစွမ်းသတ္တိနှင့် အရည်အချင်းကို အကဲဖြတ်ကြသည်မှာ မြင်းသမားမဟုတ်သူတို့ အံ့သြကြပေလိမ့်မည်။ အခြားသော အင်္ဂါအစိတ်အပိုင်းများကို အပထား၍ အမွေးအနုအရင့်နှင့် အသွေးအရောင်မြင့်မင်လျှင် မြင်းတစ်ကောင်၏ အရည်အချင်းနှင့် ဝါသနာများကို သိနိုင်ကြလေသည်။ ထို့ပြင် ဇွေ များလည်းရှိချေသေး၏။

ဇော်ဟိတ်သည် ဖခင်တို့နှင့် အတူလိုက်သွား၍ ၂ နှစ်သားအရွယ်ခန့်ရှိ၍ အရွယ်နှင့်မလိုက်အောင်ပုသော မြင်းနီကလေး၏ အကန့်ရှေ့သို့ ရောက်သောအခါ ဖခင်၏မျက်နှာကို လှမ်းကြည့်လိုက်ရာ၊ ပြုံးစိစိမျက်နှာများကို မြင်သဖြင့် ဝမ်းသာအားရဖြင့် မြင်းကလေးအနီးသို့ ချဉ်းကပ်လိုက်ပြီးမှ နောက်သို့ ပြန်ဆုတ်လိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် မြင်းပုကလေးသည် နားရွက်များကို ရှေ့သို့ထောင်လျက်ကြည့်နေရာမှ တစ်ဖက်ကို နောက်သို့ ဆောကာ၊ တော်လှန်သော မျက်လုံးများဖြင့် ကြည့်လိုက်သောကြောင့်ပေတည်း။

"ဒီဟာ ကျွန်တော်ဖို့ ဟုတ်လား အဖေ"

"အေး . . . သူ့ကို မွေးဖို့ မင့်တာဝန်ပဲ၊ သူ့ခေါင်းထဲမှာ မြင်း[illegible] ဘာတွေပွ နေပြီး ကောင်းကောင်းဖိုးမပေးရင် ချက်ခြင်းရောင်းပစ်လိုက်မယ်"

ဇော်ဟိတ်မှာ ထိုအခါ၌ ၁၁ နှစ်သားရှိနေ၍၊ မှတ်ကြီး မြင်းစီးသည်ကိုကြည့်ပြီး၊ စီးချင်းသောစိတ်ဖြင့် သွားရည်ကျနေခဲ့ရသော အရွယ်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဦးသာစု၏ မြင်းများမှာ မြင်းကြမ်းများချည်းဖြစ်၍ ၊ သူငယ် စီးရန် မဖြစ်နိုင်သဖြင့် စိတ်ထဲ၌သာ အားကျခဲ့ရလေသည်။ တစ်ခါတစ်ရံ မှတ်ကြီးနှင့် အတူ ထိုင်စီးရဖူးသော်လည်း ကိုယ်တိုင်ဇက်ကိုကိုင်၍ စီးရခြင်းကဲ့သို့ အရသာ မရှိချေ။

'ဖီးပေးပါ့မယ်အဖေ၊ မြင်းနီဆိုတော့ ကျောက်နီလို့ မှည့်မယ်နော်၊ ဟုတ်ဘူးလားဟေ့ ကျောက်နီ'

ဇော်ဟိတ်သည် မြင်းကလေး၏နဖူးကို ပွတ်သပ်ပေးမည်ဟု လက် လှမ်းလိုက်သည်တွင် မြင်းကလေးသည် နှုတ်ခမ်းနှစ်ဖက်ကိုဖွင့်၍ ဇော်ဟိတ် ၏လက်ကို ကိုက်ဖို့ကြိုးစား၏။ ဇော်ဟိတ်ကလက်ကို ဆတ်လနဲ ပြန်ရုတ် လိုက်လျက်နှင့်ပင် လက်ဖျားကလေးကိုမိသွားပြီးမှ လွတ်ထွက်လာ၏။ ဦးသာစုသည် ကိုက်မိလေသလောဟု တစ်ချက် လှမ်းကြည့်လိုက်ပြီးနောက်၊ ရယ်မောလျက်ရှိ၏။

"မင်းက ကိုက်တတ်သကိုးကွ"

ဆို၍ ဇော်ဟိတ်လည်း မိမိ၏ လက်ချောင်းကလေးကို ကြည့်နေ လေရာ ဆရာတပည့်နှစ်ယောက်တို့လည်း ရယ်လိုက်ကြ၏။

"ဘယ့်နှယ်လဲ မင်းစီးနိုင်ပါ့မလား"

"ကိုမှတ်ကြီး သင်ပေးရင် စီးမှာပေါ့ဗျ"

"ငါဇက်ကိုင်လို့ မဖြစ်ဘူးကွ ပြရုံပြပေးနိုင်တယ်"

"ပြရင်တော်ပါပြီဗျာ ကျုပ်ဖာသာကျုပ်စီးမှာပေါ့"

"စီးဖို့နေပါဦး ကိုင်ကြည့်စမ်းပါဦး"

ဤတွင် ဇော်ဟိတ်သည် အိမ်ဘက်သို့ပြေးသွား၍ ထန်းလျက်တစ် လုံးယူလာပြီးလျှင်၊ မြင်းကလေးကိုကျွေးစမ်းရာ၊ မြင်းကလေးသည် ထန်း လျက်နမ်းပြီးနောက် နှုတ်ခမ်းနှစ်ဖက်ဖြင့် ညှပ်ယူစားလိုက်၏။ ထိုအတော အတွင်း ဇော်ဟိတ်က နဖူးကိုပွတ်သပ်ပေးရာ ငြိမ်သက်စွာခံနေသဖြင့်၊ ဆရာ တပည့်နှစ်ယောက်တို့က ဦးခေါင်းငြိမ့်နေကြသည်။

"ကျောင်းသားတွေ ပြချင်တယ်ဗျာ၊ ကျောင်းခေါ်သွားလို့ မဖြစ်ဘူး လား"

"မဖြစ်သေးဘူးကွ၊ ပါးချပ်တပ် မခံသေးဘူး၊ ပါးချပ်တပ် ခံမှ ဆွဲခေါ် သွားလို့ရမှာကွ"

"ဒါလောက်တော့ ကျုပ်သင်မယ်ဗျာ၊ ခင်ဗျားကွမပေးချင်နေပါ"





ဦးသာစုသည် ဇော်ဟိတ်နှင့် မှတ်ကြီးတို့ စကားပြောကြသည်ကို စောင့်ကြည့်၍ သားကိုအကဲခတ်ရင်း သူ၏သတ္တိကလေးကို သဘောကျဟန် တူလေသည်။

"ကျောင်းခေါ်သွားလို့ မဖြစ်သေးရင်၊ ကျောင်းသားတွေ ကြည့်ရ အောင် ညနေတော့ ခေါ်လာခဲ့မယ်ဗျာ"

ထိုညနေ၌ ကျောင်းသားကလေးခြောက်ယောက်တို့သည် ဇော်ဟိတ် နှင့်အတူ ကျောင်းမှပြေးလိုက်လာကြ၏။ သူတို့သည် ဇော်ဟိတ်ပြောထား သော မြင်းကလေးကို မြင်လိုကြသည်ဖြစ်၍၊ မိုင်တစ်ဝက်ခန့် ဝေးသော ခရီးကို မရပ်မနားဘဲ၊ တောက်လျှောက်ခြေကုန် ပြေးလာကြလေသည်။ ဇော်ဟိတ်တို့၏ အိမ်မှာ မြင်း၊ နွားများ လွတ်လပ်ကျယ်ပြန့်စွာ မွေးမြူနိုင်စေခြင်းငှာ ရွာပြင်၌ ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။

ယခင်ကမူ ကျောင်းသားများသည် အနည်းငယ် နှုတ်ဆိတ်သော ဇော်ဟိတ်ကို သာမန်ကျောင်းသား အချင်းချင်းအနေဖြင့် အသိအမှတ်ပြုခဲ့ကြ လေရာ၊ ကိုယ်ပိုင်မြင်းတစ်ကောင်ရှိသော ဇော်ဟိတ် ဖြစ်လာသည့်နေ့မှစ၍ သူတို့သည် ဇော်ဟိတ်အား ဧရာမလူကလေးတစ်ယောက်အနေဖြင့် မော့ ကြည့်ကြလေတော့သည်။

"မင်းမြင်းကလေး မစီးဘူးလားကွ၊ လည်ဆံကလေးကို ဆပ်ကပ်ပွဲ ထဲက မြင်းပုကလေးတွေလို ဖီးပေးထားပါကွ"

"သူ့ဖို့ ကုန်းနှီးကလေး သက်သက်ဝယ်ပြီးပြီလားကွ"

"ငါတို့များ မြင်းရှိရင် ကျောင်းကိုမြင်းစီးလာမှာပဲမောင်"

စသည်ဖြင့် တစ်ယောက်တစ်ခွန်း ထင်မြင်ချက်ပေးကြ၏။

"မစီးရသေးဘူး ငယ်သေးတယ်တဲ့ကွ၊ သူ့ကိုစီးဖို့ ငါကိုယ်တိုင်ကျင့် ပေးရမှာမောင်၊ ကိုမှတ်ကြီးက ငါ့ကိုပြပေးမယ်တဲ့ကွ"

ဟု ရင်ကော့ကာ ဇော်ဟိတ်ကပြောပြ၏။

"ပါးချပ်တပ်ပြီး အပြင်ဘက်ဆွဲထုတ်လို့ မရဘူးလားကွ"

"မဖြစ်သေးဘူးကွ၊ ပါးချပ်တပ်ဖို့တောင် ငါကျင့်ပေးရဦးမှာကွ"

"ဘိုင်စကုပ်ထဲက ကောင်းဘွိုင်တွေလို မြင်းပေါ်ကနေပြီး ကြိုးကွင်း ပစ်တာတွေ ဘာတွေ ကျင့်ပေးပါလားကွ"

"ကျင့်မှာပေါ့ကွ၊ ကြိုးကွင်းတောင် အဖေမြို့သွားတော့မှ မှာဆိုထားရ ဦးမှာကွ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဇော်ဟိတ်သည် မုတ်ကြီးလုပ်ထားနှင့်သော ပါးချပ်ကလေးနှင့် ရှုံကြိုးနီကလေးကို ထုတ်ပြရာ၊ ကျောင်းသားများလည်း ဇော်ဟိတ်နှင့် လူချင်းလဲချင်သော ကြည့်ခြင်းမျိုးဖြင့် ဇော်ဟိတ်ကို ကြည့်နေကြ၏။ သူတို့သည် မြင်းကလေးကို ဇော်ဟိတ်ကျင့်ပြီးသောအခါ မိမိတို့တစ်လှည့် တစ်ပတ်စီးခွင့်ပြုပါရန်၊ ဇော်ဟိတ်ကို မည်ကဲ့သို့ လက်ဆောင်ထိုးရပါမည်နည်းဟု အသီးသီးစဉ်းစားစိတ်ကူးကြ၏။

ကျောင်းသားများပြန်သွားကြသောအခါ ဇော်ဟိတ်မှာ မိမိမြင်းနှင့် တစ်ယောက်တည်းနေခွင့်ရပေပြီဟု ဝမ်းမြောက်စွာ မြင်းဇောင်းထဲသို့ တဖြည်းဖြည်း အရဲစွန့်၍ ဝင်စမ်းလေ၏။ မြင်းကလေးသည် မသင်္ကာသော မျက်လုံးများဖြင့် ဇော်ဟိတ်ကို ကြည့်လျက် ကန်တော့မည်ပြင်သည့် လက္ခဏာဖြင့် ဖင်လှည့်လေရာ၊ ဇော်ဟိတ်က အိတ်ထဲ၌ ဝှက်ထားသော ထန်းလျက်ခဲကို ထုတ်လျက် . . .

"ကျောက်နီရော့–ရော့"ဟု ပြော၍ လက်လှမ်းလိုက်သောကြောင့် မြင်း ကလေးသည် နှာခေါင်းဖြင့်ပြင်းစွာရှိုက်လျက် အနံ့ခံပြီးမှ၊ ထန်းလျက်ခဲကို နှုတ်သီးဖြင့်ဖမ်းလေ၏။ ဤတွင် ဇော်ဟိတ်က ဦးစွန်းဖုတ်ကိုကိုင်ကာ ပွတ်သပ်ပေးလေသည်။ တိရစ္ဆာန်တို့၏ သဘာဝတစ်ခုမှာ၊ ကြောက်တတ်မှန်းသိလျှင် ချောက်လှန့်တတ်သော်လည်း ရဲလွန်းသောလူကိုမူ အံ့အားသင့်စွာဖြင့် ခံနေတတ်သည်။ ဇော်ဟိတ်မှာ အရဲစွန့်တတ်သော ဝါသနာရှိသည့်အပြင် ထန်းလျက်ခဲဖြင့် လက်ဆောင်ထိုးပြီးဖြစ်သော်ကြောင့်၊ မြင်းသည် ဇော်ဟိတ်၏ ကိုင်တွယ်ပွတ်သပ်ခြင်းခံရုံမျှမက၊ တစ်ကိုယ်လုံးဖိပေးခြင်းကိုလည်း ကျေနပ်ဟန်ဖြင့် ခံနေလေ၏။ ဇော်ဟိတ်သည် မြင်း၏ဦးစွန်းဖုတ်ကို ကျစ်ဆံကျစ်ပေး၍ လည်ဆံမွေးကိုလည်း ဖြီးပေးသေး၏။

ထိုအခိုက်၌ မိခင်ဒေါ်ဂျမ်းဖြူ ရောက်လာ၍ မြင်းနှင့်သားကလေး သင့်မြတ်နေကြသည်ကို ကျေနပ်ဟန်ဖြင့်ပြုံးသော်လည်း ကျောင်းမှပြန်ရောက်ပြီးသည်နောက် ထင်းများကို ထင်းပုံမှ မီးဖိုချောင်သို့ရောက်အောင် သယ်ပေးခြင်း၊ နွားမများကို ခြံထဲသို့မောင်းသွင်းခြင်း စသော နေ့စဉ် အလုပ်များကို လုပ်ပြီးမှ မြင်းဇောင်းသို့ကပ်ရန် သွန်သင်လေ၏။

နံနက်တိုင်း၌ ဇော်ဟိတ်သည် မိခင်ကနိုးမှ အိပ်ယာမှ ထတတ်သော်လည်း၊ မြင်းကလေးရောက်လာသည့်နေ့မှစ၍ မည်သူမျှမနိုးရတော့ဘဲ မိုးမလင်းမီထ၍ မြင်းဇောင်းသို့ပြေးကြည့်သည်။ ပထမရက်များ၌ မြင်းကလေး





တစ်ကောင်ရသည်ဆိုခြင်းမှာ အိပ်မက်မက်ခြင်း ဖြစ်နေမည်လောဟု စိုးရိမ်စွာ မြင်းဇောင်းသို့ ပြေးသွားလေရာ၊ ကျောက်နီကိုမြင်ရသောအခါမှ စိတ်အေးသွားလေတော့သည်။ ကျောက်နီကလည်း နံနက်တိုင်း ဇော်ဟိတ်လာသောအခါတွင် ဟင်း–ဟင်း–ဟင်း–ဟင်း မြည်၍ ထန်းလျက် တောင်းတတ်လေပြီ၊ ရတ်တရက်မရခဲ့လျှင် မြေကြီးကိုခွာဖြင့် ပေါက်၍တောင်းလေတော့သည်။ ထန်းလျက်တစ်ခဲ ဝါးစားစဉ်အတွင်း၌လည်း ဇောင်းအတွင်း ပတ်ချာလှည့်ကာ ရွှင်မြူးခြင်းကိုပြလိုက်သေး၏။

မကြာမီ မုတ်ကြီးရောက်လာ၍၊ မုတ်ကြီးက မြင်းတည်းဟူသော သတ္တဝါများ၏ ဝါသနာကို လက်ချာ ပေးလေ့ရှိ၏။ မုတ်ကြီးမှာ ဘိုးစဉ်ဘောင်ဆက် မြင်းအမှုထမ်းအနွယ်ဖြစ်၍ မြင်းများအကြောင်းကို နှုတ်တိုက်သွန်သင်ခြင်း ခံခဲ့ရသဖြင့် အများကြီးနားလည်၏။ မြင်းများသည် ခွာအောက်၌ ကပ်နေသောအညစ်အကြေးများ ခြစ်ခွာပေးခြင်းကို သဘောကျကြောင်း၊ သူတို့ကို ကိုင်တွယ်သည့်အခါ စကားပြောရင်း ကိုင်တွယ်ရကြောင်း စကားကို နားမလည်သော်လည်း သခင်၏အသံနေ အသံထားကို နားလည်ကြောင်း။ ငေါက်လျှင်ငေါက်မှန်းသိ၍ ချော့လျှင်ချော့မှန်းသိသောကြောင့် ကြင်နာယုယခြင်းကို နှစ်သက်ကြောင်း။ ခရီးပန်းလှ၍ လဲတော့ မတတ်ဖြစ်နေသော မြင်းတစ်ကောင်ကို **မဝေးတော့ပါဘူး ငါ့သားကြီး၊ တစ်ချီလောက်ကြိတ်လိုက် စမ်းပါအုံးကွယ်** ဟုဆိုကာ လည်းပင်းကိုပုတ်ပေး လိုက်ရာတွင် လတ်ဆတ်လာ၍ ကြိုးစားသည်ကို တွေ့ရဘူးကြောင်း။ ကြောက်လန့်၍ ဆတ်ဆတ်တုန်နေသော မြင်းတစ်ကောင်ကိုလည်း **မကြောက်နဲ့ကွ။ သားကြီးရဲ၊ သစ်ငုတ်တိုကြီးပါကွ** ဟု ပြောလိုက်ရာတွင် ရှေ့သို့တိုး၍ ရဲဝံ့စွာသွားဖူးကြောင်း စသည်ဖြင့် ဥဒါဟရုဏ်များနှင့်တကွ ပြောပြလေ့ရှိ၏။

မုတ်ကြီးသည် ပြောင်းရိုးစဉ်းရင်း ဤအကြောင်းအရာတို့ကို ပြောပြလေ့ရှိရာ။ ဇော်ဟိတ်သည် အနီးတွင်ထိုင်ကာ ကြားနာမှတ်သားလေ့ရှိ၏။ မုတ်ကြီးသည် မြင်းများကို ကိုင်ပုံ တွယ်ပုံ စီးပုံ ကျင့်ပုံတို့သာမက မြင်းရောဂါများကိုလည်း နားလည်သည်။ ထိုနယ်တစ်ဝိုက်၌ အသားကျစီးသော မြင်းများ၌လည်း မုတ်ကြီးသည် ချန်ပီယံမြင်းသမားဖြစ်၏။ အခြားမြင်းစီးသမား စီး၍ မြင်းပြုတ်၍ ရှုံးဖူးသောမြင်းကို မုတ်ကြီးကနိုင်အောင် စီးဖူးလေသည်။

ရက်အတန်ကြာသောအခါ၊ နံနက်၌ ဇော်ဟိတ်က မြင်းဇောင်းမှ အထက်သစ်သားတန်းကို ဖြုတ်ပေးလိုက်ရာတွင် ကျောက်နီသည် ဇောင်း



www.burmeseclassic.com

www.burmeseclassic.com



မြင်းသို့ခုန်ထွက်လာ၍ ဝင်းထဲ၌လေးငါးပတ်လှည့်ပြေးပြီးလျှင် စည်ပိုင်းထဲမှ ရေကိုသောက်နေတတ်၏။ ရေသောက်ရာတွင်လည်း နှုတ်သီးကိုနှာပေါက်ဝသို့ရောက်အောင် နှစ်၍သောက်သဖြင့် ဇော်ဟိတ်ကကျေနပ်၏။ အဘယ်ကြောင့်ဆိုသော် နှုတ်သီးဖျားကလေးလောက်သာ နှစ်၍သောက်တတ်သော မြင်းသည် သတ္တိညံ့တတ်သည်ဟု မှတ်ကြီးကပြောပြထားသည်ကို ကြားရဘူးသောကြောင့်ပေတည်း။ ဇော်ဟိတ်သည် ကျောက်နီ၏ ကျယ်ဝန်းသော ရင်အုပ်၊ နှာသီးနှင့်နဖူးပြင်တို့ကို မြင်ရသဖြင့်လည်း အားရကြေနပ်လျက်ရှိ၏။

ဇော်ဟိတ်မှာ ကျောက်နီ၏နားရွက်များကို ကြည့်ခြင်းအားဖြင့်လည်း စိတ်သဘောအခြေအနေကို အကဲခတ်တတ်လေပြီ။ နားရွက်များသည် ထောင်ချည်တစ်လှည့် လဲချည်တစ်ခါ နေတတ်ပေရာ နားရွက်ပေသည့်အခါ စိတ်ဆိုးခြင်းမဟုတ် ကြောက်ရွံ့ခြင်းကိုဖော်ပြ၍၊ ရှေ့သို့စွင့်နေသည့်အခါ စုံစမ်းခြင်းသို့မဟုတ် ကြေနပ်နှစ်သက်ခြင်းကို ဖော်ပြလေသည်။

ရှေးဦးစွာမှတ်ကြီးသည် ဇော်ဟိတ်အား ကျောက်နီကိုပါးချပ်နှင့် ဆွဲဖို့သင်ပေး၏။ ပါးချပ်တပ်ပြီးပေးပြီးနောက် ဇော်ဟိတ်ကကျောက်နီကိုဆွဲသည့်အခါ၊ ကျောက်နီသည် ရှေ့ခြေနှစ်ဖက်ကိုရှေ့သို့ တောင့်ကာ မလိုက်ဘဲ ရပ်နေ၏။ ဇော်ဟိတ်က ထန်းလျက်ခဲမပြဘဲ၊ ကြိုးတောင့်ရုံနှင့် လိုက်လာလေရာ နောက်ဆုံးတွင်ကြိုးမပါဘဲ ဇော်ဟိတ်ခေါ်ရာသို့ တကောက်ကောက် လိုက်ပါတတ်လေတော့သည်။

ထိုမှတစ်ဆင့်တက်သောအခါ ဇော်ဟိတ်သည် ပါးချပ်ကြိုးရှည်ကို အဖျားမှကိုင်လျက် စက်ဝိုင်းအလည်၌ ရပ်ပြီးလျှင်၊ လျှာဖြင့် တလပ် တလပ် မြည်ပေး၏။ ကျောက်နီသည် ရှေ့သို့လှမ်းတက်၍ စက်ဝိုင်းကိုပတ်ချာလှည့်ကာလျှောက်လေရာ အလေ့အကျင့်ရသောအခါတွင် လမ်းလျှောက်သွားဆဲ ဇော်ဟိတ်က တလပ် တလပ် မြည်ပေးလျှင် ကျောက်နီက သုံးချောင်းထောက်လှည့်ပြေး၏။ ဤမှတစ်ဖန် မြည်ပေးပြန်သော် ကျောက်နီသည် ကဆုန်စိုင်း၍ ပြေးလေတော့သည်။ မြင်းသတ္တဝါသည် ခြေထောက်ကို အသုံးပြုလျှင် ပျော်ရွှင်တတ်သော သဘာဝရှိသည့်အတိုင်း၊ ကျောက်နီသည် နောက်ဆုံးတွင် ဤကဲ့သို့လှည့်ပတ်ပြေးရခြင်းကို သဘောကျလျက်ရှိလေပြီ။ သို့ရာတွင် ကျောက်နီမှာ ဒွေဆိုးကလေး ပါလာလေသလော မဆိုနိုင်၊ ကောင်းမွန်စွာ နားထောင်နေရာမှ တစ်ချက်တစ်ချက် ဖောက်လာ၍ဇော်ဟိတ်ကို ကိုက်ချင် ကန်ချင်သော အကျင့်ဆိုးကလေး ဖော်ပြတတ်၏။ ဇော်ဟိတ်မှုကား ဖြတ်လတ်သော လူငယ်ကလေး





ဖြစ်၍ ထိခိုက်မိသည်ဟူ၍မရှိချေ။ ဖခင် ဦးသာစုကမူ စွမ်းစွမ်းတမံ ထူးချွန်ချင်သော မြင်းသာမှန်လျှင် ရုံဖန်အကျင့် ဆိုးကလေးရှိရမည်။ ကျွဲလိုမြင်းသည် မချွန်နိုင်ဟု ပြော၍ ကျေနပ်လျက်ရှိ၏။ ဇော်ဟိတ်၏ ဖြတ်လတ်ခြင်းကို ဂုဏ်ယူမိလေသည်။

သို့ရာတွင် ဦးသာစုသည် ကြိုးရှည်ပါးချပ်နှင့် လှည့်ပတ်ပြေးတတ်အောင်သင်ပေးခြင်းကိုမူ သဘောမတူခဲ့ချေ။ မင်းတို့ဟာက၊ ဆပ်ကပ်ပွဲကလိုမျက်လှည့်ပြစားတဲ့ မြင်းမျိုးဖြစ်ကုန်တော့မယ်ကွ၊ မြင်းဆိုတာမျိုးဟာ သိပ်ပြီးယဉ်အောင် သင်ထားလို့မကောင်းဘူးကွ၊ ယဉ်လွန်းတဲ့မြင်းဟာ မစွန့်ချင်တတ်ဘူး။ သခင်ကိုညာစားပြီး၊ အပါးထုတ်တတ်တယ် ဟု ကန့်ကွက်တတ်လေသည်။

ကျောက်နီကို ကုန်းနှီးတင်ဖို့ ကျင့်ပေးရသောအလုပ်မှာ အတော်ပင်ခဲယဉ်း၏။ ကုန်းနှီးမှာ မြန်မာကုန်းနှီးဖြစ်လေရာ ကျောက်နီကျောပေါ်သို့ ကုန်းနှီးတင်၍ ဝမ်းပတ်ကြိုးတပ်မပြီးမီ၊ ကျောက်နီသည် ပတ်ပတ်ရပ်၍လည်းကောင်း၊ နောက်ခြေများကို မြှောက်ကန်၍လည်းကောင်း၊ ကိုယ်ကိုခါချခြင်းဖြင့်လည်းကောင်း၊ ကုန်းနှီး ကိုကျောပေါ်မှ လွင့်စင်ကျသွားစေ၏။ ဝမ်းပတ်ကြိုးမပတ်သေးမီ ကုန်းနှီး ကိုတင်လိုက်ရင်း ခါချလိုက်ရင်း၊ ကောက်တင်လိုက်ရင်း ပေါက်ချလိုက်ရင်း ဖြင့် မြင်းရောလူပါ မောဟိုက်သည်တိုင်အောင် အထပ်ထပ်ပြုလုပ်ရ၏။ နောက်ဆုံး၌မှတ်ကြီးနှင့်ဇော်ဟိတ်တို့ ချွေးလုံးကြီးများကျ၍ ကျောက်နီလည်း ခြေတစ်ဘက်ကိုမျှ မကြွနိုင်အောင်ရှိသောအခါမှ ကုန်းနှီးတင်ထားသည်ကို ငြိမ်လျက် ခံနေလေတော့သည်။ ဤတွင် ဝမ်းပတ်ကြိုးတင်ပေးမည်ဟု ချဉ်းကပ်ရာ၌လည်း ကိုက်လား ကန်လား လုပ်ပြန်တော့သည်။ ဤနည်းအားဖြင့် ရက်ပေါင်းများစွာလေ့ကျင့်ပေးသောအခါမှ ကျောက်နီသည် ကျောပေါ်၌ ကုန်းနှီးတင်၍ ဝမ်းပတ်ကြိုးဖြင့် တင်းကြပ်အောင် စည်းထားခြင်းကို ခံလေတော့သည်။

ကုန်းတင်ခံသည့်နောက် ကုန်း ယဉ် သွားအောင်ပစ်ထား၍၊ ဖြုတ်ချီတပ်ချီ လုပ်ပေးခြင်းအားဖြင့် ကုန်းနှီးသည် သူ့အားအန္တရာယ်တစ်စုံတစ်ခုမပြုတတ်သည့်အဖြစ်ကို ကျောက်နီသိသွားအောင်လုပ်ပေးရ၏။ ထို့နောက် ဇက်ခွန့်ဖို့လေ့ကျင့်ပေးရပြန်ရာ၊ မှတ်ကြီးသည် ကျောက်နီ၏ပါးစပ်ထဲ တစ်ခုခွန့်ထားခြင်းကို ခံစေခြင်းငှာ နွယ်ချိုတစ်စကို ခွန့်ပေးထား၍ ဇော်ဟိတ်အား သင်ပြ၏။ ဤအလုပ်များကို မှတ်ကြီးကိုယ်တိုင်မလုပ်ဘဲ ခခ-၁၂



www.burmeseclassic.com

www.burmeseclassic.com



နှစ်သားမျှသာရှိသော ဇော်ဟိတ်လုပ်တတ်အောင် သင်ပြရုံမျှ သင်ပြပေးလေသည်။ မှတ်ကြီးက ငါပါကူပြီး အတင်းခွန့်ပေးရင်တော့ ဖြစ်တာပေါ့။ ဒါပေမယ့် ခွတ်လုပ်ရင်မြင်းပျက်တယ်ကွ။ ဆင်တစ်စ,မြင်းတစ်စ,ဆိုတဲ့ စကားအတိုင်း တစ်စတစ်စ တဖြေးဖြေး သင်ပေးရတယ်၊ တစ်ခါတည်း အတင်းမလုပ်လိုက်ရဘူး၊ တစ်ခါလန့်သွားရင် နောင်ကိုဇက်ခွန့်တိုင်း၊ လန့်လန့်ပြီး ကလန်ကဆန်လုပ်တတ်တယ်ဟု ပြောပြလေသည်။

ဇက်ခွန့်ခံ၍ ဦးခေါင်းတွင် အုပ်ခက်တတ်ထားသောအခါ၊ ကျောက်နီသည် ဦးခေါင်းကိုဝဲယာသို့ ရမ်းခါ၍ ဇက်ကိုလျှာနှင့်ထိုးပြီး ရင်းထိုးထုတ်ဘို့ကြိုးစားနေသဖြင့် ပါးစောင်တစ်ဘက်တစ်ချက်၌ သွေးများစို့လာ၏။ ထို့ပြင် အုပ်ခက်ကို ဦးခေါင်းမှပြုတ်ကျစေရန်၊ တိုင်နှင့်ပွတ်ချ၏။ နားရွက်များသည် ရှေ့တိုးနောက်ငင်ဖြစ်နေ၍ မျက်လုံးများမှာလည်း ရဲရဲနီလျက် မကျေနပ်သော အမူအရာကိုဖော်ပြ၏။ ဦးသာစုကမူ ဤအခြင်းအရာများကို ရပ်ကြည့်ရင်း၊ မကြုံဖူးအောင် ထူးသောမြင်းတစ်ကောင် ဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်၏။ ဖြစ်ထွန်းမည့်မြင်းမှန်လျှင် လေ့ကျင့်ဖို့ မလွယ်ကူတတ်ဟူ၍ ပြောပြရာ၊ မှတ်ကြီးကလည်း ထောက်ခံလေသည်။

ဇော်ဟိတ်မှာ ပထမ ကျောက်နီ၏ကျောပေါ်သို့ တက်၍ထိုင်ရမည့် အချိန်ကာလကို ဝမ်းမြောက်စွာမြှော်လင့်မိရာမှ အထက်ပါအခြင်းအရာမျိုးကိုမြင်တွေ့ရသည့်အခါ၌ ခပ်လန့်လန့်ဖြစ်နေခဲ့လေပြီး တက်၍ထိုင်သည်နှင့် တပြိုင်နက်ပေါက်ချတော့မည်မှာ သေချာ၏။ မြင်းပေါက်ချ၍ ကျောပေါ်မှ လိမ့်ကျခြင်းသည် ရှက်ဖွယ်ရာ မဟုတ်သော်လည်း၊ တစ်ဖန်ပြန်မတက်နိုင်ခဲ့လျှင် ဖခင်နှင့် မှတ်ကြီးတို့၏ မျက်စိ၌ ရှက်စရာကြီးဖြစ်နေတော့မည်၊ ဇော်ဟိတ်မှာ ကျောက်နီကို ကုန်းတင်ဖို့ ကျင့်ပေးသော နေ့မှစ၍ အိပ်မက်ထဲတွင် မြင်းပေါ်မှ ဆယ်ကြိမ်မက လိမ့်ကျပြီးခဲ့လေပြီ။

ထိုအတောအတွင်း ကျောက်နီမှာ တစ်နေ့တခြား မြင်းခွင်ကျ လျက်ရှိလေပြီ၊ ခြေတံရှည်ကလေးနှင့် ကလန်ကလားရှိနေသော မြင်းကလေးတစ်ကောင်အဖြစ်မှ မြင်းလုပ်လာပြီဖြစ်၍၊ မြင်းကြီးတစ်ကောင်၏ အဆက်အကွင်းမျိုး ဖြစ်လာခဲ့လေပြီ။ အရပ်ပုသည်ကား မှန်၏။ သို့ရာတွင် ဆပ်ကပ်ပွဲထဲက ရှုတ်တလန် မြင်းပုကလေးများကဲ့သို့ အဆက်အကွင်းကျနစွာ ဖြစ်လာခဲ့လေပြီ။ ဇော်ဟိတ်၏ ဖြီးလိမ်းပွတ်တိုက်ခြင်းကြောင့် အမွေးများလည်း ဖိတ်ဖိတ်တောက်လျက် နေရောင်တွင် ရဲရဲနီ၍ အလွန်ချောမောလှပခဲ့လေပြီ။ ဇော်ဟိတ်





က ခွာအိုးများ မအက်မကွဲစေရအောင် ဆီသုတ်ပေးထားသဖြင့် ဖလားကိုမှောက်ထားသကဲ့သို့ ဝိုင်းဝိုင်းစက်စက် ရှိနေကြလေတော့သည်။

ဦးသာစုက "ကျောက်နီတော်တော်ထွားလာခဲ့ပြီ၊ ဟေ့ . . သင်္ကြန်တက်ပြီး နှစ်ဆန်းတစ်ရက်နေ့လောက်ကျရင်၊ မင်းတက်စီးနိုင်ပြီ ထင်တယ်။ ဘယ်နှယ့်လဲဟေ့ ဇော်ဟိတ်" ဟုမေးရာ၊ ဇော်ဟိတ်က ခပ်ရွံ့ရွံ့ဖြင့် "စီးမှာပေါ့ အဖေ" ဟုပြန်ပြောလိုက်၏။

ထိုနေ့မှစ၍ ရေတွက်သော် သင်္ကြန်ကျဖို့ ၁၅ ရက်ခန့်သာ လိုတော့သည်ဖြစ်၍၊ ကျောက်နီကို ကတ္တီပါကုန်းနှီးအသစ်ကလေးနှင့် တက်စီးရမည့်နေ့တွင် သင်္ကြန်မိုးရွာချ၍ ကုန်းနှီးသစ်ကလေး မပျက်စီးပါစေနှင့် ဟူ၍ ဇော်ဟိတ် ဆုတောင်းမိ၏။

ထိုအတောအတွင်း၌ ကျောက်နီသည် ဇော်ဟိတ်ကို ခင်မင်လျက်ရှိပြီဖြစ်၍၊ လယ်ကွင်းထဲ၌ လွှတ်ထားလိုက်ရာမှ ဇော်ဟိတ်က လေချွန်ခေါ်လိုက်လျှင်ပင် ပြေးလာတတ်လေပြီ။ ဇော်ဟိတ်မူကား ဤအခြင်းအရာအတွက် ကျောင်းသားများအပေါ်၌ အသားယူလှပေရာ၊ ကျောင်းသားကလေးများကလည်း လူ့ပြည်၌ ဇော်ဟိတ်ဖြစ်ရခြင်းကဲ့သို့ ကုသိုလ်ထူးချွန်သော အဖြစ်သည်မရှိတော့ပြီဟု အောက်မေ့ကြလေတော့သည်။ ဇော်ဟိတ်သည် မှတ်ကြီး၏ သွန်သင်ချက်အရ၊ ကျောက်နီကို ကိုင်တွယ်သည့်အခါတိုင်း လက်ကိုင်ပဝါတွင် ပျားရည်နံ့ကလေးရအောင် သုတ်လိမ်းထားလေ့ရှိ၏။

ဤရက်များအတွက် မှတ်ကြီးသည် ဇော်ဟိတ်အား မြင်းစီးခြင်းအတတ်နှင့် ပတ်သက်၍ တဖွဖွပြောပြလျက်ရှိ၏။

"မြင်းကျောပေါ်ရောက်တော့ လိမ့်မကျအောင်၊ မြို့ကိုဒူးနဲ့ ညှပ်ထားကွနော်၊ လက်နဲ့ လှမ်းကိုင်မထားနဲ့ကွ၊ သိပ်အရုပ်ဆိုးတယ်။ နည်းလမ်းမဟုတ်ပါဘူး။ လိမ့်ကျလဲဘာမျှ မကြောက်နဲ့။ မြင်းပေါ်ကလိမ့်ကျလို့ သေနိုင်တာမျိုး မဟုတ်ပါဘူး။ ဘယ်လောက် မြင်းစီးတော်တဲ့လူဖြစ်ဖြစ်၊ မြင်းကအဟုတ်ကျအောင် ပေါက်ချရင် ကျနိုင်တာချည်းပဲကွ၊ သို့သော် အရေးကြီးတာက ဘာလဲဆိုတော့၊ မြင်းက ပေါက်ချလို့ လူလိမ့်ကျပြီး ချက်ချင်းပြန်မတတ်နိုင်လို့ရှိရင် မြင်းကဟုတ်လှပြီ ထင်ပြီး သွေးကြီး သွားတတ်တယ်။ ဒီလိုဆိုရင် မြင်းကနိုင်ပြီး၊ လူကရှုံးသွားရော၊ လိမ့်ကျရင်း ပြန်တက်ရင်း လိမ့်ကျရင်း ပြန်တက်ရင်း လုပ်နိုင်မှ မြင်းက လက်ရှော့ပြီး နောင်ကိုပေါက်မချတော့တဲ့ ငြိမ်ငြိမ်ခံနေတယ်ကွ" စသည်ဖြင့် ပြောပြထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့မှာ မိုးမရွာပါစေနဲ့ဗျာ"

"ဘာကြောင့်လဲကွ၊ မင်းကစ္ဆို့လူးမှာကြောက်လို့လား"

"ဒါကြောင့်မဟုတ်ပါဘူးဗျာ၊ ကုန်းနှီးသစ်ကလေး ပျက်သွားမှာစိုးလို့ပါ"

စင်စစ်သော်ကား၊ ရှု့တွေနှင့်ချော်နေခဲ့လျှင်၊ ကျောက်နီသည် မိမိအပေါ်သို့ဖိလျက်ချော်လဲ၍ ပေါင်ကျိုးသွားမည်ကို တွေးတောမိသောကြောင့် ဖြစ်လေသည်။

ကျောက်နီကို ကုန်းနှီးတင်ပြီးသည့်နောက် ဇော်ဟိတ်သည် နန်းကွင်းပေါ်သို့ ခြေတစ်ဖက်တင်၍ စမ်းကြည့်၏။ သို့ရာတွင် နှစ်ဆန်းတစ်ရက်နေ့ မရောက်မချင်း လွှားတက်ဖို့ မကြံရှယ်ချေ။ အင်္ဂလိပ်ကုန်းနှီးဖြစ်ခဲ့လျှင် ခြေတင်ပြီး လွှားတက်နိုင်မည်ဖြစ်၍ အလွန်နေရာကျသည်ဟု ဇော်ဟိတ်စိတ်ကူးမိ၏။ မြန်မာကုန်းနှီးဖြစ်နေ၍ မှတ်ကြီးကဇက်ကို ကိုင်ပေးစဉ် ဇော်ဟိတ်က လွှားတက်ရမည်ဖြစ်လေသည်။ ဇော်ဟိတ်မှာ ဤမျှမကမြင့်သော ဘားတန်းပေါ်သို့ လွှားတတ်နိုင်ခဲ့လေပြီ။

သင်္ကြန်နီးကပ်လာလတ်သော် ဇော်ဟိတ်သည် ကျောက်နီကို ကုန်းနှီးတင်ပြီးနောက် ရှေ့မှဆွဲ၍ တစ်မိုင်နှစ်မိုင်မျှ အတူတကွလမ်းလျှောက်တတ်ကြလေသည်။

ဇော်ဟိတ်မှာ ဆုတောင်းမပြည့်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် သင်္ကြန်အကြိုနေ့ နံနက်တွင် အရုဏ်တက်ချိန်ဝယ် မိုးသည်းထန်စွာ ရွာသွန်း၍၊ ရွာအနီးလယ်ကွင်းများမှာ ရေများဖွေးလျက် ရှိခဲ့လေပြီ။ ဇော်ဟိတ်သည် နံနက် စောစောထ၍ ကျောက်နီ၏ခေါင်းသို့ချဉ်းကပ်သောအခါ မြင်းကလေးမှာ မိုးနံ့ကြောင့် အထူးမြူးလျက်ရှိ၏။ ထိုအချိန်၌မူ မိုးတိတ်သွားပြီဖြစ်၍ ကြက်များသည် အပြင်သို့ထွက်ကာ အစာကောက်လျက် ရှိကြ၏။ ကျောက်နီလည်း ခေါင်းပြင်သို့ထွက်၍ ခါတိုင်းကဲ့သို့ ပြေးချင်ဟန်တူ၏။ သို့ရာတွင် ဇော်ဟိတ်က ခြေထောက်များကို ရေစွတ်စို၍ အအေးမိသွားမည် စိုးသည်နှင့် မြင်းကိုအပြင်သို့ မလွှတ်ဘဲထား၏။

ကျောင်းသွားချိန်နီးလတ်သော် ဇော်ဟိတ်သည် မှတ်ကြီးနှင့် တွေ့၍ တိုင်ပင်ကြည့်ရာ၊ ဇော်ဟိတ်ကကျောက်နီကိုမလွှတ်ဘဲထားလိုက်သော်လည်း မှတ်ကြီးက

"ကိစ္စမရှိပါဘူးကွ၊ မြင်းကလေးဆိုတာ မိုးရွာရင်မြူးပြီးပြေးရမှ ကျန်း





မာတယ်၊ ခေါင်းထဲမှာလှောင်ထားရင် အညောင်းမိတယ်ကွ"

"မိုးရေစွတ်ပြီး အအေးမိသွားမှာ စိုးတယ်ဗျ"

"မရွာပါဘူးကွာ တိမ်ပုတ်တွေမရှိတော့ပါဘူး"

"ဒါဖြင့်မတော်လို့ မိုးရွာရင်၊ ကျောက်နီကို ခင်ဗျားသွင်းထားလိုက်မလား"

"အေးလေဦးကြီးနဲ့ ငါနဲ့မြို့အုပ်ဆီသွားစရာတော့ရှိတာဘဲ၊ အချိန်မီပြန်ရောက်ရင် သွင်းထားလိုက်မှာပေါ့၊ ဒါပေမယ့် မရွာပါဘူးကွာ ငါသိပါတယ်"

ဇော်ဟိတ်လည်း ကျောက်နီ၏ခေါင်းကိုဖွင့် လွှတ်လိုက်ရာ ကျောက်နီလည်း ရေများဖွေးနေသော လယ်ကွင်းများဆီသို့ခုန်မြူးကာ ပြေးသွားလေ၏။

ဇော်ဟိတ်သည် စိတ်တထင့်ထင့်နှင့် ကျောင်းသို့ထွက်လာရာ တစ်နာရီအတွင်း မိုးပေါက်များကျလာခဲ့လေပြီ။ မှတ်ကြီးမှာ စာကောင်းစွာ မတတ်သော်လည်း အမှတ်သညာ ကောင်းသူဖြစ်၍၊ အများအားဖြင့် မှန်ကန်အောင် အကဲခတ်တတ်၏။ မိုးပေါက်များသည် သက်ကယ်မိုးထားသော ကျောင်းပေါ်သို့ တဖြောက်ဖြောက် ကျစပြုကတည်းက ဇော်ဟိတ်သည် ဦးခေါင်းကြီးသွား၍ နားထင်များ ပူတက်သွားလေရာ ထိုထက်သည်းထန်စွာရွာသော အခါတွင်မူကား၊ ဇော်ဟိတ်မှာစာထဲ၌ စိတ်ရောက်မည်ဝေးစွ။ ဖင်တကြွကြွ ဖြစ်နေလေတော့သည်။ ကိုဇော်ဟိတ်သည် လက်တစ်ချောင်း ထောင်ပြ၍ အပြင်သို့ ထွက်ခွင့်တောင်းပြီးလျှင် အိမ်ပြန်ပြေး၍ မြင်းကို ခေါင်းထဲသို့ သွင်းဖို့ စိတ်ကူးမိသေး၏။ သို့ရာတွင် ပေါ်ပေါက်သွားပါက အရိုက်ခံရမည် ကြောက်သည်နှင့် ကိုမှတ်ကြီး သွင်းထားကောင်းပါ၏ဟု မျှော်လင့်ချက်ဖြင့် အောင့်အီးနေရလေ၏။

ကျောင်းဆင်းချိန်၌ မိုးသည်းထန်စွာရွာဆဲ ဖြစ်သော်လည်း ဇော်ဟိတ်သည် သင်္ကုလပ်ဦးထုပ်ကလေးဆောင်းလျက် မိုးထဲတွင်ပြေးလာခဲ့၏။ ရွာပြင်သို့ရောက်၍ လယ်ကွင်းထဲ၌ ရပ်နေသောကျောက်နီကို မြင်သောအခါ ဇော်ဟိတ်သည် ခါးတောင်းမြောင်လုအောင်ကျိုက်၍ ခြေကုန်ပြေးသွားပြီးလျှင်မြင်းကို ဦးစွန်းဖုတ်မှ ကိုင်ဆွဲလျက် ခေါင်းထဲသို့ ဆွဲသွင်းခဲ့၏။ ရင်ထဲ၌ကား အအေးမိချေတော့မည်လောဟု တဒိတ်ဒိတ် လှုပ်ခုန်လျက်ရှိ၏။ ထိုအတောအတွင်း လေပြင်းတိုက်ခတ်သဖြင့် တစ်ချက်တစ်ချက်တုန်သွားလေ၏။ ဇော်ဟိတ်သည် ဂုန်နီအိတ်တစ်လုံးဖြင့် တစ်ကိုယ်လုံးပွတ်တိုက်ပေး၍ ခြောက်သွေ့သောအခါမှ အိမ်ဘက်သို့တက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုတ်ကြီးနှင့်ဦးသာစုတို့မှာ မြို့အုပ်အိမ်မှ ပြန်မရောက်ကြသေးချေ။ ဒေါ်ဂျမ်းဖြူမှာ နေလှန်းထားသော စပါးများကို ကတိုက်ကရိုက်သိမ်းနေရသည့်အတွက်ကြောင့် ကျောက်နီကိုသတိမရနိုင်ဘဲ ရှိ၏။ ဇော်ဟိတ်သည် နံရွေးမျှောထားသော ကုလားပဲအနည်းငယ်ကိုယူလာ၍ ကျောက်နီအားကျွေးသော်လည်း၊ ကျောက်နီမှာ အနည်းငယ်မျှသာ မြည်း၍တစ်ချက်တစ်ချက်တုန်လှုပ်ရှိ၏။ ကျောပြင်မှာမူ အငွေ့တချောင်းချောင်း ထွက်လျက်ရှိ၏။

ညနေခင်း၌ မုတ်ကြီးတို့ပြန်ရောက်လာသောအခါ . . .

"ကိုမုတ်ကြီးကလဲ မိုးမရွာဘူးဆိုဗျာ"

"ဟုတ်ပါရဲ့ ငါ့လူရာ၊ ငါဒီတစ်ခါ လွဲသွားတယ်ကွာ၊ ကျောက်နီ နီသွားရောလားဟေ့"

"ရွဲရွဲစိုလို့ဗျာ"

"ကိစ္စမရှိနိုင်ပေါင် ကိုယ့်လူရာ၊ မြင်းဆိုတာ မိုးကလေး တစ်ခါတစ်လေမိလို့ ကိစ္စမရှိနိုင်ပါဘူးကွ"

ဦးသာစုသည် ထိုစကားကိုကြား၍ . . .

"ကျောက်နီမိုးစွတ်တာ ဘာဖြစ်သလဲကွ၊ မြင်းပဲ၊ လူမှတ်လို့။ လူတောင် တစ်ခါတစ်လေ မိုးစွတ်ခံရသေးတာပေါ့ကွ။ ဒါလောက်နဲ့ ဘာမှ ကိစ္စမရှိပါဘူးကွ"

ထမင်းပွဲ၌ မိခင်သည် ဇော်ဟိတ် စိတ်မကောင်းသည်ကိုသိ၍၊ ဟင်းဖတ်ကလေးများကို ဇော်ဟိတ် ပုဂံများထဲသို့ ရွေးထည့်ပေးသော်လည်း၊ ဇော်ဟိတ်မှာအား ကောင်းစွာထမင်းစားနိုင်ချေ။ ထိုအခါ ဦးသာစုက

"လူဖြစ် ဖြစ် . . တိရစ္ဆာန်ဖြစ်ဖြစ် ဂရုစိုက်လွန်းရင် မကောင်းဘူးကွ၊ ငါတကယ် အမြင်ကပ်တယ်"

ဟုပြော၏။ မုတ်ကြီးမှုကား ဇော်ဟိတ်မျက်နှာမကောင်းခြင်းကို မြင်၍ မိမိ၏အပြစ်ပင်ဖြစ်သည်ဟု သဘောထားကာ အားနာလျက်ရှိ၏။

ထမင်းစားပြီးသောအခါ မုတ်ကြီးနှင့်ဇော်ဟိတ်တို့သည် လက်ဆွဲမှန်အိမ်တစ်လုံးဖြင့် မြင်းဇောင်းသို့သွားကြ၏။ ဇော်ဟိတ်က မှန်အိမ်ကို ကိုင်ထားစဉ်၊ မုတ်ကြီးသည် ကျောက်နီအနီးသို့ ချဉ်းကပ်၍ ခြေထောက်များကို စမ်းသပ်ခြင်း၊ နှာသီးဖျားသို့ပါးနှင့် ကပ်ကြည့်ခြင်း၊ မျက်ခွံလှန်၍ မျက်လုံးများကိုကြည့်ခြင်း၊ နှုတ်ခမ်းကိုဖြဲ၍ သွားဖုံးများသို့ကြည့်ခြင်း၊ နားရွက်ကလိုင်ထဲသို့ လက်ချောင်းလျှိုစမ်းခြင်း စသည်ဖြင့် အမျိုးမျိုးစမ်းသပ်လေ၏။





နောက်ဆုံးတွင်မှ . . .

"နည်းနည်းတော့ အအေးမိသွားတယ်ဟေ့၊ ငါပွတ်ပေးဦးမယ်"

ဟုပြော၍၊ မုတ်ကြီးသည် ဂုန်နီအိတ်တစ်လုံးဖြင့် ကျောက်နီ၏ ခြေထောက် ရင်ဘတ်နှင့် ကျောက်ကုန်းတို့ကို ပွတ်တိုက်ပေးလေ၏။ အခါတိုင်း၌မူ ကျောက်နီသည် ဇော်ဟိတ်မှတပါး မည်သူမှကိုင်တွယ်ခြင်း မခံသော်လည်း ယခုမှာမူ ငြိမ်ဝပ်စွာ ခံနေလေ၏၊ နောက်ဆုံး၌ မုတ်ကြီးသည် မိမိခြုံသော သက္ကလပ်စောင်ကိုယူခဲ့၍ ကျောက်နီ၏ကျော၌ လွှမ်းပြီးလျှင်၊ ဝမ်းဗိုက်နှင့် လည်ပင်းတို့တွင် ကြိုးဖြင့်ချည်ပေးလေ၏။

"ကိုင်း . . . တော်လောက်ပါပြီ၊ မနက်ကျတော့ နေကောင်းသွားမှာပါ ငါ့လူရာ"

နံနက်မလင်းသေးဘဲ မှိုင်းမှိုင်းကြီးရှိသေးသော အချိန်တွင်၊ ဇော်ဟိတ်သည် အိပ်ရာမှထလာ၍ မြင်းဇောင်းသို့ပြေးလာခဲ့ရာ၊ မြင်းချောင်းဆိုးသော အသံကြားသည်နှင့် ရင်ထဲ၌ဒိတ်ကနဲဖြစ်သွား၏။ ဇောင်းသို့ရောက်သောအခါ မုတ်ကြီးသည် လက်ဆွဲမှန်အိမ်ကို အနီးတွင်ချထား၍ ကျောက်နီ၏ရင်ဘတ်နှင့် ခြေထောက်များကို သူ၏လက်ကြမ်းကြီးဖြင့် ပွတ်သပ်ပေးနေသည်ကိုတွေ့ရ၏။

"ကိစ္စမရှိပါဘူး ငါ့လူရာ၊ နည်းနည်းအအေးမိသွားတာပါ။ တစ်ရက်နှစ်ရက်နေ ပျောက်သွားမှာပါကွ"

ဇော်ဟိတ်သည် ဘာမျှပြန်မပြောဘဲ ကျောက်နီကိုလှမ်းကြည့်လိုက်ရာ၊ မျက်လုံးမပွင့်တပွင့်ဖြင့် ထူးအံ့န်းသောမျက်ခွံများရှိနေသည်ကို တွေ့ရ၏။ မျက်လုံးထောင့်၌ကား မျက်ဝတ်များခြောက်နေသည်ကို မြင်ရ၏။ ဦးခေါင်းမှာ ခပ်ငိုက်ငိုက်ရှိ၍ နားရွက်များလည်း တွဲကျလျက်ရှိ၏။ ဇော်ဟိတ်က လက်လှမ်းပေးသော်လည်း ကျောက်နီသည် ဇော်ဟိတ်၏လက်ဆီသို့ ဦးခေါင်း ရွေ့မလာတော့ချေ။ ထို့နောက် ချောင်းတစ်ချက်ဆိုးလိုက်ရာ ကျောက်နီ၏ တစ်ကိုယ်လုံး တုန်သွားတော့၏။ နှာသီးမှာလည်း နှာရည်အနည်းငယ် ယိုစီးကျလာ၏။

"ကျောက်နီ သိပ်နေမကောင်းဘူး ထင်တယ်ဗျာ၊ ကိုမုတ်ကြီး"

"နည်းနည်းပါးပါးပါကွ၊ မင်းတော့ ကျောင်းတိုသာ သွားပါ။ ငါကြည့်လုပ်ပေးပါ့မယ်"

"ခင်ဗျားက ဒီပြင်အလုပ် လုပ်စရာရှိတော့ သူ့တစ်ကောင်ထဲ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ဗျာ"

"ငါ့ဘာမှမလုပ်ဖူး စိတ်သာချ၊ ကျောက်နီ နေလို့မကောင်းမချင်း ဘာအလုပ်မှ ငါမလုပ်ဘူး"

ဇော်ဟိတ်သည် နံနက်စာထမင်းကို တစ်လုတ်၊ နှစ်လုတ်မျှသာစား၍ ကျောက်သင်ပုန်းယူကာ ကျောင်းသို့သွားလေရာ၊ ဒေါ်ဂျမ်းဖြူသည် သားကလေး စိတ်ညစ်သည်ကို ရိပ်မိ၍ ဆံပင်ကိုပွတ်သပ်ရင်း . . .

"မှတ်ကြီး ကုပေးပါလိမ့်မယ် သားရယ်၊ မှတ်ကြီးက မြင်းဆရာဝန်ပါကွဲ၊ ကောင်း ကောင်းနားလည်ပါတယ်"

ဟုပြောသော်လည်း ဇော်ဟိတ်မှုကား မကြည်ရွှင်လှဘဲ ကျောင်းသို့သွားလေ၏။

ကျောင်း၌ ဘာစာတစ်လုံးမျှ နားမဝင်ခဲ့ဘဲ ဇော်ဟိတ်သည် အချိန်ကုန်သည့်တိုင်အောင် တက်ခဲ့၍၊ ကျောင်းဆင်းချိန်၌ ပြန်လာသောအခါ သတင်းကောင်းကြားရလိမ့်မည်ဟု မမျှော်လင့်သည်နှင့် အိမ်သို့ရောက်မည်ကို ပင်ကြောက်နေလေတော့သည်။ အိမ်သို့ရောက်၍ စာအုပ်များနှင့်တကွ၊ မြင်းဇောင်းသို့တန်းသွားသောအခါ၊ မှတ်ကြီးသည် ကတိအတိုင်း ကျောက်နီအနီး၌ကြပ်မတ်၍ ကုသလျက်ရှိသည်ကို တွေ့ရ၏။ ကျောက်နီမှုကား၊ ရောဂါတိုးလျက်ရှိလေပြီ။ မျက်လုံး မဖွင့်တဖွင့်ရှိရာမှ လုံးဝမှိတ်ထား၍ အသက်ရှူသော လေသံမှာလည်း နှာခေါင်းထဲ၌ တစ်စုံတစ်ခုကိုတိုက်၍ ထွက်လာရသကဲ့သို့ ရှီကနဲ ရှီကနဲ မြည်နေတော့၏။ မျက်လုံးအကြည်ပေါ်တွင်လည်း အမှေးဖုံးအုပ်နေသကဲ့သို့ ကြည်လင်စွာ မရှိတော့ချေ။ ကျောက်နီသည် အသက်ရှူကြပ်ဟန်ဖြင့် မကြာခဏ နှာမှုတ်သော်လည်း သက်သာ ရဟန်မတူချေ။ အမွေးများမှာလည်း ဖိတ်ဖိတ်တောက်ခဲ့ရာမှ စုတ်ဖွားဖွား ညစ်ထပ်ထပ်ရှိနေ၏။ ဇော်ဟိတ်သည် အလွန်စိတ်ပျက်ဝမ်းနည်းသော မျက်နှာဖြင့် ကျောက်နီကို ကြည့်နေပြီးနောက်။

"ကိုမှတ်ကြီး။ ကျွန်တော့မြင်းကလေး နေကောင်းပါဦးမလားဗျာ"

မှတ်ကြီးသည် အဖြေမပေးဘဲ ဇော်ဟိတ်၏လက်ကိုယူ၍ ကျောက်နီ၏ပါးချိတ်အောက်သို့ စမ်းကြည့်စေရာ၊ အကြိတ်ကြီးတလုံးကို တွေ့ရ၏။

"ဒီအကြိတ် ကြီးလာတော့မှ ငါက ခွဲပေးရမယ်ကွ၊ ခွဲပြီးရင် ပျောက်မှာပါကွာ"

"ဒီဟာ ဘာဖြစ်တာလဲဗျ"





"ဆုံဆို့နာခေါ်တယ်ကွ၊ မပူပါနဲ့ကွာ ငါကုပေးပါမယ်။ ဒီထက်ဆိုးတာတွေတောင် ငါကုပေးလို့ ပျောက်တာတွေအပုံကြီးပါပဲ။ ကိုင်း ရေနွေးငွေ့နဲ့လုပ်ပေးဦးမယ်။ မင်းကကူပေးနော်"

မှတ်ကြီးသည် ရွက်ဖျင်အိတ်ရှည်ကြီးတခုထဲသို့ ဖွဲကြမ်းများထည့်၍၊ ကာဘော်လစ်ဆီနှင့် တာလပင်ဆီအနည်းငယ် လောင်းထည့်ပြီးလျှင်၊ အိတ်ရှည်ကြီးကို မြင်း၏နှာခေါင်းတွင် စွပ်ပေး၍ မြင်းဦးခေါင်းတွင် ကြိုးနှင့် ချည်ထား၏။ ထို့နောက် ဇော်ဟိတ်ယူလာခဲ့သော ရေနွေးကရားဖြင့် ရွက်ဖျင်အိတ်နံဘေးတွင်ရှိသောအပေါက်ငယ်မှ ရေနွေးများ လောင်းထည့်လေ၏။ အခိုးအလျှံများ တက်လာသောအခါ၊ ကျောက်နီသည် တွန့်ဆုတ်သွားရှာ၏။ သို့ရာတွင် အငွေ့များကို ရှူရှိုက်မိသောအခါ၊ ကျောက်နီမှာ အသက် ရှူချောင်လာသည့် လက္ခဏာဖြင့် ငြိမ်သက်စွာ ခံနေ၏။ မှတ်ကြီးသည် ရေနွေးများ ဖြည့်စွက်လောင်းထည့်၍ ၁၅ မိနစ်ခန့်ကြာအောင် အိတ်ကိုစွပ် ပေးထား၏။ နောက်ဆုံး၌ မှတ်ကြီးသည် အိတ်ကိုဖြုတ်ယူလိုက်ရာတွင်၊ မြင်း အသက်ရှူချောင်၍ မျက်လုံးများပွင့်လာသဖြင့် သက်သာသည့် လက္ခဏာရှိ၏။

ထို့နောက် မှတ်ကြီးသည် ကျောက်နီကိုသက္ကလပ်စောင်ကြီးခြုံပေး၍ ကြိုးများနှင့် သိုင်းပေးပြီးနောက် ပျောက်ပါလိမ့်မယ်ကွာ၊ သိပ်မပူပါနဲ့ ဟု ပြောသဖြင့် ဇော်ဟိတ်မှာ အတော်အတန် အားတက်လာ၏။

"ဒီနေ့ည ကျုပ်စောင့်အိပ်မယ်ဗျာ"

"မလုပ်ပါနဲ့ ငါ့လူ မလိုပါဘူး၊ ငါစောင့်ကြည့်ပေးပါ့မယ်။ လိုတော့မှ ငါခေါ်ပါ့မယ်"

ညစာထမင်း စားကြသောအခါ၊ ဦးသာစုသည် မေးမြန်းခြင်းမပြုဘဲ ဇော်ဟိတ်တို့၏ အကဲသာကိုသာ ခတ်နေ၏။ မှတ်ကြီးကလည်း မည်သို့မျှ မပြောဘဲ၊ တိတ်ဆိတ်စွာ စားသဖြင့် ထမင်းပွဲမှာ အလွန်ဆိတ်လှ၏။ မှတ်ကြီးက မြင်းဇောင်းထဲ၌အိပ်ရန် ဆင်းသွားသောအခါ၊ ဦးသာစုသည် ဇော်ဟိတ်အား အင်္ဂလိပ်တက်လာစဉ်က ခုခံတိုက်ခိုက်ကြသော မြင်းနယ်သား လူစွမ်းကောင်းများအကြောင်းကို ပြောပြ၏။ ဇော်ဟိတ်မှုကား လက်ပေါ်တွင် မေးတင်ကာ ငိုင်လျက်ရှိ၏။ ဦးသာစုသည် မိမိပြောသောပုံဝတ္ထုများကို ဇော်ဟိတ် နားမကြားကြောင်းသိရှိ၍ စာအုပ်ကိုယူဖတ်လေရာ၊ ဇော်ဟိတ်သည် လက်ဆွဲမှန်အိမ်ကိုယူ၍ မြင်းဇောင်းသို့ဆင်းသွား၏။ မှတ်ကြီးမှာ ကောက်ရိုးပုံပေါ်၌ အိပ်ပျော်လျက်ရှိရာ၊ ဇော်ဟိတ်သည် အတန်ငယ် အသက်ရှူချောင်နေပုံရသော



www.burmeseclassic.com

www.burmeseclassic.com



ကျောက်နီကိုကြည့်၍ အိမ်ပေါ်သို့ ပြန်တက် သွား၏။

ဒေါ်ဂျမ်းဖြူက "မပူပါနဲ့ သားရယ်၊ မှတ်ကြီးနားလည်ပါတယ်ကွဲ့။ ပျောက်ပါလိမ့်မယ်"ဟု ပြောသော်လည်း၊ ဖော်ဟိတ်သည် အသက်ပင့်ရှူ လျက် အိပ်ရာသို့ ဝင်သွားလေ၏။

နံနက်လင်း၍ မှတ်ကြီးသည် ဖော်ဟိတ် မထမီရောက်လာသဖြင့်၊ ဖော်ဟိတ်က "ဘယ်နှယ်လဲဗျို့" ဟုမေးလိုက်ရာ "တော်ပါရဲ့ကွ။ ဒီနေ့ သူ့ အကြိတ်ကြီး ခွဲပေးရမယ်ဟေ့၊ ခွဲပြီးရင် ပျောက်ကောင်းပါရဲ့ကွာ"ဟု ပြန်ပြော ၏၊

မှတ်ကြီးသည် ဖ–နံပတ်မောင်းချားကို ထက်လှအောင်သွေး၍ ခြေသလုံးမွေးပြတ်မှ ကျေနပ်တော့၏။ ဖော်ဟိတ်မူကား မြင်းဖောင်းသို့ သွား မကြည့်တော့ဘဲ မှတ်ကြီးကိုသာ စောင်းကြည့်နေတော့၏။ ဓားသွေးပြီးသော အခါ မှတ်ကြီးနှင့်အတူ ဖောင်းသို့လိုက်သွားရာ၊ ကျောက်နီမှာ ရောဂါတိုး လျက်ရှိသည်ကို တွေ့ရ၏။ မျက်လုံးများမှာ မျက်ချေးခြောက်များ ဖုံးနေ၍ ဖွင့်မကြည့်ချေ၊ ဦးခေါင်းမှာလည်း ငိုက်စိုက်ဖြစ်နေသဖြင့် နှာခေါင်းနှင့် မြေကြီး ထိလုမတတ် ရှိနေ၏။ အသက်ရှူရှိုက်တိုင်း ညည်းတွားသံပါသည် ကို ဖော်ဟိတ်ကြားရ၏။

မှတ်ကြီးသည် မြင်း၏ဦးခေါင်းကို ကိုင်မြှောက်၍၊ ပါးချိတ်အောက် တွင် ဓားဖြင့်ဆတ်ခနဲ ခွဲလိုက်ရာတွင်၊ ပြည်များ ပန်းထွက်လာ၏။ ဖော်ဟိတ် ကမြင်းခေါင်းကို ထူပေးထားစဉ်၊ မှတ်ကြီးသည် အနာကိုဆေးကြော၍ ဆေး ထည့်ပေး၏။

"ကောင်းသွားမှာပါ။ ပြည်တွေထွက်သွားတာ မြင်တယ်မဟုတ် လား။ ဒါတွေကြောင့် နေမကောင်းတာကွ၊ ပြည်ထုတ်ပစ်လိုက်ပြီး ကောင်းသွား မှာ"

'သိပ်မှိုင်တာပဲဗျာ'

"ကိစ္စမရှိပါဘူးကွ။ တော်တော်ကြာတော့ လန်းလာမှာပါ"

"ဟုတ်ပါ့မလားဗျာ"

"ဟုတ်ပါတယ်ကွ။ ကိုင်း မင်းစောင့်ကြည့်ရစ်ဦးနော်။ အရေးကြီးရင် ငါ့ပြေးခေါ်လာ"

မှတ်ကြီး ထွက်သွားပြီးနောက် ဖော်ဟိတ်သည် ကျောက်နီ အနီးတွင် ရပ်ကာ နားရွက်ကလေးများကို ပွတ်သပ်ပေးနေ၏။ ကျောက်နီမှာမူ ဖော်





ဟိတ်ကိုသိတော့သည့် လက္ခဏာမရှိဘဲ ငိုင်လျက်သာ နေလေတော့သည်။ ထိုခဏ၌ ကောက်ရသည် အမြီးနံ့ကာ ပြေးလာ၍ ဖော်ဟိတ်ကို ပလူးနလူး လုပ်လေရာ၊ ဖော်ဟိတ်မှာ ကျောက်နီ မကျန်းမာနေခိုက်တွင် ကျန်းမာနေသော ခွေးကို မကြည့်လိုသည်နှင့် ကန်ကျောက်လိုက်သဖြင့်၊ ခွေးလည်း ဂိန်ခနဲ မြည် ကာ ထွက်ပြေးလေတော့သည်။

အတန်ကြာသော် မှတ်ကြီးရောက်လာ၍ ရှေးနည်းအတိုင်း ရေနွေး ငွေ့ ပေးပြန်၏။ သို့ရာတွင် အနည်းငယ် အသက်ရှူချောင်လာခြင်းမှတစ်ပါး၊ ထူးခြားခြင်းမရှိဘဲ၊ ဦးခေါင်းငိုက်စိုက်သာ နေလေတော့သည်။ ထိုရက်များမှာ သကြံန်တွင်းဖြစ်၍၊ ဖော်ဟိတ်မှာ ကျောင်းမတတ်ရချေ။

ထိုညနေ၌ ဖော်ဟိတ်သည် မည်သူ့ထံမှ ခွင့်မတောင်းဘဲ၊ အိပ်ရာ လိပ်ကို ဖောင်းထဲသို့ ရွှေ့လာခဲ့၏။ မိခင် ဖခင်တို့သည် မည်သို့မျှမပြောဘဲ တစ်ယောက်၏မျက်နှာ တစ်ယောက်ကြည့်ကာ ကျန်ရစ်ကြ၏။ ဖော်ဟိတ် သည် မြင်းဖောင်းကိုပိတ်ဖို့မလိုတော့ဆို၍၊ ကောက်ရိုးပုံပေါ်၌ အိပ်လေရာ၊ မှတ်ကြီးမှာ တစ်လှည့်အနားယူ၍ အိမ်ထဲ၌အိပ်၏။ ဖော်ဟိတ်သည် မကြာ ခဏထ ကြည့်၍၊ မှတ်ကြီး မှာထားသည့်အတိုင်း ကျောက်နီ၏ခြေထောက် များကိုပွတ်ပေး၏။ သန်းခေါင်ကျော်သောအခါမှ ဖော်ဟိတ်အိပ်ပျော်သွား ၍ တရေးနိုးလာသဖြင့် ထကြည့်လိုက်သောအခါ၊ ဖောင်းထဲ၌ ကျောက်နီ မရှိ တော့ချေ။ ဖော်ဟိတ်သည် မှန်အိမ်ကိုဆွဲယူ၍ အပြင်သို့ထွက်ကြည့်ရာတွင်၊ ဦးခေါင်းငိုက်ဆိုက်ဖြင့် တရွေ့ရွေ့လှမ်းသွားနေသော ကျောက်နီကို မြင်သဖြင့်၊ ဦးစွန်းဖုတ်မှ ဆွဲသွင်းလာခဲ့၏။ ကျောက်နီ၏ အသက်ရှူသံသည် တရှိုးရှိုး မြည်အောင် ပြင်းထန်လေရာ၊ ဖော်ဟိတ်လည်း ကောက်ရိုးပုံပေါ်သို့ ပြန်မတက် တော့ဘဲ စောင့်ကြည့်နေလေ၏။

မိုးမလင်းမီ မှတ်ကြီးရောက်လာ၍ မြင်းကိုကြည့်လျက်ငေးနေ၏။ ထိုနောက်မှ . . .

"ငါ့လူရာ တဆိတ်လောက် မင်းရှောင်နေလိုက်စမ်းကွာ"

"ဘာကြောင့်လဲ ကိုမှတ်ကြီး"

"မင်းမကြည့်ရက်တာ ငါလုပ်ရလိမ့်မယ်ကွ"

"အမယ်လေး၊ ပစ်သတ်လိုက်တော့မလို့လားဗျာ ကိုမှတ်ကြီး"

"မဟုတ်ပါဘူးကွ နှာခေါင်းပိတ်နေလို့ အသက်ရှူမဖြစ်တော့ဘူးကွ။ လည်ချောင်းကို နည်းနည်းဖောက်ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဟိတ်မှာ လည်ချောင်းခွဲပေးခြင်းကို မကြည့်ရက်သော်လည်း ရှောင်နေရန်လည်း မဖြစ်နိုင်ချေ။

"ရှင်မှာဖြင့် လုပ်သာလုပ်ဗျာ၊ ကျုပ်ကြည့်ဝံ့ပါတယ်"

"ကိုင်း ကြည့်ဝံ့ရင်တော့ မင်းက ခေါင်းကို ကိုင်ပေးကွာ"

မုတ်ကြီးသည် ဖ-နံပတ် ဓားကိုတစ်ဖန်သွေးပြီးနောက်၊ ဇော်ဟိတ်က မြင်းဦးခေါင်းကို မြှောက်ပေးသဖြင့်၊ လည်ပင်းတင်းလျက်ရှိစဉ် လည်ချောင်းထဲသို့ ဓားဦးကို ထိုးသွင်းလိုက်၏။ ကျောက်နီသည် တွန့်သွားသော်လည်း ရုန်းကန်ရန်ခွန်အားမရှိသောကြောင့် ဆတ်ဆတ်တုန်လျက်သာရှိ၏။ မုတ်ကြီးသည်လည်ချောင်းတွင် အပေါက်ဝိုင်းကလေးဖြစ်အောင် လှီးဖောက်လေရာ၊ သွေးများစီးကျလာသည့်အထဲက ရှုးကနဲ ပန်းထွက်လာလေ၏။ မြင်းမှာ လေရှူရှိုက်နိုင်လေပြီ။ ဤတွင် ကျောက်နီသည် အားရှိလာသည်နှင့် မတပ်ရပ်ကာ ရုန်းဖို့ကြိုးစားသေး၏။ သို့ရာတွင် ဇော်ဟိတ်က ဦးခေါင်းကို အတင်းကိုင်ဖမ်းထားသည်နှင့် မထတ်နိုင်ဘဲရှိရာ၊ အပေါက်ငယ်မှလေသည် ထွက်ချက်ဝင်ချက်နှင့် တရှုံရှုံမြည်နေခဲ့လေပြီ။ ကျောက်နီမှာ နှာခေါင်းဖြင့် အသက်မရှူနိုင်သည်ဖြစ်၍ လည်ချောင်းပေါက်မှ ရှူရှိုက်ရာတွင်၊ အပေါက်၌ သွေးခြောက်များခဲ၍ မပိတ်ဆို့စေရန် မုတ်ကြီးက ငှမ်းကလေးဖြင့် မကြာခဏ သုတ်၍ရှင်းပေးရ၏။

နံနက်စာစားချိန်တွင် မုတ်ကြီးက . . .

"မင်းသွားပြီး ထမင်းစားချေ။ ငါစောင့်ပြီး လုပ်ပေးရစ်မယ်။ မင်း ထမင်းစားပြီးတော့မှ ငါတစ်လှည့်သွား စားတုန်း၊ မင်းက လုပ်ပေးရစ်"

ဟုပြောသည်နှင့် ဇော်ဟိတ်သည် မြင်းဇောင်း မှထွက်ခဲ့လေ၏။ ဇော်ဟိတ်မှာ အလွန်စိတ်ပျက်နေသည်ကိုဖြစ်၍၊ ယမန်ညဦးက ဇောင်းထဲမှ ကျောက်နီထွက်သွားသည့်အကြောင်းကိုပင် မုတ်ကြီး အားပြောမပြတော့ချေ။

မိခင်ဒေါ်ဂျမ်းဖြူလည်း ဇော်ဟိတ်အား ဟင်းဖတ်ကလေးများထည့်ပေးသော်လည်း၊ ဇော်ဟိတ်မှာ အစားအသောက်၌ စိတ်မဝင်စားတော့ဘဲ သင့်တော် ရုံသွတ်၍၊ ဇောင်းသို့ပြန်သွားဖို့သာ အိကြံပြုနေလေတော့သည်။ ဒေါ်ဂျမ်းဖြူကမူ ဇော်ဟိတ်အား မေးမြန်းခြင်းမပြုဘဲ သား၏အရိပ်အကဲကို သာကြည့်နေလေတော့သည်။ ဇော်ဟိတ်သွားခါနီး၌ ဒေါ်ဂျမ်းဖြူက နွားနို့နှင့် ပြုတ်ထားသော ကုလားပဲကို ကျောက်နီအဖို့ ယူသွားရန်ပေးသော်လည်း ဇော်ဟိတ်က "မစားနိုင်တော့ပါဘူး အမေ၊ အပိုပါဘဲ" ဆို၍ မယူဘဲ ဆင်းသွား





လေ၏။

ဇောင်းသို့ရောက်သောအခါ မုတ်ကြီးက လေပေါက်မပိတ်စေရအောင် ငှမ်းဖြင့် သွေးခဲများကို မည်ကဲ့သို့ဖယ်ရှားပေးရမည်ဟု ပြသ၍ ထမင်းစား တစ်လှည့်ထွက်သွားလေ၏။

ဦးသာစုသည် မြင်းဇောင်းသို့ရောက်လာ၍ . . .

"ဟော့လူလေး ဇော်ဂျီ ကလေး ဘက်ကောင်းကောင်းကွဲပြီကွ၊ လာ ဟော့ ငါစီးပြမယ်ကြည့်လှဲ့စမ်း"

ဟုခေါ် ရာဇော်ဟိတ်က ဦးခေါင်းရမ်းပြ၍ ငြင်းလိုက်၏။ ထိုအခါ ဦးသာစုက ဇော်ဟိတ် စိတ်ညစ်နေသည်ကို နားလည်သော်လည်း၊ အာရုံ ပြောင်းစေလိုသောအကြံဖြင့် . . .

"လိုက်ကြည့်လှည့်ပါကွ၊ ဇော်ဂျီကခြေလှမ်းကြဲနေတယ်။ ခွာချ ရဲလိုက်တာလဲလွန်ရော"

ဟု ထပ်လော်င်း၍ခေါ်ဆဲတွင်၊ မုတ်ကြီးပြန်ရောက်လာ၍

"နေပါစေ ဦးကြီးရယ်၊ သူ့မြင်းနေမကောင်းလို့ စိတ်ညစ်နေတာ မမြင်ဘူးလားဗျ"

ဟု ငေါက်၍ပြောလိုက်သော်လည်း၊ ဦးသာစုမှာ တပည့်က ငေါက်သည်ကို သည်းခံ၍ထွက်သွားလေ၏။

ဇော်ဟိတ်သည် ကျောက်နီအနီးမှ မခွာဘဲ၊ လေပေါက်မပိတ်စေရန် ငှမ်းဖြင့်စောင့်၍ အလုပ်လုပ်ပေးနေရာ၊ မွန်းတည့်ချိန်လောက်တွင် ကျောက်နီသည် မြေကြီးပေါ်သို့လှဲအိပ်၍ လည်ပင်းကိုဆန့်ထားလေ၏။ ဤတွင် မုတ်ကြီးက . . .

"ကိုင်း . . . ငါ့လူညောင်းလှပြီ၊ တစ်လှည့်လောက်နားချေဦး"

ဆို၍ ကျောက်နီအနီးတွင် ထိုင်သဖြင့်၊ ဇော်ဟိတ်လည်း ဇောင်းပြင်သို့ ထွက်သွားလေ၏။

ဇော်ဟိတ်သည် အိမ်ဘက်သို့မသွားဘဲ ကုန်းမြင့်ကလေးပေါ်သို့ တက်၍ ထိုင်လျက်မှိုင်နေလေရာ၊ ကောက်ရရောက်လာ၍ အမြီးနန့်ကာ သခင်၏ အကဲကိုကြည့်နေ၏။ ဇော်ဟိတ်ကမူ ယခင်က ကန်ကျောက်မိသည့် အတွက် နောင်တရ၍ ခွေးခေါ်ယူလေရာ ကောက်ရလည်း သခင်၏မျက်နှာကို မော့ကြည့်၍ မရဲတရဲဖြင့် ချဉ်းကပ်ပြီးလျှင် ဇော်ဟိတ်၏ ဒူးပေါ်၌ ဦးခေါင်းကို မှတ်သပ်ပေးရာ၊ ကောက်ရလည်းခွေးတို့၏ သဘာဝအတိုင်း သခင်က တန်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခြင်းကို လုံးဝမေ့ပျောက်ပြီးဟန်နှင့် အမြီးနန့်လျက် ကျေနပ်စွာခံနေလေ၏။

အတန်ကြာသောအခါမှ ဇော်ဟိတ်သည် ကုန်းမြင့်ပေါ်မှဆင်း၍ မြင်းဇောင်းသို့ လျှောက်လာခဲ့ရာ၊ ကျောက်နီမှာ မြေကြီးပေါ်၌ စန့်စန့်ကြီးလှဲလျက် ပင်ရှိ၍ မှတ်ကြီးက ဝါဂွမ်းဖြင့် လုပ်မြဲတိုင်းလုပ်ပေးနေရ၏။ ကျောက်နီ၏ အမွေးများညှင်းဆိုးကြီးရှိနေသဖြင့်၊ မျှော်လင့်ချက်မရှိတော့ပြီဟူ၍ ဇော်ဟိတ်နားလည်၏။ ဝါဂွမ်းကို ဇော်ဟိတ်သို့လှမ်းပေး၍၊ ဇော်ဟိတ်လည်း သူ၏နေရာ၌ ဝင်ထိုင်ကာ၊ အလုပ် လုပ်ပါသော်လည်း၊ တစ်ချက်တစ်ချက်တွင် ငိုင်သွား၏။

ညနေစောင်းတွင် ဒေါ်ဂျမ်းဖြူသည် ဇော်ဟိတ်အတွက် ညစာကို မြင်းဇောင်းသို့လာပို့၏။ ဇော်ဟိတ်မှုကား အနည်းငယ်မျှသာ စားနိုင်၍၊ ကျောက်နီ အနီးအတွင်ပြန်ထိုင်လေ၏။ ထိုည၌ ဇော်ဟိတ်သည် ကောက်ရိုးပုံပေါ်သို့ မတက်တော့ဘဲ၊ ကျောက်နီအနီးတွင် ကောက်ရိုးခင်း၍ အိပ်တော့၏။ မှန်အိမ်ကို ခေါင်းရင်း၌ချိတ်ထား၍ လေပေါက်ကို မကြာမကြာထ၍ ဖွင့်ပေးလေသည်။

ထိုည၌ လေပြင်းတိုက်ခတ်လေရာ၊ ဇော်ဟိတ်သည် ချမ်းအေးသည်နှင့် စောင်ကြီးခြုံလျက်ကွေးရ၏။ တစ်ချက်တစ်ချက် အိပ်ပျော်သွားတိုင်း ကျောက်နီအကြောင်းကိုသာ အိပ်မက်မက်လေတော့သည်။

နံနက်လင်း၍ ထကြည့်လိုက်ရာတွင် ဇော်ဟိတ်သည် ကျောက်နီမရှိတော့သည်ကို တွေ့လိုက်သည်နှင့် ကပျာကယာ ထလိုက်ပြေး၏။ ကျောက်နီ၏ ခြေရာများသည် မိုးရွာထားသဖြင့် ပျော့လျက်ရှိသော မြေကြီးပေါ်တွင် ထင်ရှားစွာ ပေါ်လျက်ရှိရာ၊ ဇော်ဟိတ်သည် ခြေရာခံလျက် လိုက်ပြေးသည်။ ခြေရာများသည် ကုန်းမြင့်ပေါ်သို့ တက်မိသောအခါ၊ လျှိုဘက် ချိုးဆင်းသွားသည်ကို တွေ့ရ၏။ ထိုခဏ၌ လင်းတနှစ်ကောင်တို့သည် ကောင်းကင်၌ ဝဲလှည့်နေရာမှ လျှိုဘက်သို့ ထိုးဆင်းသွားသည်ကို ဇော်ဟိတ်မြင်လိုက်ရ၏။ အထက်ကောင်းကင်သို့ မော့ကြည့်လိုက်ရာတွင်လည်း အခြားသော လင်းတများ ဝဲလျက်ရှိကြသည်ကို တွေ့ရ၏။ ဇော်ဟိတ်လည်း ကုန်းမြင့်မှ လျှိုဘက်သို့ အတင်းဆင်းပြေးသွားရာ ကမူကလေး တစ်ခုပေါ်သို့ တက်မိသောအခါတွင် ကျောက်နီကို ရိပ်ခနဲ မြင်လိုက်ရလေပြီ။

ချုံများ၏အကြား ကွက်လပ်ကလေး တစ်ခုပေါ်၌ ကျောက်နီသည်





လဲလျောင်းလျက်ရှိရာ ခြေလေးချောင်းတို့မှာ အကြောဆွဲနေသည့် လက္ခဏာဖြင့် တဆတ်ဆတ် လှုပ်ခါလျက်ရှိ၏။ ပတ်ဝန်းကျင်၌ကား ၁၀ ကောင်မျှသော လင်းတများသည် အသက်ထွက်မည်ကို သိဟန်ဖြင့် စောင့်နေကြ၏။ ဇော်ဟိတ်သည် ခြေထောက်နှင့် မြေကြီးကို ထိရမှန်းမသိဘဲ လျှိုထဲသို့ တဟုန်ထိုး ပြေးဆင်းသွားရာ ကျောက်နီမှာ မလှုပ်ရှားတော့ဘဲ ငြိမ်လျက်ရှိသဖြင့် လင်းတတစ်ကောင်သည် ကျောက်နီ၏ ဦးခေါင်းပေါ် နားလျက် မျက်စိကို နှုတ်သီးဖြင့် ဆိတ်ပေါက်နေလေပြီ။ ဇော်ဟိတ်သည် လင်းတအုပ်ကြီးထဲသို့ အတင်းပြေးဝင်သွားရာတွင် လင်းတများသည် ထ၍ ပျံကြ၏။ ညှင်ငှက်ကြီးများ၏ခြေလှမ်းမှာ မြေပေါ်မှ တစ်ခါတည်း မပြန်နိုင်ဘဲ လေယာဉ်ပျံကဲ့သို့ မြေကြီးပေါ်၌ လျှောက်ပြေး၍ အရှိန်ရသောအခါမှ မြေကြီးနှင့် ခြေထောက်လွတ်ကွာ၍ အထက်သို့ ပျံတက်နိုင်ကြလေသည်။ ဇော်ဟိတ်ရောက်သွား၍ လင်းတတစ်အုပ် ပြန်ကြရာတွင် ဦးခေါင်းပေါ်မှ ငှင်းတသည် အတောင်ကြီးများ ဖြန့်လျက် ဇော်ဟိတ်အနီးမှ လျှောက်ပြေးကာ အရှိန် ယူဆဲအတွင်း ဇော်ဟိတ် လှမ်းဆွဲလိုက်သဖြင့် အတောင်ဖျားကလေး မိထား၏။ လင်းတမှာ အထက်သို့ ပျံမတက်နိုင်ဘဲ မြေပေါ်သို့ ဟပ်ထိုးလဲကျသွား၏။ ဇော်ဟိတ် မိထားသော အတောင်တစ်ဖက်ကို မလွှတ်ဘဲ အတင်းဆွဲထားသည်တွင် လင်းတသည် အခြားအတောင်တစ်ဘက်ဖြင့် ဇော်ဟိတ်၏ မျက်နှာကို တဖတ်ဖတ်ရိုက်၏။ လင်းတငှက်မှာ ဇော်ဟိတ် နီးပါးကြီးသည်ဖြစ်၍ လင်းတ၏ အတောင်ချက်များသည် ဇော်ဟိတ်ကို မှန်တက်အောင် နာကျင်စေသော်လည်း ဇော်ဟိတ်သည် အတောင်ဖျားကလေးမှ အခြားနေရာကိုပါ မိအောင်ဖမ်းဖို့ ကြိုးစား၏။ ငှက်ကြီးကလည်း ဇော်ဟိတ်၏ခြေသလုံးနှင့် ပေါင်များကို ခြေသည်းများဖြင့် ခြစ်ကုတ်၍ မျက်နှာကို အတောင်ဖြင့် အကြိမ်ကြိမ် ရိုက်ခတ်၏။ ဇော်ဟိတ်သည် မျက်စိကိုမှိတ်လျက် လွတ်နေသော ခြေတစ်ဖက်ဖြင့် ငှက်ကို စမ်း၍ ဖမ်းရာ နောက်ဆုံးတွင် ငှက်ကြီး၏လည်ပင်းကို စမ်းမိ၏။ ငှက်ကြီးကလည်း ကြောက်လန့်ဟန် မတူသော မျက်လုံးကြီးများဖြင့် ဇော်ဟိတ်ကို စေ့စေ့ကြည့်လျက် ဦးခေါင်းကြီးကို ထိုမှ ဤမှ ယိမ်းနေ၏။ ဇော်ဟိတ်က လည်ပင်းကို ကိုင်ညှစ်သည်နှင့် တစ်ပြိုင်နက် ခံတွင်းမှ အပုတ်ရည်များ ထွက်လာ၏။ ဇော်ဟိတ်သည် လင်းတ၏ ရင်အုပ်ကို ဒူးနှင့်တော့လျက် လည်ပင်းကို ဆွဲကာ ဖိချလိုက်သည်တွင် လင်းတကြီး ပက်လက်လန်ကျ၍ ဇော်ဟိတ်က အပေါ်ကရောက်နေ၏။ ထို့နောက် ဇော်ဟိတ်သည် လက်တစ်ဖက်ဖြင့် လည်ပင်းကိုဖိနှိပ်ထား၍ အခြား လက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖြင့် ကျောက်ခဲကြီးတစ်လုံးကို လှမ်းဆွဲယူပြီးလျှင် ဦးခေါင်းကို ကျောက်ခဲဖြင့် ထု၏။ ပထမတစ်ချက်သည် နှုတ်သီးကိုထုမိ၍ ပါးစောင်မှ သွေးများထွက်ကျလာရာ ဒုတိယတစ်ချက် ထုသောအခါ၌ ငှက်ကြီးက ဦးခေါင်းကို ယိမ်းလိုက်သဖြင့် လွဲသွား၏။ ငှက်ကြီးလည်း မကြောက်သော မျက်လုံးများဖြင့် ဇော်ဟိတ်ကို ကြည့်နေ၏။ ထိုနောက်၌မူ ဇော်ဟိတ်သည် ငှက်ကြီး၏ ဦးခေါင်းကို ကျောက်ခဲဖြင့် တစ်ချက်ပြီးတစ်ချက် ဆက်ကာ ဆက်ကာ ထုနှက်လေရကား ငှက်ဦးခေါင်းတစ်ခုလုံး ကျေမွသွားလေတော့ သည်။ သို့နှင့်ပင် ကျောက်နီ၏ မျက်လုံး ဖောက်စားသော ငှက်ကြီးဆို၍ ဒေါသမပြေနိုင်သေးဘဲ ဆက်လက်ထုနှက်နေသေးရာ တစ်စုံတစ်ယောက်က ပခုံးကို ကိုင်လှုပ်၍ ထူ လိုက်သဖြင့် မော့ကြည့်လိုက်သောအခါ မုတ်ကြီး ဖြစ်နေသည်ကို တွေ့ရလေ၏။

မုတ်ကြီးက ဇော်ဟိတ်ကို မွေ့ထားစဉ် ဦးသာစုက–

"ယော့ကောင် မင့်မြင်းက လင်းတသတ်လို့ သေရတာ မဟုတ်ဘူး ကွ"

"ကျွန်တော် သိသားပေါ့ဗျာ"

မုတ်ကြီးကမူ မိမိ အကဲခတ်မှားသည်ဟု စဉ်းစားမိသည်နှင့် လင်းတကြောင့် သေရခြင်း မဟုတ်ဟု ပြောသော ဦးသာစုကို ဒေါပွလျက် . . .

"သိတာ ပေါ့ဗျ၊ ဒီလောက်တော့ သူ မသိဘဲနေပါ့မလား"

ဟု ငေါက်၍ ပြောလိုက်မိချေသေးသတည်း။



## ပထမ်ဆရာသိန်းနှင့် ဇော်ဟိတ် တွေ့ခြင်း

ကျွန်တော်နှင့် ကိုဇော်ဟိတ်တို့သည် ခွဲခွာခဲ့ပြီးနောက် ရောက်လေရာ အရပ်မှ စာများထည့်လေ့ရှိသည့်အတိုင်း တစ်ယောက်နှင့် တစ်ယောက် စာပေးစာယူ ပြုလုပ်ကြရာတွင် တစ်နေ့သ၌ ကိုဇော်ဟိတ်ထံမှ အောက်ပါအတိုင်း စာတစ်စောင်ကို ရရှိလေသည်။

မိတ်ဆွေကြီး ကိုသိန်းမောင် . . .

ကျွန်တော်၏ စွန့်စားတတ်သောဝါသနာကို ခင်ဗျား သိရှိပြီးဖြစ်သည့်အတိုင်း ဘေးအန္တရာယ်ကို မတိမ်းရှောင်ဘဲ ဘေးတွေ့တတ်သော နေရာသို့ တမင်တိုးဝင် သွားရောက် စုံစမ်းခဲ့ရာ ဤတစ်ကြိမ်မှာ ကျွန်တော်၏ ဝါသနာကို စွန့်ပယ်ရတော့ မတတ်ရှိသည့် အဖြစ်အပျက်များနှင့် ကြုံခဲ့ရပါသည်။ သတ္တဝါမှန်လျှင် ယဉ်သည်ဖြစ်စေ၊ ရိုင်းသည်ဖြစ်စေ၊ ခြေလေးချောင်း ခြေနှစ်ချောင်း ခြေအမြောက်အမြား ရှိသည်ဖြစ်စေ၊ ခြေအလျှင်းမပါ သည်ဖြစ်စေ၊ ကိုယ်နှင့်ဝိဉာဉ် တွဲသည်ဖြစ်စေ၊ ဝိဉာဉ်ချည်း သက်သက်တည်ရှိသည်ဖြစ်စေ ကျွန်တော့်ကို ကြောက်အောင် လှန့်နိုင်သော သတ္တဝါမရှိလှ၍ အထင်ကြီးခဲ့မိပါသည်။ သို့သော် အောက်တွင် ဖော်ပြ ပါရှိသော အဖြစ်အပျက်များနှင့် ကြုံတွေ့ရစဉ်မှ ထိုထင်မြင်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲရတော့မည် ကဲ့သို့ဖြစ်ခဲ့ရပါတော့သည်။

ဤအကြောင်းကို သုံးနှစ်တိတိ မည်သူ့ကိုမျှ မပြောပါဟု ပဋိညာဉ်ပေးထားခဲ့ရသဖြင့် ခင်ဗျားအား မပြောဘဲ အယုံ့လျှောက်နှင့် မြို့နေခဲ့ရ ပါသည်။ ယခုမှာ သုံးနှစ်ကျော်ပြီဖြစ်၍ အကြောင်းစုံရေးသားပေးပို့ လိုက်ပါကြောင်း။

ဖော်ဟိတ်

ကသာမြို့မှ ရန်ကုန်သို့ ဆင်းလာ၍ မန္တလေးမြို့သို့ အရောက်တွင် နာရီစင်အနီး၌ ကျောင်းနေဘက် သူငယ်ချင်း မြို့အုပ် ကိုဘဟန်နှင့် တွေ့၍ ဝါဟစ်ဆိုင်သို့ သွားကြပြီးလျှင် ဒန်ပေါက်ထမင်းများ မှာယူစားသောက်ကြရင်း ကိုဘဟန်က –

"ခင်ဗျားအကြောင်း ရွှေဥဒေါင်းရေးတဲ့ စာတွေ ဖတ်ရပါတယ်ဗျာ၊ ဒီပြင်လူတွေကတော့ အံ့သြမလား မဆိုနိုင်ဘူး၊ ကျုပ်ကတော့ ခင်ဗျားအကြောင်းကို ငယ်ငယ်ကတည်းက သိပြီးဖြစ်လေတော့ ဒီလူဟာ ဒီလိုဖြစ်ရမှာပဲလို့ တွက်ပြီးသားပဲ၊ အောင်မယ် ဒါထက် ခင်ဗျား အကြိုက်ကလေး တစ်ခုတော့ ကျုပ်တွေ့ထားတယ်ဗျို့"

"ဘာများလဲဗျာ"

"ကျုပ်သိပါတယ်၊ ခင်ဗျားစွန့်စားချင်တာက လူတွေအချင်းချင်း တစ်ဖက်နဲ့ တစ်ဖက် ချိန်းပြီး သေနတ်နဲ့ ပစ်တာမျိုး မဟုတ်ဘူး။ လုံးချင်း စွန့်စားရတဲ့ အလုပ်မျိုးမှ ခင်ဗျားကြိုက်တာပါ၊ ဒီလိုဗျ တစ္ဆေခြောက်တယ် ဆိုတာ ခင်ဗျား ယုံသလား"

"မယုံတယုံ ဆိုပါတော့ဗျာ၊ ခြောက်တတ်တယ်ဆိုလို့ ကိုယ်တိုင် လိုက်စမ်းကြည့်တော့ တကယ်ခြောက်တာကို တစ်ခါမျှ မကြုံဖူးသေးပါဘူးဗျာ"

"မယုံတာ ထားလိုက်ပါဦး၊ ကြောက်ကော ကြောက်တတ်သလား"

"ကြောက်တယ်ဆိုတာတော့ မပြောပါနဲ့တော့ဗျာ၊ တကယ်ယုံတောင်မှ ကျုပ်က မကြောက်ပါဘူးဗျာ၊ မယုံ့တယုံဆိုတော့ ဘယ်ကလာ ကြောက်လိမ့်မှာလဲဗျ"

"ကိုင်း ဒါဖြင့် နေရာကျပြီ၊ ခင်ဗျားလက်တွေ့စမ်းဖို့ ကျုပ်တစ်ခု တွေ့ထားတယ်"

"ဘယ်ပုံတွေ့ထားလို့လဲဗျ"

"မင်္ဂလာဈေးဘက်မှာ အိမ်တစ်လုံး တွေ့ထားတယ်၊ ကျုပ်ကိုယ်





တိုင် မနေရဲလို့ ထွက်ပြေးလာခဲ့ရတယ်ဗျ"

"ဆိုစမ်းပါဦးဗျ"

"လွန်ခဲ့တဲ့ ၂ နှစ်လောက်တုန်း မြင်ဦးလွင်က ပြောင်းလာပြီး မန္တလေးမြို့မှာ အိမ်စိတ်တိုင်းကျ မရနိုင်တာနဲ့ လိုက်လံစုံစမ်းတော့ မင်္ဂလာဈေးအနောက်တောင်ဘက် ဟော်ကုန်းရပ်ကွက်ထဲက ဝင်းကြီးထဲမှာ အိမ်ကြီးတစ်လုံး လွတ်နေတာ တွေ့ရတယ်။ အိမ်ကလည်း ကျယ်ဝန်း၊ အိမ်ရှေ့မှာ ပန်းပင်ကလေး ဘာလေးနဲ့ သာသာယာယာ ဆိုတော့ သဘောကျပြီး ငှားနေမိပါ၊ ၂ ညတည်း အိပ်ပြီး ပြေးလာခဲ့ရပါရောလားဗျ"

"ဘယ်လိုများ ခြောက်လို့လဲဗျ"

"အမှန်ပြောရမှာဖြင့် မျက်စိနဲ့ မြင်ရတာလည်း မဟုတ်။ နားနဲ့ ကြားရတာလည်း မဟုတ်။ ကျောထဲကစိမ့်စိမ့်ပြီး ကြောက်တဲ့ အကြောက်မျိုးပဲဗျ။ အထူးသဖြင့် အပေါ်ထပ်မှာ အခန်း တစ်ခန်းရှိတယ်၊ အဲဒီအခန်းရှေ့က ဖြတ်ပြီး လျှောက်သွားမိတိုင်း ဘယ်သူမဆို ခေါင်းနားပန်းကြီးပြီး ကြက်သီးတွေထ၊ ဒူးတွေတုန်၊ ရင်ထဲက လှိုက်လှိုက်လာပြီး ကတိုက်ကရိုက် ဆင်းပြေးရတာချည်းပဲဗျ၊ ကျုပ်မိန်းမနဲ့ တပည့်တွေ ပြောတာကို ကျုပ်က အစတော့ မယုံမိဘူး။ နောက်ပိတ်ဆုံး ကျုပ်ကိုယ်တိုင် စမ်းကြည့်လို့ လေ့ခါးဆီရောက်အောင် သုတ်ခြေတင်ခဲ့ရတော့မှ ဟုတ်ပေတယ်ဆိုပြီး လက်လွှတ်လိုက်ရတော့တာကိုးဗျ။ အိမ်စောင့်တဲ့ မိန်းမကြီးကို သော့ ပြန်အပ်တော့ မိန်းမကြီးက ရှင်တို့ ၂ ညအိပ်ဝံ့တာ တော်သေးတာပဲ၊ ဒီပြင်လူတွေဖြင့် တစ်ညအိပ်ပြီး ထွက်ပြေးကြတာချည်းပဲတဲ့။ ဒီတော့ ကျုပ်က ဘယ်သူ့ကို ဘယ်လိုများ ခြောက်ဖူးသလဲလို့ မေးကြည့်တော့ ၊ မိန်းမကြီးက "ခြောက်ဖူးတာတွေတော့ အမျိုးစုံပေါ့ မောင်ရင်၊ ခု ဟိုလူတစ်မျိုး၊ ဒီလူတစ် မျိုးနည်းအမျိုးမျိုးနဲ့ မကြောက် ကြောက်အောင် ခြောက်တဲ့ တစ္ဆေတွေတဲ့။ ဒီတော့ ကျုပ်က "ခင်ဗျားတော့ နောက်ဖေးဆောင်မှာ တစ်ယောက်တည်း စောင့်အိပ်ရတာ မကြောက်ဘူးလား"လို့ မေးတော့ မိန်းမကြီးက "ကျုပ်ကတော့ ဘာကြောက်မလဲ၊ အိမ်သားလို ဖြစ်နေတာပဲ၊ ကျုပ်ကိုယ်တိုင် ပစ္စည်းကလေး ဘာလေးရှိတုန်းက တပည့်တာပန်းတွေနဲ့ ဒီအိမ်ကြီးကို ငှားနေဖူးသေးတာပဲ၊ အခုမှ ကျုပ်က သုံးစားပါကျဆိုတဲ့ စကားလို အိမ်စောင့် အဖြစ်နဲ့ နေရတော့တာကိုး၊ ကျုပ်ကိုလဲ ချမ်းသာမပေးပါဘူး၊ ခြောက်ကြတာပါပဲ၊ ဒါပေမယ့် ကျုပ်ကတော့ မကြောက်ပေါင်"တဲ့၊ ဒီတော့ ကျုပ်က "ဘယ်လို သဘောနဲ့ ဒီအိမ်မှာ နေပါသလဲလို့ မိန်းမကြီးကို မေးကြည့်တော့



www.burmeseclassic.com

ဆွေမရှိ မျိုးမရှိ လုပ်ကိုင်ရှာဖွေမစားနိုင်တဲ့ အရွယ်မို့လို့ တစ်လ ၁၀/ နဲ့ အိမ်စောင့်ပြီး၊ သူ တစ်ယောက်တည်း ထမင်းဖိုးကလေး ရတာနဲ့ စားနေရတယ်လို့ ပြောရှာတယ်"

"နေရာကျပြီဗျာ၊ ခြောက်ချင်ခြောက် မခြောက်ချင်နေ၊ ကျုပ်တော့ သွားအိပ်ကြည့်စမ်းမယ်ဗျို့၊ လိပ်စာ ပေးခဲ့စမ်းဗျာ"

ကိုသာဟန်သည် ကျွန်တော့်ကို လိပ်စာပေးပြီးနောက် ကျွန်တော်နှင့် ခွဲခွါသွားကြရာ ကျွန်တော်လည်း သူပေးခဲ့သည့် လိပ်စာအတိုင်း ချက်ချင်းပင် သွားရောက်စုံစမ်းပါသည်။ မန္တလေးမြို့မှာ ခင်ဗျားသိသည့်အတိုင်း ကျောက်လမ်းကို မျက်နှာမူသော အိမ်တန်းများ၏ နောက်တွင် "လေးစိတ်ဝင်း"ခေါ် ဝင်းကြီးများရှိရာ ထိုအိမ်မှာ လေးစိပ်ဝင်း တစ်ဝင်း၏ အလယ်၌ ရွက်လှပင်နှင့် ခပ္ပါယ်ရုံ၊ ဗွန်ရုံများ ခြံရံကာ အတော်သာယာစွာ ရှိသည်ကို တွေ့ရ၏။ အိမ်ကြီးမှာ တိုက်ခံအိမ်ဖြစ်၍ အိုလှပြီ ဖြစ်သော်လည်း သစ်သားဖြင့် ဆောက်လုပ်ထားသည်။ အထက်ပိုင်းမှာ မကြာသေးမီက ပြင်ဆင်ထားဟန်ဖြင့် အတော် လတ်ဆတ်လျက် ရှိ၏။ တံခါး၌ 'ငှါးရန်' ဟူသော ဆိုင်းဘုတ်တစ်ခု ဆွဲချိတ်ထားသော်လည်း အခြားသော လေးစိပ် ဝင်းများကဲ့သို့ ပတ်ဝန်းကျင်၌ အခြားအိမ်များ မရှိသည့်အတွက်ကြောင့် အလွန် တိတ်ဆိတ်လျက်ရှိ၏။

ကျွန်တော်သည် မည်သူ့အား မေးမြန်းရပါမည်နည်းဟု ရပ်ကြည့်နေစဉ် သတင်းစာရောင်းသော သူငယ်ကလေး တစ်ယောက်သည် အခြားဘက်ဝင်းမှ ဖြတ်ထွက်လာသည်ကို တွေ့ရသည်နှင့် . . .

"ဟေ့သူငယ် လာစမ်းပါဦးကွ။ ဒီအိမ်ရှင် ဘယ်မှာလဲ"

"အရင်တုန်းကတော့ မိန်းမကြီးတစ်ယောက် စောင့်တာပဲခင်ဗျ၊ အခုတော့ အဲဒီမိန်းမကြီး မရှိတော့ဘူး သေသွားရှာပြီ"

"ဟေ့ သေတာ ဘယ်လောက် ကြာသွားပြီလဲ"

"၁၅ ရက်လောက် ရှိသွားပြီ ထင်တယ်ခင်ဗျ၊ သူသေပြီးတဲ့နောက်တော့ အိမ်စောင့်မည့်လူ မရှိတော့ပါဘူး။ ဒီအတိုင်း ပိတ်ထားတာ တွေ့တော့တာပါပဲ"

"ဒီအိမ်ရှင်က ဘယ်မှာ နေသလဲကွ"

"မင်္ဂလာဈေးလမ်း အိမ်နံပါတ်( . . . )မှာ နေတယ်၊ လမ်းပေါ် လျှောက်သွားလျှင် အနောက်ဘက်တန်းမှာ တိုက်ခံအိမ်ကြီး မြင်ပါလိမ့်မယ်"

"အိမ်စောင့်တဲ့ မိန်းမကြီး ဘယ်ပုံ သေတာတဲ့လဲဟေ့"





တာပါပဲ၊ ကိုင်း . . သို့သော် ကျုပ် တစ်ခုတော့ သတိပေးလိုက်မယ်ဗျနော်၊ ကိုယ့်ကိုယ်ကိုယ် စိတ်ခိုင်တယ်လို့ ကောင်းကောင်း စိတ်ချရမှ စမ်းကြည့်လို့ တော်လိမ့်မယ် ထင်တယ်၊ နို့မဟုတ်ရင် နေ့ခင်း စမ်းကြည့်ပါဦးတော့လားဗျာ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် စိတ်ခိုင်ပါတယ်။ ကြောက်တယ်ဆိုတာ ဘယ်လို ကိစ္စနဲ့ ဖြစ်ဖြစ်၊ တစ်ခါမျှ ကျွန်တော် မကြောက်ပေဘူးလို့တော့ ကျွန်တော် ကြိုတင်ပြီးအာမ မခံဘူးပေါ့လေဗျာ။ သို့သော် ကြောက်တယ်ဆိုတာ ဘယ်လို နေလိမ့်မလဲလို့ မြည်းကြည့်ချင်တဲ့ သဘောနဲ့ အိပ်စမ်းကြည့်ချင်တာပါပဲ"

"ကောင်းလှပါဗျာ၊ စိတ်ကျေနပ်အောင် မြည်းစမ်းကြည့်ပါ။ ကျေနပ်ပါလိမ့်မယ်လို့ ကျုပ်က ခုကတည်းက အာမခံလိုက်ပါတယ်ဗျာ"

ထိုနောက် ဦးသာဟန်သည် သော့တွဲမှ သော့ကြီးတစ်ချောင်းကို ဖြုတ်၍ ကျွန်တော့အား ပေးအပ်လေရာ၊ ကျွန်တော်က ကျေးဇူးတင် စကားပြော၍ သော့ကို ယူပြီးလျှင် သူ၏ နေအိမ်ကို ထွက်လာခဲ့ပါသည်။

လက်ဆည်ကန် ရပ်၌ရှိသော ကျွန်တော်၏ တည်းအိမ်သို့ ပြန်ရောက်သောအခါ ကျွန်တော်မှာ စိတ်အားထက်သန်လှပြီ ဖြစ်၍ တပည့်ကျော် ဂျွန်ကို ခေါ်၍ တိုင်ပင်လေ၏။ ဂျွန်မှာ ကချင်လူမျိုးဖြစ်၍ မြစ်ကြီးနားမြို့၌ နေစဉ်က ခေါ်ယူ မွေးမြူထားခဲ့သည့် တပည့်ရင်းဖြစ်ရာ ပုပုကွကွနှင့် ဂင်တိုတိုအဆက်အကွင်းရှိ၍ ကာယဗလ ကောင်းသလောက် သတ္တိကောင်းသော သူငယ်ကလေး ဖြစ်ပေ၏။ ကျွန်တော်နှင့်အတူ တောလည်ကြရာတွင် ကျားလည်း မကြောက်၊ ဆင်လည်းမကြောက်၊ တစ္ဆေဟူ၍ လုံးဝ အယုံအကြည် မရှိဘဲ မိုက်ရဲ ရဲနေသော လူကလေး ဖြစ်ရကား ဤကိစ္စအတွက် အကောင်းဆုံးသော အဖော်တစ်ယောက် ဟူ၍ ယုံကြည့်မိပါသည်။ ကျွန်တော်သည် ဂျွန့်ကို ခေါ်ပြီးနောက်။

"ဟေ့ ဂျွန်၊ ကသာမှာတုန်းက ခေါင်းမပါတဲ့ ကိုယ်လုံးပြတ် တစ္ဆေကြီး ခြောက်တတ်တယ်ဆိုလို့ ဇရစ်ချောင်းဘက်က ဘုန်းကြီးကျောင်းပျက်ကြီးပေါ် တက်အိပ် စောင့်ကြတော့ ဘာတစ္ဆေမှ ပေါ်မလာတာ မင်း သတိရသေးတယ် မဟုတ်လား"

"သတိရတာပေါ့ ဆရာ"

"အေး . . အခု ဒီမန္တလေးမှာ တစ္ဆေခြောက်တဲ့ အိမ်တစ်လုံးတဲ့ မောင်ရေ့၊ ပေါ်လာပြန်ပြီ။ ဒီကနေ့ည ငါတို့ သွားအိပ်ကြမယ်ဟေ့ဘယ့်နှယ်

www.burmeseclassic.com



အဂျံကော ၁၊ စာရေး ၁၊ သင်္ဘောသား ၂၃၊ ယောက်တို့ ပါရှိလေသည်။ ထို့ပြင် ထမင်းချက် တိုလီမိုလီ အစေခံမှစ၍ စုစုပေါင်း လူဦးရေ ၄၄ ယောက် ပါရှိလေသည်။

(၎င်း၏ ဒိုင်ယာရီ မှတ်တမ်းမှ)

ကျွန်ုပ်မှာ စွန့်စားခြင်း အလုပ်၌ ဝါသနာအိုး ဖြစ်သည့်အလျောက် ဂေါ်ရာများ သင်္ဘောသားများ အစရှိသော အင်္ဂလိပ် လူကြမ်းများနှင့် အရောတဝင် ပေါင်းသင်းတတ်သူ ဖြစ်၍ တစ်နေ့တွင် သူ၏ ကပြားကလေး တစ်ယောက်က ကျွန်ုပ်၏ ဝါသနာကို သိသည်နှင့် ဘောစနီယား သင်္ဘောပေါ်တွင် စာရေးတစ်ယောက် လိုနေကြောင်း ပြောသဖြင့် သူ၏ ထောက်ခံချက်နှင့်ပင် အလုပ်ရရှိပါတော့သည်။ ကျွန်ုပ်သည် ကပ္ပတိန်နှင့် တွေ့၍ ရက်သတ္တတစ်ပတ်အတွင်း သင်္ဘောထွက်မည် ဆိုသောကြောင့် နေရပ်သို့ ကတိုက်ကရိုက် ပြန်၍ အချိန်မီ ပြန်ရောက်လာခဲ့ပါသည်။

ဘော်စနီယာသင်္ဘောမှာ ပသျှူးကျွန်းစု တစ်ဝိုက်တွင် ခရီးလှည့်လည်ရန် ကြံရွယ်ချက်ရှိသည့် အလျောက် စားနပ်ရိက္ခာ ၆ လစာမျှ လုံလောက်စွာ တင်ပြီးလျှင် ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက် နေထွက်တပြူ အချိန်တွင် ထွက်ခဲ့ကြပါသည်။ လခမှာ အဝတ်နှင့် အစားအပြင် ၁၅ဝိ ရရှိ၍ ထိုခေတ်၌ မြို့အုပ်လခ ဖြစ်သောကြောင့် မက်လောက်အောင်လည်း ကျွန်ုပ်ကား လခကို မက်၍ မဟုတ် ပင်လယ် သမုဒ္ဒရာများကို လှည့်လည်ရမည် ဆိုသော မက်လုံးကြောင့် လိုက်ပါသွားခြင်း ဖြစ်လေသည်။

ဖော်ပြခဲ့သော အကြောင်းအရာများကို အောက်ပါ ဒိုင်ယာရီမှတ်တမ်းကို ပဏာမအဖြစ်ဖြင့် ရှေ့မှ ဖော်ပြလိုက်ခြင်းဖြစ်ပေရာ ဘော်စနီယာ သင်္ဘောပေါ်၌ ကြုံတွေ့ခဲ့ရသော အခြင်းအရာများကိုမူ ထိုမှတ်တမ်းမှ ထုတ်နှုတ်ဖော်ပြလျှင် လုံလောက်သည်ဟု သဘောရပါတော့သည်။ သို့သော် ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၂ ရက်နေ့အထိမှာမူ ပသျှူးကျွန်းစုတွင် ပါဝင်သော ကျွန်းကလေး ကျွန်းကြီးများသို့ လှည့်လည်၍ မျိုးစေ့များ စုံစမ်းခြင်းအားဖြင့် အချိန်ကုန်၍ ပြောပလောက်အောင် ဆန်းကြယ်သော အဖြစ်အပျက်များ မပါရှိသောကြောင့် ယင်းတို့ကို ချန်လှပ်ထားခဲ့ပါတော့သည်။

ဇော်ဟိတ် ....

**ဖေဖော်ဝါရီလ ၂၃ ရက်**။ ကျွန်ုပ် အိပ်ရာမှမထမီ သင်္ဘောသား ၄ ၅ ယောက်





တာပါပဲ၊ ကိုင်း . . သို့သော် ကျုပ် တစ်ခုတော့ သတိပေးလိုက်မယ်ဗျနော်၊ ကိုယ့်ကိုယ်ကိုယ် စိတ်နိုင်တယ်လို့ ကောင်းကောင်း စိတ်ချရမှ စမ်းကြည့်လို့တော်လိမ့်မယ် ထင်တယ်၊ နို့မဟုတ်ရင် နေ့ခင်း စမ်းကြည့်ပါဦးတော့လားဗျာ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် စိတ်နိုင်ပါတယ်။ ကြောက်တယ်ဆိုတာ ဘယ်လို ကိစ္စနဲ့ ဖြစ်ဖြစ်၊ တစ်ခါမျှ ကျွန်တော် မကြောက်ပေဘူးလို့တော့ ကျွန်တော် ကြုံတင်ပြီးအာမ မခံဘူးပေါ့လေဗျာ။ သို့သော် ကြောက်တယ်ဆိုတာ ဘယ်လို နေလိမ့်မလဲလို့ မြည်းကြည့်ချင်တဲ့ သဘောနဲ့ အိပ်စမ်းကြည့်ချင်တာပါပဲ"

"ကောင်းလှပါဗျာ၊ စိတ်ကျေနပ်အောင် မြည်းစမ်းကြည့်ပါ။ ကျေနပ်ပါလိမ့်မယ်လို့ ကျုပ်က ခုကတည်းက အာမခံလိုက်ပါတယ်ဗျာ"

ထိုနောက် ဦးသာဟန်သည် သော့တွဲမှ သော့ကြီးတစ်ချောင်းကို ဖြုတ်၍ ကျွန်တော့အား ပေးအပ်လေရာ၊ ကျွန်တော်က ကျေးဇူးတင် စကားပြော၍ သော့ကို ယူပြီးလျှင် သူ၏ နေအိမ်ကို ထွက်လာခဲ့ပါသည်။

လက်ဆည်ကန် ရပ်၌ရှိသော ကျွန်တော်၏ တည်းအိမ်သို့ ပြန်ရောက်သောအခါ ကျွန်တော်မှာ စိတ်အားထက်သန်လှပြီ ဖြစ်၍ တပည့်ကျော် ဌွန်ကို ခေါ်၍ တိုင်ပင်လေ၏။ ဌွန်မှာ ကချင်လူမျိုးဖြစ်၍ မြစ်ကြီးနားမြို့၌ နေစဉ်က ခေါ်ယူ မွေးမြူထားခဲ့သည့် တပည့်ရင်းဖြစ်ရာ ပုပုကွကွနှင့် ဂင်တိုတိုအဆက်အကွင်းရှိ၍ ကာယဗလ ကောင်းသလောက် သတ္တိကောင်းသော သူငယ်ကလေး ဖြစ်ပေ၏။ ကျွန်တော်နှင့်အတူ တောလည်ကြရာတွင် ကျားလည်း မကြောက်၊ ဆင်လည်းမကြောက်၊ တစ္ဆေဟူ၍ လုံးဝ အယုံအကြည် မရှိဘဲ မိုက်ရဲ ရဲနေသော လူကလေး ဖြစ်ရကား ဤကိစ္စအတွက် အကောင်းဆုံးသော အဖော်တစ်ယောက် ဟူ၍ ယုံကြည့်မိပါသည်။ ကျွန်တော်သည် ဌွန့်ကို ခေါ်ပြီးနောက်။

"ဟေ့ ဌွန်၊ ကသာမှာတုန်းက ခေါင်းမပါတဲ့ ကိုယ်လုံးပြတ် တစ္ဆေကြီး ခြောက်တတ်တယ်ဆိုလို့ ဇရစ်ချောင်းဘက်က ဘုန်းကြီးကျောင်းပျက်ကြီးပေါ် တက်အိပ် စောင့်ကြတော့ ဘာတစ္ဆေမှ ပေါ်မလာတာ မင်း သတိရသေးတယ် မဟုတ်လား"

"သတိရတာပေါ့ ဆရာ"

"အေး . . အခု ဒီမန္တလေးမှာ တစ္ဆေခြောက်တဲ့ အိမ်တစ်လုံးတဲ့ မောင်ရေ့၊ ပေါ်လာပြန်ပြီ။ ဒီကနေ့ည ငါတို့ သွားအိပ်ကြမယ်ဟေ့ ဘယ့်နှယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း မင်းလိုက်ဝံ့ပါ့မလား"

"အလကားပါ ဆရာ၊ ကြောက်တတ်တဲ့ လူတွေမို့ ခြောက်တာပါ။ ဆရာတို့ ကျွန်တော်တို့ သွားအိပ်ရင် ခြောက်ဦးမှာ မဟုတ်ပါဘူး၊ အလကား ခြွန်လာဦးမှာပါ ဆရာ"

"အေးလေကွာ၊ မခြောက်လို့ ပြန်လာရတော့မှ လာရရောပေါ့။ ငါတော့ သွားအိပ်ကြည့်ဖို့ ကတိ ထားလာခဲ့တယ်ကွ။ မင်းကော လိုက်မယ် မဟုတ်လား"

"ဆရာသွားရင် တပည့် လိုက်မှာပေါ့ ဆရာ၊ ကျွန်တော်က မခြောက်မှာ ပူတာပါပဲ။ ခြောက်လို့ကတော့ လန့်သေသွားပါစေ ဆရာ"

"ကောင်းလှပါပြီမောင်၊ ဒီကနေ့ည သိကြရောပေါ့။ ကိုင်း . . ဒီလို လုပ်ကွာ၊ ငါ့မှာ ကိစ္စကလေးတွေ ရှိသေးတယ်။ မင်းက လက်ဦးသွားနှင့်ပြီး ငါတို့ အိပ်ကြမယ့် အခန်းကို လှဲကျင်း ရှင်းလင်းထားနှင့်ကွာ။ အိမ်ကသော့ ဟော်ကုန်း ရပ်ကွက်မှာ မမွှာရုံမှော့ရက်က ကွင်းကြီးထဲမှာ ရှိလေရဲ့၊ မမွှာရုံဆိုလို့ ဒီတစ်ခု ရှိပါတယ်။ ဟိုရောက်တော့ မေးကြည့်ရင် အလွယ်တကူနဲ့ တွေ့ပါ လိမ့်မယ်။ ရော့ဟော့ သော့၊ အိမ်ဖွင့်ပြီး မှန်အိမ်ကလေး ဖယောင်းတိုင်ကလေး ပြင်ဆင်ထားပေတော့။ အိပ်ဖို့ကတော့ သင်ဖြူးနဲ့ ခေါင်းအုံးတစ်လုံးစီ တော်ရောပေါ့ကွာ။ မင်းမှာ ခါးမြှောင်ပါတယ် မဟုတ်လား။ အေး ဟုတ်ပြီ၊ ကိုင်း သွားနှင့်ကွာ။ စားစရာတော့ ဆိုင်တစ်ဆိုင်မှာ တော်တာ ဝယ်စားသွားပေတော့ ကွာ"

ထိုနေ့တွင် ကျွန်တော်သည် မန္တလေးသို့ ဝင်ရသည့် ကိစ္စကလေးများကို ပြီးစီးအောင် ဆောင်ရွက်၍ တရုတ်ဆိုင်၌ ညစာ စားပြီးနောက် ဟော်ကုန်းရပ်သို့ မြင်းရထားတစ်စီးဖြင့် ထွက်လာခဲ့၏။ ထိုညမှာ ကောင်းစွာ အိပ်ရမည့် ည ဟုတ်မည် မထင်သည်နှင့် သေတ္တာထဲမှ စာတစ်အုပ်ကို ဆွဲ၍ အိတ်ထဲ ထည့်ခဲ့ရာ စာအုပ်မှာ လောကသာရ ဆုံးမစာ ဖြစ်နေသည်ကို တွေ့ရသဖြင့် အလွန် သင့်တော်သည်ဟု အောက်မေ့မိ၏။ ဝတ္ထုစာအုပ် ဆိုလျှင် စိတ်ကူးဖြင့် ရေးသားခြင်း ဖြစ်၍ ဖတ်ရှုသူအဖို့လည်း ရောက်တတ်ရာရာ စိတ်ကူးတတ်မည် ဖြစ်ရာ၊ ဆုံးမစာ ဆိုသည်မှာ တကယ့် လူမှုရေးရာများကို ရေးသားခြင်းဖြစ်၍ တစ္ဆေ တည်းဟူသော စိတ်ကူး နယ်နိမိတ်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်ဟု ယူဆမိသောကြောင့် ဖြစ်လေသည်။

ခင်ဗျားနှင့်အတူ သီပေါစော်ဘွား၏ ဟောနန်းသို့ ရောက်စဉ်က





စော်ဘွားက လက်ဆောင် ပေးလိုက်သည့် ဘုလီအမည်ရှိ ဘူးလ်တယ်ရီယာ ခွေးဘီးလူးစက် ကလေးကို ခင်ဗျား သတိရကောင်း ရမိပေလိမ့်မည်။ ဘုလီမှာ ယခုအခါ၌ ၅ နှစ်သား ရှိနေပြီဖြစ်၍ ကျွန်တော် သွားလေရာအရပ်သို့ အမြဲခေါ်သွားလေ့ ရှိသည့်အတိုင်း ထိုတစ်ခေါက်တွင်လည်း ကသာမှ ပါလာခဲ့သည်ဖြစ်၍ မြင်းရထားပေါ်သို့ တင်ခေါ် လာခဲ့လေသည်။ ခွေး၊ နွား စသော တိရစ္ဆာန်များသည် 'နာနာဘာဝ'ဟု ခေါ်ကြသော တစ္ဆေ သူရဲ အစရှိသည့် အခြား ဘုံသားများကို မြင်နိုင်သော အစွမ်းသတ္တိ ရှိသည်ဟု ယုံကြည်တတ်ကြ ပေရာ ကျွန်တော်မှာ တစ္ဆေသူရဲ ခြောက်လျှင် ကြောက်လိမ့်မည်ဟု မဆိုနိုင်စေ ကာမူ ဘုလီ ပါလာသည့်အတွက် တစ်နည်းအားဖြင့် အားရှိကြောင်းကို ဝန်ခံ ရပေမည်။ ဘုလီမှာ အလွန် သွက်လက်သော အရွယ်၌ ရှိနေသည်ဖြစ်၍ တစ္ဆေ က လာ၍ မခြောက်လျှင်လည်း ဘုလီက အနံ့ခံ၍ တွေ့အောင်ရှာနိုင်လိမ့်မည် ဟူ၍ပင် ကျွန်တော် အားကိုးမိပါသည်။

မြင်းရထားကို ဆေးရုံကြီး တောင်ဘက်၌ ရပ်စေ၍ ကျွန်တော်နှင့် ဘုလီတို့သည် မြင်းရထားပေါ်မှ ဆင်းကာ မြေလမ်းကလေး တစ်လျှောက် လျှောက်လာကြရာတွင်၊ နေမဝင်သေးသော်လည်း မိုးတိမ်များ တက်လာသည့် အတွက်ကြောင့် တစ်ကောင်းကင်လုံး မှောင်မည်းစ ပြုနေခဲ့လေပြီ။ လဆန်း ၆ ရက် လကလေးသည် တိမ်တိုက်များအကြားမှ တစ်ချက် တစ်ချက် ပေါ် ထွက်မည်ပြုသော်လည်း မိုးတိမ်များ၏ ဂန္ဓာမငြိမ်မှုကြောင့် ငုတ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့်ဖြင့် အလင်းရောင်ကောင်းစွာ မပေးနိုင်ဘဲ မရှိ့မရဲ ရှိနေရှာ တော့သည်။ တန်ဆောင်မုန်းလဖြစ်၍ မအိုက်မအေးရှိသော ရာသီဥတု ဖြစ် သော်လည်း မိုးတိမ်များအကြားမှ လေကလေး ဖော့လိုက်သည်တွင် ချမ်းတော့ မလိုလို စိမ့်ကနဲ စိမ့်ကနဲ ဖြစ်မိတော့သည်။

နေအိမ်သို့ ရောက်၍ ဝင်းပေါက်မှ အသင့်ကြိုဆိုလျက် ရှိသော ထွန်း နှင့် တွေ့ရာ . . .

"ဘယ်နှယ့်လဲဟေ့ ၊ လှဲကျင်း ရှင်းလင်းထားပြီလား"

"အဆင်သင့်ပါပဲ ဆရာ"

"ဘာများ ထူးထူးခြားခြား မြင်ရ ကြားရသလဲဟေ့"

"ခြေသံတွေလိုလို ဘာလိုလိုတော့ ကြားရတယ် ဆရာရေ့၊ ဖနောင့်ခ ကပ်ပြီး စကား တီးတိုး ပြောသလို၊ တရှိုးရှိုး တရှားရှားလဲ ကြားတယ်"

"မင်းကတော့ မကြောက်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုကြိုဖန်ဖန် ဆရာ၊ ဒါလောက်တော့ ကျွန်တော်က အပျော့ပေါ့"

ကျွန်တော်သည် ဂျွန်၏ ရဲတင်းသော မျက်နှာကို မြင်လိုက်ရသည့်အခါ ဤသူငယ်ကား မည်သို့သော အခြင်းအရာနှင့် ကြုံတွေ့ရသည် ဖြစ်စေ ကျွန်တော့ကို စွန့်ပစ်ထွက်ပြေးမည့် လူတစ်ယောက် မဟုတ် ဟူ၍ စိတ်ချမိပေတော့သည်။

ကျွန်တော်တို့သည် အိမ်ရှေ့တံခါးကို ပိတ်၍ အိမ်ပေါ်သို့ တက်ကြမည် ပြုရာတွင် ဘူလီ၏ ထူးဆန်းသော အပြုအမူကို သတိပြုမိ၏။ ဘူလီသည် အိမ်ထဲသို့ သွက်လက်စွာ ဝင်သွားပြီးမှ နောက်သို့ တွန့်ဆုတ်လာပြီးလျှင် ပိတ်ထားသော တံခါးကို ပတာပ်ရပ်ကာ ခြစ်ကုပ်လျက် အပြင်သို့ ထွက်လိုသည့် လက္ခဏာဖြင့် တအီအီ ညည်းညူနေ၏။ ကျွန်တော်က ဦးခေါင်းကို ပွတ်သပ်ပေး၍ ခေါ်လာသောအခါ ဘူလီသည် အခါတိုင်းကဲ့သို့ ရှေ့မှကြိုတင်၍ အမြီးထောင်ကာ ပြေးလွှား စုံစမ်းခြင်းမပြုဘဲ အိမ်ထဲသို့ ကျွန်တော်တို့နောက်မှ ကပ်လျက် ဝင်လိုက်လာ၏။ ကျွန်တော်တို့ သည် ရှေးဦးစွာ အိမ်အောက်ထပ်ရှိ အခန်းများကို ဝင်ရောက် မွှေနှောက်ကြည့်ရာတွင် စင်းကားအပ်ချုပ်စက်ဟောင်းတစ်လုံး၊ သစ်သား ဘီရိုဟောင်းကြီးနှစ်လုံးနှင့် တိုလီမိုလီ ပစ္စည်းအဆွေးအမြေ့များကို တွေ့ကြရ၏။ ပစ္စည်းများ မှာ လူ၏လက်ဖြင့် မကိုင်မထိဘဲ ကြာရှည်စွာ နေခဲ့ရသည့် လက္ခဏာဖြင့် မြူမှုံများ ဖုံးအုပ်ကာ မွဲချောက်ချောက် ရှိကြလေတော့သည်။

အိမ်နောက်ဖေး၌ အုတ်တာတိုင်းကြီး ကာရံလျက်ရှိသော ဝင်းကြီးရှိရာ၊ အုတ်တံတိုင်းတွင် အညှိများစွာ ကပ်နေခြင်းကို ထောက်ခြင်းအားဖြင့် အိမ်နောက်ပိုင်းသို့ လူသူ အရောက်အပေါက် မရှိဘဲ ပစ်ထားသည်မှာ အတန်ကြာခဲ့ဟန် တူလေသည်။ နောက်ဖေးဝင်းကြီးထဲ၌ အုတ်များ ခင်းထားသည့်ပြင် အုတ်များမှာ စက်အုတ်မဟုတ်ဘဲ တောင်ဆုတ်ခန့် အလျားရှိသော မြန်မာမင်း အုတ်များ ဖြစ်သည်ကို တွေ့ရ၍၊ မြန်မာမင်းတို့ လက်ထက်က ခင်းထားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ အဆောက်အဦ တစ်ခုလုံးကို ကြည့်ရသည်မှာ ပျဉ်ထောင်ပျဉ်ခင်းထားသော အထက်ထပ်မှတစ်ပါး၊ ရှေးပဝေသဏီက ဆောက်လုပ်ထားသည်များကို အပေါ်ရံတွင် သဘော်ဆေးများ သုတ်၍ ပြုပြင်ထားခြင်းနှင့် တူပေသည်။ ဝင်းထဲ၌ ခင်းထားသော အုတ်များပေါ်တွင် ခြေချလိုက်သည့်အခါ ခြေရာများ အကွင်းလိုက် ထင်လျက် ကျန်ရစ်တော့သည်။

ကျွန်တော်တို့ လက်နှိပ်ဓါတ်မီး တစ်လက်နှင့် နောက်ဖေးဝင်းထဲသို့





လှည့်လည် ကြည့်ရှုလျက်ရှိစဉ်၊ ထူးဆန်းသော အခြင်းအရာတစ်ခု စတင်ကြုံတွေ့ရပုံမှာ ကျွန်တော်တို့ လျှောက်သွားနေကြသော အုတ်များပေါ်တွင် ကျွန်တော်တို့၏ ရှေ့တည့်တည့်၌ ခြေရာများ ကွက်ခနဲ့ ကွက်ခနဲ ထင်၍ ထင်၍သွားလေသည်။ ကျွန်တော်သည် ထိုအခြင်းအရာကို ဂျွန်အား လက်တို့၍ ပြဆဲတွင် ထင်ပြီးသော ခြေရာ၏ရှေ့မှ အခြားခြေရာတစ်ခု ထင်သွားပြန်သည်ကို မြင်ကြရ၏။ ဖြစ်ပုံမှာ တစ်စုံတစ်ယောက်သော သူသည် ကျွန်တော်တို့ ရှေ့မှ ယခု ချက်ခြင်း လက်ငင်း ခြေတစ်လှမ်းခြင်း လျှောက်၍ နင်းချသွားခြင်းနှင့် တူပေတော့သည်။ ခြေရာများကို သေချာစွာ ကြည့်သည့်အခါ ဖိနပ်မပါသော သူငယ်ကလေး တစ်ယောက် နင်းချထားခဲ့ခြင်းနှင့် တူပေရာ၊ ကျွန်တော်တို့ ရပ်လျှင် ရပ်နေ၍ ကျွန်တော်တို့က ဆက်လက်လျှောက်သွားတိုင်း ရှေ့၌ ခြေရာကလေး တစ်ခု အသစ်အသစ် ထင်လျက် ထင်လျက် ကျန်ရစ်တော့သည်။ ကျွန်တော်နှင့် ဂျွန်တို့သည် အုတ်တံတိုင်းသို့ ရောက်အောင် လျှောက်သွားကြ၍ ခြေရာများသည်လည်း အုတ်တံတိုင်းသို့ ထိအောင် ရှေ့မှ တစ်ခုချင်း ထင်လျက် ကျန်ရစ်ကြရာ၊ အုတ်တံတိုင်းမှ လှည့်၍ အိမ်ဘက်သို့ ပြန်လျှောက်လာကြသောအခါတွင်မူကား ခြေရာကလေးများ မပါလာတော့ချေ။ ကျွန်တော်နှင့် ဂျွန်တို့သည် ထိုအခြင်းအရာကို မြင်ကြရသော်လည်း စိတ်ထဲ၌ မည်သို့မျှ မရှိ။ သာမန် အဖြစ်အပျက်တစ်ခုကဲ့သို့ သဘောထားကာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ ပြုံးရုံမျှ ပြုံးခဲ့ကြလေသည်။

ထိုနောက် အိမ်ပေါ်သို့ တက်လာကြ၍ ဧည့်ခန်းသို့ ဝင်ကြည့်ကြရာ အိမ်ထောင်မှု ပစ္စည်းများနှင့်အတူတကွ တစ်ပါတည်း ငှါးရမ်းဖို့ စီမံထားသော အိမ်ဖြစ်သောကြောင့် သစ်သား စားပွဲနှင့် ကုလားထိုင်သည် သူ့နေရာနှင့်သူ သပ်ယပ်စွာ ခင်းကျင်းလျက်ရှိ၏။ ဦးသာဟန်သည် ထိုအိမ်ကြီးကို အမွေရစဉ်က ပစ္စည်း အပြည့်အစုံနှင့်တကွ ငှါးရမ်းဖို့ ရည်ရွယ်ထားသောကြောင့် အိမ်ထောင်မှု ပစ္စည်းများ သယ်ယူပြောင်းရွှေ့ခြင်း မပြုဘဲ မူလအတိုင်း ဆက်လက်ထားခဲ့ခြင်းဖြစ်၏။ အိမ်ကြီးမှာလည်း အရာရှိများသာ ငှါးရမ်းနေထိုင်သည့် အိမ်ကြီးမျိုးဖြစ်ရာ အရာရှိဆိုသော လူများမှာ တစ်မြို့မှ တစ်မြို့သို့ အိမ်ထောင်မှုပစ္စည်းများ သယ်ယူရန် အလိုမရှိကြသဖြင့် အိမ်ထောင် ပစ္စည်းများပါ ငှါးရမ်းသော အိမ်မျိုးကို လိုချင်တတ်ကြလေသည်။

ကျွန်တော်တို့သည် ဧည့်ခန်းသို့ ဝင်ကြ၍ ကျွန်တော်က ပက်လက်ကြိမ်ကုလားထိုင်ကြီးပေါ်၌ ထိုင်လိုက်စဉ်၊ ဂျွန်သည် လက်ထဲ၌ ဆုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ဖရောင်းတိုင်ကို စားပွဲ၌ စိုက်ထောင်ထားလိုက်၏။ ကျွန်တော်က ဂျွန်အား တံခါးပိတ်ရန်ပြောသဖြင့် ဂျွန်သည် တံခါးဆီသို့ လှည့်ထွက်သွားစဉ် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထရံ၌ ကပ်ထားသော ကုလားထိုင် တစ်လုံးသည် ထရံမှ အလိုအလျောက် ခွာထွက်လာ၍ ကျွန်တော်၏ ရှေ့တည့်တည့် ၂ တောင်ကွာလောက်တွင် ရပ်တည်နေ၏။

"ဝိုင်ယာကြိုး မပါဘဲနဲ့ ရွေ့တဲ့ကုလားထိုင်ကို ဒီတစ်ခါပဲ မြင်ရတယ်ဟေ့"ဟု ကျွန်တော်က ရယ်မောကာ ပြောလိုက်သည်တွင် ဘူလီသည် ကျွန်တော်၏ နံဘေး၌ ထိုင်ကာ ဦးခေါင်းထောင်လျက် အူလိုက်လေသည်။

ဂျွန်သည် ကုလားထိုင် ရွေ့လာခြင်းကို မမြင်မိဘဲ လိုက်လိုက်လှဲလှဲ အူလျက်ရှိသော ဘူလီကို ချော့မော့လျက် ရှိ၏။ ကျွန်တော်ကမူ ကုလားထိုင်ကို စေ့စေ့ကြည့်နေစဉ် ကုလားထိုင်ပေါ်တွင် ပြာနှမ်းနှမ်း အရောင် ရှိသည့် လူ၏ ပုံသဏ္ဌာန် တစ်ခု တရေးရေး ပေါ်ထွက်လာ၏။ ပုံသဏ္ဌာန်မှာ မထင်မရှား ရှိနေသောကြောင့် "ဟုတ်မှ ဟုတ်ပါလေ၏လော"ဟု မျက်လုံးများကို ပွတ်၍ ကြည့်မိပါသည်။

ဘူလီမှာ ထိုအခါ၌ ငြိမ်သက်စွာ ရှိနေပြီ ဖြစ်၍ ကျွန်တော်က ဂျွန်အား "ဟေ့လူ ဒီကုလားထိုင်ကို ထရံနား ပြန်ကပ်ထားလိုက်စမ်းကွာ"ဟု ပြောလိုက်သဖြင့် ဂျွန်သည် ကုလားထိုင်ကို ကောက်ယူကာ ထရံသို့ မှီထားစဉ် ကျွန်တော့်ဘက်သို့ ဆတ်ခနဲ လှည့်လျက် "ဆရာလား ခင်ဗျ"ဟု မေးလိုက်၏။

"ငါ ဘာလုပ်လို့လဲကွဲ့"

"ကျွန်တော့်ပခုံးကို ဆတ်ခနဲ တို့လိုက်လို့ ဆရာရဲ့"

"ငါ မဟုတ်ပါဘူးကွယ်၊ မျက်လှည့်သမားတွေက မျက်လှည့် ပြနေကြထင်ပါရဲ့၊ ကိုင်း မျက်လှည့် ဆရာတို့၊ မင်းတို့ ခြောက်လို့ ငါတို့ပဲ ကြောက်မလား၊ မင်းတို့ကို ငါတို့က မိအောင် ဖမ်းနိုင်မလား၊ ကြည့်ကြသေးတာပေါ့ကွယ်"

ညဉ့်ခန်းထဲ ကြာရှည်စွာ နေကြဖို့ အလုပ်လည်း မရှိ။ နောက်ထပ်၍ ထူးခြားသော အခြင်းအရာများလည်း မတွေ့ရသည်နှင့် ကျွန်တော်တို့သည် အိပ်ခန်းသို့ ဝင်ရန် ပြင်ဆင်ကြ၏။ ကျွန်တော့်အဖို့ ပြင်ထားသော အခန်းတွင် သစ်သားကုတင် တစ်လုံးရှိ၍ ကုတင်ပေါ်တွင် သင်ဖြူးနှင့် ခေါင်းအုံးများ ခင်းထား၏။ တစ်ဖက်သော ထရံ၌ ပြတင်းပေါက် နှစ်ခုရှိရာ ယင်းတို့မှ မျှော်ကြည့်လိုက်သည့်အခါ ဝင်းပေါက်နှင့် တည့်နေသဖြင့် လမ်းပေါ်၌ လူအများ





လျှောက်သွားသည်ကို မြင်နိုင်ပေ၏။ အခြားသော ထရံတစ်ခု၌ တံခါးပေါက် တစ်ခုရှိရာ ယင်းမှ ထွက်လိုသည့်အခါ ဂျွန်အိပ်သော အခန်းသို့ ရောက်သွားလေသည်။ ဂျွန်အတွက်မှာ ကင့်မကော့တစ်ခု ခင်းထားလေရာ ထိုအခန်းငယ်မှ အခြားသို့ ထွက်သော တံခါးပေါက်လည်း မရှိ၊ ပြတင်း ပေါက်လည်း မရှိချေ။

ကျွန်တော်၏ ကုတင်အနီးတွင် စားပွဲကလေး တစ်ခုနှင့် ကျွန်းသား ဘီရိုကြီးတစ်လုံး ရှိရာ ဘီရိုကို ဖွင့်ကြည့်သောအခါ ပုရပိုက် အဟောင်းများနှင့် စာပေများကို တွေ့ရ၏။ ပုရပိုက်များ၌ ရေးသားထားသော ကန့်ကူဆန် လက်ရေးများမှာ မှေးမှိန်လျက် ရှိသဖြင့် ဖတ်ရန် ခဲယဉ်းလှ၏။

ကျွန်တော်နှင့် ဂျွန်တို့သည် ထိုအခြင်းအရာများကို အတူတကွ ကြည့်ကြပြီးနောက် ကျွန်တော်၏ အိပ်ခန်း တံခါးမှ အပြင်သို့ ထွက်လာ၍ ဆောင်ကူးလမ်းကြားသို့ ရောက်ကြသည်တွင် တံခါးတစ်ခု တွေ့သဖြင့် တွန်းကြည့်ရာ ပိတ်ထားသည်ကို တွေ့ရ၏။

"ဘယ်နှယ်လဲ ဆရာ၊ စောစောတုန်းက ကျွန်တော် တစ်ခေါက်ရောက်လို့ တွန်းစမ်းကြည့်တော့ ဒီတံခါးဟာ ဖွင့်လို့ရပါတယ်။ အခု ဘယ့်နှယ်ကြောင့် ပိတ်သွားရပါလိမ့်၊ အတွင်းဘက်က မင်းတုံးရှိ"

ဂျွန်က ပြော၍ မဆုံးမီ တံခါးသည် ကျွန်တော်တို့ မျက်စိအောက်တွင် အလိုအလျောက် ဖြည်းညင်းစွာ ပွင့်လာလေ၏။ ကျွန်တော်တို့သည် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြပြီးနောက် တံခါးပေါက်မှ အထဲသို့ ချက်ခြင်း ဝင်လိုက်သွားကြရာ အလွန်ကျဉ်းမြောင်းသော အခန်းကလေး တစ်ခုသို့ ရောက်သွားကြ၏။ အခန်းတွင်း၌ ကျွန်းသေတ္တာအလွတ် နှစ်လုံးနှင့် သစ်စေးသရိုးကိုင်ထားသည့် တောင်းကြီး နှစ်လုံး သုံးလုံးမှတစ်ပါး၊ အခြားပစ္စည်း မတွေ့ရချေ။ တစ်ဘက်သော ထရံ၊ ပိတ်လျက်ရှိသော ပြတင်းတံခါးတစ်ခုရှိ၍ ကြမ်းပြင်မှာ အလွန်ဆွေးမြေ့ နေသဖြင့် အချို့နေရာများ၌ သစ်သား အတိုအစများဖြင့် ဖာထေးထားသည်ကို တွေ့ရ၏။ ကျွန်တော်တို့ ဝင်လာခဲ့သော အပေါက်မှတစ်ပါး၊ အခြား အပေါက်မရှိသဖြင့် တံခါးကို လူဖွင့်ခြင်း ဖြစ်ခဲ့လျှင် ဖွင့်သော လူသည် ပုန်းအောင်းနေရန် သော်လည်းကောင်း၊ တိမ်းရှောင် ထွက်သွားရန် သော်လည်းကောင်း နည်းလမ်း မရှိချေ။ ကျွန်တော်တို့သည် အခန်းကလေးထဲ၌ ထိုမှ ဤမှ ကြည့်နေကြစဉ် အခန်းတံခါးသည် ဖြည်းညင်းစွာ ပိတ်သွားသဖြင့် ကျွန်တော်တို့ နှစ်ယောက်မှာ အခန်းထဲတွင် ပိတ်လှောင်နေမိကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကျွန်တော့်မှာပထမအကြိမ် တုန်လှုပ်မိတော့သည်။ သို့ရာတွင် ဂျွန်မှုကား တုန်လှုပ်သည့် လက္ခဏာ မရှိချေ။ ကျွန်တော်တို့ကို လှောင်ပိတ်ထားလို့ ဘာရမှာလဲ ဆရာ၊ ဒီတံခါးမျိုးတော့ ခြေထောက်နဲ့ နှစ်ချက်မကန်ရပါဘူး၊ ကျိုးထွက်သွားမှာပါ ဆရာ"

"နေပါဦးကွယ်၊ လက်နဲ့ ရိုးရိုး ဖွင့်ကြည့်စမ်းပါဦး၊ ငါက ပြူတင်းပေါက်ကို စမ်းကြည့်ပါဦးမယ်"

ကျွန်တော်သည် ပြူတင်းပေါက်ကို တွန်းဖွင့်ကြည့်ရာ အလွယ်တကူပွင့်သွား၍ အိမ်နောက်ဖေး၌ရှိသော ဝင်းထဲသို့ မျှော်ကြည့်နိုင်သော်လည်း သံတိုင်များ စိုက်ထူထားသောကြောင့် ကျော်ဆင်းရန် မဖြစ်နိုင်ချေ။

ထိုအတောအတွင်း ဂျွန်သည် အခန်းတံခါးကို တွန်းဖွင့်ကြည့်ရာ ဖွင့်မရသည်နှင့် "ဘယ်နှယ်လဲ ကျွန်တော် ကန်ဖွင့်လိုက်တော့မယ်ဆရာ"ဟု အခွင့်တောင်း၏။ ဂျွန်၏အမူအရာကို ကြည့်ခြင်းအားဖြင့် ဤသူငယ်သည် လန့်ထိပ်ခြင်း အလျှင်းမရှိဘဲ မခံချင်သဖြင့် ဒေါသအနည်းငယ် ထွက်နေသည်ကိုသာ တွေ့ရသည်နှင့် အတော်သတ္တိကောင်းပေသည်ဟု စိတ်ထဲ၌ ကျေနပ်အားရနေမိလေသည်။

"လုပ်လေကွာ အသာတကြည်နဲ့ မရမင့်ဟာ အတင်းသာ လုပ်ပေတော့"

ဂျွန်သည် နောက်သို့ဆုတ်ကာ အရှိန်ယူလျက် တံခါးဆီသို့ ပြေးကာပြေးကာ ကိုယ်လုံးရိုက်သော်လည်း တံခါးသည် တကျွိကျွိ တဒိန်းဒိန်း မြည်ရုံမှတစ်ပါး ပွင့်လည်းမပွင့် လှုပ်ပင်မလှုပ်ချေ။ ဂျွန်မှာ 'ဂင်တို' အဆက် အပေါက်ရှိ၍ ကာယဗလ အတော်ကောင်းသူ ဖြစ်သော်လည်း ချွေးများကျ၍ လက်လျှော့လိုက်ရလေပြီ။ ထိုနောက် ကျွန်တော်ပါကူ၍ နှစ်ယောက်သား ပြေးဝင်ဆောင့်စမ်းကြသေး၏။ ထူးခြားခြင်းမရှိချေ။

အကျဉ်းအကြပ်ထဲတွင် ကျွဲနှင့် လည်းကောင်း၊ ကျားနှင့်လည်းကောင်း၊ လူဆိုးလူမိုက်များနှင့် လည်းကောင်း တွေ့ခဲ့ဖူး၍ တုန်လှုပ်သည်ဟု မရှိခဲ့ဘူးသော ကျွန်တော်မှာ ထိုအချိန်တွင် ကျောထဲ၌ စိမ့်လာသည်ဟု ဝန်ခံဖို့ မရှက်နိုင်တော့ပါ။ အဘယ့်ကြောင့်ဆိုသော် မမြင်ရသော လက်များဖြင့် အခန်းထဲ၌ ပိတ်လှောင်ခြင်း ခံရရုံမျှမကသေး ကြမ်းကြိုကြမ်းကြားများမှာလည်း ညှီဟောက်ပုပ်စော်၍ အော်ဂလီဆန်စေသည့် အနံ့ဆိုးကြီး တက်လာ၍ အခန်းတလေးအတွင်းရှိ လေအားလုံးကို ဖုံးမျိုသွားတော့သည်ဟု မှတ်ထင်ရသော





ကြောင့်ပေတည်း။ နောက်ထပ် ငါးမိနစ်ခန့် နေရလျှင် ကြောက်ရွံ့ထိတ်လန့်ခြင်းကို အပထား၍ ထိုအနံ့ဆိုးခြင်း အတွက်ကြောင့် အော့အန်မူးမေ့ သွားလေမည်လော၊ မပြောနိုင်အောင် ရှိနေကြသည်အတွင်း တံခါးသည် အလိုအလျောက်ဖြေးညှင်းစွာ ပွင့်လာသည်နှင့် ကျွန်တော်တို့လည်း အပြေးအလွှား ထွက်လာခဲ့ကြလေတော့သည်။

တံခါးပေါက်မှ ပြေးထွက်လာကြ၍ ဆောင်ကူးလမ်းကြားသို့ ရောက်သည်တွင် ကျွန်တော်တို့ ရှေ့၌ ပုံသဏ္ဌာန် မပီမသ မသဲကွဲသည့် အလင်းရောင် အစုအဝေးကြီး တစ်ခု ပေါ်လာ၍ တရွေ့ရွေ့ ရွေ့ပြောင်း သွားနေသဖြင့် ကျွန်တော်တို့က နောက်မှ လိုက်သွားကြ၏။ အလင်းရောင်ကြီးသည် ဆောင်ကူးလမ်းတစ်လျှောက် ရွေ့သွား၍ လက်ကျဲဘက်၌ရှိသော အခန်းကလေးတစ်ခုထဲသို့ ဝင်သွားရာတွင် ကျွန်တော်တို့က ထက်ချပ်မကွာ လိုက်ပါသွားကြ၏။ အခန်းကလေးထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပုံသဏ္ဌာန်မပီသသော အလင်းရောင်ပြွန့်ကြီးအဖြစ်မှ ရုတ်တရက် ချက်ချင်း လက်သီးဆုတ်ခန့်မာနရှိသည့် အလွန်တောက် ပသော အလင်းခဲကလေး တစ်ခုအဖြစ်သို့ ပြောင်းလဲသွားပြီးလျှင် ကုတင်ပေါ်တွင် တခဏမျှ တဝင်းဝင်းနှင့် တည်နေပြီးနောက် ရုတ်ခနဲ ကွယ်ပျောက်သွားတော့၏။ ကျွန်တော်တို့သည် ကုတင်ကိုကြည့်ရာတွင် ခေတ် ကုတင်မျိုးမဟုတ်ဘဲ သလွန်ပုံသဏ္ဌာန် ရှိနေသည်ကို တွေ့ရ၍ ကုတင်အနီးရှိ ချုပ်ခုံကလေး တစ်ခုပေါ်တွင်လည်း ရှေးလူများ ခြုံသည့် ပိုးဇာပဝါတစ်ထည်ကို တွေ့၏။ ဇာပဝါ၌ စုတ်ပြဲနေသော နေရာတွင် ချုပ်လုပ်ထားသည့် အပ်ချည်နှင့် အပ်တန်းလန်း တွေ့ရလေသည်။ ထိုဇာပဝါမှာ ဤအိမ်၌ သေဆုံးသွားသော မိန်းမကြီး၏ ပစ္စည်းဖြစ်တန်ရာ၍ မသေမီက အိပ်သွားသည့် အခန်းပင် ဖြစ်ဟန်တူ ပေသည်။

ဇာပဝါမှာ ချုပ်ခုံနှင့် တန်းလန်းရှိနေသည် ဖြစ်၍ ကျွန်တော်တို့သည် ချုပ်ခုံအံဆွဲကလေးကို ဖွင့်ကြည့်လိုက်သည့်အခါ အပ်ချည် လက်စွပ်တစ်ကွင်း ကန့်ကမာကြယ်သီး လေးငါးလုံး၊ ဖယောင်း လုံးတစ်ခု၊ ကြယ်သီးဆိုးသည့် အရိုးတစ်ချောင်းတို့ အပြင် ပိုးစည်းကြိုး အနီကလေးဖြင့် ချည်ထားသော စာနှစ်စောင်ကို တွေ့ရ၏။ ကျွန်တော်သည် အခြားပစ္စည်းများကို ပြန်ထည့်ထား၍ စာ ၂ စောင်ကို အိတ်ထဲသို့ ထည့်လာခဲ့၏။ အခန်းထဲ၌ အခြားပစ္စည်းများလည်း မရှိ၊ ယခင်က အလင်းရောင်လည်း ပေါ်မလာတော့သည်နှင့် ကျွန်တော်တို့၏သည် ထိုအခန်းမှ ထွက်လာခဲ့ရာ အခန်းဝသို့ ရောက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက် ကျွန်တော်တို့ ရှေ့မှ ခြေသံများ တရုပ်ရုပ် ကြားကြရ၏။ အခြား အခန်းတို့ကို နှံ့အောင်ဝင် ကြည့်ကြစဉ် ကျွန်တော်တို့ ရှေ့မှ ခြေသံ တရုပ်ရုပ် မြည်လိုက်၍ အကောင် အထည်မူကား မမြင်ရချေ။ နောက်ဆုံး၌ ကျွန်တော်တို့ အိပ်ခန်းသို့ ပြန်လာကြ၍ ဝင်တော့မည်ပြုဆဲတွင် စာ ၂ စောင် ထည့်ထားသော အင်္ကျီအိတ်ကို ဆတ်ခနဲ ဆွဲလိုက်သကဲ့သို့ တင်းကနဲ ဖြစ်သွားသည်နှင့် အင်္ကျီ အိတ်ကို လက်နှင့် ဖိထားလိုက်ရ၏။

အိပ်ခန်းသို့ ဝင်ကြသောအခါ ဘူလီသည် ကျွန်တော်တို့နှင့် အတူ မလိုက်ခဲ့ဘဲ ကုတင်ထောင့် အနီး၌ ကုပ်လျက်ဝပ်နေရစ်သည်ကို တွေ့ရ၏။ ကျွန်တော်တော်ကမူ ခွေးကို ဂရုမစိုက်နိုင်ဘဲ စာများကို ဖတ်ချင်အားကြီးနှင့် ဖယောင်းတိုင်ကို ရှေ့ထောင်နေစဉ် ဂျွန်သည် ကျွန်တော်၏ ခါးမြှောင်ကို စားပွဲ ပေါ်တွင် တင်ထားပြီးနောက် ဘူလီကို ပွေ့သပ်ပေးနေ၏။ ဘူလီကမူ ဂျွန်ကို အရေးလုပ်သည့် လက္ခဏာမရှိဘဲ တဆတ်ဆတ် တုန်လျက်ရှိ၏။

ကျွန်တော်သည် ကုတင်စွန်းတွင် ထိုင်လျက် စာများကို ဖတ်ကြည့်ရာ မြန်မာဘာသာဖြင့် ရေးထား၍ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်လောက်က ရေးသော စာများဖြစ်ကြောင်း တွေ့ရ၏။ စာအသွားအလာမှာ လင်ယောကျ်ားက မယားထံသို့ ရေးခြင်းဖြစ်သည်ဟု သိနိုင်၏။ စာရေးသောသူသည် ဧရာဝတီမြစ်ကြောင်းတွင် လှေသမ္ဗာန် စသည်တို့နှင့် ရောင်းဝယ်ရေးအတွက် စုန်ဆန်သွားလာသူ ဖြစ်ရမည်ဟူ၍လည်း ရိပ်မိနိုင်၏။ မြန်မာစာကို သတ်ပုံ သတ်ညွှန်း မှန်ကန်အောင် ရေးနိုင်သူ ရှားပါးလျက် သတ်ပုံအတော် မှန်ကန် အောင် ရေးထားသည်ကို တွေ့ရ၏။ ချစ်ခင်ကြောင်းနှင့် လွမ်းဆွတ် တမ်းတ ခြင်းအကြောင်းများကို အတော်ဖွဲ့နွဲ့ စီကုံးရေးသားထား၍ ရာဇဝတ်ပြစ်မှု ကျူး လွန်ခဲ့ဖူးခြင်းနှင့် ပတ်သက်၍ အရိပ်နိမိတ်များလည်း ပါရှိပါ၏။ တစ်နေရာ၌ "မောင်တို့ အဖြစ်အပျက်ကို လူတွေသိရလျှင် တံတွေးကွက်တွင် ပက်လက်မျော ရမလောက် ကြောက်ဖို့ကောင်းသည် မဟုတ်ပါလော" ဟူ၍ လည်းကောင်း၊ အခြား တစ်နေရာတွင်လည်း "နှမက အိပ်မောကျလျှင် ယောင်တတ်သော ကြောင့် အတော်နှင့် မအိပ်ပါလေနှင့်၊ တွေ့ကရာတွေ လျှောက်ပြောကုန်မှာ စိုးရပါသည်" ဟူ၍လည်းကောင်း အခြားတစ်နေရာ၌လည်း "လွန်ပြီးကိုတော့ မတတ်နိုင်တော့ပါ၊ သေပြီးသော လူကပူး၍ ပြောမည်လောက်ကိုသာ ကြောက် ရပါသည်" ဟူ၍လည်းကောင်း ရေးသားပါရှိလေသည်။ စာတစ်စောင်၏ အဆုံးတွင် ယောကျ်ားလက်ရေးဖြင့် မဟုတ်ဘဲ စာကောင်းစွာတတ်သော မိန်းမ





တစ်ယောက်၏ သပ်ယပ်သော လက်ရေးဖြင့် "တန်ဆောင်မုန်းလပြည့်နေ့တွင် မိုးသက်လေမိ၍ လှေမှောက်ပြီး သေဆုံးသည်" ဟူသော မှတ်ချက်ကလေးတစ်ခု ရေးထားသည်ကိုလည်း တွေ့ရ၏။

ထိုစာများကို ဖတ်ရသည့်အခါ ကျွန်တော့်မှာ ထွေထွေရာရာ စိတ်ကူးများ ဖြစ်ပေါ်၍ တောင်တောင်အီအီ စဉ်းစားမိမည် စိုးသည်နှင့် စာများကို ချထားပြီးလျှင် လောကသာရ ဆုံးမစာကို ကောက်ယူလိုက်၏။ ဂျွန်မူကား ဖယောင်းတိုင် တစ်တိုင်နှင့် သူ၏ အခန်းကလေးဘက်သို့ ကူးသွား၍ ဘူလီ လည်း ကုတင်ခြေရင်းတွင် ဝပ်လျက်ရှိ၏။ နှစ်ခန်းအကြား၌ ဆက်သွယ်သော တံခါးကို ကျွန်တော်၏ အမိန့်အတိုင်း ဂျွန်က ဖွင့်ထားရာ ကျွန်တော်သည် တွေ့ချင်ရာတွေ့ ကြည်လင်စွာ ရှိစေခြင်းငှာ စာအုပ်ကို ဖတ်နေ၏။

မိနစ် ၂၀ ခန့် ကြာလတ်သော် ပိတ်ထားသော တံခါးတစ်ချပ် ရုတ် တရက် ပွင့်သွားခြင်းကဲ့သို့ ကျွန်တော်၏ ပါးပြင်သို့ လေအေးတစ်ချက် ရုပ်ခနဲ တိုးဝှေ့ ဝင်သွားသည်နှင့် ဖယောင်းတိုင်ကို ကြည့်လိုက်ရာ ဖယောင်းတိုင် နှစ်တိုင်တို့မှာ မီးတောက်များမူကား ငြိမ်လျက်ရှိသည်ကိုသာ တွေ့ရ၏။ ပြတင်းပေါက်များကို လည်းကောင်း၊ ဆောင်ကူးလမ်းသို့ ထွက်သော တံခါးကို လည်းကောင်း၊ လှမ်းကြည့်လိုက်သည့်အခါ ပိတ်လျက်သား တွေ့ရ၏။ စားပွဲ ပေါ်တွင် ဖယောင်းတိုင်များ အနီး၌ ချထားသော ခါးမြှောင်နှင့် လက်ပတ်နာရီ တို့ကို ကြည့်လိုက်ရာတွင် ခါးမြှောင်မှာ ငြိမ်သက်စွာ တည်နေ၍ လက်ပတ်နာရီ မူကား စားပွဲမှ ဖြည်းညှင်းစွာ လျောကျပြီးနောက်ကွယ် ပျောက်သွားခဲ့လေပြီ။ ဤတွင် ကျွန်တော်သည် ခါးမြှောင်ပါ ပျောက်ကွယ်သွားမည် စိုးသည်နှင့် ဖြတ်ခနဲ ကောက်ယူ၍ ကြမ်းပေါ်သို့ ငုံ့ကြည့်လိုက်ရာ နာရီကို မတွေ့ရတော့ချေ။ ထိုခဏ၌ ကျွန်တော်၏ ကုတင် ခေါင်းရင်းဘက်မှ ပြိုသစွာခေါက်လိုက်သည့် အသံသုံးချက် ပေါ်ထွက်လာသဖြင့် အခန်း၌ရှိသော ဂျွန်က "ဘာလဲဆရာ၊ ကျွန်တော့်ကို ခေါ်သလား"

"ငါမခေါ်ဘူးဟေ့၊ သတိထားနေကွယ့်နော်"

ထိုအခါတွင် ဘူလီသည် ကုတင်ခြေရင်း၌ ခြသေ့ထိုင် ထိုင်ကာ နားရွက်များကို ရှေ့တိုးနောက်ငင် ပြုလုပ်ရင်း ကျွန်တော်၏မျက်နှာကို ထူးဆန်း သော ကြည့်ခြင်းဖြင့် မော့ကြည့်နေသောကြောင့် ကျွန်တော်မှာ ဘူလီကိုသာ ပြန်၍ ကြည့်နေမိတော့၏။ ယင်းသို့ ကြည့်နေစဉ် ခွေးသည် တကိုယ်လုံး ၌ရှိသော အမွေးများ ထောင်လာ၍ တဖြည်းဖြည်း ကုန်းထလေသည်။ ထိုအခိုက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဂျွန်သည် ၎င်း၏ အခန်းဘက်မှ ကတိုက်ကရိုက် ကူးပြေး လာရာ ဂျွန်၏ မျက်နှာကဲ့သို့ အသည်းနှလုံး သွားခိုက်အောင်ကြောက် လန့်နေသော မျက်နှာမျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ရဘူးချေ။ အကယ်၍ သူ၏ အခန်းမှ ထွက်လာခြင်း မဟုတ်ဘဲ လမ်းပေါ်၌ ရုတ်တရက် တွေ့ဆုံမိခြင်းဖြစ်ပါမူ ဂျွန်၏မျက်နှာမှာ ကျွန်တော် မှတ်မိလိမ့်မည် မဆင်ပေ။ သူ၏ အခန်းသို့ ဝင်မသွားမီ အချိန်ကနှင့် ယခုမိနစ် ၂၀ အချိန်အတွင်း ဤမျှလောက် ပြောင်းလဲသွားခဲ့လေပြီ။ ဂျွန်သည် ကျွန်တော့်ကိုပင် မြင်ဟန်မတူဘဲ ကလယ်ကလယ် ဖြစ်နေသော မျက်လုံးဝိုင်းကြီးများဖြင့် ကြောင်တောင်ကြီးကြည့်လျက် "ပြေး–ဆရာရေ၊ လွတ်အောင်သာ ပြေးပေတော့ ကျွန်တော့်နောက်က လိုက်လာတယ် ဆရာရဲ့"ဟု ဆိုကာ ကျွန်တော့် အနီးမှ ဖြတ်၍ ဆောင်ကူးလမ်းဘက်သို့ ထွက်ပြေးလေ၏။ ကျွန်တော်က သူ့ နောက်မှလိုက်၍ ခေါ်သော်လည်း ဂျွန်သည် နောက်သို့ လှည့်မကြည့်ဘဲ လှေခါးထစ်များကို သုံးလေးထစ်တစ်လှမ်း ခုန်ဆင်း၍ အိမ်ရှေ့တံခါးမှ တဟုန်ထိုး ထွက်ပြေးလေရကား ကျွန်တော် တစ်ယောက်တည်း လှေခါးပေါ်တွင် ရပ်လျက် ကျန်ရစ်လေတော့သည်။

အမှန်ကိုပြောရလျှင် ကျွန်တော်၏တစ်သက်တွင် ဤတစ်ကြိမ်သည် ထွက်ပြေးဖို့ အနီးဆုံး ဖြစ်ခဲ့ဖူး၏။ လှေခါးပေါ်၌ ရပ်လျက် ကျန်ရစ်စဉ် ဝမ်းထဲ၌ ယားကျိကျိ ဖြစ်သည်တိုင်အောင် ပြေးချင်စိတ် ဖြစ်ပေါ်လာခဲ့၏။ သို့ရာတွင် ကိုယ့်သိက္ခာ ကိုယ်ရှက်သည် တစ်ကြောင်း၊ တစ်စုံတစ်ခုလုပ်လျှင် အစမှ အဆုံးတိုင် ပြုလုပ်တတ်သော ဝါသနာရှိသည် တစ်ကြောင်း၊ မည်သို့သော အခြင်းအရာကို ဂျွန်ကြောက်သွားလေသနည်းဟု သိလိုသော ဆန္ဒ ပြင်းပြသည် တစ်ကြောင်းကြောင့် ကျွန်တော်သည် အခန်းသို့ ပြန်ဝင်၍ တံခါးများ ပိတ်ပြီးလျှင် သတိကြီးစွာဖြင့် ဂျွန်၏ အခန်းသို့ ဝင်ရောက် စုံစမ်းလေ၏။ အခန်းငယ်အတွင်း၌ကား ကြောက်လောက်စရာ တစ်စုံတစ်ခုမျှ မတွေ့ရချေ။ ကျွန်တော် ဝင်သွားသော အပေါက်မှတစ်ပါး၊ အခြား အပေါက်များ ရှိနိုင်ချေသလောဟု ထရံကို သေချာစွာ ကြည့်သော်လည်း တံခါးပေါက်နှင့်တူသော မည်သည့်အရာကိုမျှ မတွေ့ရချေ။ ယင်းသို့ ဖြစ်လျှင် ဂျွန်လန့်၍ ထွက်ပြေးသော အရာသည် မည်သည့်အပေါက်မှ ဝင်၍ မည်သည့်နေရာမှ ထွက်ပြေးလေသနည်း။

နောက်ဆုံး၌ ကျွန်တော်သည် ဂျွန်၏ အခန်းသို့ ကူးသော တံခါးကိုလည်းကောင်း၊ ဆောင်ကူးလမ်းသို့ ထွက်သော တံခါးကို လည်းကောင်း ခင်းတုံးချ၍ ပိတ်ထားပြီးလျှင် ကုတင်ပေါ်၌ ထိုင်ကာ စိတ်ကူးနေ၏။ ထို





အတွင်း၌ တစ်စုံတစ်ခု အမျိုးအမည် ဖြစ်ပေါ်လာလိမ့်မည် ဟူ၍လည်း စောင့်မျှော်လျက် ရှိ၏။ တစ်ခုခုဖြစ်တော့မည်ကား ကေန္တပေနည်း။

ထိုတစ်ခဏအတွင်း ဘူလီသည် ခုတင်ခြေရင်းတွင် ယောက်ယက်ခတ် ဖြစ်ကာနေရာမှ နောက်သို့ ဆုတ်ကာ ဆုတ်ကာ အခန်းထောင့်သို့ ရွေ့သွားပြီးလျှင် အခန်းထောင့်ကို ကျောဖြင့် အတင်းတိုးဖော့နေသည်ကို မြင်ရ၏။ လက္ခဏာမှာ တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုက ခွေးကို အတင်းလိုက်နေသဖြင့် ခွေးက နောက်ဆုတ် နောက်ဆုတ်နှင့် ရွေ့သွားခြင်း ပြီးလျှင် အခန်းထောင့်သို့ ရောက်သောအခါ၌ နောက်ထပ် ဆုတ်ဖယ်စရာ နေရာမရှိသည်နှင့် ထရံထောင့်ကို ကျောမှီကာ ခံနေရခြင်းနှင့် တူပေသည်။ ဘာကို မြင်ရ၍ ဆုတ်ခွါနေခြင်း ဖြစ်သည်ဟူ၍ မူကား ကျွန်တော် မတွေးတောနိုင်ပေ။ ကျွန်တော်က နာမည်ကို ခေါ်ကာ အားပေးသော်လည်း ဘူလီမှာ ကြောက်လွန်းလှသည်နှင့် အံသားဆတ်ဆတ်တုန်ကာ သွားများကို ဖြဲလျက် သွားရည်များ တစ်စက် တစ်စက် ကျနေလေတော့သည်။ ဘူလီသည် သခင်ကိုပင် သိတော့သည့် လက္ခဏာ မရှိတော့ဘဲ မျက်လုံးတစ်မျိုးဖြင့် ကျွန်တော့်ကို ကြည့်နေသည် ဖြစ်သောကြောင့် ကိုင်တွယ်ခြင်း မပြုဝံ့တော့ ချေ။ အကယ်၍ ကိုင်လိုက်မိလျှင် ကိုက်လိုက်တော့မည် ထင်ရ၏။ ဤ အခြေအနေမျိုး၌ ကိုက်လိုက်ရလျှင် ခွေးရူး ပြန်လိမ့်မည်ဟု ထင်ရသည်နှင့် ကျွန်တော်သည် ဘူလီကို ဘာသာအလျှောက် ပစ်ထား၍ ကုတင်ပေါ်သို့ ပြန်ထိုင်ပြီးလျှင် လောကသာရ ဆုံးမစာကိုသာ ဆက်လက် ဖတ်ရှု နေရလေတော့သည်။

ဤနေရာ၌ တစ္ဆေခြောက်ခြင်းနှင့် ပတ်သက်၍ ကျွန်တော်၏ အယူအဆကို အနည်းငယ် ဖော်ပြလို၏။ တချို့ လူများသည် တစ္ဆေခြောက် တတ်သည်၊ သို့မဟုတ် တစ္ဆေဟူသော သတ္တဝါမျိုး ရှိသည်ဆိုခြင်းကို မယုံကြည်ကြသဖြင့် ရဲရင့်ကြသည်။ ရဲရင့်သည့်အလျောက် ထိုသို့သော လူမျိုးမှာ တစ္ဆေနှင့် အတွေ့အကြုံ နည်းတတ်၏။ ကြောက်တတ်သော လူများသည်သာလျှင် တစ္ဆေနှင့် တွေ့တတ်သည်ဟု ယုံကြည်၏။ တစ္ဆေ မရှိဟူ၍ ယူဆသော လူများသည် ယုံကြည်လောက်သော ခြောက်လှန့်ခြင်း ခံရသော အခါတွင်မူကား ကြောက်ရွံ့ကြသည်သာ ဖြစ်လေသည်။ ကျွန်တော့်အဖို့မှာ တစ္ဆေမရှိဟူ၍ မဆိုလို၊ ရှိချင် ရှိလိမ့်မည်ဟု ယုံကြည်၏။ သို့သော် ယင်းတို့သည် လူကို ကြောက်လန့်အောင် ခြောက်ရုံ မှတစ်ပါး ဘေးအန္တရာယ် ပြုနိုင်သော အစွမ်းမရှိသော ကြောင့် မည်မျှလောက် ခြောက်လှန့်သည် ဖြစ်စေ မိမိက မကြောက်သရွေ့



www.burmeseclassic.com

www.burmeseclassic.com



ဘာမျှ ဖြစ်နိုင်ဖို့ မရှိဟူ၍ ယူဆထားလေသည်။ သို့ဖြစ်၍ ကျွန်တော်ကမူ မည်သို့သော အဆင်းကို မြင်ရ၍ မည်သို့သော အသံမျိုး ကြားရစေကာမူ မကြောက်မလန့်အောင် စိတ်ကိုတင်း၍ ထားပြီးဖြစ်လေသည်။ တစ္ဆေသူရဲတို့၏ အလုပ်မှာ လူကို လန့်ထိတ်အောင်လုပ်၍ လန့်ထိတ်ခြင်းသည်ပင်လျှင် ဘေးအန္တရာယ် ဖြစ်လေသည်။ အူအသည်းကို နှုတ်စားခြင်း၊ လည်ကုတ်ကို ချိုးခြင်းစသော အလုပ်မျိုးကို လုပ်နိုင်သည်ဟူ၍ မယုံကြည်ချေ။ အကယ်၍ ထိုကဲ့သို့ ပြုလုပ်နိုင်သည် ဆိုစေဦး ရှေးဦးစွာ လန့်ထိတ်အောင် လုပ်ပြီးမှ တတ်နိုင်သည်ဟု ယူဆ၏။ မလန့်မထိတ် ဆိုလျှင်မူကား ဘာမျှ မတတ်နိုင်ဟု စိတ်ချထားလေသည်။

သို့ဖြစ်၍ ကျွန်တော်သည် ဆုံးမစာကို ဖတ်ရှုစဉ် လန့်ထိတ်ခြင်းကို ဖြစ်စေတတ်သည့် ဥဒ္ဒိစ္စမျိုး ပပျောက်စေခြင်းငှါ စာထဲ၌ တတ်နိုင်သမျှ စိတ်ဝင်စားအောင် ကြိုးစား၏။ အချို့ လူများမှာ ဤသို့သော အခြေ အနေမျိုးတွင် စာဖတ်၍ ရကောင်းမှ ရပေလိမ့်မည်။ ကျွန်တော်မှာ နေ့အချိန် လင့်စင်ပေါ်၌ ကျားစောင့်ရင်းပင် စာဖတ်ဖို့ အလေ့အကျင့် ပြုလုပ်ထားသည်ဖြစ်၍ လောကသာရ ဆုံးမစာကို ဖတ်ရင်း၊ ကောင်းစွာ စိတ်ဝင်စားသည်နှင့် လက်ရှိ အဖြစ်အပျက်ကိုပင် မေ့ပျောက်သွားမိလေတော့သည်။

စာအုပ်ကို ဖတ်နေစဉ် စာအုပ်နှင့် ဖယောင်းတိုင် အကြားတွင် တစ်စုံတစ်ခု ရောက်လာသည့် လက္ခဏာနှင့် စာအုပ်ပေါ်တွင် အရိပ်တစ်ခု ထင်လာသဖြင့် ဆတ်ခနဲ မော့ကြည့်လိုက်ရာတွင် တွေ့မြင်ရသော အခြင်းအရာသည်ကား ရေးသားဖော်ပြရန် မလွယ်ကူလှပေ။

မီးရောင်နှင့် စာအုပ်ကြား၌ ရှိသော လေထဲတွင် ဝတ္ထုဒြပ်ဟူ၍ မထင်ရှားဘဲ မည်းနက်သော အရိပ်ကြီး ပေါ်ထွက်လျက်ရှိရာ ပုံသဏ္ဌာန်မှာ ကောင်းစွာမပီသ သော်လည်း လူ၏ ပုံသဏ္ဌာန်နှင့် ခပ်ဆင်ဆင်တူသည်ဟု ထင်ရ၏။ ကြီးမားလိုက်ပုံမှာကား မျက်နှာကျက်သို့ ထိနေလေတော့သည်။ ထူးခြားသော အခြင်းအရာ တစ်ခုမှာ ပုံသဏ္ဌာန်သည် ကျွန်တော်နှင့် ဖယောင်းတိုင် အကြား၌ ရှိနေသော်လည်း ဖယောင်းတိုင်ကို လုံးဝ ကွယ်ထားသည် မဟုတ်ဘဲ ထိုပုံသဏ္ဌာန်ကို ဖောက်ထွင်း၍ ဖယောင်းတိုင်ကို မြင်ရ၏။ သို့သော် ကောင်းစွာ မလင်းတော့ဘဲ ခပ်မှိန်မှိန် အရောင်မျှသာ ထွက်နိုင်လေတော့သည်။ ခင်စစ်သော်ကား ထိုအရာသည် မီးခိုးပမာဏကဲ့သို့ ရှိနေ၍ အလင်းရောင်ကို လုံးဝလည်း မကွယ်နိုင် မကွယ်ဘဲလည်းမရှိ လေထဲ၌ ခပ်မှိုင်းမှိုင်း ရှိနေခြင်းမျှ





ဖြစ်လေသည်။

ကျွန်တော်သည် မျက်နှာကျက်သို့ ထိအောင် မြင့်သော ထိုအရာကြီးကို မော့ကြည့်နေမိစဉ် ရေခဲခန်းထဲသို့ ဝင်လိုက်ရသည့် အလား တစ်ကိုယ်လုံး ချမ်းစိမ့်လာတော့၏။ သို့ရာတွင် ကြောက်လန့်သည့်အတွက်ကြောင့် စိမ့်အေးခြင်း မဟုတ်ဟူ၍ ကျွန်တော် ပြောနိုင်၏။ ယင်းကဲ့သို့ တစ်ကိုယ်လုံး ချမ်းစိမ့်လျက် အထက်သို့ မော့ကြည့်နေမိစဉ် မျက်နှာကြက် အနီး၌ အခြားနေရာများထက် တောက်ပြောင်သော အကွက်ကြီး နှစ်ကွက်ကို မြင်ရသည်ဟု ထင်မိရာမှ အဆိုပါ အလင်းကွက်ကြီး နှစ်ကွက်တို့သည် မျက်လုံးကြီး နှစ်လုံး ဖြစ်လာ၍ ကျွန်တော့်အား စိုက်ကြည့်လျက် ရှိပေပြီ။ မျက်လုံးကြီးများဟု သိရသောအချိန်မှစ၍ ကျွန်တော်မှာ အခြားနေရာသို့ ကြည့်ရန် မတတ်နိုင်တော့ဘဲ ယင်းတို့ကိုသာ ငေးစိုက်ကာ ကြည့်နေမိလေ တော့သည်။

ကျွန်တော်သည် အသံထွက်ဖို့ ကြိုးစားကြည့်၏။ သို့သော် လည်ပင်းကို တစ်စုံတစ်ခုနှင့် ဖြစ်ညှစ်ထားဘိသကဲ့သို့ တစ်တစ်ကြီး ရှိနေသဖြင့် အသံထွက်မလာချေ။ ဤတွင် "ငါကြောက်တာလား"ဟု မိမိကိုယ်ကို မိမိ မေးမိ၏။ စိတ်ထဲကလည်း "မကြောက်ပါ"ဟု အဖြေပေးတော့သည်။ နောက်တစ်ခဏတွင် ကျွန်တော်သည် လှုပ်ရှားစမ်းကြည့်မည်ဟု အောက်မေ့၍ ပက်လက် လှန်နေရာမှ ကုန်းထကြည့်ရာ ထမို့ကို မဆိုထားဘိ ဆန့်ထားသော လက်ကို ရုတ်သိမ်းရုံမျှပင် မတတ်နိုင်ချေ။ ထဖို့စိတ်ကူးသည်နှင့် တစ်ပြိုင်နက် လေးလံသော အရာဝတ္ထုတစ်ခုနှင့် တစ်ကိုယ်လုံး ဖိထားသကဲ့သို့ ထင်ရ၍ လက်ခြေတို့ကို ရုပ်သိမ်းမည် ကြံစည်ရာတွင်လည်း ကြိုးများဖြင့် တုပ်ထားသည်အလား လှုပ်၍ပင် မရနိုင်ချေ။ ခက်ခဲလိုက်ပုံမှာ ချင်သောစိတ်၊ လှုပ်ရှားချင်သောစိတ် ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် တစ်ဖက်ကလည်း မချင်သောစိတ်၊မလှုပ်ရှားချင်သောစိတ်တို့ ဖြစ်ပေါ် လာတော့ပေရာ လူတစ်ကိုယ်ထဲတွင် စိတ်နှစ်ခုရှိသကဲ့သို့ ဖြစ်နေ၍ နောက်ဆုံးတွင် မလှုပ်ချင်သောစိတ်က အနိုင်ရတော့သည်။ သို့ပါသော်လည်း ကျွန်တော်ကမူ ထိုစိတ်ကို ကျွန်တော်၏ စိတ်ဟူ၍လည်း မထင်မှတ်ချေ။ တော်လှန်ဖို့လည်း ကြိုးစား၏။ တတ်လည်း မတတ်နိုင်ချေ။

တစ်ခါက မြစ်ကြီးနားနှင့် ဗန်းမော်မြို့များ အကြားရှိ ပထမ မြစ်ကျဉ်းအရပ်တွင် သမ္ဗာန်ကလေးနှင့် ဖြတ်ကူးစဉ်က သမ္ဗာန်မှောက်၍ [illegible]ဆောင်နှင့် မရိုက်မိစေရန် ပြင်းထန်စွာ စီးဆင်းနေသော ရေကြောင်းတို့ အနည်း

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



ငယ်ဆန်၍ ကူးဖူးသော အခါက အနည်းငယ်မျှ ပြုပြင်ရန် မတတ်နိုင်ဘဲ ရေစီးရာသို့ ဒလဟော မျောပါရသည့် အဖြစ်အပျက်နှင့် တူလှသည်ဟု အောက်မေ့မိတော့သည်။

ထိုကဲ့သို့ ကျွန်တော်၏ သဘော ဆန္ဒအတိုင်း မဖြစ်ရဘဲ ကျွန်တော် မလိုလားသော စိတ်ဆန္ဒအလျောက် လိုက်ပါ နေရတော့သည်ဟု သတိရမိသည်မှစ၍ ကျွန်တော်မှာ ထုတ်ဖော်၍ မရေးနိုင်လောက်အောင် အားငယ်သွားလေတော့သည်။ ထိုအချိန်၌ ကျွန်တော့်ကိုယ် ကျွန်တော် အားထားမိသော သူ့ရသတ္တိသည် ရေနွေးထဲသို့ ချလိုက်သော ရေခဲတုံးကလေးသဖွယ် အရည်ပျော်သွားတော့သည်။ သို့သော် မာနကလေးကား ကျန်နေသေး၏။ သို့ဖြစ်၍ မိမိကိုယ်ကို မိမိ "ဘာလဲကွ . .ဒါကြောက်တာလား။ အားငယ်တာလားကွ။ ကြောက်တယ်ဆိုလျှင် တုန်လှုပ် ရမယ်လား။ မင့်စိတ်ထဲမှာ တုန်လှုပ်သလား။ မလှုပ်ဘူးကွနော်၊ မတတ်နိုင်တဲ့ကိစ္စမို့ အားငယ်သွားတာပါကွ။ တကယ် ကြောက်တာ မဟုတ်ပါဘူး၊ ကြောက်တယ် လန့်တယ်ဆိုလျှင် စဉ်းစားလို့ မဖြစ်နိုင်ဘူးပေါ့။ အခုတော့ မင်းက စဉ်းစားနိုင်သေးသားပဲ။ ကြောက်တာ လန့်တာ မဟုတ်ပါဘူးနော်"စသည်ဖြင့် အားပေးမိလေတော့သည်။ အားပေးသည့်အတိုင်းလည်း အားတက်လာတော့သည်။ အမှန်မှာ ကြောက်လန့်ခြင်းကား မဟုတ်၊ ဘာမျှ မတတ်နိုင်သဖြင့် ခိုးကိုးရာမဲ့ရှိနေခြင်းသာ ဖြစ်လေသည်။

ယင်းသို့ တစ်နည်းတစ်ဖုံ စိတ်အားတင်းလာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် စားပွဲပေါ်၌ တင်ထားသော ခါးမြှောင်ကို လှမ်းဆွဲလိုက်ရာ လက်တွင် ဗုတ်နှောင်ထားသည့် ကြိုးတစ်ချောင်း ဆတ်ခနဲ ပြတ်ထွက်သွားသကဲ့သို့ ထင်လိုက်ရသည်နှင့်အတူ လက်ကို ဆန့်တန်းနိုင်လေပြီ။ သို့သော် ခါးမြှောင်ကို လက်နှင့် ထိလိုက်မိသည်နှင့် တစ်ပြိုင်နက် လက်မောင်းရင်း၌ ကျင်ခနဲ တက်သွား၍ ခါးမြှောင် လွတ်ကျသွားတော့သည်။ ထိုခဏ၌ အားငယ်သည့်ထက် အားငယ်စေရန် ဖြစ်ပျက်နေသော အခြင်းအရာမှာ စားပွဲပေါ်၌ စိုက်ထောင်ထားသော ဖယောင်းတိုင် ၂ တိုင်မှ အလင်းရောင်သည် ရုတ်တရက် ချက်ချင်း မဟုတ်ဘဲ တဖြည်းဖြည်း မှိန်၍ မှိန်၍ သွားပြီးလျှင် နောက်ဆုံးတွင် တစ်ခန်းလုံး မှောင်အတိ ပြီးနေလေတော့သည်။

အလင်းရောင် မှေးမှိန်ခြင်းနှင့် အတူ စိတ်အားငယ်ခြင်း တည်းဟူသော အခြင်းအရာသည်လည်း တိုး၍တိုး၍ သွားတော့ရာ နောက်ဆုံး တစ်ခါတည်း မှောင်သွားသော အချိန်၌ကား စိတ်အားငယ်ခြင်းမက ငယ်၍ ငယ်ခြင်း





၏ အဆုံးသို့ ရောက်သဖြင့် တစ်ခါတည်း စိတ်အားတည်းမူသော သတိတရားကလေး ပြတ်ထွက်သွားတော့မည်အပြုတွင် မိမိကိုယ်ကိုမိမိ အဆုံးစွန် ဖြစ်ညှစ်ရုန်းကန် တွန့်လိမ်ဖယ်ရှား လိုက်လေရကား၊ တစ်ကိုယ်လုံး၌ ချည်တုပ်ထားသည့် အနှောင်အဖွဲ့သည် တောက်ခနဲ ပြတ်ထွက်သွားဘိသည့်အလား ခုတင်ပေါ်၌ ဘွားခနဲ ဝေါက်ခနဲ ထိုင်လျက်သား ဖြစ်နေလေတော့သည်။

"ဘာ့ကြောက်ရမလဲ၊ ဘာကြောင့် အားငယ်ရမလဲကွ" ဟူ၍ အသံထုတ်ကာ ကျယ်လောင်စွာ ဆိုမည်လျက် ပြတင်းပေါက်ဆီသို့ ထပြေးပြီးလျှင် တံခါး ကိုဖွင့်ကြည့်လိုက်ရာ လဝင်သွားပြီ ဖြစ်သော်လည်း ကောင်းကင်၌ ကြယ်များ ကြည့်လင်စွာ ထွက်နေကြသည့်ပြင် လမ်းပေါ်၌ ထွန်းထားသော ဓါတ်မီးတိုင်၏ အလင်းရောင်ကို အဝေး၌ မြင်လိုက်ရသဖြင့် အကြီးအကျယ် အားတက်သွားလေတော့သည်။ ထိုနောက် ကျွန်တော်သည် အခန်းဘက်သို့ လှည့်ကြည့်လိုက်ရာတွင် လေထဲ၌ ယခင်က မြင်ရသော အရိပ်ကြီး မရှိတော့ဘဲ ထရံပေါ်၌ ထင်နေသော ထိုအရိပ်ကြီး၏ အရိပ်ကိုသာ မြင်ရလေတော့သည်။ ဆိုလိုရင်းမှာ ယခင်က မြင်ရသော အရာကြီးသည် လေထဲ၌ မှိုင်းလုံးကြီးသဖွယ် တည်နေလေရာ ယခုမှာမူ လေထဲ၌ တစ်စုံတစ်ရာမျှ မတွေ့ရတော့ဘဲ ထရံပေါ်၌ မဲမဲအရိပ်ကြီး ထင်ရုံမျှသာ ကျန်နေလေတော့သည်။ ပုံသဏ္ဍာန်မှုကား ယခင်ကလည်း မပြီသ၊ ယခုလည်း မသဲကွဲ၊ မီးလောင်သော နေရာမှ လုံး၍တက်သည့် မီးခိုးလုံးသည် တစ်ခါတစ်ရံတွင် လူ၏ပုံသဏ္ဍာန်နှင့် တူသည်ဟု မှတ်ထင်ရသည့် အမှတ်အသား မျှလောက်သာ ရှိလေသည်။

ကျွန်တော်သည် ပြူတင်းပေါက်အနီးမှ ရပ်လျက် ကုတင်ဘက်သို့ လှည့်ကြည့်နေစဉ် စားပွဲအောက် လက်တစ်ဘက် ပေါ်ထွက်လာ၍ စားပွဲပေါ်၌ ကျွန်တော် တင်ထားသော ဓာ ၂ စောင်ကို လှမ်းဆွဲပြီးနောက် စားပွဲအောက်သို့ လက်ရောဓာများပါ ပျောက်သွားလေတော့သည်။ လက်မှာ လူသားပကတိ၏ လက်အတိုင်း ရှိနေသော်လည်း အလွန်အိုမင်းသူ၏ လက်ကဲ့သို့ အရေများ တွန့်လိပ်နေသည်ကို မြင်လိုက်ရ၏။ သေးငယ်သည်ကို ထောက်ခြင်းအားဖြင့် လည်း မိန်းမတစ်ယောက်၏ လက်ဟူ၍ ဆိုသင့်ပေသည်။

ဓာ ၂ စောင်ရော လက်ပါ စားပွဲအောက်သို့ လျှို့ဝင်ပျောက်ကွယ် သွားသည်နှင့် တစ်ပြိုင်နက် ခပ်ဝေးဝေးက ကုတင်ခေါင်းရင်းမှ ကြားလိုက်ရ ဖူးသည့် ခေါက်သံကဲ့သို့ 'ဒေါက်–ဒေါက်–ဒေါက်' ဟူ၍ သုံးချက် ပေါ်ထွက် လာရာ နောက်ဆုံး အသံရပ်စဲလျှင် ရပ်စဲခြင်း တစ်ခန်းလုံး အိပ်မွေ့ခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဟု သိလိုက်ရ၏။ နောက်တစ်ခဏ၌ အခန်းထောင့်တစ်ထောင့်တွင် ကြမ်းဆီမှ မီးလုံးကလေးများ ပျံတက်လာကြရာ မီးလုံးကလေးများမှာ သံပုရာသီးခန့် အရွယ်ရှိ၍ သက်တန့်ရောင်အတိုင်း အသွေးခုနစ်မျိုး ရှိသည်ကို တွေ့ရ၏။ မီးလုံးကလေးများသည် ကြမ်းပြင်မှ အထက်သို့ ပျံတက်ကြ၍ ပိုးစုန်းကြူးများသဖွယ် အခန်းထဲတွင် တဝဲလည်လည် လှည့်နေကြ၏။ မကြာမီ ကုလားထိုင် တစ်လုံးသည် ကျွန်တော်တို့ ရောက်စ အချိန်ကနည်းတူ ထရံ၌ မှီကပ်နေရာမှ အလိုအလျောက် ရွေ့လာပြီးလျှင် စားပွဲ၏ အခြားတစ်ဘက်တွင် တည်နေ၏။ နောက်ခဏ၌ ကုလားထိုင်ပေါ်တွင် မိန်းမတစ်ယောက်၏ ပုံသဏ္ဍာန် ပေါ်လာ၍ စားပွဲဘက်သို့ လှည့်ကာ ထိုင်နေတော့သည်။

ထိုမိန်းမမှာ အသက်ရှင်လျက်ရှိ၍ တကယ်တည်ရှိသော မိန်းမ တစ်ယောက်ကဲ့သို့ ပီပီသသ ရှိသော်လည်း အသက် ဝိဉာဉ်မရှိသော အလောင်းကောင် တစ်ခုကဲ့သို့ ကြောက်စရာ ကောင်းလှ၏။ မိန်းမ၏ အသက်မှာ ၃၀ ခန့်မျှလောက် ထင်ရ၍ အရွယ်ကောင်းဖြစ်လျက် ရုပ်ရည် ချောမောသည် ဟု ဆိုနိုင်ပေရာ ဝတ်စားဆင်ယင်ပုံမှာ အလျား ငါးတောင်ထွာရှိသော ပဝါကြီးကို ခြုံ၍ သန်းချော်လဲ ဆံထုံး ထုံးကြသည့် ခေတ်က ဝတ်ဆင်ကြသည့်အတိုင်း ဝတ်စား ပြင်ဆင်ထားလေသည်။ အသွင်အပြင်ကို ကြည့်ခြင်းအားဖြင့် ထိုမိန်းမသည် မိမိကိုယ်တိုင် လက်ထပ်မင်္ဂလာ ဆောင်နှင်းခြင်း မဟုတ်လျှင်လည်း မင်္ဂလာဆောင် အခမ်းအနား တစ်ခုမှ ပြန်လာသည့် အနေမျိုး ဝတ်ဆင်ထားသည်ဟု ဆိုရပေမည်။ ထိုမိန်းမသည် စားပွဲ၌ ထိုင်လျက်ရှိစဉ် ကျွန်တော့်ဘက်သို့ မလှည့်ဘဲ တံခါးပေါက်ဆီသို့ မျက်နှာမူလျက် တစ်စုံတစ်ခုကို မျှော်လင့်စောင့်စားနေသည့် အမူအရာမျိုး ရှိလေသည်။ အချို့က တစ္ဆေခြောက်သည် ဆိုလျှင် တစ္ဆေသည် ခြောက်လိုသော လူ၊ သို့မဟုတ် လူများကို ဂရုတစိုက်ရှိ၍ ထိုသူတို့အဖို့ ဇာတ်ခင်းကပြနေသကဲ့သို့ ပြုမူလိမ့်မည်ဟု ထင်မှတ်တတ်ကြပေရာ ထိုမိန်းမမူကား ကျွန်တော်ရှိနေသော အဖြစ်ကို လုံးဝ ဂရုစိုက်သည့် လက္ခဏာ မရှိဘဲ သူ့ အလိုအလျောက် ဆောင်ရွက်ရန် ရှိသော အလုပ်ဝတ္တရား တစ်စုံတစ်ခုကို ဆောင်ရွက်နေခြင်းနှင့်တူ၍ ကျွန်တော် ရှိနေသော အခြင်းအရာကို လုံးဝ ဂရုစိုက်ဟန် မတူချေ။ စင်စစ်မှာ ဘိုင်စကုပ်ထဲ၌ ကပြသော (အက်တာ) လူများသည် ပရိသတ်ကို ဂရုစိုက်ကြောင်း ဖော်ပြသေး၏။ ထိုမိန်းမမူကား ကျွန်တော်တည်းဟူသော သတ္တဝါ တစ်ယောက်သည် ထိုအချိန် ထိုအခါ၌ ထိုအခန်း ထိုနေရာတွင် ရှိနေသည် ဟူ၍ အသိအမှတ်ပြု





သည့် အနေအထား မျိုးလုံးဝ မဖော်ပြချေ။ အကယ်ဆိုသော် အိမ်ကြီးထဲ၌ ညစဉ်နှင့်အမျှ ဖြစ်ပျက်နေသော အခြင်းအရာကို ကျွန်တော်က ကံအားလျော်စွာ ချောင်းကြည့်သဖြင့် မြင်ရတွေ့ရခြင်းကဲ့သို့ ရှိနေပေတော့သည်။

ထို အတော်အတွင်း၌ ယခင်က ကျွန်တော် ဖော်ပြခဲ့သည့် ထရံပေါ်၌ ထင်လျက်ရှိသော အရိပ်သည် ပီသသည်ထက် ပီသလာ၍၊ သာမန်အရိပ်အဖြစ်မှ ဝတ္ထုဒြပ်သဖွယ် ဖြစ်လာပြီးလျှင် မျက်လုံးကြီးများ ပေါ်လာ၍ ကုလားထိုင်ပေါ်၌ ထိုင်နေသော မိန်းမကို စူးစိုက်ကာ ကြည့်နေတော့သည်ဟု ကျွန်တော် ထင်မိလေတော့သည်။

နောက် တစ်ခဏ၌ အခန်းတံခါးသည် ပိတ်ထားသည့်အတိုင်း တည်နေသော်လည်း ထို တံခါးပေါက်ဆီမှ ဝင်လာခြင်းကဲ့သို့ လူတစ်ယောက် ပေါ်ထွက်လာ၏။ ထိုလူမှာလည်း အသက် ၃၀ ခန့် အရွယ်ကောင်းပင် ရှိနေ၍ ရင်ဖုံးအင်္ကျီ ပုဆိုးတောင်ရှည်နှင့် ဆံပင်အရှည်ကို ပုဝါဖြင့် အမြဲ ပေါင်းထားသဖြင့် လွန်ခဲ့သော တစ်ခေတ်ကလူတစ်ယောက်၏ ပုံသဏ္ဍာန်နှင့် တူသည်ဟု ဆိုရပေမည်။ ထိုလူမှာ ရုပ်ရည်သနားကမား ရှိသော်လည်း လူသေအလောင်း၏ မျက်နှာမျိုး ရှိနေသည့်အတွက် ကျက်သရေမင်္ဂလာ မရှိသည်ဖြစ်သောကြောင့် သူဝတ်ဆင်ထားသည့် ဖဲပုဆိုးတောင်ရှည် ဂျပန်ပိုးအင်္ကျီ ပိုးတွန့်ပဝါတို့က အရောင် တဖိတ်ဖိတ် တောက်ပြောင်လေ၊ မင်္ဂလာမရှိသော မျက်နှာကြီးက ပို၍ မင်္ဂလာ မရှိလေလေ ဖြစ်နေပေတော့သည်။ စင်စစ်မှာ ယောကျ်ားရော မိန်းမပါ လူရှင်များနှင့် မတူဘဲ ဝတ်သစ် စားသစ်တွေနှင့် ပြင်ဆင်ထားသော အလောင်းများက ထ၍ လှုပ်ရှားခြင်းနှင့် တူပေတော့သည်။

ယောကျ်ားသည် တံခါးဆီမှ ခြေလှမ်းလာ၍ ကုလားထိုင်ပေါ်၌ ထိုင်နေသော မိန်းမအနီးသို့ ရောက်သောအခါ ထရံပေါ်၌ ထင်လျက်ရှိသော အရိပ်ကြီးကလည်း ရှေ့သို့ တိုးလာသည်နှင့် သုံးဦးစလုံးမှာ တစ်ခဏတာမျှ မှောင်ဘောင်တောင်ဖြစ်၍ မထင်မရှား မသဲမကွဲ ဖြစ်သွား၏။ ထိုနောက်မှ အလင်းရောင်တစ်မျိုး ပေါ်ထွက်လာ၍ ယောကျ်ားနှင့် မိန်းမတို့ကို အရိပ်ကြီးက ဖုံးသွားသကဲ့သို့ ခပ်မှိန်မှိန် ဖြစ်သွားပြီးလျှင် မိန်းမ၏ ရင်ဘတ်တွင် သွေးစွန်းသော အကွက်တစ်ကွက် မြင်လိုက်ရ၏။ ယောကျ်ားသည်လည်း လက်ထဲတွင် ဓါးမြှောင်တစ်လက် ကိုင်ထား၍ ဓါးမြှောင်မှ သွေးများ ယိုစီးကျနေ၏။ နောက် တစ်ခဏ အရိပ်ကြီးသည် ယောကျ်ားရော မိန်းမပါ လုံးလုံး ဖုံးသွားပြီး တစ်ခါတည်း ကွယ်ပျောက် သွားကြလေတော့သည်။ ဤတွင် ယခင်က



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံ မီးလုံးကလေးများသည် ကြမ်းမှ အထက်သို့ အစုလိုက် အပြုံလိုက် တက်လာကြ၍ အခန်းထဲတွင် နိမ့်ချည်မြင့်ချည်ဖြင့် အနှံ့အပြား ပျံဝဲနေကြ၏။

နောက် တစ်ခဏ၌ ပုရပိုက်ဟောင်းများနှင့် ပေစာများ ထားသော ဘီရိုကြီး ပွင့်လာ၍ အမယ်ကြီး တစ်ယောက် ထွက်လာရာ သူ၏ လက်ထဲတွင် စာနှစ်စောင် ကိုင်ထားသည်ကို တွေ့ရ၏။ စာများမှာ စားပွဲပေါ်မှ လက်ကြီးဖြင့် လှမ်းဆွဲသွားသည့် စာနှစ်စောင်ပင် ဖြစ်လေသည်။ အမယ်ကြီး နောက်မှ ရှပ်ခနဲ ခြေသံကြားသည်နှင့် လှည့်ကြည့်လိုက်ပြီးမှ အမယ်ကြီးသည် စာနှစ်စောင်ကို ဖတ်ကြည့်၏။ ပခုံးပေါ်မှ ကျော်၍ စာများကို ငုံ့ကြည့် နေသူကား ရေစိမ်၍ ပုပ်ပွနေသည့် မျက်နှာကြီး ဖြစ်၍ သူ၏ တစ်မိုက်ခန့်ရှည်သော ဆံပင်များမှ ရေများ တစက်တစက် ကျလျက် ရှိ၏။ အမယ်ကြီး၏ ခြေရင်း၌လည်း အလောင်းတစ်ခု ပြင်လျက်ရှိရာ အလောင်း၏ နံဘေး၌ကား အလွန်တရာ ကြုံလှီ၍ ပါးကလေးများ ချိုင့်ဝင်နေသော သူငယ်မကလေး တစ်ယောက်သည် ကြောက်ရွံ့သော မျက်လုံးများဖြင့် အလောင်းကို ငုံ့ကြည့်လျက်ရှိ၏။

ကျွန်တော်သည် ပုပ်ပွသော မျက်နှာကြီးနှင့် ကြုံလှီသော သူငယ်မကလေးကို ကြည့်နေရာမှ အမယ်ကြီးကို ကြည့်လိုက်ပြန်သောအခါ ပါးပြင် နဖူး စသည်တို့၌ ထင်ရှားစွာ ရှိခဲ့ဖူးသော အတွန့်အလိပ်များ ပျောက်သွား၍ နုပျိုသော အရွယ်အထိ ဖြစ်လာသည် မြင်ရ၏။ ထိုမိန်းမ၌ ရက်စက်ခက်ထန်သော မျက်လုံးများ ရှိသော်လည်း အရွယ်မှာ နုပျို သေးကြောင်း ယုံမှားဖွယ် မရှိချေ။ နောက်တစ်ခဏတွင်မူကား ယခင်က အရိပ်ကြီးသည် မိန်းမကို လည်းကောင်း၊ ပုပ်ပွနေသောမျက်နှာကြီးကို လည်းကောင်း၊ ခြေရင်း၌ ပြင်ထားသောအလောင်းကို လည်းကောင်း၊ ကြုံလှီသော သူငယ်မကို လည်းကောင်း တစ်ခါတည်း သိမ်းကြုံးပွေ့ဖက် လိုက် သကဲ့သို့ ပြုလုပ်လိုက်ရာတွင် အားလုံး ကွယ်ပျောက်သွား၍ အရိပ်ကြီးသာလျှင် ကျန်ရစ်လေတော့သည်။

ကျွန်တော်သည် ကြည့်ရန် မကျန်ရစ်သဖြင့် အရိပ်ကြီးကိုသာ စူးစိုက်ကာ ကြည့်နေစဉ်၊ အထက်ပိုင်းဆီ၌ အလင်းရောင် နှစ်ကွက်ပေါ်လာရာမှ မျက်လုံးကြီးများ ဖြစ်လာကြပြီးလျှင် မုန်းတီးသော ကြည့်ခြင်းမျိုးဖြင့် ကျွန်တော့်ကို ကြည့်နေ၏။ ထိုအတောအတွင်း၌ ရောင်စုံမီးလုံးကလေးများ မှုကား၊ ကြမ်းပြင်ဆီမှ တက်မြဲတိုင်း တက်လာ၍ အခန်းထဲတွင် လှည့်လည် ပျံဝဲနေကြလျက်ရှိ၏။ ကြမ်းပြင်မှ မရပ်မနား တက်လာကြပါလျက် အခန်းထဲ၌ မီးလုံး ၃၀ ခန့်မျှထက် မပိုဘဲ ဖြစ်နေသည်မှာ အချို့ မီးလုံးများ ပေါက်ကွဲ





ကွယ်ပျောက်သွားသောကြောင့်သာ ဖြစ်ရပေမည်။ သို့သော် ကျွန်တော်ကိုယ်တိုင်မှာမူ ပေါက်ကွဲ ကွယ်ပျောက် သွားသော မီးလုံးဟူ၍ သတိမပြုမိသဖြင့် မမြင်မိချေ။

ယင်းသို့ရှိစဉ် ကျွန်တော်သည် အချို့သော မီးလုံးကလေးများ ဖြတ်ခနဲ ဖောက်ခနဲ ပေါက်ကွဲကြသည်ကို စတင်၍ သတိပြုမိခဲ့လေပြီ။ ပေါက်ကွဲသော မီးလုံးများသည် ပေါက်ကွဲပြီးနောက်တွင် ပျောက်ကွယ် မသွားဘဲ ၎င်းထဲမှ အကောင်ကလေးများ ပေါ်ထွက်လာခြင်းကဲ့သို့ မီးလုံးတစ်လုံး ဖောက်ခနဲ ပေါက်ကွဲတိုင်း ထိုနေရာတွင် အကောင်ကလေးများ ဖြစ်နေရစ်သည်ကို မြင်ရ၏။ မီးလုံးထဲမှ ဖောက်ထွက်လာကြသော အကောင်ကလေးများမှာ ရေတစ်စက်ကို မှန်ဘီလူးဖြင့် ကြည့်သည့်အခါတွင် မြင်ရသော ပိုးကောင်မွှားကောင် ကလေးများကဲ့သို့ ပုံသဏ္ဌာန် အမျိုးမျိုး ရှိကြ၏။ ငါးဖလောင်းနှင့်တူ၍ ခေါင်းကြီးသော အကောင်၊ ပါးစပ်ပြဲသော အကောင်၊ ပါးစပ်မရှိသော အကောင်၊ မျက်လုံးတွေ အများရှိသော အကောင် မှစ၍ ကိုယ့်ယိုးကားယား ပုံသဏ္ဌာန်နှင့် ပုံမကျ ပန်းမကျ ဝကျသော အကောင်အမျိုးမျိုးတို့ ပေါ်ပေါက်လာကြတော့သည်။ ထိုအကောင်များသည် ကြမ်းပြင်မှ တက်လာသော မီးလုံးကလေးတစ်လုံး ပေါက်ကွဲတိုင်း ဖွားခနဲ ဖွားခနဲ ဖြစ်ပေါ်လာကြ၍ လေထဲ၌ အနှံ့အပြား လွင့်ပျံ ပြေးလွှားနေကြရင်း တစ်ကောင်ကို တစ်ကောင် မျိုခြင်း၊ စားခြင်း တစ်ကောင်နှင့် တစ်ကောင် လိုက်၍ စစ်တိုက်ခြင်း၊ ပူးတွဲကခုန်ခြင်း စသည်ဖြင့် ဖြစ်ချင်တိုင်းဗလနှံ့ ဖြစ်နေကြလေတော့သည်။ သတ္တဝါကောင်ကလေးများသည် သူတို့ဘာသာအလျောက် ပျံဝဲ ပြေးလွှားနေကြရာမှ ကျွန်တော့် အနီးသို့ အချို့ ရောက်လာကြ၍ ဦးခေါင်း၊ ပခုံး၊ ကျောရင်ဘတ် စသည်တို့သို့ အနှံ့အပြား တက်လာကြသဖြင့် တလှုပ်လှုပ် တရွရွဖြင့် အတော် အနေရခက်အောင် လုပ်နေကြလေပြီ။ သို့သော် ယားကျိကျိ ဖြစ်ရခြင်းထက်ပို၍ အခံရခက်အောင် မလုပ်ကြသဖြင့် စိတ်ညစ်လောက်အောင် မရှိပေ။

ထို့ထက် ဆိုးရွားသည်က သတ္တဝါကောင် ကလေးများ၏ ထိတွေ့ခြင်းထက် လေးလေးပင်ပင်ရှိ၍ တစ်ချက်တစ်ချက်တွင် မျက်ခနဲရှိသော ထိတွေ့ခြင်းမျိုးလည်း ခံစားရသေး၏။ တစ်ခါတစ်ရံတွင် အေးစက်စက်နှင့် ပျော့စိစိ ရှိသော လက်ချောင်းများဖြင့် လည်ပင်းကို စမ်းသပ်ရာ ကျွန်တော်က လှည့်ပြီး ပုတ်ခတ်သော အခါ၌လည်း ဘာကိုမျှ မတွေ့ရချေ။ ကျွန်တော်၏ စိတ်ထဲ၌ အမြဲသတိရနေသော အခြင်းအရာတစ်ခုမှာ ကျွန်တော့် စိတ်က



www.burmeseclassic.com

www.burmeseclassic.com



ကာလပတ်လုံး ဤမျှထက်ပို၍ မတာတ်နိုင်၊ စိတ်က ကြောက်ခဲ့လျှင်မူကား ကိုယ်ထိလက်ရောက် ပြုလုပ်နိုင်လိမ့်မည်ဟု သတိရနေ၏။ အမှန်မှာ ပျော့စိစိ လက်ချောင်းများနှင့် စမ်းသပ်ခြင်း ခံရသည့်အခါ ရွံသလိုလို ရှိသော်လည်း ကြောက်လန့်ခြင်းကား မဟုတ်ချေ။ ကြောက်စရာ မဟုတ်ဟူ၍လည်း အမြဲအား ပေး နေရလေသည်။

ကျွန်တော်သည် အရိပ်ကြီး၏ မျက်လုံးကိုစိုက်၍ ကြည့်နေစဉ် မျက်လုံးများသည် ကျွန်တော့်ကို ညို့နေသည်ဟု စိတ်ထဲ၌ ထင်လာ၏။ အိပ်မွေ့ချသော ယောဂီတစ်ယောက်က ကျွန်တော့အား သူ၏အတတ်ဖြင့် အိပ်မွေ့ချဖို့ ကြိုးစားဖူးရာ၊ သူနှင့် ကျွန်တော်တို့ မျက်လုံးချင်းဆိုင်ကာ အတန် ကြာ ကြည့်နေကြပြီးနောက် ကျွန်တော့်ကိုညို့၍မရနိုင်ဟု လက်လျှော့ဖူး၏။ အရိပ်ကြီးတွင်ရှိနေသော မျက်လုံးကြီးများ၏ ကြည့်ပုံမှာလည်း ယောဂီ၏ ကြည့်ပုံနှင့်တူသည်ဟု ကျွန်တော်အောက်မေ့၏။ သို့သော် ယောဂီ၏ မျက်လုံး များထက် တန်ခိုးထက်မြက်သည်ဟူ၍ ကျွန်တော်ထင်စပြုလာလေပြီ။

ထိုအတောအတွင်း အခန်းတွင်း၌ ဝိုးဝါးရှိနေသော အလင်းရောင်သည် မီးလောင်သောအခါ၌ မြင်ရသောအရောင်ကဲ့သို့ နီတိတိဖြစ်လာ၍၊ ပတ္တဝါကောင်ကလေးများသည်လည်း မီးပုံကြီးအနီးတွင် ပျံသန်းသော ပိုးဖလံများကဲ့သို့ နီပြေပြေဖြစ်လာကြ၏။ နားထဲ၌လည်း မြေကြီးဟည်းခြင်းကဲ့သို့ လေပါတဝီဝီတုန်လျက် မြည်နေ၏။ နောက်တစ်ခဏ၌ ရှေးက နည်းတူ 'ဒေါက်–ဒေါက်–ဒေါက်'ဟူ၍ သုံးချက်ခေါက်သော အသံပေါ်ထွက်လာ၍၊ အားလုံးသောအရာဝတ္ထုများကို အရိပ်ကြီးက မျိုလိုက်သကဲ့သို့ ကွယ်ပျောက်ကာ၊ အရိပ်ကြီးတစ်ခုတည်း ကျန်နေရစ်ပြန်လေတော့သည်။ စင်စစ်မှာ အမှောင်ထဲမှ ပေါ်လာသော အရာဝတ္ထုများသည် အမှောင်ထဲသို့ပြန်သွားကြ လေကုန်ပြီ၊ ထိုနောက်၌မူ အခန်းသည်တဖြည်းဖြည်းလင်းသည်ထက် လင်းလာ၍၊ စားပွဲပေါ်၌ထွန်းထားသော ဖယောင်းတိုင် ၂ တိုင်နှင့်တကွ ဖယောင်း တိုင်များ၏အလင်းရောင်ပါ ပေါ်လာသည်တွင် အရိပ်ကြီး ကွယ်ပျောက်သွား လေတော့သည်၊ ဆိုလိုရင်းမှာ ယခင်ကမူ ဖယောင်းတိုင်များရော အလင်း ရောင်ပါ ကွယ်ပျောက်၍၊ အခန်းထဲတွင် မှေးမှိန်သောအရောင် တစ်မျိုးဖြစ် ပေါ်ပြီးလျှင် ဝိုးဝါးရှိသော အလင်းရောင်ထဲတွင် ဝတ္ထုပစ္စည်းများကို တွေ့မြင် ရခြင်းဖြစ်ရာ၊ ယခုမှဖယောင်းတိုင်များရော အလင်းရောင်ပါ ပေါ်လာကြ၍၊ အရိပ်ကြီးများပျောက်ကွယ်သွားခြင်း ဖြစ်လေသည်။ ယခုမူကား အားလုံး





ပကတိအတိုင်းရှိနေလေပြီ။

ဖျန်အိပ်သော အခန်းဘက်သို့ကူးသော တံခါးနှင့်ဆောင်ကူးလမ်း ဘက်သို့ထွက်သောတံခါးများမှာ ကျွန်တော်ပိတ်ထားသည့်အတိုင်း မင်းတုံး ချလျက်ပင်ရှိကြ၏။ ဘူလီမူကား ကြောက်လန့်စွာနှင့် နောက်ပြန်တိုးခဲ့သော အခန်းဒေါင့်တွင် စင်းစင်းကြီးလဲလျက်ရှိ၏။ ကျွန်တော်ကခေါ်သော်လည်း လှုပ်ရှားခြင်းမရှိသည်တွင် အနီးသို့ချဉ်းကပ်၍ သေချာစွာ ကြည့်ရှု၏။ဘူလီ မှာ မျက်လုံးပြူးထွက်လျက် လျှာကြီးအပြင်သို့ထုတ်ပြီးလျှင် နှုတ်ခမ်းတွင် အမြှုပ်တစီစီနှင့်သေနေရှာလေပြီ၊ ကျွန်တော်နှင့် ၅ နှစ်တိုင်တိုင် လက်ပွန်း တတီးနေခဲ့၍ သွားလေရာသို့အတူပါလေ့ရှိသော ခွေးဘူလီမှာ ကျွန်တော် စုံစမ်း ချင်သော ဝါသနာအတွက်ကြောင့် အသက်ဆုံးရှုံးရရှာလေပြီဆို၍၊ ရင်ထုမနာ ဖြစ်ပြီးလျှင် ကိုယ့်ကိုကိုယ် အပြစ်တင်မိသည်။ ကျွန်တော်မကြောက်၍ ကိစ္စ မရှိသော်လည်း၊ ကြောက်ရှာသော ဘူလီခမြာမှာ ကြောက်ခြင်းအတွက်နှင့်ပင် အသက်ထွက်ရှာရဟာန်တူ၏။ ဒဏ်ရာဒဏ်ချက်ဟူ၍ကားမရှိ၊ သည်းမခံနိုင် အောင် ထိတ်လန့်ကြောက်ရွံ့ခြင်းအတွက် သက်သက်သေရရှာသည်ဟု ထင်မိ ၏။ သို့သော် ကျွန်တော်သည် ခွေးသေကောင်ကို ဂရုဏာ အလျောက် မြှောက်ကြွပွေ့ချီလိုက်သည်တွင် ဘူလီ၏လည်ပင်းသည် တွဲလောင်းကြီး ဖြစ်နေသည်ကို တွေ့ရ၏။ သေချာစွာကြည့်ရှုရာတွင်ကား လည်ပင်းကျိုးနေ သော အခြင်းအရာကို တွေ့ရလေတော့သည်။ ဤတွင် ကြောက်ခြင်းသက် သက်ကြောင့် သေခြင်းမဟုတ် ကိုယ်ထိလက်ရောက် ပြုခြင်းခံရကြောင်း ထင် ရှားလေပြီ၊ စိတ်ထဲ၌ဒေါသထွက်လာသေး၏။ သို့သော် မည်သို့မျှလည်း မတတ်နိုင်ချေ။

အခြားထူးဆန်းသော အခြင်းအရာတစ်ခုမှာ ခပ်စောစောက စားပွဲ ပေါ်၌ ကျပျောက်သွားသော ကျွန်တော်၏ လက်ပတ်နာရီမှာ စားပွဲပေါ်၌ပြန် ရောက်နေလေပြီ။ ကောက်ယူကြည့်ရှုလိုက်သောအခါ၌ကား ကွယ်ပျောက် သွားသည့် ၈ နာရီတိတိအချိန်တွင် ရပ်လျက်ရှိ၏။ သာ၍ထူးဆန်းသည်မှာ ကား ထိုနာရီကို နာရီပြင်ဆရာအမျိုးမျိုးသို့ ပြသပြင်ဆင်စေခဲ့သော်လည်း ၅ မိနစ် ၁၀ မိနစ်ထက်ပို၍သွားအောင် မည်သူမျှ မတတ်နိုင်ဘဲ။ ယနေ့တိုင် နာရီပျက်တစ်လုံး အနေဖြင့်သာ သိမ်းဆည်းထားရလေတော့သည်။

ထိုညဉ့်အဖို့မှာ နောက်ထပ်တစ်စုံတစ်ရာ ကြုံတွေ့ရခြင်းမရှိတော့ ချေ။ အချိန်မှာ သန်းခေါင်ကျော်ပြီး၍ ဝေးလံသောအရပ်မှ သံချောင်းနှစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်သံကြားလိုက်ရ၏။ အိပ်ချင်သောစိတ် အလျှင်းမရှိဘဲ ကုတင်ပေါ်၌ ပက်လက်လှန်ကာ စဉ်းစားစိတ်ကူးရင်း အာရုဏ်တက်လာသည်နှင့် အိမ်ကြီးပေါ်မှဆင်းလာဖို့ကြံမိ၏။ သို့သော် မိုးမလင်းမီဆင်းလာခဲ့သော် ကြောက်သောကြောင့် ဆင်းပြေးသည်ဟု ကိုယ့်ကိုကို အပြစ်တင်မခံလိုသည်နှင့် မိုးထိန်ထိန်လင်းအောင်စောင့်ပြီးမှ ဆင်းလာခဲ့တော့သည်။ မဆင်းမီအချိန်ကလေးအတွင်း၌ ဌျှန်နှင့်ကျွန်တော်တို့ ပိတ်လှောင်ခြင်းခံရသော အခန်းကလေးကို တစ်ဖန်သွား၍ ကြည့်လိုက်သေး၏။ မည်သို့သော အကြောင်းကြောင့်မသိ။ ကျွန်တော်၏ စိတ်ထဲတွင် ယခုကြုံတွေ့ခဲ့ရသမျှသော အဖြစ်အပျက်များသည် ထိုအခန်းကလေးဆီမှ အရင်းအမြစ်ဖြစ်၍၊ တစ်စုံတစ်ယောက်သော သတ္တဝါတစ်ကောင်က၊ ထိုအခန်းမှ ကြိုးဆွဲပေးသကဲ့သို့ စီမံနေသည်ဟု ထင်မြင်မိတော့သည်။ ဆင်းခါနီးတွင် နေ၏အလင်းရောင်ဖြင့် ထိုအခန်းဝသို့သွား၍ ရပ်ကြည့်နေစဉ်၊ ကျောထဲ၌ စိမ့်သလိုလိုဖြစ်လာသည်နှင့် အတွင်းသို့ မဝင်တော့ဘဲ ကျွန်းသေတ္တာများနှင့် သစ်စေးတောင်းများကို လှမ်းကြည့်ရုံသာ ကြည့်ခဲ့တော့သည်။

ကျွန်တော်သည် အိမ်ပေါ်မှ ဆင်းလာသောအခါ၊ လှေခါးပေါ်တွင် ကျွန်တော့ရှေ့မှ ဆင်းသွားသောခြေသံများ ကြားရသလိုလို ထင်မိသည့်ပြင်၊ အိမ်ရှေ့တံခါးကို ဖွင့်ထွက်လိုက်သောအခါတွင်လည်း၊ လှေခါးအထက်ဆီမှ "ဟီး-ဟီး-ဟီး-ဟား-ဟား-ဟား" ဆိုသလို တီးတိုးရယ်လိုက်သော အသံမျိုးကိုပင် ကြားခဲ့ရချေသေး၏။

တည်းခိုသောအိမ်သို့ ရောက်သောအခါ ဌျှန်ကိုမတွေ့ရချေ။ သုံးရက်ခန့်ကြာသောအခါမှ စာတိုက်မှ အောက်ပါအတိုင်း စာတစ်စောင်ရရှိတော့သည်။

**ဆရာခင်ဗျား။**

*နှစ်ပေါင်းများစွာ ဆရာတပည့်အဖြစ်နှင့်နေလာပြီးမှ၊ ရုတ်တရက် ထွက်ပြေးသည့်အတွက် ကျွန်တော်ဆိုးသည်ဟု ဆိုပါတော့ခင်ဗျား။ သို့သော် ကျွန်တော်မြင်ရသလို၊ ဆရာတွေ့လျှင် ကျွန်တော့ကို အပြစ်တင်လိမ့်မည် မထင်ပါ။ ထိုညက ကျွန်တော်မြင်ရသောအရာကို အသက် ၁၀၀ နေရသော်လည်း၊ ကျွန်တော်မမေ့နိုင်ပါ၊ မြင်ရပြီး ကတည်းက ကျွန်တော့စိတ်ကို ကျွန်တော်မနေနိုင်တော့ဘဲ၊ ရူးချင်သလိုလို ဝေဝေဝါးဝါးဖြစ်နေ၍ မြစ်ကြီးနားသို့ပြန်သွားပါပြီ ဆရာခင်ဗျား၊ ဆရာနှင့်အတူ နေသော်လည်း ကျွန်တော့မှာ အသုံးမဝင်သောလူတစ်ယောက် ဖြစ်နေ၍၊ ဆရာအဖို့ အကျိုးရှိတော့မည် မဟုတ်ပါ၊ ကျွန်တော့မှာ တဖြတ်ဖြတ်လန့်နေ၍၊ ကျွန်တော့နောက်ကိုလိုက်နေသည်ဟု ထင်နေပါသည်။ ကျွန်တော့်ကို သနားလျှင်ဆရာသိသော လိပ်စာအတိုင်း ကျွန်တော့်အဝတ်အစားကလေးများကို မြစ်ကြီးနားသို့ တင်ပို့လိုက်ပါတော့ ခင်ဗျား။*





ဌျှန်သည် မြစ်ကြီးနားသို့ ပြန်ချင်သည့်အတွက် ကျွန်တော့် ကိုတော်အောင်လျှော်အောင် ဖြန်းသန်း၍ ရေးခြင်းဖြစ်သည်ဟု တွေးလိုလျှင်လည်း တွေးနိုင်ပါ၏။ ကျွန်တော်ကမူ သူ့အကြောင်းကိုသိပြီး ဖြစ်၍၊ ကေန်မုချ ထိတ်လန့်တုန်လှုပ်လောက်အောင် တစ်စုံတစ်ရာ တွေ့မြင်ရသောကြောင့်သာ ကျွန်တော့်ကို ထိုကဲ့သို့စွန့်ပစ်သွားခြင်းဖြစ်သည်ဟု ယုံကြည်လျက်ပင် ရှိပါသည်။

နောက်တစ်နေ့တွင် ကျွန်တော်သည် ထိုအိမ်သို့သွား၍ ဘူလီ၏အလောင်းကို မြင်းရထားတစ်စီးနှင့်တင်ယူကာ မြှုပ်နှံလိုက်၏။ အိမ်ပေါ်သို့ တက်သောအခါတွင် ခြေသံတရှပ်ရှပ်ကြားရခြင်းမှတပါး၊ ကျွန်တော့်အား မည်သို့မှအနှောက်အယှက်မပြုပါ။ ထိုနောက် အိမ်ရှင်ဦးသာဟန်၏ နေအိမ်သို့သွား၍ သော့ကိုပြန်အပ်ပြီးလျှင် စုံစမ်းလိုသောစိတ်ဆန္ဒကုန်ခမ်းပြီ ဖြစ်ကြောင်းပြော၍ ယခင်ညဉ့်က အဖြစ်အပျက်များကို ပြောမည်ပြုပါသည်။ ဦးသာဟန်ကမူ ကြားလိုသောဆန္ဒရှိဟန်မတူဘဲ ခပ်ပယ်ပယ်လုပ်နေသည်နှင့် အလုံးစုံပြောမပြတော့ဘဲ စာနှစ်စောင်အကြောင်းကိုသာပြောပြ၍၊ ထိုစာများသည် ထိုအိမ်ကြီးပေါ်၌ သေဆုံးသွားသည်ဆိုသော မိန်းမကြီးထံသို့ ပေးသည့်စာများ ဖြစ်တန်ရာသလောဟူ၍သာ မေးမြန်းပါသည်။ ဦးသာဟန်သည် ကျွန်တော်မေးမြန်းချက်ကို ကြားရသောအခါ အံ့သြသောမျက်နှာထားဖြစ်ပေါ်လာ၍ . . .

"မိန်းမကြီးအကြောင်း ကျွန်တော်များများကြီး မသိပါဘူး။ ဒီအိမ်ကြီးဟာ ရှေးတုန်းက သူငှားနေခဲ့ဘူးတယ်။ ကျွန်တော့ဘကြီး အိမ်ရှင်ဟောင်းနဲ့ သူနဲ့သိခဲ့ကြဖူးတယ် ဆိုတာလောက်ပဲ ကျွန်တော်ကြားရဖူးပါတယ်။ စာထဲမှာရေးထားတဲ့ ပုံတွေကတော့ ရှုပ်ရှုပ်ရှက်ရှက် လုပ်ခဲ့ဖူးတဲ့ အရိပ်နိမိတ်တွေပါပဲ။ သို့သော် ဒီအကြောင်းကို ကျွန်တော်ထောက်လှမ်းစုံစမ်းပြီး ခင်ဗျားတို့ ပြောပြပါဦးမယ်။ ခက်တာတစ်ခုကတော့ ဒီအိမ်ကြီးမှာ သေသွားတဲ့ မိန်းမကြီးက သူ့အဖြစ်အပျက်တွေကို စာတတ်ခင်းပြီး ခင်ဗျားကို ခြောက်တယ်ထားပါဦး၊ ဒီအိမ်ကြီးမှာ ဒီဟာတွေခြောက်နေတယ်လို့ ပြောကြတာက မိန်းမကြီး



www.burmeseclassic.com

www.burmeseclassic.com



မသေခင်ကတည်းက ပြောနေကြတာဗျ။ ဘာလဲ၊ ခင်ဗျားက ဘာကြောင့် ပြုံးတာလဲ"

"ကျွန်တော်ပြုံးတာက တခြားကြောင့် မဟုတ်ပါဘူး၊ ဒီအိမ်ကြီးပေါ်က အဖြစ်အပျက်တွေဟာ တစ္ဆေခြောက်တယ်၊ သူရဲခြောက်တယ်လို့ သူ့တစ်ပါးထင်ကြပေမယ့် ကျွန်တော်က ဒီလိုမထင်လို့ ပြုံးတာပါ"

"နို့ . . . ခင်ဗျားကတော့ ဘယ်လိုထင်လို့လဲ"

"မှန်ချင်လဲမှန်မယ် မှားချင်လဲမှားမယ်၊ ကျွန်တော့် အထင်ကတော့ သေပြီးတဲ့ လူ့ရဲ့ဝိဉာဉ်က ခြောက်တယ်လို့ မထင်ဘူး၊ လူပြည်မှာ အသက်ရှင်လျက်ရှိတဲ့ လူတစ်ယောက်က အခုလိုထင်မြင်ရအောင် တစ်နည်းနည်းနဲ့ ဖန်တီးစီရင်ထားတယ်လို့ ထင်တယ်"

"ဘယ့်နှယ်လဲဗျ၊ လူနဲ့လူချင်း ဒီလိုခြောက်နိုင်ပါ့မလား"

"လောကီအတတ်တွေက အင်မတန် ဆန်းကြယ်တယ် ခင်ဗျ၊ ကျွန်တော်တို့ ခင်ဗျားတို့ နားမလည်နိုင်တဲ့ အတတ်ပညာတွေ အပုံကြီးရှိတယ်"

"အတတ်ပညာတွေတော့ ရှိပါတယ်လေ။ သို့သော် ဘယ်သူက ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီဟာတွေလုပ်ပြနေမှာလဲဗျ"

"ကျွန်တော်တစ်ခုပြောပြမယ်၊ ဥပမာ ကျွန်တော်က ခင်ဗျားရှေ့မှာ ချက်ခြင်း အိပ်ပျော်သွားပြီး၊ ခင်ဗျားမေးတဲ့ မေးခွန်းတွေကို မှန်အောင်ဖြေနိုင်တယ်။ ခင်ဗျားအိတ်ထဲမှာ ငွေဘယ်လောက်ရှိတယ်၊ ဘယ်လိုအကြံအစည် ခင်ဗျားကြံစည်နေတယ်ဆိုတာတွေကို မှန်အောင်ပြောနိုင်တယ်ဆိုပါတော့။ ဒီဟာတွေကို ကျွန်တော်ကိုယ်တိုင်ကသိလို့ မဟုတ်ဘူး။ ဟိုအဝေးကြီးက ကျွန်တော့်ကိုအိပ်မွေ့ချပြီး ခင်ဗျားမေးသမျှကို မှန်အောင်အဖြေထုတ်ခိုင်းတယ်ဆိုပါတော့ ဒီဟာကိုခင်ဗျားဘယ်လိုဆိုမလဲ"

"ဒီလောက်ထိအောင် ဖြစ်နိုင်တယ်လို့ မကြားဖူးသေးပါဘူးဗျာ"

"ခင်ဗျားမကြားဖူးပေမဲ့ ဖြစ်တဲ့လူတွေရှိတယ်လို့ ကျွန်တော်ဖတ်ရဘူးတယ်"

"ဖြစ်နိုင်တယ် ထားလိုက်ပါဦးဗျာ၊ ဒီအိမ်ကြီးမှာ ဘယ်သူက ဘာရည်ရွယ်ချက်နဲ့ ဒါတွေလုပ်ပြနေရတာလဲဗျ"

"ရည်ရွယ်ချက်တွေဘာတွေတော့ ကျွန်တော်မသိနိုင်ဘူး၊ ကျွန်တော့အယူကတော့ ကျွန်တော်မြင်ခဲ့ရတဲ့ ဟာတွေဟာ တစ္ဆေခြောက်တာ ရိုးရိုးလို့ မထင်ဘူး။ ယခုလိုဓာတ်ခင်းပြီး ခြောက်ပြတဲ့ တစ္ဆေရယ်လို့လဲ မကြားဖူးဘူး။





တစ်စုံတစ်ယောက်သော သူက တစ်စုံတစ်ခုသော ရည်ရွယ်ချက်နဲ့ ကျွန်တော့်ကို ဒီဟာတွေမြင်ရအောင် လုပ်ပြပေးနေတယ်လို့ ထင်တယ်"

"ဒါဖြင့် ခင်ဗျား မြင်ခဲ့ရတဲ့ ဟာတွေဟာ တစ်ကြိမ်တစ်ခါတုန်းက တကယ်ဖြစ်ဖူးတယ်လို့လဲ မယူဆဘူးလား"

"ဒီလိုဗျ၊ သေခြင်းဆိုးနဲ့ သေတဲ့လူတွေဟာ တစ္ဆေဖြစ်တတ်တယ်လို့ အများအားဖြင့်လဲ ယူဆကြတယ်။ ဒီဟာက ယုတ္တိလဲနည်းနည်းတော့ရှိတယ်။ ကျွန်တော်မြင်ရတဲ့ ဓားထိုးခံရတဲ့ မိန်းမရယ်၊ ရေနစ်တဲ့ မျက်နှာကြီးရယ်၊ ကလေးပိန်ကလေးရယ်။ ဟိုတစ်ခါတုန်းက အဟုတ်တကယ်ဖြစ်ခဲ့ဖူးတယ်လို့ ယုံကြည်တယ် ထားပါတော့၊ သူတို့ကလဲ ဝိဉာဉ်လောကရောက်တဲ့ တစ္ဆေဖြစ်နေကြတယ် ထားပါတော့။ သူတို့အားလုံးက ကျွန်တော့ကိုခြောက်လှန့်ဖို့ တညီတညွတ်တည်းအကြံရပြီး တစ်ညတည်းမှာ လာခြောက်ပြကြတယ်လို့ ကျွန်တော်မယုံနိုင်ဘူး။ သူတို့ကိုစုရုံးပြီးခေါ်ပြနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က သူ့အတတ်ပညာနဲ့ကျွန်တော့ကို ခြောက်ပြစေတာဆိုရင်တော့ လက်ခံနိုင်တယ်။ တစ္ဆေခြောက်လျှင် တစ်ယောက်ချင်းခြောက်ပြဘို့ သင့်တယ်။ ယခုတော့ ဓာတ်လမ်းခင်းသလို ဝိုင်းပြုပြီးခြောက်ပြတာထောက်တော့ တစ်ဦးတစ်ယောက်သော သူ၏သဘောဆန္ဒအတိုင်း၊ သို့မဟုတ် သူ၏ အမိန့်အရ ခြောက်ကြရတယ်လို့ ကျွန်တော်ယူဆတယ်"

"ခင်ဗျားခွေးလဲ သေသွားတယ်ဆို"

"သေတာမှ ကြောက်လန့်ပြီး ရိုးရိုးသေတာမဟုတ်ဘူးဗျ။ လည်ပင်းကျိုးပြီး သေရတာ"

"ဒီဟာကော ဘယ်လိုအဓိပ္ပါယ်ကောက်သလဲ"

"ကျွန်တော့်ကို သူ့အတတ်နဲ့ ခြောက်လှန့်တဲ့ ပုဂ္ဂိုလ်ဟာ အပျော်သက် သက်ခြောက်လှန့်ခြင်းမဟုတ်၊ ဆိုးညစ်တဲ့အကြံအစည်နဲ့ စီရင်နေတယ်လို့ ယူဆတယ်။ ခွေးသာမဟုတ် ကျွန်တော်ကိုယ်တိုင်လဲ ကြောက်လန့်လို့ရှိလျှင် သေနိုင်တယ်လို့ ယူဆတယ်"

"လည်ပင်းကျိုးရတာကော၊ ဘယ့်နှယ်လဲဗျာ"

"ကျွန်တော်က ထိုအခိုက်မှာ ခွေးကိုမကြည့်မိလို့သာကိုးခင်ဗျ။ ဝဠာ ဒြပ်တစ်ခုခုနဲ့ ခွေးလည်ပင်းကိုလိမ်ချိုးလို့ ဖြစ်နိုင်ဟန်တူတယ်"

"နေပါအုံးဗျာ၊ အနောက်တိုင်းပြည်က ဝိဉာဉ်ဘက်လိုက်တဲ့ လောကဓာတ်သမားတွေက ဟိုရှေးစာရေးဆရာ ရှိတ်စပီးယားတို့ ဘာတို့နဲ့တွေ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ဝိဉာဉ်တောင် ပြန်ခေါ်ပြနိုင်ကြဆိုပါကလား"

"ဒီလိုပါလေ၊ ခေါ်ပြနိုင်တယ်လို့တော့ ဆိုကြတာပဲ၊ နို့ပေမယ့် သူတို့ခေါ်ပြတဲ့ ရှိတ်စပီးယားတို့၊ ဘေကွန်တို့ဆိုတာတွေက ရေးကစာမျိုးရေးပြဖို့တော့မတတ်နိုင်ပါဘူး၊ သူတို့ကိုရေးခိုင်းတော့ သူလိုင်ါလိုရေးတဲ့ စာမျိုးလောက်သာ ရေးပြနိုင်တယ်လို့ သိရပါတယ်။ ဒါကြောင့် သူတို့ခေါ်ပြတဲ့ ဝိဉာဉ်တွေဟာ ရှိတ်စပီးယားအစစ်၊ ဘေကွန်အစစ် ဟုတ်မယ် မထင်ပါဘူး။ အတုဖြစ်ရမှာပေါ့"

"ဒီအတတ်တွေဟာ ရှေးတုန်းက အိန္ဒိယပြည်မှာလဲ ရှိဖူးတယ်မဟုတ်လား။ ဦးခေါင်းခွံကို ခေါက်ပြီးမေးရင် ဘယ်ဘဝရောက်နေတယ်လို့ ပြောပြတယ်ဆို"

"ဟုတ်ဆိုထင်ပါရဲ့၊ ဒါကြောင့် မြတ်စွာဘုရားက ရဟန္တာအရှင်မြတ်တစ်ဦးရဲ့ ဦးခွံကိုပြကြည့်တော့ အဲဒီပညာသည်ကြီးက ဘယ်ဘဝရောက်တယ်လို့ မပြောနိုင်ဘူး ဆိုတာဘဲ"

"လောကီအတတ်တွေက ဆန်းကြယ်ပါပေ့ဗျာ။ ဒါထက်ခင်ဗျားခွေးဟာအိမ်ကြီးထဲကို အလွယ်တကူနဲ့ ဝင်ရဲ့လား။ အိမ်ကြီးထဲမှာ ကြောင်တို့ ကြွက်တို့ ဘယ်တော့မှမရှိဘူးလို့ ပြောကြတယ်"

"အမှတ်တမဲ့ ဝင်ရှာပြီးပြန်ထွက်ဖို့ ကြိုးစားရှာတယ်။ သခင်ကြောင့်သေရရှာတာဘဲ၊ ကြွက်တို့ကြောင်တို့ မနေဘူးဆိုတာ ဟုတ်မှာပေါ့။ တိရစ္ဆာန်ဆိုတာမျိုးဟာ သူတို့ဘေးအန္တရာယ်ကို သူတို့မြင်လို့ ရှောင်တတ်တယ်ခင်ဗျ။ လူမှာတော့ စဉ်းစားဉာဏ်ဆိုတာရှိတယ်။ သူတို့မှာ စဉ်းစားဉာဏ်ရယ်လို့တော့မရှိဘူး။ နို့ပေမယ့် အန္တရာယ်ဆိုလျှင် သူတို့မှာသွေးထဲကပြောတယ်ဆိုတာလိုပဲ ချက်ခြင်းသိတတ်ကြတယ်။ ရေကြီးမယ့်နှစ်မှာ တချို့ငှက်တွေဟာ အသိုက်ကိုမြင့်မြင့်ကြီးလုပ်တာ ကြည့်မှပေါ့။ ဒါကြောင့်တချို့လူတွေဟာ ဒီကိစ္စမျိုးမှာ တိရစ္ဆာန်တွေကြည့်ပြီး အလုပ်လုပ်ကြတယ်"

"ဒါထက် ကျုပ်တစ်ခုမေးစမ်းပါရစေဗျာ၊ ခင်ဗျားက ဗဟုသုတ တော်တော်စုံဟန် တူပါတယ်၊ ဒီအိမ်ကြီးကို ကျုပ်ဘယ်လိုလုပ်ရရင် ကောင်းပါ့မလဲ"

"ကျွန်တော့်အိမ်ဖြစ်ရင်တော့ ကျွန်တော်ဘယ်လိုလုပ်မလဲလို့ ပြောမယ်လေ။ ဒီအိမ်ကြီးထဲမှာ တနင်္ဂနွေထောင့်က အခန်းကလေးကြောင့် ဒီလိုမတော်တရော်တွေမြင်ရကြားရတယ်လို့ ကျွန်တော့အယူရှိနေတယ်။ ဒီပြင့်နေရာကို ဘယ်လိုမှမလုပ်ချင်နေ ဒီအခန်းကလေးကိုတော့ ဖြိုဖျက်ပစ်လိုက်ဖို့





အကြံပေးချင်တယ်။ ဒီအခန်းကလေးတည်နေပုံကလဲ အိမ်မကြီးနဲ့ ခပ်ကွဲကွဲနေတယ်လို့ ကျွန်တော်ထင်မိတယ် အခန်းကလေးက တစ်ဆောင် သန့်သန့်လိုတည်နေပြီး အိမ်နောက်ဖေးမှာ ရှေးအုတ်တွေခင်းထားတဲ့ အပေါ်မှာ အခြေစိုက်ထားတယ်လို့ ကျွန်တော်ထင်မိတယ်"

"ဒီအဆောင်ကလေးကို ဖျက်လိုက်ရင်"

"ဓာတ်အဆက်အသွယ်တွေ ပြတ်သွားပြီး၊ ကျုန်တဲ့ တစ်အိမ်လုံးမှာ အနှောင့်အယှက်တွေ ကင်းသွားလိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။ သဘောတူခဲ့လို့ရှိရင် ကျွန်တော်ကိုယ်တိုင် ကြီးကြပ်ပြီး ဖြိုဖျက်ပေးချင်ပါတယ်"

"ခင်ဗျား ဘယ်မှာ နေသလဲ"

"ကျွန်တော်က ဧည့်သည်ပါ"

"ဘယ်တော့ပြန်မလဲ"

"ဒီကိစ္စကလေးမှာ စိတ်ဝင်စားနေလို့ သုံးရက်လောက်တော့ ဆိုင်းနိုင်ပါတယ်"

"ကောင်းပြီဗျာ၊ နက်ဖြန်ညနေတော့ စကားပြန်ပါမယ်။ ခင်ဗျားနေတဲ့ လိပ်စာကိုသာ ပေးထားခဲ့ပါ"

ကျွန်တော်သည် နောက်တစ်နေ့တွင် ဦးသာဟန်ထံမှ သူငယ်တစ်ယောက်လာပေးသော စာတစ်စောင်ကိုရရှိ၍ ဖတ်ကြည့်ရာ၊ အိမ်ကြီးကိုသူကိုယ်တိုင်သွားကြည့်ခဲ့ကြောင်း၊ ကျွန်တော်ပြောသော စာနှစ်စောင်ကို ချုပ်ခုံထဲ၌တွေ့ရှိကြောင်း၊ စာများကို ဖတ်ကြည့်သောအခါ၊ ယုံမှားသံသယဖြစ်၍ ဆောက်လုပ်ကြည့်ရာတွင် ထိုအိမ်၌ သေဆုံးသွားသည့် ဒေါ်သီအမည်ရှိ မိန်းမကြီးသို့ပေးသော စာများဖြစ်သည်ဟု သိရကြောင်း။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်လောက်က ထိုဒေါ်သီသည်၊ ဂုဏ်သရေရှိသော ထန်းလျက် ပွဲစားကြီး၏သို့ဖြစ်ပါလျက်၊ အထက်မြစ်ညာအရပ်မှ လှေထိုးသားတစ်ယောက်နှင့် မိဘစိတ်မတူဘဲ လိုက်ပြေးခဲ့ကြောင်း။ ထိုလှေထိုးသားမှာ ဒေါ်သီ၏ အစ်ကိုလှေသူကြီး၏ လှေတွင်အလုပ်လုပ်သူဖြစ်ကြောင်း။ ဒေါ်သီ၏အစ်ကို လှေသူကြီးမှာ ရွှေလီချောင်းထဲသို့ လှေကြီးလှေငယ်တို့နှင့် ကူးသန်းသွားလာ ရောင်းချခြင်းအားဖြင့် အတော်ကြွယ်ဝခဲ့ကြောင်း၊ ဒေါ်သီနှင့်ရသော လှေထိုးသားမိုးသန့်မှာ အတော်ဆိုးချင် မိုက်ချင်သော လူလေလူလွင့်တစ်ယောက်ဟု နာမည်ရနေသဖြင့် မိဘများက သဘောမတူခြင်း ဖြစ်ကြောင်း။ သို့သော် ဒေါ်သီကမူ မိုးသန့်၏ သနားကမားရှိသော ရုပ်အဆင်းကိုမက်မော၍ လိုက်ပြေးဟန်တူ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း။ ဒေါ်သီ၏အစ်ကို လှေသူကြီးမှာ မုဆိုးဖိုဖြစ်၍၊ ၆ နှစ် သမီးကလေး တစ်ယောက်ရှိကြောင်း။ ဒေါ်သီနှင့် ဖိုးသန့်တို့ အကြောင်းပါပြီးနောက်၊ များမကြာမီအတွင်း ဒေါ်သီ၏အစ်ကို လှေသူကြီးမှာ လည်ပင်းတွင် အညိုအမဲ ဒဏ်ရာများနှင့် ရေနစ်သေဆုံးနေသည်ကို တွေ့ရကြောင်း။ လည်ပင်း၌ တွေ့ရသော ဒဏ်ရာများကြောင့် သာမန်ရေနစ်သေခြင်း ဟုတ်ပါလေ၏လောဟု ဆရာဝန်များက ယုံမှားခြင်းရှိကြသော်လည်း၊ ဒေါ်သီတို့ လင်မယားက ဆရာဝန်နှင့်ဌာနတို့ကို ကြိုတ်၍ငွေထိုးခြင်းကြောင့် ရေနစ် သေဆုံးခြင်းဖြစ်သည်ဟု မှတ်ချက်ချကာ အမှုကို ဆက်လက်ထောက်လှမ်းခြင်း မရှိဘဲ၊ ပိတ်လိုက်ကြောင်း။

လှေသူကြီးသေဆုံးပြီးနောက်၊ ဒေါ်သီသည်အမွေထိန်းအဖြစ်ဖြင့် ကျန်ရစ်သော ပစ္စည်းများကို ထိန်း၍ တူမလေးကိုလည်းမွေးမြူရကြောင်း။ တူမကလေးမှာ ဒေါ်သီနှင့်ဖိုးသန့်တို့လက်သို့ရောက်၍ မကြာမီအတွင်း သေဆုံးသွားသဖြင့် ပစ္စည်းအားလုံးကိုဒေါ်သီရလိုက်ကြောင်း။ တူမကလေး သေရပုံနှင့်ပတ်သက်၍ ထိုအခါအရပ်ထဲတွင် ပွစိပွစိဖြစ်ခဲ့ဖူးကြောင်း။ အိမ်နီးပါးချင်းများက သူငယ်မကလေးကို ကောင်းစွာမကျွေးမွေးဘဲ မြန်မြန်သေအောင် နှိပ်စက်ကြသည်ဟု ပြောကြကြောင်း။ မိန်းကလေးသေသောအခါ၌ အလွန်ကြုံလှီ ပိန်ချုံးနေသည်ကို တွေ့ရကြောင်း။ တစ်ခါတစ်ရံတွင် အချိန်မတော်၌ သူငယ်မကလေး ငိုကြွေးသံများကြားရသည်ဟု ပြောကြကြောင်း။ အလောင်းကို ဆရာဝန်စစ်ဆေးသောအခါ၊ မည်သည့်ရောဂါမှမတွေ့ရဘဲ အစာလုံလောက်စွာ မစားရသည့်အတွက် သေရရှာသည်ဟု ထင်မြင်ချက်ပေးသောကြောင့် ဖိုးသန့်နှင့်မသီတို့မှာ ငွေထိုး၍ နှုတ်ပိတ်ရပြန်ကြောင်း။ နောက်ဆုံးသေရပုံမှာ သူငယ်မကလေးသည် အိမ်နောက်ဖေး၌ရှိသော အုတ်တံတိုင်းပေါ်သို့ ကျော်တက်ရန် ကြိုးစားရာတွင် လိမ့်ကျ၍ တစ်ညလုံး အအေးမိပြီးသေသည်ဟု ထင်ကြကြောင်း။ ရုံးပြင်ကနားမရောက်ဘဲ အေးသွားခဲ့ကြောင်း။ ဖိုးသန့် မသီတို့ကလည်း အလွန်ခေါင်းမာ၍ အဆုံးမခံသော သူငယ်မကလေး ဖြစ်သည်ဟု ထုချေကြကြောင်း။ မည်သို့ပင်ဖြစ်စေ ထိုကိစ္စပြီးစီးသွားသောအခါ၊ မသီကပစ္စည်းများကို အမွေဆက်ခံလိုက်ရသည်နှင့် ဖိုးသန့်မှာလည်း အတော်သုံးဖြုန်းနိုင်ကြောင်း။ ဖိုးသန့်သည် လှေကြီး လှေငယ်တို့နှင့်တကွ အမွေရပြီးနောက်၊ ယောက်ဖလှေသူကြီးအလုပ်ကို ဆက်ခံလုပ်ကိုင်မည်ဆို၍ ရွှေလီချောင်းထဲသို့ ကုန်ပစ္စည်းများနှင့် စုန်ဆန် သွားလာနေခဲ့ကြောင်း။





ဖိုးသန့်မှာ ဘုန်းကြီးကျောင်းတွင် အတော်ကြာအောင် စာသင်ခဲ့ဖူးသည်ဖြစ်၍ စာစီစာကုံးတတ်ရုံမက လေးထပ်လေးချိုးများပင် ရေးစပ်တတ်သည်ဟု အသားယူခဲ့ကြောင်း။ နောက်ဆုံး၌ ဖိုးသန့်သည် လှေသုံးစင်းလုံးကို ကုန်ပစ္စည်းများနှင့်အောင်တင်၍ ရွှေလီချောင်းသို့တက်သွားရာ၊ တစ်ခါတည်း မပေါ်လာတော့သည်နှင့် မသီမှာ တမော့မော့နှင့် မျှော်ကျန်ရစ်ခဲ့ရကြောင်း။ မသီကိုယ်တိုင် လိုက်၍ထောက်လှမ်းပါသော်လည်း ဖိုးသန့်မှာ လှေကြီးများကိုပါရောင်းချ၍ အနောက်ဘက်သို့ကူးပြီး ကတူးတွေထဲတွင် ပျောက်သွားသည်ဆို၍ ပြန်လာခဲ့ရကြောင်း။ မသီ၌ မိဘထံမှ အမွေရသည့်လယ်ယာ၊ ချောင်းမြောင်းများ ရှိနေသေးသော်လည်း လက်ထောက်ခလည်း မှန်အောင်မရ၊ ကုန်ကူးပြန်တော့လည်းရှုံး၊ လူလိမ်လည်းမိသည်နှင့် များမကြာမီအတွင်း ပစ္စည်းများတက်တက်ပြောင်သွားကြောင်း။ နောက်ဆုံး၌ ကုန်ဆိုင်ကလေးထွက်ရာမှ ခေါင်းရွက်ဈေးသည်ဘဝသို့ ရောက်သွားပြီးလျှင် စားရမဲ့သောက်ရမဲ့ ဆွေမရှိ မျိုးမရှိဖြစ်ခဲ့၍ အကျိုးကြယ်သီးအငှားတပ်ရသော အဖြစ်သို့ရောက်သွားကြောင်း။ မသီမှာ မည်သည့်အလုပ် လုပ်ရသည်ဖြစ်စေ၊ ရှုံးလျှင်ရှုံး၊ လူလိမ်လျှင်လည်းလိမ်၊ သို့မဟုတ်လျှင် ကုန်တွေပုပ်သိုး၍ဖြစ်စေ၊ ဆုံးရှုံးရသည်ဖြစ်ကြောင်း။ တစ်ခါက ကြုံရာမရသည်နှင့် သူကိုယ်တိုင် လခပေး၍ ငှားနေခဲ့သော အိမ်ကြီးတွင် တိုလီမိုလီ အစေခံမကြီးအဖြစ်နှင့် အလုပ်လုပ်ရကြောင်း။ ထိုမှတစ်ဖန် လွင့်သွားပြန်၍ ပျောက်နေပြီးနောက်၊ ဆေးရုံမှ မောင်းချလိုက်သဖြင့် ဆင်းလာရာတွင် ဦးသာဟန်နှင့်တွေ့၍ ထိုအိမ်ကြီးတွင် အိမ်စောင့်အဖြစ်နှင့် ငှားထားခြင်းဖြစ်ကြောင်း စသည်ဖြင့် ဦးသာဟန်က စုံစမ်းလိုသောဆန္ဒ ပြင်းစွာဖြစ်ပေါ်လာသည်နှင့် ကျွန်တော် ပြန်သွားသည့်နောက်တွင် ထိုအိမ်ကြီးပေါ်သို့ တစ်ယောက်တည်း တက်လာ၍ တနင်္ဂနွေထောင့်၌ရှိသော အခန်းကလေးကို ဝင်ကြည့်ကြောင်း။ သူကိုယ်တိုင် ဘာမျှမမြင်ရ မကြားရသော်လည်း။ အခန်းကလေးထဲသို့ ဝင်လိုက်လျှင်ပင် ကြက်သီးတဖြန်းဖြန်းထ ကျောထဲက စိမ့်လာသည်နှင့် ဆင်းလာခဲ့ကြောင်းနှင့် ထိုအခန်းကို ကျွန်တော်အကြံပေးသည့်အတိုင်း ဖြိုဖျက်ရန် လက်သမားများ ခေါ်ထားပြီဖြစ်၍ နက်ဖြန်နံနက်တွင် ကျွန်တော်လာခဲ့ရန် ခေါ်ထားလေ၏။

နောက်နေ့နံနက်တွင် ကျွန်တော်သည် ဦးသာဟန်၏အိမ်သို့ သွား၍ လက်သမားများနှင့်အတူ ဟော်ကုန်းရပ်ရှိ အိမ်ကြီးသို့သွားကြပြီးလျှင် တနင်္ဂနွေထောင့်ရှိအခန်းတွင် ထရံများကိုဖြုတ်၍ ကြမ်းများကိုခွာထုတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကို ခွာလိုက်သည်အခါ၊ သမံတလင်းခင်းထားသော ကြမ်းပြင်တစ်ထပ် ပေါ်လာ၍ ယင်းတွင် အံကျပြုလုပ်ထားသော ပင့်တံခါးတစ်ခုရှိရာ ယင်းကို သံကုပ်များဖြင့် ကုပ်ထားသည်ကိုတွေ့ရ၏။ သံကုပ်များကို သံတူရွင်းများဖြင့် ကော်၍ပင့်တံခါးကို ဖွင့်လိုက်ရာတွင် အောက်ထပ်သို့ဆင်းသော လှေခါးတစ်ခု ပေါ်သဖြင့် လက်သမားနှစ်ယောက်နှင့်အတူ ဦးသာဟန်နှင့် ကျွန်တော်တို့သည် အောက်သို့ဆင်းသွားကြ၏။ အောက်၌ကား အုတ်ထရံတွင် သွင်းမြှုပ်ထားသည့် အခန်းကလေးတစ်ခုရှိပေရာ အိမ်အောက်ထပ်မှကြည့်သည့်အခါ၊ ထိုအခန်းကို မမြင်နိုင်သဖြင့် မည်သူမျှရောက်ဘူးဟန် မတူချေ။ အခန်းငယ်၏ တစ်ခုသောထောင့်၌ ကျွန်းသေတ္တာကြီးတစ်လုံးရှိ၍ ခဲယဉ်းစွာ ဖွင့်ကြည့်သည့်အခါ အံ့သြလောက်အောင် ဆင်ပြင်ထားသည့် စက်ယန္တရားတစ်ခုကို တွေ့ကြရ၏။

ထိုအခန်းရှိနေခြင်းကို မည်သူမျှမသိကြသဖြင့် အခန်းကိုမဖွင့်ရသည်မှာ နှစ်ပေါင်းလေးငါးဆယ်ထက်မနည်းကြာရှိမည် ဖြစ်သော်လည်း ယန္တရားစက်မှာ သော့ပေးခြင်းမရှိဘဲ ချာလပတ်လည်လျက်ရှိသည်ကို တွေ့ရသဖြင့် အံ့သြကြရ၏။ ယန္တရားစက် ပြုလုပ်ထားပုံကို ကြည့်လိုက်ကြရာတွင်မူကား ကြက်သီးမွေးညှင်းထမိကြ၍ အောက်လမ်းဆရာများ၏ လက်ရာဖြစ်သည်ဟု ချက်ခြင်းပင် ခန့်မှန်းနိုင်ကြလေသည်။

ကြေးနီလင်ပန်းကို လှမ်းကြည့်လိုက်သည့်အခါ၊ ပါဠိအက္ခရာများ ရေးခြစ်ထား၍ လင်ပန်းဖင်အောက်တွင် ပုရပိုက်တစ်ဆူကိုတွေ့ရှိရ၏။ ပုရပိုက်တွင် အက္ခရာများရေးသားထားသည့်ပြင်။ ပုရပိုက်အကြားတွင်လည်း ဓာတ်ပုံတစ်ခုညှပ်ထားသည်ကိုတွေ့ရ၏။ ပုရပိုက်တွင် ရေးသားထားသော အက္ခရာများမှာ သက်ရိုက်ဘာသာဖြင့်ဖြစ်၍ တက်ကျွမ်းသူများအား ပြသသည့်အခါ၊ အောက်ပါအတိုင်းအဓိပ္ပါယ်ရှိသည်ဟု ပြောကြလေသည်။

"ယန္တရားစက်လည်နေသမျှ ကာလပတ်လုံး ဤအိမ်အတွင်း၌ရှိသော သက်ရှိသက်မဲ့ ပစ္စည်းအားလုံးအပေါ်၌ ငါ၏တန်ခိုးအာနိသင် တည်စေသတည်း"

ကျွန်တော်တို့သည် ဓာတ်ပုံကိုကြည့်ရှုကြရာတွင် ထိုသူ၏ မျက်လုံးများမှာ အခြားလူများ၏မျက်လုံးနှင့် မတူဘဲအထူးသဖြင့် နက်နဲစူးရှ၍ ကြီးမားသော တန်ခိုးအာနိသင်ရှိသည့်အဖြစ်ကို တစ်ချက်တည်းနှင့်သိမြင်နိုင်ကြပေသည်။ မျက်လုံးများ၏ ထူးခြားခြင်းအပြင် ကျယ်ပြန့်သောနဖူး ကြီးမား





သောမေးရိုးတို့သည်လည်း ထိုလူ၏ အကြံဉာဏ်ကြီးနှင့် ကြံ့ခိုင်တင်းမာသော စိတ်ဓာတ်ရှိခြင်းတို့ကို ဖော်ပြလျက်ရှိ၏။ အံ့သြဘွယ်ကောင်းသော အခြင်းအရာတစ်ခုမှာ ထိုလူ၏မျက်နှာကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကြည်ညိုသောစိတ် အားကိုးအားထားပြုချင်သော စိတ်များဖြစ်ပေါ်ခြင်းထက် ကြောက်ရွံ့သောစိတ် ရှောင်ကွင်းချင်သောစိတ်တို့က လွှမ်းကဲပိုမိုလျက်ရှိလေတော့သည်။ အထူးသဖြင့် မျက်လုံးများသည်၊ ကြည့်လေ . . ကျောစိမ့်လေဖြစ်လာ၍ ဓာတ်ပုံပင်ဖြစ်စေကာမူ ကြာရှည်စွာ မျက်လုံးချင်းဆိုင်လိုသောစိတ် မရှိကြပေ။ သို့ရာတွင် တစ်ကြိမ်မြင်မိလျှင် ဦးနှောက်ထဲသို့ စူးဝင်၍၊ ဘယ်အခါမှ မမေ့နိုင်သော မျက်နှာမျိုးဟူ၍ ဆိုရပေမည်။

သေတ္တာကိုမြှောက်ကြည့်သောအခါ ထောင့်လေးထောင့်တွင် လူ၏ ဦးခွံလေးလုံး ခင်းထားသည်ကိုလည်း တွေ့ကြရ၏။

ဦးသာဟန်သည် ထိုအခန်းကို ဖြိုဖျက်ပြီးသည်နှင့် တပြိုင်နက် သူ၏ စိတ်ထဲတွင် ယုံမှားသံသယ လုံးဝ ကင်းသွားတော့သည်ဖြစ်၍ မင်္ဂလာဈေးလမ်းရှိ တိုက်အိမ်ကို လူငှားထားပြီးလျှင် ဟော်ကုန်းအိမ်သို့ပြောင်းရွှေ့နေထိုင်ရန်ချက်ခြင်းပင် စီမံတော့၏။ ကျွန်တော်အားလည်း အထိုက်အလျောက် ခင်မင်နေတော့သည်နှင့် ဆက်လက်ခရီးမထွက်သေးမီ ၎င်းနှင့်အတူ ပြောင်းရွှေ့နေထိုင်ရန် ပင့်ဖိတ်ရာ ကျွန်တော်ကလည်း စုံစမ်းလိုသောဆန္ဒ ကျန်နေသေးသည်နှင့် ဖိတ်ခေါ်သည့်အတိုင်း ပြောင်းရွှေ့နေထိုင်လေ၏။

ဒုတိယနေ့၌ ဦးသာဟန်နှင့်ကျွန်တော်တို့သည် အိမ်အပေါ်ရှိပြတင်းပေါက်အနီးတွင် ထိုင်လျက် အိမ်ထောင်မှုပစ္စည်းများပြောင်းရွှေ့ သယ်ယူလာသော လှည်းများကို ကြည့်နေစဉ် လေးစိတ်ဝင်းကြီးထဲသို့ ပုဆိုးတောင်ရှည်ဝတ်ထားသော လူတစ်ယောက်ဝင်လာ၍၊ လှည်းသမားများအား မေးမြန်းနေသည်ကို မြင်ကြရ၏။ ကျွန်တော်နှင့် ဦးသာဟန်တို့သည် ထိုလူကိုမြင်သည်နှင့်တစ်ပြိုင်နက် တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်လိုက်မိကြ၏။ အကြောင်းမူကား ထိုသူ၏မျက်နှာမှာ၊ ဓါတ်ပုံတွင် မြင်ရသည့် ပထမဆရာသိန်း၏မျက်နှာပင်ဖြစ်နေသောကြောင့်ပေတည်း။ ဤတွင် ကျွန်တော်တို့ ၂ ယောက်စလုံး လှေခါးမှပြေးဆင်းလာကြ၍၊ ထိုလူရှိရာသို့လိုက်သွားကြ... ဦးသာဟန်မှာ ကျွန်တော်ကဲ့သို့ မဖြတ်လပ်သောကြောင့်၊ နောက်၌... ခဲ့လေ၏။ ကျွန်တော်ရောက်သွားသောအခါ ထိုလူမှာ လှည်းသမား... ရှိသမျှ မေးမြန်းပြီးသဖြင့် ထွက်သွားပြီဖြစ်ရာ ကျွန်တော်လည်း...



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ခပ်သုတ်သုတ်လိုက်သွား၏။ လေးစိတ်ဝင်းအပြင်ရှိ ကျောက်လမ်းပေါ်တွင် ထိုလူကိုမီလာ၍ အနီးသို့ချဉ်းကပ်ပြီးလျှင် ကျွန်တော်က စကားပြောမည့်အကြံနှင့်အစပြုလိုက်၏။ သို့ရာတွင် ထိုလူက ကျွန်တော့်အား လှည့်ကြည့်လိုက်သောအခါ၌၊ ထိုသူ၏စခန်းကြီးဟန်ရှိသော အမူအရာနှင့် တန်ခိုးကြီးလှသော မျက်လုံးများသည် ကျွန်တော်၏ရင်ဘတ်ကို ဆီးတွန်းလိုက်ဘိသကဲ့သို့ ဟန့်တားလေရကား။ ကျွန်တော်၏ပါးစပ်မှ ထွက်မည်ပြုနေသော စကားလုံးသည်နှုတ်ခမ်းအပြင်သို့ ရောက်အောင် မထွက်နိုင်ဘဲ၊ လျှာထဲတွင် ကပ်နေလေတော့သည်။ စင်စစ်မှာ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသေးသည့် သူစိမ်းတစ်ယောက်ကို မည်ကဲ့သို့စတင်၍ မေးမြန်းရမည်ကိုလည်း ရုတ်တရက် စကားလုံး ရှာမတွေ့ချေ။ ဤအထဲတွင် အလွန်မာနကြီးလှသော သူ၏မျက်နှာထားကြီးကလည်း ခက်ထန်ဘိ၏။ သို့ဖြစ်၍ ကျွန်တော်က သူ့နောက်လိုက်သွားရင်း၊ စကားတုံ့တုံ့ဖြစ်နေစဉ် ထိုလူသည် လမ်းနံဘေးတွင်ရပ်၍ စောင့်နေသောကိုယ်ပိုင်မြင်း ၂-ကောင်တပ် ရထားပေါ်သို့ တက်မိသည်နှင့် တစ်ပြိုင်နက်ဒရိုင်ဘာလည်း မြင်းများကို ကြာပွတ်နှင့် ရိုက်နှက်ခါ မောင်းနှင်သွားလေတော့သည်။

ကျွန်တော် လှည့်ပြန်လာသောအခါ၊ နောက်မှလိုက်လာသော ဦးသာဟန်နှင့်တွေ့၍ မမေးလိုက်ရကြောင်း ဝန်ခံပြောပြရတော့သည်။ လှည်းသမားအား မည်ကဲ့သို့မေးသွားသနည်းဟု စုံစမ်းကြည့်သောအခါ၊ ဤအိမ်တွင် ယခုဘယ်သူ နေသနည်းဟူ၍သာ မေးမြန်းသွားကြောင်း သိရှိရလေသည်။

နောက်တစ်နေ့၌ ကျွန်တော်သည် ဘီလမ်း၌ရှိသော ပိဋကတ်တိုက်သို့သွား၍ သတင်းစာ ဖတ်နေစဉ်၊ အခြား စားပွဲတစ်ခု၌ ကျောင်းဆရာတစ်ယောက်နှင့် စကားပြောလျက်ရှိသော လူကြီးကိုမြင်မိ၏။ ထိုလူကြီးမှာ ဓာတ်ပုံတွင်မြင်ရသော ပထမံဆရာသိန်းပင် ဖြစ်သည်ဟု ထင်ရပြန်၏။ ထိုကျောင်းဆရာကိုလည်း ကျွန်တော်သိ၏။ သို့ဖြစ်၍ ကျောင်းဆရာသည် လူကြီးနှင့်ခွဲခွာလာသည်နှင့် ကျွန်တော်ကနှုတ်ဆက်၍ . . .

"ဟိုလူကြီးဟာ ဘယ်သူလဲဗျ"

"နိုင်ငံကျော် လူကြီးတစ်ယောက်ပေါ့ဗျာ၊ ဆရာသိန်းဆိုတာသူပေါ့"

"ပထမံဆရာသိန်းဆိုတာလား"

"အစစ်ပေါ့ နယ်တကာနဲ့နေတဲ့ လူကြီးတစ်ယောက်ဘဲ"

ဤတွင် ကျွန်တော်သည် ဟာလင်းကြီးရွာအနီးရှိ နဂါးဗွက်ထဲ၌





ပထမံ ဆရာသိန်း သေဖူးသည့် အဖြစ်ကို သတိရသော်လည်း ဖွင့်မပြောဘဲ၊

"ကျွန်တော်နဲ့ တဆိတ်လောက်မိတ်ဆက် ပေးစမ်းပါဗျာ။ ကျွန်တော် သိချင်လို့ပါ"

"မခက်ပါဘူးဗျာ မိတ်ဆက်ပေးပါမယ်။ သို့သော် လူကြီးက ပညာအင်မတန်စုံတယ်ဗျနော်။ ခင်ဗျားကို ပြုစားထားမှာ မကြောက်ဘူးလား"

"ဘယ်လိုများ ပညာစုံတာလဲဗျ"

"ဘာကိုမဆို သူနိုင်းနိုင်တယ် လက်ကိုင်ပဝါကို ပစ်ချလိုက်ပြန်လာခဲ့ဆိုလျှင် သူ့ဘာသာပြန်လာရတယ် ဒါတွင်မကဘူး မိုးမရွာလျှင် ရွာအောင်လုပ်နိုင်တယ်။ ရွာနေတဲ့မိုးကို ချက်ခြင်းတိတ်အောင် လုပ်နိုင်တယ်။ ပျောက်နေတဲ့ပစ္စည်းကို ပြန်ခေါ်ယူနိုင်တယ်။ စုံလို့ပါဘဲဗျာ။ သူလုပ်တတ်ပါတယ်၊ ဒီလူကြီးက တစ်ယောက်တည်း ဟိမဝန္တာရောက် တိဘက်ရောက် နဲ့နေတာပဲဗျ။ ကိုင်း . . . လာလာ ခင်ဗျားသိချင်ရင် မိတ်ဆက်ပေးပါမယ်"

ကျောင်းဆရာသည် ကျွန်တော်ကို လူကြီးထံခေါ်သွား၍ မိတ်ဆက်ပေးသည်နှင့် သုံးဦးသားအတူထိုင်ကြ၍ တိုင်းရေးပြည်ရေး ဗိန္ဓောပညာဂီတပညာစသော အကြောင်းအရာများကို စကားစပ်မိစပ်ရာ ပြောကြ၏။ လူကြီးသည် တိုင်းရေးပြည်ရေးကို လုံးဝစိတ်ဝင်စားသည့် လက္ခဏာမရှိဘဲ၊ အနောက်တိုင်းမှ လောကဓာတ်ပညာဆိုင်ရာ အကြောင်းကိုမှ အထူးတလည် စိတ်ဝင်စား၍မေးခွန်းများ ထုတ်၏။ သို့သော်အနောက်တိုင်းက လူများပညာကြီးသည်ဆိုသော်လည်း ဓာတ်ဆီရှိမှ ပျံ၍ဖြစ်ကြသည်ဟု ပြုံးရယ်ခါ ပြောသဖြင့် ဓာတ်ဆီနှင့် ပျံခြင်းမှတစ်ပါး အခြားနည်းလမ်းရှိပါသလောဟု ကျွန်တော်ကမေးသည်တွင် စိတ်ကိုတန်ခိုးကြီးအောင် လေ့ကျင့်ထားလျှင် ဘာမဆိုဖြစ်နိုင်သည်ဟု ပြန်ပြောလေသည်။

ကျောင်းဆရာသည် ကျွန်တော်တို့ကိုထားခဲ့၍ အခြားစားပွဲသို့ ကူးသွားသောအခါ၊ ကျွန်တော်က . . .

"ဦးရဲ့ဓာတ်ပုံတစ်ခုကို ကျွန်တော်တွေ့ဖူးပါတယ်၊ ဟော်ကုန်းရပ်ထဲမှာ ဦးနေဖူးပါသလား"

လူကြီးသည် ရုတ်တရက် မဖြေသေးဘဲ ကျွန်တော့်ကိုအတန်ကြာအောင် စိုက်ကြည့်နေပြီးမှ . . .

"နေဖူးတယ်ဆိုပါတော့၊ ဒီအိမ်ကို မောင်ရောက်ဖူးသလား"

"မနက်တုန်းက ဦး လာသေးတယ် မဟုတ်လား၊ ဒီတုန်းက ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ရှိတယ်လေ"

လူကြီးသည် စိတ်ဝင်စားလာသော မျက်နှာဖြင့် ကျွန်တော်ကို ကြည့်ပြန်၏။ ကျွန်တော်က . . .

"ကျွန်တော်လဲ စိတ်ပညာကို နည်းနည်းပါးပါး လိုက်စားဖူးပါတယ် ဦးရယ် တစ်ခုမေးပါရစေ"

"မေးပါတော့"

"စိတ်ကိုလေ့ကျင့်ထားလျှင် ဘယ်အထိဖြစ်နိုင်ပါသလဲ"

"ဒီကနေ ရန်ကုန်ကိုစိတ်ကူးလိုက်စမ်း"

"ကူးပြီးပြီခင်ဗျ"

"စိတ်ရောက်သွားပြီလား"

"ရောက်သွားပြီ ခင်ဗျ"

"မောင့်စိတ်အစွမ်းကောင်းလျှင် ကိုယ်ပါရောက်သွားနိုင်တယ်။ ရုပ်ကို စိတ်က လွှမ်းမိုးနိုင်တယ်၊ မောင်ရဲ့စိတ်က ရုပ်ကိုဆောင်ကျဉ်းနိုင်တယ်"

"လေယာဉ်ပျံများတောင် ရန်ကုန်ကိုနာရီပိုင်းလောက်သွားရတယ် ပြောတယ်၊ စိတ်က ချက်ချင်း ရောက်ပေမယ့် ရုပ်ကြီးက ချက်ချင်း ရောက်နိုင်ပါ့မလား"

"ဒီရုပ်ကြီးအတိုင်း သွားရမယ်ဆိုလျှင် ချက်ချင်း မရောက်နိုင်ပေဘူးပေါ့။ သို့သော်ရုပ်ဆိုတာ ဓာတ်လေးပါး အစုအဝေး တစ်ခုအသစ်ဖြစ်ပေါ်ရတာပေါ့"

"ရှင်းအောင်အမိန့်ရှိပါဦးခင်ဗျာ"

"ကလေးကစားတဲ့ ဘောလုံးပျော့ ကလေးဟာ ကစားဖန်များတော့ တစ်နေရာမှာ လေလျှော့ပြီး အပိန့်ကလေးဖြစ်ပေါ်လာတာ မြင်ဘူးသလား"

"မြင်ဖူးတယ်ဗျ"

"ကောင်းပြီ အဲဒီအပိန့်ကို ဆွဲထုတ်လိုက်လျှင် ဘယ့်နှယ်နေသလဲ"

"အဲဒီနေရာက အပိန့်ကလေးကို ဆွဲတင်လိုက်လျှင် ဒီပြင့်တစ်နေရာမှ အပိန့်ကလေးတစ်ခုပေါ်လာရမှာဘဲ ခင်ဗျ"

"ကောင်းပြီ ဒီတော့၊ ဒီနေရာက အပိန့်ဟာ ဟိုနေရာကိုရွှေ့သွားနေဖို့လိုသေးသလား"

"ရွှေ့သွားရတယ်လို့တော့မဟုတ်ပါဘူး။ ဒီကပျောက်လျှင် ဟိုမှာဖြစ်တာပါပဲ"





"ဘယ်လောက်ကြာမှဖြစ်သလဲ"

"ဘယ်လောက်မှမကြာပါဘူး၊ ချက်ခြင်းဖြစ်ပါတယ်"

"အဲဒီလိုပဲမောင်ရဲ့၊ ရုပ်ဟာလဲ ဒီကရန်ကုန်ကို တကယ်ရွှေ့သွားနေရတာမဟုတ်ဘူး၊ ဒီကရုပ်ပျောက်သည်နှင့် တစ်ပြိုင်နက် ဟိုမှာရုပ်သစ်တစ်ခု ပေါ်လာရတာဘဲ"

"ရှေးတုန်းက အဘိဉာဉ်တန်ခိုးနဲ့ ဈာန်ကြွတယ်ဆိုတာ ဒီလိုပဲလား ခင်ဗျ"

"ဒီလိုပေါ့၊ လူတွေကတော့ တကယ်ပျံကြွတယ်လို့ ထင်ကြတယ်။ အမှန်က ဒီလိုမဟုတ်ဘူး၊ ခုနင်က ဘောလုံး ဥပမာလိုဘဲ၊ ဒီမှာရောက်တော့တာဘဲ"

"ဟိုမှာပျောက်တဲ့ရုပ်နဲ့ ဒီမှာအသစ်ဖြစ်တဲ့ ရုပ်နဲ့ဘယ့်နှယ်ကြောင့် တူရသလဲ"

"တူမှာပေါ့မောင်ရ၊ ဟိုမှာလဲ ဓာတ်လေးပါး၊ ဒီမှာလဲ ဓာတ်လေးပါး ဖြစ်တဲ့အပြင် ဟိုကအကြောင်းရင်းခံပြီး ဒီမှာလာဖြစ်တော့ သူ့အကြောင်း အတိုင်း အကျိုးဖြစ်လို့မို့ ပုံသဏ္ဌာန်ရော ဘာရော တူရတော့တာပေါ့"

*

"ဟိုဆရာကြီးကော ဘယ်ရောက်သွားလဲ"

"ထွက်သွားပြီ၊ သွားခါနီးမှာ ခင်ဗျားကိုကြည့်ရစ်ဖို့ ကျွန်တော့မှာသွားတယ်"

"ဒီလူကြီး ဘယ်မှာနေသလဲဗျာ"

"အာလဝီလမ်းက ဂရင်းဟိုတည်မှာ တည်းသတဲ့"

"လာဗျာ၊ လိုက်ခဲ့စမ်းပါ။ ကျွန်တော်မေးစရာတစ်ခုရှိလို့ပါ"

ဂရင်းဟော်တယ်သို့ရောက်ကြသောအခါ မန်နေဂျာနှင့်တွေ့၍ လူကြီး အကြောင်း မေးမြန်းရာတွင်၊ လွန်ခဲ့သော ၅ မိနစ်ခန့်က ပစ္စည်းများနှင့်တကွ ပြောင်းရွှေ့သွားကြောင်း၊ သို့သော် ကိုဇော်ဟိတ်ဆိုသူ တစ်ယောက်လာမေးလျှင် စာတစ်စောင်ပေးလိုက်ပါဆို၍ အပ်ထားခဲ့ကြောင်းပြောပြ၏။ ကျွန်တော်က ကိုဇော်ဟိတ်ဆိုသူမှာ ကျွန်တော်ပင်ဖြစ်ကြောင်းပြောသည့်အခါ မန်နေဂျာသည် စာတစ်စောင် ထုတ်ပေးသဖြင့် အောက်ပါအတိုင်း ဖတ်ရှုရပါ[illegible]

မောင့်ကို ကျွန်ုပ် အိပ်မွေ့ချဘူးပြီ ဖြစ်၍၊ မောင့်စိတ်ကို ကျွန်ုပ်[illegible] လွှမ်းနိုင်ပြီ။ ကျွန်ုပ်စကားကို မနာယူလျှင် ရောက်လေရာအရပ်မှ မောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ပြုစားနိုင်သည်။ ဤစာရပြီးနောက် သုံးနှစ်အတွင်း ကျွန်ုပ်နှင့်တွေ့ကြောင်းမည်သူကိုမျှမပြောလေနှင့်၊ မနာယူလျှင် မောင်ဒုက္ခ ရောက်သွား မည်။ နာယူလျှင် ကြံစည်သမျှထမြောက်လိမ့်မည်။ သုံးနှစ်ကြာသောအခါ၊ ဤပြည်တွင် ကျွန်ုပ်မနေတော့ပြီဖြစ်၍ ပြောလိုသူ့ကို ပြောပြနိုင်သည်။ မောင်သေသည့်နောက် တစ်နှစ်တစ်လတ္တာစ်ရက်မြောက်သော နေ့တွင် မောင့်သင်္ချိုင်းကို ကျွန်ုပ်လာကြည့်မည်။

ကျွန်တော်မှာ ထိုစာကို မိတ်ဆွေ ကျောင်းဆရာအား မပြဝံ့ဘဲ ကျွန်တော်တစ်ယောက်တည်း ဖတ်ရပါသည်။ ယခု သုံးနှစ်စေ့မြောက်ပြီ ဖြစ်သောကြောင့် ပထမံဆရာသိန်းအကြောင်း ရေးလက်စရှိသော ဆရာကြီးရွှေဒေါင်းသို့ ဤအတ္ထုပ္ပတ္တိကို ဖေးပို့လိုက်ပါသည်။



## ဆင်ရိုင်းအုပ်ကို ဖမ်းဆီးခြင်း

တစ်နေ့သ၌ ဥရောပတိုက်တိရစ္ဆာန်ရုံတစ်ရုံမှ ခြင်္သေ့တစ်ကောင်သည် လှောင်အိမ်မှလွတ်ထွက်၍၊ ကျားတစ်ကောင်လှောင်ထားသော လှောင်အိမ်သို့ ဝင်မိသဖြင့်၊ ကျားနှင့်ခြင်္သေ့ကိုက်ကြပုံ အခြင်းအရာကို အင်္ဂလိပ်သတင်းစာ တစ်စောင်တွင် ဖတ်ရှုမိရာဝယ် အကြံတစ်ခုပေါ်ပေါက်လာ၏။ ထိုအကြံမှာကား၊ ကျားနှင့်ခြင်္သေ့တွေ့အောင်ရှာ၍ သံချိုင့်သို့သွင်းပြီးလျှင် တိုက်ပေးရန်ဖြစ်လေသည်။ သို့ဆိုလျှင် ရုံဝင်ခ ၅-၁ဝိပေးကြည့်မည့်သူမရှားသဖြင့် ငွေမြောက်မြားစွာ ဝင်နိုင်မည့်ပြင်၊ ဘိုင်စကုတ်ကုမ္ပဏီများထံမှလည်း ရုပ်ရှင်ရိုက်ကူးခွင့်အတွက် ငွေ ထောင်သောင်းမက ရရှိနိုင်မည်ဖြစ်လေသည်။

ကျွန်ုပ်သည် ၎င်းအကြံအစည်ကို ဦးသိန်းမောင်အားပြောပြရာ၊ ဦးသိန်းမောင်က သူ၏မိတ်ဆွေ တောအုပ်တစ်ယောက်မှာ ကျားကိုအရှင်လတ်လတ်ဖမ်းတတ်သည်ဟု ပြောသံကြားဘူးသည်ဆိုသဖြင့် ဦးသိန်းမောင်ထံမှ စာတစ်စောင်နှင့် ထိုတောအုပ်ထံသို့ သွားရောက်လေသည်။ တောအုပ်ကလည်း ကျွန်ုပ်၏အကြံကိုသဘောကျလှသဖြင့်၊ ကျားတစ်ကောင်အရှင်ဖမ်းဖို့အတွက် တာဝန်ခံပေရာ၊ ကျွန်ုပ်၏တာဝန်မှာ ခြင်္သေ့တစ်ကောင်ရရှိအောင် လိုတော့သည်။ ဤကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်သည် မြန်မာပြည်သို့ဆိုက် ရောက်လျက်ရှိသော ဆပ်ကပ်ပွဲ မန်နေဂျာတစ်ယောက်နှင့် တိုင်ပင်ကြည့်ရာ



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက သူပိုင်သော ခြင်္သေ့မှာ သင်ကြားပြီးသော ခြင်္သေ့ဖြစ်၍၊ မရောင်းနိုင်သော်လည်း အာဖရိကတိုက်မှ ခြင်္သေ့ဖမ်းသော လူတစ်ယောက်ဆက်သွယ်ပေးပါမည်ဟု တာဝန်ခံလေသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ကာလကတ္တားမြို့မှ ကြေးနန်းတစ်စောင် ရရှိ၍ ဖတ်ကြည့်ရာတွင်၊ ခြင်္သေ့ဖမ်းသော အင်္ဂလိပ်လူမျိုးတစ်ယောက်ထံမှ ဖြစ်၍၊ ဆပ်ကပ်မန်နေဂျာ၏ ညွှန်ကြားချက်အရ ကြေးနန်းရိုက်ရခြင်းဖြစ်ကြောင်း၊ ကျွန်ုပ်အလိုရှိသော ခြင်္သေ့အရွယ်အစား သိလိုကြောင်းပါရှိလေသည်၊ ထိုအခါ ကျွန်ုပ်သည် စာပေးစာယူနည်းဖြင့် စကားဆိုရခြင်းကို မကျေနပ်သည်နှင့်။ ကာလကတ္တားသို့ ကိုယ်တိုင်သွားပြီးလျှင် ခြင်္သေ့သမားနှင့် တွေ့ဆုံစကား ပြောရပေသည်။

"ခြင်္သေ့နှင့်ကျားတိုက်ခဲ့လျှင် အရွယ်ကောင်းခြင်းဖြစ်ပါက သတင်းစာ၌ ဖတ်လိုက်ရသော တိုက်ပွဲကဲ့သို့၊ တစ်ချီနှစ်ချီဖြင့် ကျားသေဖွယ်ရာရှိသောကြောင့်၊ ခြင်္သေ့အရွယ်မှာ လူမျိုပေါက် မျှလောက်သာ သင့်တော်လိမ့် မည်"ဟု ပြောပြ၏။ ခြင်္သေ့သမားက "ကောင်းပါပြီ" ဝန်ခံ၍၊ အဖိုးနှုန်းကို စုံစမ်းကြည့်ရာ၊ သူက မြန်မာပြည်မှ ဆင်မပျိုအရွယ်တစ်ကောင်နှင့် ကော်မရှင် ဆယ်ပုံတစ်ပုံကို အလိုရှိကြောင်းပြန်ပြောလေသည်။ အာဖရိကတိုက်တွင် ဆင်များရှိသော်လည်း ဆင်မျိုးစုံလင်စေခြင်းငှာ၊ ဒါလင်မြို့ တိရစ္ဆာန်ရုံတွင် မြန်မာပြည်မှ ဆင်မတစ်ကောင်ကို ကလေးသူငယ်များ၏ လှည်းဆွဲရန် အတွက် အလိုရှိသည်ဟု တိရစ္ဆာန်ရုံ မန်နေဂျာက မှာထားလိုက်ကြောင်း ပြောပြလေသည်။ အဓိပ္ပာယ်မှာ ကျွန်ုပ်က မြန်မာပြည်မှ ဆင်မတစ်ကောင်ကို ကာလကတ္တားအရောက်ပို့ပေးလျှင်၊ သူက ထိုမြို့၌ ကျွန်ုပ်၏လက်သို့ ခြင်္သေ့ အရွယ်တော် တစ်ကောင်ပေးအပ်မည် ဆိုလိုသည်။ တိုက်ပွဲကျင်းပရန်ကိစ္စ နှင့်ပတ်သက်၍ တိုင်ပင်ကြပြန်ရာတွင် ထိုသူက ဗြိတိသျှအစိုးရနယ်ပယ် အတွင်းဆိုလျှင် ချေးများ၍ လိုင်စင်ပေးလိမ့်မည် မထင်သောကြောင့်၊ အိန္ဒိယ ရာဇာတစ်ယောက်၏ နယ်အတွင်း၌ ပြသဖို့ အကြံပေးလေသည်။

သူ့အကြံအရ ကျွန်ုပ်တို့ ဆက်လက် စုံစမ်းကြရာတွင်၊ ဟိုက်ဒါးရာဘက်နယ်၌ မဟာရာဇာသည် ကျားနှင့်ကျွဲတို့ တိုက်ပေးနေကြသည်ဖြစ်၍၊ ကျွန်ုပ်တို့၏အကြံကို နှစ်သက်သဘောကျသည်နှင့် သူ၏နယ်အတွင်း တိုက်ပြရန်စီမံကြတော့သည်။ ငွေရေးကြေးရေး အစီစဉ်မှာ ရုံဝင်ခအနေဖြင့်အနည်းဆုံး သုံးသောင်းရစေမည်ဟု အတွင်းဝန်က တာဝန်ခံသဖြင့် ရုပ်ရှင်အတွက်





မှာလည်း ဤမျှမကရလိမ့်ဦးမည်ဟု မျှော်လင့်ကြလေသည်။ နောက်ဆုံး၌ ကျွန်ုပ်သည် ခြင်္သေ့သမားနှင့် သဘောတူစာချုပ်ခဲ့၍၊ ကျားနှင့်ဆင်ဖမ်းရန် ကိစ္စအတွက် မြန်မာပြည်သို့ပြန်လာခဲ့ပါသည်။

ကျွန်ုပ်သည် တောအုပ်၏အလုပ်ဌာနဖြစ်သော အထက်မြန်မာပြည် ရွှေလီမြစ် ကွမ်းချောင်းရွာသို့သွား၍ အိန္ဒိယပြည်၌ စီမံခဲ့သော အစီစဉ်ကို ပြောပြရာ၊ ကျားဖမ်းရန်အလုပ်မှာ မခဲယဉ်းဘဲ၊ လွယ်ကူလိမ့်မည် ထင်မိသော ဆင်ဖမ်းခြင်းအလုပ်သည် ပိုမိုခက်ခဲလျက်ရှိကြောင်း တွေ့ရလေသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ကျားဖမ်းခြင်းအလုပ်ကို တောအုပ်နှင့်လွှဲထားခဲ့၍ ဆင်ဖမ်းရန် အလုပ်နောက်သို့ လိုက်ရတော့သည်။

ကျွန်ုပ်ကအလွယ်တကူ ကတိထားခဲ့မိခြင်းမှာ ဆင်မတစ်ကောင်ကို ဘယ်အခါမဆို ဝယ်ယူရရှိနိုင်မည်ဟု ထင်မိ၏။ ယခုမှာ ဆင်များကို အခြားပစ္စည်းများကဲ့သို့ ဈေးဆိုင်မှ ဈေးဆစ်ဝယ်ယူနိုင်သည်မဟုတ်၊ ဆင်ဖမ်းသောရာသီတွင်မှ ဆင်ဖမ်းသမားများထံမှ ဝယ်ယူပြီးလျှင် ယဉ်အောင်လေ့ကျင့် သင်ပေးရခြင်း ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဆင်ရိုင်းများဖမ်း၍ ရောင်းသော ကရင်လူမျိုးတစ်ယောက်ထံသို့ သွား၍စုံစမ်းသောအခါ၊ ထိုသူသည် ဆင်ဖမ်းသော တန်ဆောင်မုန်းလ နီးကပ်လာပြီဖြစ်၍၊ သူ၏ တပည့်များနှင့် အစီအစဉ်ပြုလုပ်လျက်ရှိသည်ကို အဆင်သင့်ပင် တွေ့ရလေသည်။ ဆင်ဖမ်းလိုသောသူသည် သစ်တောဝန်ထံသို့ လျှောက်လွှာတင်သွင်း၍ မည် သည့်တောရှိ ဆင်ကောင် မည်၍မည်မျှဖမ်းဆီးလိုကြောင်း ဖော်ပြပြီးလျှင် အာမခံငွေများပင် တင်သွင်းရပေသေးသည်။ ကျွန်ုပ်မှာ ဆင်ရိုင်းများဖမ်းကြသည်ဟု ကြားရုံသာကြားဖူး၍ မျက်မြင်ဒိဋ္ဌကြုံရဘူးခြင်း မရှိသေးရကား ဗဟုသုတ စုံလိုလှသော ကျွန်ုပ်မှာတိုက်ပွဲပြုလုပ်ဘို့ ကိစ္စကိုပင် သတိမရတော့ဘဲ ဆင်ဖမ်းသမားများနှင့်အတူ အချိန်ကုန်လွန်ခဲ့တော့သည်။

ဆင်ဖမ်းသော လူကြီးမှာ ကရင်ဆိုသော်လည်း၊ မြန်မာတစ်ပိုင်းဖြစ်နေ၍၊ သူနေထိုင်သော သက်ကယ်ကျေးရွာကလေးတွင် ဩဇာကောင်းသောသူကြီးဖြစ်လေရာ၊ ရွာသားများမှာ ထိုရာသီတွင် ထိုလူကြီးလက်အောက်၌ အလုပ်လုပ်သည့်ဆင်ဖမ်းသမားများဖြစ်လေသည်။ ဤအလုပ်မှာ တစ်ရွာလုံးကိုပင် တာဝန်ခံ၍ ကျွေးရသောအလုပ်ဖြစ်သောကြောင့်၊ ဒေသအလေ့[illegible]လျှင် သူဌေးတစ်ယောက်ဖြစ်တော့သည်။ ဆရာကြီးလုပ်သူသည် [illegible]များ စားသောက်ရန်အတွက် ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက် စသည့်[illegible]



www.burmeseclassic.com

www.burmeseclassic.com



များကို သုံးလေးလအတွက်တာမျှ တောထဲသို့ပို့ပေးရသည့်ပြင်၊ ရွာထဲ၌ ကျန်ရစ်သောမိန်းမများနှင့် ကလေးများ စားသောက်မှုအတွက်ကိုလည်း တာဝန်ယူရလေသည်။ တစ်အိမ်ထောင်အတွက်ပင်လျှင် တစ်လနှစ်လ စားလောက်အောင် ကြိုတင်ဝယ်ယူ သိုလှောင်ထားသူ ရှားပါးလှသော ထိုဒေသတွင်၊ တစ်ရွာလုံးအတွက် သုံးလေးလစာဝယ်ယူတင်ပို့ပေးနိုင်သော ထိုသူကြီးအား သူဌေးကြီးတစ်ယောက်အနေဖြင့် အမှတ်ထားကြသည်မှာ အံ့သြဖွယ်ရာမဟုတ်ပေ။

ထိုရွာကလေးမှာ တစ်ရွာလုံးလိုပင် ဆင်ဖမ်းခြင်း အလုပ်ဖြင့်ရာသီအလိုက် အသက်မွေးမြူကြသူများဖြစ်၍၊ ရွာသူကြီးမှာ ဆင်ဖမ်းအလုပ်ရှင်ကြီးဖြစ်သောကြောင့်၊ အခြားသော သူကြီးများနှင့်မတူဘဲ၊ ထိုရွာတွင် ဘုရင်တစ်ပါးသဖွယ် ဩဇာညောင်းပေသည်။ ရွာသားများသည် တပည့်များဖြစ်ကြ၍၊ မိုက်မဲသူများကို ရွာသူကြီးက အိမ်သို့ခေါ်ယူ ရိုက်နှက်ဆုံးမပိုင်ခွင့်ရှိလေ သည်။ ဖမ်းဆီးရမိသော ဆင်များကို ဘီဘီတီစီသစ်ကုမ္ပဏီ၊ စတီးဘရားကုမ္ပဏီတို့အပြင်၊ အိန္ဒိယပြည်မှ ကုလားရာဇာများနှင့် လက်ဖက်ခင်း စိုက်ပျိုးသော ကုမ္ပဏီကြီးများသို့ ရောင်းချလေ့ရှိ၏။ အရွယ်ခပ်ငယ်ငယ် ဆင်ပေါက်နှင့် ဆင်မကလေးများကိုမူ၊ ကမ္ဘာလှည့်ဆပ်ကပ်၏ ပြပွဲပိုင်ရှင်များက ဝယ်ယူတတ်ကြလေသည်။

ကျွန်ုပ်မှာ ရွာသူကြီး၏အိမ်၌ တည်းခို၍ ဆင်ဖမ်းခြင်း အလုပ်ကို အစအဆုံးတိုင် ဗဟုသုတအလို့ငှာ စောင့်ဆိုင်းကြည့်ရှုလျက်ရှိစဉ် တောထဲ၌ရိက္ခာ အပြည့်အစုံနှင့် ဆင်မောင်းကြသည့်ရွာသားများထံမှ ဆင်အုပ်ကြီးရောက်နေသည့် ဒေသကိုနေ့တိုင်းလိုပင် သူကြီးထံသို့ လာရောက်အစီရင်ခံသည်များကိုတွေ့ရ၏။ ဆင်ဖမ်းသမားများသည် ရှေးဦးစွာ ဆင်ရိုင်းအုပ်များရှိနေသောနေရာကို ကိုယ်တိုင်သွားရောက် ရှာဖွေ၍ သင့်တော်သည် ထင် သောဆင်အုပ်ကို ကျုံးရှိရာသို့ မိုင်ပေါင်းများစွာ ဝေးကွာသော အရပ်မှ တဖြည်းဖြည်းခြောက်သွင်းကြရလေသည်။ အချို့ဆင်အုပ်များမှာ အင်မတန် ကြီးမား၍ကျုံးမဆန့်အောင် များပြားသည်ဟူ၍လည်း ဖြစ်နိုင်၏။ ဆင်ရိုင်းများနေထိုင်ကြသည့် နက်လှစွာသော စိမ့်ကြီးမြိုင်ကြီးများအတွင်း၌ ဆင်ဖမ်းသမားများသည် အရွယ်သင့်တော်သော ဆင်ရိုင်းအုပ်ကို တွေ့ရှိသည့်အခါ သူတို့၏အလုပ်မှာ ဆင်ရိုင်းများသွင်းရန်အတွက် အခြားလူတစ်သင်းက အသင့်ဆောက်လုပ်ပြင်ဆင်ထားသော ထောင်ခြောက်ရှိရာသို့ တဖြည်းဖြည်း





မောင်းသွင်းခဲ့ရန် ဖြစ်လေသည်။ ဆင်ရိုင်းများကို ရိုက်သွင်းခြင်းဆိုသည်မှာ အခြားမဟုတ်၊ ဆင်အုပ်ကိုကျုံးရှိသောဘက်သို့မျက်နှာမူစေ၍ ဆင်သမားများကအခြားဘက်မှ လူဖြန့်ကာလှန့်ပေးရခြင်း ဖြစ်လေသည်။ ရွာသားများသည် ၂ ယောက်တစ်တွဲ သုံးယောက်တစ်တွဲ စသည်ဖြင့် လူခွဲ၍ လေးငါး ဆယ်မိုင်ကျယ်ပြန့်အောင် စက်ဝိုင်းခြမ်းသဖွယ် ဝိုက်ထားပြီးလျှင် မကြာခဏ လှူသံပေးရလေသည်။ ဤသို့ဖြင့် ဆင်အုပ်သည်ကျုံးရှိသော နေရာသို့ တဖြည်းဖြည်းတရွေ့ရွေ့ချဉ်းကပ်လေတော့၏။ တစ်ခါတစ်ရံတွင် ဆင်အုပ် များကျုံးရှိရာဘက်သို့မှန်မှန်ကြီး ရွေ့သွားလျက်ရှိရာမှ နံဘေးသို့ ရုတ်တရက် တိမ်းစောင်းထိုးဖေါက်သွားကုန်ပြီဆိုသော သတင်းရောက်ရှိလာသဖြင့် တစ်ရွာလုံး ပြာလောင်ခတ်နေကြတော့သည်။ ထိုသို့သောအခါများတွင် လူများ ရနိုင်သမျှအခြားရွာများမှခေါ်ယူ ဖြည့်စွက်ပေးခြင်းအားဖြင့် ဆင်အုပ်ကို လမ်းမှန်သို့ရောက်အောင်ခြောက်လှန့်ပေးကြရလေသည်။

ဆင်ရိုင်းအုပ်ကို ရိုက်သွင်းရသောအလုပ်မှာ မြင်းနွားများကိုမောင်းသွင်းရခြင်းကဲ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်၊ ဖြူးဖြူးဖြောင့်ဖြောင့် ဝင်လာကြသည် မဟုတ်၊ ဤဘက်ထိုဘက်သို့ သဝေထိုး၍ထွက်တတ်သောကြောင့် သတိကြီးစွာထားကြရ၏၊ ကြောက်လွန်းလျှင်လည်း ပြူးတူးပြဲတဲဖြစ်၍ ထိန်းသိမ်းမရအောင်ဖြစ်သွားတတ်ပေရာ၊ ကြောက်လန့်စရာမရှိဆိုလျှင်လည်း ဖရိုဖရဲကြဲပြန့်ကုန်တတ်သောကြောင့် ဆင်ရိုင်းအုပ်၏စိတ်ဓာတ်ကို အတော်ရှိနေအောင် ပြုပြင်ပေးကြရလေသည်။ ဤအတောအတွင်း ဆင်အုပ်သည် အစာထွက်၍စားခြင်း အိပ်ကြခြင်း၊ မြူးတူးကစားကြခြင်း၊ စသည်ဖြင့် တရွေ့ရွေ့ စခန်းပြောင်းလာခဲ့ရာ၊ တစ်ခါတစ်ရံတွင် တစ်နေ့လုံးအတွက် တစ်မိုင်ခရီးမျှပင် ရောက်ချင်မှ ရောက်ကြပေမည်။

ဆင်ရိုင်းအုပ်၌ အကြီးအကဲအဖြစ်နှင့် အုပ်ချုပ်သော ဆင်ပေါက်ကြီးတစ်စီးရှိမြဲဖြစ်သော်လည်း၊ ခရီးအစီအစဉ်ကိုမူ ဆင်ပေါက်ကြီးက စီစဉ်သည်မဟုတ်ချေ။ ဆင်ရိုင်းတစ်အုပ်တွင် ဗိုလ်ချုပ်လုပ်သူ ဆင်ပေါက်ကြီးက အထူးမြတ်နိုးနှစ်သက်သော ဆင်မတစ်ကောင်ပါရှိမြဲဖြစ်ရာ ထိုဆင်မသွားရာသို့ ဆင်ပေါက်ကြီးကလိုက်၍ သူတို့နောက်မှ အခြားဆင်များက စုပြုံလိုက်ပါကြလေသည်။ သို့ဖြစ်၍၊ စခန်းတစ်ခုမှ ထပြီးနောက် မည်သည့်မျက်နှာဘက်သို့ သွားကြမည်ဆိုသော အလုပ်ကိုဆင်ပေါက်ကြီးက ဆုံးဖြတ်ချက်မချပေ၊ ထိုဆင်မ၏ သဘောဆန္ဒအတိုင်း အားလုံးလိုက်ပါကြရခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ရိုင်းအုပ်သွားသောလမ်းတွင် အခြားသော တိရစ္ဆာန်ရိုင်းများ အနှောင့်အယှက်ပြုတတ်ပါသလောဟု စုံစမ်းကြည့်ရာ ဆင်ရိုင်းအုပ်သည် တောထဲတွင် ဗိုလ်ဖြစ်၍ မည်သည့်သတ္တဝါမျှ သူတို့ကို အန္တရာယ်ပြုဝံ့ကြဟု သိရ၏။ ဆင်ကလေးများကို တစ်ခါတစ်ရံ ကျားဆွဲတတ်သည်ဆိုခြင်းမှာ၊ အုပ်အတွင်း၌ မဟုတ်၊ အဖော်ကွဲ၍ ကျန်ရစ်သော ဆင်မသားအမိမျှသာ ဖြစ်ရမည်ဟု သိရလေသည်။ အဘယ့်ကြောင့်ဆိုသော် ဆင်များသည်တစ်ကောင်ကိုတစ်ကောင် ကူညီကာကွယ်ပေးတတ်သော သဘာဝရှိ၍ အစုအအုပ်ဖြင့်နေကြသော အခိုက်တွင်၊ သူကို၏ခွန်အားဗလကိုမည်သည့် သတ္တဝါမျှ ယှဉ် ပြိုင်ရဲမည်မဟုတ်သောကြောင့်ပေတည်း။

ဆင်အုပ်သည် ကျုံးနှင့်ကွာလှမ်းစဉ်၌ ရွာသားများသည် သံပုန်းတီးခြင်း၊ တုတ်ချင်းရိုက်ခြင်း၊ ဝါးပိုးမှုတ်ခြင်းစသည်ဖြင့် အစေးမှအသံပေးကြ ရ၏။ တစ်ခါတစ်ရံ ဆင်အုပ်သည် တစ်စုံတစ်ရာလန့်သည့်လက္ခဏာဖြင့် တဟုန်ထိုး ပြေးလွှားကြသောအခါတွင် တောကြီးထဲ၌ လေမုန်တိုင်းကျလာခြင်းကဲ့သို့ မည်သည့်သတ္တဝါမျှ မခံမရပ်နိုင်ဘဲ တိမ်းဖယ်ရှောင်ရှားပေးကြရလေသည်။

ဆင်ရိုင်းများသည် မောင်းသွင်းရန်အတွက် ဆောက်လုပ်ထားသည့် ကျုံးမှာ များသောအားဖြင့် ဆင်ကောင်ရေ ၂၀ ခန့်ဆန့်လောက်အောင် ကျယ်ဝန်း၍ခိုင်ခန့်သော သစ်လုံးကြီးများ ပတ်ချာလှည့်စိုက်ထူထားပြီးလျှင်၊ တစ်ဖက်မျက်နှာ၌ တံခါးရှင်ကြီးတပ်ဆင်ထား၏။ ကျုံးမှာ လေးထောင့်ဖြစ်သော်လည်း စတုရမ်းတိတိမဟုတ်ဘဲ ခပ်လျားလျားရှိ၍၊ ကျဉ်းသော မျက်နှာတစ်ဘက်တွင် တံခါးရှင်တပ်ဆင်ထား၏။ တံခါးပေါက်မှာ ဆင်ကြီးတစ်ကောင် ဝင်လောက်ရုံသာသာမျှ ကျယ်ဝန်း၍၊ အလိုရှိသောအခါမှ ကြိုးဖြတ်ချလိုက်ခြင်းအားဖြင့် ဒိုင်းကနဲလျှောကျသွားလေသည်။ တံခါးပေါက်မှ ရှေ့သို့မူကား သစ်လုံးကြီးများ စိုက်ထူထားသည့် ရဲလောင်းကြီး သွယ်လျက်ရှိရာ၊ ယင်းမျက်နှာမှလာကြသော ဆင်အုပ်သည် ရဲလောင်းအတိုင်းလိုက်၍ တံခါးပေါက်သို့ဝင်ရန်မှတစ်ပါး တခြားလမ်းမရှိတော့ပေ။

ဆင်ဖမ်းသမားများသည် ဆင်ရိုင်းအုပ်ကိုဝိုက်၍ပန်းလာခဲ့ကြရာတွင်၊ အများအားဖြင့် လအားကောင်းသောရက်အတွင်း ကျုံးထဲသို့ သွင်းနိုင်အောင် မှန်းဆ အလုပ်လုပ်ကြလေသည်။ ကျုံးထဲသို့ရောက်သည်နှင့်တစ်ပြိုင်နက် ချက်ချင်းပြီးစီးအောင် ဆောင်ရွက်ရသော အလုပ်များရှိသောကြောင့် လရောင်ဖြင့် မြင်မြင်ထင်ထင် လုပ်နိုင်စေခြင်းငှာ ကျုံးသွင်းခြင်းအလုပ်ကို လပြည့်နေ့





နှင့် တစ်ရက် နှစ်ရက် ဆက်လျော့မသွားစေရအောင် ကြိုးစားကြ၏။

ရွာသားများသည် ဆင်အုပ်ကြီးကိုတဖြည်းဖြည်း ရိုက်မောင်းလာကြ၍၊ လဆန်း ၁၂ ရက်၊ ၁၃ ရက်နေ့များတွင် ကျုံးသို့ချဉ်းကပ်နိုင်ကြလျှင် အချိန်သင့်သည်ဟု ယူဆကြ၏။ ဆင်အုပ်ကိုပန်း၍ဝိုက်ထားသော လူစက်ဝိုင်းသည် တဖြည်းဖြည်းကျဉ်းသည်ထက်ကျဉ်းလာ၍၊ ထိုအချိန်တွင် အထူးသဖြင့် သတိထားကြရ၏။ ကျုံးသို့ချဉ်းကပ်မိခါမှ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဆင်များလန့်၍ အခြားမျက်နှာသို့ ဦးလှည့်ထွက်ပြေးကြပါမူ၊ ၎င်းဆင်အုပ်ကို ထိုနေရာသို့ တဖန်ရောက်အောင် မောင်းသွင်းရန်လွန်စွာ ခက်ခဲလှ၏။ ထို့ကြောင့် လဆန်း ၁၂ ရက်၊ ၁၃ ရက်နေ့များတွင် ရွာသားများသည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဝံ့ အသက်မရှူဝံ့တော့မတတ် သတိပြုလျက်ရှိကြ၏။

လပြည့်နေ့တိုင်ရောက်၍ ထိုညဉ့်တွင် မောင်းသွင်းတော့မည်ဟု ဆုံးဖြတ်ထားသည့်အခါ ရွာသားများသည် ဆင်အုပ်ကိုရဲလောင်းဆီသို့ သတိကြီးစွာဖြင့် ရိုက်ခဲ့ကြ၏။ ဆင်အုပ်အရှေ့၌ တဖြည်းဖြည်း ကျဉ်းသွားသော ရဲလောင်းမှတစ်ပါး အခြားသော ထွက်ပေါက်မရှိဟူ၍ စိတ်ချရသည်နှင့် တစ်ပြိုင်နက် လူအားလုံးသည် ရဲလောင်းအစွန်းဆီသို့ ကျုံ့ဝင်စုဝေးလာရောက်ကြပြီးလျှင် လက်တွင် ကိုယ်စီကိုင်လျက်ပါလာသော သံပုံး၊ သွတ်ပုံး၊ ရေနံဆီပုံး၊ နို့ဆီခွက်၊ ယိုဘူး၊ သံဖြူအုပ်ဆောင်း ဝါးတုတ် ဝါးလုံးမှစ၍ အသံထွက်စေသည့် ကိရိယာတန်ဆာပလာ အမျိုးမျိုးတို့ဖြင့် တစ်ပြိုင်နက်တည်း ရိုက်ခတ်တီးခေါက်ရင်း ပါးစပ်မှလည်း ဝိုးဝါးဝူးဝေါ စသည်ဖြင့် ကျယ်နိုင်သမျှ ကျယ်လောင်စွာ ကုန်း၍ဟစ်အော်ကြလေတော့သည်။ ထိုအတောအတွင်း သေနတ်ကိုင်နိုင်သူ တစ်ယောက် နှစ်ယောက်တို့ကလည်း အခြားလူများထက် မြည်သောလက်နက်ရှိသည်အတွက် အသားယူသော ဟန်ပန်လေသံမျိုးဖြင့် ဟိတ်ဟန်ပါပါ ရှေ့ဆုံးသို့တက်လာပြီးလျှင် သေနတ်များကို ကောင်းကင်သို့ ထောင်လျက် တဒိုင်းဒိုင်းပစ်ဖေါက်ကြတော့သည်။ တောသူတောသားများ အနက် သေနတ်လက်နက်ကိုင်နိုင်သော လူတစ်ယောက်၏ ဦးခေါင်းမော့ပုံ ရင်ကော့ပုံနှင့် ကိုယ်ဟန်အနေအထား ခြေလှမ်းသွားပုံများကို မြင်ရသည်မှာ မပြုံးဘဲမနေနိုင်လောက်အောင် ရှိတော့သည်။ အခြားသော ရွာသားများက ထိုသူတို့အား ကြည့်ပုံများသည်လည်း အတက်မပေါက်သေးသော ကြက်စ ငယ်များက အမောက်ရဲရဲလည်ဆံဖါးဖါးနှင့် တောင်ပံတဖတ်ဖတ် ရိုက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



နေသော အုပ်ထိန်းကြက်ဖကြီးကို ကြည့်ခြင်းကဲ့သို့ ရိုးတိုတို ရှန့်တန့်တန့် ရှိလှတော့သည်။

တိတ်ဆိတ်သော သန်းခေါင်အချိန်၌ ထိုကဲ့သို့ရုတ်တရက် ရိုက်ကြ ပုတ်ကြ ထုကြ နှက်ကြ အူကြ အော်ကြ ပစ်ခတ်ကြသော အသံများကို တောထဲ၌ ဓာတ်မသိသော လူတစ်ယောက်ကြားရသော်၊ ငရဲပြည်ပျက်၍ လူ့ပြည်သို့ ဆူပွက်ဆန်တက်လာသော အသံများပေလောဟု အံ့သြလောက်ပေရာ၊ ထိုကဲ့သို့သော ထင်မြင်ချက်ဖြင့် ရွာသားများရှိရာသို့ လှမ်းမျှော်ကြည့်လိုက်မိပါမူကား၊ ထိန်ထိန်လင်းသော လရောက်အောက်တွင် မဲမှောင်သော အရိပ်ကြီးများထဲမှ ခြေကားယား လက်ကားယား ဘိုကေစုတ်ဖွား သို့မဟုတ် ဆံပင်ဖိုးယိုးဖားယားဖြင့် ပြေးလွှားခုန်ပေါက်လျက်ရှိသော လူများကိုမြင်ရခြင်းအားဖြင့်၊ ငရဲအိုးပွက်သည်ဆိုသော ပဌမထင်မြင်ချက်အတိုင်း ဟုတ်တော့သည်ဟု ထင်မြင်ဖွယ်ရာ ရှိပေသည်။ ထိုအတောအတွင်း မီးရှူးတိုင်များ တဖွားဖွားရမ်းလျက် ထိုမှဤမှ ခုန်ပေါက်ပြေးလွှားနေကြသော လူများကိုမြင်ရပြန်လျှင် ငရဲသူ ငရဲသားဟူသောအထင်ကို သာ၍ပင် ထောက်ခံသကဲ့သို့ ရှိပေဦးမည်။

ဆင်အုပ်သည်ကား ရဲလောင်းအတိုင်း ရှေ့သို့တိုးဝှေ့ပြေးလွှားကြရာ၊ ရံဖန်လက်ယာ ရံဖန်လက်ဝဲသို့ တစ်လှည့်စီ ချဉ်းကပ်ပါသော်လည်း သစ်ကိုင်းကြီးများကိုသာတွေ့ရသည်နှင့် နောက်မှလိုက်လာသော ငရဲသားများနှင့်ဝေးရန်ဆို၍ ကျုံးဘက်သို့သာ ပြေးမိလျက် ကြုံလေတော့သည်။ ဤကဲ့သို့လက်ဝဲလက်ယာပြောင်းရွှေ့ပြေးသွားကြစဉ်၊ အကြီးအကဲလုပ်သော ရွာသားသည် သေနတ်ဖြင့်အချက်ပေးလျက်၊ ရွာသားများအား ဤဘက်ထိုဘက်စသည်တို့သို့ ပုံတော်သလို ရွှေ့ပြောင်းကြရန် ညွှန်ကြားလျက်ရှိ၏။ များသောအားဖြင့် တစ်ကြိမ်လျှင်၊ ဆင်ရိုင်းတစ်အုပ်မျှသာ ကျုံးသွင်းတက်ကြသော်လည်း၊ တစ်ခါတစ်ရံတွင် ဆင်ရိုင်းနှစ်အုပ်စုပြုလျက်၊လက်ဝဲလက်ယာမှ တစ်မျက်နှာတည်းပြေးလာကြ၍၊ ကျုံးဝ၌ဆုံကြခြင်းများသည်လည်းရှိဖူး၏။ ရွာသားများကမူ၊ ဆင်ဘယ်နှစ်အုပ်ပါလာသည် နားမလည်၊ ရောက်လာသမျှကို ကျုံးထဲသို့ မောင်းသွင်းဖို့သာ အလုပ်ရှိကြသည်။

ရွာသားများသည် ရက်ပေါင်းများစွာ လုပ်ချင်ရာမလုပ်ကြဘဲ ချုပ်တည်းခဲ့ရ၍ ထိုညဉ့်တွင်မှ လွတ်လပ်စွာ အော်နိုင်–ဟစ်နိုင်၊ ခုန်နိုင်–ပေါက်နိုင်၊ ပြေးနိုင်–လွှားနိုင်၊ ပြုချင်သလိုပြုနိုင်ကြသည့်ပြင် အကြံအောင်မြင်၍၊





ငွေရပေါက်နီးပြီလည်းဖြစ်သောကြောင့် တားမနိုင် ဆီးမရ လှုပ်ရှားတက်ကြွသောစိတ်များရှိကြသည်ဖြစ်၍၊ မိုးမမြင် လေမမြင်၊ ဘေးအန္တရာယ်ကိုပင် မမြင်နိုင်ဘဲ ရှိတတ်ကြလေသည်။

ထိုညဉ့်၌ ရွာသားအားလုံး သွေးစွမ်းနေကြသည့်အနက်၊ အထူးသွေးစွမ်းသော ရွာသားတစ်ယောက်သည် မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်း အသက်ဆုံးရှုံးသွားရှာရာ၊ အချို့လူများမှာ ဘာဖြစ်လိုက်သည်ဟူ၍ပင်မမြင်လိုက်ကြပေ။

ဖြစ်ရပုံမှာ ဆင်ရိုင်းအုပ်သည်ရဲလောင်းအတိုင်းပြေးလာ၍၊ ကျုံးတံခါးသို့ ချဉ်းကပ်မိသည်တွင်၊ အားလုံးသော ရွာသားများသည် ရှိသော၊ ပုန်းသံ၊ တုတ်သံ၊ ဝါးလုံးသံ၊ သေနတ်သံများဖြင့်တကွ၊ ပါးစပ်မှလေသံကိုပါ ဖြည့်စွက်ကာ တစ်ပြိုင်နက် တစ်ချက်တည်း အဆုံးစွန်သော အော်မြည်ခြင်းဖြင့် အကျယ်လောင်ဆုံးသော အသံကြီးပေါ်ထွက်လာအောင် ထုနှက်ရိုက်ခတ်ဟစ်အော်ကြလေတော့သည်။ ပမာနှိုင်းရသော် ယခင်ကမူ သူတစ်ခါ ငါတစ်လှည့်ဖြင့် တစ်ချက်စီ အဆက်မပြက် ပစ်ခတ်ကြသော သေနတ်သံများနှင့် တူ၍၊ ထိုတစ်ကြိမ်၌မူ အားလုံးပေါင်း တစ်ပြိုင်နက်တည်း "ဗော်လီ" ပစ်လိုက်ခြင်းနှင့်တူပေသည်။ ဤတွင် ကျုံးကိုမြင်သည့် လက္ခဏာဖြင့် တွန့်ဆုတ်မည်ဟန်ပြင်နေသော ဆင်အုပ်သည် ကျဉ်းမြောင်းသော တံခါးပေါက်မှ သူ့ထက်ငါ တိုးဝှေ့ ဝင်လိုက်ကြတော့သည်။ ထိုအတောအတွင်း၌ ဆင်သားအမိ ၂ ကောင်တို့သည် ဆင်အုပ်နောက်၌ ဖင်နွဲ့ကျန်နေရစ်ရာ၊ အမှန်အားဖြင့် မိခင်ဆင်မသည် သားငယ်ကိုစောင့်၍ခေါ်နေရသည့်အတွက် ဤသို့ဖြစ်ရခြင်းဖြစ်၏။ ဆင်သားအမိကျန်နေခြင်းကား အရေးမကြီး၊ ဆင်မကိုကပ်၍ လိုက်နေသော ဆင်ပေါက်တစ်စီးမှာ အလွန်ချောသည်ဖြစ်၍ မျက်စိကျလောက်၏။ ကျုံးသွင်းရာ၌ ထိုဆင်ပေါက်မပါဘဲ ကျန်နေရစ်မည်ကိုလည်း စိုးရိမ်ကြ၏။ ကျုံးတံခါးပိတ်ရခြင်းအလုပ်မှာ ဆင်များဝင်ပြီးနောက်တွင် ဖင်နွဲ့ဆိုင်းလင့်ရန်အချိန်မရှိ၊ အတွင်းသို့ရောက်ကြသည်နှင့် တစ်ပြိုင်နက် ချက်ချင်းပိတ်ရမည်ဖြစ်၏။ ဤအခြင်းအရာများကို သိပြီးဖြစ်သော ရွာသားအချို့သည် ဖင်နွဲ့နေသော ဆင်သားအမိနှင့် ဆင်ပေါက်ကို ဆင်အုပ် သို့မီအောင် အနည်းနည်းခြောက်ပို့ကြ၏။ သို့ပါသော်လည်း ဆင်ကလေးပါသည့်အတွက်ကြောင့် ဆင်မက ဆိုင်းတွ ဖြစ်နေတော့သည်။

ဤတွင် ဆင်သမားတစ်ယောက်သည် ရဲလွန်းသည့်တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်အားတက်ကြွနေသဖြင့် မစဉ်းစားနိုင်ဘဲ ဖြစ်နေသည်တစ်ကြောင်းကြောင့် ဝါးလုံးရှည်တစ်ချောင်းဖြင့် ဖင့်နေသော ဆင်ကလေးကို ခြောက်ပေး၏။ သားငယ်ဆီသို့ လာအံ့သော ဘေးအန္တရာယ်ကို မြင်သောဆင်မသည် နောက်သို့ချာကနဲ လှည့်၍ ကြောက်မက်ဖွယ်သော မြည်သံဖြင့် တဟုန်ထိုး ပြေးလာပြီးလျှင်၊ ဝါးလုံးကို နှာမောင်းဖြင့် ဘတ်ခနဲ ဖမ်းဆောင့်လိုက်၏။ ထိုလူသည် ဆင်မလှည့်လာကတည်းက ပြေးဖို့ အသင့်ပြင်ထားပါမှ ဝါးလုံးကို လွှတ်ချလိုက်ဖို့သာရှိ၏။ ယခုမူ ဆင်မနှင့်ပြိုင်၍ ဝါးလုံးကို လုဦးတော့မည်ကဲ့သို့ ဆုပ်ကိုင်ထားသောကြောင့်ပေလော မသိ၊ ဆင်မက ဝါးလုံးကို ဆွဲဆောင့်လိုက်လျှင်ပင် လူပါ,ပါသွား၍ မြေကြီးပေါ်၌ အလျားလိုက် မှောက်လဲသွားတော့သည်။

ဤအခြင်းအရာကို မြင်ကြသော ရွာသားသုံးယောက်တို့သည် "ဟယ်" ခနဲ အော်လိုက်ကြသည့်အတွင်း၊ ဆင်မသည် ဝါးလုံးကို လွှတ်ချ၍ မှောက်လဲနေသော လူဆီသို့ တရှိန်ထိုး ပြေးသွားပြီးလျှင် ခါးပိုင်းကို နှာမောင်းဖြင့် ပွေ့ယူလိုက်၏။ "ဟယ်" ခနဲ အော်လိုက်ကြသော လူများ၏ပါးစပ်မှ "အို" ခနဲ ပြောင်း၍ ဟစ်လိုက်သည့် အတောအတွင်း၌ပင်၊ ဆင်မသည် ထိုလူကို ကောင်းကင်သို့ မြှောက်ထားပြီး ဖြစ်နေလေပြီ။ စက္ကန့်ပိုင်းအတွင်းဖြစ်၍ လေထဲ၌ မြှောက်ထားခြင်းခံရသူ၏ပါးစပ်မှ အမိပွါယ်ဟူ၍ မရှိဘဲ "အဲ" ခနဲ အော်လိုက်သည့်အသံအစ၌ပင် ဆင်မသည် မြှောက်ထားသော နှာမောင်းကို ကျောဘက်ဆီသို့ အနည်းငယ်တွန့်လိုက်ပြီး နောက်၊ လူကို မြေကြီးပေါ်သို့ ပေါက်ချလိုက်၏။ ဆင်မ၏ နှာမောင်းကို ကြည့်ခြင်းအားဖြင့် ခပ်ဖြည်းဖြည်း ရွေ့ပုံရသောကြောင့် အရှိန်မပြင်းလှဟု ထင်ရလောက်၏။ သို့ပါသော်လည်း လူမှာမြေကြီးပေါ်တွင် တစ်ချက်ကလေးမျှ လှုပ်နိုင်သည် မရှိတော့ဘဲ ဖွဲအိတ်ကိုပစ်ချလိုက်ခြင်းကဲ့သို့ ကျသောနေရာတွင်ပုံလျက်သား ငြိမ်နေတော့သည်။ သို့ပါသော်လည်း ဤမျှလောက်နှင့် ကျေနပ်ဟန်မတူသော ဆင်မသည် အစုလိုက်အပုံလိုက် ဖြစ်နေသော လူပေါ်သို့ ရှေ့ခြေနှစ်ချောင်းဖြင့် ဖိနင်းထား၍ နှာမောင်းဖြင့် မိရာအပိုင်းကို နှိုက်ဖမ်းလိုက်၏။ နှာမောင်းသည် လူ၏ ခြေထောက်တစ်ဖက်ကို ဖမ်းမိ၍ အထက်သို့ မြှောက်ယူလိုက်သည်တွင် ရှေ့ခြေအောက်၌ နင်းဖိထားသော ကိုယ်ပိုင်းကိုလည်း မလွှတ်သေးသည် ဖြစ်သောကြောင့်၊ "ဗျစ် ဗျစ်" မြည်သောအသံ ပေါ်ထွက်လာ၍၊ လူ၏ကိုယ်မှ နှစ်ခြမ်းပြတ်ထွက်သွားလေပြီ၊ ဤတွင်မှ ဆင်မသည် ခြေအောက်မှ လူတစ်ပိုင်းကို





ထားခဲ့၍ နှာမောင်း၌ ကျန်ရစ်သောအပိုင်းကို ခံတွင်းသို့ ထိုးသွင်းကြိတ်ဝါးလိုက်ရာတွင်၊ ဝါးခြမ်းစည်းကို လှည်းနင်းသော အသံကဲ့သို့ ဂျိုးဂျိုးဂျွတ်ဂျွတ် မြည်လေတော့သည်။ ထိုသို့ပြုသည်မှာ ဆင်မသည် ဆင်အုပ်ဆီသို့ ပြန်လှည့်သည့်အခိုက်တွင် ဖြစ်ရာ၊ အခြားသော ဆင်များကား၊ ကျုံးထဲသို့ အများအားဖြင့် ရောက်ကြ၍၊ နောက်ပိတ်ဆုံး သုံးလေးကောင်မျှသာ တိုးဝှေ့နေကြဆဲဖြစ်လေသည်။ ရှေ့အဖို့၌မူ ဆင်သားအမိနှင့် ဆင်ပေါက်သည် ကျုံးတံခါးဆီသို့ ချောမောစွာ လိုက်ပြေးကြ၍ တစ်ဆို့ကျန်နေသေးသော ဆင်များ၏ နောက်ပိုင်းကို ဦးခေါင်းဖြင့် တိုးဝှေ့ကာ ဝင်ပြေးကြရာ၊ အထက်မှကျလာသော ကျုံးတံခါးသည် ဆင်ပေါက်၏ အမြီးပိုင်းသို့ ပွတ်ကျသွားတော့သည်။

ဖော်ပြခဲ့သော အဖြစ်အပျက်ကို လူအားလုံးမြင်ကြသည်မဟုတ်၊ ထိုလူနှင့် နီးကပ်သော လူသုံးလေးယောက်သာလျှင် မြင်ကြရခြင်းဖြစ်လေ သည်။ ထိုလူများသည်လည်း ကျုံးတံခါးချခါစ အလွန်အလုပ်များနေသော အခိုက်ဖြစ်သည်ဆို၍ မည်သူအားမျှ ပြောမပြဘဲ ထားသေးရာ၊ အခြားလူများသည် တစ်စုံတစ်ရာ မဖြစ်၊ ရှိသောအလုပ်ကို ကိုယ်စီကိုယ်င သွက်လက်တွင် ကျယ်စွာ ဆက်လက်လုပ်ကိုင်လျက် ရှိကြတော့သည်။ သို့ဖြစ်၍ မနုဿလူသားတစ်ယောက် မရှုမလှ အသက်ထွက်ရာရသော အခြင်းအရာတစ်ခုသည် ထိုနေရာတွင် အနည်းငယ်မျှ လှိုင်းဂယက်ရိုက်ခတ်သည် မရှိဘဲ၊ ငြိမ်သက်မြဲတိုင်း ငြိမ်သက်စွာ ရှိတော့သည်။

ဆင်အုပ်ကြီးကား ကျုံးအတွင်းသို့ တစ်ကောင်မကျန် မောင်းသွင်းပြီး၍ ဆင်သမားအချို့အဖို့ အထူးအလုပ်ရှုပ်သောအချိန်သို့ ရောက်လေပြီ။ ဆင်ရိုင်းအုပ်သည် ကျုံးထဲသို့ပိတ်လှောင်မိ၍ ရှေ့သို့လည်းမသွားနိုင်၊ နောက်သို့လည်းမဆုတ်နိုင်ဘဲ ကျပ်ခဲပြွတ်သိပ်လျှက်ရှိရာတွင် ဆင်များသည် ဒေါသကြီးလာ၍ အချို့မှာတိုင်လုံးကြီးများကို ချွတ်နှုတ်မည့်ဟန်ဖြင့် အားစမ်းခြင်း၊ အချို့မှာလည်း ဦးခေါင်းဖြင့်ထိုးဝှေ့ခြင်း စသည်ဖြင့် ပွက်ပွက်ရိုက်လျက်ရှိနေကြပြီး ဖြစ်ရကား ယင်းတို့အား ချည်နှောင်တုပ်ဆိုင်းခြင်းအလုပ်ကို လျှင်မြန်စွာပြီးစီးအောင်လုပ်ဖို့ အရေးကြီးနေလေပြီ။ ကျုံးပတ်လည်၌ စိုက်ထူဖွဲ့ခတ်ထားသော တိုင်လုံးများသည် အလွန်ကြံ့ခိုင်မြဲမြံလှသည် မှန်သော်လည်း ကျုံးအတွင်း၌ ဆင်အုပ်ကြီးအတိုင်း နံနက်မိုးလင်းအထိ ပစ်ထားလိုက်ပါက ဆင်တစ်ကောင်မျှ ကျန်တော့မည် မဟုတ်သည်မှာ ဗေဒင်မေးရန် မလိုသော "ရှုံးဝါး"ကိစ္စဖြစ်၏။ ညတွင်းချင်းပြီးစီးအောင် တစ်ကောင်စီ ချည်တုပ်သော



www.burmeseclassic.com

www.burmeseclassic.com



ပါလျက်နှင့်ပင် နံနက်လင်းသောအချိန်၌ အချို့တိုင်လုံးများ နဲ့လျက်ရှိသည်ကို တွေ့ရပေသေးသည်။

ချည်တုပ်ပုံကား ဤသို့တည်း။ အလွန်ကြီး၍ ကျင်လည်လိမ္မာသော ဆင်ပေါက်ကြီးလေးစီးတို့သည် ဆင်ဦးစီးအပြည့်အစုံနှင့်တကွ၊ ညတွင်းချင်း ဆိုက်ရောက်လာကြသည်။ ထိုကဲ့သို့ ချက်ချင်းရောက်လာနိုင်ခြင်းမှာ ဤနေ့ သဉ္ဇကျုံးသွင်းမည်ဟု သိပြီးဖြစ်၍ ဆင်ကြီးများကို ရွာနီးအသင့်ပြင် စောင့်ဆိုင်းနေကြသောကြောင့် ဖြစ်လေသည်။ ဆင်ကြီးများသည် တံခါးဝ၌ စီ၍ ရပ်လိုက်သည့်အခါ၊ သူတို့၏အစွယ်ကြီးများကို မြင်ရခြင်းအားဖြင့် ကျုံးထဲ၌ ရှိသော ဆင်ရိုင်းအုပ်သည် အကြီးအကဲဖြစ်သော ဗိုလ်ချုပ်မှတစ်ပါး၊ အခြားဘက်သို့ဖိကပ်သွားကြ၏။ ဗိုလ်ချုပ်မူကား၊ ဆင်ယဉ်များ၏အပြုအမူကို အိမ်မြွေရရဖြင့် အကဲခတ်လျက်ရှိ၏။ ဆုတ်လည်းမဆုတ်၊ ရှေ့သို့အရမ်းတိုးလိုက်ခြင်းလည်း မပြုချေ။ ထိုအချိန်တွင် သန်းခေါင်ကျော်မျှရှိသေး၍၊ အထက်ကောင်းကင် ဗဟိုရ်ချက်၌ တည့်တည့်ကြီး ပေါ်ထွန်းလျက်ရှိသည့် လမင်း၏အလင်းရောင်မှတပါး၊ နေရောင်,မီးရောင်ဟူ၍ မရှိချေ။

ထိုအတောအတွင်း၌ လူများသည် ကျုံးတံခါးကြီးကို ကြိုးဖြင့်ဆွဲမြှောက်၍ ဆင်ယဉ်ကြီးလေးစီးသည် ဆင်ဦးစီးနှင့်တကွ၊ တစ်စီးစီကျုံးထဲသို့ ဝင်သွားကြရာ စတုတ္ထဆင်ကြီး ဝင်မိသည်နှင့်တစ်ပြိုင်နက် တံခါးကို ဂျောင်းကနဲချလိုက်၏။ ထို့နောက် ဆင်ယဉ်ကြီးလေးစီးတို့သည် ဆင်အုပ်သို့ချဉ်းကပ်ကြရာ၊ ဆင်များ၏သဘာဝတစ်ခုမှာ အရိုင်းပင်ဖြစ်သော်လည်း၊ မိမိတို့ဆင်ကောင်အချင်းချင်းကိုသာ အသိအမှတ်ပြုဟန်လက္ခဏာရှိ၍၊ လည်ပင်းပေါ်မှလိုက်ပါလာသော ဆင်ဦးစီးများကို လုံးဝပမာနမပြုကြချေ။ ဆိုလိုရင်းမှာ ဆင်ကောင်ချည်း သက်သက်ဝင်လာကြလျှင်လည်း ဤနည်းအတိုင်း ငေးကြည့်နေကြမည်သာဖြစ်သည်။

ဆင်ဦးစီးသည် အခြားသော ဆင်များထက် ဗိုလ်ချုပ်ကိုသာ ဂရုစိုက်အကဲကြည့်လျက်၊ ယင်းနှင့်မနီးကပ်လွန်းစေဘဲ တိမ်းရှောင်ကာ မိမိတို့ သဘောတူရည်မှန်းထားသော ဆင်ဆီသို့ ချဉ်းကပ်ကြ၏။ ယင်းတို့သည် (၁)နံပတ်အမှတ်အသားပြုထားသည့် ဆင်တစ်ကောင်ကို ဆင်အုပ်ထဲမှ ဝိုင်းညှပ်ကာဆွဲထုတ်၍၊ တိုင်ကြီးများစိုက်ထူထားသော နေရာသို့ တဖြည်းဖြည်း ဖိညှပ်သွားတော့သည်။ နောက်ဆုံး၌ (၁)နံပတ် ဆင်ရိုင်းသည် တစ်ဘက်၌ တိုင်ကြီးများ၊ တစ်ဘက်၌ ဆင်ယဉ်ကြီးနှစ်စီးတို့အပြင်၊ ရှေ့၌ ဆင်ယဉ်တစ်စီး၊





နောက်၌ ဆင်ယဉ်တစ်စီးရှိနေသည့်တိုင်အောင် ညှပ်ပူးညှပ်ပိတ် ဖြစ်နေတော့သည်။ ဤအချိန်တွင် ဆင်ရိုင်းမှာ ရှေ့မှတိုး၊နောက်မဆုတ်သာသည့်ပြင် နံဘေးတစ်ဘက်တစ်ချက်တွင် ကျုံးတိုင်နှင့်ဆင်ကြီးနှစ်စီးတို့သာ ရှိကြရကား ငြိမ်လျက်ခံနေရတော့သည်။ နောက်တစ်ခဏ၌ ဆင်ဦးစီးလေးယောက်အနက်၊ သတ္တိအကောင်းဆုံးသော သူသည်မိမိ၏ဆင်ပေါ်မှ ရှောကနဲလျှောတင်း၍၊ သံကြိုးတစ်ချောင်းကို အသံမမြည်စေရအောင် လက်တွင်ကိုင်ဆောင်ကာ ကျုံးတိုင်နှင့်ကပ်လျက်ရှိသော ဆင်ရိုင်း၏နောက်ခြေတစ်ဖက်သို့ ချဉ်းကပ်၍ဖြတ်ခနဲချည်နှောင်လိုက်၏။ ဆင်ကြီးလေးစီးအကြား၌ ပိတ်ညှပ်လျက်ရှိသော ဆင်ရိုင်းသည်၊ မိမိ၏နောက်ခြေတစ်ဖက် ဘာဖြစ်လေသနည်းဟု လှည့်ကြည့်ဘို့အချိန်မရမီ၊ ထိုသူသည် သံကြိုးကိုကျုံးတိုင်နှင့် ပတ်ချည်ပြီး ဖြစ်နေလေပြီ။ ထိုနောက်၌ကျန်သော နောက်ခြေထောက်တစ်ဖက်ကို အလားတူချည်တုပ်ရန်မှာ များစွာခဲယဉ်းသော အလုပ်မဟုတ်တော့ချေ။

ဤနည်းအားဖြင့် ဆင်ရိုင်းများကို တစ်စီးပြီးတစ်စီး ချည်တုပ်၍ ထို ဆင်အုပ်ထဲမှ အစွယ်ကောင်း အစွယ်တော် ဆင်ရှစ်စီး ရွေးချယ်ချည်တုပ်ပြီးသောအခါ၊ ကျုံးတံခါးကိုဖွင့်ရန် ပြင်ဆင်ကြ၏။ ကျန်သောဆင်များမှာ ဆင်မအချို့နှင့် ဆင်ကလေးများအပြင်၊ ဗိုလ်ချုပ်ကြီးဖြစ်၏။ ဗိုလ်ချုပ်မှာ ရှစ်ပေကျော် ကိုး ပေခန့်ရှိ၍၊ အလွန်ထွားသော်လည်း ဤအစွယ်တိုင်မှဖမ်းဆီးလေ့ကျင့်ခဲ့သော်၊ ယဉ်တော့သည်မရှိဘဲ၊ စိတ်ညစ်၍ သေသည်သာများသောကြောင့်၊ အခြားသော ဆင်များနှင့်အတူ "သားသမီး မွေးဖွားရန်" အတွက် လွှင့်ပစ်လိုက်ကြသည်။ တစ်ခေတ်၌မူ ဆင်ဖမ်းသမားများသည် မိသမျှဆင်များကို ပိတ်လှောင်လေ့ကျင့်ဖို့ ကြိုးစားခဲ့ရာ မနိုင်မနင်းဖြစ်၍ များစွာ သေကြေပျက်စီးခဲ့ဘူး၏။ ထို့ကြောင့် နောင်အဖို့တွင် ခြေနိုင်လက်နိုင် လောက်သာဖမ်းဆီးရမည်ဆိုသဖြင့်၊ ဆင်ရှစ်စီးမှတပါး ကျန်သောဆင်များမှာ လွတ်လပ်ခွင့် ရရှာပြန်ကြတော့သည်။

ထိုအတောအတွင်း၌ တောအုပ်ရုံးသို့ အစီရင်ခံရန်အတွက် လူတစ်ယောက်စေလွှတ်ခဲ့ရာ၊ နံနက်လင်း၍ သစ်တောအရာရှိများ ရောက်လာကြသောအချိန်တွင် ယမန်ညဥ့်ဦး၌ တောကြီးအတွင်း လွတ်လပ်စွာကွန်မြူးပြေးလွှားနိုင်ခဲ့ကြသည့် ရှစ်စီးသောဆင်တို့မှာ တိုင်ကိုယ်စီ၌ ချည်တုပ်ပြီးဖြစ်နေကြလေပြီ။ တောအုပ်သည် ဆင်ကောင်အရေအတွက်နှင့် ခန့်မှန်းခြေတိုင်းအထွာများ ယူသွား၍အခွန်တော်ဆောင်ရန် ချလန်များထုတ်ပေးတော့သည်။

www.burmeseclassic.com



ဆင်ရိုင်းများကို ကျုံးထဲမှ တစ်စီးစီထုတ်၍၊ တစ်စီးဆီ "ညှပ်"သွင်းပြီးလျှင်၊ တစ်စီးလျှင် လူတစ်ယောက်ကျ စောင့်ကြည့်သင်ပြသည်။ ဤအလုပ်မှာ လွန်စွာသနားဘွယ်ကောင်း၍ အချို့ခေါင်းမာသော ဆင်ကြီးများမှာ တမှိုင်မှိုင်တတွေတွေဖြင့် အစားကောင်းကောင်းမစားဘဲ ပိန်ချုံးသေသွားခြင်းများလည်း ရှိဘူးလေသည်။

ဖမ်းမိသော ဆင်ရိုင်းအုပ်အနက်တွင် ဆင်မသုံးစီးပါရှိ၍၊ ကျွန်ုပ်သည် ဒါဘင်တိရစ္ဆာန်ရုံအတွက် ခြသေ့နှင့်လဲလှယ်ရန် အချောဆုံးဆင်မတစ်စီးကို အဘိုးငွေ ၂၂၀၀ိ ဖြင့် ဝယ်ယူရရှိ၏။ ဤကိစ္စတွင် တောအုပ်၏မျက်နှာပါရှိပေရာ၊ အခြားလူဆိုလျှင် အရပ်တစ်ပေအတွက် ၁၀၀၀ိ ကျနှုန်းထား၍၊ ၇ ပေဆိုလျှင်၊ ၇၀၀၀ိ ဈေးသင့်သည်ဟုပြောကြ၏။

ကျွန်ုပ်ဝယ်ယူသောဆင်မမှာ ဟသ်ာနယ်အတွင်းမှ ဖမ်းမိခြင်းဖြစ်သောကြောင့် ဟသ်ာမဟူ၍ အမည်မှည့်ထား၏။ ဟသ်ာမကိုလေ့ကျင့်ပေးသော ကရင်နှင့်အတူ ကျွန်ုပ်လည်းလက်ပွန်းတတီးဖြစ်စေရန် ဆင်မနှင့်မခွဲမခွာဘဲနေခဲ့၍၊ ဟသ်ာမနှင့်ကျွန်ုပ်မှာ သံယောဇဉ်ငြိတွယ်လျက်ရှိကြလေပြီ၊ ဟသ်ာမသည် သင်ပြသောကရင်ကို ကြောက်သော်လည်း၊ ကျွန်ုပ်ကို ပို၍ချစ်ခင်သည့် လက္ခဏာရှိ၏။ သူ၏သခင် ကရင်ကခေါ်သည့်အခါ ရှုံ့တွန့်တွန့်အမူအရာဖြင့် ချည်းကပ်၍ ကျွန်ုပ်ခေါ်သောအခါတွင်မူကား၊ သွက်လက်စွာ ခြေလှမ်းလာလေသည်။

ဤအတောအတွင်း၌ မိတ်ဆွေတောအုပ်သည် ကျားတစ်စီးကို အရှင်ဖမ်း၍ လှောင်အိမ်၌ သွင်းထားပြီးလေပြီ။ ဖမ်းဆီးပုံကား ခဲယဉ်းလှသည် မဟုတ်၊ စိတ်ရှည်ဖို့သာ လိုပေသည်။ သံတိုင်များစိုက်ထောင်ထားသည့် လှောင်အိမ်တစ်လုံးကို ဘီးများတပ်လျက် ခိုင်ခန့်စွာ ပြုလုပ်ပြီးနောက် ဆိတ်တစ်ကောင်သွင်း၍တောထဲ၌ပစ်ထား၏။ ကျားပေါသော အညာအရပ်၌ဆိတ်မြည်သံသည်ကျားကို ဖိတ်ခေါ်သကဲ့သို့ရှိသောကြောင့်၊ နှစ်ညသုံးညမတိုင်မီ ကျားရောက်လာ၍ ဆိတ်ကိုစားသွားတော့သည်။ ဤကဲ့သို့ တစ်ကြိမ် ၂ ကြိမ် အချောင်စားရလတ်သော် ကျားသည် လှောင်အိမ်ကြီး၌ အန္တရာယ်မရှိဟု ယုံကြည်စပြုလာ၏။ တတိယအကြိမ်တွင် တကန့်တွင်ထည့်ထား၍ ကျားဝင်စားသောအခါမှ ဆိတ်လှောင်အိမ်ခလုပ်ကျအောင် စီမံထားရာတွင်၊ နောက်နေ့နံနက်စောစော၌ ကျားတစ်ကောင်မိနေသည်ကို တွေ့ရတော့သည်။ ကျားမှာကား လျော်စွာ ကျားထီးဖြစ်၍ အရွယ်တော် အရွယ်ကောင်းပင် ဖြစ်လေ





သည်။

ကျွန်ုပ်သည် ထိုကျားနှင့် ဟသ်ာမကို ရန်ကုန်သို့ရောက်အောင် သင်္ဘောဖြင့် တင်ဆောင်ခဲ့ရာ အခက်အခဲရှိသော်လည်း၊ ရန်ကုန်ရောက်သောအခါ၌ ဟသ်ာမကို ပင်လယ်ကူးသင်္ဘောပေါ်သို့ တင်ရခြင်းဖြင့် နှိုင်းစာလျှင် မပြောပလောက်အောင်ရှိတော့သည်။

ကျားကို လှောင်အိမ်တွင် ချိပ်တပ်၍ ဝန်ချီစက်ဖြင့် မြှောက်တင်ပြီးသောအခါ၊ ဟသ်ာမကိုလည်း ဝမ်းပတ်ကြိုးတပ်၍ ဤနည်းအတိုင်း ဝန်ချီစက်ဖြင့် မြှောက်တင်ရမည် ဖြစ်လေသည်။ ထိုနေ့၌ ကာလကတ္တားတိရစ္ဆာန်ရုံက မြန်မာပြည်မှဝယ်ယူသော ဆင်ပေါက်တစ်စီးကိုလည်း ထိုသင်္ဘောနှင့်ပင် တင်မည်ဖြစ်သောကြောင့် တစ်နေ့တည်း ဆင်နှစ်စီးတင်ဖို့ ဆုံစည်းနေလေသည်။

ကျွန်ုပ်သည် ဟသ်ာမကို ကိုင်တွယ်ရန်အတွက် ကရင်ကလေးတစ်ယောက်ကို ငှားရမ်းခေါ်ယူခဲ့ရာ၊ သူ့အား ကာလကတ္တားအထိ၊ အကျေးအဖြစ်ဖြင့်ခေါ်သွားရန် စီစဉ်ထားလေသည်။စင်စစ်မှာ ဟသ်ာမကိုကိုင်ရာ၌ ကရင်ကလေးထက် ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် အားကိုး၏။ အဘယ်ကြောင့်ဆိုသော် ဟသ်ာမသည် ရိုင်းရာမှ ယဉ်လာသည်အထိ၊ ကျွန်ုပ်နှင့် အများဆုံး လက်ပွန်းတတီးနေလာခဲ့ရသောကြောင့်ပေတည်း။ အမှန်ကိုဖော်ပြရလျှင်၊ ကျွန်ုပ်မှာဆပ်ကပ်ပွဲ၌ ဆင်၊ ကျားစသော တိရစ္ဆာန်ရိုင်းများ ပြသသော ဆရာများကို စိတ်ထဲ၌ ငယ်ငယ်ကတည်းက ချီးကျူးလာခဲ့လေသည့်အတိုင်း၊ ကြီးပြင်းသောအခါ၌ပင် ချီးကျူးဆဲဖြစ်၍၊ သူတို့နိုင်နင်းစွာ ကိုင်တွယ်အမိန့်ပေးသည့်နည်းတူ၊ ကျွန်ုပ်ကလည်း ကိုင်တွယ်ပြသခြင်းအားဖြင့် လူအများအံ့ဩသွားအောင်လုပ်ပြချင်သော ဆန္ဒကလေးရှိသေးသည်။ ထို့ကြောင့် ကျွန်ုပ်သည် အခါအခွင့်ရသည့်အခါတိုင်း ဟသ်ာမကိုနိုင်နင်းကြောင်း ပြသဘို့ ဦးမလေးဘဲရှိခဲ့၏။ အချို့လူများမှာ ငယ်ရွယ်စဉ်အခါ၌ ထိုစိတ်မျိုးရှိတတ်သော်လည်း ကြီးပြင်းလာသောအခါတွင် ရှက်တက်တက်ဖြစ်လာတတ်ကြပေရာ၊ ကျွန်ုပ်မှုကား၊ ဆပ်ကပ်ဆရာလုပ်ချင်သော စိတ်ဆန္ဒသည် သေသည်အထိ စွဲကပ်ပါသွားလိမ့်မည်ဟု ထင်မိတော့သည်။ ဤသို့သော ဝါသနာကြောင့်လည်း ဟသ်ာမနှင့်ဖေါ်ပြလတ္တံ့အတိုင်း ဒုက္ခတွေ့ရခြင်း ဖြစ်ပေသည်။

ဆင်နှစ်ကောင်ကို သင်္ဘောတင်ရန် စီစဉ်ကြရာ၊ ရှေးဦးစွာ ကာလကတ္တားဆင်ပေါက်ကို တင်ရန်အလှည့်ကျ၏။ ဆင်ပေါက်ကို ဝမ်းပတ်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ပတ်၍ ချိတ်ကြိုးဖြင့် ချိပ်လျက်မြှောက်ချီသွားစဉ် ဆင်ပေါက်သည် အထက်ကောင်းကင်မှ စူးရှသောအသံဆိုးကြီးဖြင့် ကြောက်အားလန့်အား ကုန်းအော်လိုက်ရာ၊ ဟသ်ာမမှာချည်နှောင်ထားရာမှ ယောက်ယက်ခတ်ရုန်းကန်လှုပ်ရှားသဖြင့် ကရင်ကလေးနှင့်ကျွန်ုပ်မှာ ခဲယဉ်းစွာ ထိန်းထားကြရ၏။ အလွန်ကြိုက်တတ်သောကြံချောင်းများကျွေးလျက်နှင့်ပင် မစားမစုပ်တော့ဘဲ၊ အဝေးသို့လွှင့်ပစ်နေတော့သည်။ ကျွန်ုပ်ချဉ်းကပ်ခြင်းကိုပင် မသကာ်သော မျက်လုံးဖြင့်ကြည့်နေတော့သည်။

သဘော်ာပေါ်သို့ဆင်ပေါက်ရောက်၍ ဝန်ချီစက်မှ သံချိတ်ကြိုးသည် ဟသ်ာမရှိသော နေရာသို့တစ်ဖန် လှည့်လာရာတွင်၊ ဟသ်ာမသည် တိုး၍လှုပ်ရှားလာတော့သည်။ သံချိတ်မှ ဝမ်းပတ်ကြိုးကိုဖြုတ်၍၊ ဟသ်ာမကို ဝမ်းဗိုက်မှချည်မည်ပြုကြသောအခါတွင်မူကား၊ ဆင်မသည် ကျွန်ုပ်တို့၏ အကြံအစည်ကိုပိုရိပ်မိသည့် လက္ခဏာဖြင့်သူ၏ ဝမ်းဗိုက်အောက်သို့ ကြိုးသွင်း၍ မဖြစ်နိုင်စေရန် မြေပေါ်သို့လှဲအိပ်လိုက်တော့သည်။ အတန်တန်ချော့မော့၍ တစ်ခါတစ်ရံထလာပါသော်လည်း၊ သွင်းလိုက်သောကြိုးကို ရှေ့ခြေထောက်နှင့်သော်လည်းကောင်း၊ နှာမောင်းနှင့်သော်လည်းကောင်း၊ ဖယ်ရှားပစ်လိုက်တော့သည်။ အနည်းနည်း ကြိုးစားသဖြင့် အောင်မည်ပြုတော့လည်း မြေကြီးပေါ်သို့ လှဲအိပ်ပြန်ချေသည်။ ဆင်တစ်ကောင်လုံး လှဲအိပ်ထားသည့်အခါ၊ မည်သည့်နည်းနှင့် မျှကြိုးသွင်းရန်မဖြစ်နိုင်တော့ပေ။

ထိုအတောအတွင်း၌ သဘော်ာကပ္ပတိန်သည် ဒီရေအလိုက်သဘော်ာထွက်ရမည်ဆို၍ နောက်ထပ်ငါးမိနစ်အတွင်း ပြီးစီးအောင်မလုပ်နိုင်လျှင် ပစ်ထားခဲ့မည်ဟု ဟစ်အော်ကြွေးကြော်လျက်ရှိလေပြီ။ ကပ္ပတိန်၏ဟစ်အော်သံနှင့်အတူ၊ ဟသ်ာမက ကန့်ကွက်သောအနေဖြင့်၊ တစ်ချက်တစ်ချက်ကုန်းအော်သောအသံသည်လည်း ရောနှောလျက်ရှိ၏။ ကျွန်ုပ်မှာ ကပ္ပတိန်အားတောင်းပန်ရသည်ကတစ်ဖက်၊ ဟသ်ာမကို ထအောင်ချော့ရသည်က တစ်ဖက်နှင့်အကြီးအကျယ် သောကများလျက်ရှိ၏။ အမှန်ပြောရလျှင်၊ ဆင်မကို နိုင်နင်းပါသည်ဟု သဘော်ာပရိသတ်ကို အစွမ်းပြမည် ကြံထားသည့်အတွင်း၊ ဤသို့ဖြစ်ရသည့်အတွက် ရှက်လည်းရှက်မိပေသည်။

ထိုအခါတွင် ကျွန်ုပ်သည် စွန့်စွန့်စားစားလုပ်ရမည့် နည်းလမ်းတစ်ခုကိုစဉ်းစားမိတော့သည်။ ထိုနည်းကား၊ ဆင်မထလျက်ရှိသော အခိုက်တွင် ရှေ့ခြေနှစ်ချောင်းအကြားသို့ ရုတ်တရက်တိုးဝင်၍ ကရင်ကလေးကြိုးစကို





ကျွန်ုပ်ထံပစ်ပေးလိုက်လျှင်၊ ဆင်မကို တစ်ဖက်တစ်ချက်မှ ညှပ်လျက် ဝမ်းပတ်ကြိုးတပ်နိုင်လိမ့်မည်ဟု အကြံဖြစ်မိလေသည်၊ သို့ဖြစ်၍ ကျွန်ုပ်သည် ၎င်းအကြံအစည်ကို ကရင်ကလေးအားပြောပြ၍ ကရင်ကလေးက ကြိုးတစ်စကို အသင့်ကိုင်ကာ အခွင့်ကောင်းကို စောင့်လျက်ရှိ၏။

အနည်းနည်းချော့ခြောက်၍ နောက်တစ်ကြိမ် ဆင်မ,ထလိုက်သည်နှင့် တစ်ပြိုင်နက်၊ ကျွန်ုပ်မှာ ဘောင်းဘီတိုနှင့် ကာတီရှပ်မျှသာ ဝတ်ထားသည်အလျှောက်၊ ဟသ်ာမ၏ ရှေကတည့်တည့် နှာမောင်းအောက်မှ ခြေနှစ်ချောင်း အကြားသို့ဖြတ်ခနဲ ဒိုင်ဗင်ထိုးဝင်လိုက်သဖြင့် ကရင်ကလေးက ကျွန်ုပ်ဆီသို့ ကြိုးတစ်စပစ်ပေးလိုက်လေပြီ၊ သို့ရာတွင် ကျွန်ုပ်ကကြိုးစကို ကိုင်ဖမ်းရမည့်အစား ဟသ်ာမသည် ကျွန်ုပ်၏ခါးပိုက်ကို နှာမောင်းဖြင့် ဖြတ်ခနဲကိုင်ဖမ်းကာ၊ သူ၏ ဦးခေါင်းထက်သို့ မြှောက်လိုက်ရကား ကျွန်ုပ်မှာလေထဲ၌ ယက်ကန်ယက်ကန် ဖြစ်နေရလေပြီ။ ၇ ပေမြင့်သော ဆင်မ၏ဦးခေါင်းထက်၌ နှစ်ပေခန့်မြင့်အောင် မြှောက်တင်ထားခြင်းခံရရာမှ၊ မြေကြီးသို့ လှမ်းကြည့်လိုက်သော် အတော်ကြီးမြင့်သည်ကား မှန်၏။ သို့ရာတွင် ကျွန်ုပ်မှာ ထိုအခိုက်တွင် အမြင့်သို့ရောက်နေသဖြင့် လန့်ခြင်းထက် လေထဲတွင် ဘောင်းဘီတိုကလေးနှင့် ယက်ကန်ယက်ကန် ဖြစ်နေရခြင်းအတွက် ရှက်ခြင်းက ပိုသည်ဟု ပြောဝံ့ပါသည်။

သို့သော် ကျွန်ုပ်၏ ရှက်ရခြင်းကား အချိန်ကြာရှည်သည် မဟုတ်ချေ။ ဟသ်ာမသည် ကျွန်ုပ်ကို သခင်မှန်းသိ၍လောမဆိုနိုင် လေထဲ၌ ၂ စက္ကန့်လောက်သာ မြှောက်ထားပြီးနောက်၊ တောထဲ၌ကြုံခဲ့သော ဆင်ရိုင်းမကဲ့သို့ ကိုင်ပေါက်ခြင်းမပြုဘဲ၊ ဦးခေါင်းမှ ရှေ့တည့်တည့်သို့ရှိသမျှသော ခွန်အားဖြင့် အစွမ်းကုန် လွှင့်ပစ်လိုက်တော့သည်၊ ကျွန်ုပ်မှာလေထဲတွင် ရွှေစွန်ညိုဝဲသလို ၁၂ ပေခန့်ထက်မနည်း ဝဲသွားပြီးမှ မြေကြီးပေါ်သို့ မီးညောင်ရိုးဖြင့်ကျ၍ အရှိန်ဖြင့် ၈ ပေထက်မနည်းဆက်လက် လျှောပါးသွားလေသည်။ ထိုအချိန်တွင် တင်ပါးနှစ်ဖက်တို့ဖြင့် မြေကြီးကိုပွတ်တိုက်သည်အတွက် ဘောင်းဘီတိုပွန်းပြတ်ပြီးနောက် အသားနီလံသဖြင့် ငရဲမီးကပ်ခြင်းကဲ့သို့ ပူလောင်လျက်ရှိစဉ် ကျွန်ုပ်နားထဲ၌ "ဟား ဟား ဟား" ဟူသော ရယ်မောသံ တစ်ချက် တိုးဝင်လာတော့သည်။ မြေကြီးပေါ်မှမထနိုင်သော်လည်း ဦးခေါင်း လှုပ်နိုင်သည်ဖြစ်၍ အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာတွင်၊ သဘော်ာ ကပ္ပတိန်သည် မျက်နှာဖြူတို့ ထုံးစံအတိုင်းနံ့ဘေးက တစ်ဖက်တစ်ချက်ကို လက်ဖြင့်နှိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ ရယ်မောလျက်ရှိသည်ကို မြင်လိုက်ရ၏။

အမှန်ပြောရလျှင် ကျွန်ုပ်မှာ ထိုခဏတွင် ဒေါသအဟုန်ကြောင့် တင်ပါး၌ အသားနီလုံးသော ဝေဒနာကို မေ့ပျောက်၍၊ ကပ္ပတိန်နှင့် လက်ဝှေ့ထိုးချင်သော စိတ်သာလျှင်ဖြစ်ပေါ်လာတော့သည်။ ပင်လယ်ကူး သင်္ဘော ပေါ်၌ ကပ္ပတိန်သည်ရှင်ဘုရင်ဖြစ်သည်ဟု ပြောသံကြားရဖူးသော်လည်း တင်ပါး၌ ဒဏ်ရာမရှိသော် အနည်းဆုံးရန်ဖြစ်အောင် စကောင်းစလိမ့်မည် ထင်မိသည်။

ထိုအတောအတွင်း ဟာသံမသည် ရှေ့တစ်ကြိုး နောက်တစ်ကြိုး ချည်ထားသော သံကြိုးနှစ်ချောင်းအနက် နောက်ခြေထောက်မှ သံကြိုးကို ရှန်းကန် ဖြုတ်ထားနှင့်လေပြီ။ ကျွန်ုပ်မှာ ထိုအခြင်းအရာမြင်၍ မြေကြီးပေါ်တွင် ငြိမ်နှင့်လဲမနေနိုင်ဘဲ၊ ကပြာကရာထခဲ့၍၊ ဟာသံမကို ချော့မည်ဟုလာခဲ့ရာ၊ ဟာသံမသည် ကျွန်ုပ်ကိုမြင်သည်နှင့် တစ်ဖက်မျက်နှာသို့ ဝုန်းခနဲပြေးသွားတော့သည်။ ဤတွင်ရှေ့ခြေထောက်၌ ချည်လျက်ကျန်သေးသော သံကြိုးသည် အရှိန်နှင့်ရုန်းဖြုတ်လိုက်သကဲ့သို့ ထောင်းကနဲပြုတ်ထွက်၍၊ ဆင်မလည်း တောက်လျှောက် ဆက်လက်ပြေးသွားတော့သည်။

ထိုအခါတွင် ဆိပ်ကမ်းတစ်ခုလုံး ရုန်းရင်းခတ်ဖြစ်သွား၏။ အရာရှိတစ်ယောက်က ဆင်မကိုသေနတ်နှင့် ပစ်သတ်ဘို့အမိန့်ပေးသေးရာ။ ကျွန်ုပ်ကမိအောင်ဖမ်းပါမည်ဟု တောင်းပန်ထားရ၏။ ဆင်မ၏ ရှေ့ခြေထောက်တွင်သံကြိုးပြတ်တစ်ပိုင်းသည် တန်းလန်းကျန်ရှိ၍၊ ဆင်မပြေးတိုင်း တရှောရှောလိုက်ပါရသဖြင့်၊ ဘာရိတ်သဖွယ် ထိန်းအုပ်ထားတော့သည်။ ဟာသံမသည် အလွန်နားလည်သော ဆင်မဖြစ်၍ ထိုအခြင်းအရာကို သိရှိသည့်လက္ခဏာနှင့်သံကြိုးပြတ်ကို မြေပေါ်၌ တရှောရှော မလိုက်စေဘဲ၊ ၎င်း၏နှာမောင်းဖြင့်ကောက်ယူ၍ လေထဲတွင်ရဟတ်သဘွယ် ဝှေ့ရမ်းတော့သည်။ ကြောက်မက်ဖွယ် ကောင်းလှချေသည်တကား၊ သံကြိုးပြတ်ဖြင့် ရိုက်မိလျှင် လူတစ်ယောက်မက သုံးလေးယောက်မျှပင် စိပြိုင်နက်တည်း ပြွတ်ခနဲ အသက်ထွက်နိုင်ပေလေသည်။

ကရင်ကလေးနှင့် ကျွန်ုပ်သည် ချွန်းကိုယ်စီနှင့် ဟာသံမနောက်သို့ လိုက်ကြ၏။ ကျွဲ၊ ဝက်ဝံ၊ ဆင်၊ ကျား မှစ၍ တိရစ္ဆာန်ကြီးများကို ကိုင်တွယ်ရသည့်အခါ၊ နံဘေးမှမြင်ရသော ပရိသတ်က ကြောက်စရာကောင်းသည် ထင်သလောက် ဥစ္စာရှင်ကမကြောက်သည်အဖြစ်ကို ကိုယ်တွယ်ဖူးသူတို့ သိကြပေမည်။ ဦးချိုတမြမြနှင့် တရှုးရှုးဖြစ်နေသော ကျွဲပေါက်ကို ကျွဲရှင်၏





သမီးကလေးက အေးအေးဆေးဆေးကိုင်တွယ်သည်များကို တွေ့မြင်ဖူးကြပေမည်၊ လူအများက ကြောက်ဖွယ်ကောင်းသည် ထင်သလောက် ကရင်ကလေးနှင့် ကျွန်ုပ်တို့က မကြောက်ကြချေ။

ကျွန်ုပ်တို့ပြေးလိုက်ကြစဉ် ဆင်မကာဝှေ့ရမ်းသော သံကြိုးပိုင်းသည် ဓာတ်တိုင်တစ်တိုင်ကိုငြိ၍ ဆင်မလည်းအရှိန်တန့်သွားသည်နှင့် ကျွန်ုပ်တို့က ချော့ဖမ်းမည်ဟုဝင်ကပ်ကြစဉ်၊ သံကြိုးစသည် ဓာတ်တိုင်မှ လွတ်ထွက်လာ၍ ကျွန်ုပ်၏ခြေထောက်တွင် ပတ်မိအောင်လာပတ်တော့သည်။ ဆင်မလည်း တစ်ချီလော၍ပြေးပြန်ရာ ကရင်ကလေးက ရှေ့မှ ချွန်းနှင့်ဆီးတားထားပါလျက်နှင့်ပင် ကျွန်ုပ်မှာမြေကြီးပေါ်တွင် လေးငါးဆယ်ပေမျှ လျှောပါသွားလေ၏။

ထိုအချိန်တွင် ဆင်မလည်း မာန်ကျ၍ ကျွန်ုပ်နှင့်ကရင်ကလေးတို့၏ ချော့မော့ဖမ်းခေါ်ခြင်း ခံတော့သည်သာမက၊ ဝမ်းဗိုက်အောက်သို့ခါးပတ်ကြိုးသွင်းခြင်း ချိတ်ကြိုးဖြင့်ချိပ်ခြင်း၊ ဝန်ချီစက်ဖြင့်မြှောက်၍ သင်္ဘောပေါ်သို့တင်ခြင်းများကို ငြိမ်သက်စွာခံလေတော့သည်။ ကျွန်ုပ်မှာ ဆင်မကလွှင့်ပစ်၍ တင်ပါးစုတ်ပြဲသောဒဏ်ရာနှင့် သံကြိုးငြိ၍ ဒရွတ်ပါသွားသဖြင့် နံဘေးတစ်လျှောက်လုံး ပွန်းပဲ့သော ဒဏ်ရာများကြောင့်၊ သင်္ဘောပေါ်တွင် ဆရာဝန်နှင့် ကုသလိုက်ပါခဲ့ရာ၊ ကာလကတ္တားသို့ဆိုက်ရောက်သောအခါ၌ပင် ဒဏ်ရာများဖေးရုံကလေးသာ ရှိပေသေးသည်။

ဤမျှလောက် တပင်တပန်း ကြိုးစားရပါသော်လည်း ကျွန်ုပ်တို့၏ အကြံအစည်မှာ မအောင်မြင်ခဲ့ချေ။

ကာလကတ္တားသို့ သင်္ဘောဆိုက်ရောက် ၍ တိရစ္ဆာန်များကိုချပြီးနောက် ယခင်က အာဖရိကတိုက်သား ခြင်္သေ့သမား တည်းခိုသော တိရစ္ဆာန်ရုံ မန်နေဂျာအိမ်၌ စုံစမ်းကြည့်ရာ ထိုလူမှာ ဒုတိယ ကမ္ဘာစစ်ဖြစ်ဖို့နီးချိန်ဖြစ်၍ ဗြိတိသျှအစိုးရက လန်ဒန်သို့ ပြန်ခေါ်သဖြင့် ပြန်သွားပြီဖြစ်ကြောင်း ကြားသိရလေသည်။

ကျွန်ုပ်သည် ဆင်နှင့်ကျားကိုဇော်ဘွားတစ်ယောက်ထံရောင်းခဲ့ရ၍ မရှုံးသော်လည်း၊ အမြတ်ကြီးမြတ်ဖို့ ကြံရွယ်ချက်ကား ပျက်သွားတော့သည်။ သို့သော် သတ္တဝါအချင်းချင်းတိုက်ပေးသော နည်းဖြင့်စီးပွားရှာမည့် ယုတ်မာသောအကြံအစည်ကြောင့် မအောင်မြင်ခြင်းဖြစ်သည်ဟူ၍လည်း တရားသွင်းပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## မစံချင်၍ထိုးသတ်သောလက်ဝှေ့ပွဲ

ကသာဒိစတြိတ် ကမ်းနီရွာ၌ စာသင်ကျောင်းတည်ထောင်၍ ကျောင်းဆရာလုပ်လျက်ရှိစဉ်၊ ကျွန်ုပ်၏စာသင်ကျောင်းသည် သစ်တောဘက် အရာရှိများ၏ တည်းခိုရာဌာနဖြစ်ခဲ့၍၊ ထိုနယ်ရှိ ဌာနအသီးသီးတို့မှ အရာရှိများနှင့်ပေါင်းသင်းဆက်ဆံခြင်း များခဲ့ဖူးသည်။ ရံဖန်ရံခါသူငယ်ချင်း သစ်တောဝန်ထောက် ဦးဝင့်မော်နှင့်အတူ နယ်လှည့်ရာသို့လိုက်ပါ၍ အစိုးရတဲများ၌ တည်းခိုရင်း နယ်ပယ်အရာရှိများနှင့် မိတ်ကျွမ်းတဝင်ဖြစ်ခဲ့ရလေသည်။

နွေရာသီကျောင်းပိတ်ရက်အတွင်း ကျွန်ုပ်သည် ဦးဝင့်မော်နှင့်အတူ အင်းရွာဗိုလ်တဲ၌ တည်းခိုလျက်ရှိစဉ် ကံအားလျော်စွာ ငင်းဗိုလ်တဲ၌ နယ်အရာရှိများနှင့် ဆုံဆည်းကြ၏။ ဦးဝင့်မော်မှာ ရွှေလီရိုးတစ်လျှောက် အလုပ်တာဝန်ရှိသည်ဖြစ်၍ အင်းရွာဗိုလ်တဲ၌ တည်းခိုနိုက်တွင် မိုးကုတ်မှပညာအုပ်၊ တကောင်းမှမြို့အုပ်တိုက်ပိုင် အစရှိသောအရာရှိများသည် တစ်ယောက်စီ ရောက်လာကြ၍ မြန်မာအချင်းချင်း ဖြစ်သည့်အတိုင်း ဗိုလ်တဲတွင် ပျော်ပျော်ပါးပါး၊ တိုးတိုးဝှေ့ဝှေ့ တည်းခိုကြ၏။ ဤရက်များအတွက် အင်းရွာ၌ အမြဲနေထိုင်ရသော ဘီဘီတီစီ ကိုယ်စားလှယ် ဦးချစ်ဖေသည် ကုမ္ပဏီ အဆောက်အဦးသို့ ကုမ္ပဏီအမှုထမ်းများ ဆိုက်ရောက်လျက်ရှိသည်ဖြစ်၍၊ အစိုးရအရာရှိများနှင့် မိတ်ကျွမ်းတဝင်ဖြစ်စေခြင်းငှာ နေအိမ်သို့ဖိတ်ခေါ်၍





ညစာတည်ခင်းကျွေးမွေးလေသည်။

ထိုညနေ၌ပင် ကိုဖော်ဟိဘ်လည်း ရွှေလီရိုးတစ်လျှောက်၌ ဆင်ပစ်လိုင်စင်ရရှိ၍ တောလည်ရန်အတွက် အင်းရွာဗိုလ်တဲသို့ ဆိုက်ရောက်လာပြန်ရာ၊ ဦးဖော်ဟိတ်အားလည်း ဦးချစ်ဖေကဖိတ်ခေါ်သည်နှင့် ညစာစားပွဲတွင် "မင်းပေါင်းစုံလင်သည်" ဟုရွာသားများပြောစမှတ်ပြုကြလေသည်။ ညစာစားပွဲသို့အထက်ပါအရာရှိများ ကိုဖော်ဟိတ်နှင့် ကျွန်ုပ်အပြင်၊ ဘီဘီတီစီကုမ္ပဏီမှ Timber Assistant ခေါ် အလုပ်သမားများလည်း တက်ရောက်ကြ၏။ ဤလူများသည် သူတို့အားအလုပ်သမားခေါ်ခြင်းကို ကြိုက်ကောင်းမှ ကြိုက်ကြပေမည်။ Timber Assistant ဆိုသူများမှာအများ အားဖြင့် (ထိုစဉ်အခါက) ဘိုကပြားကလေးများဖြစ်ကြပေရာ၊ သူတို့၏သွေးနှင့် လခကြောင့် အစိုးရ ဘက်မှဝန်ထောက်ခေါ်သော အရာရှိများနှင့် အနည်းဆုံးတူညီသည်ဟု ကိုယ့်ကိုကိုယ် ထင်မြင်ကြလေ၏။ သူတို့အနက်တွင် အိုင်အေ၊ ဘီအေ၊ အောင်ခဲ့သူ မပါသော်လည်း၊ ဘိုကပြားဖြစ်၍ ပြောရေးဆိုစ အထိုက်အလျောက်ရှိကြသည့်ပြင်၊ လခမှာလည်း ဝန်ထောက်ခေါ်သူများထက် နိမ့်ကျသည် မဟုတ်သောကြောင့် ထင်မည်ဆိုလည်းထင်ထိုက်၏။ သို့ရာတွင် အစိုးရအမှုထမ်းများ၏ အမြင်အရဆိုသော် ဝန်ထောက်မဆိုထားဘိ၊ တောအုပ်၊ မြို့အုပ်၊ တိုက်ပိုင် စသော အရာရှိများက မိမိတို့ထက်နိမ့်ကျသည်ဟု မှတ်ယူတတ်ကြလေသည်။

ဦးချစ်ဖေ၏ ညစာစားပွဲ၌ အထက်ပါအရာရှိများနှင့် ကျွန်ုပ်တို့အပြင် Timber Assistant ခေါ်ကုမ္ပဏီဦးအလုပ်သမား ဘိုကပြားကလေးသုံးယောက်နှင့် ဘိုခပ်ကြီးကြီး တစ်ယောက်ပါရှိရာ အခြားသောနေရာများ၌မူ၊ အစိုးရပိုင်းနှင့်ကုမ္ပဏီအလုပ်သမားများသည် တစ်ဖက်နှင့်တစ်ဖက် "ခပ်ထိထိ" နေတတ်ကြသော်လည်း အိမ်ရှင်ဦးချစ်ဖေ၏ လောကဝတ်ကျေမှုကြောင့် ဤညတွင် အတော်ကလေးရောမိကြလေသည်။ အခြားနေရာများ၌ ကုမ္ပဏီအလုပ်သမားများမှာ ဘိုသွေးပါ၍လခကောင်းသည်ဟူသော ဟန်ကြီးပန်ကြီး လုပ်ချင်ကြခြင်းနှင့်အတူ အစိုးရအရာရှိများကလည်း ပညာတတ် မင်းမှုထမ်းဆို၍ အသားယူချင်ကြသည်။ သို့ရာတွင် ဦးချစ်ဖေ၏ ညစာစားပွဲ၌မူ မျက်နှာဖြူဆိုသော မာန်နှင့် ကောလိပ်ရောက်ဖူးသော မာနများကို တစ်ညတာဖြစ်စေ ချထား၍ တစ်ဖက်နှင့်တစ်ဖက် အကျွမ်းတဝင် ခေါ်ငင်ဆက်ဆံကြပေသည်။

ကျွန်ုပ်၏မိတ်ဆွေ ကိုဖော်ဟိတ်မှာ အရာရှိလည်းမဟုတ်၊ လခစား



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားမျှလည်း မဟုတ်သောကြောင့် မည်သည့်အဆင့်အတန်းဟူ၍ ပြဌာန်းရန် မဖြစ်နိုင်ဘဲရှိရာတွင်၊ သူ၏ ချေင်မှုနှင့်အတွေ့အကြုံများမှုကြောင့် ဘိုကပြားများ၏ အထင်ကြီးခြင်းခံရ၏။ စင်စစ်မှာ ကိုဇော်ဟိတ်သည် ဘိုကပြားကလေးများနှင့် ဆက်ဆံရာတွင် ကောလိပ်ရောက်ဘူးသော အရာရှိဆိုသူများထက် နေရာကျခြင်းကို အရာရှိများကိုယ်တိုင်က ဝန်ခံကြရလေပြီ။ အင်္ဂလိပ်စကားပြောရာတွင် ကိုဇော်ဟိတ်သည် ကပြားကလေးများထက်ပင် ဘလယ်ဒီများများကြီး ညှပ်သွင်းပြောဆိုလျက်ရှိသည်ဖြစ်၍ ကပြားများ ငေးနေကြရလေပြီ။ သို့ရာတွင် ထိုသို့ပြောနည်းမှာ ကိုဇော်ဟိတ်အဖို့ ထုံးစံမဟုတ်သောကြောင့် ကျွန်ုပ်ကား ပြုံးမိပါသေးသည်။

ညစာစားပွဲတွင် သောက်သောက်စားစား ပျော်ပျော်ပါးပါးနှင့် စကားလက်ဆုံဝင်လျက် ရှိကြသည်ဖြစ်၍၊ လူချင်းမခွဲချင်သေးအောင်ဖြစ်နေကြရာတွင် ဦးချစ်ဖေက အကြံတစ်ခုပေးလေသည်။ သူ့အကြံမှာ ဘီ၊ ဘီ၊ တီ၊ စီ ကုမ္ပဏီပိုင်၍ ဦးချစ်ဖေကိုပေးထားသော မင်းသမီးသင်္ဘောကလေးနှင့် ရွှေလီချောင်းကိုဆန်တက်ကာ အမဲပစ်ထွက်ကြရန် ဖြစ်လေသည်။ လူအားလုံးမှာ "အူရှင်"သော အခြေအနေ၌ ရှိကြ၍တစ်ဦးက ဖြစ်နိုင်သည်ဆိုလျှင် တစ်ဦးက ငြင်းပယ်ရန်အားနာသော စိတ်မျိုးဝင်နေခိုက်ဖြစ်ရကား ကုမ္ပဏီအလုပ်သမားအဘို့ဖြစ်နိုင်သည်ဆိုလျှင် အစိုးရအမှုထမ်းများကလည်း ဒိုင်ယာရီကိုတစ်မျိုးတမည်လှည့်ပတ်ရေးသားဖော်ပြမည်ဟူသော စိတ်ကူးဖြင့် အားလုံးသဘောတူလက်ခံလိုက်ကြလေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် အရာရှိများသည်၊ မိမိတို့၌ပါလာသော ရိက္ခာများကို ဦးချစ်ဖေထံသို့ပို့လိုက်၍ စားနပ်ရိက္ခာလိုသမျှအတွက် ဦးချစ်ဖေကဖြည့်စွက်ပြီးလျှင် မင်းသမီးသင်္ဘောကလေးပေါ်သို့ တင်ပို့လိုက်သည်။ ကျွန်ုပ်တို့လူစုသည် လက်ဖက်ရည်သောက်ကြပြီးနောက် ဗိုလ်တဲမှဆင်းလာ၍သင်္ဘောကလေးပေါ်သို့တက်ကြသောအခါတွင် ကပြားကလေးများရောက်နှင့်ကြပြီးဖြစ်ရာ ၈ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ရွှေလီချောင်းကိုဆန်တက်ကြလေသည်။

ကျွန်းချောင်းရွာသို့ ရောက်ကြသောအခါ ဘီ၊ ဘီ၊ တီ၊ စီ ကုမ္ပဏီပိုင်သော ဆင်များအဆင်သင့်ရှိသည်ဖြစ်၍၊ ဦးချစ်ဖေသည် အရာရှိများအတွက် ဆင်နှင့်တောလှည့်ရန်စီစဉ်ပေးရာ အရာရှိများမှာ လင့်စင်ပေါ်မှကျားကိုစောင့်ခြင်း၊ ခြေလျင်လျှောက်၍ အမဲချောင်းခြင်း စသည်မျှလောက်





သာ ပြုလုပ်ဖူးသည်ဖြစ်၍ ဆင်ကျောကုန်းထက်မှ အမဲပစ်ခြင်းအလုပ်မျိုးကိုကြုံခဲ့ရသည်နှင့် ဝမ်းပန်းတသာ တောလည်ထွက်ကြလေသည်။ ဆင်တစ်စီးလျှင် ဆင်ဦးစီးနှင့် ပဲ့ချိတ်အပြင် သေနတ်သမား ၂–ယောက်က ခြင်းပေါင်းကားထဲမှ သေနတ်ကိုယ်စီနှင့်ကိုင်၍ လိုက်ကြရသည်။ ကျွန်ုပ်မှာ အိန္ဒိယပြည်သို့ ဝေလမင်းသားလာရောက်စဉ်က၊ ဆင်ပေါ်မှကျားပစ်ခြင်းကို ဓာတ်ပုံမျှလောက်သာ မြင်ဖူး၍၊ ကိုယ်တွေ့မကြုံဖူးသည်နှင့် သေနတ်သမား မဟုတ်စေကာမူ ခြင်းပေါင်းကားထဲတွင် လိုက်ပါသွားခဲ့၏။ လက်နုပ်တစ်ဖေါင်ခန့်မြင့်သော ကိုင်းတောကြီးတစ်လျှောက် မောင်းနှင်သွား၍ ဂျီ၊ ဒရယ် စသော တောသတ္တဝါကလေးများသည် ကျွန်ုပ်တို့ချဉ်းကပ်လာရာတွင် ဆင်ကျောကုန်းပေါ်မှ လူများကို သတိမပြုကြဘဲ ဆင်ကောင်ကြီးကိုသာ မြင်ကြ၍ မိမိတို့တောသတ္တဝါ အချင်းချင်းဟုမှတ်ထင်ကာ မထိမဲ့မြင် နေရှာမိသည်တွင် ဆင်ကျောပေါ်မှ လူများက သေနတ်နှင့်ပစ်ယူကြသည်မှာ ကျွန်ုပ်တို့အဖို့၌ အရသာရှိလှသည်မထင်၊ သနားစရာဟူ၍သာထင်မိသည်။ သေနတ်သမားများအဖို့မှာ အမဲရလျှင်ပျော်တတ်သော်လည်း၊ ကျွန်ုပ်ကမူ ခြေလျင်လျှောက်၍ ချောင်းပစ်ရခြင်းကဲ့သို့ ကျင်လည်မှုလည်းမရှိ၊ ချောင်လွန်းသည်ဟု ထင်မိပါသည်။

တစ်နေ့လုံးအမဲပစ်ကြပြီးနောက် ထိုည၌တွင်ရွာသူကြီးက "မင်းစုံမင်းညီ" ကြွရောက်ကြခြင်း ဖြစ်သည်ဆို၍၊ ရွာ အငြိမ့်ပွဲကလေး ကပြရန် စီစဉ်လေသည်။ ထိုရွာ၌ မင်းသမီး မင်းသားနှင့်တကွတီးဝိုင်းကလေးပါအစုံအလင်ပါသည့် ရွာအငြိမ့်ကလေးတစ်ခုရှိရာ ကျွန်ုပ်တို့တည်းခိုသော ဗိုလ်တဲသို့ လာရောက်ကပြရန် ဖြစ်လေသည်။ ညစာကို ၇ နာရီတွင်စား၍ ၈ နာရီတွင် အငြိမ့်ပွဲအစပြုလေရာ အချို့လူများသည် လွတ်လွတ်ကျွတ်ကျွတ် ပျော်ပွဲစားထွက်ခြင်းဖြစ်သည်ဟု ယူဆသည့်လက္ခဏာဖြင့် ဦးချစ်ဖေ၏ အိမ်မှာထက်ပင် ပုလင်းကိုပို၍ လက်လှမ်းကြသည်။ သို့ဖြစ်၍ အငြိမ့်ပွဲကသော အချိန်တွင် အများအားဖြင့် "စားကောင်း သောက်ကောင်း"ဆိုသော ရေချိန်မကတက် ကပြားကလေးတစ်ယောက် နှစ်ယောက်မှာမူ အလွန့်အလွန် အူရှင်သော အခြေအနေသို့ ရောက်နှင့်လေပြီ။ သဘောကျစရာတွေ့လျှင် အူရှင်ခြင်းနှင့် သဘောမကျစွာတွေ့လျှင် ရန်ဖြစ်ချင်တတ်ခြင်းသည် အိမ်နီးချင်းမျှသာ ခြားချေသည်။

ဘိုကပြားကလေးများအနက် ဂျွန်နီဝစ္စမူလာဆိုသူမှာ အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ထိုသူက တာဝန်လုပ်သော လူနှင့်ဆွေမျိုးတော်သည်ဆို၍ အရာရာတွင် လူစွမ်းပြိုင်လိုသော ဝါသနာရှိ၏။ သို့ရာတွင် ကျွန်ုပ်တို့လူစုအနက်တွင် သူနှင့်အနှံ့ဗလပြု၍ စကားအချီအချပြောနိုင်သောလူမှာ ကိုဇော်ဟိတ် တစ်ယောက်သာရှိလေသည်။ ဂျွန်နီဝစ္စမူလာသည် မြန်မာပြည်သို့ရောက်ကတည်းက ကိုဇော်ဟိတ်ကဲ့သို့သော လူတစ်ယောက်ကို မြန်မာထဲမှမဆိုထားဘိ ဘိုကပြားထဲ၌ပင် မတွေ့ရဖူးသေးဆို၍ ချီးကျူးခြင်းနှင့် အတူအောင့်သက်သက် ဖြစ်ဟန်လည်းတူလေသည်။

ထိုည၌ အငြိမ့်မင်းသမီး မင်းသားကပြသည့်နောက် ကျွန်ုပ်တို့လူစု ဆုချကြ၏။ မင်းသမီး မင်းသားအနက် မင်းသမီးလုပ်သော သူငယ်မမှာ ရုပ်ရည်သနားကမားရှိ၍ ဂျွန်နီဝစ္စမူလာမှာအတော်မျက်စိကျဟန်ဖြင့် မင်းသမီး၏အဆိုအကများကို ဆူညံစွာသြဘာပေးလေသည်။ အရာရှိများနှင့်အခြားသော ကပြားများသည် ဆုချသောအခါ လူပျက်၏လက်သို့ပိုက်ဆံပေးအပ်ကြသော်လည်း ဂျွန်နီကမူ မင်းသမီးအား သူ့ထံသို့ကိုယ်တိုင်လာ၍ ဆုငွေယူရမည်ဟုပြော၏။ မိန်းကလေးက ရှံ့ကြောက်သည်နှင့် ခပ်ဆိုင်းဆိုင်းလုပ်နေသည်တွင် လူကြီးက "ဟဲ့ ယူချေလေ" ဟု ပြောလိုက်သည်နှင့် သူငယ်မလည်း ထလာလေသည်။

မိန်းကလေးသည် ဝိုင်းထည်းမှထလာ၍ ဂျွန်နီအနီးသို့ ရောက်လာသောအခါ ဂျွန်နီသည် ၁ဝတန် စက္ကူတစ်ချပ်ကို ပါးစပ်၌ကိုက်ထား၍ မိန်းကလေးအားလည်း ပါးစပ်နှင့် ကိုက်ယူရမည်ဟုပြောရာ မိန်းကလေးက တောင်းပန်သည်နှင့် ကိုဇော်ဟိတ်ကလည်း မလျော်ကြောင်း ကန့်ကွက်လေသည်။ ဤတွင် ဂျွန်နီက အိန္ဒိယပြည်၌ နယ်ချဲ့ဝါလားများသည် ဤကဲ့သို့ ယူတတ်ကြောင်းပြောသေးရာ ကိုဇော်ဟိတ်နှင့်တကွ အားလုံးကပင် မြန်မာပြည်၌ထုံးစံမရှိကြောင်း ဝိုင်းဝန်းပြောဆိုကြသည်။ နောက်ဆုံး၌ ဂျွန်နီသည် ကိုဇော်ဟိတ်ကို မျက်စောင်းထိုးလျက် ၁ဝ တန်ကိုမိန်းကလေးသို့ ပြုံးတီတီမျက်နှာနှင့် လှမ်းပေးလိုက်သည်။ ထိုအခါ အခြားသော ကပြားတစ်ယောက်ကလည်း ၁ဝ တန်စက္ကူတစ်ချပ်ကိုထုတ်၍ ဆုချပြန်သဖြင့် မိန်းကလေးသည် ကပြားထံသို့သွား၍ ငွေစက္ကူကိုယူခဲ့ပြီးနောက် ဂျွန်နီရှေ့မှဖြတ်လျှောက် ပြန်လာသည်။ ဂျွန်နီက ဆတ်ခနဲ ခြေထိုးလိုက်သည်နှင့် ဟပ်ထိုးဖြစ်သွားပြီး ကိုဇော်ဟိတ်က ဖမ်းယူထားလိုက်ရသည်။ ဤတွင် ကိုဇော်ဟိတ်က ဂျွန်နီအား "ဘီဟေ့ဗ်ယူဝါဆဲ့လ်ပ်" "လူနဲ့သူနဲ့တူအောင် နေစမ်းပါ" ဟုပြောလိုက်သည်





နှင့် ဂျွန်နီမှာ မျက်နှာကြီး နီတွတ်သွား၏။ သို့ရာတွင် အခြားသော ကပြားများက ဂျွန်နီအား ဝိုင်းဝန်းသတိပေးကြရာတွင် ဂျွန်နီသည်ကိုဇော်ဟိတ်အား ပြောမည့်စကားကိုမျိုချလိုက်ရတော့သည်။ သို့သော် ကိုဇော်ဟိတ်အပေါ်၌ ရန်လုပ်ချင်သော စိတ်ရှိခြင်းကား ထင်ရှားလှသည်။

အငြိမ့်ပွဲ၌ ရွာသူရွာသားများပြန်ကြသောအခါ အတန်ညဉ့်နက်ပြီ ဖြစ်သော်လည်း၊ ကျွန်ုပ်တို့လူစုသည် မအိပ်ကြသေးဘဲ သောက်သူက သောက်၍ စကားဖေါင်လှအောင် ပြောနေကြသေးသည်။ ဦးချစ်ဖေမှတစ်ပါး အားလုံးလိုလိုပင် လူငယ်လူလတ်အရွယ်များ ဖြစ်ကြ၍၊ ကာယဗလနှင့် ပတ်သက်၍ လူစွမ်းပြချင်သူများ ဖြစ်ကြသည့်အလျောက်၊ လက်လှဲခြင်း၊ တုတ်ဆွဲခြင်း စသည်ဖြင့်ခွန်အားပြိုင်ကြလေသည်။ ဤလူစုအနက် ကိုဇော်ဟိတ်သည် ကိုယ်လုံးကိုယ်ပေါက် အကြီးဆုံးဖြစ်ရုံသာမက၊ ကာယဗလနှင့် ပတ်သက်၍ လေ့ကျင့်သူ တစ်ယောက်လည်း ဖြစ်ရကား၊ နေရာတကာတွင် ကိုဇော်ဟိတ်က ပထမဆွဲ၍၊ ဂျွန်နီက ဒုတိယရလိုက်သည်ချည်း ဖြစ်နေ၏။ ရောက်လေရာအရပ်နှင့်တွေ့လေရာပရိသတ်အနက်တွင် ဗိုလ်ဆွဲခဲ့သည်ချည်း ဖြစ်ဟန်တူသော ဂျွန်နီမှာဒုတိယရလိုက်ရခြင်းအတွက်ကြောင့် ကိုဇော်ဟိတ်ကို မကျေမချမ်းဖြစ်နေသည့်ပြင်၊ အငြိမ့်မင်းသမီး ကိစ္စနှင့်ပတ်သက်၍လည်း ကြိတ်ခံလိုက်ရသော အချက်ကလေးရှိသေး၏။ ကျွန်ုပ်သည် ဂျွန်နီက ကိုဇော်ဟိတ်ကို ရန်လုပ်နေကြောင်းသိသည်နှင့် ကိုဇော်ဟိတ်ကို သတိပေးသော်လည်း၊ "ထွီး–ရာဇဝင်ရိုင်းရှော့မယ်ဗျာ၊ ကျုပ်ကဘာကြောင့် နောက်ဆုတ်ရမှာတုန်း" ဟု ကိုဇော်ဟိတ်က ပြန်ပြောလေသည်။

အစွမ်းပြိုင်လေသမျှတွင် ဂျွန်နီမှာ ဒုတိယမျှသာလိုက်နေတော့ရကား၊ အရက်ကလေးကလည်း ခပ်မူးမူးရှိသည်နှင့် ဂျွန်နီက၊ "ကိုင်း . . ကိုယ့်လူ၊ ဒီ ဟာတွေတော့ ကျုပ်ရှုံးတယ်ထားလိုက်ပါတော့၊ ခင်ဗျားနဲ့ ကျုပ်နဲ့ လက်ဝှေ့ထိုးမလား" ဟု မေးလိုက်သည်။ ကပြာကလေးများအနက် ဂျွန်နီအကြောင်းကို သိသူရှိသော်လည်း ကိုဇော်ဟိတ်ကို သိကြဟန်မတူချေ။ (ထိုနောက်တွင် စုံစမ်းသိရှိရသည်မှာ ဂျွန်နီဝစ္စမူလာသည် ဘိုင်စကုတ်ဘက်တွင် လူကြမ်း လုပ်ရန်အတွက် လေ့ကျင့်ဘူး၍၊ ၁ဝ ချီအထိ ထိုးသတ်နိုင်သည့်ပြင်၊ ကျောင်းသားချန်ပီယံ ဖြစ်ခဲ့ဘူးလေသည်။)

ကိုဇော်ဟိတ်က . . .

"စဉ်းစားပါအုံး မစ္စတာ ဝစ္စမူလာ၊ ကျုပ်က လက်ဝှေ့ကျင့်ဖူး ထိုးဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်"။

"ကျုပ်လဲ ထိုးဖူးတာပဲ၊ ခင်ဗျားကို မကြောက်ပါဘူး"။

"ကျုပ်က ကိုယ်အလေးချိန် ကြီးလိမ့်မယ်ထင်တယ်"။

"ကိစ္စမရှိဘူး။ ကျုပ်ကမြင့်တယ်၊ လက်တံလဲရှည်တယ်"။

"ကျုပ်အသက်က ၃၅ နှစ်ကျော်နေပြီပဲ"

"ဒါဖြင့် မသတ်ဝံ့ဘူးလို့ ဝန်ခံမလား"

"ဒါမျိုး ဝန်ခံဘို့တော့ ခဲယဉ်းသားဘဲ၊ အသက်ကြီးလာလို့ လက်ဝှေ့ထိုးရမှာ ရှက်တက်တက် ရှိနေလို့ပြောတာပါ"

"စကားမရှည်ပါနဲ့၊ ထိုးဝံ့သလား။ မထိုးဝံ့ဘူးလား"

"ဟာ ခက်တဲ့လူပဲ၊ မထိုးဝံ့ဘူးလို့ ဘယ်ရှိမလဲ"

"ဒါဖြင့်လက်ခံမလား"

"ဘယ်လို စည်းကမ်းနဲ့ ထိုးကြမလဲ"

"ခင်ဗျားကြိုက်သလိုထိုး၊ အနောက်တိုင်းစည်းကမ်းဆိုရင် ပြီးရော"

"ဒါဖြင့် လွယ်တဲ့နည်းပြောပြမယ်၊ ထိုးမလား"

"ဘယ်လိုနည်းလဲ"

"အမှတ်တွေ ဘာတွေနဲ့ရှုပ်တယ်၊ ကြောက်ရှုံး လဲရှုံး ထိုးမလား"

"ဘယ်လိုလဲ"

"မထနိုင်မှ အရှုံး၊ ကြောက်ပါပြီဆိုမှ အရှုံး၊ ဘယ့်နှယ်လဲ"

"မထနိုင်ဆိုတာ ဘယ်လိုလဲ"

"နောက်ကောက်ကျတာကိုဆိုလိုတယ်၊ ထိုးချလိုက်လို့ ဆယ်စက္ကန့်အတွင်း မထနိုင်ရင် နောက်ကောက်ကျတယ် ဟုတ်လား၊ အဲ . . နောက်ကောက်ကျရင်လဲ ရှုံးတယ်၊ နောက်ကောက်မကျပေမယ့် မသတ်ဝံ့တော့ပါဘူးလို့ အရှုံးပေးရင်လဲရှုံးတယ်။ ဘယ်နှယ့်လဲ"

"သဘောတူတယ်"

သူတို့နှစ်ယောက်ပြောကြသည်များကို ကျွန်ုပ်တို့နားထောင်လျက်ရှိရာ၊ အမှန်ကိုဆိုရလျှင် ကျွန်ုပ်တို့အနက်တွင် ဖျက်လိုသူမရှိ၊ ပျက်သွားမည်ကို စိုးရိမ်သောလူချည်းဖြစ်နေလေတော့သည်။

နောက်ဆုံး၌ အားလုံးသဘောတူ ရေးဆွဲကြသော စည်းကမ်းချက်များသည်ကား . . .





(၁) ကိုယ်အလေးချိန်ကို ချိန်တွယ်ဘို့မလို၊ ဆင်လောက်လေးချင်လေးနိုင်သည်။

(၂) ရက်ချိန်းမှာ ရက်သတ္တတစ်ပတ်တိတိ(နောက်တနင်္ဂနွေ)

(၃) အချိန်မှာ နံနက် ၇ နာရီခွဲ။

(၄) နေရာမှာ၊ ကွန်းချောင်းကျေးရွာအနီးရှိ ကွင်းကြီးထဲတွင်။

(၅) စက္ကင်းတစ်ယောက်စီ ကြိုက်ရာရွေးခေါ်နိုင်သည်။

(၆) ရှုံးသူက နိုင်သူအဘို့ ဝင့်ချက်စတာ ရိုင်ဖဲလ်တစ်လက် ဝယ်ပေးရမည်။

(၇) ထိုနေ့ ထိုအချိန်တွင် ထိုနေရာသို့ မရောက်ခဲ့လျှင် ရှုံးသည်ဟု ယူဆရမည်။

(၈) ဒိုင်လူကြီးနှင့် အချိန်သတ်မှတ်သူကို သဘောတူသင့်တော်ရာ ရွေးချယ်မည်။

(၉) စည်းကမ်းမှာကြောက်ရှုံး၊ လဲရှုံး။

(၁၀) ထိုးသတ်နည်းမှာ အနောက်တိုင်းစံနစ်။

လက်ဝှေ့ပွဲမတိုင်မီ တစ်ရက်တွင် ကျွန်ုပ်တို့လူစုသည် ကွန်းချောင်းရွာသို့ ဆိုက်ရောက်လာ၍ အချို့မှာ ဗိုလ်တဲ၌၎င်း၊ အချို့မှာ သူကြီးအိမ်၌၎င်း၊ တည်းခိုကြရာ၊ ကျွန်ုပ်နှင့်သစ်တောဝန်ထောက်မှာ တောအုပ်အိမ်၌ တည်းခို၍ကိုဇော်ဟိတ်လည်း ကျွန်ုပ်နှင့်အတူပါလာလေသည်။ ကိုဇော်ဟိတ်သည်၊ ကျန်ရှိသော အချိန်အတွင်း အပြင်းအထန် လေ့ကျင့်ထားသည်ဖြစ်၍၊ တကိုယ်လုံး ဒင်ဒင်ပြေးအောင် မာကျောလှပေသည်။ ကျွန်ုပ်က အချီပေါင်းမည်မျှထိုးသတ်နိုင်ပါမည်နည်းဟု မေးသောအခါ၊ ကိုဇော်ဟိတ်က "ရေးတုန်းကတော့ ၁၀ ချီထိအောင် သတ်ဘို့လေ့ကျင့်ဘူးတယ်။ အခုလဲ ခပ်ချွေချွေသတ်ရင်တော့ ၁၀ ချီလောက် သတ်နိုင်မယ်ထင်တာဘဲ"ဟု ပြန်ပြောလေသည်။ "ချွေချွေ" ဟူသောစကား၏အဓိပ္ပါယ်ကို မေးကြည့်သောအခါ၊ တိုက်စစ်မဟုတ်ဘဲ၊ သူ့အကဲကိုကြည့်၍ ထိုးသတ်ခြင်းကို ဆိုလိုကြောင်း ပြောပြပါသည်။

ဤလက်ဝှေ့အကြောင်းကို ရွှေလီမြစ်ရိုးတစ်လျှောက်လုံး ကြားသိသည်ဖြစ်၍ လှေသဗ္ဗာန်၊ ပိန်းကောမ,လှည်း၊ မြင်းစသည်ဖြင့် တစ်နယ်လုံးလာလိုက်ကြသည်မှာ ကွန်းချောင်းတစ်ရွာလုံး ပြည့်ကြပ်လျက်ရှိတော့သည်။ ကျွန်ုပ်တို့သည် ဤလက်ဝှေ့ပွဲကို လူမျိုးရေးမဖြစ်စေရအောင် ကြိုးစားကြ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မြန်မာနှင့်ဘိုထိုးသတ်လိမ့်မည်ဟု ပြောကြ၍ ကိုဇော်ဟိတ်ဘက်မှ မေတ္တာထားကြသူတို့သာ များပေသည်။ သို့သော် အလောင်းအစား မဖြစ်စေရန် ပုလိပ်များက သတိပြုရပေသည်။

နံနက် ၇ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့လူစုသည် လက်ဝှေ့ပွဲအတွက် ပြင်ဆင်ထားသည့် ကြိုးဝိုင်းသို့လာကြသည်။ ကြိုးဝိုင်းမှာ လေးထောင့်စပ်စပ် နှစ်ထပ်ရှိ၍ ထောင့်လေးထောင့်၌ မျောတိုင်ကြီးများ စိုက်ထူထား၏။ အတွင်းကြိုးဝိုင်းမှာ တစ်ထောင့်နှင့်တစ်ထောင့် ၂၄ ပေရှိ၍ အပြင်ကြိုးတန်းနှင့် အတွင်းကြိုးတန်းမှာ ၅ ပေမျှ ကွာခြားသည်။ အတွင်းကြိုးဝိုင်းမှာ ဒိုင်လူကြီးနှင့် လက်ဝှေ့သမားနှစ်ယောက် အတွက်မျှသာဖြစ်ရာ အပြင်ကြိုးဝိုင်းအတွင်း၌ကား အရာရှိများနှင့်ကျွန်ုပ်တို့ လူစုထိုင်ကြရန် ကုလားထိုင်များ ခင်းထားလေသည်။ ကြိုးများမှာ ဖေါင်ချည်သော အုန်းဆံကြိုးများ ဖြစ်လေသည်။

ကျွန်ုပ်တို့လူစု ရောက်သွားသောအခါ၌ လူထုကြီးသည် အရပ်လေးမျက်နှာလုံးတွင် ကြိတ်ကြိတ်တိုးလျက်ရှိရာ၊ ပတ်ဝန်းကျင်တစ်ဝိုက်၌ရှိသော သစ်ပင်များမှာလည်း လူကောင်မျောသီးလျက်ရှိတော့သည်။ အရာရှိများနှင့် ကျွန်ုပ်တို့လူစုဝင်သွားရန်အတွက် ဖယ်ရှားပေးကြသော်လည်း အတွင်းသို့ရောက်သောအခါ အချို့လူများသည်အပြင်ကြိုးတန်းမှ အတွင်းသို့ကျူးကျော်ကာ ကုလားထိုင်များအကြားသို့ ရောက်နေကြသည်နှင့် ရာဇဝတ်ဝန်ကလေးက "ရှင်းလိုက်စမ်းဟေ့"ဟု အမိန့်ပေးလိုက်သည်နှင့် ပုလိပ်၄ယောက်တို့သည် ကြိမ်လုံးဖြင့် တရွှန်းရွှန်းရိုက်ထုတ်ကြသည်။ တောသားမည်သည်မှာ မဝင်ရဟုသိလျက်နှင့်လည်း တားဆီးသူမရှိလျှင် ဝင်တတ်ကြပေရာ၊ အာဏာပိုင်များက ရိုက်ထုတ်ပြန်တော့လည်း ခုခံတော်လှန်သူမရှိဘဲ ခါးကော့သူကော့ တင်ပါးကိုပွတ်သူပွတ်လျှက် ထွက်သွားရှာကြပါပေသည်။ အချို့မှာ ကြိုးဝိုင်းထဲမှ ရိုက်ထုတ်၍၊ မဟားတယားထွက်ပြေးရာတွင် ရုတ်တရက် နေရာမရနိုင်ဘဲ၊ ဟိုကတွန်း ဒီကဖယ်ပြုလုပ်နေကြသည်နှင့် ဗရုတ်ဗရက်ဖြစ်၍ အတော်ကြာရှည်စွာ ရှိနေသေးသည်။

ကျွန်ုပ်တို့လူစုသည် အပြင်ကြိုးဝိုင်းထဲသို့ ရောက်ကြ၍ ကုလားထိုင်တစ်လုံးစီတွင်ထိုင်ကြစဉ် ကိုဇော်ဟိတ်၊ ဥျန်နီဝစ္စမှုလာ၊ ဒိုင်လူကြီးကျောင်းအုပ် ဦးဘတုတ်နှင့် စက္ကင်း ၂ယောက်တို့သည် အတွင်းကြိုးဝိုင်းသို့ ကျော်ဝင်သွားကြသည်။ အချိန်ပေးသော ဝန်ကလေး ဦးသန်းတင်ကမူ အပြင်ကြိုးဝိုင်း





ထိပ်တွင် စားပွဲကလေး၌ မောင်းတစ်လုံးနှင့်ထိုင်လျှက်ရှိ၏။ အင်္ဂလိပ်လက်ဝှေ့မကြည့်ဖူးသဖြင့် ရွှေလီမြစ်ရိုးတစ်လျှောက်လုံးမှ လာရောက်ကြသောပရိသတ်လူထုကြီးမှာ ကြည့်ချင်လှပြီးဖြစ်၍ စိတ်အားတက်ကြွသော အသံများဖြင့် တဝေါဝေါ ဟသောသော ဆူညံလျက်ရှိတော့သည်။

လက်ဝှေ့သမား ၂ ယောက်တို့သည်၊ အတွင်းကြိုးဝိုင်းသို့ရောက်သောအခါတွင်၊ ကိုယ့်စက္ကင်းနှင့်ကိုယ် စကားတီးတိုးပြောယင်း ကိုယ့်ထောင့်၌ ကိုယ်ထိုင်လျက်ရှိကြရာ ကိုဇော်ဟိတ်သည် တနင်္ဂနွေထောင့်၌ထိုင်၍ ဝစ္စမှုလာမှာ စနေထောင့်၌ ထိုင်လေသည်။ ဒိုင်လူကြီးက ပရိသတ်များအား ကောင်းမွန်စွာကြည့်ကြဘို့ သတိပေး၍ လက်ဝှေ့သမား ၂ ယောက်တို့အား မေးငေါ့လိုက်သည်တွင် ကိုဇော်ဟိတ်တို့သည် ခွပ်ကျယ်အင်္ကျီများကိုချွတ်၍ ကိုယ်တုံးလုံးဖြင့် လူလုံးပြသလို ရပ်လိုက်ကြရာ၊ ပရိသတ်လည်း ဝေါခနဲ ဖြစ်သွားတော့သည်။ ကျော၊ ရင်ဘတ်နှင့်လက်မောင်းများတွင် ကြွက်သားကြီးများဖုတက်နေအောင် လေ့ကျင့်ထားသည့် ကိုယ်လုံးမျိုးကို ၎င်းတို့မမြင်ဖူးသောကြောင့်ပေတည်း။

အချိန်ပေးသော ဝန်ကလေးက "နှောင်"ခနဲ မောင်းထုလိုက်၍ လက်ဝှေ့သမား နှစ်ယောက်ထလိုက်ကြသည်နှင့် တစ်ပြိုင်နက် တဝေါဝေါညံနေသော ပရိသတ်သည် ဘာရိတ်အုပ်လိုက်သောအခါ စက်ကဲ့သို့ ရုတ်တရက် တိတ်သွား၏။ ဒိုင်လူကြီးက မိတ်ဆက်ပေး၍ တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်ကြပြီးနောက်၊ အချိန်ပေးသော ဝန်ကလေးက "စက္ကင်းများအပြင်ထွက်ကြ" ဟုပြောလိုက်သဖြင့် စက္ကင်းနှစ်ယောက်တို့သည် အတွင်းကြိုးဝိုင်း မှ အပြင်ကြိုးဝိုင်းသို့ ထွက်လာကြသည်နှင့် တစ်ပြိုင်နက်၊ "အသင့်ရှိစေနော်၊ ကိုင်း သတ်တော့"ဟု ပြောလိုက်လေသည်။

လက်ဝှေ့သမား နှစ်ယောက်ယှဉ်ရပ်လိုက်ကြလျှင်ပင် အပြင်ကြိုးဝိုင်း၌ရှိသော လက်ဝှေ့နားလည်သော လူများသည် ဝမ်းထဲ၌ထင်မြင်ချက်ပေးလျှက်ရှိကြဟန်တူ၏။ ဥျန်နီဝစ္စမှုလာသည် ကိုဇော်ဟိတ်ထက် ၁၀ နှစ်ငယ်၍ အလွန်ဖျတ်လတ်သည်ဟု နာမည်ကြီးသူလည်းဖြစ်၏။ ကိုဇော်ဟိတ်မှာ မြန်မာယောကျ်ားထဲ၌ အရပ်မြင့်သော လူတစ်ယောက်ဖြစ်သည် မှန်သော်လည်း ဥျန်နီဝစ္စမှုလာသည် ကိုဇော်ဟိတ်ထက် တစ်လက်မကျော်ကျော်မြင့်၍ လက်တံလည်းရှည်သေး၏။ တစ်လက်မဟူသော အတိုင်းအထွာသည် လူ၏ အရပ်နှင့်ပတ်သက်၍ လွန်စွာအရေးကြီး၏။ တစ်လက်မဆိုသော်လည်း သူ



www.burmeseclassic.com

www.burmeseclassic.com



ချင်းယှဉ်လိုက်သည့်အခါ၊ အတော်ကွာခြားသည်ဟု ထင်ရတတ်၏။ ထိုသို့သောအခြင်းအရာများကြောင့် ကြိုးဝိုင်းအတွင်းရှိ လူများအနက်၊ ကျွန်ုပ်မှတစ်ပါး ဂျွန်နီကို နိုင်လိမ့်မည်ထင်သူတို့သာ များကြပေသည်။ ကြိုးဝိုင်းအပြင်ဘက်၌ရှိသော တောသားပရိသတ်ကမူ၊ မည်သူနိုင်၍ မည်သူရှုံးလိမ့်မည်ဟု အကဲမခတ်တတ်သော်လည်း မြန်မာနိုင်စေလိုသော ဆန္ဒရှိကြသည်အလျောက် "ဇော်ဟိတ်ကွ" "ကိုဇော်ဟိတ်" စသည်ဖြင့် ကြွေးကြော်အားပေးကြလေတော့သည်။

ကျွန်ုပ်သည် ကိုဇော်ဟိတ်၏အစွမ်းကို သိသဖြင့်၊ ဖျတ်လတ် သွက်လက်၍၊ အမော ခံနိုင်အောင် အရာခပ်သိမ်း လေ့ကျင့်ထားခြင်းကို ရိပ်မိသော်လည်း အသက်ချင်းကွာလွန်းသည့်အတွက်ကြောင့်၊ စိုးရိမ်မိသည်။ လက်ဝှေ့ဟူသည်မှာ ၃၅ နှစ်ကျော်လျှင် "ဟိုင်း"သည်ဟုခေါ်ရမတတ် အငယ်ကြိုက်သော ပညာတစ်ခုဖြစ်ရာ ရာဂျီးလူပီကိုယ်တိုင် ၎င်းအရွယ်၌ ချန်ပီယံဘွဲ့ကိုစွန့်လွှတ်ရသော ထုံးလည်းရှိ၏။ ဂျွန်နီမှာ ၂၅ နှစ်မျှသာရှိ၏။ သို့သော် အပျော်လိုက်ချင်တတ်သော ဝါသနာရှိသည်ဟု ကြားရဘူးသည့် အချက်တစ်ခုမျှသာ အားကိုးရတော့သည်။ မည်သို့ဆိုစေ၊ အလုံးစုံခြုံ၍ ဆင်ခြင်လိုက်သော် ကိုဇော်ဟိတ်၏ ခွဲနှင့်ခံနိုင်ရည်ကို ဂျွန်နီသာမက သူ၏ဘိုးအေသည်လည်းမှီနိုင်လိမ့်မည် မဟုတ်ဟု ကျွန်ုပ်ပြဋ္ဌါန်းပြီး ဖြစ်လေသည်။

ယှဉ်လိုက်သည်နှင့်တပြိုင်နက်၊ ဂျွန်နီသည် ဘယ်ခြေထောက်ကိုရှေ့သို့ခင်း၍၊ ဘယ်ဘက်လက်သီးကိုလည်း ရှေ့သို့ထုတ်ကာ မျက်နှာကိုနောက်သို့ပစ်ပြီး ညာလက်သီးကို ရင်ဘတ်၌ကာထားရကား သူ့မျက်နှာအား ထိအောင်ထိုးရန် အလွန်ခဲယဉ်းလေပြီ။ ကိုဇော်ဟိတ်မူကား တည်ခင်းပုံတစ်မျိုးဖြစ်၏။ ဒူးနှစ်ဘက်ကိုအနည်းငယ်ညွှတ်၍၊ ရန်သူကိုတည့်တည့်ကြီး ရင်ဆိုင်ကာ လက်သီးကြီး ၂ လုံးကို မေးစေ့ရှေ့၌ ခပ်ရိုရိုထားလေရကား ဘယ်လက်နှင့်ဖြစ်စေ၊ ညာလက်နှင့်ဖြစ်စေ၊ ထိုးသတ်ရန် အဆင်သင့်ရှိတော့သည်။ ယင်းကဲ့သို့ မျက်နှာချင်းဆိုင်ရပ်ကာ တစ်ယောက်ကိုတစ်ယောက် ရှူးရှူးစိုက်စိုက် အကဲခတ်လျက်ရှိစဉ် ပရိသတ်တို့သည် ဤလူနှစ်ယောက်တို့၏ လက်ရိပ်လက်ခြေကို အလွတ်တရာ စိတ်ပါဝင်စားစွာဖြင့် စောင့်ကြည့်နေကြသည်ဖြစ်၍ ဘာသံမျှမကြားရအောင် တိတ်ဆိတ်လျက်ရှိရကား၊ လက်ဝှေ့သမား နှစ်ယောက်၏စိတ်ထဲ၌ လူသူကင်းဝေးသော တောနက်ကြီးထဲ၌ မိမိတို့နှစ်ယောက်ထည်းရှိနေကြသည်ဟု ထင်မည်ဆိုက ထင်နိုင်လောက်ပေတော့သည်။





ဤလက်ဝှေ့ပွဲမှာ မခံချင်၍ ထိုးသတ်ကြသောကြောင့် ကိုယ်အလေးချိန်ကို ချိန်ခွင်၌ အသေအချာချိန်တွယ်ခြင်းမရှိသော်လည်း၊ ကိုဇော်ဟိတ် သည် ၁၂–စတုံပတ်ဝန်းကျင်၌ ရှိလိမ့်မည်ထင်ရပေရာ၊ ဂျွန်နီမှာ ၁၁ စတုံခွဲသာသာမျှရှိ၍၊ ကိုဇော်ဟိတ်ထက် စတုံတစ်ဝက်ခန့် အချိန်ပေါ့၏။ သို့ရာတွင် ဂျွန်နီ၏ အရပ်မြင့်ခြင်း၊ လက်တံရှည်ခြင်း၊ အရွယ်ကောင်းခြင်း၊ ခြေရှော လက်ပါသွက်လက်ခြင်းတို့ကြောင့်၊ ဂျွန်နီဘက်မှ ကြိုက်ချင်စရာ ဖြစ်နေ၏။ ဂျွန်နီကလည်း မိမိက သာသောအချက်များကို အစွမ်းကုန်အသုံးချမည်ဟု စိတ်ကူးထားဟန် လက္ခဏာဖြင့် ကိုဇော်ဟတ်ကို ခပ်လှမ်းလှမ်းမှ အကဲစမ်းသော အနေမျိုးဖြင့် လှည့်ပတ်ကာ တို့ကဆိတ် တို့ကနန်းလုပ်လျက်ရှိ၏။ ဂျွန်နီသည် သွက်လက်သော ခြေထောက်များဖြင့် ကိုဇော်ဟိတ်ကို ပတ်ချာလှည့်လျက် ကိုဇော်ဟိတ်၏ လက်တံမမီနိုင်လောက်သော နေရာမှ မျက်နှာဖြင့် အရိုက်ဆီသို့ အဟုတ်တကယ် မထိုးသေးဘဲ၊ တို့ရုံ ထိရုံဖြင့် အကဲစမ်းလျက်ရှိရာ၊ ကိုဇော်ဟိတ်ကမူ တစ်နေရာ၌ ရပ်လျက် ဂျွန်နီရှိရာ ဘက်သို့လိုက်လာအောင် မြူခေါ်သောသဘောဖြင့် နောက်သို့ခြေတစ်လှမ်း ဆုတ်ပေးလိုက်ရာ၊ ကိုဇော်ဟိတ်ကမူ ဦးခေါင်းရမ်းလျက် သွားဖြီးကာပြုံးလေသည်။ အမှန်မှာ လက်ဝှေ့အရွယ် လွန်လုမတတ်ဖြစ်နေသော လူက အရွယ်ကောင်း၍ ဖျတ်လတ်သော လူငယ်နောက်သို့ လိုက်၍ ထိုးရန် မဖြစ်နိုင်ချေ။

မြူးခေါ်သောစနစ်ကို ချက်ခြင်းပြောင်းလဲလိုက်လိမ့်မည်ဟု မထင်ရသေးမီ၊ ဂျွန်နီသည် ကျားသစ်တစ်ကောင်၏ပေါ့ပါးလျင်မြန်ခြင်းဖြင့် ဖြုန်းကနဲခုန်ဝင်လိုက်ရာ၊ ကျွန်ုပ်တို့မှာ လက်သီးချက်များကိုပင် ကောင်းစွာမမြင်လိုက်ရဘဲ ဖတ်–ဖတ်–ဖတ် ဗုန်းဗုန်းမြည်သော အသံများကို ကြားလိုက်ရသည်။ "ဖတ်"ခနဲ မြည်သော ၃–ချက်မှာ ဂျွန်နီက ကိုဇော်ဟိတ်၏မျက်နှာကို ထိုးလိုက်ခြင်း၍၊ "ဗုန်း"ခနဲ မြည်သော နှစ်ချက်မှာ ကိုဇော်ဟိတ်က ဂျွန်နီ၏နံရိုးကိုထိုးလိုက်ခြင်းဖြစ်သည်။ နောက်တခဏ၌ ဂျွန်နီသည် နောက်သို့ ဖျပ်ခနဲခုန်ထွက်လိုက်ရာ၊ သူ၏ ဖြူဖွေးသော နံဘေးသားတွင် အနီရောင်သန်းသည်ကိုမြင်ရ၍၊ ကိုဇော်ဟိတ်၏ နှုတ်ခမ်းမှမူ သွေးအနည်းငယ် ယိုစီးကျသည်ကိုတွေ့ရသည်။ ဤတွင် နားမလည်သော တောသားများက "ကွဲပြီဟ ကွဲပြီ"ဟုအော်ကြ၏။ ထိုလူများသည် မြန်မာလက်ဝှေ့မှာကဲ့သို့ သွေးထွက်လျှင် "ကွဲသည်" ဆို၍ရှုံးပြီဟု ထင်ကြသောကြောင့် ဖြစ်လေသည်။ ဂျွန်နီသည် နောက်တစ်ကြိမ် ခုန်ပြန်၍ ဘယ်လက်သီးဖြင့် ခြောက်ပြီး၊ ညာလက်



www.burmeseclassic.com

www.burmeseclassic.com



သီးဖြင့် ကိုဇော်ဟိတ်၏ ပါးကိုထိုးရင်း၊ ကိုဇော်ဟိတ်က အရိုက်သို့ထိုးလိုက်သော လက်သီးချက်ကို ဘယ်လက်ဖြင့် ကာကွယ်ကာ၊ နောက်သို့ ပြန်ခုန်ထွက်ရာတွင် မြက်ပေါ်၌ ခြေချော်လဲသွား၏။ တောသားများကမူ ခြေချော်ခြင်းကို မမြင်လိုက်ရ၊ လဲကျခြင်းကိုသာ မြင်လိုက်ကြရသည်နှင့် "ကျပြီဟ၊ ကျပြီ ကျပြီ" ဟု ဝမ်းမြောက်ကာ ဟစ်အော်ကြလေသည်။

ဤတွင် 'နောင်'ခနဲ တီးလိုက်သော မောင်းသံကြားရ၍ တစ်ချီပြီးဆုံးသွားသည်နှင့် လက်ဝှေ့သမားများသည် ကိုယ့်နေရာသို့ ကိုယ်သွားကြလေသည်။

ကိုဇော်ဟိတ်သည် ရေတစ်ခွက်တောင်း၍ ပလုပ်ကျင်းလိုက်ရာတွင် ထွေးလိုက်သောရေမှာ ရဲရဲနီလျက်ရှိသဖြင့် သွားကိုခိုက်မိဟန် တူလေသည်။

ကိုဇော်ဟိတ်၏ စက္ကင်းက နားသို့ကပ်၍ "သတိထားဆရာရေ၊ သူက မိတဲ့ လက်သီးချက်က များတယ်နော်" ဟု တီးတိုးပြောလိုက်ရာ၊ ကိုဇော်ဟိတ်က ပြုံးလျက် "ကိစ္စမရှိပါဘူးဗျ၊ ကျုပ်က သူ့ထက်ခံနိုင်ရည် ရှိပါတယ်" ဟုပြန်ပြောသည်။ မည်သို့ဆိုစေ၊ ဤပထမတချီတွင် ဂျွန်နီက အရေးသာခဲ့သာမက၊ အဆုံးတွင်လည်း နိုင်ဖို့လမ်းများသည်ဟု ထင်မြင်ချက်ပေးကြလေသည်။ ကိုဇော်ဟိတ်၏ လက်ဝှေ့စွမ်းကိုသိသော တောအုပ်ကြီးကမူ "ကိုဇော်ဟိတ်သတ်ပုံသတ်နည်းမှာ၊ အပြစ်ကလေးတွေလဲရှိတယ်၊ ထူးထူးကဲကဲကောင်းတဲ့အချက်ကလေးတွေလဲရှိတယ်။ ဒီပထမအချီမှာတော့ ကောင်းတာတွေ မတွေ့ရသေးဘဲ အပြစ်တွေလောက်သာ တွေ့ရတယ်၊ သူ့ခြေထောက်က ဂျွန်နီ လောက်မသွက်လေတော့ လွတ်အောင်မထိန်းနိုင်ဘဲ၊ ထိုးသမျှ ထိနေကန်ပြီလေ" ဟု ညည်းတွားသံဖြင့် ပြောလိုက်သေးရာ ဤတွင် ကျွန်ုပ်ကမခံချင်သည်နှင့် "ထိချင်ထိပါစေဗျား၊ သူ့သုံးချက်နဲ့ ကိုဇော်ဟိတ် တစ်ချက်နဲ့ အတူတူပါဘဲ" ဟု ပြန်ပြောလိုက်ရသည်။

"နောင်" ခနဲမောင်းတီး၍ လက်ဝှေ့သမားနှစ်ယောက်တို့သည် ကိုယ့်ထောင့်မှအသီးသီးထွက်လာကြရာ စက္ကင်းများ၏ပွတ်သပ် ပြုပြင်ပေးမှုကြောင့် အလွန်လတ်ဆပ်ကြ၍ ယခုမှစတင်သတ်ခြင်းဟူ၍ပင် ထင်နိုင်လောက်ပေသည်။ ဂျွန်နီသည် စလျှင်စချင်း ဘယ်လက်သီးတစ်လုံး သွင်းလိုက်ရာ၊ အချိန်အဆလွဲသွားသည်နှင့် သူ၏လက်သီးသည် ကိုဇော်ဟိတ်ကို ကောင်းစွာမထိဘဲ၊ ကိုဇော်ဟိတ်၏ လက်သီးချက်ကြောင့် ဂျွန်နီသာလျှင်၊ ကြိုးတန်းဆီသို့ ယိုင်ခနဲ ထိုးသွား၏။ ပရိသတ်များလည်း "ဇော်ဟိတ်ကွ"





"ကိုဇော်ဟိတ်ကွ" ဟု ဆူညံစွာ ဩဘာပေးကြသည်။ ဤတွင် ဂျွန်နီလည်း ရေစွတ်ခွေးသည် မိမိကိုယ်မှ ရေများကို လှုပ်ခါချသည့် အမူအရာမျိုးဖြင့် ခေါင်းရောကိုယ်ပါ တစ်ကိုယ်လုံးလှုပ်တဲ့ပြီး၊ ကိုဇော်ဟိတ်နေသည့် ကြိုးဝိုင်းအလယ်သို့ ကျားသစ်သဖွယ် တရှူးရှူးလှမ်းလာစဉ် ဝိုကနဲမြည်အောင် လွှတ်လိုက်သော ကိုဇော်ဟိတ်၏ ညာလက်သီးကို တစ်တောင်ဖြင့်ကာလျက် ရယ်မောကာ နောက်သို့ ဆုတ်လိုက်လေ၏။ ထိုအခါ နှစ်ယောက်စလုံးမှာ အနည်းငယ် အသက်ရှူပြင်းလာ၍ တရှိုးရှိုးမြည်သော သူတို့၏ ရှိုက်သံများဖြင့် တစ်ယောက်ကိုတစ်ယောက် လှည့်ပတ်နေကြသော ခြေသံများသည် တောက်လျှောက် ရောယှက်ကာပေါ်ထွက်လာလေတော့သည်။ တစ်ခဏ၌ နှစ်ယောက်လုံးက တစ်ချက်စီ တစ်ပြိုင်နက်တည်း လွှတ်လိုက်သော ဘယ်လက်သီးသံကြီးသည် သေနတ်ဖေါက်လိုက်သကဲ့သို့ ဖျောင်းခနဲမြည်သွား၏။ ထို့နောက် ဂျွန်နီ ယိုင်သွားသည်နှင့် ကိုဇော်ဟိတ်က အလဲထိုးတော့မည်ဟု ဗွတ်ဝင်လာသည်တွင် ဂျွန်နီက ဖျတ်လတ်စွာတိမ်းလိုက်ပြီး နားရင်းကို လက်ပြန်အုပ်လိုက်ရကား၊ ကိုဇော်ဟိတ်မှာ လက်သီးရှိန်ထက် ကိုယ့်ဟာကိုယ် အားလွန်ခြင်းဖြင့် မြက်ပေါ်သို့ ဟပ်ထိုးကျသွားလေသည်။

ဤအခါ ကပြားသုံးလေးယောက်တို့က "ဝဲလ်ဒန်း ဂျွန်နီ" ဟု အားပေးကြရာ ပရိသတ်ကလည်း "ဇော်ဟိတ်ကွ" ဟုပြိုင်၍အော်ကြသည်နှင့် ကွင်းကြီးတစ်ခုလုံး မိုးချုန်းသကဲ့သို့ ဟိန်းတက်သွား၏။ ဤအချိန်တွင် ပွဲကြည့်ပရိသတ်သည် သွေးပူလာကြပြီဖြစ်၍ ဖုန်းကနဲမြည်သော လက်သီးသံတစ်ချက်ပေါ်ထွက်လာတိုင်း အုန်းခနဲဝုန်းခနဲ ဟိန်းသွားအောင် ဩဘာပေးကြလေတော့သည်။ ရှေ့အဖို့တွင် လူများသည် ဘိုကပြားသော မြန်မာသော မရွေးတော့ဘဲ၊ လက်သီးပြင်းပြင်းဖြင့် နာအောင်ထိုးနိုင်ခြင်းကိုသာ ကြားလိုကြသည်ဖြစ်၍ မည်သူက ထိုး၍မည်သူက ရှုံးသွားသည်ဖြစ်စေ၊ "ကြိတ်လိုက်ကွ" "ဆော်လိုက်စမ်းကွ" "ချပါလားကွ" စသည်ဖြင့် ကုန်းအော်ကြလေတော့သည်။

"နောင်" ကနဲမောင်းသံကြားသည်နှင့်၊ စက္ကင်းများသည် ကိုယ့်လူကို ကိုယ့်ထောင့်သို့ခေါ်သွား၍ ချွေးသုတ်ခြင်း၊ မျက်နှာသုတ်ပဝါများဖြင့် ယပ်ခတ်ခြင်းစသည်ဖြင့် "ကြက်ပွဲ" များနည်းတူ ဖင်မှုတ်ခေါင်းမှုတ် လုပ်ပေးကြ၏။ အပြင် ကြိုးဝိုင်းတွင်း၌လည်း ဘိုကပြားသုံးယောက်တို့သည် [illegible] သောမျက်နှာများဖြင့် "သေချာပြီကွ သေချာပြီ၊ ရှုံးဝါးရှော့ခဲ" ဟု [illegible] ချင်းပြောလျက်ရှိကြရာ၊ မြို့အုပ်က "ဘာသေချာတာလဲ၊ ဒီလို [illegible]



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုဇော်ဟိတ်တို့က အကွာကြီးပဲ"ဟု ပြန်ပြောလိုက်သည်။ ထို့နောက် မြို့အုပ်သည် ကိုဇော်ဟိတ်အနီးသို့ ချည်းကပ်၍ "ဘယ်နှယ့်ရှိလဲဗျို့"ဟုတီးတိုး မေးလိုက်ရာ၊ ကိုဇော်ဟိတ်က အခုမှ လက်ချွေးရတုန်းပါဗျာဟု သွားဖြီးကာ ပြန်ပြောလိုက်သည်။

လက်ဖွေ့ထိုးသော ဌာနအုပ်တစ်ယောက်က မြို့အုပ်ထံချဉ်းကပ်၍ "မြို့အုပ်မင်းလူက ခံစစ်ဖြစ်နေတယ်၊ တိုက်စစ်ဆင်မှ တော်မယ်ထင်တယ်" ဟု ပြောလိုက်ရာ၊ မြို့အုပ်က "ဟေ့လူ ကိုဇော်ဟိတ်က ခင်ဗျားထက်အပြန်တစ်ရာ နားလည်ပါတယ်၊ တိတ်တိတ်နေစမ်းပါ" ဟုပြန်ပြောလိုက်သည်။

"နောင်"

လက်ဖွေ့သမားနှစ်ယောက်သည် မိမိတို့၏ လတ်ဆပ်သော အခြေအနေကိုဖေါ်ပြလိုဟန်ဖြင့် ကြိုးဝိုင်းအလည်သို့ ငေါက်ခနဲထလာကြရာ၊ စက္ကင်းများကပင် နောက်ကျကျန်ရစ်ခဲ့သည်။ ကိုဇော်ဟိတ်၏ ပါးတစ်ခြမ်းမှာ မဆိုစလောက် ဖူးယောင်သလိုရှိနေသော်လည်း သူ၏ပြုံးဖြီးကြီးရှိသော မျက်နှာထားကိုမြင်ရသည်မှာ အားရှိဖို့ကောင်း၏။ ဂျွန်နီမှာ ဤတစ်ချီတွင် ပထမအချီမှာကဲ့သို့ပင် ဒဏ်ရာကင်းသော မျက်နှာရှိနေသော်လည်း၊ သူ၏ နံရိုးများနီရဲရာမှ ညိုမှိုင်းသောအရောင် ဖြစ်လာကြလေပြီ။ တစ်ချက် တစ်ချက်တွင် အသက်ရှူခက်သည့်ဟန်ဖြင့် ကုန်းပေါ်သို့ပစ်တင်လိုက်သော ငါးကဲ့သို့ ပါးစပ်ကဟ,ဟဖြစ်သွားသည်ကိုလည်း မြင်ရ၏။ ဂျွန်နီသည် နံဘေးနှင့် အရိုက်တို့ကိုရှေးကထက် ဂရုတစိုက်ကာကွယ်လျက် ရှိသော်လည်း၊ ကိုဇော်ဟိတ်အားပတ်ချာလှည့်၍ အမျိုးမျိုး တိုက်ခိုက်လျက်ပင်ရှိရာ၊ ကိုဇော်ဟိတ်မှုကား မထီတရီဖြင့် သူ့နေရာ၌ လှည့်ပတ်ကာကွယ်လျက်ပင်ရှိ၏။

ဂျွန်နီအကြောင်းကိုသိသူများက ဘယ်ရောညာပါ လက်သီးအလွန်မြန်သည်ဟု ပြောကြဖူး၏။ ယခုမျက်မြင်ဒိဋ္ဌ တွေ့ရသည်တွင် သူတို့ပြောသလောက်မျှမက၊ ပလုတ်တုတ်ခေါက်သလို ရှိပါဘိ၏။ တစ်ချက်တစ်ချက် ဖရုတ်ဖရုတ်မြည်သောအသံများ ဖြစ်ပေါ်သည်တွင်၊ မည်သည်ကား ဘယ်လက်သီး မည်သည်ကား ညာလက်သီးဟူ၍ မခွဲခြားနိုင်အောင် ရှိတော့သည်။ သူ၏လက်သီးချက်များကိုမြင်ရသည်မှာ မီးရထားစက်ခေါင်းခုတ်လာသောအခါတွင် အားပေးသံကြီးများကို ကြည့်ရသည်နှင့် တူလှသည်။ ဤတစ်ချီနှင့် နောက်နှစ်ချီတို့တွင် ဂျွန်နီ၏ လက်သီးချက်များသည် မိုးသီးမိုးပေါက်ဖြစ်နေ၍၊ ကမ္ဘာ့ချန်ပီယံများပင် ဂျွန်နီထက် လက်သီးပြင်းလျှင်သာ ပြင်းနိုင်မည်၊ ပို၍သွက်





ရန်ကား ဖြစ်နိုင်စရာမရှိတော့ပြီသို့ ကျွန်ုပ်စဉ်းစားမိပါတော့သည်။ သူ၏ လက်သီးများမှာ အသံသာကြားရ၍ မြင်လိုက်ရသည် မဟုတ်ချေ။ ဂျွန်နီသည် ကိုဇော်ဟိတ်ဆီသို့ သဘောရှိ ဝင်ချည်ထွက်ချည်ဖြင့် ဖရုတ် ဖရုတ် လုပ်နေရာ၊ ကိုဇော်ဟိတ်မှုကား ပြုံးဖြီးကြီးဖြင့် မှန်မှန်ကြီးခုခံလျက် ရှိ၏။ ဤမျှလောက်သွက်လက် လျင်မြန်ရသည့်အထဲတွင် ဂျွန်နီ၏အရပ် သည် ကိုဇော်ဟိတ်ထက် တစ်လက်မမြင့်၍၊ လက်တံလည်း ရှည်ပြန်ရကား၊ ကိုဇော်ဟိတ်သည် ဂျွန်နီ၏ မျက်နှာကို မကြံစည်နိုင်ဘဲ အရိုက်နှင့် နံဘေးမျှလောက်ဖြင့်သာ ကျေနပ်ရလေတော့သည်။

ဤအခြင်းအရာကိုတွေ့ရသောအခါ၊ ကျွန်ုပ်အနီး၌ရှိသော ဘိုကပြားတစ်ယောက်က "ဘာပြောချင်သေးလဲ မစ္စတာ ရွှေဥဒေါင်း"ဟု ထပ်ခါတလဲလဲ မေးလိုက်ရာ၊ ကျွန်ုပ်က ဘာမျှပြောစရာမရှိသည်နှင့် ဆိတ်ဆိတ်နေလိုက်ရသည်။ ဆဋ္ဌမအချီ၌ ကိုဇော်ဟိတ်၏ပါးချိတ်တွင် လက်သီးနှစ်ချက်ဆင့်မိ၍ တစ်ချက်မျှ မတုန့်ပြန်လိုက်ရဘဲ တစ်ဘက်သတ်ခံလိုက်ရသည်နှင့်၊ ထိုဘိုကပြားသည် သဘောကျလွန်းအားကြီးသည်နှင့် "ဘာပြောချင်သေးလဲ"ဟူ၍ပင် ကျွန်ုပ်အားမမေးနိုင်ဘဲ ဩဘာပေးပြီးရင်း ပေးရင်း တစ်ဆက်တည်း ဆူညံနေတော့သည်။

ထိုအချိန်၌မူ ဘယ်သူက ထိုးသည်ဖြစ်စေ၊ နာနာထိုးလျှင် ကျေနပ်သည်ဆိုသော လူများနှင့်ကပြားများသာလျှင် ဩဘာပေးနိုင်တော့၏။ ကိုဇော်ဟိတ်ဘက်မှ မေတ္တာထားကြသောအပြင် ကြိုးဝိုင်းတွင်းမှ လူများမှုကား၊ ရင်လေးလျက်ရှိကြလေဟန်ပြီ။ ကျွန်ုပ်မှာ ကပြားများဘက်သို့ အလှည့်မလှည့်တော့ဘဲ ဆေးတံကို တစ်ဆုံပြီးတစ်ဆုံ ဖွာလျက်ရှိတော့သည်။

သတ္တမအချိန်မှုကား၊ ဝါရင့်သည့်အလျောက် ခွန်အားမွေးထားသော ကိုဇော်ဟိတ်သည် တစ်လှည့်တစ်ပတ် အစွမ်းပြခွင့်ရလာသည်နှင့် ကပြားများ တိတ်ဆိတ်စပြုလာ၏။ သူတို့၏အထင်မှာ ကိုဇော်ဟိတ်သည် မည်သည့်နည်းနှင့်မျှ လုတက်လာနိုင်ခွင့်ရှိတော့မည် မဟုတ်သောကြောင့်၊ ဂျွန်နီကချက်ကောင်းကိုချိန်ပြီး တစ်ချက်နှစ်ချက် ဆင့်အုပ်ထည့်လိုက်လျှင် "နောက်ကောက်"ကျသွားရုံ ရှိတော့သည်ဟု တွက်နေကြ၏။ စင်စစ်မှာ ထိုအချိန်၌ မျက်နှာချင်းဆိုင်ကာစတွင် ဂျွန်နီကလည်းနိုင်လက်စဖြင့် တွန်းပြီးတွယ်လိုက်မည်ဟု အကြံရှိဟန်တူ၏။ သို့ရာတွင် ကျွန်ုပ်မှုကား၊ ကိုဇော်ဟိတ်၏ ခက်ထန်သောမျက်နှာထားတွင် တင်းမာလှစွာသော ပြုံးခြင်းကိုမြင်လိုက်ရသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ သူတို့ထင်တိုင်းသဘောရှိ ကျင့်နိုင်မည်မဟုတ်သေးဟု အားထားမိ၏။ စင်စစ်မှာ ဤတစ်ချီတွင် ကိုဇော်ဟိတ်သည် မထီတရီ မဟုတ်တော့ဘဲ ဖျတ်လတ်လာသည်ဟူ၍လည်း ထင်လိုက်မိသည်။

ရှေးဦးစွာ ဂျွန်နီက ဘယ်လက်သီးတစ်လုံး စမ်းလိုက်ရာ၊ ရည်မှန်းရာဘက်သို့မရောက်ဘဲ ကိုဇော်ဟိတ်ထံမှ နံရိုးဆီသို့ ရှိခနဲမြည်အောင် လွှတ်လိုက်သော ညာလက်သီးတစ်ချက်ကို လွှတ်ရုံကလေးမျှ ရှောင်လိုက်နိုင်သည် "ကြိတ်လိုက်စမ်း ဖေ့သားကြီး၊ ဒါမျိုးတစ်လုံးမိယင် နံရိုးသွင်သွင်ကျိုးသွားမယ်၊ ဘာမှတ်လို့လဲ"ဟု မြို့အုပ်က တီးတိုးအားပေးလိုက်၏။ နောက် တစ်ခဏ တရှပ်ရှပ်မြည်သော ခြေသံများနှင့်ရှူးရှူးရှဲရှဲမြည်သော အသက်ရှူသံများ ရုတ်တရက်ရပ်နားသွား၍၊ ဂျွန်နီက ကိုဇော်ဟိတ်၏ ကိုယ်လုံးကိုထိုးလိုက်သော လက်သီးသံကြီးသည် ဖုန်းကနဲ ပေါ်ထွက်လာ၏။ သို့ရာတွင် လက်သီးသည် ကိုယ်လုံးသို့မရောက်မီ ကိုဇော်ဟိတ်က ကာဆီးလိုက်သည်နှင့်၊ လက်သီးချင်းတိုက်မိခြင်းမျှသာဖြစ်လေသည်။ နောက်တစ်ဖန် စက္ကန့်အနည်းငယ်ဆိုင်းလင့်ပြီးနောက်၊ ဂျွန်နီကပင် ကိုဇော်ဟိတ်၏မျက်နှာသို့ လက်သီး တစ်လုံး လွှတ်လိုက်ပြန်ရာ၊ ကိုဇော်ဟိတ်က လက်မောင်းဖြင့်ကာလိုက်ပြီး ပြုံးဖြီးဖြီး လုပ်ပြသေးသည်။ ကပြားတစ်ယောက်က "ငရုတ်ကောင်း ပေးလိုက်ပါဦးလားကွ"ဟု ဂျွန်နီကိုအားပေးစဉ်၊ ဂျွန်နီသည် ကိုဇော်ဟိတ်ထံသို့ ဖွတ်ဝင်၍ ဘယ်ရောညာပါ ဆက်ကာဆက်ကာ လွှတ်သော်လည်း၊ ကိုဇော်ဟိတ်က ရင်ဘတ်ဆီသို့ ဘာလက်သီးနှစ်လုံးလွှတ်ထားသည်နှင့် အရာ မရောက်ခဲ့ချေ။ ဤအတွင်း ကိုဇော်ဟိတ်၏စက္ကင်းက "ဆက်ပေးပါ၊ ဆက်ပေးပါ" "မဆုတ်ပါနဲ့"ဟု သတိပေးသည်နှင့်၊ ကိုဇော်ဟိဘ်သည် ဂျွန်နီ၏ အကာအကွယ်များကိုဖေါက်ထွင်း၍၊ ပထမအကြိမ် ဖွတ်အတင်း ဝင်စမ်းကြည့်လိုက်သည်။ လူ ၂ ယောက်တို့သည် ကာကွယ်ဘို့ ဂရုမစိုက်တော့ဘဲ၊ သူထိကိုယ်ထိ ထိုးကြလေရာ ဂျွန်နီ၏လက်သီးများသည် အဝေးမှအရှိန်ယူ၍ ထိုးရလျှင် တကယ်ပြင်းထန်သော်လည်း ပူးကပ်၍ ထိုးကြိတ်ရသောအခါ၌မူကား ကိုဇော်ဟိတ်၏ လက်သီးသုံးလုံးကို ဂျွန်နီကလေး ငါးလုံးလွှတ်နိုင်သော်လည်း ကိုယ်အလေးချိန်ကြောင့် တစ်ကြောင်း၊ လက်သီးပြင်းမှုကြောင့် တစ်ကြောင်း၊ ဂျွန်နီသည် ကြိုးတန်းဆီသို့ ဆုတ်ခံခံသွားရာမှ ခွေကျသွားလေတော့သည်။

"ဇော်ဟိတ်ကွ၊ ကိုဇော်ဟိတ်ကွ၊ ဇော်ဟိတ်ကြီးကွ"ဟူသော အသံများသည် တောသားပရိသတ်၏ ပါးစပ်များမှဝက်ဝက်ကွဲမျှ ဆူပွက်သွားရ





တော့သည်။ သို့ရာတွင် ဂျွန်နီလဲကျခြင်းမှာ ချက်ကောင်းထိ၍လဲခြင်းမဟုတ်၊ ကိုယ်ရှိန်ကြောင့် ခွေကျသွားခြင်းမျှသာဖြစ်ရပေကား ဂျွန်နီသည် ပြေမှလူး[illegible] နိုင်လေသည်။ ကိုဇော်ဟိတ်က ဤနည်းအတိုင်း ဆက်တွယ်ဦးမည်ပြုဆဲ[illegible] ဆော် "နောင်"ဆို၍ လူချင်းခွဲလိုက်ရပြန်သည်။

ဤအချိန်တွင်မူကား ကိုဇော်ဟိတ်က အပြတ်အသတ်နိုင်[illegible] သည်ဖြစ်၍၊ အနားယူသော တစ်မိနစ်အချိန်အတွင်း ပရိသတ်သည် တဆော်ဆော် ဆူညံလျက်ရှိတော့သည်။ ကပြားများမူကား တုတ်တုတ်မျှမလှုပ်တော့ချေ။ ကျွန်ုပ်ကမူ ကျွန်ုပ်ကိုနိုင်ထားဖူးသော ကပြားအား "ဘာပြောနိုင်သေးသလဲ မစ္စတာ"ဟု လှမ်းမေးလိုက်သေးသည်။

"နောင်"

နောက်တစ်ချီ မျက်နှာချင်းဆိုင်လိုက်ကြသောအချိန်၌ စနေထောင့်ဆီမှ တက်လာသောမိုးတိမ်များသည် လေကလေးကသုတ်သုတ် တိုက်ခတ်သည်နှင့် ကျွန်ုပ်တို့၏ ဦးခေါင်းထက်သို့ရောက်စပြုလာလေပြီ။ ကျွန်ုပ်တို့မှာ လက်ဝှေ့ပွဲ၌ အာရုံစူးစိုက်လျက်ရှိသောကြောင့်၊ တိမ်တိုက် တိမ်ခဲများ တက်လာသည်ကိုပင် ဂရုမစိုက်မိကြ၊ ဦးခေါင်းပေါ်သို့ရောက်ကာမှ မြင်ကြလေတော့သည်။ လက်သီးတစ်လုံး နှစ်လုံးစီလွှတ်မိကြသည်နှင့် တစ်ပြိုင်နက် မိုးပေါက်ကြီးများသည် ကောင်းကင်မှ ကျစပြုလာတော့ရာ ပရိသတ်သည် တစ်ဘက်များ၊ ခမောက်များကိုထုတ်ဆောင်းကြ၍၊ ကြိုးဝိုင်းတွင်းမှ ကျွန်ုပ်တို့လူစုသည်လည်း ဦးထုပ်များဆောင်းကြရ၏။ မိုးပေါက်ကြီးများ ကြဲကြဲကျသော်လည်း လူနှစ်ယောက်သည် ထိုးသတ်မြဲထိုးသတ်ကြရာ၊ နောက်တစ်ခဏတွင် ဖွဲဖွဲကျသော မိုးပေါက်ကလေးများလိုက်လာတော့သည်။ လက်ဝှေ့သမားနှစ်ယောက်ကမူ မိုးကိုလုံးဝ ဂရုမစိုက်ဘဲ၊ တစ်ယောက်ကို တစ်ယောက်လှည့်ပတ်ကာ ထိုးသတ်လျက်ရှိရာ၊ သူတို့၏ ကိုယ်လုံးများမှာ ချွေးနှင့်မိုးရေ ရောစပ်လျက် ဖိတ်ဖိတ်တောက်လျက်ရှိ၏၊ ထူးခြားသော အချက်တစ်မှာ ကိုဇော်ဟိတ်သည် ခပ်စောစောအချီများမှာကဲ့သို့ ခံစစ်မဟုတ်တော့ဘဲ၊ နောက်ဆုံးအချီ ထိုးသတ်ခြင်းကဲ့သို့ တိုက်စစ်ဆင်၍ ထိုးသတ်နေလေပြီ၊ ဂျွန်နီသည် ဖျတ်လတ်ပေါ့ပါးသည့်အလျောက် အတိမ်းအရှောင် ကောင်းလှသော်လည်း မြက်ပေါ်တွင် ရေစိုခြင်းကြောင့် ခြေကုတ်ကောင်းစွာမရနိုင်သည်နှင့် စောစောအချီများကဲ့သို့ လွတ်လွတ်ကျွတ်ကျွတ်ကြီး ရှောင်တိမ်းရန် မဖြစ်နိုင်ဘဲရှိ၏။ ကိုဇော်ဟိတ်သည် မိမိ၌ထိချင်ထိစေ သူ့ကိုထိလိုက်ရလျှင် တော်ပြီ ဆိုသော သဘောမျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အကဲ့အကွယ်မယူတော့ဘဲ၊ လက်သီးချင်းဗလာထိုး လေတော့သည်။ တစ်ဖက်က ဤမျှလောက် ဖွတ်ကြမ်းလာသောအခါ တစ်ဖက်ကလည်း အထိုက်လျောက် ကြမ်းလာရတော့သည်ဖြစ်ရကား၊ ဌွန်နီသည် ကိုဇော်ဟိတ်ကို ဘ်မိတိုင်း ကိုဇော်ဟိတ်ထံမှလည်း ၂ ချက် အနည်းဆုံး အထိခံရလေတော့သည်။ ခပ်စောစော၌ ကိုဇော်ဟိတ်က ဤနည်းအတိုင်း ထိုးသတ်ပါမူ ဌွန်နီ၏ လက်သီးမှာလည်း ခေလှသည်မဟုတ်သောကြောင့်၊ ကိုဇော်ဟိတ်ပင် နာဖို့ရှိ၏။ ယခုမှာမူ လက်ပန်းကျလာကြသည့်ပြင် ပူးကပ်၍ထိုးရခြင်းဖြစ်သောကြောင့်၊ ကိုဇော်ဟိတ်၏ လက်သီး ပျော့လာခြင်းထက် ဌွန်နီ၏ လက်သီး ပို၍ပျော့နေခဲ့လေပြီ။ ကျွန်ုပ်သတိပြုမိ သောအခြားအရာတစ်ခုမှာ မိုးနှင့်အတူ လေပြင်းလည်း တိုက်ခတ်လျက်ရှိသောကြောင့်၊ မိုးပေါက်များသည် ကောင်းကင်မှအောက်တည့်တည့်ကြီး စိုက်၍မကျလာဘဲ စနေထောင့်မှ တိုက်သောလေကြောင့် တနင်္ဂနွေထောင့်ဆီသို့ ထိုးဆင်းလာရာ၊ လက်ဝှေ့သမားနှစ်ယောက်လုံးသည် လေကိုရင်မဆိုင်ဘဲ၊ ကျောခိုင်းဖို့ကြိုးစားကြ၏။ လေကိုရင်ဆိုင်ခဲ့သော် မိုးပေါက်များသည် မျက်စိထဲသို့ ပက်ဝင်မည်ဖြစ်သောကြောင့်၊ စနေထောင့်ကို ကျောခိုင်းနိုင်အောင် လုကြခြင်းအားဖြင့် နှစ်ယောက်လုံးမှာ ချာလပတ်လည်ပတ်လျက်ရှိကြတော့ သည်။

ဤနည်းဖြင့် ဆက်လက်ထိုးသတ်ကြစဉ် ဌွန်နီသည် ကိုဇော်ဟိတ်၏ ဖွတ်လိုက်ခြင်းများကို တိမ်းရှောင်ရခြင်းကြောင့်၊ ရေစိုသော မြက်ပေါ်တွင် ချော်လည်၍ ၂ ကြိမ် ၃ ကြိမ် လဲကျ၏။ သို့ပါသော်လည်း 'နော့ကောက်' မဟုတ်သောကြောင့် ချက်ချင်းပင် ပြန်၍ထနိုင်ပေသည်။

ယခုထိုးသတ်ကြသည်မှာ "ကြောက်ရုံး၊ လဲရုံး" ဆိုသော်လည်း အကြိမ်ပေါင်းမည်မျှ လဲသည်ဖြစ်စေ ပြန်မထနိုင်သော "နော့ကောက်"မဟုတ်သမျှ ကာလပတ်လုံး၊ အရှုံးအနိုင်မထွက်ချေ။ "ကြောက်ပါပြီ"ဆိုရန်မှလည်း၊ ဌွန်နီ၏သတ္တိကိုကြည့်ရခြင်းအားဖြင့် ဝေးသေး၏။ ကိုဇော်ဟိတ်၏လက်သီးချက်ကြောင့် ဌွန်နီလဲကျသော အကြိမ်များလာပါစေကာမူ၊ ကိုဇော်ဟိတ်၏ လက်သီးသည်ပင် မောလှခြင်းကြောင့် "နော့ကောက်"ကျစေနိုင်လောက်သော ပြင်းထန်မှုမရှိတော့ချေ။

ဤလူ ၂-ယောက် ထိုးသတ်ကြပုံကို ကြည့်ရသည်မှာ တိုက်ကြက် ၂ ကောင် ခွပ်သည်နှင့်တူလှ၏။ မောပန်းလှသော တိုက်ကြက် ၂ ကောင်သည် တစ်ကောင်၏အတောင်ကြားသို့ တစ်ကောင်က ဦးခေါင်းထိုးသွင်းကာ အနား





ယူရှာသည့်နည်းတူ၊ ဤလူ ၂ ယောက်မှာလည်း တစ်ယောက်၏လည်ပင်းပေါ်သို့ တစ်ယောက်လက်တင်ကာ၊ မျက်နှာကို စိမ်းစိမ်းကြည့်ရုံ ကြည့်နေရသော အကြိမ်များလည်း မကြာခဏ ပါရှိခဲ့လေပြီ။ တစ်ခါက ကိုဇော်ဟိတ်၏ လက်သီးကြောင့် ဌွန်နီသည် ကြိုးတန်းပေါ်တွင် ငိုင်လျှက်တင်နေသော်လည်း ကိုဇော်ဟိတ်သည် တစ်ဖက်သတ် အချောင်ထိုးလှဲရန် အလိုမရှိသောကြောင့်ပေလော၊ သို့တည်းမဟုတ် အားကုန်နေသောကြောင့်ပေလော မပြောတတ်။ ဤအတိုင်း ရပ်ကြည့်နေလေတော့သည်။

ဤအတောအတွင်း မိုးသည် ခပ်မှန်မှန်ရွာသွန်းလျက်ရှိရာမှ နင်လားငါလား သည်းချလိုက်သည်တွင် ထူထပ်စွာကျလာသော မိုးပေါက်များ ကြောင့် ပရိသတ်သည် လက်ဝှေ့သမားနှစ်ယောက်ကို လုံးဝမမြင်နိုင်တော့ဘဲ ရှိကြသည်။ ဤတွင် ဝန်ကလေးက အချိန်မစေ့မီ မောင်းတီးလိုက်ပြီးနောက်၊ ဆက်လက်ထိုးသတ်ရန် မဖြစ်နိုင်တော့သည့်အတွက် ဤလက်ဝှေ့ပွဲကို သရေပွဲထားလိုက်ဖို့ ဆုံးဖြတ်ချက်ချလိုက်ရာ ကြည့်ရသော ပရိသတ်မှာ တစ်ဖက်သားနာသည်ကို မြင်လိုသောစိတ်ဓာတ်ထက် ဤမျှလောက် အသည်းကောင်းသော လက်ဝှေ့သမားနှစ်ယောက်အား သနားသာစိတ်က ပိုမိုသည်ဖြစ်၍၊ ဖျောင်းဖျောင်းမြည်အောင် ဩဘာလက်ခုပ် တီးကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# အပေါ်ထပ်မှခရီးသည်

**မိတ်ဆွေကြီးဦးသိန်းမောင်ခင်ဗျား**

အသည်းတုန် အူတုန်အဖြစ်အပျက်မျိုးကို တမင်ရှာတတ်သော ကျွန်တော်၏ဝါသနာကို သိပြီးဖြစ်သည့်အတိုင်း တစ်ခါတစ်ရံတွင် ငွေကုန် လူပန်းခံ၍ရှာပါသော်လည်း မျှော်လင့်သလောက်မကြုံတွေ့ရဘဲ တစ်ခါတစ်ရံတွင်မူကား "မရှာဘဲနှင့် တော်ကဲမင်းဖြစ်" ဆိုသော စကားပုံအတိုင်း သာမန်ခရီးသွားသည့်အထဲမှပင် အံ့ဘွယ်သရဲထူးကဲဆန်းကြယ်သော အဖြစ်အပျက်များနှင့်ကြုံခဲ့ရပေသည်။ ကျွန်တော်သည် ဗုဒ္ဓဝင်ကိစ္စတစ်ခုအတွက် အိန္ဒိယပြည် ဗုဒ္ဓဂါယာမြို့သို့ ရမ္မာပူရာအမည်ရှိ ဟာန်ဒါဆင်ကုမ္ပဏီပိုင် မီးသင်္ဘောနှင့်လိုက်ပါသွားစဉ်က အိမ်နီးချင်းတိုင်းပြည်တစ်ပြည်၌ တွေ့ကြုံနေကျဖြစ်သော အဖြစ်အပျက်မျိုးထက် ထူးထူးကဲကဲ မြင်ရတွေ့ရလိမ့်မည်ဟု မမျှော်လင့်မိပါဘဲလျက် တစ်သက်တွင်တစ်ခါ ဆိုရမလောက် ဆန်းကျယ်လှသော အချင်းအရာများနှင့် ရင်ဆိုင်တိုးခဲ့ရပါတော့သည်။

ဦးသိန်းမောင် သိပြီးဖြစ်သည့်အတိုင်း ကျွန်တော်သည် တိုင်းပြည် [illegible]၌ မီးရထား မီးသင်္ဘောစသည်ဖြင့် ခရီးသွားသည့်အခါ ဒုတိယတန်း [illegible]ရှိသော်လည်း အိန္ဒိယပြည်ကဲ့သို့သော နိုင်ငံခြားတိုင်းပြည် [illegible]ါ ပထမတန်းမစီးနိုင်လျှင် အလွန်မျက်နှာငယ်သည်ကို





သိပြီးဖြစ်၍ ရမ္မာပူရာသင်္ဘောကြီးပေါ်တွင် ပထမတန်းခရီးသည်အဖြစ်ဖြင့် လိုက်ပါသွားပါသည်။ ကျွန်တော်သည် လက်ဆွဲသားရေအိတ်ကလေး တစ်လုံးကိုကိုင်ကာ၊ သင်္ဘောပေါ်သို့တက်သွား၍ 'စတူးဝပ်'ခေါ် ဘဏ္ဍာစိုးအရာရှိအား ကျွန်တော်က သော်ာမတ်(စ)ကုမ္ပဏီမှ ဖြတ်ပိုင်းလက်မှတ်ကလေးကို ပြလိုက်ရာတွင် စတူးဝပ်သည် ကျွန်တော်စီးနင်းလိုက်ပါရမည့် အခန်းနံပါတ်ကိုကြည့်လိုက်ပြီးနောက်၊ မျက်ခုံးကလေးမြင့်တက်သွားသည်ဟု ထင်လိုက်ရ၏။ ထိုကဲ့သို့ဖြစ်သွားခြင်းမှာ မြန်မာတစ်ယောက်က ပထမတန်းစီးသည်ကို တွေ့ရသဖြင့် အံ့ဩသောအမူအရာမျိုး မသိမသာ ဖော်ပြခြင်းဖြစ်သည်ဟု တွေးထင်မိသည်။ စတူးဝပ်မှာ မျက်နှာဖြူတစ်ယောက်ဖြစ်၍ ဟန်ကြီးပန်ကြီး လုပ်ချင်ပုံရသော်လည်း မြန်မာပြည်၌ မျက်နှာဖြူများ ဂုဏ်ငယ်စ ပြုနေသောခေတ်ဖြစ်သည်နှင့် ကျွန်တော်၏ သားရေအိတ်ကလေးကို လှမ်းယူ၍ ကျွန်တော်၏အခန်းသို့လိုက်၍ ပို့ပေးပါသည်။ ကျွန်တော်၏ အမူအရာမှာလည်း ဦးသိန်းမောင်သိသည့်အတိုင်း အထက်တန်းစား မြန်မာ အရာရှိတစ်ယောက် မဟုတ်စေကာမူ အင်္ဂလိပ်အစိုးရ၏ လခစားအမှုထမ်း တစ်ယောက်မဟုတ်ဆိုသော မာန်ကလေးနှင့် ခပ်တင်းတင်း ခပ်ခန့်ခန့် နေတတ်သည်တွင် တစ်ရံတစ်ဆန် တွေ့ကြုံသော မျက်နှာဖြူအရာရှိကြီးများကပင် အထက်ဆုံးတန်း မြန်မာအရာရှိတစ်ယောက်ထက်မနည်း လေးစားခြင်းခံရတတ်ပါသည်။

စတူးဝပ်ကလိုက်ပို့၍ ကျွန်တော်၏အခန်းသို့ရောက်ကြသောအခါ အခန်းနံပါတ်မှာ ၃၅–ဖြစ်၍ ခရီးသည်နှစ်ယောက် လိုက်ပါရသည့် အခန်းမျိုးဖြစ်သည်ကို တွေ့ရလေသည်။ အခန်းတံခါးကို ဖွင့်လိုက်သောအခါ အခန်းထောင့်တွင် ကျွန်တော်၏ သားရေအိတ်နှင့် အရွယ်တူသော အိတ်ကလေးတစ်လုံးရှိ၍၊ အထက်အိပ်ရာပေါ်တွင် တုတ်ကောက်တစ်ချောင်းနှင့် ထီးတစ်လက် တင်ထားသည့်ကိုတွေ့ရ၏။ စတူးဝပ်က ကျွန်တော်၏အိပ်ရာမှာ အောက်ထပ်အိပ်ရာဖြစ်ကြောင်းပြော၍ ပြန်တော့မည်ပြုရာတွင် ကျွန်တော်က ၁၀ တန် စက္ကူတစ်ချပ် ထုတ်ပေးလိုက်သည်နှင့် စတူးဝပ်သည် ဝတ်ကျေဝတ်ကန်းပြု သောအမူအရာမျိုးမှ ပျူငှာသော အမူအရာမျိုးသို့ ချက်ချင်းပြောင်းလဲသွား ပြီးလျှင် လိုသောအရာရှိလျှင် အားမနာဘဲ ခိုင်းစေနိုင်ပါကြောင်းဖြင့် [illegible] ဝတ်စကားပြောဖော်ရပါပေသည်။

ကျွန်တော်က လိုလျှင်ပြောပါမည်ဟု ပြောလိုက်၍ [illegible] သွားရာတွင် ကျွန်တော်သည် သားရေအိတ်ကိုဖွင့်၍ အဝတ်များ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နောက် အောက်ထပ် အိပ်ရာပေါ်တွင် အညောင်းပြေ လည်းလျောင်းနေခိုက်တွင် သဘော်လည်း ဆိပ်ကမ်းမှ ထွက်လာခဲ့သည်။ ကျွန်တော်သည် အိပ်ရာပေါ်၌ ပက်လက်လှန်လျက် ဤသုံးလေးရက်အဘို့ မည်ကဲ့သို့ ပုဂ္ဂိုလ်မျိုးနှင့် အဖော်လုပ်ရချေမည်နည်းဟု နဖူးပေါ်လက်တင်ကာ စဉ်းစားစိတ်ကူးနေစဉ် အပြင်မှ ခြေသံကြားရ၍၊ အခန်းထဲသို့ လူတစ်ယောက်ဝင်လာသည်ဟု သိလိုက်ရ၏။ ခြေသံကြားလိုက်ရကတည်းက ကျွန်တော်နှင့်အတူ စီးရမည့် ခရီးသည်ဖြစ်ရမည်ဟု သိသော်လည်း၊ ကျွန်တော်မှာ မည်သို့သော အကြောင်းကြောင့်မသိ ထိုသူနှင့် သိလိုကျွမ်းလို စကားပြောလိုသောစိတ် မရှိသည်နှင့် နဖူးပေါ်၌ တင်ထားသောလက်ကို မဖယ်ရှားဘဲ အိပ်ချင်ပြုကာ၊ မျက်လုံးကို လက်ကွယ်လျက် အမှတ်မဲ့ ချောင်းကြည့်နေမိတော့သည်။

အခန်းထဲသို့ ဝင်လာသောလူမှာ အရပ်ခပ်မြင့်မြင့် ဘင်္ဂါလီကုလားတစ်ယောက်ဖြစ်၍ ငွေစာရင်းမင်းကြီးရုံး၌ အလုပ်လုပ်သော ဘင်္ဂါလီကုလား စာရေးများ ဝတ်ဆင်လေ့ရှိသည့်အတိုင်း ကွတ်အင်္ကျီအောက်မှ ဒိုတီအဖြူဝတ်ထားသည်ကို တွေ့ရ၏။ ဦးခေါင်း၌မူ ဦးထုပ်မဆောင်းဘဲ ဘင်္ဂါလီဆံထောက်ခေါ် အလွန်ရှည်လျားသော ဆံပင်ကို သပ်ရပ်စွာဖြီးထား၏။ ဖိုက်စကွဲယား ပန်းခြံထဲ၌ ညနေခင်းအချိန်များတွင်လည်းကောင်း၊ အင်းစိန်လော်ကယ်ရထား ဒုတိယတန်းတွဲများပေါ်၌ အလုပ်တက်ချိန် ဆင်းချိန်များတွင်လည်းကောင်း၊ အမြောက်အမြား တွေ့ရတတ်သည့် အိန္ဒိယတိုင်းသား အမျိုးအစားထဲက ဖြစ်လေသည်။ ထိုလူမျိုးမှာ ဘိုဆန်ချင်သလောက် ဟန်ကြီးပန်ကြီး လုပ်ချင်တတ်သည်ဖြစ်၍၊ ကျွန်တော်သည် မူလကတည်းက စကားမပြော၊ အသိမလုပ်ဘဲ ရှောင်ကွင်းချင်သော စိတ်သည် တိုး၍ပင် ရှောင်ချင်လာပြန်တော့သည်။ သို့ဖြစ်၍ ကျွန်တော်စိတ်၌ ဤလူနှင့် အနည်းဆုံး မျက်နှာချင်းမဆိုင်စေခြင်းငှာ၊ သူစောစောထလျှင် ကျွန်တော်က နေမြင့်မှ ထမည်၊ သူက မိုးချုပ်မှအိပ်တတ်လျှင် ကျွန်တော်က စောစောစီးစီး ဝင်အိပ်မည် စသည်ဖြင့် ထိုလူနှင့်လွဲအောင် ရှောင်မည်ဟူ၍ ဆုံးဖြတ်ထားမိလေတော့သည်။ ကျွန်တော်၏ ဆုတောင်း ပြည့်လိုက်ပုံကား၊ သုံးလေးရက် အတူတကွ စီးနင်းလိုက်ပါရသော ထိုခရီးတွင် ကျွန်တော်သည် ထိုလူကို တစ်ကြိမ် တစ်ခါမျှ မျက်နှာချင်းမဆိုင်မိအောင် ဖြစ်ခဲ့ရလေတော့သည်။

ထိုလူသည် ကျွန်တော်အိပ်ပျော်နေသည် အထင်ဖြင့် အပေါ်ထပ်သို့ ထပ်၍၊ သူ၏အိပ်ရာထဲသို့ ဝင်အိပ်သောအခါ ကျွန်တော်သည် အပြင်သို့





ထွက်လာခဲ့၍၊ အခြားသော ခရီးသည်များဖြင့် ရောနှောကာ အသိအကျွမ်းဖွဲ့လျက် ရှိလေ၏။

ထိုညဉ့်၌ ကျွန်တော်သည် အခန်းနံပါတ် ၃၅ သို့ ဝင်သွားသောအခါ၊ ထိုသူသည် ခြင်ထောင်ချလျှက် အိပ်ပျော်နေခဲ့လေပြီ။ သို့ဖြစ်၍ ကျွန်တော်သည် အောက်ထပ်အိပ်ရာသို့ ဖြည်းညှင်းစွာဝင်၍ တိတ်ဆိတ်စွာ အိပ်လိုက်တော့သည်။ အိပ်ရာထဲ၍ စဉ်းစားစိတ်ကူးသော အလေ့အကျင့်မရှိသောကြောင့်၊ ကျွန်တော်သည် မကြာမီတွင် အိပ်ပျော်ခြင်းသို့ ရောက်ခဲ့ရာ၊ တစ်ညဉ့်လုံးခုတ်နှင်သောစက်သံမှတစ်ပါး တစ်သဘော်လုံး ဆိတ်ငြိမ်လျက်ရှိစဉ်၊ အပေါ်ထပ်၌ အိပ်သော ခရီးသည်သည် အိပ်ရာမှ ရုတ်တရက် လန့်နိုးဟန်ဖြင့် အပေါ်ထပ်မှ ကြမ်းပေါ်သို့ ဝုန်းခနဲ ခုန်ဆင်း၍ အခန်းတံခါးကို ဖွင့်ပြီးလျှင်၊ ကုန်းပတ်အပေါ်၌ တဒိုင်းဒိုင်း ထွက်ပြေးသွားသည့် ခြေသံများကို ကြားလိုက်ရသည်။ သဘော်မှာ ထိုအခါ၌ လှိုင်းလုံးပေါ်တွင် မှောက်လျှက် လဲကျလိမ့်မည်ဟု ထင်မိသော်လည်း၊ လဲသံမကြားရဘဲ တဒိုင်းဒိုင်း ဆက်လက်ပြေးလွှားသော ခြေသံမျိုးကိုသာ ကြားရလေသည်။ ပြေးလွှားပုံမှာလည်း အတော်အတန်မဟုတ်၊ လူလိုက်၍ သတ်သဖြင့် လွတ်အောင်ပြေးရခြင်းကဲ့သို့ အမြန်ဆုံးပြေးဟန်တူလေသည်။ ထိုလူသည် အခန်းတံခါးကို ဖွင့်ထားခဲ့သဖြင့်၊ သဘော်လူးသည့်အခါတိုင်း တံခါးရွက်သည် တဂျိန်းဂျိန်း တရျောင်းရျောင်းမြည်လျက်ရှိရာ၊ ကျွန်တော်မှာ စိတ်ပေါက်စွာဖြင့် အိပ်ရာမှ ထ၍ တံခါးကိုပိတ်ထားပြီးမှ အိပ်ရာထဲသို့ပြန်၍ ဝင်အိပ်ရတော့သည်။

တရေးနိုးလတ်သော်၊ ကျွန်တော်မှာ အိပ်ရာထဲတွင် ချမ်းစိမ့်စိမ့်ရှိလျက်နှင့်၊ စောင်များ ဆွဲခြုံလျက်ရှိစဉ်၊ အခန်းထဲတွင် ရေစော်နံသည်ဟု ထင်မိ၍၊ နံနက်လင်းသောအခါမှ တိုင်ကြားမည်ဟု စိတ်ကူးကာ ရေရွတ်ကျိန်ဆဲနေမိ၏။ ထိုခဏ၌ အထက်ထပ်၌အိပ်သော ဘင်္ဂါလီကုလားသည် အိပ်ရာထဲတွင် တစ်ဖက်မှ တစ်ဖက်သို့ လူးလွန့်သောအသံများ ကြားလိုက်ရသဖြင့်၊ ကျွန်တော် အိပ်ပျော်နေစဉ် အခန်းထဲသို့ ပြန်ဝင်လာသည်ဟု စဉ်းစားမိ၏။ နောက်တစ်ခဏ၌ ညည်းတွားသော အသံတစ်ချက်ကြားလိုက်ရပြန်ရာ လှိုင်းလူးသောကြောင့် ဖျားနေဟန်တူသည်ဟု ကျွန်တော်တွေးမိ၏။ ထိုနောက် ကျွန်တော်လည်း အိပ်ပျော်သွားရာ နံနက်လင်းမှ နိုးလေတော့သည်။

ထိုနေ့နံနက်၌ သဘော်သည် လှိုင်းများကြောင့် ယမန်နေ့ [illegible] ပိုမိုလူးလိမ့်လှုပ်ရှားလျက်ရှိ၏။ သို့ဖြစ်၍ သဘော်နံဘေး၌ရှိသော ([illegible])

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝိုင်းမှဝင်လာသော အလင်းရောင်သည်၊ မှိန်ချည်တစ်ခါ လင်းချည်တစ်လှည့်ဖြစ်နေ၏။ အပေါက်ဝိုင်းသည် ကောင်းကင်ဘက်သို့ လှည့်သည့်အခါ ပိုမိုလင်း၍ သင်္ဘောစောင်းသွားသဖြင့် အောက်ဘက်သို့ လှည့်သည့်အခိုက်တွင် အလင်းရောင်မှေးမှိန်သွားတော့သည်။ ရာသီမှာ ဇွန်လဖြစ်၍ လှိုင်းများအတော်ကြီးလေသည်။ ကျွန်တော်သည် အခန်းထဲတွင် အေးသင့်သည်ထက် ပို၍အေးမြသည်ထင်သောကြောင့် အပေါက်ဝိုင်း၌ ပိတ်ကာထားသော မှန်ဝိုင်းပြူတင်းတံခါး ပွင့်နေသည်ကို တွေ့ရသဖြင့် အံ့သြမိသည်။ သို့ဖြစ်၍ ဆဲဆဲဆိုဆိုနှင့် ပြူတင်းတံခါးဝိုင်းကို ထ၍ပိတ်ခဲ့ပြီးနောက်၊ အထက်ထပ် အိပ်ရာသို့ လှမ်းကြည့်လိုက်ရာ၊ ခြင်ထောင်ချထားသည်ကို တွေ့ရသဖြင့်၊ ဘင်္ဂါလီခရီးသည်မှာ ကျွန်တော်ကဲ့သို့ ချမ်းချမ်းနှင့် ကွေးအိပ်နေသည်ဟုထင်မိ၏။ သို့ဖြစ်၍ ကျွန်တော်သည် ထိုသူကို ရှောင်ကွင်းချင်သောစိတ် ရှိသည့်အတိုင်း၊ အိပ်ရာသို့ပြန်၍ မဝင်တော့ဘဲ၊ အဝတ်များ လဲလှယ်၍ အပြင်သို့ ထွက်လာခဲ့တော့သည်။

ကုန်းပတ်ပေါ်၌ကား၊ နေထွက်ပြီဖြစ်၍ ကြည်လင်စွာရှိနေ၏။ ကျွန်တော်သည် ကော်ဖီသောက်ရန် မသွားသေးမီ ကုန်းပတ်ပေါ်၌ တစ်ပတ်နှစ်ပတ် လမ်းလျှောက်နေစဉ်၊ သင်္ဘောဆရာဝန်နှင့် ဆုံမိကြ၏။ ယမန်နေ့ကတည်းက သင်္ဘောပေါ်၌ လိုက်ပါလာသော ကပ္ပိတန်၊ မာလိန်၊ ဆရာဝန်အစရှိသည့် သင်္ဘောအရာရှိများနှင့် ပထမတန်းခရီးသည်များကို မိတ်ဆက်ပေးပြီးဖြစ်သောကြောင့် မြင်လျှင်မြင်ခြင်း ဆရာဝန်ကို ကျွန်တော်မှတ်မိသည်။ ဆရာဝန်မှာ ထောင်ထောင်မောင်းမောင်းနှင့် ခပ်တုတ်တုတ်ရှိသော စကော့လူမျိုးတစ်ယောက်ဖြစ်၍၊ စကားပြောသောအခါ၌ အားရပါးရ ပြောတတ်သူတစ်ယောက် ဖြစ်ကြောင်းကို၊ မိတ်ဆက်ပေးစဉ်ကတည်းက ကျွန်တော်သတိပြုမိသည်။ သူ့ကိုကြည့်လိုက်လျှင် သွေးရှင်၍ အလွန်ကျန်းမာသူတစ်ယောက် ဖြစ်ပေသည်ဟု ချက်ချင်းသိနိုင်သဖြင့်၊ သူတစ်ပါးကို ကုသနိုင်လိမ့်မည်ဟု ယုံကြည်စိတ်ချလောက်ပေသည်။ ကျွန်တော်မှာ ဖျော့တော့တော့အသားအရေရှိသော ဆရာဝန်များကို အယုံအကြည် မရှိလှချေ။ သူတစ်ပါးကို ကုသမပေးမီ ကိုယ့်ကိုယ်ကို ကျန်းမာလာအောင် လုပ်ပါဦး ဟူ၍သာ ပြောလိုက်ချင်သည်။ ဆရာဝန်နှင့် ဆုံမိကြသောအခါ၊ ကျွန်တော်က အနောက်တိုင်းသားတို့ အတုယူ၍ "တယ်ပြီး ကြည်ကြည်လင်လင် ရှိတဲ့ မနက်ခင်းတလေးပါပဲ" ဟု ရာသီဥတုအကြောင်းမှစ၍ စကားချီလိုက်သည်။





"ကြည်လင်ပါပေဗျာ၊ လွန်ရော ဇွန်လထဲမှာ ဒီလိုကြည်လင်တဲ့ မနက်ခင်းမျိုး ခပ်ရှားရှားရှိလိမ့်မယ်"

"ညတုန်းက အေးသလိုရှိတယ် ဒေါက်တာ၊ မအေးဘဲနေမလား၊ ပြတင်းဝိုင်းကလဲ ပွင့်လို့၊ အခန်းထဲမှာ ပင်လယ်ရေစော်နံပြီး ခပ်ထိုင်းထိုင်းတောင် ဖြစ်နေတယ်"

"ခင်ဗျားက အခန်းနံပါတ် ဘယ်လောက်မှာ အိပ်သလဲ"

"နံပတ် ၃၅ ပါပဲ"

ထိုအခါမှ ဆရာဝန်သည် ဆတ်ခနဲဖြစ်သွား၍ ကျွန်တော့်ကို စေ့စေ့ကြည့်နေတော့သည်။

"ဘာကြောင့်လဲ ဒေါက်တာ"

"ဘာကြောင့်ရယ်လို့တော့ မဟုတ်ပါဘူး၊ နံပတ် ၃၅ မှာ အိပ်တဲ့ခရီးသည်တိုင်း ညည်းကြတယ်၊ သုံးယောက်ရှိပြီ"

"ကျွန်တော်လဲ ညည်းရလိမ့်မယ် ဒေါက်တာ၊ ဒီအခန်းဟာ ကောင်းကောင်းမွန်မွန် ရှင်းလင်းသုတ်သင်ထားတယ် မထင်ပါဘူး၊ ဘာစော်နံတယ် မဆိုနိုင်ဘူး အောက်သိုးသိုးနဲ့"

"သင်္ဘောကပဲ ခင်ဗျာ၊ မသုတ်သင်လို့တော့ ဘယ်ဟုတ်မလဲ အခေါက်တိုင်း သုတ်သင်တာပေါ့"

"ဒါဖြင့် ဘာကြောင့်လို့ ဆိုချင်သလဲ ဒေါက်တာ"

"ကျွန်တော်က ခရီးသည်တွေ လန့်အောင် ထိတ်အောင် မပြောချင်ပါဘူးဗျာ"

"စိတ်ချပါ ဒေါက်တာ၊ ကျွန်တော်က လန့်တတ်ထိတ်တတ်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး၊ ပြောစရာရှိ ပြောသာပြောပါ"

ထိုအတောအတွင်း ကျွန်တော်က စီးကရက်ဘူးကို ဖွင့်၍ ဒေါက်တာအား ထိုးပေးရာ ဒေါက်တာလည်း တစ်လိပ်ယူ၍ မီးညှိသောက်ကြ၏။

"မကြောက်တတ် မလန့်တတ်လျှင် ကောင်းတာပါပဲလေ၊ တော်တော်ကြာတော့ ကျင့်သားရမှာပါပဲ၊ ဒါထက်နံပတ် ၃၅ မှာ ခင်ဗျားတစ်ယောက်ထဲလား၊ အဖော်ရှိသေးသလား"

"ရှိတယ်ဒေါက်တာ၊ တော်တော်ဆန်းတဲ့လူထဲကပဲ ညကြီးသန်းခေါင်မှာ အိပ်ရာထဲက ခုန်ဆင်းပြီး အခန်းဖွင့်ထွက်သွားပြီး၊ ဘယ်အခန်းကိုသွားတယ်လို့တောင် ကျွန်တော် မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာလည်း ကျွန်တော်မျက်နှာကို စိမ်းစိမ်းကြည့်နေပြီးမှ . .

"ဖွင့်ထွက်သွားပြီး ပြန်တော့လာတယ်လား"

"ကျွန်တော်အိပ်ပျော်နေတုန်းမှာ ပြန်လာတယ်ထင်ပါရဲ့၊ တရေးနိုးတော့ အိပ်ရာထဲမှာ လွှနေ့နေသံကြားတယ်၊ ကျွန်တော်လဲ ချမ်းချမ်းနဲ့ ပြန်ကွေးအိပ်လိုက်ကရော၊ ဒီနေ့မနက် အိပ်ရာထတော့ မှန်ပြတင်းဝိုင်းပွင့်နေတာတော့ တွေ့ရတယ်"

"ဟော့လူ ခင်ဗျားကြည့်ရတာ ကျုပ်မေတ္တာရှိတယ်၊ ဘာတော့မဆိုနိုင်ဘူး။ ဒီသဘော်နာမည်ဖျက်တယ်ပြောပြော ကျုပ် ဂရုမစိုက်ဘူး၊ ကျုပ် စကားကို နားထောင်လျှင် ကောင်းမယ်၊ ကျုပ်အခန်းမှာ အကျယ်ကြီး ခင်ဗျား လာအိပ်နိုင်တယ်"

ကျွန်တော်မှာ ဒေါက်တာ၏ စကားကြောင့် အံ့အားသင့်လျက် ငေးကြည့်နေမိတော့သည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ သို့သော် နေပါစေတော့ ကျွန်တော် အိပ်ဝံ့ပါတယ်၊ နေပါဦးဗျ၊ ဒီသဘော်ကို ဂရုမစိုက်ဘူးလို့ ခင်ဗျားပြောတာ ဘာကြောင့်လဲ"

"ကျွန်တော် အယူသည်းတဲ့ လူစားထဲက မဟုတ်ပါဘူး၊ ကျွန်တော်တို့ အလုပ်မျိုးကိုက တောက်တီးတောက်တဲ့ ဟာမျိုးတွေ အယုံအကြည်ရှိလို့ မဖြစ်နိုင်ပါဘူး၊ ခင်ဗျားကိုလဲ လန့်အောင်ထိတ်အောင် မလုပ်ချင်ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ ကျုပ်တောင်းပန်ချင်တယ်ဗျာ၊ နံပတ် ၃၅ မှာ မအိပ်ပါလေနဲ့၊ ကျွန်တော့အခန်းထဲ ပြောင်းအိပ်လှည့်ပါဗျာ"

"ကျွန်တော်က ဒီလိုနဲ့ မရဘူး ဒေါက်တာ၊ အကြောင်းလုံလောက်အောင် သိရတော့မှ ပြောင်းတန်ပြောင်းအိပ်ရတာပေါ့၊ ဘာကြောင့်လဲ ပြောစမ်းပါဦး"

"အကြောင်းပြောပြရမှာဖြင့် နံပတ် ၃၅ မှာ အိပ်တဲ့ ခရီးသည်တိုင်း ရေထဲခုန်ချတာ သုံးယောက်ရှိပြီဗျ"

ကျွန်တော်သည် ထိုစကားကို ကြားရသောအခါ၊ စိတ်ထဲ၌ အနည်းငယ် စနောင်းစနင်းဖြစ်သွားသည်ကား မှန်၏။ ဒေါက်တာ၏ တည်ကြည်သော မျက်နှာကို ကြည့်လိုက်သောအခါတွင်၊ ကရော်ကမယ် မျက်ရယ်ပြောနေခြင်း မဟုတ်သည်ကိုလည်း သိရ၏။ သို့ရာတွင် ကျွန်တော်၏ ဝါသနာကို ဦးသိန်းမောင် သိပြီးဖြစ်သည်အတိုင်း သူတစ်ပါး ကြောက်သည်ဆိုသော





အလုပ်မျိုးကို စမ်းသပ်လုပ်ချင်တတ်သည် ဖြစ်သောကြောင့်၊ ကျွန်တော့မှာ အခန်းနံပတ် ၃၅မှ မရွှေ့ပြောင်းလိုသည့်ပြင်၊ နောက်ထပ်ပိုက်ဆံပေးမှ အိပ်ရမည်ဆိုလျှင်လည်း ပေးချင်သကဲ့သို့ ဖြစ်နေလေတော့သည်။ သို့ဖြစ်၍ အခြားခရီးသည်များ ရေထဲခုန်ချသော်လည်း ကျွန်တော့အတွက် စိုးရိမ်ဖွယ်မရှိကြောင်း၊ ဒေါက်တာအား ပြောပြလေသည်။ ဒေါက်တာသည် ခေါင်းမာသောလူတစ်ယောက်နှင့် တွေ့နေရသည်ဟု ထင်ဟန်ရှိသော မျက်နှာထားမျိုးဖြင့် ကျွန်တော်အားလှမ်းကြည့်ပြီးလျှင်၊ ပြောင်းရွှေ့ချင်သော အချိန်တွင် သူ၏ အခန်းသို့ ပြောင်းရွှေ့နိုင်သောကြောင့် ဤကိစ္စကို ထပ်မံစဉ်းစားဖို့ မှာထားပြီး နောက် ခွဲခွာသွားကြလေ၏။

ကျွန်တော်မှာ ပင်လယ်ခရီး အကြိမ်ကြိမ်သွားဖူးသည်။ လှိုင်းမူးသော အလေ့အကျင့် မရှိသော်လည်း၊ အခြားခရီးသည်များမှာမူ လှိုင်းကြီးသော (ဝါဆိုဝါခေါင်) ရာသီဖြစ်သောကြောင့် ကိုယ့်အခန်းတွင်ကိုယ် မူးနေကြသဖြင့် နံနက်စာစားချိန်တွင် ခရီးသည်အနည်းငယ်မျှသာ ထွက်လာကြ၏။ ထိုသူတို့အနက်တွင် ကျွန်တော်နှင့်အတူ အိပ်သော ဘင်္ဂါလီခရီးသည်လည်း မပါဝင်ချေ။ သဘော်အရာရှိများမှုကား၊ အခန်းနံပါတ် ၃၅ တွင် လိုက်ပါသော ခရီးသည်ဟူ၍ ဒေါက်တာပြောထားဟန်တူ၍ ကျွန်တော့်အား စောင်းစောင်းငဲ့ငဲ့ အကဲခတ်နေကြလေတော့သည်။

နံနက်စာစားပြီးသောအခါ ကျွန်တော်သည် ကျွန်တော်၏ အခန်းထဲသို့ဝင်၍ စာတစ်အုပ်ယူလာခဲ့စဉ်၊ အထက်ထပ် အိပ်ရာသို့ လှမ်းကြည့်လိုက်မိ၍ ခြင်ထောင်ချထားသည်ကို တွေ့ရသဖြင့် ဘင်္ဂါလီခရီးသည်မှာ အိပ်ရာမှ မထသေးဘဲ အိပ်ပျော်နေသည်ဟုထင်မိပေသည်။

အခန်းမှာ ထွက်လာကြသောအခါ စတူးဝပ်နှင့်တွေ့၍ သူကကျွန်တော်အား ကပ္ပတိန်က တွေ့လိုကြောင်း ပြောပြီးလျှင် ရှောင်ထွက်သွားတော့သည်။ စတူးဝပ်၏ အမူအရာကို အကဲခတ်ရခြင်းအားဖြင့် ထိုသူသည် ကျွန်တော်မေးသည့် မေးခွန်းများကို မဖြေလိုသည်နှင့် ရှောင်ထွက်သွားသည်ဟု ထင်ရပေသည်။ ကပ္ပတိန်၏ အခန်းသို့ ဝင်သွားသောအခါ၊ ကပ္ပတိန်သည် ကျွန်တော့်ကို စောင့်မျှော်နေသည့် လက္ခဏာဖြင့် ကုလားထိုင်တွင် ထိုင်[illegible]ရှိ၏။

ကျွန်တော့်ကို မြင်လျှင်မြင်ခြင်း ကပ္ပိတန်က ကျွန်တော့်ထံမှ [illegible] တစ်ခု တောင်းခံစရာရှိကြောင်း စကားချီလိုက်ရာ၊ ကျွန်တော်က [illegible]



www.burmeseclassic.com

www.burmeseclassic.com



အသင့်ရှိပါကြောင်း ပြန်ပြောရ၏။

"ဒီလိုပါမိတ်ဆွေ၊ ခင်ဗျားနဲ့ အတူစီးတဲ့ခရီးသည်ဟာ ပျောက်သွားပြီဗျ၊ မနေ့ညတုန်းက သူ့အခန်းထဲ သူ ခပ်စောစောဝင်အိပ်တယ်လို့ သိကြရတယ်။ သူ့မှာ ထူးထူးခြားခြား တစ်စုံတစ်ရာ မြင်မိတွေ့မိတယ်လို့ သတိပြုမိပါသလား"

ဒေါက်တာထံမှ ကြားရသော သတင်းများနောက်၌ ဤစကားကို ကြားရခြင်းဖြစ်သောကြောင့်၊ ကျွန်တော်မှာ အတော်လန့်သွားပါသည်။

"ဘယ်လို ပျောက်သွားပုံလဲ ကပ္ပတိန်၊ ရေထဲ ခုန်ချတယ်လို ဆိုလိုသလား"

"ကျွန်ုပ်ကတော့ ဒီလိုပဲ ထင်မိတယ်"

"ဆန်းလှချေကလား ကပ္ပတိန်"

"ဘယ်ပုံဆန်းတယ် ထင်သလဲဗျာ"

"ဆန်းပုံကတော့ ရေထဲခုန်ချတဲ့ လူတွေဟာ ဒီလူပါ လေးယောက်ရှိသွားပြီဆို မဟုတ်လား၊ ကပ္ပတိန်"

နောက်ထပ် ကပ္ပတိန်သည် ကျွန်တော့်အား ဆက်လက် မေးမြန်းရာတွင်၊ ကျွန်တော်သည် ဒေါက်တာထံမှ ကြားရသည်ဟု ဖော်ထုတ်၍ မပြောဘဲ အခန်းနံပါတ် ၃၅ အကြောင်းကို ကျွန်တော်သိကြောင်း ပြောမိသဖြင့် ကပ္ပတိန်လည်း အံ့အားသင့်နေ၏။ ထို့နောက် ကျွန်တော်က ကိုယ်တွေ့အကြောင်းအရာများကို ကပ္ပတိန်အား ပြောပြလေသည်။ နောက်ဆုံး၌ ကပ္ပတိန်က . . .

"ခင်ဗျား ကိုယ်တွေ့အဖြစ်အပျက်နဲ့ အခြားလူနှစ်ယောက်ရဲ့ ကိုယ်တွေ့အဖြစ်အပျက်နဲ့ တူတယ်ဗျို့၊ သူတို့ကလဲ ဒီလိုပဲပြောတယ်။ အပေါ်ထပ်အိပ်ရာပေါ်မှ ဗြုန်းဆို ခုန်ချပြီး တံခါးဖွင့်ထွက်ပြေးတာကို မြင်လိုက်ကြရသတဲ့။ ခုန်ချတာကိုတော့ ညစောင့်အလှည့်ကျတဲ့ သင်္ဘောသားက မြင်လိုက် ရလို့ သင်္ဘောရပ်ပြီး သမ္ဗာန်ကလေးတွေ ချရှာသေးသတဲ့။ ဒါပေမယ့် မတွေ့ရတော့ပါဘူး။ မနေ့ညတုန်းက ပျောက်သွားတဲ့ လူကိုတော့ ဘယ်သူကမှ မြင်လဲမမြင်၊ ကြားလဲ မကြားလိုက်မိကြဘူးတဲ့ဗျ။ မနက်တုန်းက ဒီသင်္ဘောပေါ်ပါတဲ့ စတူးဝပ်အရာရှိက အယူသည်းသည်းနဲ့ တူပါရဲ့။ တောက်တီးတောက်တဲ့တွေ ယုံတဲ့ လက္ခဏာရှိတယ်။ အဲဒီ စတူးဝပ်က သူ့စိတ်ထဲမှာ စနောင့်စနင်းဖြစ်လို့ဆို ထင်ပါရဲ့။ ခင်ဗျားကို အခန်းနံပါတ် ၃၅ ကို ဝင်ကြည့်တော့ အထက်





ထပ်မှာ ဘယ်သူမှ မတွေ့ခဲ့ဘူးတဲ့ဗျ။ သူ့အဝတ်စားကလေးတွေကိုသာ ပုံရက်သား တွေ့ခဲ့ရသတဲ့။ နဂိုကတည်းက ဒီခရီးသည်ကို သူက မသင်္ကာနေတဲ့အထဲမှာ ဝင်ရှာကြည့်လို့ မတွေ့ရတော့ ထိတ်ထိတ်လန့်လန့်နဲ့ လိုက်ရှာလိုက်တာ သင်္ဘောတစ်စီးလုံးနှံ့လို့ ဘယ်မှာမှ မတွေ့ခဲ့ဘူးတဲ့ဗျ။ ကေန်မုချ ရေထဲခုန်ဆင်းချသွားလို့ ဖြစ်ရမှာပဲ။ သို့သော် ခင်ဗျားကို ကျုပ် တစ်ခု တောင်းပန်ချင်တယ်ဗျာ။ ဒီအကြောင်းကို ဒီပြင်ခရီးသည်တွေ မပြောလိုက်ပါနဲ့ဦးဗျနော်။ ပင်လယ်ကူးသင်္ဘောဆိုတာ လူတွေ ခဏခဏ လိမ့်ကျရင် နာမည်ပျက်တယ်ဗျ။ ဟုတ်သော်ရှိမဟုတ်သော်ရှိ စောင့်ကြည့်ကြရဦးမယ်။ သို့သော် ခင်ဗျားတော့ ဒီအခန်းမှာ အိပ်လို့ မတော်တော့ဘူး၊ အခန်းတွေ အားလုံးပြည့်နေလို့ ခင်ဗျားကို တစ်ခြား အခန်းပေးစရာတော့ မရှိဘူး၊ သင်္ဘောအရာရှိတွေ အခန်းများအနက် ခင်ဗျားကြိုက်တဲ့ အခန်းကို ယူပေတော့ဗျာ။ ဘယ့်နှယ်လဲ ကျေနပ်ရဲ့လား"

"မကြေနပ်စရာတော့ မရှိပါဘူး ကပ္ပတိန်၊ ကျေးဇူးလဲတင်ပါတယ်။ သို့သော် ၃၅ မှာ ဟိုလူမရှိရင် ကျွန်တော် တစ်ယောက်ထဲ အိပ်ဖို့ ဘာကြောင့် မဖြစ်ရမှာလဲဗျ။ တစ်ယောက်ထဲ ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်ကျွတ်ကျွတ်သာတောင်ကောင်းသေးတာပဲ။ သူ့ပစ္စည်းကလေးတွေကိုသာ ဖယ်ပေးကြပါစေဗျာ။ ကျွန်တော့်ဟာ ကျွန်တော်ပဲ အိပ်ပါ့မယ်ဗျာ။ ခင်ဗျား မပြောစေချင်ရင် ဘယ်သူ့မှ ကျွန်တော် မပြောပါဘူး။ ကျွန်တော်လဲ ဟိုလူလို ခုန်မချပါဘူး၊ စိတ်သာချပါ ကပ္ပတိန်"

ကပ္ပတိန်သည် ကျွန်တော့်အား နံပတ် ၃၅ တွင် မအိပ်ဖို့ အတန်တန်တောင်းပန်သေး၏။ သင်္ဘော၌ ကပ္ပတိန်သည် ရှင်ဘုရင် ဖြစ်သည်ဆိုသော်လည်း ပေးပြီးသော အခန်းမှ အကြောင်းမဲ့ မောင်းထုတ်ရန် မဖြစ်နိုင်ချေ။ ကျွန်တော်၏ ဝါသနာဆိုး တစ်ခုမှာလည်း လုပ်တော့မည်ဆိုလျှင် ဘယ်သူတားဆီးသော်လည်း မရမက လုပ်ဖြစ်အောင် လုပ်ရမှ စိတ်ကျေနပ်တတ်၏။ တစ်ကြောင်းမှာလည်း ကပ္ပတိန်သည် ကျွန်တော့်ကို ထိုအခန်းမှ ပြောင်းရွှေ့ဖို့ အတင်းအကြပ် အမိန့်ပေးမည်ဆိုလျှင် အကြောင်းခြင်းရာကို အခြားခရီးသည်များ သိကုန်ကြပေတော့မည်။ ထိုကဲ့သို့လည်း ပြုလုပ်ရန် အလိုမရှိသော ကပ္ပတိန်သည် ကျွန်တော်၏ ခေါင်းမာခြင်းကို လက်လျှော့လိုက်ရလေတော့သည်။ အကယ်၍ ကျွန်တော်သည် ကပ္ပတိန်၏စကားကို နားထောင်၍ ပြောင်းရွှေ့လိုက်ပါမူ ဤအဖြစ်အပျက်မှာ ဤမျှတွင် ပြီးဆုံးသွား[illegible] ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကပ္ပတိန်အား ဆက်လက်၍ အကြောင်းပြ ပြောဆိုသည်မှာ နံပတ် ၃၅ တွင် ထူးခြားချက် တစ်စုံတစ်ခု ရှိဟန်တူ၍ ကျွန်တော်လည်း စုံးစမ်းဖို့ ဝါသနာရှိကြောင်း ထင်ရပုံမှာ ယမန်ညဥ့်က မှန်ပြတင်းဝိုင်းတံခါးပွင့်နေ၍ ချမ်းအေးလျက် ရှိသည်တွင် နကိုကတည်းက မကျန်းမာသည့်လက္ခဏာရှိသော ဘင်္ဂါလီခရီးသည်မှာ အိပ်ရာထဲတွင် အဖျားတက်၍ ကယောင်ကတမ်းဖြင့် အိပ်ရာပေါ်မှ ခုန်ဆင်းပြေးပြီးလျှင် တစ်နေရာတွင် ထိုးအိပ်နေခြင်းလည်း ဖြစ်နိုင်ကြောင်း၊ ပြတင်းတံခါးဝိုင်းမှာ ကာလန့်ချောင်နေသည့်လက္ခဏာရှိ၍ လိုအပ်သည်ကို ကျွန်တော် ပြင်ဆင်လိုက်လျှင် ကိစ္စ ပြီးသွားမည်ဖြစ်ကြောင်း ပြောပြလေ၏။

“ဒါတော့ ခင်ဗျား သဘောပဲဗျာ၊ ခင်းဗျားပေးထားတဲ့ အခန်းထဲမှာ ကျွန်တော်က မောင်းထုတ်နိုင်တဲ့ အခွင့်အရေးတော့ မရှိဘူးပေါ့။ သို့သော်လဲ အကောင်းဆုံးကတော့ နံပတ် ၃၅–ကို သော့ခတ်ပြီး ပိတ်ထားလိုက်ရင် အကောင်းဆုံး ထင်တာပဲဗျာ”

ကျွန်တော်သည် လျော့မပေးဘဲ မည်သူ့အားမျှ ပြောမပြသေးပါဟူ ၍သာ ကတိထားခဲ့ပြီးလျှင် ကပ္ပတိန်၏ အခန်းမှ ထွက်လာခဲ့၏။ ဘင်္ဂါလီခရီးသည်မှာ သင်္ဘောပေါ်တွင် အသိမိတ်ဆွေ ပါရှိဟန် မတူသောကြောင့် ပျောက်ကွယ်နေသည့်အတွက် မည်သူကမျှ သတိမရချေ။ ထိုညနေ၌ ကျွန်တော်သည် ဒေါက်တာနှင့် တွေ့၍ ပြောင်းရွှေ့ဖို့ သဘောတူပါသလောဟု မေးရာတွင် ပြောင်းဖို့ စိတ်မကူးကြောင်း ပြန်ပြောလိုက်၏။

“ခု မပြောင်းသေးလျှင် တော်တော်ကြာတော့ ခင်ဗျား ပြောင်းရမှာပါဗျာ”

“ကြည့်ကြသေးတာပေါ့ ဒေါက်တာ”

ထိုည၌ ကျွန်တော်သည် အခြားခရီးသည်များနှင့်အတူ ဝှစ်(စတ)ဖဲကစားနေမိသည်ဖြစ်၍ အတော်ညဥ့်နက်မှ ထလာခဲ့၏။ နံပတ် ၃၅ သို့ ဝင်သွားသောအခါ၌ ကျွန်တော်မှာ ပွဲကြည့်သွားရခြင်းကဲ့သို့ စိတ်၏ ပျော်ရွှင်ခြင်းရှိကြောင်း ဝန်ခံရပေမည်။ ဘင်္ဂါလီ ဆံတောက်ကြီးနှင့် အရပ်မြင့်မြင့် ကုလားကြီး၏ ပုံသဏ္ဍာန်သည် ကျွန်တော်၏ မျက်စိထဲတွင် ပေါ်နေ၍ ဤအချိန်တွင် ဘင်္ဂလားပင်လယ်အောက် ရေပြင်ထဲ၌ လှိုင်းပုတ်သောကြောင့် တလူးလူး တရွရွဖြစ်နေလိမ့်မည်ဟူ၍လည်း တွေးတောမိ၏။ အခန်းထဲ၌ အဝတ်များ ချွတ်နေစဉ် ပြောင်လှအောင် ဖြီးထားသော ဘိုကေကြီးကို မျက်စိထဲ၌ မြင်နေသဖြင့်





အထက်ထပ်ရှိ ကန့်လန့်ကာကို လက်ဖြင့်လှပ်၍ ကြည့်လိုက်မိသေး၏။ ထို့နောက် ကျွန်တော်သည် အခန်းတံခါးကို မင်းတုံးချ၍ ပိတ်နေစဉ် သင်္ဘောနံဘေးရှိ ပြတင်းဝိုင်းတံခါး ပွင့်နေသည်ကို အံ့ဩစွာ တွေ့မြင်ရ၏။ ထိုတံခါးဝိုင်းမှာ သင်္ဘောခုတ်နှင်လျက်ရှိသည့် အခိုက်တွင် အခါခပ်သိမ်း ပိတ်ထားရသော ထုံးစံရှိပါလျက် ယခုမှာ ပွင့်နေရုံမျှမက တံခါးရွက်ကို ချိတ်နှင့် ချိတ်ထားလိုက်သေး၏။ ဤတွင် ကျွန်တော်သည် ဒေါသတကြီးနှင့် အဝတ်ပြန်ဝတ်၍ စတူးဝပ်ကို ကြိမ်းမောင်းအံ့ဟု သူ၏ အခန်းသို့ လျှောက်လာခဲ့၏။

စတူးဝပ်သည် ကျွန်တော့်နောက်သို့ ပြာယီပြာရာ လိုက်လာ၍ နံပါတ် ၃၅ ရှေ့သို့ ရောက်ကြသောအခါ ကျွန်တော်က ပွင့်နေသော တံခါးကို ညွှန်ပြလျက် သူ၏ ပေါ့လျော့ခြင်းကို ကြိမ်းမောင်းပြီးလျှင် ကပ္ပတိန်အား တိုင်တန်းမည်ဟု ချိမ်းခြောက်လေ၏။

“မတော်တဆ သင်္ဘောစောင်းသွားလို့ ရေတွေ ဝင်ကုန်လျှင် မခက်ပါလားကွ . . ဟင်။ ဘာလယ်ဒီဖူး မနေ့ညတုန်းကလဲ ဒီလိုပဲ ပွင့်နေတာပဲ၊ မင်း သိပ်ပေါ့လျော့တဲ့ လူပဲ၊ ကပ္ပတိန်ကို သွားတိုင်လိုက်ရမလားဟင်”

ကျွန်တော်က ကြိမ်းမောင်းသောအခါ စတူးဝပ်သည် ငွေ ၁ဝိ ပေးထားဖူးသော အရှိန်ကြောင့် ထိတ်ထိတ်ပြာပြာ ဖြစ်၍ ပြတင်းဝိုင်းကို ပြာယီပြာရာ ဝင်ပိတ်လေ၏။ ထို့နောက်မှ ကျွန်တော့်ဘက်သို့ လှည့်လျက် . . .

“ကျွန်တော် ပိတ်ထားပါတယ် ခင်ဗျာ၊ ဒီတံခါး အင်မတန် ထူးဆန်းတဲ့ တံခါးပါ။ ဘယ်လိုပိတ်ပြီး တံခါးထိုးထားပေမယ့် တစ်ခါတစ်ခါ သူ့ဖာသာ ပွင့်ပွင့်နေပါတယ်။ ကျွန်တော်လဲ ဒီသင်္ဘောမှာ အလုပ်မလုပ်တော့ပါဘူး ထွက်တော့မှာပါ။ နည်းနည်းမှ ကောင်းတဲ့ သင်္ဘော မဟုတ်ပါဘူး။ ခင်ဗျားလဲ ဒီအခန်းမှာ မအိပ်လျှင် ကောင်းပါတယ်။ ကပ္ပတိန် အခန်းမှာ ဖြစ်ဖြစ် ပြောင်းအိပ်ပါခင်ဗျာ၊ ကိုင်း . . ကျွန်တော် ပိတ်ထားခဲ့ပြီးနော် ခင်ဗျား ကြည့်ပါတော့ ကလန့်ကို သေသေချာချာ ချထားတာ တွေ့တယ်မဟုတ်ပါလား”

ကျွန်တော်သည် တံခါးကို ဆွဲကြည့်ရာ ကောင်းမွန်စွာ ပိတ်ထားသည်ကို တွေ့ရသဖြင့် ဝန်ခံလေ၏။ စတူးဝပ်က . . .

“တော်တော်ကြာ ကြည့်ပါခင်ဗျာ။ ပွင့်နေတာ တွေ့ရပါလိမ့်ဦးမယ် ပွင့်ရုံတွင် မကသေးဘူး တံခါးချိတ်ကို ချိတ်ထားတာ တွေ့ရလိမ့်မယ်”

“မင်းပြောသလို သူ့အလိုလို ပွင့်နေတာ တွေ့ရရင် မင်းကို ပြောင်း ပေးမယ်ကွာ”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီခင်ဗျာ၊ ကျွန်တော်တော့ ငွေ ၁၀ိ ရရပြန်ချေသေးရဲ့ ခင်ဗျာ၊ ဒီပြင်ကော ဘာခိုင်းစရာ ရှိသေးလဲခင်ဗျာ"

"မရှိပါဘူး၊ တော်ပါပြီ"

စတူးဝပ်လည်း ထိုအခန်းမှ ထွက်သွားခွင့် ရခြင်းအတွက် ဝမ်းသာသည့်လက္ခဏာဖြင့် သွက်လက်စွာ ထွက်သွားလေရာ ကျွန်တော်မှာငွေ ၁၀ိ လည်း ပေးလိုက်ရ၍ စိတ်မသက်သာစရာ အခြင်းအရာများလည်း ကြုံတွေ့ရလေသည်။

ကျွန်တော်သည် အောက်ထပ် အိပ်ရာသို့ ဝင်၍ စောင်ခြုံကာ ကွေးပါသော်လည်း အိပ်ချင်စိတ် မပေါ်လာဘဲ ဘင်္ဂါလီစရီးသည်၏ ဘိုကေကြီးကို မျက်စိထဲတွင် မြင်နေမိတော့သည်။ ကြောက်စိတ်ဟူ၍ကား မရှိ။ သို့သော် တစ်စုံတစ်ခု ဖြစ်ချေတော့မည်လောဟု စောင့်မျှော်မိခြင်းကား ရှိ၏။ စတူးဝပ် ပြောခဲ့သောစကားကြောင့် ကျွန်တော်သည် ပြတင်းဝိုင်းဆီသို့ မကြာခဏ လှမ်းကြည့်မိရာ မှောင်မိုက်နေသော အခန်းထဲတွင် မှန်ပြတင်းဝိုင်းမှာ တောက်ပြောင်သော ပန်းကန်ပြား တစ်ချပ်ကဲ့သို့ ဝင်းတင်းတင်း မြင်ရတော့သည်။ တစ်နာရီခန့်ကြာ၍ အိပ်ချင်သလိုလို ဖြစ်လာသောအခါ ကျွန်တော်မှာ မျက်နှာပေါ်သို့ လေအေးတစ်ချက်ဟပ်လိုက်ပြီးနောက် ရေမှုန် ရေမွှားကလေးများပင် ပါလာသည်ဟု ထင်လိုက်ရ၏။ ဤတွင် ကျွန်တော်မှာ ဖြုံးခနဲ လန့်သွား၍ အိပ်ရာမှ ရုတ်တရက် ထလိုက်ရာ လှိုင်းကြောင့် သင်္ဘောလူးခြင်းကို သတိပြုမိသည်နှင့် လဲတော့မတတ် ဟပ်ထိုးကြီး ဖြစ်သွားသေး၏။ ထိုနောက်မှ ပြတင်းဝိုင်းသို့ လှမ်းကြည့်လိုက်ရာ မှန်တံခါးမှာ ပွင့်နေရုံမျှမက ချိတ်နှင့် ချိတ်ထားသည်ကို တွေ့ရလေ၏။

အခြား လူများအဖို့မှာ ဤအခြင်းအရာသည် ထိတ်လန့်ဖွယ် ဖြစ်သော်လည်း အတွေ့အကြုံများခဲ့သော ကျွန်တော့်အဖို့မှာ ထိတ်လန့်သေးသည်မဟုတ် စတူးဝပ် ပြောသည့်အတိုင်း ဟုတ်နေခြင်းမျှလောက်ကိုသာ ဝန်ခံ၍ ဤထူးဆန်းသော အခြင်းအရာကို အရင်းအမြစ်သို့ တိုင်အောင် စုံစမ်းလိုသော စိတ်မျှလောက်သာ ဖြစ်ပေါ်လာတော့သည်။ သို့ဖြစ်၍ ကျွန်တော်သည် တံခါးဝိုင်းကို တစ်ဖန်ပိတ်၍ စောင့်ကြည့်ရန် ပြင်ဆင်လေ၏။ တံခါးဝိုင်း၌ တပ်ထားသော ကြေးဝါကိရိယာများမှာ အတော်လေးလံသည် ဖြစ်၍ သင်္ဘောလူးလိမ့်ရုံမျှနှင့် မပွင့်နိုင်ခြင်းကိုမူကား သိပြီးဖြစ်လေရာ ကျွန်တော်သည် မှန်ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သော





အခါ ပင်လယ်ပြင်၌ ရေမြှုပ်များ တဖွေးဖွေး ရှိနေသည်ကို တွေ့မြင်ရ၏။

ပြတင်းပေါက်အနီး၌ ရပ်လျက် ၁၅ မိနစ်ခန့် ကြည့်နေမိသောအခါ ကျွန်တော် အိပ်သော အိပ်ရာဆီမှ တချွတ်ချွတ် တချက်ချက် လှုပ်ရှားသော အသံလိုလို ကြားရသည်နှင့် လှည့်ကြည့်လိုက်ရာတွင် "အီး–ဟီး–ဟီး–ဟီး" ဟူသော ညည်းတွားသံ ကြားလိုက်ရ၏။ အသံမှာ ပင့်သက်ရှူလျက် လေရှည်ဆွဲ၍ ညည်းလိုက်ခြင်းနှင့် တူလေသည်။ အခန်းတွင်း၌ကား မှောင်လျက်ရှိသောကြောင့် တစ်စုံတစ်ရာမျှ မမြင်ရချေ။ ကျွန်တော်သည် ပြတင်းပေါက်အနီးမှ ဖြုန်းခနဲ ဆုတ်ခွဲ၍ အပေါ်အိပ်ရာမှ ကန့်လန့်ကာကို လက်ဖြင့် ရုတ်တရက် ဖယ်ရှားလိုက်ရာ အိပ်ရာပေါ်၌ တစ်စုံတစ်ခုကို စမ်းမိတော့သည်။

ကျွန်တော်သည် ကန့်လန့်ကာ၏ နောက်သို့ လက်လျှိုလိုက်သည်နှင့် တစ်ပြိုင်နက်၊ ရေခဲသေတ္တာထဲသို့ လက်နှိုက်လိုက်ရသကဲ့သို့ ထိုင်းတိုင်းတိုင်း အေးစက်စက် ဖြစ်သွား၍ ကန့်လန့်ကာနောက်မှ ကျွန်တော်၏ မျက်နှာသို့ ရိုက်ခတ်သော လေမှာလည်း ပင်လယ်ရေစော် နံသည်ဟု သိလိုက်ရ၏။ ဤနောက် အိပ်ရာပေါ်သို့ လက်ဖြင့် စမ်းလိုက်သောအခါ လူ့လက်မောင်းကဲ့သို့ လုံးတုံးတုံး တွေ့ရ၍ စွတ်စို အေးမြလျက် ရှိခြင်းကိုလည်း သတိပြုလိုက်မိ၏။ ကျွန်တော်သည် ကိုင်မိသောအရာကို လွှတ်မချဘဲ ဆွဲခါလိုက်မိသည်တွင် ကျွန်တော့် ကိုယ်ပေါ်သို့ စိုစိုရွှဲရွှဲ အေးအေးစက်စက် ရှိနေသော ကိုယ်လုံးကြီးသည် အင်တိုက်အားတိုက် ပစ်လဲလိုက်သဖြင့် ကျွန်တော့်မှာ နောက်သို့ ယိုင်သွားတော့သည်။ ကျွန်တော်မှာ ကိုယ်လုံးကြီး၏ အရှိန်ကြောင့် ဒယိဒယိုင်နှင့် ဆုတ်သွားရစဉ် အခန်းတံခါးသည် ဂျောင်းခနဲ ပွင့်သွား၍ တစ်စုံတစ်ယောက် ပြေးထွက်သွားသည်ဟု ထင်လိုက်ရ၏။ ကြောက်လန့်ခြင်းထက် အံ့သြခြင်းက ပိုမိုလျက်ရှိသော ကျွန်တော်မှာ ကြာရှည်စွာ ရပ်မကျန်ရစ်ခဲ့ဘဲ တံခါးပေါက်မှ ချက်ချင်း ထွက်သွားပြီးလျှင် မီအောင်လိုက်ဖို့ ကြိုးစားတော့သည်။ ကျွန်တော့်၏ ရှေ့၌ မပြောင်တပြောင် ရှိနေသော လမ်းကြားတစ်လျောက်တွင် မဲမဲကြီး တစ်ခု ရွေ့လျောလျက် ရှိသည်ကို မြင်ရလေရာ မီးတိုင်အောက်တွင် ဘိုင်စကယ် စီးသွားသော အရိပ်ကဲ့သို့ ကျွန်တော် လျင်မြန်သည်ထက် ပို၍လျင်မြန်သည်ကို တွေ့လိုက်ရ၏။ သို့ဖြစ်၍ ကျွန်တော်သည် လက်ရန်းသို့ရောက်၍ [illegible] နှင့် ကိုင်ကာ ငေးမျှော်လျက် ကြည့်နေစဉ် ထိုအရာမှာ ကွယ်ပျောက်သွား[illegible] ပြီ။

လူ့မလန့်သော်လည်း သွေးလန့်သည်ဟု အချို့လူများ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ကျွန်တော်မှာလည်း ထိုကဲ့သို့ ဖြစ်နေဟန် တူသည်။ ရင်ခုန်လောက်အောင် ထိတ်လန့်သည်ဟု မဆိုနိုင်သော်လည်း ကျောထဲမှာ စိမ့်တက်၍ ကြက်သီးမွေးညှင်း ထမိတော့သည်။

နောက်ဆုံး၌ ကျွန်တော်သည် အခန်းသို့ ပြန်လာခဲ့၍ အတွင်းသို့ ဝင်လာသော အခါတွင် ပင်လယ်ရေစော် နံလျက် ရှိသည်ဟု ထင်မိသည်။ ဤညဥ့်အဖို့မှာ အိပ်နိုင်တော့မည် မထင်သည်နှင့် ကျွန်တော်သည် လက်ဆွဲမီးအိမ်ကို ထွန်း၍ စာဖတ်ဖို့ ပြင်ဆင်တော့သည်။ ထိုအခိုက်တွင် မှန်ပြတင်းဝိုင်းကို လှမ်းကြည့်လိုက်ရာ ပွင့်နေသည်ကို တွေ့ရပြန်သည်။ တံခါးကို ပိတ်ခဲ့ပြီးနောက် အထက်ထပ် အိပ်ရာမှ ကန့်လန့်ကာကို ဖယ်ရှား၍ လက်ဆွဲမီးအိမ်ဖြင့် အိပ်ရာကို သေချာစွာ ကြည့်ရှုရာတွင် တစ်စုံတစ်ယောက် အိပ်ထားသည့် အထိမ်းအမှတ်များ တွေ့ရသော်လည်း ကျွန်တော် မျှော်လင့်သည့်အတိုင်း စွတ်စိုမနေဘဲ ခြောက်သွေ့လျက်ရှိသည်ကို တွေ့ရသည်။

ထိုနောက် ပြူတင်းဝိုင်း ပွင့်နေသည်ကို တွေ့ရပြန်သဖြင့် ကျွန်တော်သည် ကြေးကွင်းတွင် တုတ်လျှိုလျက် ဝက်အူကို တတ်နိုင်သမျှ တင်းကြပ်အောင် လှည့်ထားခဲ့၏။ နောက်ဆုံးတွင် ကျွန်တော်သည် မီးအိမ်ကို ခေါင်းရင်း၌ ချိတ်၍ စာဖတ်နေတော့ရာ မိုးလင်းလုသည့်တိုင်အောင် ထူးထူးခြားခြား မတွေ့ရတော့သည်နှင့် စာအုပ်ကိုပစ်ချ၍ အိပ်ပျော်ခြင်းသို့ ရောက်သွားတော့သည်။

နံနက်လင်း၍ ကုန်းပတ်သို့ ထွက်လာသောအခါ ဆေးတံကို ခဲလျက် လမ်းလျှောက်နေသော ဒေါက်တာနှင့် ဆုံမိကြ၏။ နှုတ်ဆက်ကြပြီးနောက် . . .

"ခင်ဗျား ပြောတာ ဟုတ်တယ် ဒေါက်တာ၊ နံပတ် ၃၅ ကတော့ အမှန် ဆန်းတယ်ဗျို့"

"ခင်ဗျား ကြည့်ရတာ အိပ်ပျက်ပုံရတယ်၊ ဘယ်လိုများ ကြုံတွေ့ရသလဲ"

ဤတွင် ကျွန်တော်သည် ယမန်ညဥ့်က အဖြစ်အပျက်များကို ဒေါက်တာအား ပြောပြ၍ ပြတင်းဝိုင်း၏ မကြာခဏ ပွင့်နေပုံ အခြားအရာကိုလည်း အကျယ်တဝင့် ပြောပြလေသည်။

"ဟုတ်ပါတယ်ဗျ၊ ဒါကြောင့်မို့ ကျုပ်က တောင်းပန်တာပေါ့ ကျုပ်နဲ့ အတူ လာအိပ်လှဲ့ပါဗျာ၊ ခေါင်းမမာချင်ပါနဲ့တော့"





"ခင်ဗျားက ကျုပ်ဆီလာအိပ်ရင် သာမကောင်းဘူးလား ဒေါက်တာ၊ ဒီအကြောင်းကို သေသေချာချာ စုံစမ်းကြည့်ကြရအောင်လေဗျာ"

"တော်ပြီမိတ်ဆွေ၊ ကျုပ်က စုံစမ်းမနေဘူး၊ ဒီပြင် သင်္ဘော တစ်စီးကို ပြောင်းတော့မှာ ဆရာကြီး"

"ခင်ဗျား ကြောက်သလား ဒေါက်တာ"

"ကြောက်တယ် ဆိုချင်ဆို ဒီဟာ စုံစမ်းနေလို့ ဘာအကျိုးမှ မရှိဘူး၊ သွေးပျက်ပြီး ရူးသွားရင် ဘယ့်နှယ်လုပ်မလဲ"

"ဒေါက်တာဆိုပြီး တစ္ဆေတွေ ဘာတွေ ယုံသလားဗျာ"

"ယုံတာ မယုံတာ အပထား ဒီဟာ စုံစမ်းလို့ ဘာမှ အကျိုးမရှိဘူး။ ကျုပ်နားလည်တယ်"

အမှန်ပြောရလျှင် ကျွန်တော်မှာ နံပတ် ၃၅ အကြောင်းကို ဆတ်လက်၍ စုံစမ်းလိုသေး၏။ သို့သော် တစ်ယောက်တည်း စုံစမ်းခြင်းထက် အဖော်တစ်ယောက် ရနိုင်လျှင် သာ၍ကောင်းလိမ့်မည် ထင်မိသည်။ သို့ဖြစ်၍ အဖော်ညှိမရသော ဒေါက်တာကို ထားခဲ့ပြီးနောက် ကျွန်တော်သည် ကပ္ပတိန်ထံသို့သွား၍ အဖြစ်အပျက်ကို ပြောပြလေ၏။

ကပ္ပတိန်မှာ ကျွန်တော်ကဲ့သို့ပင် စုံစမ်းခြင်းသော ဝါသနာရှိသူ တစ်ယောက် ဖြစ်ရကား နောက်ဆုံးညဖြစ်သော ဤအခွင့်အရေးကို ကျွန်တော်နှင့် အတူ စမ်းကြည့်ရန် အကြံပေးရသည်။

"ဟုတ်တယ်ဗျို့၊ စုံစမ်းရရင် ကောင်းသားပဲ ကျုပ်ကတော့ တစ္ဆေဆိုတာ သိပ်မယုံဘူး၊ သင်္ဘောဦးစီးပြီး တစ္ဆေလိုလို ဘာလိုလို လုပ်ချင် လုပ်နေမယ်ထင်တယ်။ ကောင်းပြီ စိမ်လိုက်ဗျာ ကျုပ်လာပြီး စောင့်ကြည့်မယ်' '

ထိုညနေ၌ ကပ္ပတိန်သည် သင်္ဘောလက်သမားကို ခေါ်၍ နံပတ် ၃၅ တွင် လျှို့ဝှက်သော အံပုန်းများ ရှိလေသလောဟု ကြမ်းပြင်နံရံနှင့် တံခါးအကြိုအကြားတို့ကို စစ်ဆေးကြည့်ရှုစေရာ တစ်စုံတစ်ရာ ချို့ယွင်းချက် မတွေ့ရသည်နှင့် ကျေနပ်ကြရ၏။ လက်သမားကမူ နံပတ် ၃၅ အကြောင်းကို ကြားဖူး၍ ကျွန်တော်တို့၏ အကြံအစည်ကိုလည်း ရိပ်မိသည်နှင့် စုံစမ်းခြင်းအလုပ်ကို လက်လျှော့ပြီးလျှင် အခန်းတံခါးကို အပြင်မှ ပျဉ်ပြားကြီးများနှင့် တစ်ခါတည်း အသေရိုက်ပိတ်ဖို့ အကြံပေး၏။ သို့ရာတွင် ကျွန်တော်တ နှင့် ကတည်းက စုံစမ်းချင်သည့်အထဲတွင် ကပ္ပတိန်ပင် အဖော်ရနေသောကြောင့် လက်လျှော့ဖို့ စိတ်မကူးချေ။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်မှာ ကိုယ်မာသလောက် စိတ်တင်း၍ အတော်အူရွှင်သော လူတစ်ယောက်ဖြစ်ရာ ကျွန်တော်တို့ စီစဉ်ထားသော အလုပ်အတွက် စိတ်ပါလက်ပါ ပြင်ဆင်လျက်ရှိ၏။ တစ်ကြောင်းမှာလည်း နံပတ် ၃၅ ကို တစ်ခါတည်း ပိတ်ထားရလျှင် ခရီးသည် နှစ်ယောက်အတွက် ဝင်ငွေလျော့သွားမည်ဖြစ်သောကြောင့် ဤပြဿနာကို ကျေနပ်စွာ ရှင်းနိုင်လျှင် သင်္ဘောကုမ္ပဏီ၌ သူ့အဖို့ နာမည်ကောင်းလိမ့်မည် ဟူ၍လည်း နားလည်ဟန် တူလေသည်။

ထိုည၌ ၁၀ နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်နှင့် ကပ္ပတိန်တို့သည် နံပတ် ၃၅ သို့ ဝင်ကြစဉ် မနီးမဝေးမှ စောင့်ကြည့်ကာ ဖြိုးနေသော စတူးဝပ်ကို မြင်မိသေး၏။ အခန်းထဲသို့ ဝင်ပြီးကြသည်နှင့် တစ်ပြိုင်နက် ကပ္ပတိန်က တံခါးပိတ်၍ မင်းတုံးချလိုက်တော့သည်။ ထိုနောက် ကပ္ပတိန်သည် ထိုင်ခုံကလေး တစ်ခုကို တံခါးအနီး၌ ကပ်လျက် ခင်းထား၍ ထိုအပေါ်၌ သူထိုင်ပြီးလျှင် ကျွန်တော်က အိပ်ရာပေါ်မှ စောင့်ခြင်းအားဖြင့် အခန်းထဲမှ အပြင်ဘက်သို့ မည်သူမျှ မထွက်နိုင်အောင် စီမံလေ၏။ ထိုအတောအတွင်း ကျွန်တော်သည် ဝက်အူကို တင်းကြပ်စွာ ပိတ်ထားသော မှန်ပြတင်းဝိုင်း၌ စစ်ဆေးကြည့်ရာ ကျွန်တော် ပိတ်ထားသည့်အတိုင်း တွေ့ရ၍ ပွင့်ခဲ့လျှင် ကျွန်တော် လှည့်သကဲ့သို့ တတ်လျှိုဖွင့်မှသာ ပွင့်နိုင်ပေတော့မည်။ ထိုနောက် ကျွန်တော်သည် အထက်ထပ်အိပ်ရာမှ ကန့်လန့်ကာကို ဖွင့်ထားခြင်းအားဖြင့် အိပ်ရာပေါ်သို့ အလွယ်တကူ မြင်နိုင်အောင် စီမံထားလေသည်။ ကပ္ပတိန်၏ အကြံပေးချက်အရ လက်ဆွဲမီးအိမ်ကို ထွန်း၍ အထပ်ထပ်အိပ်ရာပေါ်သို့ အလင်းရောင်ထိုးသော နေရာ၌ ချိတ်ထား၏။ အောက်ထပ် အိပ်ရာအောက်၌ တစ်စုံတစ်ယောက် ပုန်းအောင်း မနေနိုင်စေခြင်းငှာလည်း ငုံ့၍ စစ်ဆေးကြသေးသည်။ နောက်ဆုံး၌ ကပ္ပတိန် သည် အခန်းတံခါး၌ ကပ်၍ ခင်းထားသော ထိုင်ခုံကလေးပေါ်တွင်ထိုင်၍ ကျွန်တော်က အောက်ထပ် အိပ်ရာ အစွန်း၌ ထိုင်ကာ စောင့်ကြလေတော့သည်။

ကပ္ပတိန်သည် ပေါင်တစ်ဖက်ပေါ်၌ လက်တစ်ဖက်တင်ကာ ခြေကလိန် ချိတ်လျက် ဆေးတံဖွာရင်း . . .

"ပထမဆုံး ဖြစ်တာက မတ်လလောက်ကဗျ၊ ဒီတုန်းက ဒီအခန်းမှာ ဘင်္ဂါလီကုလား တစ်ယောက်ပဲ၊ သူ့အိမ်သူ အိမ်သားတွေ မသိဘဲ ဒီသင်္ဘောပေါ် လိုက်လာတယ်။ သန်းခေါင်လောက်ကျတော့ ဒီအခန်းထဲက ထွက်ပြေးသွားပြီး ရေထဲ ခုန်ချလိုက်တာကို သင်္ဘောသားတစ်ယောက်က မြင်လိုက်ရ





တယ်။ သင်္ဘောရပ်ပြီး သမ္ဗာန်နဲ့ လိုက်ရှာတာ မတွေ့လိုက်တော့ဘူး။ ဒီတုန်းက ကျုပ်တို့က စိတ်မနှံ့တဲ့ အရူးတစ်ယောက် သူ့ကိုယ်သူ သတ်သေခြင်းပဲလို့ ယူဆလိုက်ကြတယ်"

"ဒီလိုချည်း ခဏခဏ ဖြစ်ခဲ့တယ်ဆို"

"ခဏခဏလို့တော့ မဟုတ်ပါဘူး၊ ဖြစ်တဲ့အခါ ဖြစ်တတ်တာပေါ့၊ ဘာငေးကြည့်နေတာလဲဗျ"

ထိုခဏ၌ ကျွန်တော်မှာ မှန်ပြတင်းဝိုင်းဆီသို့ လှမ်းကြည့်နေမိ၍ ကျွန်တော် လှည့်ပိတ်ထားသော ဝက်အူသည် တဖြည်းဖြည်း လည်နေသည် ထင်မိသောကြောင့် စိုက်ကြည့်နေမိခြင်း ဖြစ်လေသည်။ ကပ္ပတိန်လည်း ကျွန်တော် စိုက်ကြည့်နေသော နေရာသို့ လှမ်းကြည့်လိုက်ပြီးနောက် . . .

"ဝက်အူက တရွေ့ရွေ့ လည်နေ ထင်ပါလားဗျ၊ ဟုတ်မထင်ပေါင်လေ၊ ကျုပ် မျက်စိမှားတာ ထင်ပါရဲ့"

"ကျွန်တော်လဲ လည်တယ်ထင်လို့ ကြည့်နေတာပဲ၊ သင်္ဘောလှုပ်လို့ လည်တယ်ဆိုရင်လဲ နေ့ခင်းကတည်းက လည်ဖို့ကောင်းတယ်။ ခုနင်တုန်းက ကျွန်တော် စစ်ဆေးကြည့်တော့ လုံးဝမလည်ဘူးဗျ၊ ကျွန်တော် ပိတ်ထားခဲ့တဲ့အတိုင်း တင်းလို့ ကြပ်လို့ပဲ"

ကျွန်တော်သည် ထိုင်ရာမှ ထသွား၍ ဝက်အူကို စုံစမ်းကြည့်ရာ ချောင်နေသည်ကို တွေ့ရ၍ လက်ဖြင့် အလွယ်တကူ လှည့်ဖွင့်နိုင်တော့သည်။ ကပ္ပတိန်က ဆက်လက်၍ . . .

"ဒုတိယ ခရီးသည် ဟာကတော့ အဲဒီ အပေါက်ဝိုင်းက ခုန်ချလိုက်တာပဲတဲ့ဗျ၊ ဒီအချိန်မှာ လှိုင်းတွေလေတွေ ကြီးနေလို့ ဒီအပေါက်က ရေတွေ ဝင်ကုန်လို့မို့ ကျုပ်တို့လူစုမှာ အတော်ကြီး အလုပ်များ သွားသေးတယ်၊ ခုန်ချတဲ့ လူကတော့ ဒီအပေါက်မှာ ခုန်ချဟန် တူတာပဲ၊ သို့သော် ဘယ်လိုနည်းနဲ့ ဖြစ်အောင် ခုန်ချသွားတယ်လို့တော့ ပြောပဲမပြောတတ်ဘူး။ ဒီတုန်းက စပြီး ဒီအခန်းထဲမှာ ရေစော်နံ့နေတော့တာပဲ၊ ခုတောင် ကျုပ်တော့ နံ့တယ်ထင်တာပဲ၊ ခင်ဗျားကော ဘယ်နှယ်လဲ အနံ့ မရဘူးလား"

"နံတယ်ဗျို့၊ တကယ်ရေမစိုဘဲနဲ့ ဒီအနံ့မျိုး ရတာတော့ [illegible]တာပဲဗျာ၊ အလို ဒါက ဘယ်နှယ်ဟာလဲဗျို့"

ထိုခဏ၌ အထက်ထပ် အိပ်ရာပေါ်သို့ အလင်းရောင် [illegible] ချိတ်ထားသော လက်ဆွဲမီးအိမ်သည် ရုတ်တရက် ငြိမ်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခန်းပြင်ဘက်၌ ရှိသော မီးရောင်သည် မှန်ပေါက်တစ်ခုမှ ထိုး ဝင်လျက် ရှိသောကြောင့် အခန်းမှာ လုံးလုံးကြီး မမှောင်ဘဲ ဝိုးဝါး မြင်နိုင် သေး၏။ သဘော်သည် လှုပ်၍ အထက်ထပ် အိပ်ရာမှ ကန့်လန့်ကာသည် အပြင်သို့ ဖောက်ထွက်လာပြီးလျှင် တစ်ဖန်ပိန်ဝင်သွားသည်ကို မြင်လိုက် ရ၏။ ကျွန်တော်သည် အိပ်ရာ အစွန်းတွင် ထိုင်နေရာမှ ရုတ်တရက် ဖယ်လိုက် ၍ ကပ္ပတိန်လည်း ထိုင်ခုံပေါ်မှ အလန့်တကြား ခုန်ထလိုက်၏။ ကျွန်တော် သည် လက်ဆွဲမှန်အိမ်ကို စစ်ဆေးမည်ဟု လှမ်းယူဆဲတွင် ကပ္ပတိန်က အလန့်တကြား ခေါ်လိုက်သံ ကြားသည်နှင့် သူ့ဆီသို့ ကပျာကယာ လှည့် သွားရ၏။ ထိုခဏ၌ ကပ္ပတိန်သည် မှန်ပြတင်းဝိုင်းမှ ဝက်အူကို အတင်း ကိုင်ထားရာ ဝက်အူသည် သူ့လက်ထဲတွင် အတင်းလည်လျက် ရှိသည်နှင့် ကျွန်တော်က တုတ်ကောက်ကို ယူပြီးလျှင် ကြေးကွင်းသို့ လျှို၍ ကြပ် တည်းစွာ ဆုပ်ကိုင်ထား၏။ သို့ပါသော်လည်း ကြေးကွင်းသည် လည်မြဲတိုင်း လည်လျက်ရှိရကား ကျွန်တော် ကိုင်ထားသော တုတ်ကောက်သည် လက်ထဲမှ လွတ်ထွက်သွား၍ ကျွန်တော် ကိုယ်တိုင် ယိုင်လဲ သွားတော့သည်။ ကျွန်တော် ထလာသောအခါ ပြတင်းဝိုင်း တံခါးပွင့်နေ၍ ကပ္ပတိန်မှာလည်း အခန်း တံခါးကို ကျောမှီကာ တောင့်ထားလေသည်။

"အပေါ်ထပ် အိပ်ရာထဲမှာ တစ်ယောက်ယောက် ရောက်နေတယ် ဗျို့၊ ခင်ဗျားက တံခါးကို လာတွန်းထားစမ်းပါ၊ ကျုပ် ရှာကြည့်စမ်းပါရစေ။ ဘာကြောင့် ဖြစ်ဖြစ် လွတ်စေရရိုးလားဗျာ လာဗျို့"

သို့ရာတွင် ကျွန်တော်သည် သူခေါ်သည့်အတိုင်း တံခါးဆီသို့ မသွားဘဲ အပေါ်ထပ် အိပ်ရာကို ကျွန်တော်ကိုယ်တိုင် စုံစမ်းမည်ဟု ချဉ်းကပ် လိုက်သည်နှင့် တစ်ပြိုင်နက် ပြောမပြနိုင်အောင် ကြောက်မက်ဖွယ်ကောင်းသော အခြင်းအရာနှင့် ကြုံတွေ့ရလေတော့သည်။

ကျွန်တော်က အိပ်ရာပေါ်သို့ လက်လှမ်း၍ စမ်းကြည့်လိုက်ရာတွင် ပျော့စိစိရှိနေသော အရာဝတ္ထုတစ်ခုကို ကိုင်မိ၍ ရေနစ်သေဆုံးထားသည့် အလောင်းပုပ်ကြီးနှင့် တူသည်ဟု ထင်လိုက်ရ၏။ ထိုအရာဝတ္ထုသည် လက်ထဲတွင် ငြိမ်ဝပ်စွာ မနေရုံသာမက လူတစ်ကျိပ်ခန့်နှင့် ညီမျှသော ခွန်အားဖြင့် ဖယ်ရှားရုန်းကန်လျက် ရှိတော့သည်။ ကျွန်တော်ကလည်း မလွတ်စေဘဲ အတင်းဖြစ်ဖြစ် ကိုင်ထားသည် အတွင်း ချောကျိကျိ ပွစိစိ ရွဲတဲတဲရှိသော ထိုအရာဝတ္ထုမှလည်း မျက်လုံးကြီး နှစ်လုံးပေါ်လာ၍ ကျွန်တော့်





အား စေ့စေ့ကြီး ပြူးကြည့်ပေတော့သည်။ ထိုအတောအတွင်း ကျွန်တော်၏ နှာခေါင်းသည် ၅ ရက်ထားသော မသာအလောင်း၏ အပုပ်နံ့ကြီး တိုးဝင် လျက်ရှိရာ စုတ်ဖွားကြီးဖြစ်နေသော ဘိုကေမှ ရှည်လျားသော ဆံပင်များသည် သူ၏ နဖူးပြင်၌ ရေတစက်စက် ကျလျက်ရှိ၏။ ထိုအရာသည် ကျွန်တော့် အပေါ်သို့ ကိုယ်လုံးလုံချသဖြင့် ကျွန်တော်နှင့် နပန်းလုံးနေရစဉ် စွတ်စိုသော လက်မောင်းများဖြင့် ကျွန်တော်၏ လည်ပင်းဖျစ်ညှစ်ကာ အတင်းတွန်းသည်နှင့် ကျွန်တော်မှာ ကြမ်းပေါ်၌ ပက်လက်လန်လဲပြီးလျှင် ကျွန်တော်၏ လက်ထဲမှ လွတ်ထွက်သွားတော့သည်။

ကျွန်တော် လဲသွားသည်နောက် ထိုအရာသည် ကျွန်တော့်အပေါ်မှ ကျော်၍ ကပ္ပတိန်ဆီသို့ တဟုတ်တိုး ထိုးချလိုက်ရာ ကျွန်တော်က လှမ်းကြည့် သောအခါတွင် ပြူးထွက်နေသော ကပ္ပတိန်၏မျက်လုံးများကိုသာ မြင်လိုက် ရတော့သည်။ သတ္တိကောင်းသော ကပ္ပတိန်က လက်သီးဖြင့် တအားကြဲး၍ ထိုးပါသော်လည်း နာကျင်ဟန်မတူဘဲ နောက်ဆုံးတွင် ကပ္ပတိန်သည်သာ လျှင် ကြမ်းပေါ်သို့ ဟက်ထိုးလဲကျ သွားလေတော့သည်။

ထိုအရာသည် ကပ္ပတိန်အပေါ်မှ မိုးလျက် ဆိုင်းလင့်နေစဉ် ကျွန် တော်က ကပ္ပတိန်ကို တစ်စုံတစ်ခု ပြုလုပ်ချေတော့မည်ဟုထင်၍ ဟစ်အော် လိုက်သေး၏။ သို့ရာတွင် ကျွန်တော်၏ ပါးစပ်မှ လုံးဝ အသံ မထွက်လာ ချေ။ နောက်ဆုံး၌ ထိုအရာသည် ကပ္ပတိန်ကို ကျော်လွှား၍ ပြတင်းဝိုင်းဆီမှ လျှိုထွက်သွားသည်ဟု ထင်လိုက်ရ၏။ အခန်းထဲ မရှိတော့သည်ကား အမှန် ဖြစ်တော့သည်။ သို့နှင့်ပင် ကျွန်တော်မှာ ကြမ်းပြင်မှ မထနိုင်သေးဘဲ ကပ္ပတိန် နှင့်အတူ ယှဉ်လျက် လဲနေသေး၏။ တစ်မိနစ်ခန့်ကြာမှ လှုပ်ရှားနိုင်သော အခြေသို့ရောက်၍ ကိုယ်တိုင် ထပြီးလျှင် ကပ္ပတိန်ကိုလည်း ထူပေးရတော့ သည်။ ကပ္ပတိန်မှာ ဒဏ်ရာ အနာတရ မရှိသော်လည်း တော်တော်နှင့် စကား မပြောနိုင်ချေ။

ကျွန်တော်သည် နံပတ် ၃၅ ၏ အဖြစ်သနစ်ကို အရင်းအမြစ်သို့ ရောက်အောင် စုံစမ်းမည်ဟု အားခဲဆောင်ရွက်ကြခြင်း ဖြစ်သော်လည်း အရင်း လည်းမရောက်၊ အမြစ်လည်းမရောက် ဤမျှနှင့် လက်စသိမ်းခဲ့ရတော့သည်။ နောက်တစ်နေ့တွင် ကာလကတ္တားသို့ ရောက်၍ သင်္ဘော မဆင်းမီ ... နှုတ်ဆက်ရာတွင် ကပ္ပတိန်က "သူ့အဖို့မှာ ဤသင်္ဘောပေါ်တွင် ... အခေါက်ဖြစ်၍ အခြားသင်္ဘောတစ်စင်းသို့ ပြောင်းလျှင်ပြောင်း ...



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထွက်မည်"ဟု ပြောလိုက်လေသည်။

နောက် ၅ရက်ခန့်ကြာ၍ လမ်းကြုံသဖြင့် သင်္ဘောကုမ္ပဏီ တစ်ခုတွင် ဝင်ရောက် စုံစမ်းကြည့်ရာ ရမ္မာပူရာသင်္ဘောမှာ သင်္ဘောကျင်းထဲ၌ တစ်နှစ်ခန့် ပြင်ဆင်ရင်း အနားပေးထားပြီးနောက် အခြား နာမည်တစ်ခုနှင့် ခုတ်နှင်သွား လာလျက် ရှိသည်ဟု သိရပေသတည်း။



## ပင်လယ်တွင်း၌ အမျှောခံရခြင်း

ဗြိတိသျှအစိုးရလက်ထက်၌ မြန်မာပြည်မှ ဗြိတိသျှကုန်သည်ကြီးများ အသင်းသည် ပသျှူးကျွန်းစုမှ ငရုပ်ကောင်း၊ လေးညှင်း၊ ဖာလာ အစရှိသော မဆလာစေ့များကို မြန်မာပြည် အချို့ဒေသများ၌ စိုက်ပျိုးရလျှင် အကျိုးကျေးဇူး ဖြစ်ထွန်းလောက်သည်ဟု ယုံကြည်ကြသည့်အလျောက် ဗြိတိသျှ အစိုးရထံမှ အထိုက်အလျောက် အကူအညီ ရရှိသည်နှင့် အင်္ဂလန်ပြည်မှ ပင်လယ်ကူး သင်္ဘော အငယ်စားတစ်စင်း (တန်ချိန်၅၀၀) ခန့် မှာယူပြီးလျှက် ပသျှူးကျွန်းစုသို့ စေလွှတ်ရန် စီမံခဲ့ဖူးလေသည်။ ထိုသင်္ဘောသည် ကျွန်းစုသို့ လှည့်လည်၍ မျိုးစေ့များ ဝယ်ယူခြင်း အပင်ငယ်များကို မျိုးအဖြစ် ဝယ်ယူ၍ တင်ဆောင်ခဲ့ခြင်း စသော အလုပ်များ ဆောင်ရွက်ရန် ဖြစ်လေသည်။

မြန်မာပြည်သို့ သင်္ဘောဆိုက်ရောက်လာသောအခါ ကပ္ပတိန် လက်ထောက်တင်နှင်၊ မာလိန်အရာရှိများ စုံလင်စွာ ပါလာကြသော်လည်း သင်္ဘောသား အချို့မှာ ယာယီသဘောဖြင့် လိုက်ပါလာခြင်း ဖြစ်သောကြောင့် ရန်ကုန်မြို့တွင် လူသစ်များ ရှာဖွေငှါးယူ ရလေသည်။ သင်္ဘောအမည်မှာ ဘော်စနီယာ ဖြစ်၍ သင်္ဘောပေါ်၌ အောက်ပါ အမှုထမ်းများ ပါရှိ၏။ ကပ္ပတိန် ၁၊ လက်ထောက်တင်နှင် ၁၊ မာစတာအရာရှိ ၁၊ ဘိုဆင်အရာရှိ ၁၊ စက် ဆရာ ၃၊ လက်နက်အရာရှိ ၁၊ ဆရာဝန် ၁၊ လက်သမား ၁၊ မာလိန် ၁၊ စတူးဝပ် (ပစ္စည်းထိန်း) ၁၊



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂျင်ကော ၁၊ စာရေး ၁၊ သင်္ဘောသား ၂၃၊ ယောက်တို့ ပါရှိလေသည်။ ထို့ပြင် ထမင်းချက် တိုလီမိုလီ အစေခံမှစ၍ စုစုပေါင်း လူဦးရေ ၄၄ ယောက် ပါရှိလေသည်။

(၎င်း၏ ဒိုင်ယာရီ မှတ်တမ်းမှ)

ကျွန်ုပ်မှာ စွန့်စားခြင်း အလုပ်၌ ဝါသနာအိုး ဖြစ်သည့်အလျောက် ဝေါရာများ သင်္ဘောသားများ အစရှိသော အင်္ဂလိပ် လူကြမ်းများနှင့် အရောတဝင် ပေါင်းသင်းတတ်သူ ဖြစ်၍ တစ်နေ့တွင် သူ၏ ကပြားကလေး တစ်ယောက်က ကျွန်ုပ်၏ ဝါသနာကို သိသည်နှင့် ဘောစနီယား သင်္ဘောပေါ်တွင် စာရေးတစ်ယောက် လိုနေကြောင်း ပြောသဖြင့် သူ၏ ထောက်ခံချက်နှင့်ပင် အလုပ်ရရှိပါတော့သည်။ ကျွန်ုပ်သည် ကပ္ပတိန်နှင့် တွေ့၍ ရက်သတ္တတစ်ပတ်အတွင်း သင်္ဘောထွက်မည် ဆိုသောကြောင့် နေရပ်သို့ ကတိုက်ကရိုက် ပြန်၍ အချိန်မီ ပြန်ရောက်လာခဲ့ပါသည်။

ဘော်စနီယာသင်္ဘောမှာ ပသျှူးကျွန်းစု တစ်ဝိုက်တွင် ခရီးလှည့်လည်ရန် ကြံရွယ်ချက်ရှိသည့် အလျောက် စားနပ်ရိက္ခာ ၆ လစာမျှ လုံလောက်စွာ တင်ပြီးလျှင် ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက် နေထွက်တပြူ အချိန်တွင် ထွက်ခဲ့ကြပါသည်။ လခမှာ အဝတ်နှင့် အစားအပြင် ၁၅ဝ ရရှိ၍ ထိုခေတ်၌ မြို့အုပ်လခ ဖြစ်သောကြောင့် မက်လောက်အောင်လည်း ကျွန်ုပ်ကား လခကို မက်၍ မဟုတ် ပင်လယ် သမုဒ္ဒရာများကို လှည့်လည်ရမည် ဆိုသော မက်လုံးကြောင့် လိုက်ပါသွားခြင်း ဖြစ်လေသည်။

ဖော်ပြခဲ့သော အကြောင်းအရာများကို အောက်ပါ ဒိုင်ယာရီမှတ်တမ်းကို ပဏ္ဏာမအဖြစ်ဖြင့် ရှေ့မှ ဖော်ပြလိုက်ခြင်းဖြစ်ပေရာ ဘော်စနီယာ သင်္ဘောပေါ်၌ ကြုံတွေ့ခဲ့ရသော အခြင်းအရာများကိုမူ ထိုမှတ်တမ်းမှ ထုတ်နှုတ်ဖော်ပြလျှင် လုံလောက်သည်ဟု သဘောရပါတော့သည်။ သို့သော် ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၂ ရက်နေ့အထိမှာမူ ပသျှူးကျွန်းစုတွင် ပါဝင်သော ကျွန်းကလေး ကျွန်းကြီးများသို့ လှည့်လည်၍ မျိုးစေ့များ စုံစမ်းခြင်းအားဖြင့် အချိန်ကုန်၍ ပြောပလောက်အောင် ဆန်းကြယ်သော အဖြစ်အပျက်များ မပါရှိသောကြောင့် ယင်းတို့ကို ချန်လှပ်ထားခဲ့ပါတော့သည်။

ဖော်ဟိတ် ....

**ဖေဖော်ဝါရီလ ၂၃ ရက်။** ကျွန်ုပ် အိပ်ရာမှမထမီ သင်္ဘောသား ၄ ၅ ယောက်





အခန်းထဲသို့ ဝင်လာ၍ လက်ပြန်ကြိုး ချည်တုပ်ကြသည်။ တစ်ယောက်က "မသေချင် တိတ်တိတ်နေ"ဟု ပြော၍ ခြောက်လုံးပြူး တစ်လက်ကိုပြရာ ကျွန်ုပ်မှာ မသေချင်သောကြောင့် မဟုတ်၊ အံ့ဩသည်နှင့် တိတ်တိတ်နေလိုက်ရသည်။ လွန်ခဲ့သော နှစ်ရက်လောက်အတွင်း သင်္ဘောသားများသည် ကျွန်ုပ်ကို ခပ်ခွဲခွဲထား၍ သူတို့အချင်းချင်း မကြာမကြာ ခေါင်းချင်းဆိုင်လျက် တိုင်ပင်ကြသော်လည်း ကျွန်ုပ် မရိပ်မိခဲ့။ ယနေ့မှ ထိုအခြင်းအရာအတွက် သင်္ကာမကင်း ဖြစ်တော့သည်။ ထိုနောက် ကျွန်ုပ်ကို အခန်းပြင်သို့ ဆွဲထုတ်သွားကြရာ ကုန်းပတ်သို့ ရောက်သောအခါ ကပ္ပတိန်နှင့် သင်္ဘောအရာရှိ (၈)ယောက်ခန့်တို့မှာ လက်ပြန်ကြိုးချည်လျက် အစုလိုက် ထိုင်နေကြသည်ကို တွေ့ရသည်။ သင်္ဘောပေါ်တွင် အခြား သင်္ဘောသားများလည်း ဓါးမြှောင်၊ မောင်းချခါးစသော လက်နက်ကိုယ်စီဖြင့် ထိုမှ ဤမှ သွားလာလျက် ရှိကြသည်။ ကပ္ပတိန်သည် "မင်းတို့ ဘာလုပ်ကြမလို့လဲ"ဟု မေးသောအခါ ခေါင်းဆောင်သော သင်္ဘောသားက "ဂိုးတူဟဲလ်"(ငရဲပြည် ကိုသွား)ဟု ပြန်ပြော၍ ငယ်သားများအား သင်္ဘော၌ ချည်လျက် ပါလာသောသမ္ဗာန်ကို အောက်သို့ချရန် အမိန့်ပေးသည်။ ရေပြင်သို့ သမ္ဗာန် ရောက်သောအခါ ခေါင်းဆောင် "မာတင်"၏ အမိန့်ဖြင့် ကျွန်ုပ်တို့၏ လက်ပြန်ကြိုးများကို တစ်ယောက်စီ ဖြတ်၍ သမ္ဗာန်သို့ တစ်ယောက်စီ ဆင်းစေသည်။ ကပ္ပတိန်မှာ ခေါင်းမာသူဖြစ်၍ ပေကပ်ကပ်လုပ်နေရာတွင် မာတင်က တင်ပါးကို ခြေထောက်နှင့် ကန်လိုက်သဖြင့် ကပ္ပတိန်မှာ ဟပ်ထိုး ကျသွားရှာသည်။ ကျွန်ုပ်ကား အချို့နေရာတွင် ခေါင်းမာခဲ့ဖူးသော်လည်း ကမ်းမမြင်သော သမုဒ္ဒရာထဲ၌ သင်္ဘောများ အလယ်တွင် ခေါင်းမာခြင်း၏ အချည်းနှီး ဖြစ်ခြင်းကို သိမြင်၍ သူတို့ ခိုင်းသည့်အတိုင်း သင်္ဘောမှ သမ္ဗာန်သို့ ဆင်းသွားရပါသည်။ ထိုအခါ၌မှ သင်္ဘောသားများသည် သင်္ဘောကို အပိုင်စီး၍ ကပ္ပတိန်နှင့်တကွ သင်္ဘောအရာရှိများကို သမ္ဗာန်ပေါ်တွင် တင်၍ မျှောလိုက်ရန် စီမံကြခြင်း ဖြစ်သည်ဟု ကျွန်ုပ် ရိပ်မိလေပြီ။ ပင်လယ်ခရီး၌ သင်္ဘောသားများသည် ကပ္ပတိန်ကို သဘောမကျ၍ ဖြစ်စေ၊ စိတ်ကူးတင်၍ ရှိ၍ ဖြစ်စေ တော်လှန်ပုန်ကန်၍ ၎င်းတို့ဂိုဏ်းသား မဟုတ်သူများကို သမ္ဗာန်နှင့် မျှောတတ်ကြသည်ဟု စာအုပ်များ၌ ဖတ်ရဖူးသော်လည်း ကျွန်ုပ်မှာ ထိုအချိန်၌ မကြုံဖူးသေးသည့် အဖြစ်အပျက် တစ်ခုကို ကြုံရချေဦးတော့မည် ဆိုသည် များစွာ တုန်လှုပ်ခြင်း မရှိလှချေ။

လှိုင်းများသည် ရွက်ဖျင်များ၊ ကြိုးများ၊ ရွက်တိုင်၊ ခတ်တက်...



www.burmeseclassic.com

www.burmeseclassic.com



ကရိယာများကို သမ္ဗာန်သို့ ချပေး၍ ရေတစ်စည်နှင့် ပေါင်မုန့်ခြောက်များ အပြင် ရမ်အရက် သေတ္တာတစ်လုံးကိုလည်း ထည့်ပေးလိုက်၏။ သမ္ဗာန်ပေါ်သို့ လူ အပြည့်အစုံ ရောက်ကြ၍ ရေတွက်လိုက်ရာတွင် စုစုပေါင်း ၁၈ ယောက်ရှိ၍ သင်္ဘောပေါ်၌ ၂၅–ယောက် ကျန်ရစ်သည်ဟု ကျွန်ုပ် သိရ၏။ ၁၈း၂၅ မှာ ခုခံတိုက်ခိုက်နိုင်လောက်သော အချိုးအစား ဖြစ်သော်လည်း သင်္ဘောသားများ သည် လက်နက်များကို ရှေးဦးစွာ အရယူ၍ အရာရှိများကို တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း ဖမ်းဆီးလိုက်ခြင်း ဖြစ်သောကြောင့် လူဦးရေ များစွာ ကွာခြား ခြင်း မရှိဘဲ လူအများစုဘက်မှ အောင်မြင်သွားခြင်း ဖြစ်လေသည်။ ခြားနား ခြင်း တစ်ခုရှိသည်မှာ သမ္ဗာန်နှင့် တင်၍ မျှောခြင်းခံရမည့် လူများမှာ ပညာ တတ် လူတန်းစားဖြစ်၍ သင်္ဘောသားများကား ရန်ကုန်မြို့တွင် တေလေဂျပိုး လုပ်နေကြသည့် စကော့လူမျိုး အိုင်ရစ်လူမျိုးမှစ၍ ဂေါ်ရာစာသင် အတန်း အစား လူကြမ်းများ ဖြစ်လေသည်။ သူတို့အနက်တွင် ဂေါ်ရာစာသင် လုပ်ဖူးသူ တစ်ယောက်ပါ၍ ဒုတိယခေါင်းဆောင် ဖြစ်သည်ဟူ၍လည်း သိရှိရလေ၏။

နောက်ဆုံး လက်ဆောင်အဖြစ်နှင့် သင်္ဘောသား တစ်ယောက်က ဝက်သားခြောက် လေးငါးစကို သမ္ဗာန်ထဲသို့ ပစ်ထည့်ပေးလိုက်ပြီးနောက် ခေါင်းဆောင် မာတင်က "ကောင်းကင်ဘုံကြိုက်ကြိုက်၊ ငရဲပြည် ကြိုက် ကြိုက် ကြိုက်ရာသွားကြပေတော့" ဆိုကာ သမ္ဗာန်ကြိုးကို ဖြတ်၍ မျှောလိုက်ရာတွင် လူ ၁၀ ယောက် အနက်မှ ၄ ယောက်တို့သည် ခတ်တက် ၄ ချောင်းကို ယူ၍ လှော်ခတ်ရာကြသည်။ ကပ္ပတိန်မှာမူ ပဲ့ကိုင်သူ အနီးတွင် ထိုင်လျက် လမ်း ညွှန်လေသည်။ ကျွန်ုပ်အဖို့မူကား ထွက်ကာစဖြစ်သော နေကို ကျောခိုင်းလျက် သွားနေကြသဖြင့် အနောက်ဘက် မျက်နှာမူလျက်ရှိသည် ဆိုခြင်းမှတစ်ပါး မည်သည့်ကျွန်း၊ မည်သည့်ဌာနသို့ ရည်မှန်းသည် ဟု မသိရ။ သိရလျှင်လည်း အကြောင်းထူးမည် မဟုတ်သောကြောင့် ကပ္ပတိန်၏ အရိပ်အကဲကို ကြည့် လျက် လိုက်ပါလာတော့သည်။

အနည်းငယ် လှော်ခတ်ပြီးသည့်နောက် ကပ္ပတိန်သည် စိတ်ကူး တစ်မျိုးရသည့် လက္ခဏာနှင့် သမ္ဗာန်ဦးကို အနောက် ရူးရူးသို့ မလှည့်စေဘဲ မြောက်ဘက်သို့ ခပ်ယွန်းယွန်း ပဲ့ပေးစေရာ ထိုအတောအတွင်း ဘော်စနီယာ သင်္ဘောကား ကျွန်ုပ်တို့ သွားသော လမ်းကြောင်းနှင့် ဆန့်ကျင်ဘက် ခုတ် မောင်းသွားသည်ကို မြင်ကြရသည်။ ကျွန်ုပ်သည် သင်္ဘောသားတစ်စုတို့ ဤ တဲ့သို့ ပြုမူသည့် ရည်ရွယ်ချက်ကို နားမလည်သဖြင့် ကပ္ပတိန်အား မေး





ကြည့်ရာ။ သင်္ဘောသားများမှာ တေလေဂျပိုးများဖြစ်၍ လူရိုင်းတစ်ပိုင်း ဖြစ်နေသော ဤကျွန်းများတွင် သူတို့ထင်သလို နေထိုင်ရပါက တိုင်းကြီးပြည် ကြီးများတွင် စည်းကမ်းဥပဒေ အချုပ်အချယ်များအတွင်း နေရခြင်းထက် လွတ်လပ်၍ ပျော်လိမ့်မည် ထင်ကြဟန်တူကြောင်း၊ မျက်နှာဖြူဂျပိုးများ ဤသို့ သော စိတ်ဓာတ်မျိုး ရှိတတ်၍ ရံဖန်ရံခါ ဤကဲ့သို့ ပြုလုပ်တတ်ကြောင်းနှင့် ရှင်းလင်း ပြောပြပါပေသည်။

ကျွန်ုပ်က "သူတို့နေချင်လျှင် နောင်တစ်ခါတွင် သူတို့ဘာသာ နေနိုင် ခွင့်ရှိသည် မဟုတ်ပါလော"ဟု မေးသောအခါ ကပ္ပတိန်က "သူတို့ဘာသာ လာရမည်ဆိုလျှင် စရိတ်မတတ်နိုင်၊ ရောက်နေသော အခိုက်တွင် နေလိုက် ပါက လွယ်ကူသည် ထင်ကြသောကြောင့် ဤသို့ ပြုလုပ်ဟန် တူကြောင်း၊ ထို့ပြင် သင်္ဘောပေါ်၌ ရိက္ခာအမြောက်အများ ပါရှိခြင်းသည်လည်း မက် လောက်စရာ ဖြစ်နေကြောင်း" ပြောပြလေသည်။ နောက်ဆုံး၌ ကပ္ပတိန်က ထိုကျွန်းများတွင် ရှိသော မိန်းမများသည် အရိုင်း တစ်ဝက်ဖြစ်သော်လည်း ပင်ကိုယ်ရုပ်လက္ခဏာများမှာ မည်သည့်ကျွန်းသူ မည်သည့်တိုင်းကြီးသူများ နှင့်မျှ မတူအောင် ပြေပြစ်ချောမောသည် ဟူ၍ သင်္ဘောသားများ အနက်တွင် နာမည်သတင်း ပြန့်သင်းမွှေးကြိုင်ခြင်း သည်လည်း အကြောင်းတစ်ရပ်ဖြစ် လိမ့်မည် ထင်သည်ဟု မျက်နှာ ခပ်ရွှမ်းရွှမ်းနှင့် ထင်မြင်ချက် ပေးပါသည်။ ကပ္ပတိန်သည် သင်္ဘောပေါ်၌ ရှိစဉ်က ကျွန်ုပ်အား သင်္ဘောစာရေးဆို၍ လက် အောက်ခြေသား တစ်ယောက် အနေဖြင့် သဘောထားခဲ့သော်လည်း သမ္ဗာန် ပေါ်သို့ ရောက်ကတည်းက လုံးဝ ဟန်မကြီးတော့ဘဲ ကျွန်ုပ်၏ ဗဟုသုတ အထိုက်အလျောက်ရှိ၍ ဆည်းပူးတတ်သော ဝါသနာကို လေးစားဟန် တူပေ သည်။ ထိုကျွန်းသား ယောကျ်ားများကလည်း မျက်နှာဖြူလူမျိုးကို အထင် ကြီးတတ်၍ သင်္ဘောသားများသည် ထိုကျွန်းများတွင် ဗိုလ်စွဲလိမ့်မည်ဟု မျှော် လင့်ချက် အသီးသီး ရှိဟန်တူကြောင်းနှင့်လည်း ကပ္ပတိန်က တွေးဆပြောပြ လေသည်။ သင်္ဘောသား ဆိုသော လူစားမျိုးမှာ ဆွေမရှိ၊ မျိုးမရှိ တစ်ကောင် ကြွက် တေလေဂျပိုးများ ဖြစ်သောကြောင့် မိမိတို့ တိုင်းပြည်၌ ကူလီလုပ်ရသော အစား မိန်းမချောတွေအလည်တွင် ယောကျ်ားများအပေါ်၌ ဗိုလ်လုပ်ရခြင်း သည် မက်မောလောက်သော အခြင်းအရာ တစ်ခု ဖြစ်သောကြောင့် သူတို့၏ တော်လှန်ပုန်ကန်ခြင်းမှာ အဓိပ္ပါယ် ရှိသည်ဟု ကျွန်ုပ် သဘောပေါက်ခဲ့ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်သည် သမ္ဗာန်ပေါ်၌ ရှိသော ပစ္စည်းများကို စစ်ဆေးကြည့်ရှုသောအခါ ပေါင်မုန့်ခြောက် ငါးပိဿာခန့်၊ ဝက်သားခြောက် ၂ ပိဿာခန့်၊ ၁၁ဝဂါလံဝင်သော ရေစည်ကြီးတစ်လုံး၊ ရမ်အရက် သေတ္တာတစ်လုံး၊ ဓါးနှစ်ချောင်းနှင့် ဆေးသေတ္တာတစ်လုံး အပြင် ရွက်တပ်ဆင်ရန် ကိရိယာများ တွေ့ရှိရ၏။ ဆေးသေတ္တာတွင် ဝမ်းနှုတ်ရန် ကြက်ဆူဆီနှင့် အနာထည့်ရန် ဆေးပုလင်း ၂ လုံးအပြင် ချောင်းဆိုးပျောက်ဆေးနှင့် ကြပ်စည်းရန် အဝတ်စများ ပါရှိ၏။

ထိုနေ့ မိုးချုပ်ချိန်တွင် ကျွန်းကလေး တစ်ခုသို့ ချဉ်းကပ်ကြ၏။ သို့ရာတွင် ကမ်းတလျှောက်၌ မတ်စောက်သော ကျောက်ဆောင်ကြီးများ ရှိနေသောကြောင့် ဆိုက်ကပ်ရန် မဖြစ်နိုင်ဘဲ ခတ်တက်နှစ်စင်းဖြင့် ကျွန်းနှင့် မနီးလွန်း၊ မကွာလွန်းအောင် တစ်ညဉ့်ပတ်လုံး အလုပ်လုပ်ရ၏။ ဤအလုပ်မှာ ခြစ်ထဲ၌ကဲ့သို့ မလွယ်ကူချေ။ ကျွန်းသို့ ကပ်လွန်းလျှင် သမ္ဗာန်ကို လှိုင်းပုတ်၍ ကျောက်ဆောင်နှင့် ရိုက်ခွဲမည်ဖြစ်၏။ ဝေးကွာလွန်းလျှင် တစ်ခါတည်း မျက်ခြေပြတ်သွားမည်ကို စိုးရိမ်ရပေသည်။ သို့ဖြစ်၍ လူနှစ်ယောက်သည် တက်တစ်ချောင်းစီနှင့် အမြဲစောင့်၍ လှော်ခတ်နေရတော့သည်။ သမ္ဗာန်ပေါ်၌ တပို့တွဲလ ဖြစ်၍ ချမ်းအေးလိုက်ပုံမှာ တစ်သက်တွင် မေ့နိုင်စရာ မရှိပေ။

**ဖေဖော်ဝါရီလ ၂၄ ရက်နေ့။** မနက်လင်းသည်နှင့် တစ်ပြိုင်နက် ဆိုက်ကပ်နိုင်သော နေရာကို ရှာ၍ ကျွန်းသို့ ဆိုက်ကပ်သည်။ ကပ္ပတိန်က သမ္ဗာန်ပေါ်၌ပါသော ရိက္ခာကလေးကုန်လျှင် ခက်လိမ့်မည်ဆို၍ ထိုကျွန်းတွင် စားစရာများ ရှာစေသည်။ ပထမ၌ လူသူမတွေ့ရ၊ သစ်သီးရိုင်းများအနက် မြည်းကြည့်၍ စားကောင်းသည် ထင်သော သစ်သီးများကို စုဆောင်း ကြသည်။ မာလကာသီးအရိုင်းနှင့် ငှက်ပျောရိုင်းများ တွေ့ရသည်။ ငှက်ပျောသီးမှာ အစေ့များသော်လည်း မှည့်သောအခါတွင် ချိုလှသည်။ ၁ဝ ခိုင်လောက် ခုတ်ယူခဲ့၍ မာလကာသီး အလုံး ၁ဝဝ–လောက် တင်ယူခဲ့သည်။ စမ်းချောင်းတစ်ချောင်း တွေ့၍ ရေဝအောင် သောက်ကြသည်။ ကပ္ပတိန်က ရေအတွက် စိုးရိမ်သော်လည်း ထည့်ရန် စည်လွတ် မပါသောကြောင့် ဝအောင် သောက်ကြရုံမျှသာ တတ်နိုင်သည်။

**ဖေဖော်ဝါရီလ ၂၅ ရက်။** ကျွန်ုပ်တို့ လူ ၂–စုခွဲ၍ လှည့်လည်ရှာဖွေကြ





ရာ ကျွန်းသား ၂ ယောက်တွေ့၍ ရိက္ခာအတွက် စုံစမ်းကြသည်။ ထိုသူတို့သည် ကျွန်ုပ်တို့၌ ပါသော ငွေဒင်္ဂါးကို မျက်စိကျသော်လည်း အုန်းသီး တစ်ခိုင်နှင့် မုန့်ကြမ်းအနည်းငယ်မှ တစ်ပါး ရောင်းစရာ ဘာမျှ မရှိချေ။ သို့သော် ကပ္ပတိန်၏ တိုက်တွန်းချက်အရ သူတို့ကို ငွေဒင်္ဂါး ၇ ကျပ် ပေး၍ ဝယ်ယူခဲ့ကြသည်။ ရေထည့်ရန်အတွက် တစ်ခုခုတောင်းသောအခါ မြေအိုးများ ယူလာကြသဖြင့် အိုးခြောက်လုံးတွင် စမ်းချောင်းမှ ရေအပြည့် ထည့်၍ တင်ယူခဲ့ကြသည်။

ကပ္ပတိန် ပြောပြချက်အရ ယင်းတစ်ဝိုက်၌ အလွန်သေးငယ်သော ကျွန်းကလေးများသာ ရှိ၍ ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းသွားလာသည့် လမ်းကြောင်းသို့ ဖြစ်စေ၊ မြို့ကြီး ပြကြီး ဆိပ်ကမ်းကြီးသို့ ဖြစ်စေ ဆိုက်ရောက်ရန်မှာ ကျွန်ုပ်တို့ သမ္ဗာန်ကို ရွက်ထူ၍ လွှင့်ပစ်ကာမျှ ရက်သတ္တပတ်ပေါင်းများစွာ ကြန့်ကြာ၍ လှော်ခတ်သွားရမည် ဆိုပါမူကား လပေါင်းများစွာ ကြာလိမ့်မည်ဟု သိရသဖြင့် တုန်လှုပ်မိသည်။ ကျွန်ုပ်တို့ ရှိသော ရိက္ခာမှာ တကယ်တန်းဝအောင် စားလိုက်ကြမည်ဆိုလျှင် သုံးလေးရက်အတွင်း ကုန်ခမ်းနိုင်ဖွယ် ရှိသောကြောင့် မြို့ကြီးတစ်မြို့သို့ ဆိုက်ရောက်ရာမှာ သေးငယ်သော အလုပ်မဟုတ်ကြောင်း ရိပ်မိနိုင်ပေသည် အချို့နေရာတွင် ကျွန်းအဆက်ပြတ်၍ ရိက္ခာဖြည့်လင့်ဖွယ် မရှိပေရာ ၃ ရက်စာမျှရှိသော ရိက္ခာကို ၁၅ ရက်ခံအောင် ချွေတာစားဖို့ လိုလိမ့်မည်ဆိုသောကြောင့်သာ၍ ပူပန်မိတော့သည်။

**ဖေဖော်ဝါရီလ ၂၆ ရက်နေ့။** ကျွန်ုပ်တို့ ဆိုက်ရောက်သော သတင်းသည် ကျွန်းကလေးပေါ်တွင် ပြန့်နှံ့သွားသည့် လက္ခဏာနှင့် တတိယနေ့တွင် လူ ၁ဝ ယောက်ခန့် ရောက်လာကြ၍ သူတို့အနက်တွင် အကြီးအကဲတစ်ယောက် ပါလာ၏။ ကျွန်ုပ်တို့က ပင်လယ် ငါးခြောက်ရှိလျှင် ဝယ်လိုကြောင်း ပြောသဖြင့် လူ ၂ ယောက် ပြန်သွား၍ ငါးကြီးခြောက် တစ်ပိဿာခန့် ယူလာကြ၏။ နောက်ထပ်၍ ယူခဲ့ဖို့ ပြောသော်လည်း ဦးခေါင်း ရမ်းခါပြကြ၏။ [illegible] သူတို့ကိုယ်တိုင် ရရစားစား နေထိုင်ကြသူများ ဖြစ်၍ ကပ်ဖတ်သပ်သပ် [illegible] ကြရဟန် တူပေသည်။

ကျွန်ုပ်တို့ ရနိုင်သမျှ အုန်းသီး၊ ငှက်ပျောသီး၊ မာလကာသီး၊ ငါးခြောက် စသော စားစရာများ ပါသော်လည်း အနည်းငယ်မျှသာ ရှိသော



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပထမ၌ ကျွန်းသားများသည် ကျွန်ုပ်တို့ကို မြင်ရ၍ ဝမ်းသာသော အမူအရာမျိုး ဖော်ပြကြ၏။ သို့သော် တဖြည်းဖြည်း လူများလာ၍ ၅၀ ကျော် ၆၀ ခန့် ဖြစ်လာကြသော အခါတွင် အကောက်ကြံချင်သော အရိပ်နိမိတ်များ တွေ့မြင်ရသည်။ လူတစ်ကျိတ်ခန့်တို့ကို ရေထဲသို့ ဆင်း၍ သမ္ဗာန်ကို ကုန်းပေါ်သို့ ဆွဲတင်မည့်ဟန် ပြုကြသည်တွင် ကပ္ပတိန်သည် ဓားရှည်ကို ဆွဲထုတ်၍ ခြိမ်းခြောက်သော အမူအရာဖြင့် လေထဲ၌ ဝှေ့ပြရ၏။ ဤတွင်မှ လူများသည် ရယ်ချင်ပြုလျက် ကုန်းပေါ်သို့ ပြန်တက်လာကြတော့သည်။ ကပ္ပတိန်သည် ကျွန်းမှ ထွက်ခွါလို၏။ သို့သော် ကျွန်းသားများ၏ အမူအရာကို ကြည့်ရခြင်းအားဖြင့် ယခုထွက်လျှင် ယခုတိုက်ခိုက်လိမ့်မည် ထင်ရ၏။ သို့ဖြစ်၍ တိုက်ခိုက်ခြင်း တိုက်ခိုက်လျှင် မှောင်မိုက်သောအခါမှ အတိုက်ခံရလျှင် တော်လိမ့်မည် ထင်သောကြောင့် ကပ္ပတိန်သည် နေဝင်သည့် တိုင်အောင် စောင့်ဆိုင်းနေ၏။ ထိုအတောအတွင်း၌ ကျွန်းသားများသည် ကျောက်ခဲ နှစ်လုံးစီကိုင်လျက် တစ်လုံးနှင့် တစ်လုံး ထုနက်ကြခြင်းအားဖြင့် တတောက်တောက် တချောက်ချောက် မြည်သံဖြင့် ဆူညံလျက်ရှိ၏။ ဤသည်ကား ကျွန်ုပ်တို့ကို တိုက်ခိုက်ရန်အတွက် ကိုယ့်ကိုယ်ကို သွေးပူအောင် အားပေးကြခြင်း ဖြစ်သည်ဟု မှတ်ထင်ရသည်။ နေဝင်ခါနီးတွင် ကပ္ပတိန်သည် လူတစ်ယောက်လျှင် အုန်းသီးတစ်ခြမ်း၊ မာလကာသီး ၂ လုံးနှင့် ပေါင်မုန့်ခြောက် တစ်ခုစီ ဝေပေး၍ ညစာ စားကြသည်။ ကျွန်းသားများကား ကမ်းပေါ်၌ ထိုင်လျက် ကြည့်နေ၏။ နေဝင်၍ ချမ်းလောက်သည်တွင် ကျွန်းသားများသည် မီးဖိုကြီး ၂ ပုံ၊ ၃ ပုံ ဖို၍ မီးလှုံကြသည်။

မှောင်စ ပြုသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ဝယ်ယူထားသော ပစ္စည်းများကို သယ်ယူ၍ သမ္ဗာန်သို့ ဆင်းမည်ပြုသည်တွင် အကြီးအကဲက ကုန်းပေါ်၌ အိပ်စေလိုသော အမူအရာဖြင့် မျက်နှာချိုသွေးကာ တားဆီး၏။ သို့ရာတွင် ကပ္ပတိန်က ငြင်းဆန်၍ ဆင်းမြဲတိုင်း ဆင်းကြသည်။ ကျွန်းသားများသည် အကြီးအကဲ၏ မျက်နှာကို ကြည့်လျက် ကျောက်တုံးများ တတောက်တောက် တတက်တက် မြည်အောင် ခေါက်နက်ပြပြန်၏။ အချက်ပေးခြင်း ဖြစ်သည်ဟု သိသော်လည်း ကျွန်ုပ်တို့သည် အိန္ဒြေမပျက်စေဘဲ ခြေလှမ်းမှန်မှန် ဆင်းလာခဲ့ကြသည်။ လူအားလုံး သမ္ဗာန်ပေါ်သို့ ရောက်ကြ၍ သင်္ဘောသား တစ်ယောက်သည် သမ္ဗာန်ကို ချည်ထားသော ကြိုးကို





ဖြုတ်ရန် သစ်ပင်တစ်ပင်ဆီသို့ ပြေးတက်သွား၏။ ကပ္ပတိန်က "နေပါစေ၊ ကိစ္စမရှိပါဘူး"ဟု အော်ဟစ်၍ ပြောသော်လည်း ထိုသူသည် နားမထောင်ဘဲ ပြေးတက်သွားရာ၊ ကမ်းခြေတစ်လျှောက် စောင့်ကြည့်နေကြသော ကျွန်းသားများသည် ထိုသူကို ကျောက်ခဲများနှင့် ဝိုင်းဝန်းပေါက်ကြ၏။ ဤတွင်မှ သင်္ဘောသားသည် သမ္ဗာန်ဆီသို့ လှည့်ပြေးကြရာ ခဲတစ်လုံးသည် ထိုသူ၏ ဦးခေါင်းကို ထိမှန်၍ ဟပ်ထိုးလဲကျသွားရှာ၏။ နောက်တခဏ၌ ကျွန်းသား တစ်ကျိတ်ခန့် ပြေးသွား၍ လဲနေသော လူ၏ ဦးခေါင်းကို ကျောက်ခဲများနှင့် ထုနက်ကြသဖြင့် ထိုလူမှာ မြေပေါ်၌ တွန့်တွန့်လူးရင်း အသက်ထွက်ရှာတော့သည်။

အခြား ကျွန်းသားများသည် သစ်ပင်၌ ချည်းထားသော ကြိုးမှ ကိုင်ဆွဲလျက် သမ္ဗာန်ကို ဆွဲတင်ရန် ကြိုးစားသေးရာ ကပ္ပတိန်က သမ္ဗာန်ဘက်မှ ကြိုးစကို ခုတ်ဖြတ်လိုက်သဖြင့် လွတ်ထွက်သွားတော့သည်။ ထိုအတောအတွင်း သင်္ဘောအရာရှိ ၄ ယောက်သည် ခတ်တက် လေးချောင်းဖြင့် သမ္ဗာန်ကို ကမ်းမှကွာအောင် လှော်ခတ်ကြရာ၊ ကျွန်းသားများသည် ရေစပ်သို့ ပြေးဆင်းလာ၍ ကျောက်ခဲများဖြင့် ပစ်ခတ်ကြ၏။ ဤတွင် ခဲမိုးရွာသွန်းချလေရာ ကျော၊ လက်မောင်း၊ ဦးခေါင်း စသည်တို့၌ အနည်းနှင့်အများ ဒဏ်ရာမရသူ မရှိချေ။ ကျွန်ုပ်တို့ကမူ သမ္ဗာန်ပေါ်တွင် တင်နေသော ခဲလုံးများကို ကောက်ယူ၍ ပြန်ပစ်မျှလောက်သာ တုန့်ပြန်နိုင်ကြ၏။ သို့ရာတွင် လူ ၄ ယောက်တို့၏ ခတ်တက်အားဖြင့် သမ္ဗာန်သည် ကမ်းမှ ဝေးကွာသည်ထက် ဝေးကွာလျက် ရှိလေပြီ။ ကျွန်းသားများသည် ရေထဲသို့ ခါးတိုင်အောင် ဆင်းလျက် သဲသဲမဲမဲ ပစ်ခတ်ကြသေးသည်။ ကျွန်ုပ်တို့ ဘက်၌ လူတိုင်းလိုလိုပင် ဒဏ်ရာရသော်လည်း ကျွန်းသားများဘက်၌ ၃ ယောက်သာလျှင် ထိမှန်ဟန်တူ၍ တစ်ယောက်မှာ ရေထဲမှ မထနိုင်ဘဲ ရှိသည်ကို ဝမ်းမြောက်ကျေနပ်စွာ မြင်ကြရသည်။ ၎င်းနောက်၌ သမ္ဗာန်သည် ကျောက်ခဲများ မမှီနိုင်သော နေရာသို့ ရောက်လာသဖြင့် တက်ခတ်သူများမှာ မှန်မှန်လောက်သာ ခတ်ခွင့်ရကြသည်၊

ဖေဖော်ဝါရီလ ၂၇ရက်။ တညဉ့်ပတ်လုံး တစ်လှည့်စီ လှော်ခတ်၍ နံနက်လင်းသောအခါ လေကလေး တဖြူးဖြူး တိုက်ခတ်သည်တွင် ရွက်[illegible] ပြင်ဆင်ကြ၏။ သမ္ဗာန်ပေါ်၌ ပါလာသူများမှာ သင်္ဘောသား [illegible] အစား မဟုတ်ကြသော်လည်း ကျွမ်းကျင်သော [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရွက်တိုင်ထူလျက် ရွက်ဖြန့်လိုက်သည့်တွင် သမ္ဗာန်မှာ လှော်ခတ်သည်ထက် နှစ်ဆမက လျင်မြန်စွာ ပြေးသွားလျက်ရှိ၏။ ၈ နာရီလောက်တွင် လေကြမ်းလာ၍ ရွက်အချို့ကို လျှော့ချရသည်။ ထိုအတောအတွင်း လှိုင်းကြီးလာ၍ သမ္ဗာန်ကို ပုတ်ခတ်သည်နှင့် သမ္ဗာန်ထဲသို့ ရေများဝင်တော့ရာ လူ ၂ ယောက်စီ အလှည့်ကျ ရေခတ်၍ ထုတ်ရ၏။ ထိုအခါ၌ကား စိုးရိမ်သော မျက်နှာထားများ ပေါ်ထွက်လာကြလေပြီ။ အဘယ့်ကြောင့်ဆိုသော် ဤမျှမက လှိုင်းလေထန်ခဲ့လျှင် နစ်မြုပ်မည်ကို စိုးရိမ်ရပြီ ဖြစ်ပေသောကြောင့်တည်း။

လူများမှာ ရေပြင်မှ လွင့်စင်ပျံတက်လာသော ရေမှုံများကြောင့် အားလုံးရွှဲရွှဲစိုလျက် ရှိကြလေပြီ၊ ဤအတွင်းလေပြင်းတိုက်ခတ်မှုကြောင့် ချမ်းအေးလှသဖြင့် ခိုက်ခိုက်တုန်လျက် ရှိကြ၏။ ကပ္ပတိန်သည် ရမ် အရက်တစ်ပုလင်းကို ဖွင့်၍ တစ်ဇွန်းစီ တိုက်ပေးရာ ဗိုက်ထဲ၌ နွေးဆင်းသွား၍ ဤမျှလောက် ကောင်းသော အရက်ကို မသောက်ရဘူးပြီဟု မှတ်ထင်မိသည်။ ထိုနေ့အဖို့မှာ ကမ်းမမြင်ရဘဲ တစ်နေ့လုံး ရွက်တိုက်ကြ၍ ပေါင်မုန့်ခြောက်တစ်ခုစီနှင့် အုန်းသီးတစ်စိပ် ဝက်သား ခြောက် အစိမ်း တစ်လက်မစီလောက် ဝါးစားရသည်။ ချွေတာစားရခြင်းထက် တစ်ခါတည်း ရိက္ခာ ကုန်ခမ်းခြင်းက ခက်လိမ့်မည်ဆို၍ ကပ္ပတိန်သည် စားစရာကို အလွန်ချွေတာစွာ ဝေငှပေးလေသည်။

**ဖေဖော်ဝါရီလ ၂၈ ရက်။** နံနက်ခင်း အချိန်တွင် ကျွန်းငယ် တစ်ခုကို မြင်ကြ၏။ သို့ရာတွင် ကပ္ပတိန် အကြံမှာ ရိက္ခာမကုန်မီ ဘော်နီယိုကျွန်းကြီးသို့ ရောက်အောင်သွားရန် ဖြစ်သောကြောင့် လမ်းခရီး၌ အချိန်ဖင့်ရန် အလိုမရှိချေ။ ထိုပြင် ကျွန်းပေါ်တွင် ရိက္ခာ မတွေ့ဘဲ ရန်သူတွေ့လျှင် ခက်ချေမည်ဆို၍ ခရီးနှင်ဖို့သာ ပြင်ဆင်တော့သည်။ ထိုနေ့အတွက်မှာလည်း အုန်းသီးတစ်စိပ်စီနှင့် မုန့်ခြောက် တစ်ဖဲ့စီကို ရေတစ်ခွက်စီနှင့် ကျိုက်ချကြရသည်။ ရေကိုပင် သောက်ချင်သလောက် မသောက်ရ အတိုင်းအရှည်နှင့် သောက်ကြရသည်။ တစ်ခါတည်း ကျိုက်မချဘဲ ကြာရှည်ငုံထားခြင်းက ရေငတ်သက်သာလှသည်။

**မတ်လ ၁ရက်။** ။ကျွန်းကလေးများကို မကြာခဏ တွေ့သော်လည်း မဆိုက်ကပ်ဘဲ ကျော်သွားကြ၏။ စားစရာအတွက်မှာ အုန်းသီးများ ကုန်ပြီ





ဖြစ်၍ ပေါင်မုန့်ခြောက်ကိုသာ အားကိုးရ၏။ ဝက်သားခြောက်မှာလည်း ကုန်လုနီးလေပြီ၊ ရေငတ်မည်စိုး၍ ငက်သားခြောက်ကို ကြောက်ကြသည်။

**မတ်လ ၂ ရက်။** ။သင်္ဘောသား တစ်ယောက်သည် ငါးတစ်ကောင်ကို ထဲအားလျော်စွာ ဖမ်းမိ၍ မောင်းချပါးဖြင့် နှစ်လက်မခန့်စီ ညီညာစွာ တုံးတစ်ပြီးမှ အစိမ်းလိုက် မျိုးချကြရသည်။ ညှီစော်နံသော်လည်း ခွန်အားရှိသည်ဟု ယုံကြည်ကြသဖြင့် မြိန်ရှက်စွာ မျိုချကြသည်။

သမ္ဗာန်ပေါ်တွင် လူအားလုံး တစ်ပြိုင်နက် အိပ်ရန် နေရာ မလုံလောက်သောကြောင့် လူ၂-စုခွဲ၍ တစ်စုအိပ်ခိုက်တွင် တစ်စုက ထိုင်စောင့်ကြရသည်။ ဤမျှလောက် ရက်ကြာသောအခါတွင် ညောင်းညာသည်က တစ်ဖက်၊ ညဥ့်အချိန်တွင် ချမ်းအေးသည်က တစ်ဖက် မိုးရွာအစို၊ နေပူ အခြောက်နေရသည်က တစ်ဖက်ကြောင့် နှာစေးချောင်းဆိုး ဖြစ်ကုန်ကြ၍ ၂ ယောက် ၃ ယောက်တို့သာ ကျန်းမာလျက်ရှိ၏။ အစာလုံလောက်စွာ မစားရခြင်းကြောင့် ခွန်အား နည်းကြသည်မှာကား အားလုံးပင် ဖြစ်လေသည်။

**မတ်လ ၃-ရက်။** ။မိုးအုံ့၍ ချမ်းစိမ့်စိမ့် ရှိသည်နှင့် ကပ္ပတိန်က ရမ်အရက် တစ်ဇွန်းစီ ဝေပေးသဖြင့် အနည်းငယ် ရွှင်ပြကြသည်။ စားစရာမှာ ပေါင်မုန့်ခြောက် တစ်ခုစီနှင့် ရေဖန်ခွက် တစ်ဝက်စီ ဝေစုရ၏။ ကျွန်းတစ်ကျွန်းသို့ ချဉ်းကပ်ရာတွင် ကျွန်းသားများက ပိန်းကော ၂ စင်းနှင့် ထွက်လိုက်ခြင်းခံရသည်။ သို့သော် လေကလေး ပင့်ပေးသောကြောင့် အနိုင်နိုင် လွတ်မြောက်ခဲ့သည်။

ညနေစောင်းတွင် မိုးရွာ၍ ရွက်ဖျင်ဖြင့် ရေခံပြီး တစ်ကြိမ်တစ်ခါ ရေဝအောင် သောက်ကြရသည်။ ပိုလျှံသောရေကို ရေစည်ထဲသို့ လောင်းထည့်၍ မပြည့်တပြည့် ရသည်နှင့် ရေအတွက် အတော်ကလေး စိတ်အေးသွားကြရ၏။ သို့ရာတွင် ဒုက္ခ တစ်ခုငြိမ်၍ ဒုက္ခတစ်ခု ထိုးဆင်းလာ၏။ အဘယ်ကြောင့်ဆိုသော် အဝတ်လဲလှယ်ရန် အပိုမပါသော ကျွန်ုပ်တို့ အားလုံးမှာ အဝတ်စိုစွတ်မှုကြောင့် ခိုက်ခိုက်တုန် ချမ်းအေးလှသောကြောင့်ပေတည်း။ သို့သော် မိုးစဲ၍ နေကလေး ပွင့်လာသောအခါ အဝတ်များကို ချွတ်လှမ်း၍ ကိုယ်တုံးလုံး ထိုင်နေကြရသည်။ ကပ္ပတိန်က ဝေစုပေးသော အရက်တစ်ဇွန်းသည်လည်း အလွန် အဖိုးတန်လှသည်။ သင်္ဘောသား တစ်ယောက်သည် ပေါင်မုန့်ခြောက်ကို ငါးစာလုပ်၍ မျှားသော်လည်း ထိုနေ့ကား [illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကဲ့သို့ မိုက်မဲ ထူအသော ငါးမျိုး မတွေ့တော့သဖြင့် တစ်ကောင်မျှ မရချေ။။။

**မတ်လ ၄ရက်နေ့။** ။ ညနေစောင်းတွင် တစ်ကောင်းကင်လုံး တိမ်တိုက်များ ညိုမှိုင်းလျက် တက်လာ၍ မိုးကြိုးများ ထစ်ချုန်းကာ မိုးရွာသွန်း ပြန်သည်။ မိုးရွာတိုင်း ရေဝအောင် သောက်ရ၍ မိုးရေ စုဆောင်းကြရသည်။ မိုးတွင်မက လေပါ ပြင်းလာသောကြောင့် ရေလောင်း၍ ယပ်ခတ်ပေးခြင်းကဲ့သို့ ချမ်းအေးလှသည်။ နောက်ဆုံး၌ လှိုင်းတံပိုးများ ထကြွလာသဖြင့် သမ္ဗာန်မှောက်မည်ကိုပင် စိုးရိမ်ကြရသည်။လှိုင်းပုတ်၍ လှေထဲသို့ ရေဝင်သဖြင့် ခတ်ပစ်ရသော အလုပ်မှာလည်း အားရတော့သည် မရှိချေ။ ကပ္ပတိန်မှာ လှေကိုပဲ့ရန် မတတ်နိုင်ဘဲ လေတိုက်ရာသို့သာ လိုက်ပါကြရတော့သည်။ ရေပို၍ သောက်ကြရသော်လည်း ပေါင်မုန့်အတွက် စိုးရိမ်ရသောကြောင့် ယခင်ကထက် လျှော့၍ စားကြရသည်။ အမှန်မှာ သွားကြိုသွားကြား ကပ်သည်ကို ရေနှင့် ကျိုက်ချရုံသာ ရှိတော့၏။

အချို့ ကျွန်းများတွင် အုန်းပင်များ မြင်ရသော်လည်း ကျွန်းသားများကို စိတ်မချရသောကြောင့် ဆိုက်ကပ်ရန် မဝံ့ဘဲ၊ ဘော်နီယို ကျွန်းရောက်ဖို့ လောက်သာ မျှော်လင့်ကြရတော့သည်။ လူများလည်း ချိနဲ့ ကုန်ကြလေပြီ။

**မတ်လ ၅.ရက်နေ့။** ။တစ်နေ့လုံး မိုးရွာ၍ စွတ်စိုလျက် ခပ်မှိုင်မှိုင်ဖြစ် ကုန်ကြသည်။ ညနေစောင်းတွင်မှ နေကလေး ပွင့်၍ အဝတ်များ ချွတ်လှမ်းနိုင်ကြသည်။ ညဉ့်ကား ကြယ်တစ်လုံးမျှ မပေါ်ဘဲ တစ်ကောင်းကင်လုံး မဲလျက်ရှိသည်။ လှိုင်းပုတ်သောအခါ ရေဝင်၍ ခတ်ထုတ် ရခြင်းသည် ဒုက္ခဖြစ်သော်လည်း အရိယာပုတ်မျှ၍ တစ်နည်းအားဖြင့် တော်သေးသည်။ ငြိမ်ဝပ်စွာ ထိုင်လိုက်ရမှ သာ၍ စိတ်ညစ်ဖို့ ကောင်းသည်။စိတ်ရောကိုယ်ပါ ချုံးကျလျက် ရှိရာတွင် ကပ္ပတိန်က ရမ်အရက်ကလေး တစ်ဇွန်းစီ ဝေငှလိုက်သည့် အခါတိုင်း ထိပေါက်သလောက်မက ကြည်ရွှင် လာကြသည်။နာရီဝက်ကျော်မျှလောက် အချိန်ကလေးအတွင်း၌ စိတ်ညစ်စရာ ဘာမျှ မရှိသကဲ့သို့ ရယ်မောနိုင်ကြသည်။ အတော်တန်ခိုးကြီးသော အရက်ပါပေတကား။ သေရည်ခေါ်ကြသော်လည်း ကျွန်ုပ်တို့မှာ ထိုစဉ်က ရှင်ရည်ဟု အောက်မေ့ခဲ့ကြသည်။





**မတ်လ ၆ –ရက်နေ့။** ။ နေပွင့်သော နေ့ဖြစ်၍ အတော်ကြည်ကြသည်။ ညနေစောင်းတွင် ဖင်ရော်ငှက်များသည် ကျွန်ုပ်တို့၏ သမ္ဗာန်ကို လာကြို ကြသည်။ ငှက်များမှာ အတော် "ယဉ်"၍ အနီးသို့ ချဉ်းကပ်ကြသည်။ သင်္ဘောသား တစ်ယောက်က အယုံသွင်းပြီး ငှက်တစ်ကောင်ကို မိအောင် ဖမ်းလိုက်သည်။ ကပ္ပတိန်သည် မောင်းချွေးနှင့် ညီမျှစွာ ခွဲစိတ်၍ တစ်ယောက်လျှင် အနည်းငယ်မျှစီ ဝေစုရသည်။ ကျွန်ုပ်၏ ဝေစုကား တောင်ဝံရိုး တစ်ခုဖြင့် လက်သန်းဖျားခန့်ရှိ အသားတုံးကလေး တစ်တုံး ဖြစ်ရာ အရိုးပါ ဂျွတ်ဂျွတ်ခြည်အောင် ဝါးစားလိုက်ရသည်။ မဲချပုံကား လူ ၁၇ ယောက်ရှိ၍ ၁၇ ပုံ ပုံထားပြီးနောက် "ဒီဟာ ဘယ်သူ့အဖို့လဲ"ဟု မေးလိုက်ရာတွင် ကျောခိုင်းထားသဖြင့် ဘာမျှ မမြင်ရသော လူက နာမည်တစ်ခုကို ပြောလိုက်၍ ထိုအပုံကို နာမည်ရှင်က ယူရလေသည်။ အားလုံးဝိုင်းကြည့်နေကြစဉ် အသားများဟန်တူသော အပုံကို ကပ္ပတိန်က ထောက်ပြ၍ မေးခြင်းဖြစ်လျှင် ကိုယ့်နာမည်ကို ခေါ်ပါစေဟု စိတ်ထဲက ဆုတောင်းကြ၏။ အရိုးများသော အပုံကိုပြသော အလှည့်တွင်လည်း ကိုယ့်နာမည်ကို မခေါ်ပါစေနှင့်ဟု ဆုတောင်းမိကြသည်။ အလွန်ရယ်ရသော ဝေငှနည်း ဖြစ်၍ တရားလှသည်။

**မတ်လ ၇–ရက်။** ။ထိုနေ့တွင် ပင်လယ်ဇင်ယော် ငှက်များ တိုးလာ၍ ဖမ်းဖို့ ကြိုးစားကြပြန်သည်။ သို့သော် ပထမ ဇင်ယော်ကဲ့သို့သော ငှက် မပါရှိသောကြောင့် တစ်ကောင်မျှ ဖမ်းမရချေ။ ညနေစောင်းတွင် ငါးပျံသုံးလေးကောင် ခုန်တက်လာကြသဖြင့် ရှေးနည်းအတိုင်းဝေငှစား သောက်ကြသည်။ ငှက်များကို မြင်ရ၍ ကျွန်ုပ်တို့ မျှော်လင့်သော ဘော်နီယိုကျွန်း နီးလာပြီဟု တွေးဆနိုင်ကြသည်။ ညနေခင်းတွင် အလွန် သေးငယ်၍ သစ်ပင်များ မရှိဘဲ ကျောက်ဆောင်များသာ ရှိသော ကျွန်း ကလေး တစ်ကျွန်းကို မြင်ရ၍ လူမရှိဟု ထင်သည်နှင့် ကပ္ပတိန်က ရိက္ခာအတွက် ချဉ်းကပ်စေ၏။ ကျောက်ဆောင်များတွင် ပင်လယ်ငှက် အမြောက်အမြားတို့ အသိုက်ဆောက်လုပ်ထားသည်ဟု သိရ၏။ သမ္ဗာန် ဆိုက်ပြီးနောက် ကျောက်ဆောင်များသို့ လူ ၂ စုခွဲ၍ ခွဲလွှတ်လိုက်ရာ လူတစ်စုသည် ငှက်ဥကလေး ၄၀ နှင့် ငှက်ကောင်ကလေး ၂၀ မျှ ရလာခဲ့ကြသည်။ အခြားအစုမှုကား လေးငါးကောင်မျှသာ ရခဲ့ကြသည်။ မသကာ သဖြင့် စစ်ဆေးရာတွင် ဒုတိယ လူစုသည် ငှက်ဥနှင့် ငှက်များကို စားပစ်ခဲ့ကြ၍ အနည်းငယ်မျှသာ ယူလာကြောင်း သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်သည် ဒုတိယ လူစုထံမှ ငှက်ဥများကိုယူ၍ စုပေါင်းပြီးလျှင် သမ္မာန်၌ စောင့်ရစ်ခဲ့သော လူများနှင့် ပထမ လူစုသို့သာ ဝေငှပေးလေသည်။ ကျွန်ပ်မှာ စောင့်ရစ်သူများ အထဲတွင် ပါ၍ ငှက် ၂ ကောင်နှင့် ငှက်ဥ ၅ လုံး ဝေစုရ၏။ တစ်ကောင်ကို မီးဖုတ်စား၍ တစ်ကောင်နှင့် ဥများကို ချန်ထားမည်ကြံသော်လည်း ဝေစု မရသော လူများကို ကြောက်သည်နှင့် တစ်ခါတည်း ဝအောင် စားလိုက်ရတော့သည်။ ပထမအကြိမ် ဝအောင် စားရခြင်းဖြစ်၍ ဗိုက်လေးပြီး အိပ်ချင်လှ သည်။ ငှက်များကို မယူခဲ့ဘဲ စားပစ်ခဲ့သော လူများအနက် တစ်ယောက်သည် ငှက် ၉ ကောင်တိတိ အစိမ်းလိုက် စားသည်ဟု နောင်အခါ၌ သိရှိရသည်။ မည်သူ့တွင်မှ မီးခြစ်မပါသော်လည်း ကပ္ပတိန်မှာ မှန်ဘီလူးကလေး တစ်ခု ပါခဲ့၍ နေရောင်၌ ထောင်ပြကာ အမှိုက်ကလေးများကို မီးစွဲစေခြင်းအားဖြင့် တဖြည်းဖြည်း မီးပုံကြီး ဖြစ်လာအောင် ပြုလုပ်ကြသည်။

**မတ်လ ၈ ရက်။** ။ ထိုကျွန်းလေး၌ ရန်သူ မရှိသောကြောင့် တစ်ရက်မျှ ဆက်လက်နေကြသေးသည်။ အချို့က ငှက်ရှာထွက်ကြ၍ အချို့က ကျောက်ဆောင်အကြားတွင် ငါးပုစွန် ရှာဖွေကြသည်။ ငှက်ကလေးနှင့် ငှက်ဥမှာ ယမန်နေ့ ကတည်းက အမြောက်အများ ယူခဲ့ကြသဖြင့် အနည်းငယ်မျှသာ ရခဲ့ကြသည်။ လက်ဖြောင့်သူ တစ်ယောက်က ခဲနှင့် ပစ်ပေါက်၍ ငှက်ကြီး တစ်ကောင် ရခဲ့သည်။ ကျောက်ကြားထဲ၌ ရှာဖွေသူများကား ခရုကမာ များရ၍ ခဲနှင့် ထုစားကြသည်။ အခြားသော အရသာထက် ညဥ့်အချိန်တွင် မီးပုံအနီး၌ နွေးနွေးအိပ်ရခြင်းကား ဖိမ်ရှိလှသည်။

**မတ်လ ၉-ရက်။** ။ ထိုကျွန်းမှ ထွက်ခဲ့ကြသည်။ ငှက်ကလေးသားများ အခြောက်လှမ်း၍မရ၊ တစ်ခါတည်း ဝအောင်စားခဲ့ရ၍ ငှက်ဥမှာလည်း ချဥ်မည်စိုးသောကြောင့် ချက်ချင်း စားသောက်ခဲ့ရကား ကျွန်ုပ်တို့မှာ ပေါင်မုန့်ခြောက်ကလေး တစ်ဝက်စီနှင့် လုံးဝတင်းမကိမ်ဘဲ အလွန် မွတ်သိပ်ကြ၏။ တစ်ခါမျှ ဝအောင်မစားရသော နေ့များ၌ ခံနိုင်ရည် ရှိသော်လည်း တစ်ရက်တလေ ဝအောင်စားလိုက်ရသောကြောင့် နောက်နေ့များတွင်သာ၍ ဆာလောင်လာကြသည်။ ဤတွင် ကျွန်းကလေးမြင်တိုင်း ဆိုက်ကပ်၍ အစာရှာဖို့ ကပ္ပတိန်အား ပူစာကြသည်။ တစ်နေရာတွင် ကျွန်းတစ်ကျွန်းသို့ ဆိုက်ကပ်ပြန်၍ ရိက္ခာရှာရန် လူစုခွဲဝေရာ လူတစ်ယောက်သည် ရှာဖွေရသော လူစုနှင့်





မလိုက်လိုဘဲ လှေစောင့် နေရစ်ခဲ့ပါရစေ ဆိုကာ ကပ်သီးကပ်သဝ် လုပ်နေ၏။ ကပ္ပတိန်က အမိန့်အတိုင်း လိုက်နာဖို့ ပြောသော်လည်း ငြင်းဆန်နေ၏။ သို့ဆိုလျှင် လှေစောင့်ရမည့် လူများအနက်မှ တစ်ယောက်က "ကျွန်တော် လိုက်ပါမည်"ဟု ပြော၏။ ကပ္ပိတန်သည် အနည်းငယ် စဥ်းစား ပြီးနောက် သူ၏ အမိန့်ကို ပြင်ဆင်ရန် မဖြစ်နိုင်ဆို၍ ပထမ လူကိုပင် လိုက်ဖို့ပြောရာ ထိုလူက ငြင်းဆန်နေ၏။ ဤတွင်ကပ္ပိတန်က 'ဒီလိုဆိုရင် ခက်ကုန်တော့မယ်၊ မင်းသော်လည်းကောင်း၊ ငါသော်လည်းကောင်း တစ် ယောက်ယောက် သေမှဖြစ်မယ်၊ ကိုင်းရော့ ဟောဒီမှာ ဓါး ၂ ချောင်းရှိတယ်၊ မင်းကြိုက်တာ ရွေးယူ၊ မင်းနဲ့ ငါနဲ့ မသေမချင်း တိုက်ကြစို့'ဟု ပြောကာ ဓါးနှစ်ချောင်းကို ထုတ်ပေး၏။ ကပ္ပိတန်မှာ ဓါးသိုင်းကောင်းလှသည်ဟု နာမည်ကြီးသူ ဖြစ်ရကား ထိုသူသည် "ကျွန်တော် မှားပါပြီ" ဝန်ချ၍ ချက်ချင်း ထလိုက်သွားပါပေသည်။

အစာရှာသူများသည် ငှက်ပျောရိုင်းများနှင့် စတော်ဘယ်ရီများ ရခဲ့ကြသည်။ စတော်ဘယ်ရီအစစ် မဟုတ်သောကြောင့် လူ သုံးယောက် ဝမ်းကျ၍ နှစ်ယောက် ပျက်စီးခဲ့သည်။ ကမ်းခြေ၌ ငါးဖမ်းသူများက ဖမ်းကြ၍ တစ်မိုက်ခန့်ရှိသော ငါးကလေး ၂၀ လောက်ရသည်။ တစ်ကောင်စီ ဖုတ်စား၍ ချိုလှသည်။ ညနေစောင်းတွင် လိပ်တစ်ကောင်ရ၍ ဝမ်းမြောက်ဝမ်းသာ မီးဖုတ်စားကြသည်။

**မတ်လ ၁၀ ရက်။** ။ကျွန်းကလေးမှာ စောစောထ၍ ထွက်လာခဲ့ရာ မွန်းမတည့်မီ မိုးရွာ၍ ရွဲရွဲစိုကြရပြန်သည်။ လေတိုက်၍ ချမ်းအေးသဖြင့် နိုက်နိုက်တုန်ကြသော်လည်း ရမ်အရက် ကုန်ပြီဖြစ်၍ ငုတ်တုတ်ခံကြရသည်။ တစ်သက်တွင် အရက်ကို တစ်ခါမှ ဤမျှလောက် မလွမ်းခဲ့ဘူးဟု ပြောကြသည်။ ကပ္ပတိန်က ဆော်နီယိုကျွန်းကြီးသို့ သုံးလေးရက်ခရီးသာ ကျန်တော့သည် ပြောသော်လည်း လူများမှာ ထိုင်းမှိုင်း၍ ထုံဖျင်းဖျင်း ဖြစ်နေကြသောကြောင့် ဝမ်းမသာနိုင်ကြဘဲ ခုချက်ချင်း မရောက်သည့် အတွက်ကိုသာ ဝမ်းနည်းကြဟန်တူသည်။ လူအားလုံးပင် ဖျော့တော့ကြုံလှီ၍ ချောက်တောက်တောက် ဖြစ်နေကြသည်။ လူတစ်ဝက်ခန့်မှာ ခြေဆစ်များ ဖူးယောင်လျက် အားလုံးပင် တွေဝေစွာ ရှိကြသည်။ ပေါင်မုန့်ခြောက်ကား အနည်းငယ်သာ ကျန်သေး၏။ ဝက်သားခြောက်ကား ကုန်သွားလေပြီ။ ရေသည်လည်း ရေဖြည့်ထားသောကြောင့် ချွေတာခြင်းအားဖြင့် ထိုရက်မျှ လုံလောက်၍



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

**မတ်လ ၁၁-၁၂-၁၃ရက်နေ့။** ။ ထိုရက်များကား ကျွန်းဆို၍မတွေ့ ပင်လယ်ပြင်သက်သက် ဖြတ်ကူးရခြင်း ဖြစ်သောကြောင့် ငြီးငွေ့ပျင်းရိဖွယ် အကောင်းဆုံး ဖြစ်တော့သည်။ လူများမှာ သီးခံနိုင်ရည် ရှိသမျှ အစွမ်းကုန် ကြ၍ ခံစားခဲ့ကြပြီးဖြစ်သောကြောင့် သာခွေယိုင် ဖြစ်နေကြလေပြီ။ ရှုတ်တွတ်တွတ် ပြောတတ်၍ အခါခပ်သိမ်းရွှင်ပြသော လက်ဖတင်နင်ကလေး တောမက်(စ်)သည်ပင်လျှင် နှုတ်ဆိတ်လျက် ရှိလေပြီ။ လူ အားလုံးမှာ နားပင်မခံချင်အောင် စိတ်တိုနေကြပြီဖြစ်၍ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သည့် အခါ၌ အနည်းငယ် ထိရုံကလေးမျှ ထိမိခြင်းကိုပင် ခွေးဟိန်းသကဲ့သို့ ဟိန်းကြတော့သည်။ တစ်ခါက လူတစ်ယောက်သည် သမ္မာန်ဦးပိုင်းမှ ပဲ့ပိုင်းသို့ ပြောင်းရွှေ့ရာတွင် ခြေထောက်ကို ကြိုးငြိ၍ ဟတ်ထိုးဖြစ်သွားပြီး အခြားတစ်ယောက်၏ ခြေဖျားကို နင်းမိလေရကာ။ အကြီးအကျယ် ရန်ဖြစ်ကြ၍ လူသတ်မှု မဖြစ်ရအောင် အားလုံးဝိုင်း၍ တောင်းပန်ကြရသည်။

မတ်လ ၁၃ ရက်နေ့တွင် ဘော်နီယိုကျွန်းကြီးသည် တိုင်းပြည်ကြီး တစ်ပြည်၏ ကမ်းရိုးတန်းသဖွယ် မိုးကုတ်စက်ဝိုင်း အတွင်း၌ ပေါ်ထွက်လာရာ ကပ္ပတိန်က ကျွန်ုပ်တို့ မှန်းရွယ်သည့် ကျွန်းကြီးဖြစ်သည်ဟု ပြောလိုက်သည်နှင့် တပြိုင်နက် လူများသည် "ဟစ် ဟစ် ဟူရေး"ဟု သုံးကြိမ် တိုင် ဩဘာပေးကြ၍ မျက်နှာများလည်း ချက်ချင်း ရွှင်တက်လာကြသည်။ တော်ပါသေး၏။ နောက်ဆုံးရက်များအတိုင်း ၁-ရက်၊ ၂-ရက် ဆက်လက် တည်ရှိဦးမည်ဆိုလျှင် အချို့မှာ ရူးသွပ်၍ အချို့လည်း ရေထဲသို့ ခုန်ချမည့် တကဲကဲ ပြုလုပ်နေကြသည် အတိုင်း တကယ်ပြုလုပ်ကောင်း ပြုလုပ်ဖြစ်ပေလိမ့်မည်။

ကျွန်းသည် အနီးသို့ ရောက်လာ၍ သစ်ပင်များ မှိုင်းမှိုင်းညို့ညို့ မြင်ရသော အခါ၌ တစ်ကြိမ်၊ သင်္ဘောကလေးတစ်စင်း ခုတ်နှင်သွားသည်ကို မြင်ရသော အခါ၌ တစ်ကြိမ် 'ဟစ်-ဟစ် ဟူရေး'ဟူသော ဩဘာသံများသည် ကောင်းကင်သို့ လွင့်တက်၍ အချိန့်ဆုံးသော လူပင်လျှင် လေရှိသမျှ ညှစ်ထုတ်ကာ သံကုန်ဟစ်ရှာတော့သည်။

ထိုထက်နီးကပ်၍ ကမ်းခြေ၌ ခွေးတစ်ကောင်၊ နွားတစ်အုပ်နှင့် လယ်သမားများကို မြင်ရသောအခါ သေချာသည်ထက် သေချာပြီဆို၍ ရင်ထဲ၌ အေးချမ်းသွားလိုက်ပုံမှာ မကြုံဘူးအောင် ရှိပါတော့သည်။





ကမ်းသို့ ဆိုက်ကပ်သောအခါ ကပ္ပတိန်သည် ဝိုင်းအုံကြည့်နေ ကြသော လူများအနက်မှ တစ်ယောက်ကိုခေါ်၍ အနီးဆုံး အရာရှိထံသို့ မိမိအား လိုက်ပို့ရန် ပြောသည်နှင့် ထိုလူသည် ကပ္ပတိန်အား ဆိပ်ကမ်း အရာရှိ တစ်ယောက်ထံသို့ ခေါ်သွားလေသည်။ မကြာမီ ကပ္ပတိန် ပြန်ရောက်လာ၍ သံဆင့်လေးခု ဆွဲကိုင်သည့် ကူလီလေးယောက်တို့သည် နောက်မှ ပါလာကြသည်။ သံဆင့်များကို ဖွင့်ကြည့်လိုက်သောအခါ ကြက်ဥပြုတ်၊ ပေါင်မုန့်၊ ဝက်ပေါင်ခြောက်၊ ကြက်သား စသော စားစရာများနှင့် ကော်ဖီများ ပါလာသည်ကို တွေ့ရ၏။ ဝမ်းသာအားရနှင့် စားလိုက်မည် ကြံစည်ကြသော်လည်း လည်ချောင်းများ ကျဉ်းနေသောကြောင့် ထင်သလောက် မမျိုနိုင်ဘဲ တဖြည်းဖြည်းမျှသာ ကော်ဖီနှင့် ကျိုက်ချရလေသည်။

ကပ္ပတိန်မှုကား ဆိပ်ကမ်းအရာရှိနှင့် လိုက်ပါသွား၍ ကျွန်ုပ်တို့ နေထိုင်ရေးအတွက် စီမံလေသည်။

ထိုဆိပ်ကမ်း၌ သုံးရက်တိုင် အနားယူကြ၍ သင်္ဘောတစ်စင်း ဆိုက်ကပ်လာသော အခါမှ ကျွန်ုပ်တို့ အားလုံးကို ရန်ကုန်မြို့သို့ တင်ဆောင်လာခဲ့သဖြင့် ကောင်းမွန်စွာ ဆိုက်ရောက်ကြပါပေသည်။ သို့သော် သင်္ဘောပေါ်၌ အူရောင်ရောဂါဖြင့် လူတစ်ယောက် သေဆုံး၍ ထုံးစံအတိုင်း ရေသင်္ချိုင်းသို့ သင်္ဂြိုဟ်ခဲ့ရသည်။

ရန်ကုန်သို့ ရောက်ကြသောအခါ ကပ္ပတိန်နှင့် သင်္ဘောအရာရှိများကို အင်္ဂလန်သို့ ပို့လိုက်၍ ကျွန်ုပ်အား ကုမ္ပဏီက သုံးလခအတွက် ပေးပါပေ၏။

*

သင်္ဘောသားများ တော်လှန်ပုန်ကန်ကြသည့် အရေးမှာ မြန်မာပြည်ရှိ အစိုးရ အရေးထက် ဗြိတိသျှအစိုးရ၏ တာဝန်ဖြစ်သည့်အလျောက် ထောက်လှမ်း စုံစမ်းသည်ဟု သိရှိရ၏။ ကပ္ပတိန်မှာ မျက်နှာဖြူမဟုတ်သော လူများအနက် တွင် ကျွန်ုပ်အား သတ္တိ အတော်ကောင်းသည်ဟု ချီးကျူး၍ ခင်မင်လေးစား သော အမူအရာလည်း ဖော်ပြသည်နှင့် တော်လှန်သော သင်္ဘောသားများ အကြောင်းကို သိရသောအခါတွင် ကျွန်ုပ်ထံ စာထည့် လိုက်ပါမည့် အကြောင်း တောင်းပန် မှာထားလိုက်သဖြင့် ကပ္ပတိန်ကလည်း ကတိပေးသွား သည် အလျောက် ကျွန်ုပ်၏ လိပ်စာကို ပေးလိုက်၏။

သုံးနှစ်ခန့် ကြာသောအခါ အင်္ဂလန်စာတိုက် တံဆိပ်[illegible] စာ တစ်စောင် ရရှိ၍ ဖွင့်ကြည့်ရာ ကပ္ပတိန်ထံမှ စာဖြစ်သည်နှင့် အောက်ပါအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန်ဆို ထည့်သွင်း လိုက်ပါသည်။

*

ချစ်ဆွေ ဇော်ဟိတ် . . .

ပေးသောကတိကို ဘယ်အခါမှ မမေ့ဘဲ ကျွန်ုပ် သိလိုခြင်းနှင့်အတူ သင့်ကိုလည်း အကြောင်းကြားလိုသည် ဖြစ်သောကြောင့် ထိုလူစု အကြောင်းကို သင်္ဘော ကုမ္ပဏီနှင့် ဗြိတိသျှအစိုးရက စုံစမ်းထောက်လှမ်းသလောက် ကျွန်ုပ်ကလည်း နားစွင့် နေခဲ့ပါသည်။ ပင်လယ်ကူး သင်္ဘောများသည် ၂၀၀–ကျော် ၃၀၀–ခန့်ရှိသော ထိုကျွန်းများ အကြားၐ္ဍ သွားနေကြ လမ်းအတိုင်း သွားတတ်ကြသည် ဖြစ်သောကြောင့် အလွန် ချောင်ကျသော ကျွန်းကလေးများသို့ ပေါက်ရောက်ခဲလှသဖြင့် ဘော်နီစယာ သင်္ဘောကိုလည်း မတွေ့ရ၊ သတင်းလည်း မကြားဘဲ ရှိခဲ့ကြောင်း၊ လွန်ခဲ့သော သုံးလခန့်ကမှ သင်္ဘောကလေး တစ်စင်း မုန်တိုင်းမိ၍ သွားနေကြ လမ်းကြောင်းမှ လွင့်စင် ပါသွားရာတွင် ကျွန်းတစ်ကျွန်းသို့ ရောက် သွားကြောင်း။ သင်္ဘောသို့ လာရောက် ကြည့်ရှုကြသော ကျွန်းသူကျွန်းသားများ အနက်တွင် မျက်နှာဖြူ နှစ်ယောက် ပါရှိ၍ ကပ္ပတိန်က စုံစမ်းသည်တွင် ဘော်နီစယာ သင်္ဘောနှင့် အတူ ကွယ်ပျောက်သွားသည့် သင်္ဘောသား ၂၅–ယောက် အနက်မှ ကြွင်းကျန်သော လူ နှစ်ယောက် ဖြစ်သည်ဟု သိရှိရကြောင်း။ သူတို့၏ အတ္ထုပ္ပတ္တိမှာ ကျွန်ုပ်တို့ကို သမ္ဗာန်ကလေးပေါ်တွင် တင်လွှတ်လိုက် ပြီးနောက် ကျွန်းတစ်ကျွန်းသို့ ဆိုက်ရောက် ကြသည်တွင် သင်္ဘောရှိနေလျှင် သက်သေခံ ပစ္စည်းတစ်ခု ဖြစ်နေလိမ့်မည် ဆို၍ ပစ္စည်းဟူသမျှ သယ်ချပြီးနောက် သင်္ဘောကို မီးရှို့လိုက်ကြကြောင်း၊ ပထမၐ္ဍ ကျွန်းသားများနှင့် သင့်မြတ်အောင် ပေါင်း၍ အတူတကွ နေထိုင်ကြမည် ကြံသော်လည်း သင်္ဘောသား များသည် သူတို့ကြိုက်သည့် မိန်းမ တစ်ယောက်စီ ရွေးယူရုံမျှနှင့် မပြီးဘဲ၊ သူတစ်ပါးတို့၏ မယားများနှင့် မောက်မှားကြသည် ဆိုကြောင်း။ ကျွန်းသူများကလည်း မျက်နှာဖြူများကို သဘောကျဟန်နှင့် မကြာခဏ မယားခိုးမှု ဖြစ်ပွား၍ တကျက်ကျက် ဖြစ်ကြကြောင်း။ မိန်းမများက မျက်နှာဖြူဘက်သို့ ခပ်ပါပါဖြစ်ကြ၍ ကျွန်းသားအားလုံးမခံမရပ်နိုင် ဖြစ်ကြကြောင်း။





တစ်နေ့သၐ္ဍ ကျွန်းသားများသည် တိုက်တာဆိုင် တိုင်ပင်၍ မျက်နှာဖြူများအား သောက်ပွဲကျင်းကာ စားစရာ အမျိုးမျိုးနှင့် ဧည့်ခံတိုက်ကျွေးကြောင်း အလွန်မူးယစ်သော အခါၐ္ဍ ၂၀၀–ခန့်မျှသော ကျွန်းသားများသည် မျက်နှာဖြူများကို ရုတ်တရက် တိုက်ခိုက် သတ်ဖြတ်ကြ၍ မျက်နှာဖြူ ၂၃–ယောက်မျှ ဇာတ်သိမ်း သွားကြကြောင်း။ ၂ ယောက်သော မျက်နှာဖြူတို့မှာ သူတို့မယားများက ကျွန်းသားများ၏ အကြံအစည်ကို ပြောပြသည်နှင့် ထိုနေ့က တိမ်းရှောင်နေသဖြင့် အသက်ချမ်းသာရာ ရကြကြောင်း၊ ကျွန်းသားများသည် "ကြူပင် ခုပ် ကြူငုပ် မကျန်စေနှင့်" ဆိုသကဲ့သို့ ကြွင်းကျန်သော မျက်နှာဖြူနှစ်ယောက်ကိုပါ သတ်ဖြတ်ရန် အစီအစဉ် ပြုလုပ်ကြသေး၏။ သို့သော် သူတို့၏ ပါးနပ်သော မယားများက လက်တို့ ခေါ်ငင်ကာ လွတ်ကျွတ်ရာသို့ တိမ်းရှောင် ထွက်ပြေးခြင်း အားဖြင့် အခြားသော ကျွန်းတစ်ကျွန်းသို့ ရောက်လာကြခြင်း ဖြစ်ကြောင်းနှင့် မျက်နှာဖြူ သင်္ဘောသား ၂–ယောက်က ကပ္ပတိန်အား ပြောပြလေ သည်။

ကပ္ပတိန်က ထိုလူ ၂–ယောက်တို့၏ အကြံအစည်ကို စုံစမ်းမေးမြန်းသောအခါ ဖြစ်လိုရာ ဖြစ်စေ၊ မိမိတိုင်းပြည်သို့ ပြန်လိုပါသည်ဟု ကပ္ပတိန်အား ပြောသည်နှင့် ကပ္ပတိန်သည် လူ ၂–ယောက်ကို သင်္ဘောပေါ်တွင် တင်ခဲ့၍ ဥပဒေအတိုင်း ဗြိတိသျှအစိုးရ လက်သို့ အပ်နှင်းလိုက်ကြောင်း အစိုးရကမူ ထိုလူ ၂–ယောက်ကို ရုံးတင်စစ်ဆေး၍ အပြစ်ထင်ရှားသည် ဆိုလျှင် သေဒဏ် အပြစ်ပေးလိမ့်မည် ထင်ရကြောင်း ဖော်ပြပါရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## စစ်သင်္ဘောကြီး နှစ်မြုပ်ခြင်း

ကိုဇော်ဟိတ်မှာ မိဘများ၏ အမွေအနှစ် ဆက်ခံရရှိသည် ဖြစ်၍ အလုပ် မလုပ်ဘဲ နေထိုင် စားသောက်နိုင်သည် မှန်သော်လည်း အလုပ်တစ်ခု လျှင် ၆-လ တစ်နှစ် စသည်ဖြင့် အပျင်းပြေလုပ်၍ ညည်းငွေ့စပြုလာသည်နှင့် တစ်ပြိုင်နက် ထွက်တတ်သော ဝါသနာရှိသည် အလျောက် အလုပ်မျိုး အစုံဆုံး လုပ်ခဲ့ဖူးသူ တစ်ယောက် ဖြစ်လေသည်။ စစ်ဘက်၊ ပုလိပ်ဘက်၊ စုံထောက် ဘက်၊ သတင်းစာဘက် တို့အပြင် တောင်သူအလုပ်၊ ကုန်သည် သည်အလုပ် ဥယျာဉ်ပြုစုခြင်း အလုပ်များလည်း တစ်ရာသီ နှစ်ရာသီ စသည်ဖြင့် လက် တည့်စမ်းခဲ့ဖူးသည်သာ ဖြစ်လေသည်။

လွန်ခဲ့သော ကမ္ဘာစစ် အတွင်းကမူ ကိုဇော်ဟိတ်သည် ရန်ကုန်တိုင်း သတင်းစာကြီး၏ သတင်းထောက် အဖြစ်နှင့် စစ်မြေပြင်သို့ လိုက်ခဲ့ဖူးရာ အကြီးဆုံးသော ဗြိတိသျှ စစ်သင်္ဘောကြီးများဖြစ်သည့် "ဝေလမင်းသား"နှင့် "ရီပတ်(လ်စ်)"တို့ တောင်ပိုင်း တရုတ်ပင်လယ်၌ နှစ်မြုပ်စဉ်ကလည်း ဗြိတိသျှ ရေကြောင်း စစ်ဗိုလ်ချုပ်က ကမ္ဘာ့သတင်းထောက်များအား ထိုသင်္ဘောကြီး များပေါ်၌ တင်ဆောင်ခေါ်ငင်သွားသည့် အထဲတွင် ကိုဇော်ဟိတ်သည်လည်း ရန်ကုန်တိုင်း သတင်းစာ၏ သတင်းထောက်အဖြစ်နှင့် လိုက်ပါသွားခဲ့လေ သည်။ သို့သော် မသေမပျောက် ပြန်ရောက်လာသူများ အနက်တွင်လည်း





ကိုဇော်ဟိတ် အပါအဝင် ဖြစ်လေရာ၊ အောက်ပါ အဖြစ်အပျက် များမှာ ဂျပန် လေယာဉ်ပျံများက ဗြိတိသျှစစ်သင်္ဘောကြီး ၂ စင်းကို ဝိုင်းဝန်း တိုက်ခိုက်၍ နှစ်မြုပ်လိုက်ရာတွင် ကိုဇော်ဟိတ်၏ ကိုယ်တွေ့ အဖြစ်အပျက်များပင် ဖြစ်လေ သည်။ ကျွန်ုပ်မှာ ကိုဇော်ဟိတ်၏ ဒိုင်ယာရီ မှတ်တမ်းကို အပျင်းပြေ ဖတ် ကြည့်ရာမှ စိတ်ဝင်စားဖွယ် ကောင်းလှသည်နှင့် အင်္ဂလိပ်လို ရေးထားသော မှတ်တမ်းကို မြန်မာလို ပြန်ဆို ထည့်သွင်းလိုက်ခြင်း ဖြစ်ပေသည်။

*

ကျွန်ုပ် လိုက်ပါလာခဲ့သော ရီပတ်(လ်စ်) သင်္ဘောကြီးကား နောက်ပိုင်းမှ ဖင်ထိုင်ကာ နစ်မြုပ်လျက် ရှိလေပြီ။

ရီပတ်(လ်စ်)၏ ရှေ့ ၆-ဖါလုံ ခရီးခန့်၌ကား "ဝေလမင်းသား" စစ်သင်္ဘောကြီးသည် တော်ပီဒို ထိမှန်ထားသော ဒဏ်ချက်ကြောင့် ရေများဝင် ၍ ကုန်းပတ်ပေါ်ရုံမျှဖြင့် ရေပေါ်တွင် မျောပါလျက်ရှိရာ အမြောက်များ၊ ဗုံးများ၏ ပစ်ခတ်မှုကြောင့် တလိပ်လိပ်တက်နေသော မီးခိုးများ၏ အကြား တွင် ရေးရေးမျှသာ မြင်ရတော့သည့် "ဝေလမင်းသား" အနီး၌ကား ဗြိတိသျှ ဒက်စတွိုင်ယာ တစ်စင်းသည် ဆင်ကြီးလဲသည်ကို မထူနိုင်သော ဆိတ် ကလေးကဲ့သို့ တဝဲလည်လည် ရှိနေတော့သည်။

ထိုအတောအတွင်း၌ ခွေးသေကောင်ကို လင်းတများဝဲသည့်အလား ဂျပန်လေယာဉ်ပျံများသည် "ဝေလမင်းသား"ပတ်ဝန်းကျင်၌ ဝဲလျက် "ဝေလမင်းသား"ကို ပတ်ချာလှည့်ကာ တိုက်ခိုက်တုန်းပင် ရှိသေး၏။ "ဝေလ မင်းသား"က ပစ်ချလိုက်သဖြင့် ထိုးကျသွားသော ဂျပန်လေယာဉ်ပျံများသည် လည်း ဤနေရာ ထိုနေရာတို့တွင် မီးဟုန်းဟုန်း တောက်လောင်နေကြ၍ တောင်ပိုင်း တရုတ်ပင်လယ်ပြင်တွင် လိမ္မော်ရောင် အရင့်ဖြင့် ကွက်ကြား ထွန်း တောက်လျက် ရှိလေ၏။

သင်္ဘောမှ သင်္ဘောသားများသည် လေစါးပတ်များ၊ သစ်သားခုံ များ၊ သစ်သား အတိုအစများမှ စ၍ ရေ၌ပေါ်သော ဝတ္ထုပစ္စည်း တွေ့သမျှကို ရေထဲသို့ ပစ်ချလျက်ရှိ၏။ ကျွန်ုပ်သည် သင်္ဘောကြီး အစွန်း၌ ရပ်လျက် ကြည့်နေစဉ် ဩစတြေးလီးယားပြည်သား "ပီတာဂီလက်" အမည်ရှိ သင်္ဘော သားကလေးသည် လေယာဉ်ပျံပစ် အမြောက်စင်ကြီးထိပ်မှ ပင်လယ်ထဲသို့ ခုန်ချလေရာ ပေပေါင်း ၁၇၀ ခန့် ဝေးကွာသော ရေပြင်သို့ ရောက်သွား[illegible] ယက်သွားသည်ကို မြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အမြောက်စင် လေးငါးစင်တို့၏ ထိပ်မှလည်း လူများသည် ပင်လယ်ပြင့်သို့ ခုန်ချလျက်ရှိရာ တစ်ယောက်သော သူမှာ ရေပြင်သို့ မရောက်မီ သင်္ဘော ကုန်းပတ် အစွန်းနှင့် ခိုက်မိ၍ အရိုးများ ထောင်းထောင်း ကျေလျက် သဲအိတ်ကဲ့သို့ ခွေခေါက်ကာ ပင်လယ်ထဲသို့ ကျသွားတော့သည်။ အခြားတစ်ယောက်မှာမူ ကမန်းကတန်း ခုန်မိခုန်ရာ ခုန်ချလိုက်သည့် လက္ခဏာနှင့် ပင်လယ်ဘက်သို့ မရောက်ဘဲ သင်္ဘော ခေါင်းတိုင်ထဲသို့ ထိုးကျသွားလေ၏။

သင်္ဘောကြီး ကုန်းပတ်ပေါ်၌ကား လူများသည် ပဲ့ပိုင်းသို့ စုရုံးပြေးလွှားလျက် ရှိကြ၏။ သင်္ဘောကြီးမှာ နောက်ပိုင်းမှစ၍ နစ်မြုပ်နေသဖြင့် နောက်ပိုင်းမှ ခုန်ချလျှင် ရေပြင်နှင့် နီးသည်ဆို၍ နောက်ပိုင်းသို့ ပြေးကြခြင်း ဖြစ်လေသည်။ ၁၂ ယောက်ခန့်မျှသော သင်္ဘောသားများမူကား နောက်အစွန်းသို့ နီးကပ်လွန်းသည် ဖြစ်သောကြောင့် ရေပြင်သို့ ရောက်သည်နှင့်-တစ်ပြိုင်နက် ရဟတ်ထဲသို့ ပါသွားရာကြလေတော့သည်။

ရီပတ်(လ်စ်)၏ ရဟတ်များမှာ လည်လျက်ပင် ရှိသေးသည်။ ရေပြင်၌ကား လူပေါင်း ၅၀၀၊ ၆၀၀ ခန့်တို့သည် ရောက်တတ်ရာရာ ကူးလျက်ရှိကြ၏။ ထိုအချိန်၌ သင်္ဘောသည် ရွေ့လျက် ရှိသောကြောင့် ရေကူးသူများသည် နောက်ပိုင်းတွင် တရွေ့ရွေ့ ကျန်ရစ်ခဲ့ကြလေတော့သည်။

ကျွန်ုပ်၏ ပတ်ဝန်းကျင်၌မူ လူများသည် သင်္ဘော အစွန်းမှ ရေထဲသို့ ခုန်ဆင်းလျက် ရှိကြ၏။ ကျွန်ုပ်သည် သင်္ဘောကြီး အစွန်း၌ ထိုင်လျက် စက်ာပူမြို့မှ ဝယ်စီးခဲ့သော သားရေရှူး ဖိနပ်ကလေးကို ချွတ်၍ မည်ကဲ့သို့ ပြုလုပ်ရမည်ဟု အစီအစဉ်မရှိဘဲ ဤမှထိုမှ မျှော်ကြည့်နေစဉ်၏။ စိတ်ထဲ၌ ဖြစ်ပေါ်နေသော စကားများသည်ကား "ဇော်ဟိတ်ရေ ဒီတစ်ခါတော့ မင်းကိစ္စ တုံးပေတော့မကိုး"ဟူ၍ ဖြစ်လေသည်။ ထိုခဏ၌ပင် ကုန်းပတ်ပေါ်မှ ခုန်ချလိုက်သော လူတစ်ယောက်သည် ရေကူးနေသော လူတစ်ယောက်၏ ဦးခေါင်းပေါ်သို့ တည့်တည့်ကြီး ကျသွားသည်ကို မြင်လိုက်ရသည်နှင့် "မင်း ခုန်ချတဲ့ အခါကျတော့ ဒါမျိုး မဖြစ်စေနဲ့နော်"ဟု ကိုယ့်ကိုယ်ကို သတိ ပေးလိုက်မိသေး၏။

ရေပြင်ပေါ်၌ကား ဆီတဝေ့ဝေ့ ရှိနေ၍ အမှိုက်သရိုက်များ မျောပါလျက်ရှိရာ ကျွန်ုပ်မှာ ရှုံ့သလိုလို ဖြစ်၍ ခုန်မချလိုသေးသည်နှင့် ဝေလမင်းသားဆီသို့ မျှော်ကြည့် လိုက်မိသည်တွင် အမြောက်ကြီးများ ပစ်ခတ်တုန်းပင် ဖြစ်၍ မီးတောက် မီးလျှံများ လက်ခနဲ ဝင်းခနဲ ထွက်နေသည့် အတွင်း





မီးခိုးလုံးများ လိပ်ခနဲ လုံးခနဲ တက်သွားသည်ကို မြင်ရ၏။

အမှန်မှာ ကျွန်ုပ်၏ စိတ်သည် မျက်စိအောက်တွင် တွေ့မြင်နေရသော အဖြစ်အပျက်များ၏ အဓိပ္ပာယ်ကို မငုံနိုင် နားမလည်နိုင်အောင် ရှိတော့သည်ဖြစ်၍ နဝေတိမ်တောင်၊ ယောင်တိ ယောင်ကန်း ဖြစ်နေတော့သည်။ ပထမအကြိမ် မြင်လိုက်ရကတည်းက ဤသို့သော အဖြစ်မျိုးနှင့် ပျက်စီးရန် မဖြစ်နိုင်ဟု ထင်မှတ်မိသော စစ်သင်္ဘောကြီး ၂ စင်း ပျက်စီး နစ်မြုပ်တော့မည့် ဆဲဆဲရှိသည်ကို မျက်စိနှင့် မြင်ရပါလျက် မယုံနိုင်သကဲ့သို့ ဖြစ်နေတော့သည်။

အချို့လူများသည် သင်္ဘောကြီး ကိုယ်လုံးမှ ကြိုးလှေခါးများဖြင့် လျှောဆင်းလျက်ရှိ၏။ အချို့လည်း ကြိုးလှေခါးကို မစောင့်နိုင်ဘဲ သင်္ဘော ကိုယ်လုံးကို ကပ်၍ လျှောဆင်းကြရာ သင်္ဘောကြီး ကိုယ်လုံး၌ သုံးလက်မခန့် စူထွက်သော သံမဏိ ဝမ်းပတ်ကို ခိုက်မိ၍ လေထဲ၌ လွင့်စင် ထွက်သွားပြီးမှ ရေထဲသို့ ဗွက်ခနဲ ကျသွားကြ၏။ ဤအခြင်းအရာကို ကျွန်ုပ် မြင်ရသောအခါ "ငါတော့ ဒီနည်း ဆင်းလို့ မတော်ဘူး၊ ခါးနာပြီး ရေမကူးနိုင်ဘဲ ဖြစ်သွားမှာကို စိုးရိမ်ရတယ်"ဟု စဉ်းစားမိ၏။

ကျွန်ုပ်၏ လက်ဝဲဘက်၌ ၈ ပေလောက်တွင် ဤသင်္ဘောကြီး ကိုယ်လုံးမှာ အပေါက်ကြီး ဖြစ်နေသည်ကို တွေ့ရ၏။ ထိုအပေါက်ကြီးမှာ အဝန်းပေ ၃၀ ခန့်ရှိ၍ သံမဏိများ တွန့်လိမ်ကွေးကောက်လျက်ရှိ၏။ သင်္ဘောအရာရှိ တစ်ယောက်သည် သင်္ဘောကြီးပေါ်မှ ရေထဲသို့ ခုန်ချလိုက်ရာ ထိုအပေါက်ကြီးမှ တစ်ဖန် သင်္ဘောကြီးထဲသို့ ပြန်ဝင်လာသည်ကိုလည်း မြင်လိုက်ရ၏။

ကျွန်ုပ်သည် ရေပြင်ဘက်သို့ လှည့်နေရာမှ ကုန်းပတ်ဘက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်သောအခါ အမြောက်ကြီး တစ်လက်ကို မနားတမ်း ပစ်ခတ်နေစဉ် ဒဏ်ရာရ၍ လဲကျသွားသော သင်္ဘောသားတစ်ယောက် အတွက် ခရစ်ယာန် ဘုန်းကြီးတစ်ပါးက အဆုံးစွန်သော ကောင်းချီး မင်္ဂလာပြုခြင်းကိစ္စ ဆောင်ရွက်နေသည်ကို မြင်ရ၏။ ထိုဘုန်းကြီးမှုကား သင်္ဘောကြီး နစ်မြုပ်တော့မည့် ဆဲဆဲရှိသော အဖြစ်ကို လုံးဝ ဂရုစိုက်ဟန် မတူချေ။

၄၀ခန့်သော လူများသည် မီးဟုန်းဟုန်း တောက်လောင်[illegible] ရှိသော သင်္ဘောအောက်ထပ်မှ ခေါင်းတိုင်ရေအတွင်း၌ တွယ်[illegible] ကြိုးစား ပန်းစား တက်လာကြ၍ ခေါင်းတိုင်ထိပ်သို့ ရောက်သော[illegible] သံဇကာ ပိတ်ထားသည့်ပြင် သံဇကာကို အပြင်မှ မင်းတုံး[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြရ၏။ တစ်ယောက်သော သူသည် လူများ ဟာစ်အော်သံ ကြား၍ မင်းတုံးကို ဖွင့်ပေးမည်ပြု၏။ သို့ရာတွင် နောက်ကျခဲ့လေပြီ။

စိန့်အန်ဒြူးမြို့သား "ခရစ်စတော်ဖား"အမည်ရှိ ဝိုင်ယာလက်သမားသည် အခြားလူ ၂၅-ယောက်ခန့်တို့နှင့်အတူ အောက်ဆုံးထပ်၌ ရှိသော ဝိုင်ယာလက်ခန်း အတွင်း၌ အလုပ် လုပ်လျက်ရှိစဉ် သင်္ဘောကြီးကို ထိမှန်၍ ရေဝင်သဖြင့် တစ်ဖက်သို့ စောင့်ငဲ့သွားသည်တွင် လူများမှာ တက်ဖို့ အလွန်ခဲယဉ်းနေကြ၏။ ထိုအတောအတွင်း ရေများသည် သင်္ဘောကြီးထဲသို့ ဒလဟော တိုးဝင်လျက် ရှိလေပြီ။ ဤတွင် အကြီးအကဲဖြစ်သော ခရစ်စတော်ဖားက ဝိုင်းပြုံတိုးဝှေ့နေကြလျှင် မည်သူမျှ အပေါ်သို့ ရောက်နိုင်မည် မဟုတ်သည်ကို သိမြင်၍ တစ်ယောက်ချင်း စီတန်းတက်ကြဖို့ အမိန့်ပေးလိုက်သဖြင့် အမိန့်အတိုင်းနာယူကာ အထပ် ၆ ထပ်ကို တစ်ယောက်ချင်း စီတန်းလျက် တက်လာကြ၏။ ရေများလည်း ဒလဟော တိုးဝင်၍ ဝမ်းခေါင်းထဲ၌ မြင့်သည်ထက် မြင့်တက်လာပေပြီ။ ထိုလူများ အနက်တွင် အကြီးအမှူးဖြစ်သော ခရစ်စတော်ဖားသည် နောက်ဆုံးမှ လိုက်လာ၏။ မြင့်တက်လာသော ရေများနှင့် အလုအယက် ယှဉ်ပြိုင်၍ လူများသည် အထပ် ၆ ထပ်ကို တစ်ထပ်ချင်း တစ်ယောက်စီ တက်နေကြရလေရာ တပည့် အားလုံးသည် သင်္ဘောပေါ်သို့ အချိန်မီ ရောက်နိုင်ကြသော်လည်း ခရစ်စတော်ဖား တစ်ယောက်မှုကား အချိန်မရရှာတော့ချေ။ လွန်ခဲ့သော ရက်အနည်းငယ်က လူချင်း သိကျွမ်းခွင့် ရခဲ့၍ အလုံးအဖန် မြင့်မြင့်သွယ်သွယ်ရှိသော ခရစ်စတော်ဖားကို မျက်စိထဲတွင် မြင်ယောင် မိတော့သည်။

နောက်ဆုံး၌ ကျွန်ုပ်သည် သင်္ဘောကိုယ်လုံးမှ လျှောချ၍ ငါးပေခန့် ရောက်သောအခါ သင်္ဘောနံဘေး၌ ဖောက်ထားသော ပြတင်းပေါက်ဝိုင်းတွင် ခြေကုပ်ရ၍ သံခမောက်ကို ချွတ်ပြီးလျှင် ခြေထောက်အောက်၌ ချ၍နင်းထား၏။ ထိုနေရာမှ ရပ်လျက် ပတ်ဝန်းကျင်သို့ မျှော်ကြည့်လိုက်သောအခါ ဆီများဝေ့လျက် အတိုအစများ မျောနေသော ရေမျက်နှာပြင်တွင် မြုပ်ချည်ပေါ်ချည် ဖြစ်နေသော ဦးခေါင်းများကို လည်းကောင်း၊ အဝေး၌ မြုပ်လုဆဲဆဲ ရှိနေသော "ဝေလမင်းသား"ကိုလည်းကောင်း၊ အထက်ကောင်း ကင်၌ တဝီဝီ ပျံဝဲနေကြသော လေယာဉ်ပျံများဖြစ်၍ သူတို့ ပတ်ဝန်းကျင်၌ ပေါက်ကွဲသော အမြောက်ဆံများမှ ကျန်ရစ်သည့် မီးခိုးကလေးများကို လည်းကောင်း မြင်ရ၏။





ကျွန်ုပ်မှာ ပြတင်းပေါက်ဝိုင်းကို စွန့်ခွာ၍ ရေထဲသို့ ခုန်ချရမည့် အရေးကို တွန့်ဆုတ်လျက်ရှိ၏။ အမှန်မှာ ကြောက်လန့်သည်ဟု မဆိုနိုင်၊ ယောင်တောင်တောင် ဖြစ်နေခြင်းကိုသာ သတိရ၏။ အောက်သို့ ခုန်မချအဲ ဤနေရာ၌ ရပ်နေ၍ ကိစ္စမပြီးသည့် အဖြစ်ကိုလည်း သိ၏။ သို့ပါလျက် တတ်နိုင်သမျှ အချိန်ဆွဲလိုပေသေးသည်။

သင်္ဘောကြီးပေါ်တွင် အရာရှိများသာ တက်ရသည့် တံတားကလေးနှင့် တူသော စင်ကလေးပေါ်၌ကား ကပ္ပတိန်နှင့် အရာရှိတစ်စုတို့ ရပ်လျက် ရှိကြ၏။ အရာရှိများသည် တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်နေရာမှ ကပ္ပတိန်၏ မျက်နှာသို့ လှမ်းကြည့်ကြ၏။ ကပ္ပတိန်က "ကိုင်း ငါ့လူများ။ သင်္ဘောကို စွန့်ခွာကြဖို့ အချိန် တော်လောက်ပြီ ထင်တယ်"ဟု ပြောလိုက်ရာတွင် အရာရှိအချို့က "ကပ္ပတိန်ကော ကျွန်တော်တို့နဲ့ မလိုက်ဘူးလား"ဟု မေးကြ၏။ ထိုအခါ ကပ္ပတိန်သည် ပြုံးလျက် ဦးခေါင်းရမ်းခါပြီးလျှင် "ကိုင်း . . . မောင်တို့သာ သွားကြပါ၊ အချိန်မရှိတော့ပါဘူး"ဟု ပြောလိုက်၏။ သင်္ဘောကြီးမှာ ထိုအချိန်၌ တစ်ဘက်သို့ အတန်ကြီး စောင်းနေပြီ ဖြစ်သောကြောင့် အရာရှိများသည် ခြေတစ်ဘက်ကို ကွေးကာ မိမိတို့ ကိုယ်ကို တည့်မတ်အောင် ဟန်ထားကြရလေသည်။

ဒုတိယ အရာရှိက "မဟုတ်သေးပါဘူး ကပ္ပတိန်၊ ခင်ဗျားလဲ လိုက်ပါမှပေါ့၊ ဝတ္တရား ကုန်လောက်ပါပြီ ခင်ဗျာ၊ ဒီထက်ပိုပြီး ဘယ်သူ လုပ်နိုင်ဦးမှာလဲ"

ကပ္ပတိန်သည် အဖြေမပေးဘဲ ငြိမ်သက်စွာ ရပ်နေသည်တွင် အရာရှိများသည် လှုပ်လှုပ် ရွရွ ဖြစ်လာကြ၏။ နောက်တစ်ခဏ၌ အရာရှိ များသည် ကြိုတင်တိုင်ပင်ထားသော အစီအစဉ် ရှိသကဲ့သို့ တစ်စုတရုံးတည်း ကပ္ပတိန်ဆီသို့ ချဉ်းကပ်ကြ၍ ကပ္ပတိန်အား တံတားကလေးပေါ်မှ ကုန်းပတ်ပေါ်သို့ အတင်း တွန်းချကြလေတော့သည်။ ထိုအချိန်၌ သင်္ဘောကြီးမှာ နံဘေးလိုက်လဲမတတ် ရှိနေလေပြီ အရာရှိများသည် ကပ္ပတိန်ကို ရေထဲသို့ တွန်းချ၍ သူတို့ကိုယ်တိုင်လည်း ခုန်ချလိုက်ကြတော့သည်။

ကျွန်ုပ်၏ ကိုယ်မှာ သင်္ဘောကိုယ်လုံးနှင့် ပူးကပ်ထားဘိသကဲ့သို့ ဖြစ်နေ၍ ဦးခေါင်းဖြင့်သာလျှင် ဤဘက်မှ ထိုဘက်သို့ လှည့်ကာ ကြည့်နေတော့သည်။ သင်္ဘောသား တစ်ယောက်သည် သင်္ဘောကြီး နံဘေး [illegible] ဆင်း၍ စူးထွက်နေသော သံမဏိဝန်းပတ်သို့ ရောက်သည်တွင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကန်ကာ အားယူလျက် အလှကူးသော ရေငုပ်သမား တစ်ယောက်သဖွယ် ရေထဲသို့ လက်နှစ်ဘက်ကို ဖြန့်ခါ ထိုးချလိုက်၏။ ထိုအခြင်းအရာကို မြင်ရသောအခါမှ ကျွန်ုပ်မှာ သတိတရနှင့် လှုပ်ရှားနိုင်သလို ဖြစ်လာ၍ ပြတင်းပိုင်းကို ခြေကန်ကာ ခုန်ချလိုက်ရာ ခေါက်ပုံ ကင်မရာမှာ ကျွန်ုပ်၏ လည်ပင်းတွင် တန်းလန်းပါလာတော့သည်။

ပေ ၂၀ခန့်မျှ လေထဲ၌ဝဲ၍ ရေမျက်နှာပြင်သို့ ရောက်လာသောအခါ ဝင်လယ်ရေမှာ ခပ်နွေးနွေးရှိ၍ ဆီများထူထပ်စွာ ဝေ့လျက်ရှိ၏။ လက်ပတ်နာရီကို ကြည့်လိုက်ရာတွင် ၁၂း၃၅ တွင် ရပ်နေသည်ကို တွေ့ရ၍ သင်္ဘောကြီးကို ပထမ ဂျပန်ဗုံး ထိမှန်သည့်နောက် တစ်နာရီနှင့် မိနစ် ၂၀ တွင် ရပ်သွားကြောင်း သိရ၏။

ရေထဲသို့ ရောက်လာသည့်နောက် ယောင်တောင်တောင် ဖြစ်နေ၍ အခြား လူများသည် သင်္ဘောမှ တတ်နိုင်သမျှ ဝေးအောင် ယက်ကူးနေကြသည်ကို မြင်ရသော အခါမှာ သူတို့ပြုသလို ပြုမိတော့သည်။ ကျွန်ုပ်၏ အဝတ်ထဲသို့ ဆီများစိမ့်ဝင်၍ လေးသည်ထက် လေးလာသောကြောင့် မကောင်းဆိုးဝါးများက ရေအောက်မှ ဆွဲချနေသကဲ့သို့ ထင်ရ၏။ ခါး၌ ပတ်ထားသော လေခါးပတ်မှာ လေလုံလောက်စွာ မတင်းသည့်ပြင် ဆီများကို စုတ်ယူလျက် ရှိသောကြောင့် "ငါတော့ မြုပ်ရတော့မှာပဲ"ဟု ထင်လိုက်၏။ ကျွန်ုပ်အဖို့ တစ်သက်လုံး အကြောက်ဆုံးမှာ ရေမွန်းရခြင်းပင်ဖြစ်၍ မွန်းသေရမည့်အဖြစ်ကို စဉ်းစားမိသည်နှင့် ပထမအကြိမ် ကြောက်စိတ် ဝင်လာခဲ့လေပြီ။

ကျွန်ုပ်သည် သင်္ဘောမှ တတ်နိုင်သမျှ ဝေးအောင် ယက်ကူးစဉ် အလျား တစ်တောင်ခန့် ရှိသော သစ်သားစ တစ်ချောင်း မျောနေသည်ကို တွေ့၍ တွယ်ထားလိုက်၏။ ထိုနောက် သစ်သားဒုတ် တစ်ချောင်း တွေ့ပြန်သည်နှင့် ယင်းကိုလည်း ဖက်ထားလိုက်၏။ ဆီ စည်တစ်လုံး တွေ့ပြန်၍ တွယ်ဖက်မည် ကြံပါသော်လည်း ဆီဖြင့် ချောနေရာ တွယ်ဖက်ရန် ခက်သောကြောင့် လွှတ်လိုက်ရ၏။ ပတ်ဝန်းကျင်၌ကား လူအမြောက်အများ ယက်ကူးလျက်ရှိရာ အချို့မှာ မျက်နှာမှ သွေးများ ယိုစီးလျက် အားလုံးမှာ ဆီများ ပေကျံနေတော့သည်။

ရေပေါ်၌ ဝေ့နေသော ဆီများဝင်သည့် အတွက်ကြောင့် ကျွန်ုပ်၏ မျက်လုံးများမှာ သည်းမခံနိုင်အောင် ကျိန်းစပ်လျက် ရှိလေပြီ။ ဝမ်းထဲသို့ ဆီများ အတော်အတန် ဝင်သွားပြီး ဖြစ်၍ ပို့အံချင်သလို အော်ဂလီ ဆန်နေ





လေပြီ။

သင်္ဘောကြီးမှ ပေ ၅၀ ခန့်ကွာလာ၍ လက်ပန်းကျသည်နှင့် ဆက်ကူးရန် မတတ်နိုင်တော့ဘဲ နောက်သို့ လှည့်ကြည့်လိုက်သောအခါ သင်္ဘောကြီး၏ ဦးသည် ခရစ်ယာန် ဘုရားရှိခိုးကျောင်းကဲ့သို့ မတ်မတ်ကြီး ထောင်လျက်ရှိရာ ဝမ်းဘက်၌ ရှိသော သံမဏိပြားကြီးများသည် ရဲရဲနီလျက် ရှိကြ၏။ ထိုခဏ၌ တန်ချိန် ၃၂၀၀၀ မျှရှိသော သင်္ဘောကြီး၏ ကိုယ်လုံးသည် ရေအောက်သို့ မြုပ်သွား၍ ဝဲကြီးဖြစ်ပြီးလျှင် ပတ်ဝန်းကျင်၌ ရှိသော အရာဝတ္ထုများကို အောက်သို့ ဆွဲဆောင်တော့ရာ ရေအောက်၌ ရှိသော ကျွန်ုပ်၏ ခြေထောက်များမှာ ယင်းသတ္တိကြောင့် တင်ပါးဆုံမှ ပြုတ်ထွက်သွားတော့မတတ် နာကျင်လှပေ၏။ ကျွန်ုပ်မှာ အတော်အတန် ဝေးကွာလာပြီ ဖြစ်၍ ဤမျှလောက်သာ ခံစားရသော်လည်း သင်္ဘောကြီးနှင့် ကျွန်ုပ်ထက် နီးကပ်သော လူများမှာကား အောက်မှ စုပ်သော ဒဏ်ရာကို မခံနိုင်ဘဲ ရေအောက်သို့ နစ်မြုပ် ပါသွားကြလေပြီ။

သင်္ဘောကြီး နစ်မြုပ်သွားပြီးသည်နောက် ဆီ လှိုင်းလုံးကြီးသည် အရပ်လေးမျက်နှာသို့ လိမ့်ထွက်လာလေရာ ကျွန်ုပ်၏ ပါးစပ်ထဲသို့ ဆီ အတော်အတန် ဝင်သွားပြန်သဖြင့် မချိမဆန့် ပို့အန်ချင် ဖြစ်လာတော့သည်။ ပတ်ဝန်းကျင်၌ကား လူများသည် တွေ့ကရာ အတိုအစများကို တွယ်ဖက်ကာ ယက်ကူးလျက်ရှိရာ လူသုံးလေးယောက်တို့မှာ သွေးနှင့် ဆီများ ပေကျံနေသော လက်များကို လွှတ်လိုက်၍ ရေအောက်သို့ မြုပ်သွားကြသည်ကိုလည်း မြင်လိုက်ရ၏။

သင်္ဘောပေါ်၌ ကျွန်ုပ်နှင့် မိတ်ဆွေဖြစ်လာသော အင်္ဂလိပ်သတင်းထောက် "ဂလဟာ"ကို ရှာပါသော်လည်း မတွေ့ရချေ။ အမှန်မှာ ဆီများ ပေကျံနေသော မျက်နှာချည်း ဖြစ်၍ လူတစ်ယောက်နှင့် တစ်ယောက် ခွဲခြားရန် ခဲယဉ်းလှတော့သည်။ ၁၅ ကိုက်လောက် အကွာတွင် ရေထဲ၌ ယက်ကန် ယက်ကန် ဖြစ်နေသော လူတစ်ယောက်ကို မြင်ရ၍ စိုက်ကြည့်မိသည်တွင် ဒဏ်ရာရထားသော လက်ဖတင်နင် အရာရှိကလေး တစ်ယောက် ဖြစ်နေသည်ကို တွေ့ရ၏။ အနီးအပါး၌ကား လေခါးပတ် မပါဘဲ ဗလာကူးလျက် [illegible] လူ ၂ ယောက် ရှိရာ အရာရှိကလေးသည် မိမိကိုယ်၌ ပတ်ထားသော [illegible] ပတ် ၂ ခုကို ဖြုတ်လျက် "ငါတော့ ဒဏ်ရာနဲ့ သေမှာပါပဲ၊ [illegible] တို့ ယူကြပါတော့"ဟု ဆိုကာ ခါးပတ်များကို ပေးလေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်သည် လေခါးပတ် ကိုယ်စီရ၍ အသက်ချမ်းသာကြပေရာ အရာရှိကလေးမှုကား ခါးပတ်များကို ဖြုတ်ပေးပြီးသည်နောက် ရေအောက်သို့ မြုပ်သွားတော့သည်။ အာဂလူပါပေ။

ထိုခဏ၌ တစ်ယောက်သော လူက "ဘယ့်နှယ်နေလဲ ကိုသတင်းထောက်"ဟု မေးသံကြားလိုက်သဖြင့် "ကိစ္စမရှိပါဘူး"ဟု ပြန်ပြောမိသည်တွင် ပါးစပ်ထဲသို့ ဆီများ ထပ်မံ ဝင်သွားပြန်သည်နှင့် နောက်နောင်တွင် နှုတ်ဖြင့် မပြောဘဲ လက်ကိုသာ ရမ်းပြတော့မည်ဟု အကြံပြုလိုက်မိ၏။

ထိုအတောအတွင်း သုံးပေခန့် ပတ်လည်ရှိသော စားပွဲကလေး တစ်ခု မျောလာ၍ ခြေထောက် တစ်ချောင်းကို လှမ်းဆွဲလိုက်ရာ ချောလွန်းလှသဖြင့် လွတ်ထွက်သွား၏။ ဤတွင် စားပွဲပေါ်သို့ ဝမ်းလျားထိုးမှောက်လျက် ငြိမ်သက်စွာ နားနေခိုက်တွင် "ဝေလမင်းသား" မြုပ်သွားသည့်ကို မြင်လိုက်ရသည်။ ထိုအခါ၌ကား ရေမျက်နှာပြင်တွင် လူနှင့် အမှိုက်သရိုက်များသာ ကျန်ရစ်တော့သည် ဖြစ်၍ ထပ်ဆင့် ခြောက်သွေ့ သွားပြန်တော့သည်။

လူတစ်ယောက်က "ခါတ်ငါး ထင်တယ်ဟေ့၊ ထိုတဲ့နေရာမှာ ကျင်တက်သွားတာပဲ"ဟု ပြောသံ ကြားလိုက်ရ၏။ ဤတွင် ထိုနေရာ တစ်ဝိုက်၌ ငါးမန်းများ ရှိတတ်သည်ဟု ပြောသံ ကြားဖူးသည်ကို သတိရလာ၍ ကြောက်လာပြန်သည်။

သဘော်ပျက်သော အခါ၌ သင်္ဘောသားများသည် တွယ်စီးနိုင်ရန် ဖောင်စဖွယ် ပြုလုပ်ထားသည့် "ကာလီဖလုပ်"ခေါ် သော့ကြီးတစ်ခုသည် ဖလုံလောက်တွင် မျောလျက်ရှိ၍ ၂ မိုင်ခန့်တွင်ကား ဒက်စရှိကယ်ာ သင်္ဘော တစ်စင်းကို မြင်ရ၏။ သို့သော် ထိုနေရာသို့ ရောက်အောင် ယက်ကူးပါက လက်ပန်းကျမည်ကို ကြောက်၍ စားပွဲပေါ်၌သာ မှောက်နေ၏။ သေရတော့မည် ဟူသော အယူအဆသည်ကား ကျွန်ုပ်၏ စိတ်ထဲမှ မထွက်သေးချေ။ အမြန်နှင့် အနှေးဟူ၍သာ သဘောပိုက်ထားသေး၏။

တစ်ချက်တစ်ချက်၌ "ဒါတွေကို မှတ်တမ်း ရေးပို့ရအောင် မှတ်တမ်းကွဲ့နော်"ဟု သတိပေးမိသော်လည်း "ဘယ်တော့ ရေးနိုင်မှာတုန်း၊သေမှာပါပဲ" ဟူသော စိတ်ကူးသည် ပေါ်၍ ပေါ်၍ လာ၏။

ကျွန်ုပ်၏ ခြေထောက်၌ ခြေအိတ်များသည် ရေဝင်သည့်အတွက် လေးလာရာ၊ သင်္ဘောပေါ်၌ ဖိနပ်ချွတ်ဖို့ သတိမရဘဲ ယခုမှပင် ချွတ်ပစ်လိုက်တော့သည်။ ခြေချောင်းကလေးများ အကြားသို့ နွေးသော ပင်လယ်ရေ





ဝင်သဖြင့် ခံကောင်းသလို ရှိသည်။ လည်ပင်း၌ ဆွဲထားသော ကင်မရာကိုလည်း ဖြုတ်ချဖို့ စိတ်ကူးသေး၏။ သို့သော် ရိုက်ကူးထားသော မှန်များကို နှမြောသည့် အတွက် ဖြုတ်မချရက်ချေ။

လူတစ်ယောက်က "လာဗျို့ သတင်းထောက်၊ ဟောဟို ဖောင်ကို ကူးပြီး တွယ်ရအောင်"ဟု ပြောရာ ကျွန်ုပ်က ဦးခေါင်းရမ်းလိုက်သည်နှင့် တစ်ယောက်တည်း ကူးသွားတော့သည်။ မကြာမီ ရေကူးအလွန်သန်သော လူငယ် နှစ်ယောက်တို့ ကူးလာကြရာ တစ်ယောက်က "စင်္ကာပူကို ဘယ်သူ အလျင်ရောက်မလဲ မင်းနဲ့ ငါနဲ့ ပြိုင်ရအောင်"ဟု ရယ်မောကာ ပြောလိုက်သေး၏။ ပြော၍သာ ပြောသည် စင်္ကာပူမြို့မှာ ထိုနေရာမှ မိုင် ၁၅၀ ဝေးကွာသေး၏။ လူငယ်တို့၏ စိတ်ဓာတ်ပေတည်း ဆို၍ ချီးကျူးမိ၏။

ဤအတောအတွင်း ကျွန်ုပ်၏ ကြိုးစားမှုကြောင့် မဟုတ်ဘဲ ဒီရေသည် ကျွန်ုပ်အား ဖောင်ရှိရာသို့ ပို့နေလေပြီ။ "ကာလီဖလုတ်" ခေါ်သော ဖောင်မှာ အလျား ၁၅–ပေ၊ အနံ ၁၀–ပေခန့် ရှိ၍ ပတ်ပတ်လည်၌ ကိုင်တွယ်ရန်အတွက် ကြိုးများပါရှိ၏။ ကျွန်ုပ်သည် ဖောင်အနီးသို့ ရောက်လာသော်လည်း ဖောင်ပေါ်တွင် ထိုင်သူများ ထိုင်၍ ကြိုးများတွင် တွယ်သူက တွယ်ထား ကြသောကြောင့် လူသစ်ဝင်ရန် နေရာလပ် မရှိတော့ချေ။ သို့ဖြစ်၍ ကျွန်ုပ်သည် ဖောင်သို့ ရောက်အောင် ကြိုးစားရန် အလိုမရှိဘဲ စားပွဲကလေးမှ မျောချင်ရာ မျောစေ၊ လိုက်ပါတော့မည်ဟု စိတ်ကူးတော့သည်။

ကျွန်ုပ်သည် ဖောင်နှင့် ၁၀–ပေကွာ လောက်သို့ ရောက်လာသော အခါ ဖောင်စွန်း၌ ထိုင်လျက်ရှိသော သင်္ဘောသား တစ်ယောက်က "နည်းနည်းလိုတော့တယ် ကြိုတ်လိုက်ပါ၊ ထို့သတင်းထောက် ကြိုးစားလိုက်ပါ"ဟု အားပေးသော်လည်း ကျွန်ုပ်က မည်သို့မျှ အဖြေမပေးဘဲ ပြန်၍ငေးကြည့်နေ၏။ တို့ထက် ချဉ်းကပ်မိသောအခါ သင်္ဘောသားသည် ကျွန်ုပ်ဆီသို့ လက်လှမ်းပေးသဖြင့် ကျွန်ုပ်က လက်လှမ်းလိုက်သော်လည်း လက်ဖျားချင်း မဆက်မိဘဲ ၅ မိနစ်ခန့်မျှ တရွေ့ရွေ့သာ ကပ်လာကြ၏။ ကျွန်ုပ်ကိုယ်တိုင်ကား ယက်ကူးရန် ခွန်အား မရှိတော့ချေ။ နောက်ဆုံး၌ လက်ချင်းဆုပ်ကိုင်မိ၍ သင်္ဘောသားက ကျွန်ုပ်ကို ဖောင်ဆီသို့ ဆွဲယူလိုက် ရာတွင် ကျွန်ုပ်၏ အသက်သခင်ဖြစ်သော စားပွဲကလေးနှင့် ကျွန်ုပ်တို့ ခွဲခွါခဲ့ကြလေပြီ။

ကျွန်ုပ်ကို ဆွဲတင်သော သင်္ဘောသားကလေးမှာ အသက် [illegible] ကျော်ရုံကလေး မျှလောက်သာရှိ၍ နှုတ်ခမ်းမွေးများပင် ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



သေးချေ။ သို့သော် အရွယ်နှင့် မလိုက်အောင် ကြံ့ခိုင် သန်မာသော ကိုယ်ကာယ ရှိပေသည်။ အခြား တစ်ယောက်က "ဘလက်ကီ(လိုနက်)ကို မင်းက အရေး လုပ်ပြီး ကူညီပေးနေရသလားကွ"ဟု ပြောလိုက်သည်တွင် လူငယ်သည် ထိုလူကို ဖောင်၏ အလယ်သို့ တွန်းချလိုက်၍ ကျွန်ုပ်အား ဖောင်စွန်း၌ ရှိသော သူ၏ နေရာသို့ တင်ထားလိုက်၏။

သင်္ဘောသားများသည် ကျွန်ုပ်၏ လည်ပင်း၌ ဆွဲထားသော ကင်မရာကို မြင်ကြ၍ ဝါးကနဲ ရယ်မောကြ၏။

"ဒီလောက် အရေးထဲမှာ သူ့ ကင်မရာ မချခဲ့ဘူး၊ တော်တဲ့ လူပဲ ဟေ့"ဟု ပြောကြရာ ကျွန်ုပ်ကလည်း ရှောယောင်ကာ သွားဖြဲလိုက်ရ၏။ တကယ်ရယ်နိုင်သေးသည် မဟုတ်ချေ။ ကျွန်ုပ်ကို ဆွဲတင်သော သင်္ဘောသား ကလေးသည် ကြင်နာသော မျက်နှာထားနှင့် ကျွန်ုပ်ကို ကြည့်လျက် . .

"နေကောင်းရဲ့လား"

"နေကောင်းပါတယ်၊ ကျေးဇူးပါပဲ"

"ထိုင်လို့ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်"

ယင်းသို့ ပြောရသော်လည်း ကျွန်ုပ်မှာ ငိုင်တိုင်တိုင် ဖြစ်နေသေးသည် နှင့် လူငယ်သည် ကျွန်ုပ်၏ လက်တစ်ဖက်ကို ဆွဲယူ၍ သူ၏ ခါးပတ်ကို ကိုင်ထားစေ၏။ ထိုနောက် ကျွန်ုပ်၏ မျက်နှာကို ကြည့်၍ သွားဖြဲပြရာ ကျွန်ုပ် ကလည်း အလားတူ ဖြဲပြလိုက်ရ၏။

ဖောင်ကလေးသည် တအိအိလာနေသော ပင်လယ်လှိုင်းကြီးများ ပေါ်၌ မြင့်ချည်နိမ့်ချည် မျောနေလေရာ ပတ်ဝန်းကျင်၌ကား လူများသည် လေခါးပတ်များ အားကိုးဖြင့် ကူးယက်နေကြ၍ အချို့မှာ ဖေါင်ကလေးကို တွယ်မိအောင် ကြိုးစားကြ၏။ တစ်မိုင်ကျော်လောက်တွင် ဒက်စရှိုင်ယာ တစ်စင်း ရပ်လျက်ရှိရာ ဖောင်ပေါ်မှ လူတစ်ယောက်သည် တစ်ချောင်းတည်း သော တက်ဖြင့် သင်္ဘောဆီသို့ လှော်ယက်လျက် ရှိ၏။

ကျွန်ုပ်ကို ဆွဲတင်သော သင်္ဘောသားကလေး၏ အမည်မှာ "ဂရေး" ဖြစ်သည်ဟု သိရ၏။ ဂရေးမှာ "လာကြဟေ့ သီချင်း ဆိုကြရအောင်"ဟု ပြောကာ "ပြုံးချိုသော မျက်လုံးများ"ဟူသော သီချင်းတစ်ပုဒ်ကို သံတိုင်လိုက် ရာ အသံများစွာ လိုက်သည်ကို မကြားရဘဲ သုံးလေးယောက်မျှသာ လိုက်ဆို နိုင်ကြသော်လည်း ပေါ်ထွက်လာသော အသံများမှာ ယောကျ်ားပီသ၍ ရွှင်ပြ





အားရဖွယ် ကောင်းလှပေသည်။

ဂရေးမှာ ဘောင်းဘီတိုကလေးမျှသာ ဝတ်ထားသည်ဖြစ်၍ အမွေး အမျှင်များ ထူထပ်သော သူ၏ ရင်ပြင်ကျယ်ကြီးပေါ်တွင် ဆီများ ပေကျံ လျက် ရှိ၏။ အညိုရောင်ရှိ၍ ရှည်လျားသော သူ၏ ဘိုကေသည် မျက်လုံးများ ကို ဖုံးလျက်ရှိ၏။ သူ့ကို ကြည့်နေရသည်မှာ အားရှိဖို့ ကောင်းလှသည်။ ကိုယ်လုံးတုတ်သလောက် ဇလကောင်း၍ အမြဲရွှင်ပြသော မျက်နှာထားရှိ၏။ ပြာလဲ့လဲ့ရှိသော သူ၏ မျက်လုံးများသည် ကြင်နာသော စိတ်သဘောကို ဖေါ်ပြလျက်ရှိသည်။ ယောကျ်ားအချင်းချင်း အပေါ်တွင် အခါခပ်သိမ်း လုမော် လုပ်လာခဲ့သော ကျွန်ုပ် ဇော်ဟိတ်မှာ ရေသတ္တဝါ တစ်ပိုင်း ဖြစ်နေသော သင်္ဘော သားများကို ရေထဲတွင် မတုပြိုင်နိုင်အောင် ရှိတော့သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်သည် ဂရေးကိုကြည့်၍ စိတ်အားတင်းနေဆဲ၌ပင် တစ်ချက်တစ်ချက် ငိုင်သွား၍ ရေထဲသို့ ထိုးကျမည် ပြုသောကြောင့် ဂရေးက ကျွန်ုပ်၏ ပခုံးကို ပုတ်ကာ သတိပေးပြီး ကိုင်ထားရသည်။

"ဘာဖြစ်လို့လဲ ငိုက်သလား"

"ပန်းလွန်းလို့ သတိလစ်သွားတယ်"

"ဒီလို မလုပ်နဲ့လေ"

ဟု ပြော၍ ဂရေးသည် ကျွန်ုပ်၏ ဗိုက်ကို လက်နှင့် ထိုးပေးရာ အားနည်းနေသော အခိုက်ဖြစ်၍ ဘောင်ဆင်သမား၏ လက်သီးတံမျှ နာကျင် သော်လည်း စေတနာကောင်းနှင့် လုပ်ပေးခြင်း ဖြစ်သောကြောင့် အောင့်ခံရ သည့် အလျောက် မျက်လုံးများ အတော်ကျယ်လာသည်ကို တွေ့ရ၏။

အတန်ငယ် သက်သာရာရ၍ ကျွန်ုပ်သည် ဖောင်အလယ်သို့ လှမ်း ကြည့်လိုက်သည်တွင် လူများသည် ဝမ်းဗိုက်ထဲသို့ ဆီများ ဝင်သည့်အတွက် ကြောင့် ပျို့အန်နေကြ၍ ၂-ယောက်မှာ အသက်ငင်နေကြလေပြီ။ သေသည် နှင့် တစ်ပြိုင်နက် တောင့်အောင်ပင် မစောင့်နိုင်တော့ဘဲ ပျော့ပျော့ကြီး ရှိသေး သည့် အခိုက်၌ပင် အလောင်းများကို ရေထဲသို့ ပစ်ချသူများက ပစ်ချ၍ ထို နေရာတွင် ရေထဲ၌ ကူးနေရသော လူများကို ဆွဲတင်လိုက်ရ၏။ ရက်စက်သည် ဟု မဆိုသာ။ သေပြီးသော လူများကို ငဲ့ညှာ၍ မသေသေးသော လူများကို ပစ်မထားနိုင်ပေ။

*

ထိုခဏ၌ ဂျပန် လေယာဉ်ပျံ ဖိစင်းတို့သည် ပေ ၅၀၀၀ ခန့်မြင့်



www.burmeseclassic.com

www.burmeseclassic.com



သော အထက်ကောင်းကင်မှ ပျံသန်းလာကြ၍ ကျွန်ုပ်တို့ ဦးခေါင်းပေါ်သို့ ရောက်လုနီးနေလေပြီ။

တစ်ယောက်က "ပြီးပါရောကွာ၊ ငါတို့ကို စက်သေနတ်နဲ့ ပစ်တော့မှာပဲ"ဟု ပြောလိုက်ရာ ဂရေးက "ဟေ့လူ တိတ်တိတ်နေစမ်း၊ လျှာမနဲ့စမ်းနဲ့"ဟု ငေါက်၍ ပြောလိုက်၏။ (လျှာကိုချွေးမြီးနှင့် နှိုင်း၍ မနဲ့နှင့်ဟု ပြောလိုက်ခြင်း ဖြစ်သည်)။

အခြား တစ်ယောက်က "စက်သေနတ်ပစ်ရင် ရေအောက် ငုပ်နေကြဟေ့"ဟု ပြောလိုက်၏။

ကျွန်ုပ်အဖို့ကား ဤအခြေအနေ၌ ရေငုပ်ရလျှင် ပြန်ပေါ်လာနိုင်မည် မရှိပြီဟု အောက်မေ့မိ၏။

လေယာဉ်ပျံများသည် ဦးခေါင်းပေါ်သို့ ရောက်လာသော်လည်း တစ်ချက်မျှ မပစ်ဘဲ ဆက်လက် ပြန်သွားကြ၏။

"တော်ပါသေးရဲ့ကွာ၊ မပစ်သေးဘူးဟေ့"

"သနားလို့ မထင်နဲ့မောင်၊ ယမ်းတောင့် ကုန်လာကြလို့ မပစ်တာ ဘယ်တော့မှ ချမ်းသာပေးတဲ့ ကောင်တွေ မဟုတ်ဘူး"

လေယာဉ်ပျံများ ကွယ်ပျောက်သွားသည်နောက် ပတ်ဝန်းကျင်သို့ ကြည့်လိုက်သောအခါ ဒက်စရွိုင်ယာသည် နီးကပ်မလာဘဲ ယခင်ကထက် ဝေးသွားသည် ထင်ရ၏။ ခပ်လှမ်းလှမ်းရှိသော ဒက်စရွိုင်ယာ တစ်စင်းမှ ကား စက်နတ်သွားသည်ကို မြင်ရ၏။

"သောက်ကျိုးနဲပြီဟေ့၊ တို့ကို ပစ်ထားခဲ့ပြီ ထင်တယ်"

"ဟေ့ လူတွေနေကြပါဦးဟေ့၊ ငါတို့ ရှိပါသေးတယ်"

"မသွားသေးပါဘူးကွ၊ စိတ်ချပါ"လှန့်သူက လှန့်၍ အားပေးသူက ပေးလျက် ရှိသည်တွင် ဖောင်၌ တွယ်နေကြသော လူများ အနက်မှ တစ်ယောက်နှင့် တစ်ယောက်သည် "ငါတို့တော့ ကူးလိုက်တော့မယ်ကွယ်၊ နေရစ်ကြတော့"ဟု ဆိုကာ ကြိုးကိုလွှတ်၍ သင်္ဘောဆီသို့ ကူးသွား၏။ သို့ရာတွင် ၁၀ ကိုက်မှ မရောက်မီ "မကူးနိုင်တော့ဘူးဟေ့" ဆိုကာ လှည့်ပြန်လာကြတော့သည်။

ရေကူးသန်သော လူများသည် ဖောင်ပေါ်မှ ဆင်း၍ ရေထဲ၌ လက်ပန်းကျသဖြင့် မြုပ်လုဆဲဆဲ ဖြစ်နေသော လူများထံသို့ ကူး၍ ဖောင်သို့ ဆွဲခေါ်ကြပေသည်။ တော်ကြပါပေ၏။





အချိန်သာကုန်၍ သင်္ဘောသို့ နီးကပ်သည် မထင်ရသောအခါ လူများမှာ အားငယ်စ ပြုလာလေပြီ။

ဤတွင် ဂရေးက တက်နှင့် လှော်နေသော သင်္ဘောသားအား "ကြိုးစားလိုက်ပါ၊ ကြိတ်လိုက်ပါငဲ့လူ"ဟု ဟာစ်ပြော၍ "လာကြ တစ်ပုဒ် ဆိုလိုက်ကြဦးစို့"ဟုဆိုကာ သီးချင်းတစ်ပုဒ်ကို သံတိုင်လိုက်ပြန်သည်တွင် အသံများ အတော်မြိုင်၍ အားတက်လာကြဟန်တူသည်။

ဤအတောအတွင်း၌ အရှေ့လေးမျက်နှာမှ ဖောင်များနှင့် လူများသည် သင်္ဘောဆီသို့ စုပြုံချဉ်းကပ်လျက် ရှိကြ၏။ အနီးသို့ ရောက်သွားသူများကို သင်္ဘောပေါ်မှ သင်္ဘောသားများက ကူညီဆွဲတင်လျက်ရှိရာ အရာရှိ တစ်ယောက်သည် အော်လန်ကြီးနှင့် ကျွန်ုပ်တို့ဆီသို့လှည့်ကာ အမိန့်ပေး လျက်ရှိ၏။ သို့သော် သူ၏ စကားလုံးများမှုကား မသဲကွဲချေ။

"မြန်မြန်လုပ်ကြပါတဲ့ ပြောနေတယ်"

"ဟာ ဘယ်ကလာ မြန်မြန် လုပ်လို့ ဖြစ်မှာလဲ"

ဤနေရာတစ်ဝိုက်၌ကား ဆီများသည် ရေပေါ်တွင် တစ်မိုက် တစ်ထွာခန့် ဖုံးနေ၍ ရေလည်းပြစ်နေသည်ဟု ထင်ရသည်။ ကြက်ဆူဆီနှင့် တူလှ၏။

သင်္ဘောမှ သင်္ဘောသား တစ်ယောက်သည် အဖျား၌ ကွင်းပါသော ကြိုးတစ်ချောင်းကို ကျွန်ုပ်တို့ရှိရာသို့ ပစ်လိုက်ရာ မည်သူမျှ မဖမ်းမိဘဲ ရတ်သိမ်းသွားရ၏။ နောက်တစ်ကြိမ် ပေးလိုက်သောအခါ ဖောင်ပေါ်မှ တစ်ယောက်က ကြိုးကွင်းကို သာဆွဲထားနိုင်၏။ ဂရေးသည် ထိုလူ၏ လက်မှ ကြိုးကွင်းကိုလု၍ ကျွန်ုပ်၏ ကိုယ်သို့ စွပ်ပေးပြီးနောက် "ဟောဒီမှာ သတင်းထောက် တစ်ယောက်ပါတယ်ဗျို့"ဟု သင်္ဘောသို့ လှမ်းအော်လိုက်၏။

သင်္ဘောပေါ်မှ လူများသည် ကြိုးကိုဆွဲယူ၍ ကျွန်ုပ်လည်း ဖောင်ပေါ်မှ ရေထဲသို့ ထိုးဆင်းကာ ပါသွားလေရာ လမ်းတစ်လျှောက်လုံး ရေအောက် လမ်းမှ လိုက်ပါရသောကြောင့် အတော်မွန်းနေလေပြီ။ သင်္ဘော နံဘေးသို့ ရောက်၍ တွဲရရွဲ ချထားသော ကြိုးလှေခါး တစ်ခုကို ကိုင်ဆွဲပါသော်လည်း တစ်ထွာလောက် ကွာနေသဖြင့် မကိုင်တွယ်မိချေ။

"လုပ်ပါ မိအောင်ကိုင်ပါ"

နောက်တစ်ကြိမ် ကြိုးစားသောအခါမှ လှေခါးကို ကိုင်မိလေသည်။

"ကြိုးကွင်းဖြုတ်လိုက်ပါ၊ ကိုယ်ဖာသာတက်ခဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ကြိုးလေ့ခါးမှ တက်၍ ကုန်းပတ်သို့ ရောက်သောအခါ ဗလကောင်း၍ ကြံ့ခိုင်သော လက်များက ပခုံးကို ကိုင်ဖမ်း၍ အပေါ်သို့ ဆွဲတင်လိုက်ကြသည်။

ကုန်းပတ်သည် ဖိနပ်မပါသော ကျွန်ုပ်၏ ခြေထောက်များနှင့် ထိသည့်အခါ ခြစ်ခြစ်လန်အောင် ပူလျက်ရှိသည်။

သင်္ဘောသားများကို ကျွန်ုပ်ကိုယ်မှ အဝတ်စိုများကို ချွတ်ခွါ၍ တစ်ယောက်က ဝတ်ရုံကြီး တစ်ထည် လှမ်းပေးလိုက်သည်ကို ဝတ်ရ၏။

"အောလ်ရိုက်"

"အောလ်ရိုက်"

များမကြာမီ ဂရေးရောက်လာ၍ ကျွန်ုပ်အား ငြိမ်ဝပ်စွာ ထိုင်နေဖို့ ပြော၏။ ကျွန်ုပ်ကမူ ကင်မရာတစ်ခုငှား၍ ဓာတ်ပုံရိုက်ကူးလိုစော့ဖြင့် ဇတ်ဖတ်မောလျက် ရှိ၏။

"နေစမ်းပါ ဘာလုပ်ဖို့လဲ"

"ဒီအခွင့်အရေးမျိုး ရခဲတယ်၊ ကင်မရာ ငှားပေးစမ်းပါ"

ကပ္ပတိန်၏ အမိန့်ဖြင့် သင်္ဘောသား တစ်ယောက်က ကင်မရာ တစ်ခု ရှာပေး၍ ကျွန်တော်လည်း မောပန်းခြင်းကို သတိမရနိုင်ဘဲ ဓာတ်ပုံများ ရိုက်ယူနေတော့သည်။ ဂရေးက ကျွန်ုပ်ထံမှ ချွတ်ခွါထားသော အဝတ်များမှ မှတ်စုစာအုပ်ကလေးကို ယူပေးရာ ရေစိုစွတ်သည့်အတွက် မင်များ ပြားနေသော်လည်း ဖတ်၍ရပါသေး၏။

*

သင်္ဘောပေါ်မှ လူလေးငါးယောက် သေနေသည်ကို တွေ့ရ၍ ဗျို့အန်နေသော လူများလည်း အတော်များ၏။ အချို့ကမူကား ဘာမျှ မဖြစ်သကဲ့သို့ ရယ်ကာ မောကာ စီးကရက် သောက်ကာ နေနိုင်ကြပေသည်။ ကျွန်ုပ်မှာမူ ကြိုးနှင့် ဆက်ယူရရှိသော လူများကို ဓာတ်ပုံရိုက်နေရသည်နှင့် အလုပ်များလျက် ရှိ၏။

စက်ဆရာ တစ်ယောက်သည် ကျွန်ုပ်၏ ခြေထောက်ကို မြင်၍ ရှက်ဖျင်ဖိနပ်တစ်ရံ ထုတ်ပေး၏။ "ပုဒ်" သင်္ဘောကြီး ပျက်ဆုံးကြ မသေမပျောက် ကျန်နေတဲ့ လူတစ်ယောက်ရဲ့ ဖိနပ်ပဲ"ဟု ပြောသေး၏။ စက်ဆရာသည် သင်္ဘောမှတ်စု စာအုပ် အလွတ်တစ်အုပ်ကို ကျွန်ုပ်အား ပေးသဖြင့် လွတ်မြောက်လာသော သင်္ဘောသားများထံမှ သတင်းများ စုဆောင်း မှတ်သားနိုင်ပေသည်။ ဤသင်္ဘောမှာ အီလက်ထရာ အမည်ရှိ ဒက်စရှိုင်ယာဖြစ်၍





သင်္ဘောပေါ်၌ ရီပတ်(လ်စ်)နှင့် ဝေလမင်းသား သင်္ဘောကြီးများမှ လွတ်မြောက်လာသော သင်္ဘောသားများဖြင့် ပြည့်နှက် နေ၏။ ဤသင်္ဘောမှာ ဒန်ကတ်မြို့မှ ဗြိတိသျှ စစ်သား ၁၁၀၀ တို့ကို ကယ်တင်၍ အင်္ဂလန်သို့ ပို့ခဲ့ဖူးသည်။

သင်္ဘောများသည် လေယာဉ်ပျံတပ် အကာအကွယ် မရှိသည့်အတွက် သင်္ဘောကြီး ၂ စင်း ဆုံးရှုံးရသည်ဟု ညည်းတွားရင်း ကိုယ့်သင်္ဘောကို ကိုယ်နှမြော နေကြတော့သည်။ အချို့လည်း သင်္ဘောပေါ်၌ ပါသွားသော ကိုယ်ပိုင်ပစ္စည်းများကို နှမြောဟန်ဖြင့် ညည်းတွားရင်း "ဒီပြင်ဟာတွေထက် အမေ့ဓာတ်ပုံကလေး ပါသွားတာ၊ နှမြောလှတယ်ကွာ"ဟူ၍ လည်းကောင်း၊ "ရည်းစားဓာတ်ပုံကလေး တစ်ခုတော့ နှမြောဆုံးပဲ"ဟူ၍ လည်းကောင်း အသီးသီး ညည်းတွားနေကြသည့် အထဲတွင် တစ်ယောက်က "ဟေ့ လူတွေ ညည်းမနေကြနဲ့ကွာ၊ ဘယ်သူမှ မသက်သာဘူး။ ရှိတာအားလုံး ဆုံးတဲ့ လူ ချည်းပဲ"ဟု ပြောလိုက်မှ ငြိမ်သွားကြသည်။

တစ်နာရီခန့်ကြာသော်၊ ဘရစ်တော အမျိုးအစား ဗြိတိသျှ လေယာဉ်ပျံ သုံးစင်း ရောက်လာ၍ သင်္ဘောနှင့် ၁၀ ပေခန့် ကပ်ကာ ပျံသွားကြသည်။ ဂျပန် လေယာဉ်ပျံမူကား အားလုံး ပြန်သွားကုန်လေပြီ။

သင်္ဘော ဝမ်းခေါင်းထဲ၌ လူများ လက်ဖက်ရည်သောက်ရင်း စကားပြောနေကြစဉ် ကိုယ်တုံးလုံး နေကြပါလျက် ချွေးများ ယိုစီးကျနေသေး၏၊ ဤမျှ ပူပြင်းလှပေသည်။

သင်္ဘောသား အချင်းချင်း ပြောနေကြသော စကားများမှာ ဤသို့ပေတည်း။

"ဂျော်ဂျီဖင်လေး တစ်ယောက် တွေ့သေးလားဟေ့"

"မမြင်မိဘူးကွဲ့၊ ဆန်နီဘရောင်း တစ်ယောက်တော့ ခုနင်က တွေ့လိုက်တယ်"

"ငါတော့ ရောက်ရောက်ချင်း အိမ်ကို ကြေးနန်းပို့လိုက်ဦးမယ်"

"နစ်နာလိုက်တာကွာ မပြောပါနဲ့တော့"

"မထင်တာ လာဖြစ်တာပဲကိုးကွ"

"သင်ခန်းစာ တစ်ခု ရတာပေါ့လေကွာ"

"နောက်နောင်တော့ လေယာဉ်ပျံ အကာအကွယ် မပါဘဲ သင်္ဘော မထွက်ဘဲ နေကြရုံ ရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမသား ဂျပန်တွေ တော်တော်လာတဲ့ အကောင်ပုလေးတွေပဲ"

"သတ္တိရှိပြီး ခွဲကောင်းကောင်းနဲ့ တိုက်ရဲရင် စစ်သင်္ဘော ဘိုးအေကို လေယာဉ်ပျံနဲ့ နှစ်မြုပ်နိုင်ကြောင်း ထင်ရှားတာပေါ့နော်၊ ကြည့်ရုံပေါ့လေ"

"ကြည့်လို့ မဖြစ်ဘူး၊ တစ်ခါဖွတ်လုပ် တစ်ခါ ထိတာပဲ"

"ငါ့လူ ရေကူးရတာ တော်တော် ဖားသလား"

"ဂျွန်နီကို ငါက ၁၀ သျှိလင် ပေးဖို့ရှိတယ်၊ ငါ့လူတော့ တွေ့ပဲ တွေ့ရဦး မလားပဲ မဆိုနိုင်ပါဘူး"

"ငါတို့ကို ရိုင်ဖယ်တွေ ထုတ်ပေးပြီး ဂျပန်တွေ ပစ်ဖို့ အလုပ် ပေးလုပ်မယ်ကြားတယ်"

"ဂျပန်တွေနဲ့တော့ တစ်ပွဲတစ်လမ်း စမ်းကြရဦးမှာ ပေါ့လေကွာ"

ကျွန်ုပ်သည် ရီပတ်(လ်စ်) သင်္ဘောကြီးပေါ်မှ နောက်ဆုံး အချိန်တွင် တွန်းချခဲ့ရသော ကပ္ပတိန်အကြောင်းကို သိလိုသည်နှင့် သင်္ဘောသား တစ်ယောက်အား စုံစမ်းကြည့်ရာ . . .

"ရေထဲမှာ မှောက်လျက်ကြီး မျောနေတာ မြင်ခဲ့တာပဲ"

"အင်္ဂလိပ် သတင်းထောက်ကလေး ဂလာဟာကော မမြင်မိဘူးလား"

"ဟင့်အင်း"

ဂလဟာကား သွားရှာလေပြီဟု အောက်မေ့လိုက်၏။ အလွန် သွက်လက်၍ အရှေ့တိုင်းသားကို အတော် ခင်မင်တတ်သော လူငယ် တစ်ယောက်ပေတည်း။ နှမြောလှတော့သည်။

"ဝေလမင်းသား"အကြောင်းကို တော်ပီဒို လက်နက်လေးခု ထိမှန်ပြီးသည် နောက်ပိုင်း၌ပင် ထိုသင်္ဘောကြီးပေါ်၌ လိုက်ပါလာသော အက်(ဒ)မီရဲ(လ)ဖိလစ်က မိမိတို့ကို တွဲခေါ်ရန်အတွက် ဆွဲသင်္ဘော လေးစင်း လွှတ်လိုက်ဖို့ စင်္ကာပူသို့ ဝိုင်ယာလက်ဖြင့် မှာသေးသည်ဟု သိရ၏။

"ဝေလမင်းသား"ပေါ်၌ လိုက်ပါသော အက်(ဒ)မီရဲ(လ) ဖိလစ်နှင့် ကပ္ပတိန် လိ(ချ)တို့ အကြောင်းကို စုံစမ်းကြည့်ရာ လက်ဖတင်နင် အရာရှိ တစ်ယောက်က သူတို့နှစ်ယောက်စလုံး သင်္ဘောကြီးပေါ်မှာ အတူတူရပ်နေကြတာပဲ၊ ကျုပ်တို့ လှေစု ထွက်လာကြတော့ ကပ္ပတိန် လိ(ချ)က လက်ပြပြီး နှုတ်ဆက်ရင်း 'သွားကြတော့ဟေ့၊ ငါ့လူများ ချောချော မောမော ရောက်ကြပါစေကွယ်၊ ဘုရားသခင် ကြည့်ရှုပါစေတော့' ဆုတောင်းလိုက်သေးတယ်။





သင်္ဘောကြီး နစ်လို့ ရေတွေတက်လာတော့ တံတားပေါ်မှာ သူတို့နှစ်ယောက် အတူတူရပ်ပြီး သင်္ဘောကြီးနှင့် အတူ ရေအောက် ပါသွားကြတာ မြင်လိုက်ရတယ်"ဟု ပြောပြလေတော့သတည်း။

(မှတ်ချက်။ ။ သင်္ဘောကြီး နှစ်စင်းကို ဂျပန်လေယာဉ်ပျံများက ဝိုင်းဝန်းတိုက်ခိုက်ပုံ အခြင်းအရာများမှာ ထိုစဉ် အခါက စစ်ဘက်မှ ဆင်ဆာလုပ်၍ သိမ်းယူထားလိုက်သောကြောင့် ပုံးထိမှန်ပြီးသည့် နောက်မှ အဖြစ်အပျက်များကိုသာ ကိုဇော်ဟိတ်၏ မှတ်တမ်းတွင် ဖော်ပြပါရှိ တော့သည်။)



www.burmeseclassic.com

www.burmeseclassic.com

## ကျွဲရိုင်းအုပ် အလိုက်ခံရခြင်း

ကျွန်ုပ်သည် စာရေးဆရာဘဝသို့ မရောက်မီ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမ အသင်းဆိုင်ရာ မင်းကြီး အလုပ်ကို နှစ်ဌာနတွဲ၍ အုပ်ချုပ်သော အရာရှိကြီး၏ လက်အောက်၌ တောလိုက်စာရေးအဖြစ်ဖြင့် လုပ်ကိုင်လျက်ရှိစဉ် မင်းကြီးမှာ မြန်မာတစ်ပြည်လုံးကို အုပ်ချုပ်ရသည်ဖြစ်၍ အထက်အောက်မြန်မာပြည် နှစ်ရပ်လုံးတွင် အနှံ့အပြား လှည့်လည်သွားလာခဲ့ရလေသည်။

၁၉၁၂–ခုနှစ် တပေါင်းလ ရာသီတွင် ဗန်းမော်မြို့ ရွှေကျီးနား ဘုရားပွဲ၌ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အခမ်းပွဲ ပြုလုပ်သဖြင့် ကျွန်ုပ်သည် မင်းကြီးနှင့်အတူ ဗန်းမော်မြို့သို့ သွားရောက်၍ ဗန်းမော်မြို့မှ တစ်ဖန် မြစ်ကြီးနားသို့ အစိုးရသင်္ဘောကလေးဖြင့် ဆန်တက်ခဲ့ရလေသည်။ ဗန်းမော်နှင့် မြစ်ကြီးနားအကြား မြစ်ကြောင်းမှာ အလွန်ကျဉ်းမြောင်း လှပေရာ ပထမမြစ်ကျဉ်းခေါ်နေရာမှ အထူး ကျဉ်းမြောင်းသဖြင့် ဧရာဝတီမြစ်သည် မြစ်နှင့် မတူဘဲ ချောင်းငယ်ကလေး တစ်ခုသဖွယ် ရှိနေလေတော့၏။ အချို့နေရာများ၌ သင်္ဘောဦးမှမျှော်ကြည့်လိုက်သောအခါ မြစ်ကြောင်းကို အလျှင်းမမြင်ရဘဲ ကျောက်တောင်ကြီး ဆီးကာထားဘိ သကဲ့သို့ ပိတ်ဆို့ လျက်ရှိရာ သင်္ဘောသည် အနည်းငယ်မျှ တည့်တည့် ခုတ်ခဲ့လျှင် ကျောက်တောင်ကို တိုးဝင် တိုက်ခိုက်တော့မည်ကဲ့သို့





မှတ်ထင်ရပေ၏။

နောက်သို့ မျှော်ကြည့်လိုက်ပြန်သည့် အခါတွင်လည်း ထိုနည်းအတူပင် ကျဉ်းမြောင်းလှသည်ဖြစ်၍ ရေကြောင်းကို ပေ ၁၀၀ခန့်ထက် ကျော်လွန်၍ မမြင်နိုင်ဘဲ ကျောက်ဆောင်ကြီးများသာလျှင် ပိတ်ဆို့လျက် ရှိလေတော့၏။ တစ်ဖက်တစ်ချက်၌လည်း တောင်ကြီးများသည် မတ်စောက်စွာ ကောင်းကင်သို့ ထိုးတက်သွားလေရာ ကမ်းပါး တစ်ဖက်တစ်ချက်ရှိ သစ်ပင်ကြီး များပေါ်တွင် မျောက်များသည် သင်္ဘောခုတ်လာသည်ကို မြင်သဖြင့် တဝူးဝူး တဝါးဝါးဖြင့် ဆူညံစွာ ရှိနေကြလေ၏။

ကျွန်ုပ်မှာ ထိုတောင်ကြီးများကို မြင်ရသည့်အခါ အလ်ပိုင်း တောင်တန်းများသို့ ဥရောပတိုက်သားများ တက်ကြသည့် စွန့်စားခန်းများကို သတိရသဖြင့် အခါအခွင့် ရခဲ့လျှင် ဤတောင်တန်းများကို တက်စမ်းချင်ပါဘိဟုအောက်မေ့မိ၏။ ဧရာဝတီမြစ်ကြောင်း ခရီးဖြင့် သွားခဲ့ဖူးသမျှ ခရီးတို့တွင် ပထမ မြစ်ကျဉ်း အရပ်သည်ကား ရှုခင်းနှင့် ပတ်သက်၍ အသာယာဆုံးဟူ၍ ဆိုလောက်ပေသည်။

မြစ်ကြီးနားမြို့သို့ ဆိုက်ရောက်လာကြသောအခါ၊ မင်းကြီးနှင့် ကျွန်ုပ်တို့သည် ဗိုလ်တဲ၌ တည်းခိုကြ၍ ကျွန်ုပ်မှာ သိကျွမ်းဟောင်း တစ်ယောက်ဖြစ်သော ကိုဖော်ဟိတ် ဆိုသူထံ သွားရောက် လည်ပတ်ခဲ့လေ၏။ တစ်နေ့သ၌ မင်းကြီးသည် အရာရှိများ၏ ဧည့်ခံပွဲသို့ သွားရောက်သဖြင့် ကျွန်ုပ်မှာ အားလပ်ခွင့် တစ်ရက် ရရှိရာတွင် တောင်တက်လိုသော ဆန္ဒအငိုင်းကိုဖော်ဟိတ်ကို အဖော်သွေး၍ နံနက်စောစောတွင် ရိက္ခာကလေးများနှင့် ထွက်လာခဲ့ကြလေ၏။

ကျွန်ုပ်တို့သည် မြစ်ဆိပ်သို့ သွား၍ ပိန်းကောကလေး တစ်စင်းငှားပြီးလျှင် ဦးပဲ့လှော်ကာ မြစ်ကိုဆန်တက်လာကြရာ ဧရာဝတီမြစ်ရေမှာ ထိုဒေသ၌ အလွန်တရာ ကြည်လင်လှသည် ဖြစ်၍၊ ရေအောက်၌ရှိသော ကျောက်လုံးများဖြင့် ထိုမှဤမှ ကူးယက် သွားလာလျက်ရှိသော ငါးကြီးငါးငယ်တို့ကို ပကတိအတိုင်း မြင်နိုင်လေတော့၏။ ကျွန်ုပ်တို့သည် ပိန်းကောကလေးဖြင့် ဆန်တက်လာကြ၍ ထိုဒေသအနီးအနား တစ်ဝိုက်တွင် အမြင့်ဆုံးဖြစ်သော တောင်ကြီးကို မြင်ရသောအခါ ကျွန်ုပ်သည် ကိုဖော်ဟိတ်အား "ထိုတောင်ကြီးကို တက်ရလျှင် မကောင်းပါလော"ဟု မေးလိုက်ရာ ကိုဖော်ဟိတ်ကမူ ကျွန်ုပ်၏ အလိုကိုဖြည့်ရန် လိုက်လာခဲ့ခြင်း ဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သဘောအတိုင်း ပြုနိုင်ပါသည်ဟု ပြောသဖြင့် ကျွန်ုပ်တို့သည် လှေကလေးကို ဆိပ်ကမ်းတွင် ဆိုက်၍ ခိုင်မြဲစွာ ချည်နှောင်ထားခဲ့ပြီးနောက် တောင်ကြီးကို တက်စပြုကြလေ၏။

ကျွန်ုပ်မှာ အကျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ခဲယဉ်းသော အလုပ်တစ်ခုကို စွန့်စားလုပ်ကိုင်ပြီးနောက် ထမြောက်အောင်မြင်သော အခါ၌ ခံစားရသော အရသာကို နှစ်သက်တတ်သော ဝါသနာရှိသည်ဖြစ်၍ ဥရောပ တိုက် အလ်ပိုင်း တောင်တန်းကို တက်ကြချင်များ၊ ဆွစ်ဇာလန်ပြည် တောင် တန်းများကို ဖြတ်ကျော်ကြခြင်းများ၊ ဟိမဝန္တာ တောင်တန်းရှိ တောင်ထွတ်၊ တောင်ကလပ်များကို ကမ္ဘာကျော် တောင်တက်သမားများ တက်ကြသည့် အခြင်းအရာများ စသည်တို့ကို သတင်းစာများတွင် ဖတ်ရသည့် အခါတိုင်း "ငါသည်လည်း စားသောက်စရာ အပြည့်အစုံနှင့် စိတ်တူ သဘောတူ သူငယ် ချင်းများနှင့်အတူ မြန်မာပြည်ရှိ တောင်တန်းများကို တက်စမ်းချင်ပါဘိသည်" ဟု အောက်မေ့မိခဲ့ဖူးလေသည်။ သို့ဖြစ်၍ ကျွန်ုပ်မှာ မည်သည့် ရည်ရွယ်ချက်မျှ မရှိစေကာမူ ကိုဇော်ဟိတ်နှင့်အတူ တောင်တက်နေရသည့်အဖြစ်ကို စိတ်ထဲ၌ အချည်းနှီး မြူးထူးလျက် ရှိ၏။

ကျွန်ုပ်တို့ နှစ်ယောက်မှာ ဘောင်းဘီတို ကိုယ်စီဖြင့် ကြိုးဖိနပ်များ စီးလျက် ရေဘူးကိုယ်စီ လွယ်ကာ ပေါင်မုန့်ထောပတ်သုတ်နှင့် ဝက်အူချောင်း တည်းစုသော စားစရာများကို စက္ကူဖြင့် ပတ်ကာ လွယ်အိတ်တွင် ထည့်လာ ကြလေ၏။

ကျွန်ုပ်သည် ကိုဇော်ဟိတ် အကြောင်းကို ကြီးပွားရေး မဂ္ဂဇင်းတွင် နှစ်ကြိမ် သုံးကြိမ်မျှ ထည့်သွင်း ဖော်ပြခဲ့ဖူးရာ စဉ်းစားဉာဏ် အရာ၌သာနန်၌ ဦးစံရှားသည် လည်းကောင်း၊ စွန့်စားခြင်း အရာ၌သာနန်၌ ဂျမဒါကိုကိုကြီးသည် လည်းကောင်း၊ သူ့နေရာနှင့် သူ လူစွမ်းကောင်းများ ဖြစ်ကြသည်နည်းတူ ကိုဇော်ဟိတ်မှာလည်း မကြောက်တတ်ခြင်း၊ ယောကျ်ားပီသခြင်း၊ ဘေး အန္တရာယ်ကို မထီမဲ့မြင် ပြုတတ်ခြင်း တည်းဟူသော အရာ၌သာနတို့၌ ရှာမှရှား ဆိုလောက်သည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေ၏။ အခြားသူတို့ စိတ်ညစ်ညူး၍ ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်နေကြမည့် ကိစ္စမျိုးတွင် ကိုဇော်ဟိတ်မှာ အပြုံးမပျက်ဘဲ ရယ်စရာ မောစရာတို့ကို ပြောနိုင်တုန်းပင် ရှိတော့၏။

စဉ်းစားဉာဏ်နှင့် အလုပ် လုပ်ရမည့် ကိစ္စမျိုးတွင် ဦးစံရှားကို အဖော် ပြုလိုသည့် နည်းတူ ဘေးအန္တရာယ်ထူထပ်သည့် အကျဉ်းအကျပ် အခက်





အခဲတို့တွင် ကိုဇော်ဟိတ်ကို အဖော်ပြုရခြင်းသည် အကောင်းဆုံး ဖြစ်သည် ဟု အောက်မေ့မိ၏။ ကိုဇော်ဟိတ်၏ ထူးခြားသော အချက်တစ်ခုမှာ သူကိုယ် တိုင် မကြောက်တတ်ရုံမျှမက သူ၏အဖော်များကိုပါ ရဲရင့်သော စိတ်ကို ဖြန့် ဝေပေးနိုင်သူ တစ်ယောက် ဖြစ်လေသည်။ အတော်အတန် ကြောက်တတ်သူ တစ်ယောက်သည် ကိုဇော်ဟိတ်နှင့် တွဲရလျှင် လူစွမ်း ကောင်းတစ်ယောက် ဖြစ်လာတော့၏။

သူသည် အခြားသူ တစ်ယောက်၏ ကြောက်တတ်ခြင်းကို မသိ ခြင်း ပြု၍ သူကဲ့သို့ သတ္တိကောင်းလေဟန် ယူဆခြင်းအားဖြင့် ထိုသူမှာ ကြောက် ရန် သတိမရတော့ဘဲ သူရဲကောင်းတစ်ယောက် ဖြစ်သွားလေ၏။

ကျွန်ုပ်တို့သည် ၉ နာရီခန့်တွင် တောင်ခြေရင်းမှ စတင် တက်လာ ကြ၍ ၁၀ နာရီ အချိန်ခန့်တွင် တောင်နှစ်လုံးအကြားရှိ ကချင်ရွာကလေး တစ်ရွာသို့ ဆိုက်ရောက်လာကြလေရာ ကိုဇော်ဟိတ်သည် ကချင်စကား အနည်းငယ်မျှ တတ်သည်နှင့် ထိုရွာသူကြီးနှင့် အနည်းငယ်မျှ စကားစမြီ ပြောဆိုကြသေး၏။ လူကြီးက ကိစ္စကို မေးသောအခါ ကိုဇော်ဟိတ်က ကိစ္စအထူးမရှိ တောင်တက်ရန် သက်သက် ထွက်လာခဲ့ကြကြောင်း ပြောပြ၍ ထိုနေရာမှ မြင်နိုင်သော တောင်ကြီး၏ထိပ်သို့ လက်ညှိုးညွှန်ပြလေရာ ထို လူကြီးက ကချင်ဘာသာဖြင့် စကားအနည်းငယ် ပြောသေး၏။ သို့ရာတွင် ကိုဇော်ဟိတ်သည် ရယ်ကာ မောကာဖြင့် ဦးခေါင်းကို ယမ်းခါ၍ပြလေ၏။

ကျွန်ုပ်တို့ ထွက်လာခဲ့ပြီးသည်နောက် "ထိုလူကြီးက ဘာပြော သနည်း" ဟု ကျွန်ုပ်က မေးရာ "ထိုတောင်ကြီး အနီးအပါးတစ်ဝိုက်တွင် ကျွဲအုပ် ကြီးတစ်အုပ် ရှိသည်ဟု လူကြီးက သတိပေးကြောင်း" ပြောပြလေ၏။ သို့ရာ တွင် ကိုဇော်ဟိတ်က "ကျွဲဆိုသည်မှာ ကြောက်စရာ သတ္တဝါမျိုး မဟုတ်" ဟု ပြန်ပြောခဲ့ကြောင်းနှင့် ပြောပြလေသည်။

ကျွန်ုပ်တို့သည် လမ်းဟူ၍ အထင်အရှား မရှိသော တောင်ကမ်းပါး ယံ တစ်လျှောက်၊ ကျောက်တုံးများ၊ မြက်ဖုတ်များ၊ ချုံပင်များကို ကိုင်ဆွဲကာ တက်သွားကြ၍ တစ်နာရီကျော်ခန့် ခရီးသွားမိကြရာတွင် ခရီးဆန့်လိုက်မည် ဆိုက များစွာ မဝေးသေးသော်လည်း အတက်ခရီးသက်သက် ဖြစ်သော ကြောင့် ၁၀ နာရီခွဲလျှင်ပင် ချွေးဒီးဒီးကျ၍ ဒူးများ ဆတ်ဆတ်တုံမတတ် ရှိနေကြလေပြီ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် တောင်ထွတ်တစ်ခု၏ ထိပ်ရှိ သစ်ပင်ကြီးအောက်၌ ရပ်နားကာ စားစရာများကို စားသောက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ တပေါင်းလ နေမင်းသည် အတော်ပူပြင်း လာပြီဖြစ်၍ ကျွန်ုပ် တို့မှာ တောင်တက်ရခြင်းကြောင့် တစ်ကြောင်း၊ နေပူရှိန်ကြောင့် တစ်ကြောင်း ချွေးများ တပြိုက်ပြိုက် ကြရာတွင် ထိုတောင်ထိပ်၌ တိုက်ခတ်သော လေကလေးသည် ကျွန်ုပ်တို့၏ ကိုယ်ကာယသို့ ဖြည်းညှင်းစွာ တိုးဝင်သဖြင့် အလွန်အေးမြ၍ အမောအပန်း ပြေစေ၏။ တောင်ထိပ်မှ အောက်သို့ ငုံ့ကြည့်လိုက်သော ကျွန်ုပ် တို့ ဖြတ်လာခဲ့သော ကချင်ရွာကလေးကို မြင်နိုင်သေးသည်ဖြစ်ရာ ထိုမှ ကျော် လွန်ပြန်သော် နဂိုအားဖြင့် အလွန်ကျဉ်းမြောင်းလှသော ဧရာဝတီ မြစ်သည် အမြင့်မှငုံ့၍ ကြည့်ရခြင်း ဖြစ်သောကြောင့် အလွန်းအမင်း ကျဉ်းမြောင်းဟန် တူသဖြင့် ထိုနေရာတွင် သဘော်မဆိုထားဘိ လှေကလေးပင် ဖြတ်သန်းသွား နိုင်စရာ ရှိပါ၏လောဟု အောက်မေ့ရလေတော့၏။

မျောက်များသည် ကျွန်ုပ်တို့ စားသောက် နေသည်များကို ခပ်လှမ်း လှမ်းရှိ သစ်ပင်များမှ မြော်ကြည့်ကာ တခွီးခွီး တခွားခွား အော်မြည်လျက် ရှိကြ၏။ ကျွန်ုပ်တို့ ထိုင်လျက်ရှိသော တောင်ထွတ်၌ အထက်သို့ မျှော် ကြည့်လိုက်သော် မူလက တက်ရန် ရည်မှန်းခဲ့သော တောင်ထိပ်သည် ကျွန်ုပ် တို့အပေါ်တွင် မိုးလျက်ရှိရာ ကျွန်ုပ်တို့သည် မည်သည့်နည်းနှင့်မဆို ထိုနေ ရာသို့ ရောက်အောင် သွားဦးအံ့ဟု အားခဲ၍ အမောအပန်း ပြေသည်နှင့် တစ်ပြိုင်နက် ရေဘူး ကိုယ်စီနှင့် ထိုင်ရာမှ ထလာခဲ့ကြလေ၏။

မြော်မှန်းသော နေရာသို့ ရောက်နိုင်ရန်မှာ တောင်ကြီးတစ်ခုသို့ ရှေးဦးစွာ လျှောဆင်း၍ တစ်ဖန် တက်ရမည်ဖြစ်ရာ ကျွန်ုပ်တို့သည် တောင် ကမ္ဘားယံတွင် အနည်းငယ် မြေပြင် ပြန့်ပြူး ညီညာ၍ ရေအိုင်တစ်ခုရှိရာ အရပ်သို့ ချဉ်းကပ်လာရာတွင် ကျွဲတစ်အုပ်သည် ရေအိုင်ထဲ၌ လူးလိမ့်ကာ ကျွဲတို့ဘာဝ စည်းစိမ် ခံနေကြသည်ကို တွေ့မြင်ရလေ၏။ ကျွဲဆိုသည်မှာ ကြောက်မက်ဖွယ်သော သတ္တဝါ အရေအတွက်တွင် ထည့်သွင်း စဉ်းစားခြင်း မပြုသောကြောင့် ကျွန်ုပ်တို့သည် သူတို့ လူးလိမ့်လျက်ရှိသော ရေအိုင်ဆီသို့ မျက်နှာမူလျက် သွားနေကြစဉ် ကိုက်တစ်ရာခန့်မျှ ကွာလှမ်းသောအခါတွင် နှစ်ဆယ်ခန့်မျှသော ထိုကျွဲအုပ်သည် ကျွန်ုပ်တို့ နှစ်ယောက်ကို အလေးဂရုပြု ကြသည့် အထိမ်းအမှတ်များ ဖော်ပြလေ၏။

ကျွဲပေါက်ကြီး တစ်ကောင်သည် ရေအိုင်ထဲတွင် မျက်စိများနှင့် နှာခေါင်းများလောက်ကိုသာ ဖော်လျက် ဝပ်နေရာမှ ရုတ်တရက် ထပြီးလျှင် ကမ်းပေါ်သို့ ဖြည်းညှင်းစွာ တက်လာလေရာ အခြားသော ကျွဲများသည်





လည်း ထိုကျွဲပေါက်ကြီး နောက်မှ လိုက်လာကြလေ၏။ ကျွဲပေါက်ကြီးသည် ရှေ့ဆုံးမှ လျှောက်လာ၍ အခြားကျွဲများသည် သူ့နောက်မှ ဝဲယာညှပ်ကာ မြားခေါင်းသဖွယ် ချီတက်လာကြလေရာ ကျွန်ုပ်တို့မှာ ပြောလာခဲ့ကြသော စကားစကို ဖြတ်၍ ကျွဲအုပ်ကို ဂရုစိုက်မိလေ၏။ ကျွန်ုပ်တို့သည် ကျွဲအုပ်နှင့် ကိုက်၅၀ ခန့် ကွာသောနေရာသို့ ရောက်ကြရာတွင် အနည်းငယ် မသင်္ကာ သဖြင့် ရပ်တန့်၍ ကျွဲအုပ်ကို ကြည့်မိရာ ကျွဲအုပ်သည်လည်း ရပ်တန့်၍ ကျွန်ုပ် တို့ကို ကြည့်နေကြလေ၏။

ရှေ့ဆုံး၌ ရှိသော ကျွဲပေါက်ကြီး၏ နောက်မှ ကျွဲများသည် ဝဲယာ ညှပ်ကာ တစ်ကောက်ထက် တစ်ကောင် ကျွန်ုပ်တို့နှင့် ကွာလှမ်းသွားလေရာ အားလုံးသော ကျွဲများ၏ ဦးခေါင်းများသည် ကျွန်ုပ်ဘက်သို့ တည့်တည့်ကြီး လှည့်လျက် ရှိကြလေ၏။ ကျွန်ုပ်သည် ကျွဲများ၏ အမူအရာကို မသင်္ကာသည် နှင့် ကိုဇော်ဟိတ်အား သတိပေး၍ ကျွဲအုပ်ရှိရာသို့ မသွားတော့ဘဲ လက်ယာ ဘက်သို့ လှည့်ပြီးလျှင် ကျောက်ဆောင် တစ်ခုဆီသို့ သွားကြရာတွင် ကျွဲအုပ် သည် ကျွန်ုပ်တို့၏ အကြံအစည်ကို ရိပ်မိဟန် လက္ခဏာဖြင့် ကျောက် ဆောင်သို့ ကျွန်ုပ်တို့ မရောက်နိုင်အောင် ရှေ့မှ ဆီးကြို ဖြတ်တားရန် ကြိုးစား ကြလေ၏။

ကျွန်ုပ်တို့သည် မှန်မှန် လျှောက်ကြရာ ခပ်သုတ်သုတ် လျှောက်ခဲ့ ကြ၍ ကျောက်ဆောင်ဆီသို့ ချဉ်းကပ်မည်ပြုရာ၌ ကျွဲအုပ်သည်လည်း အပြေးအလွှား လာခဲ့ကြ၍ ရှေ့မှ ဆီးကြိုရန် လုံ့လပြုကြလေ၏။

သို့ဖြစ်၍ ကျွန်ုပ်တို့က ရုတ်တရက် ရပ်တန့်ကာ ကျွဲအုပ်ဘက်သို့ လှည့်လိုက်ရာတွင် ကျွဲအုပ်သည်လည်း ဒလိမ်းပြသော စစ်သားများကဲ့သို့ ရုတ်တရက် တန့်ရပ်လိုက်ကြကလေ၏။ ထိုအခါ၌ ကျွဲအုပ်နှင့် ကျွန်ုပ်တို့မှာ ကိုက် ၂၀ ခန့်မျှ ကွာတော့သည်ဖြစ်ရာ ကျွဲပေါက်ကြီးသည် ကျွဲအုပ်၏ နှစ်တောင်ခန့်တွင် ရပ်လျက်ရှိလေ၏။ ကျွန်ုပ်တို့သည် ကျွဲတို့၏ အပြုအမူ အကဲခတ်လျက် ရှိစဉ် ကျွဲပေါက်ကြီးသည် နှာခေါင်းနှင့် မြေကြီး ထိလုမတတ် ငုံ့ချည်တစ်ခါ ဦးချိုနှင့် ကျောပြင်တို့ တညီတညာတည်းရှိအောင် မော့ချည် တစ်လှည့် စသည်ဖြင့် ဦးခေါင်းကို ဖြည်းညှင်းစွာ မြှောက်ချီ ချချီ ပြုလုပ်လျက် ရှိလေ၏။

ကျွန်ုပ်မှာ ဤကဲ့သို့ ပြုလုပ်သော ကျွဲတစ်ကောင်၏ အမူအရာကို မမြင်ဖူးသည်နှင့် အံ့အားသင့်လျက် ရှိသော်လည်း ကောင်းသော အကြံ နှိုက်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဟူ၍ကား ရိပ်မိ၏။ ဤနေရာတွင် တစ်စုံတစ်ခု ပြုဖို့လို ကြောင်းကား သိ၏။ သို့ရာတွင် မည်ကဲ့သို့ ပြုရမည်ကိုမူကား မသိချေ။ ထိုအခါ ကိုဖော်ဟိတ်က ကျောက်ဆောင်ပေါ်သို့ တက်ပြေးရန် မတတ်နိုင်ခဲ့လျှင် မတော်တဆ ကျွဲအုပ်လိုက်ခဲ့ပါက နောက်၌ရှိသော ကျောက်စွန်းမှ အောက်ဘက်သို့ ခုန်ချရန်သာ ရှိသည်ဟု ကျွန်ုပ်အား လှမ်းပြောသေး၏။

ကျွဲအုပ်နှင့် ကျွန်ုပ်တို့သည် တစ်မိနစ်ခန့်မျှ တန့်ရပ်ကာ မျက်နှာချင်းဆိုင်ကြည့်နေကြပြီးနောက် ကျွဲပေါက်ကြီးသည် "ဖူး"ခနဲ မြည်ကာ အချက်ပေးလိုက်ပြီးလျှင် နောက်တစ်ခဏတွင် ကြီးကြီးမည်းမည်းရှိသော သတ္တဝါကြီးများသည် ကျွန်ုပ်တို့ရှိရာသို့ ကဆုန်စိုင်းကာ ပြေးလာကြသည်ကိုသာ မြင်လိုက်ရတော့၏။ ကျွန်ုပ်မှာ ကိုဖော်ဟိတ် အကြံပေးထားသည့်အတိုင်း နောက်ဘက်သို့ လှည့်၍ ကျောက်စွန်းမှ ခုန်ချလိုက်ရာ လေထဲတွင် ပျံဝဲကာ ကျလာပြီးနောက် ချုံတစ်ခု၏ အလယ် သို့ တိုင်လျက်သား ရောက်လာသည့် အဖြစ်တို့သာ သတိပြုလိုက်မိလေတော့၏။ ရောက်လျှင် ရောက်ချင်း အထက်သို့ မျှော်ကြည့်လိုက်ရာတွင် ကိုဖော်ဟိတ်သည် ခုန်တော့မည် အဟန်နှင့် လက်ကားယား မြှောက်နေ သည်ကို မြင်လိုက်ရပြီးနောက် ကျွန်ုပ်အနီးသို့ ဝုန်းကနဲ ကျလာလေတော့၏။ ကိုဖော်ဟိတ် ကျပုံမှာ ကျွန်ုပ်ကျပုံထက် သက်သာသည့် လက္ခဏာ ရှိ၏။

ကျွန်ုပ်တို့သည် မူးမူးဝေဝေ ရှိရာမှ ကုန်း၍ ထကြစဉ် ကိုဖော်ဟိတ်က "ခွေးမသား ကျွဲပေါက်"ဟု ဆိုလိုက်ရာ ကျွန်ုပ်ကလည်း အလားတူပင် ဆိုလိုက်ချင်၏။

ချုံပေါ်မှ ဆင်းကြပြီးနောက် ကျွန်ုပ်တို့သည် အခြေအနေကို ကြည့်လိုက်ရာ အထက်ဘက်၌ အလွန်မတ်စောက်၍ ၁၅ ပေခန့်မြင့်သော တောင်ကမ်းပါးကြီး ရှိလေရာ အောက်ဘက်၌ကား မြက်ပင်များနှင့် ချုံများဖုံးအုပ်လျက်ရှိ သည့် ဆင်ခြေလျှောဖြစ်နေသော တောင်စောင်းကို တွေ့မြင်ရလေ၏။

ဆင်ခြေလျှောသည် ၁၅ ပေခန့်တွင် ယတိပြတ် ဆုံးသွား၍ ရှေ့သို့ တစ်ဖန် မျှော်ကြည့်လိုက်ရာတွင် ချောက်ကမ်းပါးမျှသာ မြင်ရလေတော့၏။ ကျွန်ုပ်၏ လက်ယာဘက်ပေါင်တွင် တစ်စုံတစ်ခုနှင့် ခြစ်မိသော ဒဏ်ရာမှ သွေးများယိုစီးလျက်ရှိရာ ၁၅ ပေခန့်မြင့်သော ချောက်ကမ်းပါးကို ခုန်ချရာ၌ ဤမျှလောက်သာ ဒဏ်ရာရသည့်အတွက် ဝမ်းမြောက်မိသေး၏။ ကိုဖော်ဟိတ်မှာမူ ဒူးနှင့်လက်တို့တွင် အနည်းငယ် ပွန်းပဲ့ခြင်းမှတစ်ပါး တစ်စုံတစ်ရာ ထိ





ခိုက်ခြင်း မရှိပေ။

ကျွန်ုပ်တို့သည် ချုံပေါ်မှ ဆင်းခဲ့၍ သွားရန်လမ်းကို ဆင်ခြင်ကြရာ တွင် ၁၅ ပေခန့် မြင့်၍ မတ်စောက်သော ချောက်ကမ်းပါးကို တစ်ဖန် ပြန်၍ တက်နိုင်စေကာမူ ကျွဲအုပ်၏ရန်ကို စိုးရိမ်ရသည်ဖြစ်၍ ကျွန်ုပ်တို့သည် ထို လမ်းကို အလျဉ်းထည့်သွင်း ဆင်ခြင်ခြင်း မပြုချေ။ ကျွဲအုပ်ကို မမြင်ရသော် လည်း ထိုအနီးအနား တစ်ဝိုက်တွင် စိတ်ရှည်လက်ရှည် စောင့်နေလိမ့်ဦးမည် ဟူ၍ပင် မှတ်ထင်ကြ၏။

သို့ဖြစ်၍ ကျွန်ုပ်တို့၏ အကြံမှာ ယခုရှိနေသော နေရာနှင့် တစ်ပြင် တည်းရှိသော တောင်ကမ်းပါးယံ တစ်လျှောက် အတော်အတန် လျှောက်သွား ပြီးမှ အထက်ပိုင်းသို့ တက်နိုင်လောက်သော နေရာကို စုံစမ်း ရှာဖွေကြရန် ဖြစ်လေသည်။ ထိုအကြံ ည်အတိုင်း ကျွန်ုပ်တို့သည် လက်ယာဘက်သို့ လျှောက်လာကြ၍ အတန်င သွားမိသောအခါတွင် မည်သည့်နည်းနှင့်မျှ တက်၍ မဖြစ်နိုင်သော တောင်က ပါးစောက်ကြီးကို တွေ့ရသဖြင့် လာခဲ့သည့် လမ်းအတိုင်း ပြန်လာ၍ လက်ဝဲ သို့ လှည့်ကြပြန်လေ၏။ ကိုက် ၂၀ ခန့် လျှောက်မိသောအခါ ယခင် ကမ်းပ ာက်ထက် သာ၍ မတ်စောက်သော ကမ်းပါးကြီး ဆီးနေသည်ကို တွေ့ကြရပြ ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ပထမတွေ့သော ကမ်းပါးစောက်သို့ ပြန်သွား ြီးလျှင် အလွန်ခဲယဉ်းစွာနှင့် အောက်သို့ ဆင်းကြ၍ မြေပြင်ညီညာသော တော ်ကို တွေ့ရသဖြင့် ယင်း အတိုင်း အတန်ငယ် လျှောက်သွားကြရာတွင် ပေ ၁၀ က် မနည်း နက်၍ မည်သည့် နည်းနှင့်မျှ ဆင်းသက်ရန် မဖြစ်နိုင်သော ်ကြီးသို့ ဆိုက် ရောက်ကြလေ၏။

ထိုအခါ ကျွန်ုပ်တို့သည် နောက်သို့တစ်ဖန် တုံ့ပြန်၍ မ်းရှာကြ ပြန်ရာ တစ်နာရီနီးပါးမျှ ခေါက်တုံ့ ခေါက်ပြန် စုံစမ်းရှာဖွေကြပါ သေ ရှေးဦးစွာ ရောက်ခဲ့သော ချုံအနီး၌ပင် တဝဲလည်လည် ရှိနေကြလေ ထိုအခါ၌ ကျွန်ုပ်တို့သည် အတန်ငယ် မောပန်းလာပြီ ဖြစ်၍ အရိပ်ကော သော ကမ်းပါးစောက် တစ်ခု၌ ထိုင်ကာ ဆွေးနွေးတိုင်ပင် ကြလေ၏။

ကျွန်ုပ်တို့၏ ကိစ္စမှာ ထင်သလောက် မလွယ်ကူသည့် အဖြစ်ကို ထိုအခါ၌မှ ရိပ်မိကြလေပြီ။ ကျွန်ုပ်တို့သည် အောက်သို့ ဆင်းသော ဖြစ်စေ၊ အထက်သို့ တက်သောလမ်းသို့ ဖြစ်စေ တွေ့အောင်ရှာနိုင် ရှာရမည်။ မရှာနိုင်လျှင်လည်း ထိုနေရာတွင်မှ ထိုင်၍ စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ စောင့်နေခဲ့ပါလျှင်လည်း ကျွန်ုပ်တို့ကို လိုက်လံရှာဖွေ မည့်သူရှိမည်မဟုတ်ချေ။ ကချင်ရွာက လူများသည် ကျွန်ုပ်တို့ တက်လာသည့် အဖြစ်ကိုသိကြသည်ကား မှန်၏။ သို့ရာတွင် ကျွန်ုပ်တို့ ပြန်မလာကြောင်း သတိရခဲ့လျှင်လည်း အခြားလမ်းမှ ဆင်းသွားပြီ ထင်မှတ်၍ ကျွန်ုပ်တို့ကို လိုက်လံ ရှာဖွေလိမ့်မည် မဟုတ်ချေ။

ကိုဇော်ဟိတ်မှာ တောင်ဆင်း တောင်တက် ကျင်လည်သူဖြစ်၍ ကျွန်ုပ်အား ထိုနေရာမှ စောင့်နေရန် မှာထားခဲ့ပြီးလျှင် "စုံစမ်းချေဦးမည်" ဆို၍ ထွက်သွားလေရာ ကျွန်ုပ်မှာ ဆေးတစ်ဆုံကို ညှို၍ စဉ်းစား စိတ်ကူး နေရစ်လေ၏။

အတန်ကြာလတ်သော် ကိုဇော်ဟိတ် ပြန်ရောက်လာ၍ အထက်သို့ တက်ရန် လည်းကောင်း၊ အောက်သို့ဆင်းရန် လည်းကောင်း လမ်းမတွေ့ခဲ့ကြောင်း ပြန်ပြောလေရာ ကျွန်ုပ်တို့မှာ မမောမခြင်း တွေလိုတွေငြား မျှော်လင့်ချက်နှင့် စမ်းသပ်ရှာဖွေ၍ ပင်ပန်းလှမက ပင်ပန်းသောအခါ၌ ထိုင်စောင့်ရန်မှတစ်ပါး အခြားနည်းလမ်း မရှိကြောင်း သိရှိကြရလေ၏။ သို့ရာတွင် ထိုင်၍ စောင့်သောအလုပ်မှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း များစွာမျှော်လင့်ချက် မရှိလှချေ။

ထို့နောက် ကျွန်ုပ်တို့သည် တစ်ဖန် ထွက်လာခဲ့ကြပြန်၍ အထက်သို့ လည်းကောင်း၊ အောက်သို့ လည်းကောင်း၊ တစ်ပြင်တည်း လည်းကောင်း အနည်းနည်း အဖုံဖုံ စုံစမ်း ရှာဖွေကြရာတွင် ခြေချရသော နေရာမှာ ညီညာသော မြေပြင်မဟုတ်ဘဲ ကျောက်တုံး ကျောက်ခဲများ ရှိနေသဖြင့် ခြေဖဝါးများမှာ မြေပေါ်သို့ တည့်တည့် မကျဘဲ ဤဘက်တစ်ခါ ထိုဘက်တစ်လှည့်ဖြင့် တစောင်း နင်းရသည် ဖြစ်သောကြောင့် များစွာ ညောင်းညာ ပင်ပန်းကြလေပြီ။

ထိုအတောအတွင်း ခလုတ်တိုက်သဖြင့် ဟပ်ထိုး ဖြစ်ရသော အကြိမ်ပေါင်းမှာလည်း မရေမတွက်နိုင်ချေ။ နေသည် အလွန်ပူပြင်းလာ၍ နံနက်ပိုင်းက တဖြူးဖြူး တိုက်ခတ်သော လေညှင်းသည်လည်း ရုတ်တရက် တန့်ရပ်သွားရာတွင် အလွန် ပူအိုက်လှသဖြင့် တစ်ကိုယ်လုံးမှာ ချွေးများရွှဲလျက် ရှိကြ၏။ ရေဘူးမှာလည်း နံနက်စာ စားချိန်၌ ဖေါဖေါသီသီ သုံးမိကြသည့်ပြင် မကြာခဏ ရေငတ်သည့်အတွက် သောက်မိကြသောကြောင့် အနည်းငယ်စီမျှသာ ကျန်လေတော့၏။

ယင်းကဲ့သို့ နာရီဝက်ကျော်မျှ ဆက်လက် ရှာဖွေကြပြန်သဖြင့်





မြေပြင်ညီညာသော နေရာသို့ ရောက်လာကြ၍ ရုတ်တရက် လမ်းဆုံးသွားရာတွင် ကျွန်ုပ်သည် ချောက်ကမ်းပါးကြီးတစ်ခု၏ အစွန်းသို့ ဆိုက်ရောက်လာကြလေ၏။ ကျွန်ုပ်သည် ဝမ်းလျားမှောက်ကာ ချောက်ကမ်း ပါးစွန်းသို့ သွား၍ အောက်သို့ ငုံ့ကြည့်လိုက်သောအခါတွင် ပေ ၃၀၀ ထက်မနည်း နက်သော ချောက်ကြီးကို တွေ့မြင်ရ၍ ချောက်ထဲ၌ ပေါက်သော သစ်ပင်ထိပ်ဖျားများကို မြင်ရလေ၏။ ယင်းသို့ ကြည့်နေစဉ် မျောက်တစ်ကောင်သည် သစ်ပင်တစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်လွှား ကူးသွားသဖြင့် သစ်ကိုင်း လှုပ်သွားသည်ကို မြင်လိုက်ရလေရာ အလွန်နက်သော ချောက်ထဲ သို့ ငုံ့ကြည့်မိသူတို့၏ စိတ်ထဲ၌ ဖြစ်ပေါ်လာတတ်သည့် ထုံးစံအတိုင်း ကြောက်သလိုလို လန့်သလိုလို ခုန်ချလိုက်ချင်သလိုလို ဖြစ်လာလေတော့၏။

ကိုဇော်ဟိတ်သည် ကျွန်ုပ်၏ စိတ်ကူးကို ရိပ်မိဟန် လက္ခဏာဖြင့် ပခုံးကို ကိုင်ကာ ရုတ်တရက် ဆွဲထူ၍ "ဘာလုပ်တာလဲ ကိုယ့်လူ"ဟု ပြောလိုက်လေ၏။

အတန်ကြာပြန်သော် ကိုဇော်ဟိတ်သည် ကျွန်ုပ်အား ထိုနေရာတွင် ထားခဲ့၍ စုံစမ်းရန် ထွက်သွားပြန်လေရာ အတန်ကြာသောအခါမှ ပြုံးရွှင်သော မျက်နှာဖြင့် ပြန်ရောက်လာလေ၏။ သို့ရာတွင် သတင်းကောင်း မပါသော အခါ၌ မျက်နှာ ရွှင်ရွှင်ထားတတ်သော ကိုဇော်ဟိတ်၏ ဝါသနာကို ကျွန်ုပ်သိပြီးဖြစ်သဖြင့် ရိပ်မိခဲ့လေပြီ။ ကျွန်ုပ်တို့ အဖို့မှာ အလုပ်နှစ်ခုသာ ရှိကြောင်း တစ်ခုမှာ ဤနေရာတွင် ထိုင်စောင့်၍ ကျွန်ုပ်တို့အား လိုက်လံရှာဖွေမည့် လူများကို မျှော်နေရန် ဖြစ်ကြောင်း၊ ဒုတိယနည်းလမ်းမှာ ဗိုင်းဗိုင်း လဲမကျ မချင်း လမ်းတွေ့အောင် ရှာရန်ပင် ဖြစ်ကြောင်း ကိုဇော်ဟိတ်က ပြောပြလေ၏။ ထိုင်စောင့်ရန် အလုပ်မှာ လိုက်လံရှာဖွေမည့်လူ ရှိမည်မဟုတ်သဖြင့် မျှော်လင့်ချက် နည်းလှသည့်ပြင် ရေဘူးများမှာလည်း ကုန်လုကြပြီ ဖြစ်၍ လူမတွေ့မီ ရေငတ်သေကြဖို့ လမ်းများလှပေ၏။ ရေနည်းပါးလေလေ ရေငတ်လေလေ ဖြစ်ကြ၍ ကျွန်ုပ်တို့သည် အနည်းငယ် ကျွင်းကျန်သော ရေကလေးကို အလွန် ချွေတာစွာဖြင့် အာဆွတ်ရုံမျှလောက်သာ သောက်သုံးဝံ့ကြ၏။

ထိုအချိန်၌ကား နာရီပြန် တစ်ချက်ခန့် ရှိပြီဖြစ်၍ သောက်တုံးများသည် လက်နှင့် ထိမိသည့်အခါ လောင်ကျွမ်းမတတ် ပူပြင်းလှသော ထိုခဏ၌ သိန်းငှက်တစ်ကောင်သည် ကျွန်ုပ်တို့၏ ဦးခေါင်းထက်မှ နိမ့်နိမ့်ပျံဝဲသွား၍ အမွေးအတောင်များကို လေတိုးသဖြင့် ရှီကနဲမြည်သံ ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။ နောက်ဆုံး၌ ကျွန်ုပ်က ထိုင်စောင့်နေခြင်းထက် ရောက်တတ်ရာရာ စုံစမ်းရှာဖွေခြင်းက စိတ်ပြေ လက်ပျောက် ရှိသည်ဟု ပြောပြ၍ ကိုဇော်ဟိတ်ကလည်း သဘောတူရာတွင် ကျွန်ုပ်တို့ နှစ်ယောက်သည် ထိုင်ရာမှထ၍ ထွက်လာခဲ့ကြပြန်လေ၏။

ကျွန်ုပ်တို့ နာရီပါင်းများစွာ ထိုမှ ဤမှ ခေါက်တုံ့ခေါက်ပြန် စုံစမ်းရှာဖွေကြ၍ အထက်သို့ တက်သော လမ်းသစ်တစ်ခုကို တွေ့ကြရာတွင် ဝမ်းမြောက်ဝမ်းသာ တက်လိုက်သွားကြပါသော်လည်း နောက်ဆုံးတွင် ခြေကုပ်မရနိုင်သော ကမ်းပါးစောက်ကြီးကိုသာလျှင် တွေ့ကြရလေ၏။ တစ်ခါတစ်ရံ အောက်သို့ ဆင်းသော လမ်းသစ်ကို တွေ့ပြန်ပါလည်း မကူးမဖြတ်နိုင်သော ချောက်ကမ်းပါး၌သာလျှင် အဆုံးသတ်လေ၏။ ကျွန်ုပ်မှာ နေပူရှိန်ကြောင့်လည်းကောင်း၊ ရေငတ်သောကြောင့် လည်းကောင်း၊ ခရီးပန်းသောကြောင့်လည်းကောင်း ဝေတေတေဖြစ်လာ၍ ယခုဖြစ်ပျက်လျက်ရှိသော အခြင်းအရာများသည် အကယ်မဟုတ်ဘဲ ထမင်းလုံး တဆွေချောက်သည် ဆိုခြင်းကဲ့သို့ မကောင်းသော အိပ်မက်တစ်ခုသဖွယ် ရီးတီးယားတားဖြင့် နဝေတိမ်တောင် ဖြစ်နေလေ၏။

ထိုအတောအတွင်း၌ ကိုဇော်ဟိတ်သည် အခါခပ်သိမ်း ရှေ့မှသွား၍ ကျွန်ုပ်သည် သူ့နောက်မှ လိုက်လေ့ရှိ၏။ တစ်ခါက ကိုဇော်ဟိတ်သည် နောက်သို့ လှည့်ပြန်လာသဖြင့် ကျွန်ုပ်က မျှော်လင့်ဖွယ် အခြင်းအရာ တွေ့ခဲ့ရလေသလောဟု အောက်မေ့ဖို့ အချိန်မရမီပင် ကိုဇော်ဟိတ်က ဦးခေါင်း ယမ်းကာ "ကျောက်ပဲဗျို့ ဆရာကြီး"ဟု ပြောလေ၏။ သို့ရာတွင် ထိုနေရာမှာ အလွန်ကျဉ်းမြောင်းသဖြင့် ကိုဇော်ဟိတ်သည် ကျွန်ုပ်ကို ကျော်တက်ရန် မဖြစ်နိုင်ဘဲ ရှိရာတွင် ကျွန်ုပ်က ရှေ့မှ သွားရလေ၏။ သို့ရာတွင် အလှမ်း နှစ်ဆယ်မျှ မသွားရသေးမီ ချောက်စွန်းသို့ ရောက်ခဲ့ပြန်လေသည်။ ထိုအခါ ကျွန်ုပ်သည် အတော်ပင် ပင်ပန်းပြီဖြစ်၍ နားနေပြန်ရာ ကိုဇော်ဟိတ် တစ်ယောက်တည်းသာလျှင် ဆက်လက်စုံစမ်း ပြန်လေ၏။ ခေါက်တုံ့ ခေါက်ပြန် စုံစမ်းခဲ့ပြီးနောက် ကိုဇော်ဟိတ်က ကျွန်ုပ်တို့သည် ချောက်တစ်ခုကို မကျော်မဖြတ်ဘဲ မည်သည့်နည်းနှင့်မျှ အိမ်သို့ ပြန်ရောက်ရန် မျှော်လင့်ချက် မရှိကြောင်း ပြော၍ တစ်ခုသော ချောက်တွင်းသို့ မည်သည့်နည်းနှင့်မဆို စွန့်စား ဆင်းသက်ကြရတော့မည်ဟု ပြောလေ၏။ သို့သော် သူက ရှေ့မှသွား၍ သေချာလောက်သောအခါမှ ကျွန်ုပ်က သူ့နောက်မှ လိုက်နိုင်ပါသည်ဟု ပြောလေ၏။ သို့ဖြစ်၍





ကိုဇော်ဟိတ်သည် ကူးဖြတ်တော့မည်ဟု ဆုံးဖြတ်ပြီးသော ချောက်တစ်ခု၏ ကမ်းပါးစွန်းတွင် ရပ်လျက် ခြေချရန် အကွက်များကို မျှော်ကြည့်နေစဉ် ကျွန်ုပ်မှာ ကြက်သီးထလျက် ငေးကြည့်မိနေလေတော့၏။

နောက်ဆုံး၌ အုတ်နံရံကဲ့သို့ မတ်စောက်စွာရှိသော ကျောက်ကမ်းပါးကြီး၏ နံဘေးတွင် ကြွက်လျှောက်သဖွယ် တစ်ထွာခန့် ကျယ်သော ကျောက်စွန်းတန်း တစ်ခုရှိလေရာ ကိုဇော်ဟိတ်သည် နံရံကို မျက်နှာမူလျက် ထိုကျောက်စွန်းတန်းကလေး တစ်လျှောက် တစ်လှမ်းချင်း လျှောက်သွား၏။ ကိုဇော်ဟိတ်သည် ရှေ့ ခြေတစ်လှမ်း ချမည့်နေရာကို သေချာစွာ စုံစမ်းပြီးမှ နောက်ခြေကို ရပ်သိမ်းကာ တစ်လှမ်းရွှေ့၍ လျှောက်သွားပြီးနောက် အစွန်းတစ်ခုသို့ ရောက်သွား၍ ထောင့်ကွေ့ကို ကျော်သွားသည့်အခါတွင် ကိုဇော်ဟိတ် တစ်ကိုယ်လုံး ကွယ်ပျောက် သွားလေ၏။

အတန်ကြာလတ်သော် ကိုဇော်ဟိတ်၏ လက်တစ်ဖက် ပေါ်ထွက်လာ၍ နောက်တစ်ခဏတွင် တစ်ကိုယ်လုံး ပေါ်လာလေရာ ကိုဇော်ဟိတ်သည် ထောင့်စွန်းတွင် ရပ်လျက် ကျွန်ုပ်အား လှမ်းခေါ်လေ၏။ ကျွန်ုပ်သည် တစ်ထွာခန့်မျှသာ ကျယ်သော ကျောက်စွန်း၌ ခြေတစ်ဖက်ချင်း လှမ်းကာ ရင်ဘတ်ကို နံရံတွင် ကပ်လျက် အောက်ဘက်သို့ အလျင်းမကြည့်ဝံ့ဘဲ ခြေချရန် နေရာကွက်ကိုသာ တစ်လှမ်းပြီး တစ်လှမ်း ကြည့်သွားလေ၏။ အောက်သို့ ကြည့်လိုက်ပါမူကား ပေ ၂၀၀ ထက် မနည်းသော ချောက်ကြီးရှိသဖြင့် ကောန်မူချ မူးဝေသွားရမည် ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဝမ်းပိုက်ကို နံရံ၌ တတ်နိုင်သမျှ နီးစွာကပ်ထား၍ တစ်လှမ်းပြီး တစ်လှမ်း လျှောက်သွားရာတွင် ကိုဇော်ဟိတ် စောင့်နေသည့် ထောင့်စွန်းသို့ ရောက်လာလေ၏။

ထိုနေရာမှ မျှော်ကြည့်လိုက်သောအခါ ပေ ၂၀ ခန့်တွင် အတော်အတန် မြေပြင်ညီညာသော ဆင်ခြေလျော တစ်ခုကို မြင်ရသော်လည်း ထိုနေရာသို့ မည်သည့်နည်းနှင့် ရောက်အောင် သွားရမည်ကို ကျွန်ုပ် မစဉ်းစားတတ်ချေ။ ကိုဇော်ဟိတ်သည် ကျွန်ုပ်အား ထောင့်စွန်း၌ ရပ်နေရစ်ရန် မှာထား၍ သူတစ်ယောက်တည်း ကျောက်စွန်းဆီ လျှောက်သွားပြန်လေရာ ၁၅ ပေခန့် ရောက်သောအခါတွင် ရပ်တန့်၍ အထက်သို့ တစ်ကြိမ်၊ အောက်သို့ တစ်ကြိမ် လှမ်းကြည့်သည်ကို ကျွန်ုပ် မြင်လိုက်ရ၏။ ထိုနောက် ကိုဇော်ဟိတ်သည် ကျောက်နံရံကို မျက်နှာမူလျက် ရှိရာမှ ဖြည်းဖြည်း လှည့်၍ သူ၏ ကျော သည် ကျောက်နံရံနှင့် ကပ်လျက်ရှိစဉ် ဦးခေါင်းကို တတ်နိုင်သမျှ ရှေ့သို့ထိုး



www.burmeseclassic.com

www.burmeseclassic.com



တာ မျှော်ကြည့်လိုက်သည်ကို ကျွန်ုပ် မြင်ရ၏။ သို့သော် ဘာကို ကြည့်သည် ဟူ၍ကား ကျွန်ုပ် နေရာမှ မမြင်ရချေ။

ကျွန်ုပ်ရပ်နေသော နေရာမှာ အတော်ပင် ခဲယဉ်းသည် ဖြစ်၍ ကိုဇော်ဟိတ်၏ စဉ်းစားဆိုင်းလင့်နေခြင်းများကို မြင်ရခြင်းအားဖြင့် စိတ်ထဲတွင် မချိမဆန့် ဖြစ်နေလေတော့၏။ ကျွန်ုပ်က "ဘာကြည့်တာလဲ" ဟု မေးလိုက်သောအခါ ကိုဇော်ဟိတ်သည် ဘာမျှ ပြန်မပြောချေ။ နောက်ဆုံး၌ ကိုဇော်ဟိတ်သည် နံရံကို ကျောနိုင်းလျက် ကျောက်စွန်းတွင် ရပ်နေရာမှ အားယူကာ ရှေ့သို့ လှမ်း၍ ခုန်လိုက်လေ၏။ သူ၏ ခြေထောက်များသည် မည်သည့်အရာကို နင်းမိသည်ဟု ကျွန်ုပ်မမြင်ရဘဲ ကိုဇော်ဟိတ်သည် ရောက်သော နေရာမှ တစ်ဖန် နံဘေးစောင်း လွှဲခုန်လိုက်ရာ မြက်ခင်းတစ်ခု ပေါ်သို့ ရောက်သွား၍ ချောက်ကမ်းပါးစွန်း၌ ကျလုမတတ် ဖြစ်သွားပြီးမှ ဟန်နိုင်သဖြင့် မြက်ခင်းပေါ်တွင် ကောင်းမွန်စွာ ရောက်သွားလေ၏။ ကမ်းပါးစွန်း၌ လက်မြှောက်ကာ ကိုယ့်ကိုကိုယ် ဟန်လျက်ရှိသော ကိုဇော်ဟိတ်ကို မြင်ရ၍ "နောက်ဆုံးတွင် ချောက်ထဲသို့ မကျဘဲ ဟန်လိုက်နိုင်သဖြင့် တော်သေးရဲ့" ဟု ကျွန်ုပ် အောက်မေ့မိသည်နှင့် တစ်ပြိုင်နက် သူပြုသကဲ့သို့ ကျွန်ုပ် ပြုရဦးမည့် အရေးကို တွေးမိသဖြင့် ရင်ထဲ၌ နွေးကနဲ ဖြစ်သွားလေ၏။

ကိုဇော်ဟိတ်သည် ရောက်ရာ အရပ်တွင် မတ်တပ်ရပ်လျက် ကျွန်ုပ်အား "လာသာ လာပါဗျ၊ သိပ် မခက်ပါဘူး ။ စဉ်းစားမနေနဲ့ ၊ ဖြုတ်ဆိုလုပ်လိုက်" ဟု ပြောလိုက်သဖြင့် ကျွန်ုပ်သည် သူ၏စကားကို နားထောင်၍ ဘာသော ညာသော မစဉ်းစားဘဲ ကျောက်စွန်း တစ်လျှောက်တွင် ကိုဇော်ဟိတ် သွားသည့်အတိုင်း သွားခဲ့လေ၏။ ၁၅ ပေခန့် ရောက်သောအခါ ကိုဇော်ဟိတ်က သွန်သင်သဖြင့် သူပြုသကဲ့သို့ ကျောက်စွန်း၌ တစ်ပတ်လှည့်ကာ ချောက်ဘက်သို့ လှည့်ကြည့်လိုက်သော အခါတွင် ကျွန်ုပ် ရပ်လျက်ရှိသော ကျောက်စွန်း၏အောက် ၄ ပေခန့်လောက်တွင် ၂ ပေခန့် စွန်းလျက် ထွက်နေသော ကျောက်စွန်းကြီးတစ်ခုကို တွေ့မြင်ရလေ၏။ ထိုကျောက်စွန်းမှ ငှက်များနား၍ ကျင်ကြီးများ စွန့်ထားသည့် လက္ခဏာဖြင့် ဖွေးဖွေးဖြူလျက် ရှိလေ၏။ ကျွန်ုပ်သည် ယခုနေရာမှ ထိုကျောက်စွန်းသို့ လှမ်းခုန်၍ ထိုအရှိန်နှင့်ပင် နံဘေးဘက်သို့ လွှဲချလိုက်ရမည် ဖြစ်လေသည်။

ဤအလုပ်သည် ပေ ၂၀၀ ထက်နက်သော ချောက်၏ အထက်၌ ပြုလုပ်ရခြင်း ဖြစ်၍ အတိမ်းအစောင်း မခံသဖြင့် ကြောက်မက်ဖွယ် ကောင်း





သည် မှန်သော်လည်း အနည်းငယ် ဆိုင်းလင့်ခဲ့လျှင် ပြုဝံ့မည် မဟုတ်ကြောင်းကို ရိပ်မိသည်နှင့် ချက်ခြင်းပင် စွန့်စားရ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ငှက်ချေးများနှင့် ဖွေးဖွေးဖြူသော အောက်ကျောက်စွန်းသို့ တစ်ဆင့် ခုန်ချ၍ ထိုအရှိန်ဖြင့် နံဘေးသို့လွှဲကာ ကိုဇော်ဟိတ်ဆီသို့ ခုန်ချလိုက်ရာ အောက်၌ ရှိသော ချောက်စွန်းတွင် တဲတဲကလေးမျှ ချိတ်မိသော်လည်း ကိုဇော်ဟိတ်က ဆီး၍ မဖမ်းလိုက်ခဲ့လျှင် ချောက်ထဲသို့ အရှိန်လွန်၍ ကျသွားရမည် ဖြစ်လေသည်။

ထိုနောက် ကျွန်ုပ်တို့သည် မြက်ခင်းပေါ်တွင် ထိုင်ကြ၍ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လျက် ရှိကြလေရာ ကိုဇော်ဟိတ်ကမူ ထိုအချိန်မှစ၍ ကျွန်ုပ်အား အတော်ပင် စိတ်တင်းသော လူတစ်ယောက်ဟူ၍ ယူဆခဲ့လေသည်။ သို့ရာတွင် အမှန်ကို ပြောရမည်ဆိုသော် ကျွန်ုပ် ခုန်ချခြင်းမှာ သတ္တိကောင်းသောကြောင့် မဟုတ်၊ မလုပ်လျှင် မဖြစ်သည်ကို တွေး၍ ကြောက်ကြောက်ဖြင့် မျက်စိမှိတ်ကာ စွန့်လိုက်ရခြင်းမျှသာ ဖြစ်လေသည်။ ဤအဖြစ်အပျက်ကို ပြန်၍ ဖတ်ကြည့်သောအခါ၌ အရေးမကြီးလှသော အရာကလေးကို ဗာရာဏသီချဲ့သည်ဟု မှတ်ထင်ဖွယ်ရှိ၏။ သို့ရာတွင် ပေ ၂၀၀ ခန့်နက်သော ချောက်ကြီး၏ အထက် တစ်ထွာခန့်မျှသာ ကျယ်သော ကျောက်စွန်းတွင် မနိုင့်တနိုင် ရပ်နေရာမှ ချောက်ဘက်သို့ ငေါ်လျက်ထွက်သော အောက်ကျောက်စွန်းသို့ တစ်ထစ် ခုန်ချ၍ ထိုအရှိန်နှင့် နံဘေးသို့ လွှဲပစ်လိုက်ရခြင်း အလုပ်မှာ သာမည အလုပ် မဟုတ်သဖြင့် ဤစာကို ရေးစဉ် လွန်ခဲ့ပြီးသော အဖြစ်အပျက်များ စိတ်ထဲ၌ ပေါ်လာသဖြင့် ဇောချွေးများ ပြန်မိသေး၏။

အနည်းငယ် နားနေကြပြီးနောက် ကျွန်ုပ်တို့သည် အောက်သို့ ဆင်းသော လမ်းကို ရှာကြရပြန်လေရာ ထူးခြားသော အဖြစ်အပျက်ဟူ၍ ဖော်ပြရန် မရှိဘဲ ယခင်က နည်းအတိုင်း ထိုအနား တစ်ဝိုက်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကြ၍ ဆင်းနိုင်သော နေရာကို မတွေ့ဘဲ ရှိနေကြလေ၏။ ယင်းကဲ့သို့ တစ်နာရီကျော် နှစ်နာရီခန့်မျှ လှည့်ပတ်ကာ ရှာဖွေကြပြန်ပါသော်လည်း အောက်သို့ ဆင်းနိုင်သော နေရာကို မတွေ့နိုင်ဘဲ ရှိကြရာတွင် ကျွန်ုပ်တို့မှာ ရေငတ်သောဝေဒနာဖြင့် လွန်စွာ အခံရခက်သည်ဖြစ်၍ တစ်ကြိမ်လျှင် ဆီးဖြူသီးခန့်မျှလောက်ရှိသော ရေအနည်းငယ်ကို မကြာမကြာ ငုံ၍ မျိုချကြရလေ၏။

ထိုအချိန်၌ကား နှစ်နာရီခွဲနေပြီ ဖြစ်ရာ ကျွန်ုပ်တို့သည် တစ်[illegible] ကျောက်စွန်း၏ အရိပ်တွင် ထိုင်ကာ တိုင်ပင်ကြပြန်လေ၏။ ကျွန်ုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ချောက်ကမ်းပါးစွန်းကြီး တည်ရှိလေရာ တိုကမ်းပါးစွန်းနှင့် ပေ ၂၀ ခန့် အကွာတွင် အခြားဘက်မှ ချောက်ကမ်းပါးစွန်းကြီး တည်ရှိလေ၏။ ဆိုလိုရင်းမှာ ပေ ၂၀ ခန့်မျှသာ ကွာခြားသော ချောက်ကြီး၏အကာတွင် နက်လှစွာသော ချောက်ကြီး ရှိလေရာ ကျွန်ုပ်တို့သည် ချောက်စွန်းမှ ငုံ့၍ အောက်သို့ ကြည့်လိုက်သောအခါတွင် ကျဉ်းမြောင်းသော ချောက်ကြား ဖြစ်သဖြင့် အလင်းရောင် ထိုးဝင်ခြင်း မရှိသောကြောင့် ခပ်မှောင်မှောင် ဖြစ်နေသည်ကိုသာ တွေ့ကြရလေ၏။ သို့ရာတွင် မျက်စိဖြင့် မမြင်နိုင်သော်လည်း တသွင်သွင် စီးသော ရေသံကို ကြားရသဖြင့် အောက်၌ စမ်းချောင်းရှိသည့်အဖြစ်ကို သိရှိရလေ၏။ ကမ္ဘာ့ချန်ပီယံများသည် ပေ နှစ်ဆယ်ကျော်မျှ ခုန်လွှားနိုင်သည်ဟု ကြားရဖူးသော်လည်း ကျွန်ုပ်တို့အဖို့မှာ ပေ ၂၀–ကျော်မျှရှိသော ထိုချောက်ကို ခုန်လွှားခြင်းငှာ မကြံစည်ဝံ့ချေ။ ထိုအနီးအပါး တစ်ဝိုက်၌ အောက်သို့ဆင်းသော လမ်းမရှိကြောင်းကိုလည်း အဖန်ဖန် စုံစမ်းပြီး ဖြစ်သဖြင့် ကျွန်ုပ်အဖို့မှာ ထိုနေရာမှ ထိုင်၍ စောင့်ရန် သော်လည်းကောင်း၊ သို့တည်းမဟုတ် အောက်၌ရှိသော စမ်းချောင်း ထဲသို့ ခုန်ချရန်သော်လည်းကောင်း တစ်နည်းနည်း ပြုလုပ်ရန်သာ ရှိလေ တော့၏။ ထိုအခါ၌ကား ရေဘူးထဲတွင် ရေတစ်ပန်ကန်းစာမျှစီသာ ကျန် တော့သည် ဖြစ်၍ ဘယ်တော့လာမှန်း မသိသည့်လူကို ထိုင်၍စောင့်ရလျှင် ရေငတ်သေဖို့သာ အလျှင်ကျလိမ့်မည်ဟု အောက်မေ့ကြ၏။ သို့ဖြစ်ရကား ကျွန်ုပ်တို့သည် မည်ကဲ့သို့ ဖြစ်ရစေ ချောက်ကမ်းပါးစွန်းမှ အောက်၌ရှိသော စမ်းချောင်းထဲသို့ ခုန်ချတော့မည်ဟု ဆုံးဖြတ်ကြလေ၏။

ဤနေရာတွင် ကျွန်ုပ်တို့သည် ဆေးတစ်ဆုံစီ သောက်ကြ၍ ကြွင်းကျန်သော ရေကလေးကိုလည်း တစ်ခါတည်း သောက်လိုက်ကြပြီးလျှင် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ နှုတ်ဆက်ကြလေ၏။ အနောက်တိုင်းသားများမူ ဤနေရာမျိုး၌ လက်ကိုဆွဲကာ နှုတ်ဆက်ကြဦးမည်ဖြစ်ရာ ကျွန်ုပ်တို့ မြန်မာများမူကား မျက်နှာကို ကြည့်ခြင်းသည် များစွာအဓိပ္ပါယ် ပါလှ၏။

ပထမ၌ ကိုဇော်ဟိတ်က ရှေးဦးစွာ ခုန်ချမည်ဟု ပြော၏။သို့ရာတွင် ကျွန်ုပ်ကမူ ကိုဇော်ဟိတ် ခုန်ဆင်းပြီးနောက် တစ်ယောက်တည်း ကျန်နေရစ်မည့် အရေးကို တွေး၍ ကြောက်သဖြင့် တစ်ပြိုင်နက်တည်း အတူတကွ ခုန်ချရန် ဆုံးဖြတ်လိုက်ကြလေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့ နှစ်ယောက်သည် ဘာမျှ မမြင်ရသော ချောက်ထဲသို့ ခုန်ချတော့မည်ဟု ချောက်စွန်း၌ ရပ်လျက် ရှိကြစဉ်





ကျွန်ုပ်၏ ရင်ထဲ၌ တဒိန်းဒိန်းတဒိုင်းဒိုင်း လှုပ်ခတ်လျက် ရှိမိ၏။ ကိုဇော်ဟိတ်မှုကား မျက်နှာမပျက်ခြင်းကို ကြည့်ရခြင်းအားဖြင့် ကျွန်ုပ်ကဲ့သို့ ရင်ခုန်ဟန် လက္ခဏာ မရှိချေ။ "ကံကောင်းလဲ ရောက်လိမ့်မပေါ့ဗျာ၊ သေတစ်နေ့ မွေးတစ်နေ့ပေါ့"ဟု ကိုဇော်ဟိတ်က အားပေးစကား ပြောလိုက်သည်ကို ထောက်သဖြင့် ကျွန်ုပ်မှာ အတော်ပင် မျက်နှာပျက်နေဟန်ရှိ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ပခုံး၌ သိုင်းထားသော ရေဘူးများကို ဖြုတ်၍ အောက်သို့ ပစ်ချလိုက်ရာ "ပလုံ"ခနဲ မြည်သော အသံကို ကြားကြရသဖြင့် အောက်တည့်တည့်တွင် ရေရှိကြောင်းကား သေချာ၏။ သို့ရာတွင် ရေတိမ်ဖြစ်ခဲ့ပါမူကား ကျွန်ုပ်တို့မှာ ချမ်းသာဖွယ်ရာ မရှိချေ။

"ကိုင်းဗျို့ . . .လုပ် . . "ဟုဆိုကာ ကိုဇော်ဟိတ်သည် ကျွန်ုပ်၏ လက်ကို ကိုင်၍ ကျွန်ုပ်တို့ နှစ်ယောက်သည် မျက်စိကို စုံမှိတ်ကာ အောက်သို့ ပြိုင်တူ ခုန်ချလိုက်ကြလေသည်။

လမ်းခရီးမှာ ငါးစက္ကန့်ထက် ကြာမည် မဟုတ်သော်လည်း ကျွန်ုပ်၏စိတ်ထဲတွင် ငါးနှစ်ခန့်လောက် ထင်လိုက်မိ၏။ လေများသည် ဘောင်းဘီတိုအတွင်းမှ တိုးဝင်၍ ပေါင်ရင်းသို့ ခိုက်အောင် တဟူးဟူး တိုးသွားသည့် အဖြစ်ကိုလည်း သိလိုက်မိ၏။ နောက်ဆုံး၌ အေးခနဲ ဖြစ်သွား၍ ဝုန်းခနဲ အသံကြားရပြီးလျှင် ရေများမွှန်းသွား၍ ခြေထောက်သည် မြေမာနှင့် တိုးမိသဖြင့် ကန်ကျောက်လိုက်ရာတွင် ရေပေါ်သို့ ဘွားခနဲ ပေါ်လာလေ၏။ နောက်တစ်ခဏတွင် ကိုဇော်ဟိတ်လည်း ကျွန်ုပ်အနီးတွင် ရေပြင်သို့ ပေါ်တက်လာလေ၏။

ကျွန်ုပ်မှာ ဝမ်းသာလိုက်သည်ကား ပြောဖွယ်ရာ မရှိချေ။ စမ်းချောင်းသည် များစွာမနက်သော်လည်း ဤနေရာတွင် ဝဲလှည့်၍ ရေကန် တစ်ခုသဖွယ် "အိုင်"ဖြစ်နေသဖြင့် ၁၀ ပေခန့် နက်လေတော့၏။ ကျွန်ုပ်တို့သည် အလွယ်တကူပင် ယက်ကူး၍ ထောက်မိသော နေရာသို့ ရောက်ကြရာတွင် တစ်ယောက်ကို တစ်ယောက် မဖက်ဘဲ မနေနိုင်အောင်ပင် ဝမ်းသာမိကြလေ၏။

ဤနေရာမှ ရေစုန်အတိုင်း လိုက်ခဲ့သော် မြစ်သို့ ရောက်ရည်မှာ မလွဲနိုင်သော ကိစ္စဖြစ်၏။ ကျွန်ုပ်တို့သည် အများအားဖြင့် ဒူးဆစ်ပေါင်လည်ထက် မနက်သော ထိုစမ်းချောင်းတလျှောက် ရေစုန်ဘက်သို့ လိုက်လာကြ၍ တစ်နာရီခန့်မျှ မကြာမီပင် မြစ်ထဲသို့ ရောက်လာလေ၏။ ကျွန်ုပ်တို့ လှေကလေး ချည်ထားခဲ့သောနေရာမှ ၂ ဖါလုံခန့်ထက် မဝေးသည်ကို ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



**တို့သည်** ဝမ်းမြောက်စွာ တွေ့ကြရလေ၏။ ကျွန်ုပ်တို့မှာ မြစ်ကြီးနားဘက်သို့ **ရေစုံအတိုင်း** မျော၍ လိုက်ပါလာကြရာတွင် ဤတစ်သက်တာအဖို့၌ တောင်တက်ခြင်း **အလုပ်**ကို ဤတစ်ကြိမ်နှင့်ပင် "ဝ"ဖြစ်ပြီ ဖြစ်၍ နောင်အဖို့၌ "ဆလံသ" ပါပြီဟု **အောက်**မေ့မိပါလေတော့သတည်း။



## ရင်ထိတ်ဖွယ် ဖယောင်းတိုင် မီးတောက်

သေနတ်နှင့် ပစ်သတ်မည့်အရေးတွင် ရင်ကော့၍ ခံဝံ့ခြင်း၊ ထွက်ပေါက်မရှိသော နေရာတွင် ပိတ်လှောင်မိသဖြင့် တွေ့လိမ့်နိုးနိုးဖြင့် ရှာရခြင်း၊ သေနတ်တွေ ဆိုင်ပစ်နေကြသည့်အထဲ၌ စွန့်စားတိုးဝင်သွားရခြင်းတို့မှာ အချို့က လူများအဖို့၌ ကြောက်စရာကြီး မှတ်ထင်ကြမည် ဖြစ်သော်လည်း ထိုအခြင်းအရာမျိုးတို့ ဆယ်ပြန်ကြုံရစေကာမူ ဖယောင်းတိုင် မြင်ရုံနှင့် ကျွန်ုပ်၏ စိတ်ထဲ၌ ထိတ်ခနဲ ဖြစ်ကျန်ရစ်စေသည့် အဖြစ်အပျက်ကဲ့သို့ ကြောက်ဖွယ်ရာ မဟုတ်သေးချေ။ သေပွဲ အကြိမ်ကြိမ် ဝင်ခဲ့၍ သေကံ မရောက်သောကြောင့် သက်မပျောက်ခဲ့ရသည့် ကျွန်ုပ်အဖို့မှာ အခြားသော အခြင်းအရာများထက် ဖယောင်းတိုင်ကို နောက်ခံကား အနေထား၍ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများသည် စိတ်ထဲတွင် ယနေ့တိုင် စွဲလန်း၍ သေသည်အထိ မေ့နိုင်မည် မဟုတ်ပေ။ ဖယောင်းတိုင် ဟူသည်မှာ ဖြူဖြူ ဖွေးဖွေး ချောချောမွေ့မွေ့ ဖြောင့်ဖြောင့် လုံးလုံးကလေး ရှိနေသောကြောင့် ချစ်ဖွယ်ကောင်းလှသည် ဆိုကာ ဖယောင်းတိုင်ကလေးများနှင့် တူသော လက်ချောင်းကလေး ဟူ၍ပင် အချို့က ခိုင်းနှိုင်းတတ်ကြပေရာ ကျွန်ုပ်မှာမူ ဖယောင်းတိုင် တစ်တိုင် (အထူးသဖြင့် မီးထွန်းထားခြင်း) ကို မြင်လိုက်ရသည့်အခါ အသည်းထဲ၌ အေး၍ ရင်ထဲ၌ ထိတ်လန့် ဖြစ်သွားမိတော့သည်။ ဖြစ်ရပုံမှာကား ဤသို့ပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့ ချဉ်းကပ်လာ၍ မြန်မာပြည်မှ ဗြိတိသျှတို့ ထွက်ပြေးမည့် ဆဲဆဲတွင် မြို့ကို တတ်နိုင်သမျှ ပျက်စီး ကျန်ရစ်စေရန် ရုပ်ကွက်များကို မီးရှို့ဖို့ အစီအစဉ် ပြုလုပ်ကြ၏။ အချို့က မြို့ကြီးများတွင် စစ်သားများအား မီးရှို့ခြင်း အလုပ်အတွက် (ဖျက်ဆီးသောအဖွဲ့) ဆို၍ တာဝန်ပေးသော်လည်း အချို့ နေရာများ၌မူ အချိန်မရသည့် လက္ခဏာဖြင့် တွေ့ရာလူများကို ခန့်ထား၍ ဓါတ်ဆီနှင့် မီးရှို့ကရိယာများ ထုတ်ပေးလေသည်။ တွေ့ရာလူဆိုသော်လည်း အများအားဖြင့် အင်္ဂလိပ်ကပြားကလေးများ ဖြစ်ကြလေသည်။ မန္တလေးမြို့၌ ဖျက်ဆီးသောအဖွဲ့ (ဒီမော်လစ်ရှင်း စကွပ်(ဒ)) စီစဉ်ရာတွင် အချို့နေရာများ၌ စစ်သားများကို စေခိုင်း၍ အချို့ နေရာ၌ သောင်းပြောင်း ပါဝင်ကြ၏။ သို့သော် အများအားဖြင့် အင်္ဂလိပ်ကပြားများ ဖြစ်၍ အားလုံး ဘောင်းဘီဝတ်များ ဖြစ်လေသည်။ ကျွန်ုပ်မှာ ကပြားကျောင်းထွက် ဖြစ်၍ ကပြားသူငယ်ချင်း အတော်များသည် အလျောက်၊ သူတို့က "ကောင်းကောင်း စားရ၍ သွားလာရန်အတွက် အလွယ်တကူနှင့် ဖေါဖေါသုံးရသော အလုပ် တစ်ခု လုပ်လိုသလော"ဟု မေးရာ ထိုအချိန်အခါတွင် တစ်ပြည် ထောင်လုံး ယောက်ယက်ခတ် ရှိနေသဖြင့် အသွားအလာ လွယ်ကူသော အလုပ်ဆိုသော ကြောင့် ကျွန်ုပ်က စုံစမ်းကြည့်၏။ သို့ရာတွင် အလုပ်သဘောကို သိရသော အခါ အမျိုးသား၏ ပစ္စည်းများကို ဖျက်ဆီးခဲ့ရမည့် အလုပ်ဖြစ်နေသဖြင့် ဆုပ်ဆိုင်းသွား၏။ နောက်ဆုံး၌ ကျွန်ုပ် စဉ်းစားမိသည်ကား "ဖျက်ဆီးသည့် အမိန့်ပေးသူက ပေးသော်လည်း၊ ဖျက်သော လူများက ဖျက်မှသာ ပျက်စီးရသည် ။ တကယ်ဖျက်မည့်သူ လူများနေရာတွင် ငါတစ်ယောက် ဝင်လုပ်ပြီး အဟုတ်တကယ် မဖျက်ဆီးဘဲ နေလိုက်လျှင် ငါတစ်ယောက်အတွက် အပျက် အစီး သက်သာတန်သလောက် သက်သာ မည်မဟုတ်ပါလော" ဟူသော မေးခွန်းသည် ကျွန်ုပ်အဖို့ အဖြေကောင်း ထွက်လာ၍ ဒီမော်လစ်ရှင်း စကွပ်(ဒ)တွင် ပါဝင် အမှုထမ်းတော့သည်။

ကျွန်ုပ်တို့၏အဖို့၌ ကပြားကလေး ၈ ယောက်အပြင်၊ ကျွန်ုပ်နှင့် ဆတ္တားဆိုသော ကုလားပါ စုစုပေါင်း ၁၀ယောက်ရှိ၏။

ကျွန်ုပ်မှာ သူငယ်ချင်းကပြား ၂ယောက်တို့၏ ထောက်ခံချက်အရ ထိုအလုပ်ကို ရရှိခြင်းဖြစ်ရာ ဆတ္တားမှုကား မည်ကဲ့သို့ ဝင်လာသည် မသိ။ သူ၏ မျက်နှာကို မြင်လိုက်ရ ကတည်းက မျက်နှာကျော မတည့်သည်နှင့် မြေမြန်းစုံစမ်းခြင်းလည်း မပြုမိချေ။ ကျွန်ုပ်တို့ အဖွဲ့သို့ စားနပ်ရိက္ခာ





အခြောက်အခြားနှင့်တကွ ရိုင်ဖယ်သေနတ်များ၊ ဓာတ်ဆီဒရမ်ကြီးများ အပ်နှင်းထား၍ မော်တော်ဘုတ်ကြီး တစ်စင်းကိုလည်း ပေးထားလေသည်။ ဓာတ်ဆီများမှာ မော်တော်ဘုတ် အတွက်သာမက ရုပ်ကွက်များကို မီးရှို့ရန် အတွက်လည်း ဖြစ်သောကြောင့် ဒရမ်ကြီး လေးငါးခြောက်လုံး ရှိပေလိမ့်မည်။ မော်တော်ဘုတ်မှာ အတော်ကြီး၍ ဝမ်းခေါင်းထဲ၌ ဓာတ်ဆီ ဒရမ်များ ထားနိုင်သည့်ပြင် အိပ်ရာလိပ်များပင် မြင်နိုင်ပေသေးသည်။

ကျွန်ုပ်တို့သည် ဓာတ်ဆီများကို လော်လီတစ်စီးပေါ်တွင် တင်လျက် ရုပ်ကွက်များသို့ လှည့်လည်ကာ မီးရှို့ကြရာ တစ်ခါတစ်ရံတွင် အဖွဲ့လိုက် အလုပ် လုပ်ကြ၍ တစ်ခါတစ်ရံတွင်လည်း ၂ ယောက်တစ်တွဲ၊ သုံးယောက် တစ်တွဲ စသည်ဖြင့် လူခွဲကာ အကြိုအကြားတို့သို့ ဝင်ရောက် မီးရှို့ကြ၏။ အဖွဲ့သားများ၏ မျက်စိအောက်၌ ကျွန်ုပ်သည် ပြောပလောက်အောင် မခိုကပ်နိုင်သော်လည်း လူခွဲ၍ လွတ်သော အခါများတွင် တတ်နိုင်သမျှ တိမ်းရှောင် ခိုကပ်သည့်ပြင် သူတို့၏ ဖျက်ဆီးခြင်း အလုပ်ကို နှောင့်နှေးကြန့်ကြာ အောင် အချိန်ဖင့်စေခြင်းအားဖြင့် ရုပ်ကွက် သက်သာအောင် ဖန်တီးခဲ့၏။ တစ်ခါက ချောင်ကျသော ရုပ်ကွက်တစ်ခုသို့ ရောက်နေစဉ် ဓာတ်ဆီ ကုန်နေသဖြင့် ကျွန်ုပ်အား လော်လီရှိရာသို့ ဓာတ်ဆီယူခဲ့ရန် စေလွှတ်လိုက်၏။ ကျွန်ုပ် လမ်းမှားခြင်းပြု၍ အလွဲလွဲ အချော်ချော် သွားနေရာတွင် ရုပ်ကွက်သားများက အဖျက်သမားများကို ဝိုင်းတွယ်ကြသဖြင့် သေနတ်များ ဟန်ပြကာ ဆုပ်ခွာခဲ့ကြရလေသည်။ တစ်ခါကလည်း ဓာတ်ဆီကား၌ အစောင့်ကျနေရစဉ် စွန့်စားသော အရပ်သား အချို့နှင့် 'ချိတ်လုပ်၍' ဓာတ်ဆီကားကို မီးရှို့ခံရအောင် စီမံခဲ့ဖူးလေသည်။

သူငယ်ချင်းကပြားကလေးများသည် ကျွန်ုပ်ကို မရိပ်မိကြသော်လည်း ဆတ္တားမှာမူကား ကျွန်ုပ်အား မသင်္ကာသည့် လက္ခဏာရှိ၏။ သို့ရာတွင် သူ့ထက် ကျွန်ုပ်က လူပေါင်းသာသောကြောင့် ကျွန်ုပ်အား မျက်နှာထား တစ်မျိုးဖြင့် ကြည့်ရုံမှတစ်ပါး ဘာမျှ မတတ်နိုင်ချေ။ ကျွန်ုပ်ကမူကား သူ့ အကြောင်းကို ရိပ်မိနေလေပြီ။ ရိပ်မိပုံကား ဆတ္တားသည် လောဘသမား တစ်ယောက်ဖြစ်၍ အလုပ် ဝတ္တရားအလျောက် ဖျက်ဆီးရုံ မဟုတ်ဘဲ အချို့ ပစ္စည်း များကို အလစ်သုတ်သည်ဟု သိရ၏။

တစ်နေ့သ၌ ကျွန်ုပ်တို့အဖွဲ့သည် ရုပ်ကွက်တစ်ခုကို မီးရှို့၍ ဓာတ် ဆီသို့ သုတ်ခြေတင်ခဲ့ကြရာတွင် လူစုမှာ ဖရိုဖရဲနှင့် တစ်ကွဲစီ ဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကားဆီသို့ အပြေးအလွှား လာခဲ့ရာတွင် ဆတ္တားနှင့် မိန်းမကြီး တစ်ယောက်သည် သံမဏိဖြင့် လုပ်ထားသည့် ကဲ(ရှ)ဘော့(စ်)ခေါ် ငွေသေတ္တာ တစ်လုံးကို လုနေကြကြောင်း တွေ့မြင်ရ၏။ ယောကျ်ားနှင့် မိန်းမ ဖြစ်သော်ငြားလည်း မိန်းမကြီးသည် ငွေသေတ္တာကို အသက်တစ်မျှ တွယ်ဖက်၍ သံကွင်းထဲသို့ လက်လျှိုထားသောကြောင့် ဆတ္တားမှာ နိုင်အောင်လုနိုင်သော်လည်း သေတ္တာတွင်မက မိန်းမကြီးပါ တန်းလန်းပါလျက် ရှိ၏။ ဤတွင် ကျွန်ုပ်ရောက်သွား၍ . . .

"ဟေ့ . . . ဆတ္တား၊ လွှတ်လိုက်ကွ"

ဟု ဟစ်အော်လိုက်ရာ ဆတ္တားက . . .

"ဂိုးရွှာဟဲလ်"

ဟု ကျွန်ုပ် ဘက်သို့ လှည့်အော်သော်လည်း သေတ္တာကို မလွှတ်ချေ။ ထိုအခါ ကျွန်ုပ်က ဆတ္တား၏ လက်နှစ်ဘက်ကို သေတ္တာမှ လွှတ်ထွက်အောင် ဖျဉ်ပေးလိုက်သဖြင့် မိန်းမကြီးလည်း ဝမ်းမြောက်ဝမ်းသာ ယူပြေးလေ၏။

ကျွန်ုပ်အား အင်္ကျီဝတ်လျက်သား မြင်ရဖူးသော လူများသည် ကျွန်ုပ်၏ ကာယဗလနှင့် ပတ်သက်၍ အထင်မကြီးတတ်ပေ။ ဆတ္တားမှာ ကျွန်ုပ်အား ကာကီစပို့ရှပ်ကလေးဖြင့်သာ မြင်ဖူး၍ ကဂူဇာဝိတ်ချန်ပီယံ ဖလားရဖူးခြင်းကိုလည်း မကြားဖူးရကား ကျွန်ုပ်ကို အခြောက်ထင်၍ နားထင်ကို လက်သီးဖြင့် ကော်သပ်လိုက်၏။ သူ၏ ဗလမှာ မညံ့သဖြင့် ကျွန်ုပ်၏ ဦးခေါင်းမှာ တစ်ဖက်သို့ စောင်းသွားပါ၏။ ထိုကဲ့သို့ ထိသွားခြင်းမှာလည်း ကျွန်ုပ်အား ဤကဲ့သို့ ပြုဝံ့လိမ့်မည် မထင်မိသဖြင့် အမှတ်မဲ့ နေလိုက်မိသောကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်ကား သွေးပူလာခဲ့လေပြီ။ ဆတ္တားသည် ဘောက်ဆင်ထိုးဖူးသည့် လက္ခဏာဖြင့် ညာလက်သီး သွင်းပြီးသည်နောက် ၊ ဘယ်လက်သီး တစ်လုံး သွင်းဦးမည်ဟု ခြေလှမ်း ပြင်လိုက်သေးရာ ကျွန်ုပ်သည် သူ၏လက်သီးကို အရေးလုပ်၍ တိမ်းရှောင်မနေတော့ဘဲ ကျွန်ုပ် ခံရသော နေရာ နားထင်ဆီသို့ ဝိုက်၍ လက်သီးတစ်လုံး ကြဲသွင်းလိုက်၏။ လက်သီးနှစ်လုံးတို့သည် ညီမှန်းသော နေရာသို့အသီးသီး ထိကြ၏။ ကျွန်ုပ်မှာ သူ၏ ဘယ်လက်သီးကြောင့် စောင်းသွားသော လည်ပင်းသည် တစ်ဖန် တည့်သွားရုံပြင် မရှိတော့ချေ။ ဆတ္တားမှုကား ကျွန်ုပ်၏ ညာလက်သီးကြောင့် မြေကြီးပေါ်တွင် သုံးပတ်တိတိ လည်ပြီးမှ နှာခေါင်းဖြင့် မြေကြီးကို နမ်း လေတော့သည်။





ဆတ္တားလည်း ချက်ချင်းပင် ထလာ၍ ခါးမှ ခြောက်လုံးပြူးကို ဆွဲထုတ်သေး၏။ သို့ရာတွင် အချိန်ကြာလွန်းလှသည် ဆို၍ ကျွန်ုပ်တို့ကို လိုက်ရှာနေသော အဖွဲ့သားများ ရောက်လာကြ၍ ဖျန်ဖြေကြသည်နှင့် ရန်ငြိမ်းပြီးသွားတော့သည်။

ဆတ္တားသည် ထိုနေ့မှစ၍ ကျွန်ုပ်အပေါ်၌ မကြေမချမ်းနိုင်သော အမူအရာများ ဖော်ပြ၏။ သို့ရာတွင် ကျွန်ုပ်တို့၏ အလုပ်မှာ ကတိုက်ကရိုက်နှင့် အချိန်တိုတောင်းသောကြောင့်၊ လက်တုံ့ပြန်ခွင့် မရခဲ့ချေ။ အချိန်မရ ဆိုခြင်းမှာ ကျွန်ုပ်၏ အထင်မျှသာဖြစ်၍ ဆတ္တားကမူကား မရရအောင် ယူလိုက်ချေသေးသည်။ ယူပုံကား ဤသို့ပေတည်း။

ကျွန်ုပ်တို့ လူစုသည် ဂေါဝိန်ဆိပ်ကမ်းတွင် မော်တော်ဘုတ်ဆိုက်ကပ်၍ တစ်ညဉ့်လျှင် ၄ ယောက်ကျစီ မော်တော်ဘုတ်တွင် စောင့်အိပ်ရသော ထုံးစံအတိုင်း တစ်ညသ၌ ဆတ္တား၊ ကျွန်ုပ် ဂျော်ဂျီမော်ဂင်နှင့် ဝီလျံဆောင်းဒါးတို့သည် မော်တော်ဘုတ်ထဲတွင် အိပ်ရ၍ ကျန်လူများကား မြို့ထဲတွင် အိပ်ကြရာ အိပ်နိုင်ကြလေသည်။ မော်တော်ဘုတ်မှာ အတော်ကြီးသဖြင့် ပုံပိုင်း၌ ကျွန်ုပ်နှင့် ဆတ္တားတို့ အိပ်၍၊ ဦးပိုင်း၌ မော်ဂင်နှင့် ဆောင်းဒါးတို့ အိပ်ကြ၏။ ကျွန်ုပ်နှင့် ဆတ္တားတို့ ရန်ဖြစ်ထားခြင်းကို အဖော်နှစ်ယောက်တို့ သိကြသော်လည်း တစ်ဖွဲ့တည်းတွင် ရန်သူ မရှိစေရ၊ မိတ်ဆွေချည်း ဖြစ်စေရမည်ဟု သဘောထားသည့်ပြင်၊ ကပြားအချင်းချင်းအတူ အိပ်ချင်ကြသည်နှင့် ဤသို့ နှစ်ယောက်စီ ခွဲလိုက်ခြင်း ဖြစ်လေသည်။

ဆတ္တားမှာလည်း အိန္ဒိယတိုင်းသား ကုလားလူမျိုးများ အနက်တွင် လူညံ့ တစ်ယောက် မဟုတ်၊ ဂိုက်ဆိုက် ကောင်းလှ၍ ဗိုလ်ဟန် ဖမ်းနေသူ တစ်ယောက် ဖြစ်၏။ ထို့ကြောင့်လည်း ဗိုလ်ကပြားကလေးများသာ လုပ်ကြရသော ဤအဖွဲ့သို့ ဝင်လာနိုင်ခြင်း ဖြစ်လေသည်။ မည်သူ့ကို ကပ်၍ မည်သူ့မျက်နှာနှင့် အလုပ်ရသည်ကိုမူ ကျွန်ုပ် မပြောနိုင်ပေ။

ထိုည၌ ဆတ္တားသည် ကျွန်ုပ်နှင့် သတ်ပုတ်ခဲ့ကြသော အခြင်းကို အမှတ်မထားသည့် လက္ခဏာဖြင့် ကျွန်ုပ်အား စတင်စကားပြောရာ ကျွန်ုပ်မှာလည်း ရန်ငြိုးဖွဲ့ရန် ဝါသနာမပါသည့် အလျောက် သူကလျော့လျှင် လျော့သလောက် လိုက်လျော ပြောဆိုခဲ့လေသည်။ ကင်းစောင့်ရသော တာဝန်မှာ လူလေးယောက် အနက် တစ်ယောက်လျှင် ၃ နာရီမျှစီ အလှည့်ကျပေရာ မိမိ၏တာဝန် ပြီးစီးသည့်နောက်တွင် နောက်လူကို နှိုး၍ အလှည့်ပေးရန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

ကျွန်ုပ်၏ အလှည့်မှာ ၉ နာရီမှ ၁၂ နာရီအထိ ဖြစ်၍ ကျွန်ုပ်သည် ယင်းအခါများ၌ ကမ်းနားတစ်လျှောက်တွင် လှေသမ္ဗာန်နှင့် ဆိပ်ခံ သမ္ဗာန်ကြီးများ စီတန်းကာ စည်စည်ကားကား ရှိ၍ ကမ်းပေါ်တွင်လည်း လက်ဖက်ရည်ဆိုင်များ ဓာတ်မီးရောင် တဝင်းဝင်း ရှိဖူးခဲ့ခြင်းနှင့် တစ်လျှောက်လုံး မဲမှောင်နေသောထိုညတို့၏ ထူးခြားပုံကို သတိရသဖြင့် အဖြစ်အပျက်ကို စဉ်းစားရင်း မြစ်လယ်၌ မီးရောင်ကလေး လက်ကနဲ မြင်လိုက်ရ၏။ ကျွန်ုပ်သည် ဝဋ္ဋရှားအတိုင်း သေနတ်ကို ကောက်ယူ၍ မီးရောင်လက်ဖူးသော နေရာသို့ မျှော်ကြည့်ပါသော်လည်း နောက်ထပ်လည်း မမြင်၊ ဘာသံမျှလည်း မကြားရ။ မော်တော်ဘုတ်ရှိသော နေရာနှင့်လည်း အတော်ကွာလှမ်းသောကြောင့် ခပ်ပေါ့ပေါ့ပင် နေလိုက်မိတော့သည်။

များမကြာမီ ၁၂–နာရီ ထိုးသည်နှင့် ကျွန်ုပ်သည် ဆတ္တားကို နှိုး၍ အလှည့်ပေးပြီးလျှင် အိပ်ရာသို့ ဝင်ခဲ့လေသည်။ မြစ်လယ်၌ မီးရောင် လက်ခနဲ မြင်လိုက်ရခြင်း အကြောင်းကို ဆတ္တားအား ပြောပြသေး၏။ ဆတ္တားမှာ ဆတ်ခနဲ ဖြစ်သွားပြီးမှ ကိုယ့်ကိုယ်ကိုယ် ဘရိတ်အုပ်လိုက် သကဲ့သို့ ငြိမ်သွားသည်ဟု နောင်အခါတွင်မှ ပြန်လည်သတိရမိတော့သည်။ ထိုစဉ်ကမူ အရေးလုပ်လောက်ဟု အောက်မေ့၍ အိပ်ရာသို့သာ ဝင်ခဲ့လေသည်။

ကင်းစောင့်ရသော အလုပ်မှာ အလုပ်တကာတို့တွင် ငြီးငွေ့ဖွယ်ကောင်းဆုံး တစ်ခုဖြစ်၍ ကျွန်ုပ်သည် အိပ်ရာသို့ဝင်ပြီးသည့် နောက် ၁၀ နစ်ခန့်မျှ ကြာမည်မထင် အိပ်ပျော်သွားတော့သည်။ အသက်ရှူကြပ်သည်နှင့် းလာ၍ မျက်စိ ဖွင့်ကြည့်လိုက်ရာတွင် လူတစ်ယောက်သည် ရင်ဝပေါ်၌ းထောက်၍ အခြားတစ်ယောက်က ပါးစပ်ထဲသို့ အဝတ်ဆို့ပြီးလျှင် အခြားများက ခြေထောက်နှင့် လက်များကို ချည်တုပ်နေကြတော့သည်။ ကျွန်ုပ်က ဘ်တရက် ကုန်းထမည်ဟု ဆတ်ခနဲ ဖြစ်သွား သည်တွင် မျက်လုံးအနီးသို့ းမြောင် တစ်လက် ရောက်လာသည်ကို လက်ခနဲ မြင်လိုက်ရ၍၊ "မလှုပ်နဲ့၊ သက်ပြတ်သွားမယ်"ဟု အင်္ဂလိပ်လို ပြောသံကြားလိုက်ရ၏။ အသံမှာ ္တားး၏ အသံဖြစ်လေသည်။

ထိုအချိန်တွင် ကျွန်ုပ်၏ ခြေလက်များမှ မြဲမြဲကြပ်တည်းစွာ ချည်တုပ်ခြင်း၍ ပါးစပ်တွင်လည်း ပြည့်ကြပ်အောင် အဝတ်များဆို့သွင်း ပြီးနေသော ကြောင့် ကျွန်ုပ်မှာ မည်သို့မျှ မတတ်နိုင်ဘဲ အကဲခတ်နေရတော့သည်။ မော်တော်





ဘုတ်ပေါ်၌ လှုပ်ရှားသွားလာလျက် ရှိသော လူများ၏ အလုံးအရပ်နှင့် ကိုယ်ဟန် အမူအရာတို့ကို ကြည့်ရခြင်းအားဖြင့် ဂျပန်များဖြစ်သည်ဟု ကျွန်ုပ် သိရသည်နှင့် တစ်ပြိုင်နက် ၊ ဆတ္တားမှာ ဂျပန်သူလျှို ဖြစ်သည်ဟု စဉ်းစားမိတော့သည်။ စင်စစ်မှာ ဂျပန်များသည် ကျွန်ုပ်တို့ဘက်မှ မသိစေရအောင် မြို့တွင်းသို့ ဝင်လာ၍ ဆတ္တား၏ အကူအညီဖြင့် ကျွန်ုပ်တို့၏ မော်တော်ဘုတ်ကို သိမ်းလိုက်ပြီးလေပြီ။

နောက်တစ်ခဏ၌ ဦးပိုင်းဆီမှ အွတ်ခနဲ အုတ်ခနဲ အော်မြည်သံကြားရ၍ မြစ်ထဲသို့ ဝုန်းခနဲ ဝုန်းခနဲ ကန်ချလိုက်သော အသံများကို ကြားရသဖြင့် "မော်ဂင်နှင့် ဆောင်းဒါးတို့ သွားရှာကြပြီ"ဟု ကျွန်ုပ် တွေးနိုင်၏။ ကျွန်ုပ်ကို ချည်တုပ်ထားခြင်းမှတပါး မည်သို့မျှမပြုမလုပ်ချေ။ မည်သို့သော အကြောင်းကြောင့်ပေနည်း။

ဤပြဿနာကို ဆတ္တားကပင် ကျွန်ုပ်အဖို့ ရှင်းလင်းပေးသည်။ ဂျပန်များလည်း မော်တော်ဘုတ်ထဲသို့ ဆင်း၍ ယမ်းတောင့်များ၊ ရိက္ခာများနှင့် လက်နက်များကို စစ်ဆေးကြည့်ရှုလျက် ရှိစဉ်၊ ဆတ္တားသည် ကျွန်ုပ် အနီးတွင် ထိုင်၍ အခံခက်အောင် ဆွပေးလေသည်။

"ခွေးမသား အော်ဟီတ်ဆိုတာ မင်းမဟုတ်လားကွ၊ ရန်ဖြစ်တုန်းက ငါမသိဘူး။ ဒီနောက်မှ မေးကြည့်လို့ ငါသိရတယ်။ မင်းက လူစွမ်းကောင်းဟီးရိုး တစ်ယောက်ဆို၊ မိန်လိုက်တာကွာ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင် ပစ်တယ်ဆိုတဲ့ စကားပုံလို ဖြစ်နေပြီကော၊ မင်းတို့ရဲ့ မော်တော်ဘုတ်နဲ့ ပစ္စည်းတွေအတွက် ဂျပန်ဆီက ငွေလဲရသေး၊ မင်းကိုလဲ လက်စားချေရသေး၊ ဟား–ဟား နေရာကျလိုက်တာ၊ ဟီး–ဟီး–ဟီး၊ ဟိုခွေးကပြား နှစ်ကောင်တော့ မြစ်ထဲကန်ချလိုက်ပြီ၊ မင့်ကိုတော့ တစ်နည်းနဲ့ သတ်ရမယ်၊ မင်းက သံတ္တိကောင်းတဲ့ လူစွမ်းကောင်း ဆိုကိုးကွ၊ မင်းသတ္တိ ဘယ်လောက်များ ကောင်းသလဲ၊ ငါလိုက်ကြည့်စမ်းချင်ပါဘိကွာ၊ ရှိပါစေတော့လေ၊ လုံလုံခြုံခြုံ၊ အေးအေး ဆေးဆေးရှိတဲ့နေရာမှာနေပြီး အတွေးနဲ့ပဲ အရသာခံပါတော့မယ်"

ဆတ္တား ပြောစကားများအနက် ကျွန်ုပ်သည် ပထမပိုင်းကို နားလည်သော်လည်း အတွေးနှင့် အရသာခံတော့မည် ဆိုသော ဒုတိယပိုင်း စကားများကို ထိုအချိန်၌ ကျွန်ုပ် နားမလည်သေးချေ။

"ဆတ္တားကွ၊ ဆတ္တား၊ သိရဲ့လား၊ ငါ့ကို ပါးစပ်နဲ့ စော်ကားရင်တောင် ဓားနဲ့ ထိုးသတ်ခဲ့တဲ့ကောင်ကွ၊ မင်းက ငါ့နားထင်ကို တက်သီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထိုးဝံ့တဲ့ကောင်ကိုးကွ၊ ဓားနဲ့ တစ်ချက်ထိုးပြီး တစ်ချက်တည်းနဲ့ သေသွားတဲ့ သတ်နည်းမျိုးလောက်ကို ငါမကျေနပ်နိုင်ဘူးကွ၊ စိတ်တင်းတဲ့ ဓော်ဟိတ် ဆိုလို့ မင့်စိတ်ဟာ ဘယ်လောက်များ တင်းနိုင်မလဲဆိုတာ ငါစမ်းကြည့်ချင် တယ်။ ဟီး–ဟီး–ဟီး၊ ကိုယ်တိုင်လိုက်ကြည့်ရ၊ ဘယ်လောက်များ ဖိမ်ရှိမလဲကွယ်၊ မျက်လုံးတွေ ပြူးထွက်တာ ငါလိုက်ကြည့်စမ်းချင်ပါဘိကွာ"

ဆတ္တားသည် ကျွန်ုပ်အားသတ်ဖို့ အစီအစဥ် လုပ်ထားသည်ဟု နားလည်သော်လည်း မည်သို့သော နည်းဖြင့် သတ်လိမ့်မည် ဟူ၍ကား စဥ်းစား၍ မရနိုင်ဘဲ ရှိတော့သည်။ ဆတ္တားက ခနဲ့နေသော စကားများကို ကျွန်ုပ် က ပြန်၍ ချေလိုသော်လည်း ပါးစပ်တွင် အဝတ်ဆို့ထားသောကြောင့် မည်သို့ မျှ မတုံ့တက်နိုင်ချေ။

မကြာမီ ဂျပန်တစ်ယောက်သည် ဆတ္တားအနီးသို့ ရောက်လာ၍ အချက်ပေးသည်တွင် ဆတ္တားက ဂျပန်အား စကား တိုးတိုးပြော၏။ ပထမ၌ ဂျပန်သည် ငြင်းဆန်မည့်ဟန် ပြင်သော်လည်း၊ နောက်ဆုံး၌ ကျွန်ုပ်ဘက်သို့ လှည့်ကာ "ခင်ဗျားသဘောအတိုင်းပါပဲ"ဟု အင်္ဂလိပ်လို ပြန်ပြောလိုက်၏။ ထို့နောက် ဂျပန် ၂ ယောက် ရောက်လာ၍ ပထမ ဂျပန်၏ အမိန့်အတိုင်း လိုက်နာကြဟန် တူလေသည်။ ဂျပန် ၂ ယောက်သည် "ကင့်ကော့" ပေါ်၌ တုပ်နှောင်ကာ တင်ထားသော ကျွန်ုပ်အား ကင့်ကော့ပါချီယူ၍ မော်တော် ဘုတ်ပေါ်မှ လောင်းလှေကလေး တစ်စင်းပေါ်သို့ ရွှေ့ပြောင်းကြရာ၊ ဆတ္တား လည်း ထပ်ကြပ်မကွာ လိုက်ပါလာလေသည်။ ကျွန်ုပ်မှာ ခြေရော လက်ပါ ကင့်(ပ)ကော့နှင့် ပူးကပ် ချည်တုပ်ထားသောကြောင့် မည်သို့မျှ မကန့်ကွက် နိုင်ဘဲ အသေကောင်ကဲ့သို့ ခံနေရလေသည်။ ကျွန်ုပ်အား မည်ကဲ့သို့ အကြံ အစည်ရှိသည်ဟု တွေး၍လည်း မရ။ မေးရန်လည်း မဖြစ်နိုင်သဖြင့် အကဲ ခတ်၍သာ နေရတော့သည်။

ဤအကြောင်းအရာများကို မှတ်တမ်းအဖြစ်နှင့် ရေးသားရခြင်း သည်ပင်လျှင် ကြက်သီးထမိတော့သည်။ ကျွန်ုပ်ကား အလွယ်တကူနှင့် ကြောက်တတ်သော လူတစ်ယောက် မဟုတ်ကြောင်းကို စာဖတ်သူတို့ သိ လောက်ကောင်းပါပြီ။

လောင်းလှေကလေးထဲသို့ ရောက်ကြသောအခါ ဂျပန် ၂ ယောက် တို့သည် ကျွန်ုပ်ကို လှေပေါ်တွင် အလျားလိုက် ချထား၍ ထွက်သွားသဖြင့် ဆတ္တား တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ ဆတ္တား၏ မျက်နှာမှာ ရက်စက်





ကြမ်းကြုတ်သူ တစ်ယောက် အလိုပြည့်နေခြင်းကဲ့သို့ တပြုံးပြုံးရှိ၍ နှလုံး နာဖွယ် ကောင်းပါတော့သည်။

ဂျပန် ၂ ယောက် ဆင်းသွားကြသည့်နောက် ဆတ္တားသည် အောက် ပါအတိုင်း ပြင်ဆင်လေ၏။ ရှေးဦးစွာ ဆတ္တားသည် လေးဂါလံ ဝင်သော ဓာတ်ဆီပုံး တစ်ပုံးကို ကျွန်ုပ်၏ ဦးခေါင်းရင်းဘက်၌ ချထား၍ အုန်းဆံကြိုး တစ်ချောင်းကို ဓာတ်ဆီများဆွတ်ပါသည်။ လောင်းလှေမှာ ပေါင်းမိုးပါရှိ၍ အတွင်းသို့ ဝင်လာသော လေကြောင့် ဖယောင်းတိုင်မီးမှာ အနည်းငယ်မျှသာ လှုပ်ရှား၏။ သို့ရာတွင် မှန်သော်လည်း အတွင်း၌ကား လေငြိမ်သက်နေသဖြင့် မီးတောက်သည် တည်ငြိမ်စွာ လောင်နေ၏။ နောက်ဆုံး၌ ဆတ္တားသည် ဓာတ်ဆီဆွတ်ထားသော အုန်းဆံကြိုး တစ်စကို ဓာတ်ဆီပုံးထဲသို့ ထိုးသွင်း၍ အခြားသော အစကို ဖယောင်းတိုင်၏ အောက်ပိုင်း၌ ချည်ထားလေသည်။

ဤအခြင်းအရာများကို မြင်ရသောအခါ ကျွန်ုပ်သည် ဆတ္တား၏ အကြံအစည်ကို ရိပ်မိ၍ တစ်ကိုယ်လုံးတွင် ချွေးများကျလာပါသည်။ ကျွန်ုပ် အကြောင်းကို ဖတ်ခဲ့ရသူ သိကြမည်ဖြစ်သည့်အတိုင်း တစ်ယောက်နှင့် သုံးယောက် လေးယောက်ဖြစ်စေ၊ တတ်နိုင်လျှင် တစ်ကျိတ်ဖြစ်စေ၊ ကိုယ့် ထက်ကြီး၍ ဆင်လောက် အားကောင်းသည် ဖြစ်စေ၊ ရင်ဆိုင်တိုက်ရလျှင် အားမလျှော့တန်းတိုက်၍၊ အမှားမရှိစေရံသာမက အခွင့်အရေးရသမျှ ယူတတ် သော်လည်း ယခုကဲ့သို့ ငြိမ်ငြိမ်နေ၍ အသေခံရသော နည်းမျိုးမှုကား ကျွန်ုပ် ဝါသနာ မပါသဖြင့် တုန်လှုပ်မိပါသည်။

သူ၏ အကြံအစည်ကား ဖယောင်းတိုင်ကို မီးလောင်ကျွမ်း၍ ကြိုးချည်ထားသော နေရာသို့ ရောက်သောအခါ ကြိုးသို့ မီးကူးပြီးလျှင် ဓာတ် ဆီပုံးဆီသို့ လျှောက်လောင်သွား၍၊ နောက်ဆုံးတွင် ဓာတ်ဆီပုံးပါ လောင် စေရန် ဖြစ်လေသည်။ ဓာတ်ဆီမည်သည် မီးနှင့် တိုက်ရိုက် တွေ့ရ သောအခါ ပေါက်ကွဲတတ်သည်ဟု ပြောကြပါသည်။ ပြောကြသည့်အတိုင်း ပေါက်ကွဲ၍ ဖြစ်စေ၊ တောက်လောင်သည် ဖြစ်စေ၊ ကျွန်ုပ် အဖို့မှာ မီးလောင်၍ သေရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ပါ။

အလုံးစုံ ပြင်ဆင်ပြီးသောအခါ ဆတ္တားသည် ကျွန်ုပ်၏ ခြေလက်နှင့် ကိုယ်တွင် ချည်တုပ်ထားသော ကြိုးများကို သေချာစွာ ကြည့်၍ အထုံးများ မြဲခိုင်ခြင်းကို တွေ့ရပြီးနောက် ကျွန်ုပ်၏ မျက်နှာအနီးသို့ ကပ်လျက် "ဗွဒ်ဘိုင်ဓော်ဟိတ်"ဟု နှုတ်ဆက်ကာ ထွက်သွားပါသည်။ ကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာ စဉ်းစားနေရာမှ လောင်းလှေ၏ လှုပ်ရှားသော အခြင်းအရာနှင့် ဖယောင်းတိုင် မီးတောက်၏ ဂဏှာမငြိမ်သော အဖြစ်ကို မြင်ရခြင်းအားဖြင့် ဆတ္တွားသည် လောင်းလှေကို ဆိပ်ကမ်းမှ ဖြုတ်၍ ရေကြောင်းဆီသို့ ထိုး မျှော်လိုက်ခြင်း ဖြစ်သည်ဟု ရိပ်မိပါသည်။ မကြာမီ မော်တော်ဘုတ်မှာ ဆက်နှိုးသံ ကြားရ၍ ကျွန်ုပ်အနီးမှ ကပ်ခုတ်သွားပြီးလျှင် ဆတ္တွား၏ အသံဖြင့် "သွားပေတော့ ဇော်ဟိုတ် ချောမောပါစေကွယ်"ဟု ပြောင်လှောင် ကာ နှုတ်ဆက်သွားသည်ကို ကြားလိုက်ရပါသေးသည်။

ကျွန်ုပ်၏ အခြေအနေကား ဤသို့ပေတည်း။ လောင်းလှေကလေးသည် မြစ်ကြောင်း၌ မျောပါလျက်ရှိရာ အခြားသောကာလများ၌ ဆိပ်ကမ်း တစ်လျှောက်တွင် ပြည့်နှက်နေသည့် လှေ၊ သမ္ဗာန်၊ သင်္ဘောများနှင့် တိုးဝင်ဖို့ ရှိသော်လည်း ယခုမှာမူ တစ်လျှောက်လုံး ရှင်းလင်းနေသောကြောင့်၊ ရေကြောင်းအတိုင်း အလျားလိုက် မျောပါဖို့သာ ရှိလေသည်။ ကျွန်ုပ်၌ ချည်နှောင်ထားသော ကြိုးများမှာ အလွန်ခိုင်မြဲသောကြောင့် ဖြေရန်လည်း မတတ်နိုင်၊ ရုန်းကန်ဖြုတ်တောက်ရန်လည်း မဖြစ်နိုင်ချေ။ ဖြစ်တော့မည့် လမ်းစဉ်ကား ဖယောင်းတိုင်သည် တဖြည်းဖြည်း လောင်ကျွမ်း၍ ကြိုးချည်ထားသော နေရာသို့ ရောက်သောအခါ မီးတောက်သည် ကြိုးကလျှောက်သွား၍ ဓာတ်ဆီပုံးသို့ ရောက်ရမည် ဧကန်ဖြစ်လေသည်။ ဖယောင်းတိုင်မှာ ပထမ၌ အသစ်အရှည်ဖြစ်၍၊ တစ်မိုက်ခန့် ရှိသော်လည်း ယခုမှာ လက်သုံးသစ်ခန့် လောင်ကျွမ်းပြီးသဖြင့် ကြိုးချည်ထားသော နေရာနှင့် လေးသစ်ခန့်မျှသာ ကွာပေတော့သည်။ ကျွန်ုပ်၏ ခန့်မှန်းခြေအရ ထိုနေရာသို့ရောက်ရန်မှာ တစ်နာရီခန့်မျှ ကြာလိမ့်မည်ဖြစ်၍ ကျွန်ုပ်၏ သက်တမ်းသည် တစ်နာရီခန့်မျှသာ ရှိသည်ဟု ဆိုနိုင်ပေသည်။ ကျွန်ုပ်သည် တစ်နာရီကို မည်သည့် နည်းနှင့် ခံနိုင်ပါမည်နည်း။ ခံရပါမည်နည်း။ လွတ်နိုင်သော နည်းလမ်းမရှိ ဆိုလျှင် မြန်မြန် ကိစ္စပြီးနိုင်သော နည်းလမ်း မရှိလေသလော။

လူ၏စိတ်သည် အလွန် ဆန်းကြယ်၏။ မြန်မြန်သေ၍ မြန်မြန် ကိစ္စပြီးချင်သည်လည်း မှန်၏။ သို့ရာတွင် အုန်းဆံကြိုး ချည်ထားသော နေရာသို့ မီးတောက်ရောက်ဖို့ မည်မျှလောက် လိုချေသေးသနည်း ဆို၍ ဖယောင်းတိုင်ကို လှမ်းကြည့်လိုက်ရသည်မှာလည်း အမောကြီး ဖြစ်နေတော့သည်။

ဆတ္တွားတို့ ထွက်သွားပြီးသည်နှင့် တစ်ပြိုင်နက်၊ ကျွန်ုပ်၏ ဦးစွာသော အလုပ်မှာ လက်၊ ခြေ၊ ကိုယ် စသည်တို့၌ ချည်ထားသော ကြိုးများမှ





လွတ်အောင် တတ်နိုင်သမျှ ရုန်းကန်ရခြင်း ဖြစ်လေသည်။ ကြိုးမှာ မနီလာ ရော်ကြိုးဖြစ်၍ အလွန်ခိုင်ခန့်သောကြောင့် ပြတ်ဖို့ဝေးစွ၊ ကျွန်ုပ် ညှစ်ရုန်း ကန်သည့် အတိုင်း၊ ကျွန်ုပ်၏ အသားထဲသို့ နစ်ဝင်သွားသောကြောင့် စုတ်ပြတ်သော အရေများမှ သွေးများ ယိုစီးကျလာတော့သည်။ ကြိုးမပြတ်နိုင်ဟု ကျေနပ်သောအခါ၌ ကျွန်ုပ်သည် ကင့်(ပ)ကော့ရော လူပါ ကျွတ်ထွက် အောင် တစ်နည်း ကြိုးစားသေး၏။ သို့ရာတွင် ကျွန်ုပ်၏ ရုန်းကန်ခြင်းများသည် အချည်းနှီးဖြစ်ရတော့သည်။ ထိုကဲ့သို့ တစ်ချီတစ်ချီ ရုန်းလိုက်သည့် အခါတိုင်း ပင်ပန်း၍ အားကုန်သွားသည့်အတွက် တစ်တုံတစ်တုံ အနားယူရပြန်လေသည်။ အနားယူပါသော်လည်း ရုတ်တရက် အမောမပြေ၊ ပါးစပ်တွင် အဝတ်ဆို့ထားသည့် အတွက်ကြောင့်၊ နှာခေါင်းဖြင့်သာ ရှူနိုင်သဖြင့် လေကိုဝအောင် မရှူကိုက်နိုင်ချေ။ ထို့ကြောင့် တစ်ချီရုန်း၍ မောပြီးလျှင် အတန်ကြာ အမောဖြေရလေသည်။

တတ်နိုင်သလောက် တစ်ချီတစ်ဖွဲ့ ရုန်းကန်ပြီးသည်နောက်၊ ကျွန်ုပ်သည် အမောဖြေလျက်ရှိစဉ် ကျွန်ုပ်၏ မျက်လုံးများကား ဖယောင်းတိုင်မှ လွဲ၍ မည်သည့်နေရာကိုမျှ လှမ်းကြည့်ရန် မဝံ့ပါ။ ပတ်ချည်ထားသော ကြိုးဆီသို့ မီးတောက် ရောက်သွားမည်ကို တကြည့်တည်း စိုက်၍ ကြည့်နေမိပါတော့သည်။ ယင်းသို့ ကြည့်နေစဉ် အကြံတစ်ခု ပေါ်လာ၍ ဖယောင်းတိုင်ကို နှာခေါင်းပေါက်မှ မှုတ်ငြိမ်းဖို့ ကြိုးစားသေး၏။ ဖယောင်းတိုင် ထွန်းထားသည့် မုန့်သေတ္တာပုံးမှာ ကျွန်ုပ်နှင့် အလွန်ကြီး မဝေးသောကြောင့် ပါးစပ်ဖြင့် အားကုန် ညှစ်ထုတ်ကာ မှုတ်ရပါလျှင် ငြိမ်းလောက်ရာရှိပါ၏။ ယခုမှာ နှာခေါင်းပေါက်မှ မှုတ်ရခြင်း ဖြစ်သောကြောင့် မီးတောက်ကလေးမှာ မဆိုသလောက် လှုပ်ရှားရုံမှတစ်ပါး ထူးခြားခြင်း မရှိချေ။ တစ်ခါတစ်ရံတွင် မီးတောက်သည် အလိုအလျောက် ယိမ်းယိုင်လှုပ်ရှားသည်ကို မြင်ရ၍ စဉ်းစား ကြည့်ရာ လှေသည် တည့်တည့် မမျောဘဲ ချာလပတ်လည်၍ ပေါင်းမိုးထဲသို့ လေကြောင်းအတိုင်း စွပ်ဝင်လာသောအခါများတွင် မီးတောက်လှုပ်သွားခြင်း ဖြစ်သည်ဟု သိရပါသည်။ အကယ်၍ လေခပ်ပြင်းပြင်းတိုက်၍ လေကြောင်း ဖြောင့်ဖြူးပါမူ မီးတောက် ငြိမ်းလောက်ပါ၏လောဟု တွေးတော မျှော်လင့် မိ၏။ သို့ရာတွင် မုန့်သေတ္တာပုံး ကွယ်ထားသည့်အတွက်ကြောင့် ငြိမ်း လောက်အောင် လောင်ရန် မဖြစ်နိုင်ဟု အားလျှော့မိပါသည်။ သို့တွင် နှာ ခေါင်းဖြင့် မှုတ်ငြိမ်းဖို့ တစ်ဖန် ကြိုးစားပြန်ရာ၊ လေကုန်၍ မောဟိုက်လာသည်



www.burmeseclassic.com

www.burmeseclassic.com



တွင်မှ ရုပ်နားရပြန်ပါသည်။ ထိုအတောအတွင်း၌ ဆတ္တွားတို့၏ မော်တော်ဘုတ်ခုတ်သံသည် လေသင့် အလျှောက် တစ်ချက် တစ်ချက်တွင် ပေါ်လာ၍ နောက်ဆုံးတွင် တစ်ခါတည်း ပျောက်သွားပါတော့သည်။

ကျွန်ုပ်၏ မျက်လုံးများသည် ဖယောင်းတိုင်မှ တစ်ခဏမျှ ခွာသည် မရှိဘဲ တစိုက်တည်းစိုက်လျက် ကြည့်နေစဉ် ဖယောင်းတိုင်းမှ လောင်ကျွမ်းပြီးသော မီးဖာ၏ပြာသည် အတောင့်ကလေးဖြစ်၍ ရှည်သည်ထက် ရှည်ထွက်လာသည်ကို တွေ့ရသဖြင့် စိတ်ထဲ၌ စိုးရိမ်ပူပန်ခြင်း တစ်ရပ် ဖြစ်ပေါ်လာ၏။ လောင်ကျွမ်းပြီးကာစ ဖြစ်သော မီးဖာသည် တစ်ခဏ၌ မီးခဲကလေးကဲ့သို့ ရဲရဲနီလျက်ရှိရာ မီးဖာသည် မီးတောက်ထဲမှ ကြွေထွက်၍ အုန်းဆံကြိုးပေါ်သို့ မီးကူး၍ တောက်လျှောက် တောက်လောင်ပြီးလျှင် ဓာတ်ဆီပုံးကို ပေါက်ကွဲစေနိုင်သည်ဟု စဉ်းစားမိသောကြောင့် ဖြစ်ပါသည်။ ယင်းသို့ဆိုလျှင် ကျွန်ုပ်၏ သက်တမ်းသည် ဖယောင်းတိုင် နှစ်လက်မ မဟုတ်တော့ဘဲ လိုချင်သလောက် လိုနိုင်သည်ဟု တွက်ချက်မိပါသည်။ "မြန် မြန်သေလျှင် ပြီးတာပဲ" ဟု ပါးစပ်က ပြောတတ်ကြသော်လည်း လက်တွေ့ကြုံသောအခါတွင် တတ်နိုင်သလောက် အချိန်ရွှေ့ဆိုင်းချင်သည်သာ ဖြစ်ပါသည်။

ဖယောင်းတိုင် နှစ်လက်မသည် အချိန် မည်မျှကြာရှည်လိမ့်မည်နည်း၊ လက်ပတ်နာရီကို လှမ်းကြည့်လိုက်သောအခါ ၃ နာရီတိတိ ရှိနေသည်ကို တွေ့ရ၍ မိုးလင်းခဲ့သော် မြစ်ထဲ၌ လောင်းလှေတစ်စင်း မျောနေသည်ကို မြင်သူများ မြင်ကြ၍ ဆယ်ယူကြလိမ့်မည်ဟု မျှော်လင့်နိုင်၏။ ဖယောင်းတိုင် နှစ်လက်မမှာ မည်သည့်နည်းနှင့် မဆို မိုးမလင်းမီ ဓာတ်ဆီပုံး ပေါက်ကွဲရမည် ဖြစ်သောကြောင့် ကျွန်ုပ်အဖို့ မျှော်လင့်ချက် မရှိချေ။

ခေတ်ကောင်းစဉ်ကမူ လှေကြုံတစ်စင်းတလေ တွေ့ကောင်းပါ၏ဟု မျှော်လင့်နိုင်၏။ ဤခေတ်မှာမူ နေ့ခင်းအချိန်၌ပင် မြစ်ထဲတွင် ကူးသန်းသွားလာခြင်း နည်းပါးရကား လင်းအားကြီး အချိန်၌ ခရီးသွားလှေ တွေ့ရန် မမျှော်လင့်နိုင်ပေ။ သို့ပါသော်လည်း မျက်စိသည် ဖယောင်းတိုင်မှ မခွာဘဲ နားမှုကား "ကျိ"ခနဲမြည်သည့် တက်ခတ်သံကို အစုန်အဆန် အမြဲတမ်း စွင့်ထားမိပါတော့သည်။

ထိုမှတစ်ဖန် ကြွေကျမည့် မီးပြာကို သတိရပြန်၍ စူးစူးစိုက်စိုက် ကြည့်နေစဉ် ပြာကလေးသည် မီးတောက်ထဲမှ တစ်ချက်ကြွေကျသွားသော်လည်း အုန်းဆံကြိုးကို မီးဖွဲ့ရန် လုံလောက်စွာ အရှိန်မပြင်းသည်နှင့်





"တော်ပါသေး၏"ဟု အောက်မေ့မိပါသည်။ အကယ်၍ နောက်ဆုံးတွင် မီးခဲလောင်သဖြင့် ဓာတ်ဆီပုံးသို့ ရောက်တော့သည် ထားပါတို့ ဒိုင်းခနဲ ပေါက်ကွဲ၍ တစ်ချက်တည်း အသက် ထွက်ချေမည်လော၊ သို့တည်းမဟုတ် ပူလောင်သည့် ဝေဒနာကို အပြင်းအထန် အလူးအလဲ ခံစားရပြီးသည့်နောက်မှ အသက် ထွက်ရချေမည်လော ဟူသော ကြံဆချက်သည် ကျွန်ုပ်ကို နှိပ်စက်ပြန်ပါသည်။ "ဒိုင်း"ခနဲ ပေါက်ကွဲ၍ တစ်ချက်တည်း အသက်ထွက် သွားလျှင်ကား တော်ပါသေး၏။ (အမှန်မှာ ဤသည်လည်း မတော်လှဟု သတိရပါသေးသည်) ထိုသို့ မဟုတ်ဘဲ အလူးအလဲ ခံစားရပါမူကား ကြိုးတွေ ချည်တုတ်ထားသည့် အတွက်ကြောင့် လူးလိမ့်ရန်ပင် ဖြစ်နိုင်မည်မဟုတ်။ သို့သော် နေပါဦး၊ မီး တောက်လောင်သောအခါ ကြိုးတွေ ပြတ်ကုန်၍ လွတ်လပ်ခွင့်ရနိုင်မည် မဟုတ်ပါလော။ လူမသေမီ သို့မဟုတ် ထပြေးနိုင်သော ခွန်အား ကျန်ရှိသေးသည့် အတောအတွင်း ကြိုးတွေ ပြတ်ကုန်အောင် လောင်လိမ့်မည်လော အစရှိသော တွေးတောလုံးများသည် ကျွန်ုပ်၏ဦးခေါင်းထဲတွင် တစ်ခုနှင့် တစ်ခု ထွေးလုံး ရစ်ပတ် သတ်လားပုတ်လား ဖြစ်နေကြပါတော့သည်။

တစ်ချက်တစ်ချက်တွင်လည်း ကျွန်ုပ်သည် ရတနာသုံးပါးကို သတိရ၍ တစ်ခါတစ်ခါတွင်လည်း မိခင်ကြီးနှင့် နှမအပျိုကြီးကို သတိရပါသည်။ ရတနာသုံးပါး ဟူသည်မှာ အချို့လူများ ယုံကြည်သကဲ့သို့ သတ္တဝါကို ကယ်ဆယ်နိုင်သည်ဟု မယုံကြည်သောကြောင့် "ကယ်တော်မူပါ"ဟု မတောင့်တဘဲ ဘဝကူး ကောင်းစေရန်ဆို၍ စိတ်ထဲ၌ ကန်တော့မိပါသည်။ မိခင်နှင့် နှမတို့ကိုမူကား အမှန်အားဖြင့် ဘုရား တရားတို့ထက် ပို၍ သတိရမိပါသည်။ ကျွန်ုပ်အဖြစ်ကို မိခင်ကြီး တွေ့ရလျှင် အဘယ်မျှလောက် ယူကြုံးမရ ဖြစ်ရှာချေမည်နည်းဟူ၍လည်း ဝမ်းနည်းမိပါသည်။

ဤအတောအတွင်း၌ ဖယောင်းတိုင်သည် အုန်းဆံကြိုး အထက်တွင် တစ်လက်မ သာသာကလေးမျှသာ ကျန်ပါတော့သည်။ ကျွန်ုပ်သည် စပါးကြီးမြွေ ညို့ထားခြင်းကဲ့သို့ ဖယောင်းတိုင်မှ မျက်နှာလွှဲရန် မတတ်နိုင်ဘဲ အုန်းဆံကြိုး အထက်၌ ကျန်သေးသော အပိုင်းကလေးကိုသာ စိုက်ကြည့်နေမိပါတော့သည်။ ဤတွင် ကိုယ်ကိုယ်ကို မခွာချင်သည်နှင့် မျက်စိကို ဖယောင်းတိုင်မှ အတင်းဆွဲခွာ သကဲ့သို့ ကြိုးစားစမ်းပါ၏။ သို့ရာတွင် တောက်[illegible] ကပ်နေသောကြောင့် တစ်ခဏကလေးမျှ ခွာ၍မရနိုင်ပါ။ နောက်[illegible] ခွာ မရနိုင်ခဲ့လျှင် မကြည့်ဘဲ မှိတ်ထားမည် ဆို၍ စမ်းကြည့်ပြန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြိမ် သုံးကြိမ်တိုင်တိုင် ကြိုးစားသောအခါမှ အောင်မြင်ပါတော့သည်။ အောင်မြင်၍ မှိတ်ထားလိုက်သည်နှင့် တစ်ပြိုင်နက် မိခင်နှင့် နှမတို့၏ မျက်နှာများ ပေါ်လာကြ၍ "သားရေ – လူကလေး – ကိုကိုကြီးရေ" ဟူသော အသံများသည် နားထဲသို့ တိုးဝင်လာကြသည်နှင့် မျက်စိများကို တစ်ဖန် ဖွင့်ပစ်လိုက်ရပြန်ပါသည်။

မီးတိုင်ကား . . တစ်လက်မယက် များတော့သည် မထင်ပေ။

ဤတွင် စဉ်းစားမိပြန်သည်ကား "ခါတ်ဆီဆွတ်ထားသော အုန်းဆံကြိုးသည် မီးတောက်နှင့် တွေ့သည့်တိုင်အောင် စောင့်နေပါမည်လော။ အပူရှိန်ဟပ်၍ တောက်လောင်ပြီးလျှင် ခါတ်ဆီပုံး ဆီသို့ မီးတောက်လိုက်သွားနိုင်မည် မဟုတ်ပါလော" ဟူသော စဉ်းစားလုံးသည် ကျွန်ုပ်၏ ဦးနှောက်ကို ထိုးဆွမိသကဲ့သို့ ဂနာမငြိမ် ရှိစေတော့သည်။ သို့သော် နောက်တစ်ခဏ၌မူကား ခါတ်ဆီမည်သည်မှာ ဆွတ်ဖြန်းပြီးနောက် "ပျံ"တက်တတ်သော သဘာဝရှိ၍ အုန်းဆံကြိုးထဲ၌ မကျန်ရစ်တော့ဘဲ ကြိုးကိုလောင်မည့် အချိန်တွင်မှ လောင်စေတော့မည် ဟူ၍ စဉ်းစားမိပါသည်။

ဖယောင်းတိုင်ကား တစ်လက်မ၏ ၄–ပုံ၊ ၃–ပုံခန့်သာ ကျန်ပါတော့သည်။ အုန်းဆံကြိုးမှာ အချို့နေရာ၌ ဖွာတက်၍ အမျှင်ကလေးများ ထွက်နေသဖြင့် မီးတောက်သည်ကြိုးသို့ရောက်အောင် မနေဘဲ အမျှင် ကလေးများကို စတင်လောင်ကျွမ်းခြင်းအားဖြင့် တစ်မတ်ခန့် နှုတ်သွားမည့် အတွက်ကြောင့် အမှန်အားဖြင့် သုံးမတ်မကျန် ငါးမူးလောက်သာ ကျန်တော့သည်ဟု တွက်ချက်မိပါသည်။

နောက်တစ်ခဏတွင် အုန်းဆံကြိုးထဲမှ အထူး ရှည်လျားသော အမျှင်ကလေး တစ်မျှင်သည် ဖယောင်းတိုင်မှ စိုက်ကြလာသော မီးပြာနှင့် ထိတွေ့မိသဖြင့် မီးခိုးကလေးများ အူထွက်လာသေးရာ ကျွန်ုပ်မှာ ကြိုးကို မီးကူးချေတော့မည်လောဟု ပြူးကြည့်နေမိပါသည်။ သို့ရာတွင် မီးတောက် မဟုတ် မီးကျိုနှင့်တူသော ပြာပူမျှသာ ဖြစ်သောကြောင့် တောက်လောက်သော အဖြစ်သို့ မရောက်ဘဲ မီးခိုးထွက်၍ ကျွမ်းရုံမျှဖြင့် ပြီးသွားပါတော့သည်။ မီးကူးတော့မည် ထင်ခဲ့ရာ မကူးသေးကြောင်း တွေ့ရသောအခါ ကျွန်ုပ်မှာ မည်သို့ ဖြစ်သည်မသိ အူထဲမှ ယားကျိကျိ ဖြစ်လာ၍ အသံထွက် အောင်ပင် ရယ်လိုက်မိပါသေးသည်။

ဤတွင် ငါ "ရှူးချင်ပြီ ထင်တယ်" ဟု ကိုယ့်ဟာကိုယ် သတိရ၍





ဘရိတ်အုပ်လိုက်ရပါသည်။ ထိုအခါတွင် ကျွန်ုပ်မှာ မိုးလင်းဖို့အချိန် နီးလေပြီလောဟု သိချင်သောစောသည် သာ၍လွန်ထက်သန်သော်လည်း ခေါင်းမိုး အဝဆီသို့ လည်းကောင်း၊ လက်ပတ်နာရီသို့ လည်းကောင်း လှမ်းကြည့် မတတ်နိုင်ဘဲ ဖယောင်းတိုင်နှင့် မျက်လုံးများ ပူးကပ်ထားသကဲ့သို့ ခွဲခွာ၍ မရအောင် ဖြစ်နေပါတော့သည်။ စင်စစ်မှာမူ ကျွန်ုပ်၏ လက်ခြေတို့၌ ချည် တုတ်ထားသော အနှောင်အဖွဲ့သည် ကျွန်ုပ်၏ မျက်စိများနှင့် ဖယောင်းတိုင်သို့ ပူးကပ်နေခြင်းထက် ပိုမို ခိုင်မြဲသည် မဟုတ်တော့ပါ။ ခြေလက်များကို ဖြုတ် ဖို့ခဲယဉ်းသလောက် မျက်စိကို ဖယောင်းတိုင်မှ ခွဲခွာဖို့ ခဲယဉ်းပါတော့သည်။ ထိုအခါ၌ ကျွန်ုပ်မှာ မျက်စိကို တစ်ချက်ကလေးမျှ မှိတ်ထားရန်လည်း မဖြစ်နိုင် တော့ပါ။ မျက်တောင်မျှပင် ခတ်မိတော့သည် မထင်ပါ။ ပြူးစိုက်သာ ကြည့်နေ မိပါတော့သည်။

ဖယောင်းတိုင်မူကား . . . သုံးမူးခန့်မျှသာ ကျန်ပါတော့သည်။

သုံးမူးမျှ ရှည်သောဖယောင်းတိုင်ကို လောင်ကျွမ်းရန် အချိန်မည်မျှ ကြာစေမည်နည်း။ ၁၅ မိနစ်လော၊ ၁၀ မိနစ်လော၊ လူ၏ အသက်တစ်ချောင်း သည် လက်မဝက်မျှ မပြည့်သော ဖယောင်းတိုင်ကလေးအပေါ်၌ မှီခိုနေသကဲ့ သို့ ဖြစ်ရသည်မှာ အံ့ဖွယ်ရာတစ်ခု ပေတည်းဟု စဉ်းစားမိရာမှ စိတ်ကူးများ ဝင်လာကြပြန်ပါသည်။

လောက၌ ဘုန်းတန်ခိုး ကြီးလှပါသည် ဆိုသော ဘုရင်တစ်ပါး သည်ပင်လျှင် လူတစ်ယောက်၏ အသက်ကို ရှင်စေရန် မတတ်နိုင်၊ ဤလောင်း လှေကလေး ထဲ၌မူကား လက်သန်းခန့် တုတ်၍ သုံးမူး ငါးပဲမျှသာ ကျန်တော့ သဖြင့် အချိန် တစ်မတ်သားထက် မများနိုင်သော ဖယောင်းတုံးကလေးတစ်ခု သည် လူတစ်ယောက် ဘဝတစ်ခုနှင့် တစ်ခုအကြားတွင် ဆက်ထားသည့် နှောင်ကြိုးသဖွယ် ဖြစ်နေသည် မဟုတ်ပါလော။ ထိုဖယောင်းတုံးကလေး ကုန် ခန်းကွယ်ပျောက်သည်နှင့် တစ်ပြိုင်နက် ဤဘဝမှ ထိုဘဝသို့ ခုန်ကူးရတော့ မည်။ အို . . ဖယောင်းကလေး သင့်ကိုယ်သင် တောင့်ခံ လိုက်ပါဦးလော့။ သင်ပျောက်လျှင် ကျွန်ုပ်အသက် ပျောက်၍ သင့်နောက်သို့ လိုက်ရချေတော့ မည်။ အို . . မဟုတ်သေးပါ သင်မူကား အခိုးအငွေ့ဖြစ်၍ ကျွန်ုပ်ကား သာ ဖြစ်ရချေမည်နည်း၊ အို . . မစဉ်းစားဝံ့ပါ သို့သော် သူလို . . ငါလို လူတစ် ယောက်ထက် ဆိုးခဲ့သည်ဟု မဆိုနိုင်သောကြောင့် ဆိုးဆိုးရွားရွား ဖြစ်တော့ မဖြစ်တန်ကောင်းပါ။ ဟိုက် . . တစ်မတ် လောက်တောင် မရှိတော့ချေ



www.burmeseclassic.com

www.burmeseclassic.com



တကား၊ တောင့်ထားပါဦး ဖယောင်းမင်း။

ဘဝကူးကောင်းအောင် ရတနာသုံးပါးကို အာရုံပြုပြီး အမေတို့၊ ရုပ်ဆိုးမတို့။ အလို–အလို–အလို ပြောလိုက်ခါရှိသေး၊ အမေတို့ ရုပ်ဆိုးမတို့ ရောက်လာကြပါကောလား၊ စိတ်ကူးမဟုတ် မိခင်ကြီးနှင့် နမကလေး ကိုယ်တိုင် လောင်းလှေကလေးထဲသို့ ဝင်လာကြသည်ကို မျက်စိနှင့် တပ်တပ်အပ်အပ် မြင်ရသည်။ ဟုတ်ပါတယ် ရုပ်ဆိုးမ အစစ်ပါ၊ ရယ်လို့ မောလို့၊ ဟုတ်ပေသားပဲ၊ သူ့ရယ်ချင်ရယ်မှာပေါ့၊ သူ့ဒုက္ခမှ မဟုတ်ဘဲ၊ မီးလောင်တာနဲ့ သူနဲ့ ဘာဆိုင်တုန်း။ ဟင့်အင်း ဟုတ်ပေါင် ရုပ်ဆိုးမက ငိုလို့ပါတကား ရင်ဘတ်စည်တီးနဲ့ကိုး၊ အမေကလဲ အမေရယ်၊ ကျွန်တော် ဘာမျှ မဖြစ်ပါဘူးဗျ။ ဟော–ဟော–ဟော– သားအမိနှစ်ယောက် တစ်ယောက်လက် တစ်ယောက်တွဲပြီး ခုန်ပေါက် ကနေကြပြန်ပြီကော ဟယ်– ဟယ်–ဟယ် ဟုတ်ပေ့ကွယ်၊ တစ်ယောက်ကို တစ်ယောက် ချာလပတ်လှည့်လို့ မှတ်နေပါရောလား၊ အမေ့လက်ထဲက ဆေးပေါ့လိပ်ကြီးက မီးတွေတဖွားဖွားနဲ့၊ ဟင် ဟုတ်ပေါင် ဆတ္တွားပါကလား။ လက်သီးများ ဆုပ်ပြနေပြန်ပါပြီ၊ ဟော့ ဆတ္တွား သတ္တိရှိ လာခဲ့ကွ၊ မင်းနဲ့ ငါနဲ့ တစ်ယောက်ချင်း တွယ်ရအောင်လေ၊ ဟယ်–ဟယ်–ဟယ် ဆတ္တွားကလဲ ချာလပတ် လှည့်နေပြန်ပြီ၊ သူ့ကိုယ်က မီးတောက်တွေထွက်လို့၊ အောင်မယ်မင်း ဒီလောက် မှတ်အောင် လှည့်လည်းလှည့်နိုင်ပါပေ့ကွယ်၊ ကြည့်ရတဲ့လူ မူးနေတော့တာပဲ၊ ဟော–ဟော မှတ်နေပုံ ကြည့်လိုက်ကြပါဦး၊ တစ်ကိုယ်လုံး သေးသေးဝင်သွားပြီး နောက်ဆုံးမှာ မီးဖွားကလေးလို ကျွန်ုပ်ဆီ ချာလပတ် လှည့်လာပြီး ကျွန်ုပ်၏ ဦးခေါင်းထဲသို့ ဖောက်ထွင်း ထိုးဝင်သွားလေရာ ကျွန်ုပ်မှာ မြင်ခြင်း၊ ကြားခြင်း၊ စဉ်းစား စိတ်ကူးခြင်း ဝေဒနာခံစားခြင်း မရှိတော့ဘဲ လူရောလှေပါ တစ်ခါတည်း ပျောက်သွားပါတော့သည်။

ကျွန်ုပ်သည် မျက်စိနှစ်လုံးကို ဖွင့်ကြည့်လိုက်သောအခါ ယူနီဖေါင်း ဝတ်ဆင်ထားသော မြန်မာတစ်ယောက်သည် ခုတင်ပေါ်တွင် ထိုင်လျက် ဆရာဝန်တစ်ယောက်သည် ခေါင်းရင်းဘက်၌ ရပ်ကာ ကျွန်ုပ်ကို သွေးစမ်းလျက်ရှိသည်ကို တွေ့ရပါသည်။ ကျွန်ုပ်သည် မျက်လုံးများကို တစ်ဖန်ပြန်မှိတ်၍ စဉ်းစားလိုက်ရာတွင် အမိုးပေါ်သို့ မိုးပေါက်များ ကျနေသော အသံကို ကြားရ၍ ကျွန်ုပ် ကုတင်အနီးတွင် အခြားကုတင်များ ရှိနေသည့် အဖြစ်ကို စဉ်းစားမိပါသည်။ ယူနီဖေါင်း ဝတ်ထားသော လူ၏ မျက်နှာကို မြင်ဖူးသည်ဟု





ထင်မိသော်လည်း မည်သူမည်ဝါ ဖြစ်သည်ဟု ဖော်၍ မရနိုင်ပါ။ ထိုအခါ အတွင်း တစ်နေရာ၌ ရှိသော နာရီကြီးမှ ၇ ချက်ထိုးသည်ကို ကြားလိုက်၍ နေရောင် ရှိနေသေးသည်ကို သတိရသည်နှင့် နံနက် ၇ နာရီ အချိန်ဖြစ်သည်ဟု သိရပါသည်။

ထိုနောက် ကျွန်ုပ်သည် နောက်ဆုံး သတိရသော အဖြစ်အပျက်ကို ပြန်လည် သုံးသပ်နိုင်သဖြင့် လောင်းလှေကလေးအတွင်း၌ ဖြစ်ခဲ့ရပုံ အချင်းအရာများကို သတိရသည်နှင့် ယူနီဖေါင်းသမားအား . . .

"ခင်ဗျား ဘယ်သူလဲ"

"ဘဦးလေဗျာ"

"ဘယ်က ဘဦးလဲ"

"ဆပ်ကျောင်းထွက် ဘဦးလေ၊ ဟိုတုန်းက ဌာနအုပ်ပေါ့"

"ဩော–သိပြီ၊ အခုကော"

"အခု ဒီမှာ ရာဇဝတ်ဝန်ကလေးလေ"

"ဒီမှာဆို ဘယ်ရောက်နေပါလဲ"

"ကသာဗျ"

"အလို . . မန္တလေး မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ကျွန်တော် ကြည့်ရှုပြီး၊ ခင်ဗျားကို ကသာ ရောက်အောင် တင်ခေါ်လာခဲ့တယ်"

"အခုဘာလလဲ"

"ဇူလိုင်လလေ မြန်မာလို ဝါဆိုလပေါ့"

"ဟင်–ဟိုတုန်းက ဧပြီလပါတကား"

"ဟုတ်တယ် ဧပြီလမှာ ရှမ်းကလေး ကျွန်းအနီး ရောက်နေတာ တွေ့ရလို့ ကျွန်တော်က တာဝန်ယူပြီး ကသာ ဆောင်ကျဉ်းခဲ့ပါတယ်"

နောက်ဆုံး၌ ကျွန်ုပ် စုံစမ်းသိရှိရသည်မှာ ရှမ်းကလေးကျွန်းသား နှစ်ယောက်သည် မြစ်လယ်ကျော၌ လှေကလေး တစ်စင်းမျောပါလာသည်ကို မြူးထောင်ရင်း တွေ့ကြ၍ လှေပေါ်သို့ တက်ကြည့်ရာတွင် ဖယောင်းတိုင်နှင့် ကြိုးသွယ်ထားသော ခတ်ဆီပုံး တစ်ပုံးကို တွေ့ကြကြောင်း၊ အနီး၌ [illegible] ချည်နှောင်လျက် မိန်းမောနေသော လူတစ်ယောက်ကို တွေ့၍ [illegible] နားမလည်ကြသော်လည်း ဖယောင်းတိုင်ကို ငြိမ်းသတ်၍ [illegible] လာခဲ့ကြောင်း၊ လှေပေါ်မှ လူမှာ သတိမရဘဲ ကရောင်ခြောက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ရှမ်းကလေးကျွန်းသို့ ဂျပန်များ ရောက်လာသောအခါ ရွာသားများက ပြောပြ၍ ဂျပန်စစ်ဗိုလ်က ကိုဘဦးကို စေလွှတ်လိုက်ကြောင်း၊ ကိုဘဦးသည် ကျွန်ုပ်ကို မြင်လျှင်မြင်ခြင်း သူငယ်ချင်းဖြစ်နေကြောင်းသိ၍ လူနာကုဌာနသို့ ပို့ထားကြောင်း၊ ကျွန်ုပ်၏ မိခင်နှင့် နှမထံသို့လည်း ကိုဘဦးက အကြောင်းကြားလိုက်သဖြင့် သတိမရဘဲ ကတောက်ကတက် ဖြစ်နေသော ကျွန်ုပ်အား လာရောက်ပြုစုကြကြောင်း၊ ကိုဘဦးမှာ ဂျပန်စစ်ဗိုလ်များနှင့် သင့်မြတ်လှ၍ ကသာသို့ ပုလိပ်အရာရှိအဖြစ်နှင့် ပို့လိုက်သောအခါ ကျွန်ုပ်ကို သနားသည်နှင့် သူက တာဝန်ယူ၍ ကသာသို့ ခေါင်ကျဉ်းလာခဲ့ကြောင်း။ ထိုအတောအတွင်း ကျွန်ုပ်၏နှမ ရုပ်ဆိုးမမှာ ကိုဘဦးနှင့် အကြောင်းပါ၍ ကိုဘဦးသည် ကျွန်ုပ်၏ယောက်ဖ ဖြစ်နေကြောင်းများနှင့် သိရှိရပါတော့သတည်း။



## လူမိုက်များနှင့် ရင်ဆိုင်၍ အစွမ်းပြခြင်း

အင်္ဂလိပ်အစိုးရတို့ ထွက်ပြေးစဉ်က အထက်မြန်မာပြည် ရွှေလီချောင်း သရဲကုန်းဌာနမှ ဌာနအရာရှိများလည်း ကြက်ပျောက် ငှက်ပျောက် ကွယ်ပျောက်ကြ၍၊ ဂျပန်တို့ ကြီးစိုးအုပ်ချုပ်သောအခါတွင် အဓိပတိအမည်ခံ ဒေါက်တာဘမော် အစိုးရက ထိုဌာနကို ပြန်လည်တည်ထောင်ရန် ကြိုးစားခဲ့၏။

ဌာနအတည်တကျ မရှိသော အခိုက်အတန့်အတွင်း၌ ပတ်ဝန်းကျင်ရှိ လူမိုက်များသည် တောအရက်ချက်၍ ရွှေလီရိုးတစ်လျှောက်အတွက် ဖြန့်ဖြူးခြင်း၊ သရဲကုန်းအင်းကြီးမှ ငါးများကို လိုင်စင်မရှိဘဲ ဖမ်းယူရောင်းချခြင်း၊ ပတ်ဝန်းကျင် တစ်ဝိုက်ရှိ အစိုးရကြိုးဝိုင်း အတွင်းမှ သစ်အမျိုးမျိုးတို့ကို ခုတ်ယူကာ အဆောက်အဉီကြီးများ ဆောက်လုပ်ခြင်း၊ ဘိန်းကုန်ကူးခြင်း အစရှိသော လုပ်ငန်းမျိုးတို့ဖြင့် စီးပွားဖြစ်သူ ဖြစ်ကြ၍ ယုတ်စွအဆုံးအားဖြင့် လူတိုင်းပင် နေရေး ထိုင်ရေး ချောင်ချိလျက် ရှိကြရာ ထိုသူတို့သည် အစိုးရ၏ ဥပဒေလည်း မရှိ၊ လုပ်ချင်ရာကို လွတ်လပ်စွာ လုပ်နိုင်ခြင်း တည်းဟူသော အရသာကို "လျှာလည်"လျက် ရှိကြသောကြောင့် သရဲကုန်းဌာန ပြန်လည် ဖွင့်လှစ်၍၊ ပုလိပ်အရာရှိနှင့် ပုလိပ်သားများ ရောက်လာကြသည့်အခါ အလွန် မလိုလားသည့် အလျောက် အပြင်း အထန် ကန့်ကွက်ခြင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူတို့၏ ကန့်ကွက်ပုံမှာ အထက်အစိုးရထံ စာတင်သော နည်းမျိုး မဟုတ်ဘဲ ထိုဌာနၐ် ပုလိပ်အရာရှိများ မနေနိုင်အောင် မပျော်ပိုက်အောင် ပြုလုပ်သော နည်းဖြင့် ဆောင်ရွက်ကြ၏။ ပုလိပ်သား ဆိုသူများမှာ ထိုနယ်သားများ ဖြစ်၍ လူမိုက်ခေါင်းဆောင်များ၏ ဩဇာမကင်းသူများ ဖြစ်လေရာ အဆိုပါ လူမိုက်များက၊ ပုလိပ်သားများကား အရေးမကြီး မိမိတို့ ကြိုးဆွဲနိုင်ရာ အရာရှိဆိုသော ဌာနအုပ်သည်သာလျှင် မိမိတို့၏ အလုပ်ကို နှောက်ယှက်လိမ့်မည် ဆို၍ သရဲကုန်းဌာနၐ် ဌာနအုပ် မနေနိုင်အောင် လူမိုက်များပီပီ အကြမ်းနည်းဖြင့် စီမံကြ၏။ ဌာနအတွင်း၌ ဌာနအုပ် တစ်ယောက်တည်း မဟုတ်ဘဲ ပုလိပ်သားများ ရှိသေးသည် မှန်သော်လည်း ပုလိပ်သားများမှာ လူမိုက်များနှင့် ပုလဲနံပတ်သင့်၍ အထိုက်အလျောက် ဝေစုစားကြရသည် ဖြစ်သောကြောင့် ဌာနအုပ်သည် လူမိုက်များကို နှိမ်နင်းလိုခဲ့လျှင် လက်အောက် ပုလိပ်သားများ၏ အကူအညီကို မမျှော်လင့်နိုင်ဘဲ တစ်ယောက်တည်း ကိုယ်တိုင် ကြံရမည် ဖြစ်လေသည်။ ဌာနအုပ် ဆိုသူမှာ လက်အောက် ပုလိပ်သားများက လူမိုက်များဘက်မှ ပြောင်ပြောင်ကြီး မကူညီလျှင် တော်စေတော့ဟု သဘောထားကြရလေသည်။

ဒေါက်တာဘမော် အစိုးရသည် သရဲကုန်းဌာနကို ပြန်ဖွင့်သည့်နောက် ဌာနအုပ် တစ်ယောက်ပြီး တစ်ယောက် စေလွှတ်ခဲ့ရာ ၆ လခန့် အချိန်အတွင်း ဌာနအုပ် လေးယောက်ထက် မနည်း ပြောင်းလဲခဲ့ရဖူးလေပြီ။ ခင်စစ်မှာ ၆ လအတွင်း ဌာနအုပ် လေးယောက်ဆိုသော်လည်း အဆိုပါ ဌာနအုပ်များသည် ဌာန၌နေ၍ အလုပ်လုပ်သော နေ့ရက် အလွန်နည်းလျက် တစ်ယောက် ပြန်သွား၍ နောက်တစ်ယောက် လာရခြင်းနှင့်ပင် အချိန် ၆ လ ကုန်လွန်သွားခြင်း ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဌာနအုပ်တစ်ယောက် ပြန်ပြေးသည့်နောက် အသစ်တစ်ယောက်ကို မော်တော်ဘုတ်နှင့် တင်ပို့ရသော အလုပ်ကို စီစဉ်ခြင်းသည်ပင်လျှင် ထိုခေတ်က တစ်လနီးပါး ကြာတတ်သောကြောင့်ပေတည်း။

သရဲကုန်းရှာ ဌာနသို့ ပို့လိုက်သော နံပတ်(၁) ဌာနအုပ်မှာ၊ လကယာ လက်ချောင်းကလေး နှစ်ချောင်း ပြတ်လျက်ရှိသည့်"လက်ပြတ် ထွန်းအေး" ဆိုသူ ဖြစ်၍ သူ့နေရာတွင်အတော် မိုက်သူ တစ်ယောက်ဟု ကျော်ကြားခဲ့၏။ လက်နှစ်ချောင်း ပြတ်ရခြင်းမှာလည်း ရန်ဖြစ်၍ ဓားခုတ် ခံရသောကြောင့်ဟု ပြောပြကြ၏။ ထိုခေတ်က လုပ်ချင်သူများကို ရာထူးခန့်ထားသည်ဟု သတင်းပြေးခဲ့ရာ၊ လက်ဖက်ခြောက်သည်ကို အရေးပိုင်ခန့်၍၊ သီချင်းရေးဆရာကိုလည်း ရာဇဝတ်အုပ်ခန့်သည်ဟု ပြောကြသည့်အထဲတွင် လက်ပြတ်ထွန်းအေးမှာလည်း လူမိုက်တစ်ယောက် ဖြစ်၍ "အကပ်အရပ်" ကောင်းသည်နှင့် ဌာနအုပ် ဖြစ်သည်ဟု နာမည်ရသူ တစ်ယောက် ဖြစ်၏။ ရောက်တာစတွင် "လူမိုက်သား စားချင်သည်"ဟု ဖော်ထုတ်ကြွားဝါခဲ့သော လက်ပြတ်ထွန်းအေးမှာ ရောက်ပြီး၍ ရက်သတ္တ တစ်ပတ်စေ့သောနေ့တွင် သစ်တုံး တစ်တုံးပေါ်၌ ခြေလက်များကို တုပ်၍ ရွှေလီချောင်းထဲသို့ မျှောချခြင်း ခံရပြီးကတည်းက တစ်ခါတည်း ကွယ်ပျောက် သွားလေတော့သည်။ မိမိအရပ်၌ မိမိလူမိုက်လုပ်လုပ်နေရခြင်းသည် သရဲကုန်းရှာ ဌာန၌ ဌာနအုပ် လုပ်ရခြင်းထက် တော်သေးသည်ဟု သဘောပေါက်သွားလေသလော မပြောတတ်ချေ။

နံပတ်(၂)ဌာနအုပ်မှာ။ သာမန်ပုလိပ်မှ တက်၍ ဌာနအုပ် လုပ်ရသူဖြစ်၏။ ထိုသူမှာ သူ့နယ်ရှိ ပုလိပ်များ အနက်တွင် သတ္တိကောင်းလှသည်ဟု ကျော်ကြားခဲ့၍ ရောက်လာစ နေ့ရက်များ၌ "ငါ့လို အောက်သက်ကျေတဲ့ လူမျိုးတော့ ဘယ်သူက ဘာတတ်နိုင်ဦးမှာလဲ"ဟု မေးခွန်းထုတ်လေ့ရှိ၏။ ထိုသူမှာလည်း နောက်တစ်ပတ် မော်တော်ဘုတ် ခုတ်လာသောအခါတွင် ပြန်လိုက်သွား၍ "ဒီလို နေရာမျိုးမှာ ဌာနအုပ် လုပ်ရတာ ငါ့နေရာမှာ ပုလိပ်လုပ်ရသလောက် မကောင်းဘူး၊ အေးအေးပဲ ထမင်းကြမ်းကို ယပ်ခပ်စားတော့မယ်"ဟု ပြောသွားသေးသည် ဆို၏။

ဌာနအုပ် နံပတ်(၃)မှာ အင်္ဂလိပ်ကျောင်းမှ ထွက်လာကာစ ဖြစ်၍ အရာရှိလုပ်ရခြင်း၏ အရသာကို မြည်းလိုသောကြောင့် မိဘများ မျက်နှာဖြင့် ဌာနအုပ် အလုပ်ကို လက်ခံခဲ့ခြင်း ဖြစ်၏။ ထိုလူငယ်မှာ တစ်ညအတွင်း ထိတ်လန့်တုန်လှုပ်ဖွယ် အခြင်းအရာပေါင်း မြောက်များစွာဖြင့် တွေ့ရ၍ နံနက်လင်းသည်နှင့် တပြိုင်နက် လှေကြုံကိုပင် မစောင့်နိုင်ဘဲ မြင်းတစ်စီးကို ဆိုသလောက် အဖိုးပေးဝယ်၍ ကုန်းကြောင်းခရီးဖြင့် ပြန်သွားလေတော့သည်။

ဌာနအုပ် နံပတ်(၄)မှာ 'တစ်ဖက်လပ် ဘိုးစိန်' ဆိုသူဖြစ်၍ ထောမကမ္ဘာစစ်တွင် မက်ဆိုပိုတေးမီးယားပြည်တိုင်အောင် ရောက်ခဲ့ဖူးသည့် စစ်ပြန်တစ်ယောက်ဖြစ်၏။ အသက်မငယ်လှသော်လည်း အလုံးအဖန် ထွားကြိုင်းသလောက် ကာယဗလကောင်း၍ စိတ်ကြမ်း ကိုယ်ကြမ်း တစ်ယောက်ဟု ပြောကြ၏။ စစ်ပြန်တစ်ယောက် ဖြစ်သည့်အလျောက် စစ်အခါတွင် မီးတက်ကြွ၍ အမိပတိလက်ထက်၌ အထူးလျှော်ကောင်းသည့်အပြင် ထိုမြင်းမှု







www.burmeseclassic.com

www.burmeseclassic.com



ပို့လိုက်ခြင်းဖြစ်၏။ “မင်းတို့ အရပ်သားတွေ မိုက်တယ်ဆိုတာ အလကားပါကွ၊ ငါတို့ စစ်ပြန်တွေ နောက်ဘက်မှာ ရှိပါသေးတယ်”ဟု ခပ်မူးမူးဖြင့် လေပန်းသေး၏။ “တစ်ဖက်လပ် ဆိုပေမယ့် မင်းတို့ နှစ်ဖက်ရှိတဲ့ လူထက် မြင်သေးတယ် မှတ်ပါကွ”ဟူ၍လည်း ဝါကြွားတတ်၏။ ထိုသူကိုမူ မည်သည့်နည်းဖြင့် ဂျပန် “ကင်ပေတိုင်”လက်သို့ ရောက်အောင် ပို့လိုက်ကြ သည်မသိ ပြန်ခွင့်ရ၍ ပြန်လာသောအခါတွင် စကားတစ်ခွန်းမျှ မပြောတော့တဲ့ လေ့ကြဲဖြင့် အမြန်ဆုံး လိုက်ပါသွားလေတော့သည်။

ဤသည်တို့ကား သရဲကုန်း ဌာနသို့ ရောက်လာဖူးသော ဌာနအုပ်လေးယောက်တို့၏ အတ္ထုပ္ပတ္တိများ ပေတည်း။

တစ်နေ့သ၌ သရဲကုန်းရွာ၏ အစွန်၌ တည်ရှိ၏။ ရွှေလီချောင်းကို မျက်နှာမူလျက်ရှိသော တဲကြီးတစ်တဲအတွင်း တစ်ဒါဇင်ခန့်မျှသော လူများသည် ဘိလပ်ရည်ပုလင်းကွဲ ဖင်ပိုင်းများကို ဖန်ခွက်အရာ၌ သုံးစွဲလျက် တောအရက်များ သောက်စားလျက် ရှိကြ၏။ ထောင့်တစ်ထောင့်၌ကား လူ လေးငါးယောက်တို့သည် နွမ်းပေစုတ်ပြတ်လျက် ရှိသော ဖဲထုပ်တစ်ထုပ်ဖြင့် ပိုကာ ကစားနေကြရာ တောအရက် တစ်ပုလင်းနှင့် ပုလင်းဖင်ပိုင်းတစ်ခုစီ မိမိတို့ အနီးတွင် ကိုယ်စီထောင်လျက် ရှိကြ၏။ ဖဲဝိုင်းမှာ ဖျာစုတ်ပေါ်တွင် ဘာဘူစောင်စုတ် တစ်ထည်ခင်း၍ ကစားခြင်း ဖြစ်သော်လည်း လူအသီးသီး ရှေ့တွင် ပုံထားသော ဂျပန်ငွေစက္ကူများကို ကြည့်ခြင်းအားဖြင့် လောင်းကြေး မသေးလှကြောင်း သိနိုင်၏။

တဲ၏ အခြားသော ထောင့်၌မူ မိန်းမကြီး တစ်ယောက်သည် ငါး၊ ကြက်သား၊ ပုစွန် အစရှိသော စားစရာများကို ပူပူနွေးနွေး မြည်းနိုင်ကြစေခြင်းငှာ ချက်ချင်း လက်ငင်း ကြော်လှော် ရောင်းချလျက် ရှိ၏။ ဂျပန်ဝင်သည်မှာ မကြာသေးသည် ဖြစ်၍၊ ကြက်ပေါင်ကြော် တစ်ခု ၃/-၊ တောချက်အရက်တစ်ပုလင်း ၃/-နှင့် ရောင်းရလျှင် အမြတ်ကြီး မြတ်သည်ဟု မှတ်ကြဆဲ ဖြစ်လေသည်။

တဲ၏ အလယ်၌ကား ထင်းရှူးသားကို တော်သလို ရိုက်စပ်ထားသည့် စားပွဲနိမ့် တစ်ခုရှိ၍၊ ကျန်သောလူများသည် ဖင်ထိုင်ခုံ ကိုယ်စီနှင့် ပုလင်းကိုယ်စီ ခွက်ကိုယ်စီဖြင့် ဝိုင်းဖွဲ့ကာ ထိုင်လျက်ရှိကြ၏။ စားပွဲ အလယ်၌မူ အထူးနေ့ဆို၍ ဆိုင်ရှင်က လောကဝတ် ပြုထားသည့် ကြက်သားသုတ် ဇလုံကြီးတစ်လုံးရှိ၍ အရက်သမားများသည် လက်များဖြင့် တစ်လှည့်စီ နှိုက်ကာ





မြည်းရင်း အရက်တစ်ကျိုက်စီ သောက်ချလျက်ရှိ၏။

*

တဲပေါက်ကို မျက်နှာမူလျက် ဆေးရွက်ကြီးနှင့် ဆေးရိုးမှုန့်များ ထည့်ထားသော ဒန်တိုကြီး တဖွားဖွားဖြင့် တိုက်ကိုမှီကာ ထိုင်နေသော ဦးကျောက်ဆောင်မှာ ထိုတဲရှင် ဖြစ်၏။ တောအရက်များကို အိုးကြီးအိုးငယ် ချက်လုပ်ပြီးလျှင် ရွှေလီတစ်နယ်လုံးတွင် လက်လီလက်ကား ရောင်းချခြင်းအားဖြင့် အပွကြီး ပွနေသူ တစ်ယောက်ဖြစ်၏။ ထိုသူသည် ရွှေဘိုနယ်သို့ လှေများလွှတ်ကာ ထန်းလျက်များ ဝယ်ယူ၍ တောအရက်များကို အလျှင်မပြတ်ရအောင် ချက်လုပ်ဖို့ စီမံထားရကား၊ တစ်ရက်ခြား နှစ်ရက်ခြားတစ်ခါ အစဉ်မပြတ် ဆိုက်ရောက်နေသည် ဖြစ်သောကြောင့် ဦးကျောက်ဆောင်၏ လှေများသည် ရွှေလီရိုး တစ်လျှောက်တွင် ယခင်ခေတ်က “တာပင်” စာပို့သင်္ဘောကြီးသဖွယ် အချိန်မှန် ရက်မှန်လှသည့် “လှေကြို”အဖြစ် တစ်နယ်လုံးက အားထားကြရ၏။ အလိုရှိသော ပစ္စည်းများကို မှာလိုက်လျှင် အင်းစွာ၊ ထီးချိုင့်၊ ကသာ အစရှိသော မြို့များမှာ ဝယ်ယူနိုင်ခဲ့လေသည်။

ဦးကျောက်ဆောင်၏ ရုပ်လက္ခဏာမှာ ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကို ဖတ်ဖူးသူများသည် ဦးကျောက်ဆောင်ကို မြင်လိုက်ရပါက သောနုတ္တိုရ မုဆိုး ဆိုသူကား ဤလူကြီးကဲ့သို့ ရှိနေလိမ့်မည်ဟု ချက်ခြင်းပင် တွေးထင်မိကြပေလိမ့်မည်။ ဒူးကောင်းသလောက် ဗျက်ကျယ်၍ ဒေါက်မြင့်သည့်ပြင် ဦးကျောက်ဆောင်၏ နှာခေါင်း၊ ပါးစပ်၊ ပါးရိုး၊ သွား၊ မေးရိုး အစရှိသော အင်္ဂါ အစိတ်အပိုင်းများသည် အကြီးစားချည်းဖြစ်၍ တစ်ခုတစ်ခုသည် သာမန်တစ်ယောက်ထက် နှစ်ဆ သုံးဆ ကြီးသည်ဟု မှတ်ထင်ရ၏။ ရှေ့သို့ ငေါ်လျက် ထွက်နေသော ရှေ့သွားကြီး နှစ်ချောင်းသည် ကွမ်းတံတွေး စွန်းပေခွင့် မရသောကြောင့် ဖွေးဖွေးဖြူလျက် ရှိနေကြလေရကား၊ ရုတ်တရက် ကြည့်လိုက်သည့်အခါ အစွယ်များ ပေလောဟု မှတ်ထင်ရပေ၏။ ထိုသွားကြီး အသီးသီးမှာ လူသာမန်တစ်ယောက်၏ လက်မဖြင့် ဖုံးကွယ်ခြင်းငှာ မတော်နိုင်အောင် ဗျက်ကျယ်လှပေတော့သည်။

“ကျောက်ဆောင်”ဆိုသည့်အလျောက် အလွန်တရာ မာကျောသော ကိုယ်ကာယရှိ၍ တစ်ခေတ်က မလိုသူ သုံးလေးယောက်တို့ ဝိုင်း[illegible] နက်ကြရာတွင် တစ်ယောက်သော သူက နားရင်းကို တင်းတင်[illegible] ပါလျက် ပိန်ခွက်ခြင်း မရှိခဲ့ သေပြီဟု ပစ်ထားရာမှ အိမ်သို့[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွား၍ ပြန်လာခဲ့ရ ဖူးလေသည်။

ဦးကျော်ဆောင်၏ ထူးခြားချက် တစ်ခုမှာ ထိုကဲ့သို့ ခံခဲ့ရဖူးသော်လည်း အတော်အတန် လူတစ်ယောက်ကို "မလုပ်လောက်"ဆို၍ အန္တရာယ်ပြုခြင်း အလွန်နည်းပါးလျက် အရှိန်နှင့် ခြောက်လှန့်ရုံဖြင့်သာ အနိုင်ယူခဲ့ဖူးရာ ဦးကျော်ဆောင်မှာ မည်သူ့ကို သူလုပ်ခဲ့ဖူးသည်ဟု မကြားရဖူးဘဲ ခံခဲ့ရဖူးသည့် အခြင်းအရာများကိုသာ ပြောဆိုနေကြသော်လည်း ကြောက်တတ်သော စိတ်မရှိဘဲ သူတစ်ပါးကို နိုင်ထက်စီးနင်း ပြောဝံ့ခြင်း၊ သူတစ်ပါးလုပ်သော အခါများ၌ ခံနိုင်ရည်ရှိခြင်း တည်းဟူသော သတ္တိတို့ကြောင့် အရှိန်ဖြင့် ကြောက်ရွံ့နေကြရ၏။

ဦးကျော်ဆောင် လက်သီးဖြင့် ထိုးခဲ့လျှင် သာမန် လူတစ်ယောက်အသက် ပျောက်လောက်ပေရာ ဗလကောင်းတိုင်း ရန်ဖြစ်၍ အဟုတ်တကယ် ထိုးသတ်နေပါမူ ဦးကျော်ဆောင်မှာ အင်္ဂလိပ်လက်ထက်၌ စက်တိုင်နှင့် ထောင် တစ်လှည့်စီ လှည့်စံနေဖို့သာ ရှိပေလိမ့်မည်။ ဤအကြောင်းကို နားလည်ဟန် ရှိသော ဦးကျော်ဆောင်သည် လူဟန်နှင့်သာ ခြောက်လှန့်၍ ခြောက်လှန့်သည့်အတိုင်း ကိစ္စပြီးခဲ့သည်သာ များပေသည်။

ထိုခေတ်ကလည်း ဦးကျော်ဆောင်သည် တောအရက် ချက်လုပ်ခြင်း အလုပ်ကို တစ်ဦးတစ်ယောက်တည်း ချက်လုပ်ပိုင်ခွင့် 'မိုနိုပိုလီ' ယူထားသကဲ့သို့ မိမိကိုယ်ကို သဘောထား၍ အခြားလူများ မချက်ဝံ့အောင် ဟန့်တားလေ့ရှိ၏။ ဦးကျော်ဆောင်က ဟန့်လိုက်လျှင်လည်း ဇွတ်လုပ်ဝံ့သူ ရှားပါးသောကြောင့် "လူလုံးပြ" လိုက်ရုံဖြင့် ကိစ္စပြီးခဲ့လေသည်။

တစ်ခါက စင်ပြိုင် ချက်လုပ် ရောင်းချသူ တစ်ယောက် ပေါ်ပေါက်ရာတွင် ဦးကျော်ဆောင်သည် ထိုသူ၏ အိမ်ထဲသို့ အတင်းဝင်၍ စိမ်ရည်အိုးများကို ရိုက်ခွဲ၏။ ထိုသူက အိမ်ထောင့်၌ ထောင်ထားသော လှော်တက်ကို ဆွဲယူ၍ ဦးကျော်ဆောင်၏ ခေါင်းကို ရိုက်နှက်ရာတွင် ဦးကျော်ဆောင်မှာ ဘာမျှမဖြစ်ဘဲ လှော်တက်သာလျှင် ထက်ပိုင်းကျိုးသွား၏။ ဤတွင် ဦးကျော်ဆောင်သည် မိမိလက်ထဲမှ တုတ်ကိုချထား၍ ထိုသူကို ခါးမှ ကိုင်ခမ်းပြီးလျှင် ဝင်းထရံပေါ်မှ ကျော်၍ ရွှေလီ ချောင်းထဲသို့ ပေါက်ချလိုက်မည်ပြုသည်တွင် ထိုသူက ရှိခိုးတောင်းပန်လျက် "နောက်တစ်ခါ အရက်မချက်တော့ပါဘူး"ဟု ကတိထားသည်နှင့် "တယ် ငါလုပ်လိုက်ရ"ဟု ဆိုကာ မြေပေါ်သို့ ချထားလိုက်၏။





ဖော်ပြခဲ့သည့်အတိုင်း ဦးကျော်ဆောင်သည် တဲထဲတွင် တိုင်ထိုးမှီလျက် ဒန်တိုကြီးကို တရှူးရှူး သောက်ဖွာရင်း ကိုယ်တိုင်လည်း အရက်သောက်၍ ဖောက်သည်များကိုလည်း အလိုရှိသလောက် ထုတ်ရောင်းလျက်ရှိ၏။ ဖောက်သည်များသည် ငွေစက္ကူပေါ်သော ခေတ်ဖြစ်၍ လက်ငင်း ဝယ်သောက်နိုင်ကြပေရာ၊ ပိုက်ဆံကုန်သဖြင့် အကြွေး သောက်လိုလျှင်လည်း အကြွေးရောင်းဖို့ ဦးမလေးသော ဆိုင်ရှင်ဖြစ်သောကြောင့် အရောင်းသွက်လိုက်ပုံမှာ ပြောဖွယ်ရာမရှိချေ။ ဦးကျော်ဆောင်၏ဆိုင်မှာ အကြွေးသောက်ကြသော်လည်း တစ်ယောက်သောသူမှ တစ်ပါး အကြွေးမဆပ်ဘဲ နေဝံ့သူမရှိသောကြောင့် ဆုံးရှုံးခြင်း နည်းပါး၍ စီးပွား ဖြစ်လှပေတော့သည်။

ကြွေးသောက်ပြီးနောက် မပေးဆပ်ဘဲ နေဝံ့သည်ဆိုသော ချွင်းချက်ထားရသည့် ပုဂ္ဂိုလ်မှာ ထိုခဏ၌ တဲထဲသို့ ဝင်လာခဲ့လေပြီ။ ထိုသူသည် တဲထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက်၊ ထင်းရှူးသား စားပွဲထိပ်သို့ ရှေ့ရှုသွားလေရာ ထိုနေရာ၌ ထိုင်လျက်ရှိသော လူများသည် ကပျာကယာ ဖယ်ပေး၍ အခြားထိုင်ခုံတစ်ခုသို့ ပြောင်းရွှေ့သွားလေသည်။

ထိုသူသည် စားပွဲထိပ်ရှိ နေရာ၌ ထိုင်မိသည်နှင့် တစ်ပြိုင်နက်၊ ဦးကျော်ဆောင်၏ တပည့်က အရက်တစ်ပုလင်းနှင့် ပုလင်းဖင်ပြတ် တစ်ခုတည်ခင်းပေးပြီးလျှင် ကြက်ပေါင်ကြော်သုပ် ဇလုံကို ထိုသူ၏ ရှေ့သို့ တွန်းပို့ခဲ့၏။ ထိုသူသည် ပုလင်းမှ အရက်ကို ဖင်ပြတ်ထဲသို့ လောင်းထည့်ရင်း ဆိုင်ရှင် ဦးကျော်ဆောင်နှင့် အခြား လူများအား လှမ်းကြည့်လျက် . . .

"ကြားကြပြီလား ဗျို့ ခင်ဗျားတို့၊ ကျောက်ကောင် တစ်ကောင် ပေါ်လာဦးမှာတဲ့ဗျ။ ဒီကနေ့ ညနေ ရောက်လာလိမ့်မတဲ့"

"ဟုတ်လားဗျို့ ကိုထွားကြီး၊ ဒီကနေ့ မော်တော်ဘုတ် ဆိုက်လာလိမ့်မယ်လို့တော့ ကြားတယ်"

"အစစ်ပဲ။ အဲဒီ မော်တော်ဘုတ်နဲ့ ပါမှာပဲ ငါ့ကောင်တို့။ ဒီအခေါ် လာရင် နံပတ် (၅)ပေါ့ကွယ်"

လူငယ်ပိုင်းမှ လူများသည် ရယ်မောကြ၍ ဦးကျော်ဆောင်သည်း ဒန်တိုခဲရာမှ နားစွင့်နေလေရာ ပိုကာဝိုင်းမှ လူများသည်ပင်လျှင် "တွင်ကျွင်း" [illegible] သွားခိုက် ကြုံသည်နှင့် ကစားခြင်းကို ရပ်ဆိုင်းကာ နားထောင်လျက် [illegible]

နောက်ဆုံး ရောက်လာသည့် ကိုထွားကြီး ဆိုသူမှာ [illegible] လိုက်အောင် ကြီးထွားလှပေ၏။ ကသာနယ်ဘက်၌ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အနက်တွင် ရာမှုရှား ဆိုလောက်သည့် ဦးဘိုးလူ အမည်ရှိ ပုလိပ်အမှုထမ်း အိတ်(ချ)စီ တစ်ယောက်ရှိရာ၊ စစ်ကြီး မဖြစ်သေးဘဲ တိုင်းပြည် ငြိမ်သက် သာယာစွာ ရှိစဉ်က ဂျပန် အစိုးရသည် လူလုံး လူဖန် ထွားကြိုင်းသူများကို တမ္ဘာနှင့် အဝန်း လိုက်လံရှာဖွေလျက် ရှိသဖြင့် ဂျပန်အစိုးရ ကိုယ်စားလှယ်က ဦးဘိုးလူ၏ အရပ်အမောင်းကို သဘောကျသောကြောင့် လခ ၃၀၀/-ဖြင့် ဂျပန်ပြည်သို့ လိုက်ပါမည်လောဟု မေးမြန်းဖူးလေရာ ဦးဘိုးလူကမူ ကြောက် သည်ဆို၍ မလိုက်ဝံ့ ရှိ၏။

ထို အိတ်(ချ)စီ ဦးဘိုးလူမှာ အရပ် ၆-ပေ၊ ၄-လက်မဖြင့် အရပ်နှင့် လိုက်သော ကိုယ်လုံးလည်း ရှိပေရကား၊ ဂျပန်အစိုးရ ကိုယ်စားလှယ်က မျက်စိ ကျသည်မှာ အံ့ဖွယ်ရာ မဟုတ်ပါပေ။ တစ်နေ့သ၌ ဦးဘိုးလူသည် ရွှေလီရိုး ဘက်သို့ ရောက်၍ ကိုထွားကြီးနှင့် ဆုံသည်တွင် လူထွားချင်း မျက်စိကျသည် နှင့် မိတ်ဖွဲ့ကာ အတိုင်းအထွာ ယူကြဖူးလေသည်။ ကိုထွားကြီးသည် ဦးဘိုးလူ ထက် အရပ် ၂ လက်မခန့် နိမ့်သော်လည်း အလေးချိန်မှာ ပိဿာချိန်ခွက် ၂၀ ခန့် ပိုမို အချိန်စီးသည်ကို တွေ့ရပေရကား အဘယ်မျှလောက် တုတ်ခိုင်သော လူတစ်ယောက် ဖြစ်သည်ကို မှန်းဆနိုင်လောက်ပေပြီ။

အိတ်(ချ)စီ ဦးဘိုးလူမှာ မြန်မာထဲတွင် အမြင့်ဆုံးဖြစ်၍ ၊ မန္တလေး ဦးဘတုတ်မှာ အဝဆုံး တစ်ယောက် ဖြစ်ပေရာ၊ ကိုထွားကြီးမှာ ဦးဘတုတ် ကဲ့သို့ မဝသော်လည်း အလွန်တရာ မာကျောကျစ်လစ်၍ မိမိ၏ ခန္ဓာကိုယ်ကို ဝန်မလေးဘဲ ပေါ့ပါးလျင်မြန်စွာ လှုပ်ရှားသွားလာနိုင်သူ တစ်ယောက်ဖြစ် ပေ၏။ လည်ပင်း တစ်ဖက်တစ်ချက်တွင် ကြွက်သားကြီးများသည် ကြောက် ခမန်းလိလိ အမျှောင်းလိုက် ဖူးယောင် မို့မောက်လျက်ရှိရာ ကြွက်သားများ တောင့်ထားမည် ဆိုပါက ဝါးရင်းတုတ်ဖြင့် ရိုက်သော်လည်း ရော်ဘာကဲ့သို့ ခုန်တက်၍ ခံရသူအဖို့မှာ မည်သို့မျှမရှိဟု ပြောကြ၏။ ကိုထွားကြီးမှာ ခွန်အား ကို အစွမ်းကုန် ညှစ်ထုတ်ဖူးသည် မရှိသောကြောင့် မည်မျှလောက် ဗလ ကောင်းသည်ဟု မည်သူမျှ မခန့်မှန်းနိုင်သော်လည်း ဆိုင်ရှင် ဦးကျောက် ဆောင်က လေးစားရခြင်းကို ထောက်သဖြင့် အတော်ကြီးမားလိမ့်မည်ဟု ထင် ခြင်းကြ၏။

တစ်နေ့သ၌ ဦးကျောက်ဆောင်နှင့် ကိုထွားကြီးတို့သည် အရက် သောက်ရင်း ကာယဗလ အကြောင်းကို စကားစပ်မိကြ၍ တစ်ယောက်၏ လက်ကို တစ်ယောက် ဆုပ်ကိုင်ကာ "လက်လှဲခြင်း" အားစမ်းနည်းဖြင့်





စမ်းကြည့်ကြရာ၊ နှစ်ယောက်စလုံး တောင့်ထားကြစဉ် အတွင်း၊ စားပွဲခုံသည် သူတို့၏ တတောင် ဖိနှိပ်ခြင်းကို မခံနိုင်သည်နှင့် ဂျွမ်းကနဲ ကျိုးကျသွား၏။ လူကြီးနှစ်ယောက်တို့သည် ဆက်လက်၍ အားမစမ်းကြတော့ဘဲ ထိုနေ့မှစ၍ တစ်ယောက်ကို တစ်ယောက် လေးစား ကြလေတော့၏။ ဦးကျောက်ဆောင် သည် အခြား လူများထံမှ အကြွေးတောင်းခံရ၍ အလွယ်တကူ မရခဲ့လျှင် ခပ်ဆတ်ဆတ် ပြောတတ်သော်လည်း၊ ကိုထွားကြီးအားမူ ထိုကဲ့သို့ ပြောရိုး ခြင်း မရှိ၊ ကိုထွားကြီးကလည်းအကြွေး သောက်စားကာမူ ၊ မပေးဆပ်ဘဲ မနေခဲ့ချေ။ စင်စစ်မှာ ဤလူနှစ်ယောက်အနက် မည်သူက မည်သူ့ကို ကြောက် ရသည်ဟု မပြောနိုင်ကြဘဲ အပြန်အလှန် လေးစားကြခြင်းကိုသာ တွေ့ရလေ သည်။

သရဲကုန်းရွာနား၌ ဌာနအုပ် မမြဲဘဲ ရှိရခြင်း ကိစ္စတွင် ဦးကျောက် ဆောင်နှင့် ကိုထွားကြီးတို့သည် အကြီးဆုံးသော လက်သည်များ ဖြစ်ကြ၏။ ကြေးငွေ စိုက်ထုတ်၍ အလုပ်ရှိလျှင် ဦးကျောက်ဆောင်က တာဝန်ယူ၍ ၊ လူ ကိုယ်တိုင် ကိုယ်ထိလက်ရောက် လုပ်ရသောတာဝန်ကို ကိုထွားကြီးက တာဝန် ယူလေ့ ရှိ၏။ စင်စစ်မှာ ဦးကျောက်ဆောင်သည် ကိုထွားကြီးကို မြှောက် ခိုင်းနေခြင်းဖြစ်၍ မိမိက နောက်ကွယ်မှ အကူအညီ ပေးရုံမျှ အလုပ် လုပ်လေ သည်။

ကိုထွားကြီးက စတင်၍ ဌာနအုပ် အသစ်တစ်ယောက် ရောက်လာ သည့် ကိစ္စအကြောင်းကို ပြောဆိုကြသဖြင့် ထိုနေ့ ညနေမော်တော်ဘုတ်နှင့် လိုက်ပါလာမည်ဟု သိကြရသည်နှင့် တစ်ပြိုင်နက် ဦးကျောက်ဆောင်သည် ထိုနေ့ညအဖို့ ကာလသားများ စားနိုင်သောက်နိုင်သမျှအတွက် တစ်ပြားတစ် ချပ်မျှ မယူဘဲ ကုသိုလ်ဖြစ် တိုက်ကျွေးပါမည်ဟု ပြောလိုက်သည်တွင် ကာလ သားများသည် နှစ်ယောက်တစ်တွဲ သုံးယောက် တစ်တွဲ ရောက်လာကြ၍ နာရီဝက်ခန့်အတွင်း တဲကြီးမဆန့်အောင် ပြည့်ကြပ်သွားလေတော့၏။ ဤကိစ္စမျိုးတွင် ရှေ့ဆောင်အဖြစ်နှင့် ဆောင်ရွက်နေကျဖြစ်သော ကိုထွားကြီး အားလည်း၊ဆိုင်ရှင် ဦးကျောက်ဆောင် မှစ၍ ရှင်လူထွက်ခါစ ဖြစ်သော ကာလသား ပေါက်စကလေးတိုင်အောင် ချီးမွမ်း ထောပနာပြုကြ၏။ စုရုံး ရောက်လာကြသော ကာလသားများသည် လူမိုက်များချည်း မဟုတ်သော် လည်း ဌာနအုပ်ကို မောင်းထုတ်ခြင်းအလုပ်မှာ သရဲကုန်းရွာတွင် ရေစီးကြောင်း ကြီးတစ်ခု အနေဖြင့် လူငယ်တိုင်း စိတ်ဝင်စားလျက် ရှိကြရကား၊ လေ့ကျင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ဥသေး၊ ဥမွှားမကျန် ထွက်လာကြလေတော့သည်။

ထိုအတောအတွင်း အချို့သော ကာလသားများသည် ဦးကျောက်ဆောင်နှင့် ကိုထွားကြီးတို့ ရှေ့၌ မျက်နှာရစိမ့်သောငှါ "ဌာနအုပ်ကို ဘယ့်နှယ်ဝိုင်းမယ်" "ဒီနှယ် ဝိုင်းမယ်" "ညီစေနော်" "အေး" "အေးအပြင်" "အဲမရဘူးလားကွဲ့" "အဲ" စသည်ဖြင့် သံချပ်များကို ထိုးလျက်ရှိကြ၏။

ညနေ ၅ နာရီထိုး အချိန်ခန့်တွင် "ဖုတ် ဖုတ် ဖုတ်"မြည်သော အသံကလေး သဲ့သဲ့ ကြားရသည်နှင့် တပြိုင်နက် "လာပြီဟေ့၊ လာပြီဟေ့"ဟု သတိပေးသံများ ပေါ်ထွက်လာ၍ အားလုံး တိတ်ဆိတ်သွားပြီးလျှင် ဦးကျောက်ဆောင်နှင့် ကိုထွားကြီးတို့၏အသံ နှစ်သံသာလျှင် စကားပြောလျက် ကျန်ရစ်လေတော့၏။

ကိုထွားကြီးက "အစိုးရဟူသည်မှာ ကိုယ်တိုင် အလုပ် မလုပ်ချင်ဘဲ အလုပ်လုပ်သော လူများအပေါ်မှ လူညွန့်ရူးစားချင်သော လူစုဖြစ်၍ မင်းမှုထမ်းဟူသည်မှာလည်း ထိုလူစုထဲတွင် ကပ်ပါး ရပ်ပါးနှင့် ညာစားနေသော လူညာများ ဖြစ်ကြောင်း၊ ကိုယ့်ငါး ကိုယ်ဖမ်း ကိုယ့်သစ် ကိုယ်ခုတ်ရောင်းလျှင် မည်သူ့ကိုမျှ အခွန်ဆောင်နေဖို့ရာ မလိုကြောင်း၊ အခွန်အတုပ်ဆိုသည်မှာ မသိနားမလည်သူများ အပေါ်မှ ညာဖြန်း၍ ယူခြင်း ဖြစ်ကြောင်း၊ မိမိတို့ သရဲကုန်းရွာတွင် အစိုးရလည်း မလို၊ ဂါတ်တဲလည်း မလို၊ ဌာနအုပ်လည်း မလို ၊ မည်သည့်အရာရှိမှလည်း မလို၊မိမိတို့ဘာသာ မိမိတို့ နေလိုကြောင်း"များဖြင့် လက်ချာပေးရာတွင် ဦးကျောက်ဆောင်က အများဆုံး ထောက်ခံ၍ အရက်နှင့် (ကြက်ပေါင်ကြော် ကုန်သွားသဖြင့်) ငါးကြော်များ နောက်ထပ် ဆောင်ယူ တိုက်ကျွေးလေ၏။ လူငယ်များမှာလည်း အတော် မူးယစ်နေကြပြီ ဖြစ်၍ ပြောသမျှကို ဩဘာလက်ခုပ် တီးကြလေ၏။

ထိုခဏ၌ မော်တောဘုတ်ကလေးသည် ထောင့်ချိုးမှ ဘွားခနဲ ပေါ်ထွက်လာ၍ လူတစ်ယောက်သည် ဦးပိုင်း၌ ရပ်ကာ မှန်ပြောင်းကလေး တစ်လက်ဖြင့် ရွာဘက်သို့ မြော်ကြည့်ရင်း လိုက်ပါလာသည်ကို တွေ့မြင်ကြရလေ၏။ ဤတွင် "သူပဲ ထင်တယ်ဟေ့" "ဒီပြင်လူ မပါဘူး သူပဲဖြစ်ရမှာပဲ" "ဟုတ်ဟန်တူပါ့ကွာ။ ကာကီဘောင်းဘီတိုနဲ့ ဂျပန်များလားကွယ်ရို့" စသည်ဖြင့် အမျိုးမျိုး ထင်မြင်ချက် ပေးလျက်ရှိကြ၏။

မော်တော်ဘုတ် ဆိုက်ရမည့် နေရာမှာ အောက်ပိုင်းတွင် ရှိ၍ ဦးကျောက်ဆောင်၏ တဲမှာ ထိုဆိပ်ကမ်းနှင့် ပုလိပ်ဌာန အကြားတွင် ရှိနေ





ပေရကား ဆိပ်ကမ်းမှ ဆင်းလာသော သူသည် ဌာနသို့ သွားလိုခဲ့လျှင် ဦးကျောက်ဆောင်၏ တဲရှေ့ရှိ လမ်းပေါ်မှ ဖြတ်သန်းသွားရမည် ဖြစ်လေသည်။ ဌာနရှိ ပုလိပ်များသည် မော်တော်ဘုတ်ပေါ်တွင် ဌာနအုပ် အသစ်ပါလာသည့်အကြောင်းကို သိကြသော်လည်း ဦးကျောက်ဆောင်၏ ကျေးဇူးခံ၊ ဘေးဇူးစားများ ဖြစ်ကြသည့်လက္ခဏာဖြင့် တောတက်နေကြလေဟန် ပရိယာယ်ဖြင့် ရှောင်တိမ်း နေကြသောကြောင့် ထိုနေ့က မော်တော်ဘုတ်သို့ တစ်ဦးတစ်ယောက်မျှ သွားရောက် ကြိုဆိုသည်ကို မတွေ့ရချေ။ သို့ဖြစ်၍ မော်တော်ဘုတ်သည်။ ဆိပ်ကမ်း၌ ကပ်၍ ခရီးသည် နှစ်ယောက်ကို ချထားခဲ့ပြီးနောက် ဆက်လက် ဆန်တက်သွားရာတွင် ဆရာတပည့်နှင့် သဏ္ဌာန်တူသော လူနှစ်ယောက်သည် ဌာနဘက်သို့ လျှောက်လာကြလေ၏။

ဆရာဖြစ်သူသည် နှစ်လုံးပြူး သေနတ်တစ်လက်ကို ထမ်း၍၊ ခြောက်လုံးပြူး တစ်လက်ကို ခါး၌ ထိုးကာ ရှေ့မှ လျှောက်လာသည်တွင် တပည့်သည် အိပ်ယာလိပ်ကို ထမ်းလျက် သားရေအိတ်ကို လက်ဆွဲကာ နောက်မှ လိုက်ပါလာလေ၏။ ပုလိပ်ဌာနမှာ ပတ်ဝန်းကျင်ထက် အနည်းငယ် မြင့်သော ကုန်းကလေးပေါ်၌ ဆောက်လုပ်ထားလေရာ၊ ဌာနရှေ့၌ရှိသော ရေဆိပ်မှ ကျောက်ဆောင်များ ပေါပေါက်လျက် ရှိသောကြောင့် မော်တော်ဘုတ် ဆိုက်ကပ်ရန် မဖြစ်နိုင်သဖြင့် ထိုကဲ့သို့ ခရီးအနည်း ငယ်ခွာ၍ ဆိုက်ကပ်ရခြင်း ဖြစ်လေသည်။

မော်တော်ဘုတ် ကပ်သော ဆိပ်ကမ်း၌ အဝတ်ဖွပ်လျော်နေကြသော မိန်းမ သုံးလေးယောက်တို့ မှတစ်ပါး မည်သူကိုမျှ မတွေ့ခဲ့ရသော်လည်း ဦးကျောက်ဆောင်၏တဲရှေ့သို့ ရောက်သောအခါ၌ လမ်းပေါ်တွင် လူအမြောက်အမြား စုရုံးကာ ရပ်နေသည်ကို တွေ့မြင်ရသည်တွင် ရှေ့မှ လျှောက်လာသော သူသည် မျက်ခုံးချီကာ မသိမသာကလေးမျှ တန့်ရပ် လိုက်ပြီးနောက် မိမိ၏ တပည့်အား "ပေါတင်–၊ ငါပြောထားတာ မမေ့နဲ့နော်၊ ငါ့ဘာသာ ငါ ဖြစ်ချင်ရာဖြစ် ငါ့အမိန့်မရဘဲ ကူလား ညီလား စွက်လား ဖက်လား မလုပ်နဲ့နော် ကြားလား"ဟု ပြောလိုက်သဖြင့် တပည့်က "စိတ်ချပါဆရာ"ဟု ပြန်ပြောလေ၏။

ထိုနောက် ဆရာတပည့် နှစ်ယောက်သည် ဆက်လက် [illegible] လာကြ၍ ဦးကျောက်ဆောင်၏ တဲရှေ့သို့ ရောက်လာကြသည်[illegible] လမ်းဘေးတစ်ဖက် တစ်ချက် စောင့်ကြည့်နေကြသော လူများ အနက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်လာ၍ ဆရာလုပ်သူ၏ ပခုံးကို လက်ဖြင့်တို့လျက် "ဗျို့ဆရာကြီး နေပါဦးဗျ၊ တစ်ခု မေးစမ်းပါရစေ၊ ဌာနအုပ် အသစ် ရောက်မယ်ဆိုတာ ခင်ဗျား ပဲလားဗျ"

"ဂိုးတူဟဲလ်၊ ကျုပ်ဖြင့် ဘာလုပ်ချင်လို့လဲ"

"ဂိုးတူဟဲလ် ဆိုတာ ဘာပြောတာလဲဗျ၊ မသိလို့ မေးပါရစေ"

"ဟဲလ် ဆိုတာ ငရဲပြည်ပြောတာ၊ ဂိုးဆိုတာ သွားလိုက်တဲ့၊ ငရဲပြည် ကို မောင်မင်းသွားလိုက်လို့ ပြောတယ် ဒါဘာဖြစ်သလဲ"

"ငရဲပြည် ကျုပ်သွားမှာက နောက်၊ ခင်ဗျားက အခု ငရဲပြည် ရောက် နေပြီ၊ မြန်မြန် ပြန်ရင် ပြန်ပြေး၊ မော်တော်ဘုတ် မှီသေးတယ် မဟုတ်ရင်"

"မဟုတ်ရင် ဘာဖြစ်လဲ"

"မဟုတ်ရင် ငရဲမီးဟာ အင်မတန် ပူတယ်ဗျ"

"ငရဲမီး ပူမှန်း လူတိုင်းသိတာပဲ၊ ကျုပ်ကို ပြောဖို့ ဘာလိုသလဲ"

"မပူစေချင်လို့ သနားလို့ ပြန်သွားဖို့အကြံပေးရခြင်း ဖြစ်ပါတယ်"

"အောင်မယ်၊ မောင်မင်းက ကျုပ်ကို သနားတယ်၊ ဒါကတော့ ကိုယ့် စိတ်နဲ့ကိုယ်၊ သနားချင် သနားနိုင်တယ် ထားပါတော့။ ကျုပ်ပြန်ဖို့ဆိုတာ ကျုပ်ပြန်ချင်တဲ့နေ့၊ ပြန်ချင်တဲ့အချိန်၊ နာရီကျတော့မှ ပြန်မယ် မောင် ရေ့။ လူကောင်ကြီး ဆင်လောက်ကြီးပေမယ့် လာခြောက်လို့ ကြောက်လိမ့်မယ် မှတ် လို့လား"

"ခင်ဗျားက ပခုံးပေါ်မှာ တစ်လက်၊ ခါးမှာ တစ်လက်။ ဒါကြောင့် ဒီစကားမျိုး ပြောဝံ့တာပေါ့လေ"

"ဟေ့ ဒါကြောင့် မဟုတ်ဘူးကွ။ လက်နဲ့ လက်ချင်း တစ်ယောက် တစ်ယောက်ချင်းဆိုရင် ဘယ်သူခြောက်လို့မှ ရှောင်ထွက် ပြေးချင်တဲ့လူ မဟုတ် ဘူး နားလည်လား"

"တယ် ဆိုတဲ့ စာပါလား၊ ဒါဖြင့် တိုက်ရိုက် ပြောရရင် ခင်ဗျားက ကျုပ်ကို လက်နဲ့ လက်ချင်း တစ်ယောက် တစ်ယောက်ချင်း မကြောက်ဘူးလို့ ဆိုလိုတာလား။ ကြည့်စမ်းပါဦးဗျ ကျုပ်ကို"

ယင်းသို့ ပြောရင်း ကိုထွားကြီးသည် ဝက်ပေါင်ချောက်ကြီး ပမာဏ ရှိသော လက်မောင်းကြီးကို ဆန့်တန်းလျက် ကိုဇော်ဟိတ်၏ မျက်နှာ အနီးသို့ ကပ်ပြလေရာ ကိုဇော်ဟိတ်သည် မထီတရီ မျက်နှာထားဖြင့် လှမ်းကြည့်ပြီး နောက် "ကြီးတိုင်း ကြောက်ရမှာဖြင့် လောကကြီးမှာ ဆင်တွေ မင်းမူနေရုံ





ရှိမှာပေါ့"ဟု မခန့်တရန့် ပြန်ပြောလိုက်၏။

"ပါးစပ်နဲ့တော့ လူတိုင်း ပြောတတ်တာပေါ့။ ပြောတဲ့အတိုင်း တကယ်လုပ်ဝံ့ပါ့မလား"

"ဟေ့လူ မလုပ်ဝံ့ရင် ဒီတောင် မလာဘူး။ နားလည်လား"

"ဒါဖြင့် ဘယ်တော့လဲ"

"ဘယ်တော့ရမလဲ ခုချက်ခြင်းပေါ့"

"တကယ်နော်"

"ပြင်ပါကွ"

ဤတွင် ကိုဇော်ဟိတ်သည် သေနတ် နှစ်လက်ကို တဝည့်အား အပ်နှင်း၍ အကျီကို ချွတ်ကာ လက်ဗွေ့ထိုးဖို့ ပြင်ဆင်နေကြသည် အတွင်း ထိုနေရာသို့ ကိုဇော်ဟိတ် ရောက်လာခဲ့ရပုံ အခြင်းအရာ အနည်းငယ် ဖော်ပြ ရပေမည်။

တစ်နေ့သ၌ ကိုဇော်ဟိတ်သည် မိတ်ဆွေ ရာဇဝတ်ဝန်နှင့် ဘီလီ ယက် ကစားနေကြရာမှ ရွှေလီချောင်းနယ် သရဲကုန်းဌာန၌ ဌာနအုပ် အတည် တကျ မရနိုင်ဘဲ တစ်ယောက်ပြီး တစ်ယောက် ပြေးလာခဲ့ရပုံ အခြင်းအရာကို စကားစပ်မိသဖြင့် ပြောပြရာတွင် စွန့်စားဖို့ အလုပ်ဆိုလျှင် တမင်လိုက်ရှာ နေဘိသကဲ့သို့ ကြုံချင် တွေ့ချင်လှသော ကိုဇော်ဟိတ်သည် စိတ်ဝင်စားသည် ဖြစ်၍ "ဌာနအုပ် အလုပ်ကို အမြဲမလိုချင်သော်လည်း ဖြစ်အောင် လုပ်ပြမေး ချင်သည်"ဟု ပြောမိ၏။ ထိုအခါ မိတ်ဆွေ ရာဇဝတ်ဝန်က "တယ်မကြွားနဲ့ ဆရာကြီး သုံးလပြည့်အောင် ခင်ဗျားလုပ်နိုင်ရင် ကျုပ်က မော်တော်ကားတစ် စီး ဆုချမယ်"ဟု ပြောသည်တွင် ကိုဇော်ဟိတ်က "သုံးလမဟုတ်ဘူး ခြောက် လပြည့်အောင် ကျုပ်လုပ်ပြမယ် "ဟု ပြန်ပြော၍ ဌာနအုပ် တစ်ယောက် ခန့် ထားရန် ခဲယဉ်းသော ခေတ်မဟုတ်သည့်အလျောက် ခန့်စာယူ၍ တပည့်[illegible] ယောက်နှင့် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ဇော်ဟိတ်နှင့် ကိုထွားကြီးတို့သည် အဝတ်များ ချွတ်[illegible] ဇော်ဟိတ်မှာ စွပ်ကျယ်အကျီနှင့် ကာကီဘောင်းဘီတိုဖြင့် လည်း[illegible] ကိုထွားကြီးမှာ ခါးတောင်းမြှောင်လှအောင် ကျိုက်၍ အကျီတုံးလုံးဖြင့် [illegible] ကောင်း ယှဉ်လျက် ရပ်လိုက်ကြသည့်အခါ ဆင်နှင့်ဆိတ် ကဲ့သို့ [illegible] နေသည် ဖြစ်သောကြောင့် ပရိသတ်တို့က လက်ဗွေ့ပွဲ မဟုတ်ဘဲ[illegible] ကြည့်ရလိမ့်မည် ဟူ၍ ထင်မှတ်ကြ၏။ ကာလသား [illegible]



www.burmeseclassic.com

www.burmeseclassic.com



"အရက်တစ်ပုလင်းနဲ့ (ဂျပန်ငွေ) ၅ ဆင့် လောင်းမယ်ဟေ့၊ ကြိုက်တဲ့လူ စိန်လိုက်"ဟု အော်လိုက်ရာတွင် အနီးရှိလူများက "သေချာပေါက်မှ လောင်းချင်တဲ့ လူပဲ"ဆိုကာ ရယ်မောကြသေး၏။

ဇော်ဟိတ်မှာ ကျွန်ုပ်တို့ ဖော်ပြခဲ့ဖူးသည့်အတိုင်း အရပ် ၅ ပေ၊ ၁၀ လက်မရှိ၍ မြန်မာထဲတွင် လူရှည်တစ်ယောက်ဖြစ်သည့်ပြင် အရပ်နှင့်လိုက်သော အလုံးအဖန်နှင့် ကျစ်လစ်မာကျောသော ကိုယ်ကာယ ရှိသည်မှန်သော်လည်း အံ့ပွဲသွင်းရမတတ် မြင့်မား၍ အသားထွားကောင်းကြီး သဖွယ် တုတ်ခိုင်ကြီးမားလှသည့် လူ့ပြိတ္တာ ခေါ်လောက်သော ကိုထွားကြီးနှင့် နှိုင်းယှဉ်လိုက်သည့်အခါ ယင်ကောင်နှင့် ဖြုတ်ကဲ့သို့ ရှိနေရကား၊ ဇော်ဟိတ်ကို အားရလှသဖြင့် လိုက်လာခဲ့သော တပည့် ပေါတင်၏ မျက်စိ၌ ဆရာ၏ ကြွက်သားများ ဘယ်ရောက်ကုန်သည် မသိဟု မှတ်ထင်မိ၏။ ပေါတင် အားရမိသော အချက်တစ်ခုမှာ အနည်းငယ်မျှ လန့်ထိတ်ဟန် မရှိဘဲ မိမိ အစွမ်းကို မိမိ ယုံကြည်စိတ်ချသည့် လက္ခဏာဖြင့် အေးအေးဆေးဆေး ရှိလှသော ကိုဇော်ဟိတ်၏ အမူအရာသာလျှင် ကျန်ပေတော့၏။

လူနှစ်ယောက် ယှဉ်မိကြသောအခါ ထွားကြီးက . . .

"ကျုပ်တို့ တောသားနော်၊ စည်းကမ်းတွေ ဘာတွေ နားမလည်ဘူး၊ သတ်ချင်သလို သတ်လိမ့်မယ်"

"လုပ်ပါ၊ သဘောရှိ လုပ်ပါ"

"ကိုင်ပေါက်ချင် ပေါက်လိမ့်မယ်နော်"

"ပေါက်နိုင် ပေါက်ပေါ့"

"ကိုင်း-ဒါဖြင့် လာလေ့ရော"

ကိုထွားကြီးသည် ဘောင်ဆင်သမား စည်းကမ်းအတိုင်း လက်ချင်းဆက်ဖို့ နားမလည်ဘဲ ဇော်ဟိတ်ကို ကိုင်ပေါက်မည် အကြံဖြင့် လည်ပင်းကို လှမ်းဆွဲလိုက်ရာ လှမ်းလိုက်သော လက်သည် ရည်ရွယ်သော နေရာသို့ မရောက်မီ ငါးချိတ်ကို မြင်းကန်လိုက်သကဲ့သို့ ပြင်းထန်လှသော လက်သီးတစ်ချက် ရောက်လာလေတော့၏။ အခြား သူတစ်ယောက် ဖြစ်ပါမူ ဤတစ်ချက်ဖြင့် တုံးကနဲ လဲလောက်သော်လည်း ကိုထွားကြီးမှုကား ယိုင်ခနဲဖြစ်သွား၍ နာကျင်ခြင်းထက် အံ့သြခြင်းက ပိုမိုသည့် လက္ခဏာရှိ၏။ အဘယ်ကြောင့်ဆိုသော် ဤမျှလောက် ပြင်းထန်သော လက်သီးချက်မျိုး မကြုံဖူးသဖြင့် မှန်းနိုင်မည် မထင်သောကြောင့်ပေတည်း။ ဇော်ဟိတ်သည် 'လိုက်ဝိတ်' ဘောင်





ဆင် အတန်းတွင် ချန်ပီယံ ဖွဲ့ခဲ့ဖူးခြင်းကိုလည်း ကိုထွားကြီး မသိချေ။

ကိုထွားကြီးသည် အလွန်အံ့သြသော မျက်နှာထားဖြင့် ငါးဆို ဖွင့်နေစဉ် မေးစွန်းသို့ ဘယ်ဘက် လက်သီးတစ်ချက် ဖွပ်ဝင်လာပြန်လေရကား မျက်စိထဲ၌ မီးဖွားပေါင်း ထောင်သောင်းတို့ လှုပ်ရှားပျံသန်း သွားသည်ကို မြင်လိုက်ရ၏။

ထိုအခါ ကိုထွားကြီးသာမက နံဘေးမှ ဝိုင်းကြည့်နေကြသော ပရိသတ်များသည်လည်း အံ့သြလာကြ၍ ဟင်ခနဲ- ဟယ်ခနဲ နှုတ်မှ ထွက်လာတော့ပေရာ နောက်တစ်ကြိမ်၊ "ဖေါက်"ခနဲ ကြားလိုက်ရကြရပြီးနောက် ကိုထွားကြီး၏ ဦးခေါင်းသို့ လျှပ်စစ်ဓာတ်အား သွင်းလိုက်သည့်အလား ထုံကျင်သွားပြီးလျှင် ဘိုင်းကနဲ လဲကျသော အသံကြား၍၊ မြေပေါ် ပက်လက်လန်လျက် လဲနေသော ကိုထွားကြီးကို မြင်ကြရလေ၏။

နောက်တစ်ဏာ၌ နွားသိုး အော်သံကဲ့သို့သော အသံမျိုးကြီးဖြင့် အော်မြည်လျက် ကိုထွားကြီးသည် မြေကြီးပေါ်မှ လူးလဲထလာလေရာ ပါးစပ်အစွန်းတစ်ဘက် တစ်ချက်မှ သွေးများ ယိုစီး ကျလာလေ၏။

"သေရအောင်ပြင်ထားကွ"ဟု ဆိုလျက် ကိုထွားကြီးသည် ဇော်ဟိတ်ထံသို့ ပြေးသွားလေရာ ဇော်ဟိတ်လည်း ခါးကို ကိုင်းညွတ်ကာ ရပ်လျက် ထွားကြီးကို စေ့စေ့ကြည့်ကာ စောင့်နေလေ၏။

ကိုထွားကြီးလည်း "မင်းလိုအကောင်၊ အစိမ်းလိုက် ဝါးစားမယ်ကွ" ဟု ကြုံးဝါးလျက် ကြောက်မက်ဖွယ်သော လက်သီးဆုပ်ကြီးများဖြင့် ဇော်ဟိတ်ကို ဘယ်ပြန် ညာပြန် ကြုံး၍ ထိုးလိုက်၏။ သို့ရာတွင် ဇော်ဟိတ်သည် ပွက်ပွက်ဆူသော ရေနွေးထဲ၌ လှုပ်ရှားနေသော ဖေါ့ကလေးသဖွယ် အလွန်မြတ်လတ်သည်ဖြစ်၍ ဦးခေါင်းငုံ့ကာ တစ်ချက်ရှောင်၍ နံဘေးသို့ တိမ်းကာ တစ်ချက် ရှောင်လိုက်ပြီးလျှင် ကိုထွားကြီးသို့ အတင်းဝင်၍ ကပ်ကာ ညာခါးချိတ်ကို သွင်း၍ ဘယ်လက်သီးကို မေးစွန်းသို့ သွင်းလိုက်၏။ လက်သီးနှစ်ချက်လုံးသည် ချိန်ရွယ်ထားသော နေရာသို့ တည့်တည့်ကြီး ထိသဖြင့် 'ဖျောင်းဖျောင်း'ဟူသော အသံနှစ်ချက် ပေါ်ထွက်လာ၍ ထွားကြီး၏ လက်သီးနှစ်ဖက်သည် လေကိုလှမ်းဆွဲသလို ကားယားကြီး ဖြစ်သွားပြီးလျှင် နောက်သို့ ဒယိမ်းဒယိုင် ဆုတ်သွား၍ လျှော်လုန်းထားသော တိုင်ကြီးနှင့် တိုက်မိသော ရပ်နေလေတော့၏။ ကိုထွားကြီး၏ ကိုယ်လုံးကြီးသည် မုန်တိုင်းတိုက်သော သစ်ပင်ကဲ့သို့ ထိုမှဤမှ ယိမ်းယိုင်လျက်ရှိ၏။ ထို့နောက် မိမိကိုယ်ကို ထိန်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုထွားကြီးသည် တစ်ချက်တည်းဖြင့် အဆုံးစီရင် လိုက်မည်ဆိုသော အမူအရာမျိုးဖြင့် ပြေးဝင်သွားသော်လည်း ဇော်ဟိတ်၏ စူးစိုက်တည်ငြိမ်သော မျက်လုံးများကို မြင်ရသည်နှင့် ရုတ်တရက် သတိရ၍ အရမ်းမဝင်တော့ဘဲ ခပ်ဆိုင်းဆိုင်း ဖြစ်သွားလေ၏။

သို့ဖြစ်၍ ကိုထွားကြီးသည် ယခင်ကဲ့သို့ တဟုန်ထိုး အရမ်းမဝင်တော့ဘဲ ခပ်စောင့်စောင့် လုပ်နေလေရာ ဇော်ဟိတ်သည် အလွန်တရာ လျင်မြန်ဖြတ်လတ် သွက်လက်သူတစ်ယောက်ဖြစ်သည့်အတိုင်း ကိုထွားကြီး၏ ကိုယ်လုံးကြီးကို ပတ်ချာလှည့်လျက် ဘယ်လက်သီးနှင့် ချောက်၍ ညာလက်သီးနှင့် ထိုးခြင်း။ ညာဘက်မှ ဝင်မည်ပြုပြီးမှ ဘယ်ဘက်မှ ဆတ်ခနဲ ဝင်ခြင်း စသည်ဖြင့် မိမိ၏ လက်ဖြေ့ ပညာအစွမ်းကို ပြသလေတော့သည်။ ကိုထွားကြီးသည် ဇော်ဟိတ်ထက် လက်တန် နှစ်လက်မခန့် ရှည်သည့်ပြင် လက်သီး တစ်ချက်လျှင် တစ်ချက်ချင်း တစ်ပြန် တစ်လှန် အထိခံ၍ထိုးရန် မဖြစ်နိုင်ဘဲ သူ၏ လက်သီးချက်ကို လွတ်အောင်ရှောင်၍ မိမိ၏လက်သီးချက် သက်သက်သွင်းရန် ကြိုးစားရခြင်း ဖြစ်လေရကား ဇော်ဟိတ်၏ အလုပ်မှာ မလွယ်ကူလှချေ။ ဗလတူ ရွယ်တူ ဖြစ်ပါက တစ်ခါတစ်ရံ သူတစ်ချက် ကိုယ်တစ်ပြန် အနာခံ၍ ထိုးသတ်ခဲ့သော ဇော်ဟိတ်သည် ကိုထွားကြီးကို ဤနည်းဖြင့် မဖြစ်နိုင်ကြောင်းသိ၏။ ကိုထွားကြီး၏ လက်သီးချက် တစ်ချက်လှလှမိခဲ့လျှင် မိမိ မဆိုထားဘိ နွားသိုးပင် မခံနိုင်ကြောင်းသိသည်နှင့် ဇော်ဟိတ်သည် အမောခံနိုင်ခြင်း တည်းဟူသော မိမိ၏ သတ္တိထူးကို အားကိုးလျက် တစ်ချက်မျှ အထိမခံဘဲ ထွားကြီးကို ချာလပတ်လှည့်၍ ခြောက်ရင်း ထိုးသတ်၏။

တစ်ခါတစ်ရံ ကိုထွားကြီးသည် ပတ်ချာလှည့်၍ ခုခံ ကာကွယ်နေရခြင်းကို ငြီးငွေ့ဟန်ဖြင့် ရှေ့သို့ ဖွတ်တိုး စမ်းကြည့်ရာ စမ်းသည့်အခါတိုင်း မိမိ၏ လက်သီးများသည် ဇော်ဟိတ်နှင့် ပခုံးကြားနှင့် ဦးခေါင်းပေါ်သို့ ကျော်သွား၍ ဇော်ဟိတ်၏ လက်သီးများသည်သာလျှင် မိမိ၏မေးစွန်း ပါးချိုတ်နှင့် အရိုက်များ ဆီသို့ ဝှီးခနဲ ဝှီးခနဲ ရောက်လာသည်ကို တွေ့ရလေ၏။ ဇော်ဟိတ်၏ လက်သီးသက်သက်ထက် မိမိက ဖွတ်ဝင်သော အခါများ၌ ထိသွားသော "ထောက်" လက်သီးများသည် မိမိ၏ကိုယ်လုံး အရှိန်ကြောင့် ပို၍ ပြင်းထန်နာကျင်ကြောင်း သိရသည်နှင့် တစ်ခါထက် တစ်ခါ လန့်၍ လန့်၍ သွားလေ၏။ ဇော်ဟိတ်ကလည်း တစ်စက္ကန့်မျှ အနားမပေးဘဲ သူမဝင်လျှင် ငါဝင်မည်ဆိုသော သတ်နည်းမျိုးဖြင့် လှည့်ပတ် ထိုးသတ်ရာတွင် ကိုထွားကြီးမှာ





ပထုပ်ပနီ လိုက်၍ တုပ်သော နွားကြီးကဲ့သို့ ချာလပတ်လည်လျက် တစ်ချက်ထိုးမိတိုင်း အစ်ခနဲ အွတ်ခနဲ ဝေါခနဲ မြည်သွားလေတော့၏။ ယင်းသို့ရှိစဉ် ဇော်ဟိတ်၏ ညာလက်သီး တစ်ချက်သည် ထွားကြီး၏ ပါးစပ်ပေါ်သို့ တည့်တည့်ကြီး ထိသွား၍ ရှေ့သွား နှစ်ချောင်း ကျွတ်ထွက်သွားရာတွင် ကိုထွားကြီးသည် သွားများကို ထွီကနဲ ထွေးထုတ်လိုက်သဖြင့် သွေးချင်းချင်းနီသော တံတွေးများ လိုက်ပါသွား သည်နှင့် ပရိသတ်တို့က "ဟာ"ခနဲ ဖြစ်သွားၾ၏။ ကိုထွားကြီး အဖို့မှာမူ နီသည် မည်းသည် ဟူ၍ပင် သိလိုက်ဖို့ အချိန်မရှိဘဲ ပါးချိုတ်ဆီမှ 'ဖျောင်း' ခနဲ အသံ ကြားသလို ထင်လိုက်ရ၍ မြေကြီးသည် ခြေထောက်အောက်မှ ရုတ်တရက် ပျောက်သွားသလို မှတ်လိုက်ရပြီးလျှင် မျက်နှာသို့ ပြေးတက်၍ ဆောင့်လိုက် သည်ဟု ထင်လိုက်ရ၏။ သေချာစွာ ကြည့်လိုက်သောအခါတွင်မူ မြေကြီးက မိမိကို ဆောင့်၍ မိမိကိုယ်မှာ မြေကြီးပေါ်တွင် စင်းစင်းကြီး ရှိနေသောအဖြစ်ကို သိရလေ၏။

ကိုထွားကြီးမှာ တစ်ကိုယ်လုံးမှာ နာကျင်လှသောကြောင့် လဲရာမှ မထဘဲ နေမြဲတိုင်း နေလိုက်ချင်တော့၏။ သို့ရာတွင် အသံများက "ကြိုတ်လိုက်ပါဦး ကိုထွားကြီး၊ ယောကျ်ားဘသား ကြိုးစားမှပေါ့ ကိုထွားကြီး" စသည်ဖြင့် ဆူညံစွာ အားပေးကြသည်နှင့် ကိုထွားကြီးသည် လဲလျောင်းရာမှ ထိုင်လိုက်၍ သွေးနှင့် ဖုတ်များ ရောနှောလျက် ရှိသော တံတွေးများကို ခံတွင်းမှ ထွေးထုတ်လေ၏။

ထိုနောက် ကိုထွားကြီးသည် မြေကြီးကို လက်ထောက်ကာ ထ၍ "သေပေတော့"ဟု ကြုံးဝါးလျက် ဇော်ဟိတ်ကို လိုက်ပြန်လေရာ ဆိုင်ရှင် ဦးကျောက်ဆောင်က "ပါးစပ်က ကြိမ်းမနေပါနဲ့ ငါ့လူရ၊ လက်နဲ့ လုပ်ပြစမ်းပါ။ ဖျင်းလိုက်တဲ့ လူကွာ၊ ငါ့လိုသာဖြင့် မင့်ကောင် စင်းစင်းသေတာ ကြာလှပြီ။ မြန်မြန် လုပ်စမ်းကွာ။ ငါ အမြင်ကပ်တော့ နှစ်ယောက်လုံး ကိုင်ပေါက်ပစ်လိုက်လိမ့်မယ်"ဟု ပြော၏။

ကိုထွားကြီးကမူ မည်သို့မျှ ပြန်မပြောဘဲ လက်သီးကြီးများ ဆုပ်၍ ဇော်ဟိတ်ကို ထိုးဖို့ ချက်ကောင်း ရှာလျက်ရှိရာ ဇော်ဟိတ်ကလည်း မျက်တောင် မခတ်သော မျက်လုံးများနှင့် စေ့စေ့ကြည့်လျက် ချေနှုတ်သွက်စွာ ပတ်ချာလှည့်၍ လက်ဖြေ့ခင်းနေလေ၏။ အမောခံနိုင်သော မိမိ၏အစွမ်းကို သိ၍ တစ်ချက် အမှားမခံသော အဖြစ်ကိုလည်း ရိပ်မိသော ဇော်ဟိတ်သည် တစ်ခါခါတွင် မထနိုင်အောင် ထိုးနိုင်လိမ့်မည်ဟု စိတ်ချပြီးဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အလျှင်စလို မလုပ်ဘဲ ချက်ကောင်းကို စောင့်နေလေ၏။

ထိုအချိန်၌ကား၊ ကာလသားများသာမက၊ သရဲကုန်းတစ်ရွာလုံးရှိ ယောကျ်ားမိန်းမ၊ အဘိုးအို . . အမယ်အို၊ ကလေးသူငယ်မကျန် ထိုနေရာသို့ ရောက်နေကြ၍၊ စိတ်ဝင်စားစွာနှင့် စောင့်ကြည့်နေကြလေ၏။ ကိုထွားကြီးကိုမူ ကျယ်လောင်စွာအားပေးကြ၍၊ ဇော်ဟိတ်ကို တီးတိုးအားပေးကြသောအသံများလည်း ရောညှပ်ပေါ်ထွက်လာလေပြီ။

ဇော်ဟိတ်သည် မိမိအားမိုးရွာသကဲ့သို့ အရမ်းထိုးလျက်ရှိသော လက်သီးချက်များအကြားမှ လှစ်ခနဲ လျှိုးဝင်၍ ကိုထွားကြီး၏မေးကို ခုန်ထိုးပင့်၍ထိုးလိုက်ရာ၊ လက်သီးရှိန်ရော ကိုယ်ရှိန်ရော ခြေထောက်ရှိန်ပါ ဖြည့်စွက်ပေါင်းထည့်လိုက်သည်ဖြစ်သောကြောင့်၊ ထွားကြီးမှာ ကိုယ်အလေးချိန်အလွန်ကြီးမားသဖြင့်၊ ပက်လက်လန်မကျဘဲ လေးဘက်ထောက်ကျသွားပြီးလျှင်၊ အလျဉ်းမြင်ဟန်မတူသော မျက်လုံးများဖြင့် ထိုမှ၍မှ ကြောင်စောင်ကြီး ငေးကြည့်နေလေတော့၏။

"လုပ်ပါဗျ ဘာကြည့်နေတာလဲ၊ ထသတ်ပါတော့လား ကိုထွားကြီးရဲ့။ ခင်ဗျားလက်သီးမိရင် ခံနိုင်ပါဘူးဗျာ" စသည်ဖြင့် အားပေးသူများက ပေးကြ၍၊ "မင့်လူမတတ်နိုင်ပါဘူးကွ ရှုံးပါပြီ"ဟု အားပေးသူများကလည်း ပေးကြ၏။

လူတစ်ယောက်ကိုလက်သီးနှင့်မထိုးဘဲ လက်ဖဝါးနှင့်တစ်ချက်ပုတ်လိုက်ရုံမျှဖြင့် ဘုံးကနဲလဲကျ၍ ဘောလုံးကန်သလို လိမ့်ကန်ပြီး ဦးကျောက်ဆောင်ဘက်သို့လှည့်၍ "လာပါလေ ကျုပ်ကိုစင်းစင်းသေအောင် လုပ်လိုက်မယ်လို့ ခုနင်တုံးက ခင်ဗျားကြုံးဝါးတယ်မဟုတ်လား၊ လာပါဗျ၊ ထွက်ခဲ့ပါ" ဟုခေါ်လိုက်သည်တွင်၊ သူရဲစီးနေပြီဖြစ်သော ပရိသတ်က "ဦးကျောက်ဆောင်ကွ၊ တင်းပုတ်နဲ့ထုလို့ မသေတဲ့ ဦးကျောက်ဆောင်ကွ"ဟု ဟစ်အော်ကာ တိုက်ပေးကြလေ၏။ ဦးကျောက်ဆောင်ကမူ၊ မည်သို့မျှအဖြေမပေးဘဲ မြေပေါ်၌ လဲနေသော ထွားကြီးကို တစ်ချက်လှမ်းကြည့်နေလေ၏။

ဤတွင် တစ်ယောက်သောလူက "မင့်လူကြီး မသတ်ဝံ့ဘူးကွာ၊ အရက်တစ်ပုလင်းနဲ့ သုံးဆင့်လောင်းမလားဟေ့ စိန်ချင်တဲ့လူစိန်လိုက်ကွာ" ဟု ပြောလိုက်ရာ၊ ဦးကျောက်ဆောင်သည် ရုတ်တရက်မျက်နှာပျက်သွားပြီးလျှင် စားတော့ဝါးတော့မည့်မျက်နှာထားမျိုးဖြင့် ထိုလူကိုလှမ်းကြည့်လိုက်၏။ ထို့နောက် ဦးကျောက်ဆောင်သည် အလောင်းအစားလုပ်လိုသော လူပိန်





ကလေးရှိရာသို့ ခြေသုံးလှမ်းနှင့်ရောက်အောင်သွား၍၊ "ဟေ့ နက်ကျော် ခင်ဗျားသားချင်း အားမပေးဘဲနဲ့ ပုလိပ်ကောင်ဘက်က အားပေးတယ်ပေါ့လေ"

"မဟုတ်ပါဘူး ဦးကျောက်ဆောင်၊ ခင်ဗျားဟိုလူက လက်ငွေ့ထိုးကောင်းမှန်းသိလို့ လောင်းမိတာပါ ခင်ဗျာ"

"မင့်ကို ငါသိပါတယ်၊ ဘိုးမှိုရဲ့ စိမ်ရေအိုးခွဲတုန်းကလဲ သူ့ဘက်ကမင်းအားပေးတယ်၊ မှတ်ကရော့ ဟဲ့ကောင်"

ဦးကျောက်ဆောင်သည် ပြောပြောဆိုဆို လူပိန်ကလေးကိုလှမ်းပုတ်လိုက်ရာ၊ သူငယ်မှာ "အမယ်လေး . . ကယ်တော်မူပါဗျ"ဟု တစ်ခွန်းတည်းသာ အော်နိုင်၍ မြေကြီးပေါ်သို့ တုံးခနဲ လဲကျသွားလေ၏။

"မှတ်ကရောတဲ့–သရဲကုန်းရွာမှာ တစ်ဗိုလ်ပြင် နှစ်ဗိုလ်မထားဘူးကွ၊ ငါ့အာဏာတည်ရမယ်၊ မတည်ဘူးပြောဝံ့တဲ့ကောင် . . ."

"မတည်ဘူးပြောဝံ့တဲ့လူ ဒီမှာဗျို့။ လာပါ ဦးကျောက်ဆောင်ရဲ့၊ တစ် ချီ တပွဲစမ်းကြည့်ရအောင် . . ."

"လာပါတယ်မောင်ရ လာပါတယ်။ တစ်ခါပြင် နှစ်ခါခေါ်ရတဲ့လူ မဟုတ်ပါဘူး"

ဟုပြော၍ ဦးကျောက်ဆောင်သည် အင်္ကျီကို ချွတ်ချလိုက်သည်တွင် တစ်ကိုယ်လုံးအမွေးကြမ်းကြီးများ ပေါက်နေသဖြင့် ဝက်ဝံကြီးနှင့်တူသည့်ကြောက်မက်ဖွယ်သော ကိုယ်လုံးကြီးပေါ်ထွက်လာလေ၏။ ဇော်ဟိတ်လည်း ကိုထွားကြီးလဲနေသော နေရာအနီးမှ လက်ပိုက်လျက်စောင့်နေလေရာ ဦးကျောက်ဆောင်သည် ဇော်ဟိတ်အနီးသို့ ကိုယ်တုံးလုံးနှင့်လျှောက်လာခဲ့၍ ၄တောင်ခန့်ကွာသော နေရာသို့ရောက်သည်နှင့် တစ်ပြိုင်နက် ခုန်တော့မည့် ကျားသစ်ကဲ့သို့ ဆတ်ခနဲအရှိန်သတ်လိုက်၏။ ဇော်ဟိတ်လည်း သွားဖြီးလျက် မထီတရီမျက်နှာနှင့် ရပ်နေရာမှလက်သီးနှစ်ဖက် ဆုပ်ကာ လက်ငွေ့သမားတို့ အနေအထားမျိုးသို့ ပြောင်းလဲလိုက်၏။ ဦးကျောက်ဆောင်သည် တောင်ပေါ်မှ လိမ့်ဆင်းလာသည့် ကျောက်တုံးကြီးတစ်တုံး၏အရှိန်ဖြင့် ပစ်ဝင်လိုက်ရာ ဇော်ဟိတ်လည်းနံဘေးသို့ ခြေတစ်လှမ်း တိမ်းလိုက်ပြီးနောက် ညာဘက် လက် လှုပ်သွား၍ ဖွတ်ခနဲ မြည်သံပေါ်ထွက်လာလေ၏။ ဦးကျောက်ဆောင်၏လက်ဝဲဘက်ပါးပြင်သည် ညိုခနဲတက်သွား၍ လူ၏ပါးစပ်မှ သွေးနှင့်ဝေါခနဲ မြည်အော်လျက် ထိုင်သွားသော မိမိ၏ကိုယ်ကြီးကို တည့်အောင် ဟန်ပြင်ပြီးလျှင် နောက်တစ်ကြိမ် တဟုန်ထိုးဝင်ပြန်လေ၏၊ ဇော်ဟိတ်၏



www.burmeseclassic.com

www.burmeseclassic.com



ညာလက်သီးလည်း ဦးကျောက်ဆောင်၏ မျက်နှာနှင့်ဒုတိယ အကြိမ်တိုက်မိကြသည်တွင် ဦးကျောက်ဆောင်မှာ ဟန်ပျက်သွား၍ မြေကြီးပေါ်၌ ဒူးတစ်ဖက်ထောင်လိုက်ရလေ၏။

"နေရာကြသကွာ၊ ဒီတစ်ခါမှ ကိုယ့်လူတွေဘက်ပေါ်လာတော့သပေါ့"

ဟု တစ်ယောက်ကပြောလိုက်၍၊ မိန်းမတစ်ယောက်က . . .

"ကြည့်ကြပါဦး ဦးကျောက်ဆောင်ကြီး ကြည့်ကြပါဦး"

ဟုအလန့်တကြားပြောလိုက်၏။

ယင်းသို့ဖြစ်ရခြင်းမှာ ဦးကျောက်ဆောင်က၊ ဇော်ဟိတ်၏ ရင်ဝကိုချိန်လျက်၊ လက်သီးရော၊ ဒူးပါအရှိန်နှင့်ပစ်သွင်းလိုက်ရာတွင်၊ ဇော်ဟိတ်သည် ဒူးလာသောလမ်းကြောင်းမှ သီသီကလေးရှောင်ထည့်၍ နံဘေးသို့သွက်လက်စွာလှည့်ပြီးလျှင် အရိုက်ကိုဦးခေါင်းနှင့်ဆတ်လိုက်သဖြင့် သူ့အရှိန်နှင့်သူ ဒါဏ်သင့်၍ အင့်ခနဲမြည်ကာ မြေပေါ်သို့ဦးကျောက်ဆောင်ကြီး လန်ကျသွားသောကြောင့်ဖြစ်၏။ ဦးကျောက်ဆောင်သည် အံ့သြသောမျက်နှာဖြင့်ကောင်းကင်ကိုငေးကြည့်နေပြီးနောက် လေးဘက်ထောက်၍ကုန်းထနိုင်ပါသော်လည်း သူ၏မျက်နှာမှာ ယခင်ကမျက်နှာမျိုးမဟုတ်တော့ချေ။ ပါးချိတ်တစ်ဖက်တစ်ချက်မှာ ညိုမဲနေသော ဒဏ်ရာထက်အုကြောင်းကြောင်းဖြစ်နေသော မျက်နှာထားကြီးသည် သာ၍ဆိုးလှ၏။

သို့သော် ဦးကျောက်ဆောင်သည် နားဝေတိမ်တောင်ဖြစ်နေဟန်ရှိသော မျက်နှာထားမှ၊ ကောင်းကောင်းသတိရလာ၍ အလွန်မုန်းတီးဒေါသကြီးလှသော မျက်နှာထားဆိုးကြီး ဖြစ်ပေါ်လာပြီးလျှင်၊ အံ့သွားကြိတ်ကာ မာန်သွင်းကာဖြင့် ရှေ့သို့အတင်းတိုးဝင်၍ လက်သီးကိုအားမကိုးတော့ဘဲ လှုလုံးကိုင်ဖမ်းဖို့သာ ကြိုးစားလေတော့၏။ အကယ်၍ မိခဲ့လျှင်လည်း ဇော်ဟိတ်အဖို့ သက်သာမည်မဟုတ်ချေ၊ ဇော်ဟိတ်ကဲ့သို့သော လူတစ်ယောက်ကို အသက်ထွက်မတတ် ဖြစ်ညှစ်သည်ဖြစ်စေ၊ ဆုတ်ဖွဲ့သည်ဖြစ်စေ၊ ကိုင်ပေါက်သည် ဖြစ်စေ၊ ပြုလုပ်နိုင်သော ခွန်အားရှိသူတစ်ယောက် ဖြစ်သည်။

ဇော်ဟိတ်သည် လက်သီးမဆုပ်ဘဲ ခြေကားယား လက်ကားယားဝင်လာကတည်းက ဦးကျောက်ဆောင်၏ အကြံကိုရိပ်မိ၍၊ လက်သီးချက်ကိုရှောင်တိမ်းဖို့မကြိုးစားတော့ဘဲ ဦးကျောက်ဆောင်၏ လက်ကြီးများ ဆုပ်ဖမ်းမည့်အရေးကိုသာ ကာကွယ်ပြီးလျှင် အနီးသို့အကပ်မခံဘဲ အဝေးမှလှမ်း၍





နှာခေါင်း၊ ပါးစပ်၊ ပါး၊ မေးစေ့၊ ပါးချိုင့်စသော နေရာသို့တစ်လှည့်စီ အသ
ထိုးသတ်လေတော့၏။ ဦးကျောက်ဆောင်ကမူ ထိုးမိသောလက်သီးချက်များ
ကို ဂရုမစိုက်တော့ဘဲ မျက်နှာကိုရှေ့ခင်းလျက် အတင်းဝင်ဖမ်းလေတော့၏
သို့သော် ဇော်ဟိတ်မှာ ခြေနှုတ်ကလည်းသွက် လက်သီးချက်လည်းမြင်သေ
တစ်ယောက်ဖြစ်ပေရကား၊ မိလုဆဲဆဲအခြေအနေမျိုးမှ ပွတ်ကာသီက
လွတ်ထွက်သွား၍ ဦးကျောက်ဆောင်သည်သာလျှင် လက်သီးအဟုန်ကြော
မျက်နှာကြီး တမော့လန်လန်နှင့် ကျန်ရစ်ခဲ့လေတော့သည်။ နောက်ဆုံး
ဦးကျောက်ဆောင်မှာ၊ ဇော်ဟိတ်ကဲ့သို့အလေ့အကျင့်မရှိသဖြင့် မောဟိုက်လ
သည့် အထဲတွင်၊ လက်သီးချက်များ၏ ကြိမ်ဖန်များစွာ ထိုးနှက်ခြင်းကိုလည်
ခံနေရလေကား၊ ဖြောင့်တန်းစွာမလိုက်နိုင်တော့ဘဲ ခုံဘေးသို့ ချော်တက်သွ
ရာမှ၊ မျက်နှာကိုလက်နှစ်ဘက်နှင့် ဖုံးအုပ်ကာ ကာကွယ်ရလေတော့သည်
ဇော်ဟိတ်မူကား သက်လုံအများကြီး ကျန်သေးသည်ဖြစ်၍၊ ဦးကျော
ဆောင်၏ မျက်နှာနှင့်အရိုက်သို့ လက်သီးမိုးရွာချလေရာ၊ ဦးကျောက်ဆော
မှာ ပျားတစ်အုံလုံး ဝိုင်းတုပ်ခြင်းခံရသော နွားကြီးကဲ့သို့ နေရာတွင် ဝဝ
သွားလေတော့သည်။

ဤတွင် တိရစ္ဆာန်လောက၌ တစ်ဗိုလ်ကျ၍ တစ်ဗိုလ်တက်သည့်
အခါ၊ နောက်ပေါ်လာသော ဗိုလ်သစ်ကို အသိအမှတ်ပြုသည့် သဘာ
အတိုင်း၊ ကာလသားများသည် "ကိုဇော်ဟိတ်ကွ တို့ ကိုဇော်ဟိတ်
ကွ"စသည်ဖြင့် ဆူညံစွာ ဩဘာပေးကြလေ၏။

ထိုခဏ၌ ထွားကြီးသည် လမ်းဘေးတွင်လဲနေရာမှ သတိရလာ
မိမိ၏ပါးစပ်၊ နှာခေါင်း၊ မေးစေ့စသော အင်္ဂါအစိတ်အပိုင်းများကို လ
ဖြင့်ပွတ်သပ်ပြီးနောက် တဖြည်းဖြည်းလက်ထောက်၍ထလေ၏။ ဤအ
ဇော်ဟိတ်သည် မိမိ၏တပည့်အနီးသို့ ဖြတ်ခနဲကပ်၍ ၆ လုံးပြူးကိုချိန်
လျက် . . .

"နားထောင်ကြ ကိုကျောက်ဆောင်နဲ့ကိုထွားကြီး ခင်ဗျား
ယောက်ကို ဖမ်းဖို့အမိန့်ပါတယ်၊ ကျုပ်က ဒီပြင်ပုလိပ်တွေလို
ကလေးနဲ့ ခြောက်ပြီး မဖမ်းချင်ဘူး၊ လူလုံးချင်းတစ်ယောက်နဲ့ တစ်
ယှဉ်ပြီး တကယ်နိုင်အောင် အစွမ်းပြပြီးမှ ဖမ်းချင်တယ်၊ ခင်ဗျား
သရဲကုန်းရွာမှာ တစ်ယောက်ချင်းယှဉ်ကြလို့ ခင်ဗျားတို့
နိုင်ပြီးပြီ၊ ဒီတော့ ခင်ဗျားတို့က ဝန်ခံပြီး အဖမ်းခံကြပါ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း အဆုံးစီရင်ဖို့ အမိန့်ပါတယ်၊ ကိုင်းဆိုကြစမ်း၊ ဘယ်နှယ့်လဲ ဆရာကြီးတို့”

ကိုဇော်ဟိတ်သည် မိမိ၏စကားအတိုင်း ယခုချက်ချင်း တကယ်လုပ်တော့မည့် မျက်နှာထားမျိုးဖြင့် သေနတ်ဖြင့်ချိန်လိုက်သည်တွင် ကိုထွားကြီးက “ဖမ်းပါတော့”ဆို၍၊ ဦးကျောက်ဆောင်ကလည်း ဦးခေါင်းငြိမ့် ပြလေ၏။

ထိုအခါ ဇော်ဟိတ်က “ဟော့ ဌာနကပုလိပ်များ ရောက်မနေကြဘူးလား”ဟု မေးလိုက်သဖြင့် အရပ်ဝတ်နှင့် လူသုံးယောက်ထွက်လာကြသည်တွင်၊ အကျဉ်းသမားများကို ဌာနသို့ဆောင်ကျဉ်းခဲ့ရန် အမိန့်ပေးလေ၏။

ဦးကျောက်ဆောင်နှင့် ထွားကြီးတို့လည်း တကယ့်ဌာနအုပ်နှင့် တွေ့ရတော့သည်ဆို၍ ငြိမ်ဝပ်စွာလိုက်သွားကြလေရာ၊ ကာလသားလူငယ်များလည်း နေရာတကာ အနိုင်ကျင့်လာခဲ့သော ကိုထွားကြီးတို့လူစု လျှော့ကျခြင်းအတွက် ဝမ်းသာသည့်လက္ခဏာဖြင့်၊ ခေါင်း၌ရစ်ပတ်ထားသောတဘက်များ ချွတ်ကာ အထက်သို့မြှောက်လျက် “*ကိုဇော်ဟိတ်ကွ . . . ကိုဇော်ဟိတ်ကြီးကွ*” စသည်ဖြင့် ဟစ်အော်ကြွေးကျော် နေရစ်ကြသတည်း။ ။

ရွှေဥဒေါင်း



www.burmeseclassic.com